www.burmeseclassic.com

စိတ်ကူးသစ်စာပေ

မောင်ညိုမှိုင်း(သန်လျင်)

# နှစ်ဘဝစံဦးရာကျော်နှင့် တောကြီးမြွေဟောက်

(ပထမပိုင်း)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၅၊ စက်တင်ဘာလ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ *Myat Min Han*
ကွန်ပျူတာစာစီ ▭ *Maw Maw (New Idea)*
အတွင်းဖလင် ▭ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
ဖြိုးဝေလျှံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၀၀၀ ကျပ်

၈၉၅ ⋅ ၈၃

ညီမှိုင်း၊မောင်(သန်လျင်)

နှစ်ဘဝစံဦးရာကျော်နှင့်တောကြီးမြွေဟောက်(ပထမပိုင်း)/
မောင်ညီမှိုင်း(သန်လျင်)။ –ရန်ကုန်။

စိတ်ကူးသစ်စာပေ၊ ၂၀၁၅။

၃၉၆–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။

(၁) နှစ်ဘဝစံဦးရာကျော်နှင့်တောကြီးမြွေဟောက်(ပထမပိုင်း)

# [ ၁ ]

❑

"ဒိုင်း"

"အမယ်လေး ..."

"ဟိတ်ကောင် ... ရှူး ... ရှူး ... တိတ်တိတ်နေပါဟ ... မသာလောင်းရဲ့။ မင်းကြောင့် ငါပါ မာလကီးယားရမည့်ကိန်း ရောက်တော့မယ်ဟ။ ပါးစပ်ပိတ်ထား။ အသံ လုံးဝမထွက်နဲ့"

"သူတို့ ... သူ ... သူတို့က ... သေနတ်နဲ့ ... လိုက် ... ပစ် ...."

"ရှူး ..."

"အ ... အဘ ..."

"ဘာတုံးဟ ... တိတ်တိတ်နေပါဆိုမှ ... ငါ ... တယ် ... ကွာ"

"ပြေး ... ပြေး ... ကြ ... စို့ ... ဗျာ ... လာ ... ဗျာ"

"အခုလည်း ပြေးနေတာပဲဟာ ... အသုဘလေးရ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်း ..."

"အု ... အု ... အ ... အ"

သေနတ်သံ နောက်တစ်ချက်ကြားရရော ကျွန်တော်က လန့်ခုန်အော်ပယ်အလုပ်၊ အဘက ကျွန်တော့်ပါးစပ်ကို သူ့ဘယ်လက်နဲ့ နောက်ပြန်သိုင်းပိတ်ပြီး မြေကြီးပေါ် ပြိုင်တူ လှဲချလိုက်ပါရောဗျာ ...

သေနတ်သံက တဖြည်းဖြည်း နီးနီးလာတယ်ဗျ။ ကျွန်တော် အော်လို့မရတော့ဘူး။ အဘရဲ့ လက်ဝါးကြမ်းကြမ်းကြီးက ပါးစပ်ကို ပိတ်ညှစ်ထားတာ။ ပါးက အသားတွေပါ ပြတ်ရောမှတ်ရတယ်။

ကျွန်တော်တို့နှစ်ဦး စွယ်တော်ရွက်လို အရွက်ဝိုင်းဝိုင်း ချုံတွေအောက်မှာ တိုးဝင်ဝပ်နေလိုက်ကြတယ်။ နံဘေးမှာတော့ ဝါးရုံတွေ၊ ကျွန်းပင်နှင့် အမည်မဖော်တတ်တဲ့ အပင်တွေ ယှက်နေတာကို မြင်ရတယ်။

"အစ် ... အူး ..."

"အစ် ... အူး ... ဂူး ..."

"ဒီနားမှာ ပျောက်သွားတာကွ။ ရှေ့တိုးခိုင်းစမ်း ... ငဒီ"

"ဟုတ် ... ဆရာကြီး"

ဆင်နှစ်ကောင်ရဲ့ အော်သံလည်း ကြားရတယ်။ ပြီး အသံသြသြနဲ့ လူတစ်ဦးရဲ့ အမိန့်ပေးသံကိုလည်း ကြားနေရတယ်။

လက်စသပ်တော့ သင်းတို့က ကျွန်တော်တို့နှစ်ဦးနောက်ကို ဆင်စီးပြီး လိုက်ရှာပစ်ခတ်နေတာကိုး။ ကျွန်တော် ကြောက်လွန်းလို့ ချေးရောသေးရော ထွက်နေပြီဗျ။

"ဖွီ ... နံလိုက်တာကွာ ... တောက်"

တောကိုးသံ ကြားရတယ်။ ဆင်အော်သံ၊ မြေကြီးကို နင်းသံ၊ လူစကားပြောသံတွေ ပိုနီးလာနေတယ်။

ကျွန်တော်တို့ သေရတော့မယ်ဗျာ။ ကျွန်တော့်ခန္ဓာကိုယ်က သေးချေးတွေ စိုလူးပြီး ဆတ်ဆတ်တုန်နေပြီ။ အဘကတော့ ကျွန်တော့်ပါးစပ်ကို သူ့လက်ဝါးကြမ်းကြီးနဲ့ ပိတ်ထားရင်း နားစွင့်လိုက်၊ ဟိုကြည့်ဒီကြည့်ကြည့်လိုက်။





"တွေ့လားဟေ့ ... သံခဲ"

"မတွေ့ဘူး ... ဆရာကြီး"

"ဒီနားလေးမှာ ပျောက်သွားတာကွ"

"ချုံတွေတော့ ပိန်းနေတာပဲ ... ဆရာကြီး"

"မှူးကြီး ..."

"ခင်ဗျာ ... ဆရာကြီး"

"အဘိုးကြီးနဲ့ ဟိုကောင်ရဲ့ခြေရာကို ခံစမ်း"

"ဟုတ် ..."

သို့ကလို ပြောသံကြားရပြီးနောက် ဆင်ပေါ်ကနေ လူတစ်ဦး ခုန်ချသံကို ကြားရတယ်။ သည့်နောက် မြေပြင်မှာ လှမ်းသွားတာကို ကြားရတယ်။

အဘပြောပုံအရဆိုရင် ...

ဒီကောင်က တောလိုက်မုဆိုးဖြစ်မယ်တဲ့။ မုဆိုးမှူးကြီးဆိုသူဟာ ကျွန်တော်တို့ရဲ့ ခြေရာလမ်းကြောင်းကို ကြည့်ပြီး အော်ပြောလိုက်တယ်တဲ့ဗျ။

"ဆရာကြီး ..."

"ဘာတုံး ... မှူးကြီး"

"လူနှစ်ယောက်ရဲ့ ခြေရာတွေ ဟောဒီချုံတောကြီးအစပ်မှာ ပျောက်သွားတယ်ဗျ"

"သေချာလား ... မှူးကြီး"

"သေချာပါတယ်။ မြေကြီးမှာ ဒူးရာရော၊ ဖဝါးရာရော အဝင်ပြနေတယ်"

ဒီလို မုဆိုးမှူးကြီးဆိုသူက ပြောလိုက်ရော ...

"ဟေ့ ... ဦးရာကျော်နဲ့ တပည့် ... ခင်ဗျားတို့နှစ်ဦးလုံးကို ကျုပ်တို့ ဝိုင်းထားတယ်။ ချုံတောထဲက ထွက်ခဲ့"

"အဘ ..."

"ရှူး ..."

"ထွက်ခဲ့နော် ... မထွက်ရင် ပစ်ထည့်လိုက်မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"အ ... အ ... ဘ ..."

"ရှူး ... တိတ်တိတ်နေ"

"ငထောတို့ မှုံကြီးတို့ နမူနာပြလိုက်"

"ဒိုင်း ..."

"ဖောင်း ..."

"ဝပ်နေ ... ဟေ့ကောင် ... ဝပ်နေ ... ခေါင်းမထောင်နဲ့"

ကျွန်တော်တို့ ဝင်တိုးဝပ်နေတဲ့ ချုံတောကြီးထဲကို ရိုင်ဖယ်နဲ့ရော၊ နှစ်လုံးပြူးသေနတ်နဲ့ပါ ပစ်ကြတာ။

ရိုင်ဖယ်ကျည်ဆန်က အသံပြင်းပြင်းနဲ့ ကျွန်တော်တို့နံဘေးက ဖြတ်သွားတာ ဆံပင်တွေပါ ထောင်ရော။

ကြောက်စရာကောင်းတာက နှစ်လုံးပြူးကျည်ပဲဗျ။

ကိုးလုံးကျည်လား၊ ဆယ့်နှစ်လုံးကျည်လား မသိဘူး။ ပြန့်ပြီး ဝင်လာတာများ ချုံပင်ရင်းတွေ ထိပြီး ပြတ်သွားတာပါ သိရတယ်။

"ဒိုင်း ..."

"ဖောင်း ... ဖောင်း ..."

"ကျွီ ..."

"ကျွီ ... အစ် ... အစ် ... ကျွီ ... ကျွီ ..."

"ဟ ... ဟ ... မောင်ဒီ ... ဆင်တွေ ဘာဖြစ်တာတုံးဟ"

"ကျွီ ..."

"ဝရော ... ဂလုံး ... ဂလုံး ..."

"ဟကောင်ရ ... မင်း ဆင်ကိုထိန်းပါဟ"

စောစောက ဆင်ပေါ်က အမိန့်ပေးနေတဲ့ ခေါင်းဆောင်ရဲ့ စိုးရိမ်တကြီးပြောသံနှင့်အတူ ဆင်သုံးကောင်ရဲ့ ကျာကျာကျွီကျွီ စိုးရိမ်ကြောက်လန့်အော်သံတွေပါ ကြားရတယ်ခင်ဗျ။

ဒီမှာ ဆင်ဦးစီးဖြစ်ဟန်တူသူရဲ့ ဆင်အမိန့်ပေးစကားကို ကြားရပါရော။

"သားကြီး ... ဟောင်မ် ... ဟောင်မ် ..."

"ဟောင်မ် ... ဟောင်မ် ..."





"ဟဲ့ကောင် ... ရားရ် ... ရားရ်နော် ... ရားရ် ..."

အဘပြောပြလို့ သိရတာက (ဟောင်မ်) (ဟောင်မ်) ဆိုတဲ့ ဆင်စကားရဲ့ အဓိပ္ပာယ်က (ရပ် ... ရပ်) လို့ အမိန့်ပေးတဲ့စကားတဲ့။

(ရားရ်) (ရားရ်) ဆိုတာက ဆင်ကို ငြိမ်ငြိမ်နေလို့ ပြောတာတဲ့။

မရပါဘူးဗျာ။ ဆင်တွေရဲ့ ကြောက်လန့်တကြားအော်သံနှင့်အတူ နောက်ကြောင်း ပြန်လှည့်ပြေးသံ။

ဆင်ဦးစီးတွေရဲ့ အော်သံ၊ အမိန့်ပေးသံ။

လူဆိုးလူကြမ်း၊ လူသွမ်းတွေရဲ့ ဆဲရေးတိုင်းထွာသံတွေ ကြားရပြီးနောက် ဆင်သံ၊ လူသံတွေ လုံးဝ ဝေးသွားခဲ့တော့တယ်။

ရိုးမကြီးဟာ လုံးဝကို ငြိမ်သက်သွားခဲ့ပြီဗျာ။ အတန်ကြာတော့မှ အောင်းလောင်ငှက်ကြီးတွေရဲ့ ကျွန်းပင်မြင့်ပေါ်က အော်သံ၊ မျောက်အုပ်ရဲ့ အစာလုသံ၊ သားကောင်ငယ်အချို့ရဲ့ ပြေးလွှားအော်ဟစ်သံအချို့ ကြားရတော့တယ်။

"ငမှိုင်း ... ငမှိုင်း ..."

"ဗျ ... ဗျ ... ဗျာ ... ဗျာ ..."

"ထတော့ ... ထလေကွာ"

"သူ ... သူတို့ရော ... အ ... ဘ ..."

"မရှိတော့ဘူး ... ထ ... အေ့ ... ဝေါ့ ... ထွီ ... နံပါ့ကွာ"

ဒါနဲ့ ကျွန်တော် အားယူထလိုက်တော့မှ ကျွန်တော့်ပုဆိုးဟာ ကြောက်ချေးနဲ့ ကြောက်သေးတွေ စိုရွှဲပေကျံ နံနေမှန်း သိရတော့တယ်။

"ငမှိုင်း ..."

"ဗျာ ... ဗျာ ..."

"မင်း လွယ်အိတ်ရော"

"ရှိ ... ရှိပါတယ် ... အဘ"

"ပုဆိုး မြန်မြန်ချွတ်လဲစမ်း ... ထွီ ... ဝေါ့"

ကျွန်တော် စလွယ်သိုင်းထားတဲ့ လွယ်အိတ်ထဲက ပုဆိုးတစ်ထည် ထုတ်ယူပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အဘ ..."

"ဘာတုံးကွာ ... မင်းအမေကလွှားမို့ တဘဘ ခေါ်နေတာလား"

"ကျွန် ... တော် ... ပုဆိုးလဲမလို့၊ ဟိုဘက် ... လှည့် ... လှည့်နေပါဗျ"

"အံမာ ... ယောက်ျားချင်းများ ... မင်းက ရှက်သေး ... ဟုတ်လား ... ဟော့ကောင် ..."

"ကျွန်တော်က ... လူ ... လူပျိုဆိုတော့ ... ရှက် ... ရှက်"

"ထို့ ... ကလေးငါးယောက်အဖေ မျက်နှာမျိုးကများ လူပျိုတဲ့ ဖို့ ... မြန်မြန်လဲတော့၊ ဒီကနေ အမြန်ပြန်ထွက်ရမယ်"

ကျွန်တော် ချေးသေးပုဆိုးကို ချွတ်ချ သန့်စင်ပြီး ပုဆိုးလဲဝတ်လိုက်တယ်။

"အဘ ... ပြီးပြီဗျ"

"ပြီးရင် ချေးပေသေးပေပုဆိုးကို ဖြန့်ထားပစ်ခဲ့"

"ဘာလို့ ဖြန့်ထားရမှာလဲဗျ။ ဒီတိုင်း ပုံထားခဲ့လည်း ပြီးတာပဲဥစ္စာ ... အဘရာ"

"ခွေးတိရစ္ဆာန်လေးရ ... မင်းနဲ့ငါရဲ့ အသက်ကိုကယ်တာ ဒီချေးပေးသေးပေ ပုဆိုးရဲ့ ကျေးဇူးလည်း ပါတယ်ဟ ... ဂန်းတာမသားရ"

"ဗျာ ... ဒီ ချေးပေသေးပေပုဆိုးက ကယ်တာ"

"ဟုတ်တာပေါ့ဗျာ ... လူသေးနံ့ဟာ တောခွေးသေးနံ့နဲ့ နံပုံချင်းဆင်ဆင်တူသကွ။ တောခွေးတွေဟာ အစာရှာသွားလာရင်း တွေ့ရာချုံတွေ အပင်တွေကို သေးပန်းခဲ့တာလေ။ တောဆင်ဖြစ်ဖြစ်၊ အိမ်ဆင်,သစ်ဆွဲဆင်ဖြစ်ဖြစ် တောခွေးသေးပန်းထားတဲ့ အပင်အရွက်ကို ဝင်တိုးတိုက်မိစားမိရင် တောခွေးသေးက ဆင်ရဲ့မျက်စိကို ထိရောကွ။ တောခွေးသေး မျက်စိထဲထိရင် တောဆင်မှန်သမျှ ထွန့်ထွန့်လူးစပ်ပြီး မမြင်မကမ်းဖြစ်၊ လန့်ဖြန့်၊ ခြေဦးတည့်ရာ ပြေးရောကွ။ ဒါကြောင့် တောဆင်တွေဟာ တောခွေးသေးနံ့ရရင် လန့်ကြောက်ပြီး ပြေးရော။ လူသေးနံ့ကလည်း တောခွေးသေးနံ့နဲ့ ဆင်ဆင်တူနေတော့ တောထဲနေတဲ့ ဆင်မှန်ရင် လူသေးနံ့တောင်





တောခွေးသေးနံ့မှတ်ပြီး လန့်ပြေးရော။ တောခွေးတွေဟာ သူတို့ရဲ့ ခွေးသေးကြောင့် မျက်စိစပ် မမြင်မကမ်းဖြစ်နေတဲ့ ဆင်အုပ်ထဲက သတ်လို့လွယ်မည့်အကောင်ကို တောခွေးတွေက ဝိုင်းဆွဲကိုက်သတ်ကြတာပေါ့။ ဒါမျိုး ဆင်တွေက ကြုံဖူးနေတော့ ကြောက်ကြတာပေါ့ကွ။

ဟိုကောင် တောကြီးမြွေဟောက်တို့ စီးလာတဲ့ ဆင်တွေလည်း တောခွေးသေးနံ့မှတ်ပြီး ကြောက်ပြေးကြတာ။ မင်းသေးက ငါတို့အသက်ကို ကယ်လိုက်တာ ... ငါ့လူရေ။ ဒါကြောင့် ပုဆိုးဖြန့်ထားပြောတာ။ အကယ်၍ တောဆင်ပဲလာလာ၊ မြွေဟောက်တို့ရဲ့ စီးဆင်တွေပဲ လိုက်လာလိုက်လာ ဒီသေးနံ့လေးရရင် တောခွေးသေးနံ့တင်ပြီး လန့်ပြေးမှာပဲ။ သူတို့ ဆင်ရိုင်းနဲ့ စီးဆင်တွေ ဝေးဝေးရှောင်ပြေးမှ ငါတို့ စိတ်ချလက်ချ ပြေးလို့ ရှောင်လို့ရမှာ ... ငတုံးရဲ့၊ နားလည်ပြီလား"

"ဂလိုလား ... အဘရ"

"မင်းအမေ ဟိုဒင်း ... ဂလိုလား။ မင်းကို ငါ ခေါ်လာမိတာ မှားပါတယ်ကွာ။ အေး ... တောထဲကနေ အမြန်ထွက်ကြမယ်။ နောက်တစ်ကြော ပြန်လိုက်ရာရင် သေနေဦးမယ်"

ကျွန်တော်တို့နှစ်ဦးဟာ ရိုးမထဲကနေ ဆင်သွားလမ်းဟောင်းတွေအတိုင်း ပုန်းကွယ်လျှောက်သွားလိုက် ...

သစ်ဆွဲလမ်းဟောင်းတွေအလိုင်း လာခဲ့လိုက်ကြတာ။ အချိန် နှစ်နာရီကျော် လမ်းမှားလိုက်၊ လမ်းမှန်လိုက်နဲ့ နောက်ဆုံး ရိုးမတောင်ခြေက အိမ်ငါးအိမ်စုလေး တွေ့ပြီးမှပဲ လုံးဝ စိတ်ချမ်းသာသွားခဲ့ရတယ်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

"အဘ ..."

"ဘာတုံးကွ ... မောရတဲ့အထဲ ... ချီးမှုပဲကွာ"

"တောင်ခြေမှာတွေ့လား"

"မင်းနှမယောက်ျား ... ကိုစံလှိုင်လားကွ"

"ဟာဗျာ ... အဘကလည်း တစ်လမ်းလုံး ဘုတောနေတာပဲ။ တောင်ခြေမှာ ခြေတံရှည်အိမ်လေးတွေဗျ ... ငါးအိမ်တောင်ဗျာ ... ဟော ... ဟော ... မိန်းကလေးတွေဗျ ... ကော်တာပဲ ... အဘရေး နေဦး ... တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ... ဟိုက်ရှားပါး ... မိန်းကလေး ငါးဦးဗျ။ ခပ်လှမ်းလှမ်းက ကြည့်တာတောင် ကိုယ်လုံးကိုယ်ပေါက်လေး တွေ လှသားဗျ"

"ဟေ့ကောင် ... ငမိုက်"

"ဗျာ ..."

"မင်းက နှာဘူးပဲကွ ... ဖွီ ..."





"အဘကလည်းဗျာ ... လှလို့လှတယ်၊ ချောလို့ချောတယ် ပြောတာနဲ့ နှာဘူးဖြစ်ရရောလားဗျာ။ ကျွန်တော်က ကိုမြသန်းလို မဟုတ်ပါဘူးဗျာ။ မှန်တဲ့ သစ္စာစကားကို ပြောတာပါ ... အဟီး"

"မြသန်းနဲ့ မင်းနဲ့ ပေါင်းရင် ဘူးမကဘူး၊ ဂိုဒေါင်ပါ ဖြစ်ရော"

ကြည့်စမ်းပါဗျာ ... ရှာသူ ... အဲ ... အဲ ... ရိုးမတောင်ခြေက ကျေးတောသူလေးတွေဗျ ...။ အံ့မယ် ... ကျွန်တော်တို့ကို မြင်သွားပြီဗျို့ ... အလယ်လယ် ... ကံကောင်းပြီခင်ဗျ ...။

ကျွန်တော်တို့နှစ်ဦးကို လက်ပြပြီး ဝမ်းသာလို့ခင်ဗျ။

အခြေအနေကိုကြည့်ရတာ အတော်လေး ဖော်ရွေမည့်ပုံပဲ။

"လာ ... အဘရေ၊ ရေလည်းငတ်၊ ထမင်းလည်း ဆာနေပြီ။ သူတို့ခေါ်နေတုန်း မြန်မြန်သွားတွေ့မှဗျ"

ကျွန်တော်က ဆာနေပေမင့် ခြေလှမ်းသွက်သွက်နဲ့ မိန်းကလေး ငါးဦးရှိရာကို သွားလိုက်တယ်။

အသားဖြူဖြူက နှစ်ဦး၊ ညိုညိုညက်ညက်က သုံးဦးဗျ။

ဘုရားစူးရစေရဲ့ဗျာ ... တောသူ တောင်ခြေရိုးမသူတို့ရဲ့အလှမှ ဟုတ်ရဲ့လား စဉ်းစားရတယ်။ ကိုယ်လုံးကိုယ်ပေါက်တွေနှယ် ခါးသေးရင်ချီ ပေါင်တံတုတ်တုတ်၊ လက်မောင်းတင်းပြည့်၊ ရွှေဘိုမင်းကြိုက်ဆိုတာမျိုး ခင်ဗျ။

"မောင်ကြီးတို့က ဘယ်အရပ်သားတွေတုံးတော့"

ရှေ့ဆုံးက ဆံတောက်ဖားဖား၊ အသားဖြူဖြူ၊ ပါးပြင်မှာ စံပယ်တင်မှဲ့ကလေးပါတဲ့ မိန်းမပျိုက မေးလိုက်သဗျ။

ကျွန်အမျိုးသမီးတွေကလည်း ကျွန်တော်တို့ကို အကဲခတ်သလို ကြည့်ပြီး ပြုံးတုံးတုံး လုပ်နေကြလို့။

ကျွန်တော့်အကြိုကလည်း တောထဲတောင်ထဲ ပြေးလွှားပုန်းရင်း ဆုံးတွေ့ပြီး စုတ်ပြဲနေသလို၊ ပေရေညစ်ပတ်နေတာကိုး။

အဘကိုကြည့်လိုက်တော့လည်း လွယ်အိတ်ကြီးလွယ်၊ ဖျင်ကြမ်းတိုက်ပုံလည်း ညစ်ပေ၊ အထဲခံစွပ်ကြယ်ကလည်း အပေါက်အပြဲ။

ပုဆိုးအဖြူ အနက်ကွက်ကလည်း အောက်နားကျဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ထောက်နေတဲ့ ဆံပင်ရှည်တွေပေါ်မှာတော့ အမှိုက်စတွေ၊ ကပ်စေးနှဲသီးတွေ ဖုန်တွေတက်နေတော့ . . .

ဘယ်အရပ်မှာ ကမျဉ်းကြောထပြီး လာကြတာလဲလို့များ တွေးမြင်ကြသနဲ့ တူပါရဲ့။

"မောင်ကြီး . . ."

"ဗျာ . . . ဗျာ . . . အဲ . . . အဲ . . ."

"ခစ် . . . ခစ် . . . ခစ် . . ."

"ခစ် . . . ခစ် . . . ခစ် . . . အဟိ . . ."

သူတို့က အူကြောင်ကြောင်ကြည့်နေတဲ့ ကျွန်တော့်ကို ကြည့်ပြီး ကြိတ်ရယ်ကြပါရော။

"မောင်ကြီးနဲ့ ဟိုအဘ ဘယ်အရပ်ကတုံးတော့"

"အဲ . . . အဲ . . . ဟို . . . ဟိုလေ . . . ရန် . . . ရန်ကုန်မြို့ကပါ ခင်ဗျ"

"ရန်ကုန် . . . ရန်ကုန်ဆိုတာ ဘယ်နေရာတုံးတော့"

"ဟိုးအောက်ပြည်ကိုခေါ်တာပါ . . . နှမတို့ရဲ့၊ ရွှေတိဂုံဘုရားရှိတဲ့ မြို့ပါ"

"ကျုပ်တို့ သိပေါင်တော်။ ဒါနဲ့ နှစ်ဦးစလုံး ပေရေညစ်ပတ်ပြီး ပင်ပန်းနေပုံရတယ်။ ဒီကွပ်ပျစ်ပေါ်မှာ ထိုင်ကြပါရှင့် . . . ဟဲ့ . . . မယ်သစ်၊ -မယ်ခေတ်၊ မယ်ချစ်တို့ရဲ့ ညှော်သည်တွေကို ရေနွေးနဲ့ စားစရာများ ချပေးပါကွယ်"

"ဟုတ်ကဲ့ . . . အစ်မ"

ကျွန်တော်က ဝမ်းသာကြီးစွာ ဝါးကြမ်းခင်း ကွပ်ပျစ်ပေါ်မှာ ထိုင်ချလိုက်တယ်။

"ဟို . . . အဘ၊ ထိုင်ပါ၊ နားပါရှင့်"

မကြာပါဘူးဗျာ . . . မယ်သစ်၊ မယ်ခေတ်၊ မယ်ချစ်၊ မယ်နှစ် မိန်းကလေးများက မြေခရားအိုးနဲ့ ဝါးဆစ်ခွက်တွေချပေး . . .

အသားခြောက်မီးဖုတ်ဆီဆမ်းနဲ့ ကောက်ညှင်းထုပ်တွေ ပန်းကန် အပြည့် ချပေးကြရဲ့ဗျာ။ စေတနာအလွန်ကောင်းတဲ့ တောင်ခြေရွာသူ မိန်းမချောတွေပါဗျာ။





တဲအိမ်ရှေ့မှာ ဆန်ဖွပ်တဲ့ မောင်းဆုံကြီးလည်းရှိရဲ့။ ပြာလက်စ ဆန်ကောနဲ့ ဆန်ညိုတွေလည်း ရှိရဲ့။ ဘူးစင်ကြီးကလည်း ဘူးသီးရှည်ကြီး တွေ သီးနေလိုက်တာ . . . ဘူးသီးက မြေကြီးထိလုအောင် ရှည်တာဗျာ။ ဒီလိုဘူးသီးမျိုး ဒီတစ်ခါပဲ မြင်ဖူးတယ်။

ကြက်တစ်အုပ်ကတော့ တစ်နေရာမှာ အစာယက်ရှာစားလို့။

"မောင်ကြီး . . . စားလေ"

"ဟုတ် . . . ဟုတ်ကဲ့ . . ."

ကိုယ်ကလည်း အသက်လု ပြေးခဲ့လွှားခဲ့ရသမို့ ဗိုက်က တကျုတ် ကျုတ်မြည်အောင် ဆာနေတော့ ကောက်ညှင်းထုပ်တစ်ထုပ် ကောက်ယူ ပြီး စားမယ်အလုပ် . . .

အဘကို သတိရလိုက်တယ်။

အဘက သက်ကြီးဝါကြီးလေဗျာ။

စားဦးစားဖျား အဘကို အရင်ကျွေးမှဗျ။

"ရော့ . . . အဘ . . . စား"

"မဆာဘူးကွ။ ကိုင်း . . . ထ . . . ခရီးဆက်မယ် . . . ထ"

"ဗျာ . . ."

ဒီမှာ အိမ်ရှင်အမျိုးသမီး ဆံတောက်ချောကြီးက . . .

"ဘကြီး . . . နားပါဦး . . . ဘကြီးရဲ့၊ စားပြီးသောက်ပြီး ဒီမှာပဲ အိပ်ညနေ နားပါ . . . ဘကြီးရဲ့။ ကျွန်မတို့ရွာကိုရောက်ရင် ဘာမှအား နာရောမလိုဘူး နော်။ အားရပါးရ စားပါရှင်"

"ကျေးဇူးပါ . . . သမီးတို့ရယ်။ လူကြီးတွေလည်း မမြင်ပါလား ကွဲ့၊ ဘယ်သွားကြတုံး"

"ဟိုး . . . တောင်ခြေမှာ တောင်ယာလုပ်နေကြတယ်ရှင့်"

"ဟုတ်လား . . . သမီးတို့က မြန်မာလူမျိုးတွေပဲလား"

"ဟုတ်ကဲ့ရှင့်"

"ရွာနာမည်ကရော ဘယ်လိုခေါ်တုံး . . . သမီးရဲ့"

"ငါးအိမ်စုလို့ ခေါ်ပါတယ်ရှင့်"

"ရွာတည်တာ ကြာပြီလား . . . သမီး"



www.burmeseclassic.com

www.burmeseclassic.com



"မကြာသေးပါဘူး . . . အဘကြီးရှင့်၊ စားပါ . . . အဘကြီး . . . ဟိုမောင်ကြီး . . . နာမည်က ဘယ်လိုခေါ်လဲရှင့်"

"ကိုမှိုင်းလို့ခေါ်ပါတယ်ဗျ . . . အဟဲ"

"အစ်ကိုမှိုင်းက အိမ်ထောင်ရှိလားဟင်"

"နိုး . . . နိုး . . . ဒီလိုမပြောပါနဲ့ . . . ခင်ဗျ . . . ကျွန် . . . တော် လူ . . . လူပျို . . . ပျိုကြီးပါ . . . ခင်ဗျ . . . အဟဲ . . . မယုံရင် အဘ . . . အဘကို မေးကြည့်ပါခင်ဗျ . . . မေး . . . ပါ . . . မေးပါ . . . အဘ ပြော လိုက်လေခင်ဗျာ"

မိန်းကလေးငါးဦးက ကျွန်တော့်ရဲ့ ပျာရိပျာရာ အပြောကို ကြား ရော ရယ်ကြပါရောဗျာ။

"ဒီကောင်လား"

"ဟုတ်ကဲ့ရှင့်"

"ဒီကောင် လူပျိုမဟုတ်ဘူး"

"ဗျာ . . ."

"ရှင် . . ."

"ဟုတ်လား"

"ကလေးငါးယောက်အဖေကွယ့်"

"ထင်တော့ထင်သားပဲ . . . အဘရယ်။ လူက ပိန်လည်းပိန်တယ် နားထင်တွေလည်း ချိုင့်နေတော့ ကလေးအဖေပဲ ဖြစ်မှာပါလို့"

"ဒုက္ခပါပဲဗျာ . . . အဘ"

"ဘာတုံးကွာ . . . ထ . . . ပြန်ကြစို့"

"အဘ . . . ကျွန်တော် လူပျိုစစ်စစ်လေဗျာ။ ဘာဖြစ်လို့ သူများ သားသမီးကို ကလေးငါးယောက်အဖေလို့ ပြောရတာတုံးဗျ . . . မဟုတ်က ဟုတ်က . . . ဟင်"

"မင်းအကြောင်း ငါအသိဆုံးပါ . . . ငမှိုင်းရာ။ မင်းရယ်၊ မုဆိုး လေးမောင်ရယ်၊ မြသန်းရယ်၊ သိန်းဝင်းရယ်ဟာ ဘယ်အရပ်ရောက်ရောက် လူပျိုပဲပြောတယ်။ အသက်တွေက သချိုင်းကုန်းမျက်စောင်းထိုးနေလဲ မသိ တဲ့လူတွေက အသက်မေးရင် အသက် (၃၀)ပဲ မင်းတို့ပြောတယ်။ မင်းတို့





လေးဦးရဲ့ကလေးတွေ စုပေါင်းရင် ရွာတစ်ရွာတည်လို့ရတယ်။ မြသန်းဆိုတဲ့ အကောင်ရဲ့ မိန်းမဆို သိပ်သနားဖို့ကောင်းတယ်"

ဒီမှာ ပြုံးလဲ့လဲ့လုပ်နေတဲ့ မိန်းကလေးတွေက မေးရော . . .

"ဘာဖြစ်လို့ သနားဖို့ကောင်းတာလဲ . . . ဘကြီးရှင်"

"ဘာဖြစ်လို့လဲဆိုတော့ မြသန်းမိန်းမခမျာ မီးနေခန်း မီးကပ်ပေါ် က ဆင်းရတယ်ကို မရှိဘူး။ တစ်နှစ်တစ်ယောက် မနားတမ်း မွေးနေရတာ ကိုးကွယ့်"

"ဟောတော် . . ."

"အမယ်လေး . . . ကြားသားမိုးကြိုးတော်"

"ငါ့ကောင်လည်း ဒီလိုပဲ"

"အဘ . . . တော်ပါတော့ဗျာ"

"ဒါဆို . . . ပြန်ကြစို့။ အမောပြေသွားပြီ"

"အဘ . . . စားဦးလေ . . . အဘရဲ့၊ ဘာမှလည်း မစားဘူး။ မောင်ကြီး . . . စားတော်၊ ဒါ ဆတ်သားခြောက်တော့ စား"

ဒါနဲ့ ကျွန်တော်လည်း ဆတ်သားခြောက်လေး လှမ်းနှိုက်မယ်လုပ် ရော အဘရယ်ဗျာ ကျွန်တော့်ကုပ်ကိုဆွဲပြီး အတင်းထလို့ ခေါ်သွားပါလေ ရော။

"သမီးတို့ရေ . . . ကျေးဇူးပဲဟေ့ . . . ပြန်ပဟေ့"

ကျွန်တော့်ကို ကုပ်ဆွဲခေါ်ရင်း လှမ်းအော်နှုတ်ဆက်တယ်ဗျ။ ကျွန် တော်လည်း ယက်ကန်ယက်ကန်ကနေ လှည့်ကြည့်လိုက်ရော . . .

အလို . . . မိန်းမ (၅)ဦးရယ်ဗျာ . . .

ပြန်နှုတ်မဆက်ဘဲ ဆံပင်တွေဖားလျားချ ခါးထောက်ပြီး ကျွန် တော်တို့နှစ်ဦးကို မလိုမုန်းထား၊ မနှစ်မြို့တဲ့မျက်လုံးတွေနဲ့ ကြည့်ပြီး ပါးစပ် ကနေ ပွစိပွစိ ပြောနေကြရဲ့ဗျာ။

ဒီလိုနဲ့ ကျွန်တော်က အားနာလို့လှည့်ကြည့် . . .

အဘက နောက်ကျောကနေ တွန်းထုတ် . . .

ကျွန်တော်က လှည့်ကြည့် လက်ပြ . . .

"မြန်မြန်သွားနော် . . . ငါ ဆောင့်ကန်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာကြီးဗျာ ... အဘလုပ်ပုံ မဟုတ်သေးဘူးဗျ"

"ငါလုပ်ပုံ ဟုတ်တယ်၊ ခွေးမသားရ ... မင်းလုပ်ပုံ မဟုတ်တာသွား ... လှည့်ကြည့်မနေနဲ့"

"ကျွန်တော်က ဘာမဟုတ်တာ လုပ်လို့တုံး။ သူတို့က ဒုက္ခသည်လူစိမ်းကျွန်တော်တို့ကို စားဖွယ်သောက်ဖွယ်တွေနဲ့ ဧည့်ဝတ်ကျေပြွန်နေကြတာလေဗျာ။ ကျွန်တော်တို့က တစ်လုပ်တစ်ဆုပ်တောင် မစားခဲ့ဘူးဆိုတော့ အဘနဲ့ကျွန်တော် မရိုင်းလို့ ဘယ်သူရိုင်းတုံး ... ပြောဗျာ"

ကျွန်တော်က အတော်လေးကို ဒေါပွပြီး အဘကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်နေလိုက်တာ ကျွန်တော်တို့ ဟိုမိန်းကလေးများအိမ်နှင့် အတော်ဝေးသွားပြီဗျ။

"မင်းဟာ ငါနဲ့ တွဲသွားတွဲလုပ်နေတာ ကြာပြီ၊ ဘာမှ အရိပ်သုံးပါးနားမလည်သေးပါလား ... ငမှိုင်းရ ... ဟင်၊ မိန်းမချောချောမြင်ရင် သေအောင်ငမ်းမယ်၊ အကြောဆွဲအောင် ပိုးမယ်။ မိန်းမချောလေးများက သေဆေးထည့်ကျွေးလည်း စားပြီး သေမယ့်ကောင်ဟာ မင်းပဲငမှိုင်း။ လူမြင်ရင် ဘာလဲ မသိဘူးလားကွ ... ငတုံးရ ... ဟင်"

"လူမြင်လို့ လူမှတ်တာပဲလေဗျာ။ လူကိုလူက စားကောင်းစားဖွယ်ကျွေးတာ ဥပေက္ခာပြုရောလားဗျူ၊ အခု ဆာလွန်းလို့ လမ်းမလျှောက်ချင်တော့ဘူး"

"ဟေ့ကောင် ... ငတုံး"

" ... "

"အဲဒါ လူအစစ်တွေ မဟုတ်ဘူးကွ ... နားဘူးရ"

"လူစကားပြောပြီး လူကို ဧည့်ဝတ်ကျေတဲ့သူကိုများ လူ အစစ်မဟုတ်ဘူးရယ်လို့ဗျာ။ ကဲ ... ဒါဆို သူတို့ လူမဟုတ်ရင် ဘာတွေတုံးဗျ ... ပြောပါဦးဗျာ"

ကျွန်တော်ကလည်း စားစရာကျွေးတာ မစားရလို့ ဒေါပွနေတော့အဘကို တစ်ခွန်းမခံ ပြန်ပြောမိတာပေါ့ဗျာ။

"မှတ်ထား ... အဲဒါ ကျတ်တစ္ဆေတွေဟ ... ငတုံးရ"

"ဗျာ ... ကျတ်တစ္ဆေ ... ဟုတ်လား"





"ဟုတ်တယ်ဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ရယ်ရတယ် ... အဘရာ။ တောကြီးမြွေဟောက်တို့ လိုက်သတ်တာခံရပြီး အဘတော့ ရူးကြောင်ကြောင်ဖြစ်သွားပြီနဲ့ တူရဲ့ဗျာ ... ဒုက္ခပါပဲ"

ဒီမှာ ဘတိုက်ပုံကြီးက ကျွန်တော့်ကို ဒေါသထွက်နေတဲ့ မျက်လုံးနဲ့ ကြည့်ရင်းက ...

"မင်းက မယုံဘူးပေါ့"

"နိုး ... မယုံဘူး ... ရက် (စ်) မယုံဘူးဆိုတာ အမှန်ပဲဗျ"

"ကိုင်း ... ဒါဆို သွားစို့"

ပြောရင်းက ယောဂီရောင် ဖုန်တွေပေကျံညစ်ထေးနေတဲ့ လွယ်အိတ်ကြီးလွယ်ရင်း ရှေ့ကနေ ထွက်သွားပါရော။

အင်း ... အသက်ကြီးတဲ့ ရေးအဘိုးကြီးတွေနဲ့ ပေါင်းရသင်းရတာ အတော့်ကို ဝဋ်ကျတာပဲဗျာ ...။ နတ်စင်တွေလည်း တကြည့်ကြည့်၊ သချိုင်းဂူတွေလည်း တကြည့်ကြည့်၊ အရူးတွေ့လည်း တမေးမေး။

သို့သော် စဉ်းစားစရာတော့ ရှိတယ်ဗျ။

ဘတိုက်ပုံကြီးက အလွန်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ကြီးပါ။

ကျွန်တော်မသိတာတွေ သူသိတယ်။ သူနဲ့သွားခဲ့တဲ့ ခရီးရက်ရှည်မှာ အံ့သြစရာ လူအမျိုးမျိုး ဘဝအဖုံဖုံကို မြင်ခဲ့ ကြုံခဲ့ရတယ်။

ဟိုမိန်းမငါးဦးကို ဘာကြောင့် ကျတ်တစ္ဆေလို့ အသေအချာ ပြောနိုင်ရတာလဲ။ အဘ ဘယ်လိုလုပ် သိနေတာတုံး။

"ဗျို့ ... အဘ၊ စောင့်ပါဦးဗျ"

"ဗျို့ ... အဘ ... ဖြည်းဖြည်းသွားပါဗျ"

ကြည့်စမ်း ... ဝါးရုံတွေ၊ တောင်ပူစာတွေ၊ ကြခတ်ချုံတွေကြားထဲကနေ သွားလိုက်တာ ... အလို ... ကျွဲလမ်းလှည်းလမ်းပေါ် ရောက်သွားပါလား။ အဘ ဘယ်ရောက်သွားပါလိမ့်ဗျာ။

"အဘ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဘရေ ... ဗျို့အဘ ... ခင်ဗျား ဘယ်နားမှာတုံးဗျ"

ကျွန်တော် ငေးစားပြီး လာလိုက်တာ ရှေ့ကသွားနေတဲ့ ဘတိုက်ပုံကြီး အထိပျောက်သွားမှန်းမသိ။

တောအုပ်ထဲမှာလည်း တောင်ရယ်၊ တောရယ်၊ သစ်ပင်ကြီးတွေနဲ့ တောင်ချောက် ချောင်းတော၊ ယာတော။

"ဗျို့ ... အဘ"

ခုတ္တပဲ ... အဘကို တောကြီးမြွေဟောက်တို့အဖွဲ့က ဖမ်းခေါ်သွားပြီး တောကြီးမြွေဟောက်လူတွေနဲ့ တိုးပြီတူရဲ့။

တောကြီးမြွေဟောက်တို့ ပြန်လိုချင်တဲ့ပစ္စည်းက ဘတိုက်ပုံကြီးရဲ့ လွယ်အိတ်ထဲမှာ ရှိနေတာလေဗျာ။ ဒီပစ္စည်းကို ကျွန်တော်တို့ ဟိုး ရှီးမလျှို့ဝှက်စခန်းကနေ ပြန့်စွန့်စွန့်စားစား ရယူပြေးခဲ့ကြတာ။

နောက်ကနေ ဆင်နဲ့လိုက်၊ သေနတ်နဲ့ပစ်ပြီး အသေရရ၊ အရှင်ရရ လိုက်သတ်ကြတာလေ။

တောကြီးမြွေဟောက်တို့ အနေနဲ့က ပစ္စည်းပြန်ရရင်တောင် အဘကို အရှင်ထားမှာမဟုတ်ဘူး။ ပြီး ... ကျွန်တော့်ကိုပါ မေးကြ၊ ရှာကြ။ မိသွားရင် တစ်စစီ ဆွဲဆုတ်ပစ်ကြမှာဗျ။

အမယ်လေး ... ဒီတစ်ခါတော့ သေဖို့ ကျိန်းသေပါပြီဗျာ။

"ဘုရား ... ဘုရား ..."

တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် ရုက္ခစိုးနတ်ကြီးများ ကျွန်တော့်ကို အမြန် ကယ်ကြပါခင်ဗျ။ အဲလေ ... အဘတိုက်ပုံကြီး ကျန်သေးတာပဲ။ အဘတိုက်ပုံရင်ကွဲကြီးကိုလည်း ဘေးမသီ ရန်မခရအောင် ကူညီစောင့်ရှောက်တော်မူကြပါ ... နတ်မင်းကြီးတို့ခင်ဗျာ ...

ကျွန်တော်ဗျာ ... လူကြီးဆယ်ဖက်စာမျှကြီးတဲ့ ဗောဓိညောင်ပင်လိုလို၊ ညောင်ပင်ကြီးကို ထိုင်ရှိခိုးပြီး တောင်းပန်ပြောဆိုနေတုန်းမှာပဲ ..

"ဟေ့ ..."

"အမလေးဗျ ... ကျွန်တော်မပါပါဘူးဗျာ။ အသက်ကို ချမ်းသာပေးကြပါခင်ဗျာ။ ဟို ... ဟို ... ပစ္စည်းလည်း ... ကျွန် ... တော့် ... လက်ထဲမှာ ... မ ... မရှိ ... ပါဘူးဗျ ... ဟီး ... ဟီး ..."





ထိုင်ကန်တော့ တောင်းပန်နေတဲ့ ကျွန်တော့်နောက်ကနေ 'ဟေ့' လို့ ခေါ်သံလည်း ကြားရော ကျွန်တော် ဖင်ဖူးတောင်းထောင်ပြီး ကြောက်လန့်ကြီးစွာ တောင်းပန်ရတာပေါ့ဗျာ။

"ဝေ့ ... ဗမာလူ"

"ဗျာ ... ဗျာ ... ကြောက်ပါတယ်ဗျာ ... မ ... မ ... သတ်ပါနဲ့ဗျာ"

ကရင်သံသြသြနဲ့ မေးလိုက်တာဗျာ ...

"ဝေ့ ... ဗမာလူ ... နင့်နာမည် ဘယ်လိုခေါ်တုံးဝေ ..."

"ဟို ... ဟို ... မောင် ... မောင်မှိုင်းလို့ ... ခေါ် ... ခေါ်ပါတယ်ဗျာ ... ဟီး ဟီး ဟီး ... ကြောက် ... ကြောက်ပါတယ်ဗျာ"

"မောင်မှိုင်း ... ဟုတ်လားဝေ့"

"ဟုတ် ... ဟုတ် ..."

"ဒါဆို ... ထလဝေ့"

"ဗျာ ... ဗျာ ... ကျွန်တော်ကို .. မသတ်ပါနဲ့ဗျာ။ ကျွန်တော် ဘာမှ မသိပါဘူးဗျာ။ မလုပ်ကြပါနဲ့ဗျာ ... ကြောက်ပါတယ်ဗျာ"

"မကြောက်ပါနဲ့ဝေ ... နင့်ကို ဘကြီး ခေါ်ခိုင်းလို့ပါဝေ့"

"ဗျာ ..."

လှည့်ကြည့်လိုက်တော့ ကရင်အဘိုးအိုတစ်ဦးနဲ့ ကရင်လူရွယ်တစ်ဦး။ လူရွယ်လက်ထဲမှာလည်း ဓားမကြီးနဲ့။

"လိုက်ခဲ့ပါ ... နောင်ကြီး၊ အဘ စောင့်နေတယ်"

"အဘ ... အခု အဘ ဘယ်မှာလဲ ... ဟင် ... ဟင်"

"ဖထီးစောရွယ်လူးတို့ အိမ်မှာပ။ လာ ... မြန်မြန်လာ"

ကရင်လူရွယ်က သို့ကလိုပြောပြီး ရှေ့ကသွား၊ ကျွန်တော်က နောက်ကလိုက်၊ ကျွန်တော့်နောက်မှာ ကရင်အဘိုးကြီးက သစ်မြစ်ဆုံ ဆေးတံကြီးခဲပြီး လိုက်လာလေရဲ့။

ဟုတ်မှဟုတ်ရဲ့လား။

တောကြီးမြွေဟောက်ရဲ့ သြဇာက အတော်ပြန့်သတဲ့။

သူ့လူတွေကများ ဘတိုက်ပုံကြီးကို ဖမ်းထားပြီး ကိုယ့်ပါ လာခေါ်နေသလား။ သူတို့နှစ်ဦးက ကိုယ့်ကို ရှေ့နောက်ညှပ်ခေါ်လာနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



လိုရာညီ၏ ခြေလှမ်းကို မျက်စိဝေ့ကြည့်လိုက်တယ်။

ဝက်သား ဟင်း၊ ပိန်းခင်း၊ ကန်စွန်းခင်းတွေ။

ဒီလိုနဲ့ ချောင်းခင်းတစ်ခင်းကို ရောက်လာပြီး ရှေ့ကလူရွယ်က [illegible]အနဲ့ ယှဉ်အော်ပြောလိုက်တ်။

ချောင်းရှည်တဲ့အောက်ကနေ ကရင်လို ပြန်ပြောသံ ကြားပြီး နောက် ...

"ဟော့ကောင် ... ဖွတ်ကျား"

"ဟာ ... အဘ"

"ခွေးမသားလေး ... စားနောက် သွားနောက် သေရင် ရှေ့က ဆိုတဲ့ကောင်ပဲ။ မင်း မျက်စိလည်နေ မဟုတ်လား။ ဟိုငေးဒီတွေး လုပ်နေတာကိုး။ ထိုင် ..."

ဘတိုက်ပုံကြီးရယ်ဗျာ ... ကရင်စကား (စကောကရင်) နဲ့ ကရင်အဘိုးကြီးကို ပြောပြနေသဗျာ။ ကရင်အဘိုးကြီး (စောရွယ်လူး) ကလည်း ဝါးသေးတံကြီးဖွာပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ ...

ဒီမှာ သင်တိုင်းအကျီနဲ့ ကရင်မလေးတစ်ဦးနှင့် ကရင်မိန်းမကြီးတို့က ကောက်ညှင်းပေါင်း၊ ရှဉ့်ကျုပ်ကင်၊ ငှက်ပျောသီးမှည့်နဲ့ ကန်စွန်းဥပြုတ် ပန်းကန်တွေ ချပေးရော။

ဗိုက်ထဲမှာ ဆာလွန်းလို့ ဂေါ်ဂွီ အသံစုံ မြည်နေတယ်။

အရမ်းလည်း မစားရဲဘူး။

စောစောက ကြုံခဲ့ရတဲ့ မိန်းမချောတွေလို ကျတ်တစ္ဆေတွေ ဖြစ်နေရင် ကိုယ်ပါ ဒုက္ခထပ်ရောက်ဦးမယ်။ ဒါကြောင့် အရင်နှိုက်မစားဘူး။ အဘရဲ့ အခြေအနေကို ကြည့်နေလိုက်တယ်။ အဘကလည်း လျှာအတော်ကို ရှည်တယ်ဗျ။

လိုရင်းတိုရှင်းပြောပြီး ရှေ့မှာချထားတဲ့ စားစရာတွေ အားရပါးရ တီးပြီး ကွပ်ပျစ်ပေါ် တစ်ရေးအိပ်လိုက်ရရင် တစ်မနက်လုံး ပြေးလာရတဲ့ နာကျင်ကိုက်ခဲမောပန်းတာတွေ သက်သာမသွားပေဘူးလားဗျာ။

အဘတို့က အတော့်ကို ခက်တယ်ဗျာ။

ကိုယ့်တပည့်ရဲ့ ဟန်ပန်အနေအထားကို လုံးဝမကြည့်ဘူး။





ကရင်လိုပြောလိုက်၊ မြန်မာလိုပြောလိုက်၊ ပြီး ... တဟားဟား အော်ရယ်လိုက်၊ လွယ်အိတ်ထဲက ကွမ်းထုပ်ကိုဖြေ ယာပြီး ဝါးလိုက် ...

"ဘကြီး ... အားရပါးရစားပါဝေ့"

"အေး ... သမီးလေး"

ကရင်မလေးက စားဖို့ပြောမှ အငွေ့တထောင်းထောင်းထနေတဲ့ ကောက်ညှင်းပေါင်းပန်းကန်ထဲ လက်ညှစ်ပေငါးချောင်းနဲ့ နှိုက်ပြီး ပလုတ်ပလောင်း တီးပါရောဗျာ။

ကရင်အဘိုးကြီးလင်မယားရော၊ ကရင်လူရွယ်နှင့် ကရင်မလေး နှစ်ဦးနဲ့ လာခေါ်တဲ့ ကရင်ကြီးတို့က အဘစားနေတာကို ကြည့်ပြီး အားရကျေနပ်ပြုံးလို့ဗျား ...

ကောက်ညှင်းပေါင်းကို ဖလုံတစ်ဝက်ကျိုးအောင် ငါးချဉ့်ခြောက်မီးကင်နဲ့ စားပြီး၊ ငှက်ပျောသီးသုံးလုံးကို ဆက်ကြိတ်တယ်။ တပည့်လုပ်သူကို စားလေလို့ တစ်ခွန်းမခေါ်သေးဘူး။

ငှက်ပျောသီးမှည့် သုံးလုံးကုန်တော့ ကန်စွန်းဥပြုတ်ငါးလုံးကိုလည်ပင်းနင်၊ မျက်လုံးပြူးအောင် စားပြီး ရေနွေးဖန်ခါးနဲ့ မျိုချနေပုံနှယ် .. အငတ်တိုင်းပြည်က ရောက်လာတဲ့အတိုင်းပဲဗျ။

သူစားလို့ဝပြီ၊ ဝမ်းဗိုက်ကြီးလည်း ပူတင်းလာပြီးမှ ကျွန်တော့်ဘက်ကို လှည့်ပြီး ...

"ဟော့ကောင် ... ငမှိုင်း ... စားလေ"

"စား ... စားရ ... မ ... မ ... လား ... အဘ"

"ဟ ... ခွေးမသားလေးရေ၊ ငါတောင် ဝမ်းဗိုက်ပွင့်အောင် စားနေပြီဥစ္စာ နင်ကဘာလို့ မစားဘဲ ငါ့ကို ကြည့်နေတာတုံး ... ငတုံးရ ဘင်"

ဒီမှာ ကရင်ဖထီး စောရွယ်လူးနဲ့ ကရင်အမေကြီးက ...

"ဟဲ့ ... ဖိုးခွား ... စား၊ နင့်အဘ စားသလိုစား"

"ဟုတ် ... ဟုတ်ကဲ့ ... ဖထီး"

"ဟဲ့ ... နော်ဖော"

"ရှင် ... အမိုး"

"ကောက်ညှင်းပေါင်း ထပ်ထည့်ပါဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

ကျွန်တော်လည်း လက်ကျန်ကောက်ညှင်းပေါင်းတွေကို အကုန်ကြိတ်ပစ်လိုက်တာပဲဗျာ။ ကရင်မလေး နော်ဖောကလည်း နောက်ထပ် ပဲနိုင်းချင်း၊ နွမ်းထောင်းမွှေးမွှေးတစ်ပန်းကန် ကျွန်တော့်ရှေ့လာချပြီး ...

"စားဝေ့ ... မောင်ကြီး"

"အင်း ... အင်း ..."

"ရေနွေးသောက်နော့"

"အေ ... အင်း ..."

ငှက်ပျောသီးငါးလုံး၊ ကန်စွန်းဥနှစ်လုံးစားပြီး ကျွန်တော် ဗိုက်ကော့သွားပါရောဗျာ။

ဒီမှာ ဘတိုက်ပုံက ကရင်အိမ်ရှင်ဖထီးကို မေးတယ်။

"ဖထီး ..."

"ဝေ ... ပြော ... ဆရာကြီး"

"ဒီရွာကို ဘယ်လိုခေါ်တုံး ... ဖထီးကြီးရ"

"စိုင်ခြေရာရွာလို့ ခေါ်ဝေ့"

"ကျုပ်တို့လာခဲ့တဲ့ ရိုးမလမ်းပေါ်မှာ ငါးအိမ်စုခန့်ရှိတဲ့ ရွာတစ်ရွာတွေ့ခဲ့တယ် ... ဖထီး ... အဲဒီရွာက ဘာရွာတဲ့တုံး"

"ဟိုပေါ်မှာ ရွာမရှိဘူးတယ်ဝေ့"

"ရှိတယ် ... ဖထီးရ၊ ဝက်တွေ၊ ကြက်တွေနဲ့ မြန်မာလိုလို၊ မွန်လိုလို မိန်းမပျိုတွေပါ တွေ့ခဲ့တယ် ... ဖထီးရ"

"ဆရာကြီး ... ဒီရိုးမတောင်ခြေမှာ ရွာနှစ်ရွာပဲရှိတယ်ဝေ။ ငါတို့ စိုင်ခြေရာရွာနဲ့ ဟိုရှေ့က ဆင်သားကျရွာပဲရှိတယ်။ အခြားရွာရော၊ အခြားလူရော ရှိဘူး။ ငါတို့၊ စောချစ်ထူးတို့ တောင်ပေါ်မှာ အမဲလိုက်နေကျဥစ္စာ။ ရှိရင် တစ်ခါတစ်ခါ ဟိုးရိုးမကြီးပေါ်က ဆင်းလာတတ်တဲ့ သူပုန်လူဆိုးတွေတော့ ရှိတာပေါ့နော်"

"ရွာမရှိတာ ဟုတ်ရဲ့လား ... ဖထီး"

"ဟုတ်ပါရော ... ဆရာကြီး ... တို့နေလာတာ ကြာပကောဝေ"





"မိန်းကလေးတွေက ပြောတယ်၊ ငါးအိမ်စုရွာတဲ့"

"ငါးအိမ်စု ... ဟုတ်လား ... ဆရာကြီး"

"ဟုတ်တယ် ... ငါးအိမ်စုတဲ့။ မိန်းကလေးတွေရဲ့ နာမည်က ဘာတဲ့ ... ဟဲ့ကောင် ... ငမှိုင်း ... ဟိုမိန်းကလေးငါးဦးနာမည်က ... ဘာတဲ့ ... ပြောစမ်း ..."

ဒီမှာ ကျွန်တော်က ယျှာသွက်အာသွက်နဲ့ ...

"အကြီးမ အချောဆုံးက ..."

"ဟင်းနော် ..."

အဘက ကျွန်တော့်အကြောင်းသိတော့ ဟင်းနော်လို့ ပြောပြီး မျက်စောင်းထိုးလိုက်ရဲ့ဗျာ။

"အကြီးမနာမည်က မယ်သစ်တဲ့။ နောက်နာမည်ရှင်တွေက ... မယ်ခေတ်၊ မယ်ချစ်၊ မယ်နှစ်လို့ ပြောကြတယ် ... ဖထီး"

ဒီလိုပြောလိုက်ရော ကရင်ဖထီးရော၊ အမိုးရော၊ ကရင်နော်မှုဝါးတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။

"အမိုးကြီးရော ... သူတို့ သိလားဗျ"

"ကြားဖူးတယ် ... ဆရာကြီး"

"သူတို့ကို ကျုပ်တို့ တွေ့ခဲ့တယ်။ စားစရာတွေလည်း ကျွေးတယ်"

"ဆရာကြီးတို့ ... စား ... စားခဲ့လား ... ဟင် ... ဟင်"

"မစားပါဘူး။ ဘာဖြစ်လို့တုံး ... အမိုးကြီး"

"ရွှယ်လူး ... ပြောလိုက်"

ကရင်မကြီးအမိုးက သူ့ခင်ပွန်းကို ပြောလိုက်လို့ ပြောတယ်။

"ဆရာကြီး ..."

"အေး ... ဖထီး ... ပြောပါ"

"သူတို့မရှိတာ ကြာပြီလေ"

"ဘယ်လိုမရှိတာတုံး ... ဖထီးရ"

"သူတို့အားလုံး သေတာ ကြာပြီဝေ့"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ."

ကျွန်တော်က သေပြီဆိုတာ လက်မခံနိုင်လို့ မေးရရော။

"ဖထီး . . . တကယ်သေခဲ့ပြီးလို့လားဗျာ . . . ဟင်"

"သေပြီပ . . . ဗိုးခွားရယ်၊ ငတို့ပြောတာ ယုံပါနော်"

ဒီမှာ အဘက ကျွန်တော့်မျက်နှာကို ဘယ့်နှယ်လဲဆိုတဲ့အကြည့်နဲ့ ကြည့်ရင်းက ဖထီးကို ဆက်မေးပြန်တယ်။

"သူတို့သေပုံများသိရင် ပြောပြပါ . . . ဖထီး"

"ငတို့သိရသလောက်တော့ မိန်းကလေးက ငါးဦး၊ မိဘက နှစ်ဦး၊ နောက်ထပ်လူတွေလည်း ပါသေးတယ်။ နာမည်တော့ မသိဘူးဝေ။ သူတို့အားလုံးကို သူပုန်က ဖမ်းခေါ်လာတာပေါ့။ သိရသလောက်တော့ ကောင်မလေးများမိဘတွေက ပုလိပ်အရာရှိဆိုးတွေတဲ့။ ချမ်းလည်းချမ်းသာတယ်၊ ဆိုးလည်းဆိုးတယ် ပြောတယ်ဝေ့။ နိုင်ငံရေးသမားတွေကို ဖမ်းဆီးညှဉ်းဆဲရာမှာ ပုလိပ်အရာရှိက အရမ်းဆိုးတယ်တဲ့။ ရွာကလူတွေလည်း အမှုဆင်ဖမ်း၊ ငွေတောင်း၊ လာဘ်စားသတဲ့။ တရားသူကြီးဆိုသူလည်း ပါတယ်ဆိုပဲ။

မြို့ကို သူပုန်တွေ ဝင်စီးပြီး သူတို့ကို ရိုးမပေါ်ခေါ်လာခဲ့တာ။ စောစောက ဆရာကြီးတို့ ကြုံခဲ့ရတဲ့နေရာမှာ ပုလိပ်အရာရှိနဲ့ တရားသူကြီးရယ်၊ ပုလိပ်ဆားပုလင်းတွေက လက်နက်ကိုင်တွေကို ပြန်ခုခံပြီး မိသားစုတွေကို ပြေးခိုင်းတာ။ ဒီမှာ သူပုန်တွေက ဒေါသဖြစ်ပြီး အားလုံးကို အဲဒီနေရာမှာ ပစ်သတ်ခဲ့တာ။ သေနတ်သံကို ညံနေတာပဲဝေ့။ ငါတို့လည်း ထွက်မကြည့်ရဲဘူးပေါ့။ နောက်နေ့ ငတို့ အမဲလိုက်ဖို့သွားတော့မှ လူသေတွေ ဟိုတစ်စု ဒီတစ်စု ဖြစ်နေတာ မြင်ရတာပဲ။ ငါတို့လည်း အမြန်ပြေးခဲ့ရတယ်။

နောက်တော့ လူသေအလောင်းတွေကို ကျားတွေ၊ တောခွေးတွေ စားသွားတာ အရိုးပဲကျန်တယ်။ အရိုးတွေလည်း ပျောက်ချင်းမလှ ပျောက်ကုန်တယ်။ အဲဒီအချိန်ကစပြီး အဲဒီနေရာမှာ တစ္ဆေအရမ်းခြောက်ပဲ . . . ဆရာကြီး။ အော်သံတွေ ကြားတယ်။ ငိုသံတွေ ကြားတယ်။ ခေါ်သံတွေ ကြားတယ်။ ရန်ဖြစ်သံတွေ ကြားတယ်။





တစ်ခါတစ်ရံ သီချင်းဆိုသံတောင် ကြားရတယ်။ ညဘက် ပိုဆိုးတယ်။ မီးရောင် . . . ဟိုလေ . . . ထမင်းဟင်းချက်သလို မီးရောင်မြင်ရတယ်။ လူစုသွားကြည့်ရင် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ရောဝေ။ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း မှုက်စိလည်ရောက်သွားရင် ပုလိပ်ဝတ်နဲ့ လူကြီး၊ ဝဝဖိုင့်ဖိုင့် မျက်လုံးကျူးကျူးနဲ့ လူကြီးရယ်၊ မီးပုံဘေးမှာ စကားထိုင်ပြောနေတာမျိုး မြင်ရပြီး သူတို့လှမ်းခေါ်လို့ အနားတိုးသွားသွားမိရော ပျောက်သွားရောတဲ့။

အချို့ကရင်မတွေလည်း မျှစ်ရှာ၊ မှိုရှာရင်း ရောက်သွားရင် မိန်းမချောချောလေးငါးဦးကို မြင်ရရောတဲ့ဝေ့။ မျှစ်နဲ့မှို ခေါ်ဝယ်တာဆိုပဲ။ ရွာသူတောသူ ဟန်မပျက်ဘဲ မြို့ကြီးသူလို ဝတ်စားထားတာ မြင်ရသတဲ့။ လုံချကြီးပေါက်လုတွေဆိုပဲ။ လမ်းမှာတွေ့ရင်း မျှစ်နည်းနည်း၊ မှိုနည်းနည်းရောင်းပါ ပြောသတဲ့။ အင်ရွက်၊ ကျွန်းရွက်နဲ့ထုပ်ပြီး ပေးလိုက်ရော မျက်စိရှေ့မှာတင် အဲဒီမိန်းမတွေရော၊ ဒီမျှစ်ထုပ်တွေရော ပျောက်သွားလို့ လန့်အော်ပြေးခဲ့ရပါကော ဆရာကြီး။ ခု . . . သွားကြရင် လူအုပ်နဲ့ဆို သွားကြတယ်။ တစ်ဦးစ နှစ်ဦးစတော့ မသွားရဲကြဘူး။ ဘယ်လောက်ဆိုးလည်းဆို သူပုန်တွေတောင် လန့်ပြီး သေနတ်နဲ့ပစ် ပြေးရသတဲ့ . . . ဆရာကြီး"

ကရင်ဖထီးက စကားဆုံးတော့ ဆေးတံထဲ ဆေးထည့်မီးညှိပြီး အရသာခံဖွာနေလိုက်ရဲ့။

ကျွန်တော် အရမ်းအံ့သြသွားရပါရောဗျာ။

"အဲဒီတောင်ပြန့်ကုန်းပေါ်မှာ လူနေအိမ်မရှိဘူး။ လူစင်စင် မိန်းမချောချော မရှိဘူး။ ရှိနေ ကြုံနေရတာက တစ္ဆေလိုလို၊ ကျတ်လိုလို မြင်တွေ့ပျောက်တွေပဲ . . . ဆရာကြီး"

အဘတိုက်ပုံကြီးက ခေါင်းတညိတ်ညိတ်လုပ်ပြီး ကျွန်တော့်မျက်နှာကို 'ဘယ့်နှယ်လဲ . . . ယုံပြီလား . . . ဟော့ကောင်' ဆိုတဲ့ အပြော မျက်လုံးနဲ့ ကြည့်ပြီး ပြုံးလို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃]

❑

ကျွန်တော်တို့ ရိုးမတောင်ခြေ ကရင်စုကနေ ထွက်လာခဲ့ကြတယ်။ လမ်းခရီးမှာ ဘာအန္တရာယ်မှ မတွေ့ရဘူး။ တောင်ယာမီးရှို့နေတဲ့ ကရင်အဘိုးကြီးတွေ ...

ပေါက်တူးအရိုးရှည်နဲ့စိုက်ခင်းဖော်နေတဲ့ ... ကရင်နဲ့ မြန်မာဆင်းရဲသားမိသားစု အနည်းငယ်ကို တွေ့ခဲ့ရပြီး လိုအပ်တဲ့စားစရာလေးများ ဝယ်ယူရရှိခဲ့တယ်။

''အဘ ... ကျွန်တော်တို့ ပြန်ကြတော့မှာလားဟင်''

''ဘယ်ကို ပြန်မှာတုံးဟ ... ငါ့လူရ''

''ရန်ကုန်ကိုလေ ... အဘရ''

''ဗွီ ... ရန်ကုန်ပြန်ဖို့ မစဉ်းစားနဲ့ဦးကွ ... ငတုံးရ။ ငါတို့ကိစ္စတွေက မပြီးသေးဘူး။ ခရီးသွားရဦးမယ်''

''ဗျာ ... ဟို ... ဟိုလေ ... ဟိုပစ္စည်းလည်း ရပြီမဟုတ်လား အဘရ။ ပစ္စည်းရရင် ပြန်လို့ရပြီမဟုတ်လား''





''မင်း နားမလည်သေးဘူး ... မောင်မှိုင်း ... မင်းကို ငါ အသေးစိတ် ရှင်းမပြနိုင်သေးဘူး။ မင်းသိအောင်ပြောမယ် မှတ်ထား၊ ဒေါ်ရှင်မင်းယာစိုကိုပါ အရခေါ်ပြီးမှ ငါတို့ ပြန်လို့ရမယ်ဟေ့''

''ဗျာ ...''

ဒုက္ခပါပဲဗျာ ... ဒေါ်ရှင်မင်းယာစိုကိုပါ အရခေါ်ရမယ်။ သူမ ပါလာမှ ရန်ကုန်ကို ပြန်ဆင်းလို့ရမယ်တဲ့။ အခု သေပေါက်ကြုံနေရတာ ဒေါ်ရှင်မင်းယာစိုကြောင့်လေဗျာ။

ခုမှ တကယ့်ကို သေပါပြီဆရာ ဖြစ်ပြီဗျ။

ကျွန်တော် ဘတ်ကိုက်ပုံကြီးနဲ့ အဖော်လိုက်လာမိတာ အကြီးအကျယ်မှားပါပြီဗျာ။ သားမှားပါပြီ ... အမေရဲ့ကိန်းက ခု ဆိုက်နေပြီ။ ပြန်စဉ်းစားရင် ကျွန်တော် နောင်တရနေပြီဗျ။

အိမ်မက်တွေကလည်း မကောင်းဘူး။

စွယ်စုံဆင်ကြီးနောမောင်းဖျား ကားယားပါသွားတယ်လို့ အိပ်မက်မက်တယ်။

ပိုဆိုးတာက ... ကျား ... ကျား ...။

ကျားမှ ကိုးတောင်ကျားကြီး ... ခေါင်းတင်သောက်ရေအိုးထက်ကြီးတယ်ဗျ။ အစွယ်ဖြဲပြီး 'ဟဲ' ခနဲ လုပ်လိုက်တာ။ အမယ်လေး ... အစွယ်နှယ် ... လူကြီးခြေမထက်ကို တုတ်ပြီး ဝါရောင်သန်းနေတာ။

ကိုယ်က ရှေ့ကပြေး။

အဝါနဲ့ အနက်အစင်းကျား ကျားကြီးက နောက်ကနေ လွှားခနဲခုန်လိုက်။ လိုက်ရင်းက ဟိန်းလိုက်တဲ့အသံဟာ တောရော၊ မြေကြီးရော တုန်သွားတယ်။

ကံကောင်းတာလား၊ ကံဆိုးတာလားမသိ ...

ပြေးရင်းလွှားရင်း ရေတွင်းထဲ လူက ကျသွားတာ။

ရေတွင်းက ဂဝံကျောက်ရေတွင်းဗျ။ လူကြီးတစ်ရပ်နဲ့ လက်တစ်ဆောင်လောက် မြင့်တယ်။ နက်တယ်။ ရေက ကျွန်တော့်လည်ပင်းထိနစ်ပြီး ခေါင်းပဲ ဖော်ထားလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုင်အကျအဆိုးကြီးကလည်း လှုန့်ရနေ၊ တွင်းထဲကျသွားတာ ညေးမြင်နေတော့ ရေတွင်းအပေါ်ကနေ အောက်ကို ငုံ့ကြည့်ပြီး တဟဲဟဲ အသံကျယ်ကျယ် အော်နေတယ်။

အော်ခုံမကဘူးဗျ … ရေတွင်းပျက် ပတ်လည်မှာ လမ်းလျှောက်ပြီး ငုံ့ကြည့်လိုက်၊ ရေတွင်းနှုတ်ခမ်းကို လက်သည်းတွေနဲ့ ဒေါ်သတကြီး ကုတ်လိုက် …

မြေကြီးသားနဲ့ ကျောက်ခဲကျောက်မှုန်တွေ ရေတွင်းထဲက ကျွန်တော့်ပေါ် တဖွားဖွားကျလာတာ လူလည်း ဘုရားတလိုက်၊ အမေတလိုက်၊ အဘတလိုက် ကြောက်လန့် အော်ဟစ်နေတုန်းမှာပဲ …

ကျွန်တော်ရှိနေတဲ့ ရေတွင်းထဲကို ဝေါဆိုတဲ့အသံနဲ့အတူ လွှားလွှားယားယား၊ ကားကားထွားထွား ကောင်ကြီး ဟိန်းသံပေးပြီး ပြုတ်ကျလာတာ။

"ဝေါင်း …"

"ဝေါ … ဝုန်း … ဗွမ်း"

"အမလေးဗျာ …"

အသံကုန်အော်ဟစ်ရင်း ကျွန်တော် အိပ်မက်ဆိုးက လန့်နိုးခဲ့ရတယ်။ လန့်နိုးတော့ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ စိုနစ်ရွှဲနေပြီ။

ဒီလိုမြင်မက်ခဲ့ရတဲ့ အိပ်မက်ဆိုးတွေက ကျွန်တော်တို့ ခရီးသွားနှစ်ဦးရဲ့ ရှေ့အနာဂတ်အတွက် ကံကောင်းမည့်လက္ခဏာ မဟုတ်ဘူးလို့ ကျွန်တော် ကြိုမြင်နေတယ်ဗျာ။

ခုလည်း သေသေးကနေ မနည်းလွတ်အောင် ပြေးခဲ့ရပြီးပြီ။ ကိုယ့်ဘာသာ ဖွတ်ပြန်ဖို့ကလည်း အဘကို အားနာနေရ။ ကျွန်တော် နောက်ကြောင်းကို ပြန်စဉ်းစား ပုံဖော်ကြည့်တယ်။

✿ ✿ ✿

[၄]

❑

သွားတုန်းက အတူတူသွားခဲ့တာ။

အဘကတော့ ခရီးမသွားခင် ပြောခဲ့ပါတယ်။

"မောင်မှိုင်း …"

"ဗျာ … အဘ"

"ငါ ခရီးသွားစရာရှိတယ်။ မင်း လိုက်ခဲ့ပါလားကွ"

"ဘယ်နှရက်ကြာမှာတုံး … အဘ။ ကျွန်တော့်မှာ ထုတ်ဝေသူကိုပေးဖို့ ရေးလက်စ လုံးချင်းဝတ္ထုက မပြီးသေးဘူးဗျ"

"ကြာမှာတော့ ဆယ့်လေးငါးရက်ပါပဲကွာ"

"ဘုရားဖူးလား၊ အစိမ်းဌာန်ခရီးလား … အဘရဲ့"

"အသိတစ်ယောက် သွားရှာမလို့ပါကွာ။ မင်းပါတော့ စကားပြောဖော်လည်းရ၊ အကြံတုံး၊ ဉာဏ်တုံးများလည်း ရပေါ့"

www.burmeseclassic.com



"ဟာ ... အဘကလည်းဗျာ ... အကြံကောင်း ဉာဏ်ကောင်း ရတယ် လုပ်ပါဗျာ။ ကျွန်တော်က စာရေးဆရာပါဗျ ... ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

"အိမ်း ... မင်းဆီက အကြံကောင်း ဉာဏ်ကောင်း ယူရတာလည်း ထောင်ကျပေါက်နဲ့ အချုပ်ထဲဝင်ရဖို့က ရာခိုင်နှုန်းကိုးဆယ်ကွ။ နေပါစေကွာ ... ငါ မုဆိုးကြီးလေးမောင်ပဲ ခေါ်သွားမယ်။ သူကမှ တောလမ်းခရီး ကျွမ်းသေးတယ်။ သေနတ်ပစ်လည်း တည့်တယ်။ ငါ မုဆိုးကြီး လေးမောင်ပဲ ခေါ်သွားတော့မယ်ဟေ့"

"အဘ ..."

"ဘာတုံးကွ ... မလိုက်ဘူးဆိုလည်း ပြီးပြီပေါ့ကွာ။ လျှာရှည်မနေနဲ့။ ငါ ထမင်းဆာပြီ၊ ခူးခပ်ပြင်တော့"

"အဘကလည်း ဒေါနချည်းပဲဗျာ။ စံပယ်လေး၊ ခဏ္ဍာလေး ထည့်ပါဦးဗျ။ အဘ ... မုဆိုးကြီးလေးမောင်အကြောင်း ဘာသိလို့လဲ"

"ဟ ... လေးမောင်က မုဆိုးလေကွာ။ သူ မရောက်ဖူးတဲ့တော မရှိဘူး။ ကျားရော၊ ဆင်ရော၊ ပြောင်ရော၊ ကြွက်ရော ပစ်ဖူးတယ်။ သေနတ်မျိုးစုံ ပစ်တဲ့နေရာမှာ ကျွမ်းကျင်တယ်။ လေးမောင်က ရက်ရှည်တောထဲမှာ မျက်စိလည်နေရင်တောင် ဆီးဖြူသီးနဲ့ ရေသောက်ပြီး ဆယ့်လေးငါးရက် အသက်ရှင်အောင် နေနိုင်တယ်ကွ။ နှစ်ပတ်လောက် ဝမ်းမသွားဘဲလည်း နေနိုင်တယ်။ မင်းလိုကောင်ကသာ ဟင်းမကောင်း တပြုံပြုံ၊ တစူစူ၊ အရက်မသောက်ရရင် ချက်ချင်းပဲ သေတော့မလိုလို၊ မိန်းမမြင်ရင်လည်း ငမ်းငမ်းတက်။ ရှေ့ခရီးမဆက်ဘဲ နေခဲ့ချင်တဲ့ကောင်။ မင်းကြောင့်ငါ လူကြီးအိမ်နဲ့ ရဲစခန်းမှာ လိုက်ရှင်းရ၊ တောင်းပန်ရ၊ အလျှော်ပေးရပေါင်းလည်း များပြီ။ မင်းနဲ့ ခရီးသွားရင် ထိတ်တုံးရယ်၊ လက်ထိတ်ရယ်၊ အာမခံဖို့ လူရယ်က အသင့်ကြိုနေတာပဲ။ လေးမောင်က အစားအသောက်မှာ ခင်းလို့ ချေးမများဘူး။ လေးမောင် ... ငါတို့ ပိုက်ဆံပြတ်ပြီ၊ မင်း ထမင်းခြောက်ဝါးစားပြီး ရေသောက်တော့လို့ ပြောရင် ထမင်းခြောက် တစ်ပန်းကန်ကုန်အောင် စားတယ်။ သည်းညည်းခံတယ်။ စိတ်ရှည်တယ်။





ပြောစရာဆိုလို့ တစ်ခုပဲရှိတယ် ...။ သူ့နှစ်လုံးပြူးသေနတ်ကြီးကြမ်းပြင်မှာချထားထား၊ အိမ်ထရံမှာ ထောင်ထားထား အခန့်မသင့်ရင် ကျည်ဆန်အလိုလို ထွက်တာပဲရှိတယ်။ ဒါကလည်း အနီးရှိတဲ့လူ ကိုးလုံးကျည်ထိမှန်ပြီး သေရင်သေ၊ မသေရင် ရွှေထီးဆောင်း ... အဲလေ ... ငါလည်း မင်းနဲ့ပြောရင်း စကားတွေ မှားကုန်ပါပြီကွာ။ မသေရင် ဆေးရုံရောက်ရတာချည်းပဲ။ ဒါပေမင့် လေးမောင်က အကင်းပါးတယ်။ မျက်စိလျင်တယ်။ သတ္တိကောင်းတယ်။ လေးမောင်ပဲ ခေါ်သွားမယ်"

"အဘ ... ကိုလေးမောင် မရှိတော့ဘူး"

"ဟေ ... လေး ... မောင် ... မ ... မရှိတော့ဘူး ... ဟုတ်လား"

အဘရဲ့မျက်နှာမှာ အံ့သြရိပ်နဲ့ စိုးရိမ်စိတ်တွေ လွှမ်းပြီး အလျင်စလို သိချင်စိတ်တွေ ဖြစ်နေပါရော။

"ဟုတ်တယ် ... မရှိတော့ဘူး ... အဘရယ်"

"ဖြစ်မှဖြစ်ရလေကွာ ... ငါ့တပည့်ကြီး ... အရမ်းအားကိုးရတဲ့ကောင်ကြီး။ သူ ... သူ ... ဘယ်တုန်းက ဆုံးသွားတာလဲ ... မောင်မှိုင်းရာ ဟင် ... ဟင်။ ငါ့ကောင်ကြီး ဘာရောဂါနဲ့ ဆုံးသွားတာလဲ ... မောင်မှိုင်းရာ ငါ့ကို ဘာလို့ သေတာမပြောကြတုံး ... ဟေ့ကောင် ... ငါ့တပည့် လေးမောင် ဘာရောဂါနဲ့ ဆုံးသွားတာတုံးဟ ... ပြောစမ်းပါ"

"သူ ... သူ ..."

"မြန်မြန်ပြောပါကွာ ... လေးမောင်မှာ ပန်းနာရင်ကြပ်ရောဂါ ဖြစ်နေတာ ကြာပြီ။ ရောဂါသည်းလာရင် ဆင်ဒူးရီးနဲ့ ခွေးသေးပန်းရွက် သွေးသွေးသောက်နေရတာကွ။ အဲဒီရောဂါနဲ့ ... သူ ... သေ ... သေ"

"အသက်ရှင်လျက်ပဲဗျ"

"ဘာ ... ရှာရိုးမသားလေးကွာ ... တို့ ... ငါ့မှာတော့ ငါ့တပည့်လေးမောင် သေပြီမှတ်လို့ ဝမ်းနည်းပြီး မျက်ရည်ပါစို့နေတာ။ မင်းကွာ ... ငမှိုင်းရာ ... သောက်ကောင်လေး ... ပြောလိုက်ရင် အသန့်အကြားချည်းပဲ။ တော်ပါသေးရဲ့ ... အခု လေးမောင် ဘယ်မှာတဲ့ မြောက်ဥက္ကလာမှာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမောင် ဘုန်းကြီးဝတ်သွားပြီ အဘ"

"ဟေ ... ဟုတ်ရဲ့လား ... ငမှိုင်းရာ၊ လူကြီးကို မနောက်နဲ့နော်"

"သူ သင်္ကန်းဝတ်သွားတာ (၆)လကျော်သွားပြီ အဘ။ အခု သန့်လျင် ကျိုက်ခေါက်ဘုရားနံဘေးက 'ခါးပန်းနီ' ကျောင်းမှာ ရှိနေတယ် ခင်ဗျ"

"တကယ်"

"မယုံရင် သန့်လျင်ကို လိုက်ပို့ပေးမယ်ဗျာ"

အဘတိုက်ပုံ အလွန်အံ့သြပြီး ခေါင်းတညိတ်ညိတ်လုပ်နေလေရဲ့။

"အင်း ... လေးမောင် ... လေးမောင် ... ဒီကောင် အရွယ်ရောက်ကတည်းက အကုသိုလ်အလုပ်တွေ လုပ်တဲ့တာကွ။ ရိုးမမှန်သမျှမှာ ရှိတဲ့ သားကောင်ကြီးငယ်တွေဟာ လေးမောင် ရိုးမထဲ နှစ်လုံးပြူးသေနတ် ထမ်းဝင်လာတာနဲ့ တောနက်ထဲကို ဝင်ပြေးကြတာပဲကွာ။ အင်း ... အင်း ကျွတ်ချိန်တန်တော့လည်း ကျွတ်တာပေါ့လေ။ ကိုယ့်အသိတရားနဲ့ကိုယ် ကျွတ်သွားတာက သူများတိုက်တွန်းလို့ အသိတရားရ ကျွတ်တာထက် ပိုမြတ်တယ်ကွ။ သူရေးတဲ့ မုဆိုးဝတ္ထုတွေ ငါဖတ်ရတယ်။ အေး ... အေး သိန်းဝင်းတို့၊ ဝင်းနိုင်တို့၊ စိုးဝေတို့ထက် တော်သွားတာပေါ့။ အဲဒီသုံးကောင် ကတော့ သေရင်လည်း အဝီစိမှာ ချိုးကပ်မည့်ကောင်တွေကွ။ ဒါနဲ့ လေးမောင်ရဲ့ ဘုန်းကြီးဘွဲ့က ဘယ်လိုခေါ်တုံး ... မောင်မှိုင်းရေ။ သင်္ကန်းလေး၊ ဝတ္ထုငွေလေး သွားကပ်ရအောင်လို့ကွ"

"ဦးဝိမလတဲ့ဗျ"

"သာဓုဗျာ ... သာဓု ... သာဓု ... လေးမောင်သေရင် ... အဲ ... အဲ ... ပျံလွန်တော်မူရင် ဘဝကူးကောင်းပြီဟေ့"

"အရေးကြီးတာက လူမထွက်ဖို့ပဲ ... အဘရ"

"အေး ... ဒါလည်း ဟုတ်တာပဲကွ။ အရေးကြီးတာက မင်းတို့ငါတို့ သူ့ကျောင်းကိုရောက်ရင် တောလိုက်တဲ့အကြောင်းတို့၊ ဘာတို့





မပြောနဲ့ကွ။ မတော် ... စိတ်လည်သွားရင် ဘုန်းကြီးဘဝက ထွက်ပြီး သေနတ်ပြန်ကိုင်နေဦးမယ်။ သေနတ်နဲ့ပတ်သက်ရင် သကြန်မှာကစားတဲ့ ရေပွတ်သေနတ်တောင် သူ့ရှေ့သွားမပြနဲ့ဟေ့။ ငါ့ခရီးမှာ အဖော်ကောင်း တစ်ယောက် မရှိတာဖြစ်သွားပေါ့ကွာ"

"ကျွန်တော်ရှိသေးတာပဲ ... အဘရ ... အားကိုး အားကိုး ... အဟီး"

"မူလရည်ရွယ်ချက်က လေးမောင်ကို အမိကထားပြီး မင်းက ထမင်းချက်၊ အထုပ်ထမ်း၊ အဝတ်လျှော်အနေနဲ့ ခေါ်သွားမလို့ကွာ။ အင်း အင်း ... ခုတော့ ... မင်းပဲ လိုက်တော့ပေါ့ကွာ"

ကြည့်စမ်းပါဗျာ ...

မုဆိုးကြီးလေးမောင်ကျတော့ အားကိုဖော်အဖြစ် ...

ကျွန်တော့်ကိုတော့ ထမင်းချက်၊ အထုပ်ထမ်း၊ အဝတ်လျှော်တဲ့ဗျာ။ အတော့်ကို ရက်စက်တဲ့ အဘဗျာ။ ကျွန်တော်က စာရေးဆရာပါဗျာ။ ကျွန်တော့်လို စာရေးဆရာ ဂုဏ်သိက္ခာကို ငဲ့ပြီး အကြံပေးသဘော ခေါ်သွားရင် လူကြားလို့ မတင့်တယ်ပေဘူးလားဗျာ။

ခု ... ရွှေနားကပ် မပန်ရတော့မှ ...

ကြေးနားကပ်ကို တန်ဖိုးထားနေတဲ့အဖြစ်။

"လိုက်မယ်မဟုတ်လား ... ငမှိုင်း။ ငါတို့ အခုသွားမည့် ခရီးက ပျော်စရာကောင်းတယ်။ အချောအလှတွေလည်း ပေါတယ်ကွ။ မင်းလည်း စာရေးစရာအကြောင်းတွေ ရမှာကွ"

"သေပြေးရှင်ပြေး ပြေးရမှာရော ပါတယ်မဟုတ်လားဗျ"

"မပြောလောက်စရာလေး ရှိချင် ရှိမှာပေါ့ကွာ။ အဆန်းလုပ်ပြီး ပြောမနေစမ်းပါနဲ့ ငါတစ်ယောက်လုံး ပါ,ပါတယ်"

"စဉ်းစားဦးမလားလို့ပါ။ အဘရဲ့ မပြောစလောက်စရာလေးတွေက ပါးစပ်ထဲ မတ်စေ့ငုံသွားသလိုချည်းပဲလေ"

"ဒီလောက်မှ သတ္တိမရှိရင်လည်း မလိုက်နဲ့ကွာ။ သိန်းဝင်းနဲ့ ဝင်းနိုင်ပဲ ခေါ်သွားမယ်။ ဒီကောင်တွေဆိုရင် သူတို့စရိတ်နဲ့ သူတို့လိုက်မှာ နေခဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဘက ကျွန်တော့်ကို စည်းရုံးလို့မရရော ဒေါပွသလို ပြောပြီး [illegible]ချောင် လွယ်အိတ်ဖောင်းပွကြီး ကောက်လို့ ထွက်သွားမယ်လုပ်ရော ...

"အဘ ... အဘ ... နေပါဦးဗျ ... အဘကလည်း စိတ်ကြီးလိုက်တာဗျာ ... ထိုင်စမ်းပါဦးဗျ"

"အချိန်မရှိဘူးကွာ ... ဖယ်"

"လိုက်မှာပေါ့ဗျာ ... ပြန်ထိုင်ပါဗျ ... အဘရ"

"မင်းလိုက်မှာ ကျိန်းသေမှ ငါထိုင်မယ်ကွ"

"ကဲ ... ကဲ ... လိုက်ပါ့မယ်ဗျာ ... တကယ်လိုက်ပါမယ်ဗျ။ ကိုင်း ... ကျေနပ်ပြီလား"

ဒီတော့မှ ဘတိုက်ပုံကြီးက လွယ်အိတ်ကြီးချ ပြန်ထိုင်ပြီး ကွမ်းထုပ်ဖြည် ဝါးတော့တယ်။

"အခုသွားရမယ့်လမ်းကြောင်း အစီအစဉ် ပြောပါဦး ... အဘရ"

"ဒီကိစ္စ မင်းမေးစရာ မလိုဘူး။ လိုက်ချင်လိုက် မလိုက်ချင်နေ"

အဘက စကားကို အပြတ်ပြောလိုက်တာနဲ့ ကျွန်တော်လည်း ဘာမှ ပြန်မပြောတော့ဘဲ အသာငြိမ်နေရင်းက မေးရတယ်။

"ဘယ်နေ့စ ခရီးသွားမှာတုံး ... အဘ"

"အခုသွားမှာပေါ့ ... အထုပ်ပြင်တော့"

✿ ✿ ✿

# [၁]

❑

ကံကတော့ ကောင်းသားဗျာ။ ရန်ကုန်ကနေ ဖင်းကျိုက်ကို ရ သွားတယ်။ အဲဒီအချိန်တုန်းက ခေတ်က မကောင်းဘူး။

ဒီကျိုက်ထိုတို့၊ ဖင်းကျိုက်တို့ သွားတဲ့ ခရီးလမ်းမှာ တိုင်းရင်းသား လက်နက်ကိုင်တွေ လှုပ်ရှားနေတယ်။

တစ်နိုင်ငံလုံးမှာ အစိုးရတပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ ထိတွေ့တိုက်ပွဲဖြစ်လိုက် ...

ဗ. က. ပ လက်နက်ကိုင်တွေနဲ့ အစိုးရတပ်တွေနဲ့ ထိတွေ့ တိုက်ပွဲဖြစ်လိုက် ... တိုင်းပြည်က မငြိမ်သက်ဘူး။

ခရီးသွားရတာလည်း လမ်းမှာ မကြာခဏ ဓားပြတိုက်ခံရ [illegible] ပြန်ပေးဆွဲနေတဲ့အချိန်။

နေရာအတော်များများမှာ တရားဥပဒေစိုးမိုးမှု နည်းနေတယ်။ [illegible]ကောင်းသာမှသာ ခရီးသွားရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတိစွနဲ့ ခရီးသွားကြတယ်ဆိုတာ ကျွန်တော် မသိသေးဘူး။ ရှေ့ချက်ချင်း သွားမယ်လို့ ဖွတ်ကြီးပြောတာနဲ့ အင်္ကျီ၊ ပုဆိုး သုံးလေးထည်၊ မှတ်ပုံတင်၊ မှတ်စုစာအုပ်နဲ့ ငွေအနည်းငယ် ထည့်ယူပြီး လိုက်ခဲ့တာ။

ကိုယ် ခရီးသွားတဲ့ကိစ္စ၊ စာအုပ်တိုက်ကိုလည်း မပြောခဲ့ရဘူး။

ဒီလိုနဲ့ စစ်ကျန်ကားကြီးစီးပြီး ရန်ကုန်၊ ပဲခူးကနေ တစ်မြို့ပြီး တစ်မြို့ ကျော်လာခဲ့တယ်။ ကားပေါ်မှာ ကုလားကြီးလင်မယား၊ တရုတ်မကြီးနှင့် သမီးဖြစ်သူနဲ့အတူ ရဟန်းအိုကြီးတစ်ပါး၊ ကိုရင်သုံးပါးနှင့် မွန်လူမျိုးဖြစ်ဟန်တူသူ ကရင်လူမျိုးဖြစ်ဟန်တူသူ ခရီးသည်နှင့် မြန်မာလား၊ မွန်လားမသိရတဲ့ မိန်းမချောတစ်ယောက်အပါအဝင် ကားအပြည့် ခရီးသည်တွေနဲ့ ပါလာကြတယ်။

ကားခေါင်မိုးပေါ်မှာတော့ ကုန်ပစ္စည်းတွေကို ကြိုးတွေနဲ့ ဆိုင်းချည်တင်လာတယ်။ ခရီးသည် အထုတ်များများလည်း ငိုက်ပါလာကြပေါ့ဗျာ။

အဘကလည်း ပါးစပ်ကနေ ကွမ်းတံတွေးတွေ စီးကျပြီး ကုလားမဝဝကြီးနံဘေးမှာ အိပ်ငိုက်ပါလာတယ်ဗျ။

ကုလားမကြီးက အဘပခုံးကို ခေါင်းတင်မှီနေသလို၊ အဘကလည်း ကုလားမကြီးခေါင်းပေါ် သူ့ခေါင်းတင်ပြီး တခေါခေါ ဟောက်နေရဲ့ဗျ။

ဘုန်းကြီးအိုကြီးကတော့ ကားရှေ့ခန်းမှာ ပုတီးစိပ်နေရဲ့။ မွန်အမျိုးသား သုံးလေးယောက်ရဲ့ အသံဝဲဝဲနဲ့ စကားပြောသံတွေ ကြားရသလို . . .

ဂေါ်ရင်ဂျီကုလားလင်မယားရဲ့ ငြင်းငြင်းခုန်ခုန် စကားသံတွေကိုလည်း ကြားနေရတယ်။ မကြာဘူး . . . သူတို့ စကားပြောသံတွေ တိုးတိတ်သွားကြပြီး သူတို့ အိပ်ငိုက်ပါလာကြတယ်။

ရှေးဟောင်းကားအိုကြီးရဲ့စက်သံက တိုးသွားလိုက်၊ ကျယ်လိုက်၊ ဝုန်းဝေါမြည်လိုက်၊ ဂျုတ်ဂျုတ် ဂျုတ်ဂျုတ် မြည်လိုက်နဲ့၊ တစ်ခါတစ်ခါ ကားအသက်ငင်သလို ဖြစ်လိုက်နဲ့ တရွေ့ရွေ့သွားလိုက်၊ ခပ်သွက်သွက် ဘီးလိမ့်လိုက်။





အသားဖြူဖြူ မိန်းမချောလေးက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မို့ သူမရဲ့အလှကို ငေးကြည့်ရင်း စိတ်ကူးတွေ ယဉ်နေမိတယ်။

မိန်းမချောလေးက ရှန်သားအဝါနုရောင် လက်စကနှင့် သရက်ထည် ပွင့်ရိုက်ထဘီကို ဝတ်ထားတယ်။ ကျစ်ကျစ်ထုံးထားတဲ့ ဆံထုံးပေါ်မှာ နှင်းဆီအဝါရောင်တစ်ပွင့် ပန်လို့။

ကျောက်တစ်လုံးပါ ရွှေနားကပ်လေးက သူမ ဟိုလှည့်ဒီလှည့် လုပ်ရင် လင်းလင်းလက်လက် အရောင်လေး သမ်းသွားတယ်။

ကျွန်တော်က သူ့ကို ကြည့်နေတုန်း မျက်လုံးချင်း ဆုံသွားရင် သူမက ရှက်ယောင်သန်းမျက်နှာလေးနှင့် ခေါင်းငုံ့သွားတယ်ဗျာ။

ကျွန်တော်တို့ မကြာခဏ အကြည့်ချင်းဆုံကြသည့်တိုင် စကားမပြောဖြစ်ကြဘူး။ ဒီလိုနဲ့ မုပ္ပလင်ကို ဝင်ခါနီးမှာ မိန်းမချောလေး အိပ်ငိုက်နေသလို၊ ကျွန်တော်လည်း မျက်တောင်စင်းလာပြီး သူမနဲ့အပြိုင် အိပ်ငိုက်သွားခဲ့တယ်ဗျာ။

ကျွန်တော်တို့ ငိုက်ရာက ဖြုန်းခနဲ လန့်နိုးသွားကြပါရောဗျာ။ ဘာဖြစ်လို့လဲဆိုပြီး ခေါင်းမတ်ကြည့်လိုက်ရော ကားက တုန့်ခနဲ ရပ်သွားတာ။

အလို . . . ကားမှန်ကနေ ရှေ့မြင်ကွင်းကို မြင်လိုက်ရရော . . .

ဘုရား . . . ရေ . . .

မျက်နှာကို ခေါင်းစွပ် စွပ်ထားတဲ့ ဘောင်းဘီရှည်နဲ့ လူတစ်ဦးက ပြောင်းရှည်သေနတ် (နောင် သိရသည်မှာ ဂျပန်စစ်သုံး ၃၀၃ ရိုင်ဖယ်ဟု သိရသည်) နဲ့ ကားလမ်းမပေါ်ကနေ ဒူးထောက်ချိန်ထားတာခင်ဗျ။

နှင်းတွေ မြူဝေ့ဝေ့ကြားမှာ ဒူးထောက်ပြီး ချိန်ထားတဲ့ သေနတ်သမားကို မြင်လိုက်ရတုန်းမှာပဲ . . .

လမ်းဘေးဝဲယာကနေ ခေါင်းစွပ်တွေစွပ်၊ မျက်နှာကို အဝတ်နဲ့ [illegible]အုပ်ပြီး မျက်လုံးမှသာဖော်ထားတဲ့ ဘောင်းဘီရှည်၊ ရှမ်းဘောင်းဘီ [illegible]ကိုတိုဝတ်၊ ပြောင်းရှည်ပြောင်းတို လက်နက်ကိုင်တွေ ကျွန်တော်တို့ [illegible]ကို ရှေ့နောက်ဘယ်ညာဝိုင်းနေတာ မြင်ရတော့မှ ကားကို ဓားပြတိုက် [illegible] သိရပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာပါလာကြတဲ့ ခရီးသည်တွေလည်း အကြီးအကျယ် လန့်ဖျပ်ကုန်ပြီး ပါတဲ့ ရွှေငွေပစ္စည်းတွေ ဟိုဝှက်သည်ဝှက် လုပ်ကုန်ကြရော။

စောစောက လမ်းပေါ်ကနေ ဒူးထောက်၊ သေနတ်နဲ့ချိန်တဲ့ ဓားပြက ကားခေါင်းခန်း ခြေနင်းကိုနင်းပြီး ဒရိုင်ဘာကို အမိန့်ပေးလိုက်တယ်။

"မင်း ကားကို ညာကွေ့ပြီး တောလမ်းထဲကိုမောင်း"

"ဗျာ ..."

"သေချင်လို့လား ... ဟေ့ကောင်"

"ဟုတ် ... ဟုတ် ... အဲ ... အဲ ... မောင်းပါ့မယ်ခင်ဗျ"

ဝိုင်းထားတဲ့လက်နက်ကိုင် ဓားပြတွေထဲက တစ်ယောက်က ဝင်ရမည့်လမ်းကို သေနတ်နဲ့ ထိုးပြနေတယ်။ ကားဟာ သူတို့ပြတဲ့ တောလမ်းလေးအတိုင်း ကားခေါင်းဝင်လိုက်တာနဲ့ ကားခြေနင်းခုံပေါ်ကို တက်သူတက်၊ တွယ်သူတွယ်နဲ့ လိုက်လာခဲ့ကြတယ်။

"အဘ ..."

"တိတ်တိတ်နေ"

"ဘယ်လိုဖြစ်တာတုံးဗျာ"

"ဓားပြတိုက်တာ ... အသာ ငြိမ်ငြိမ်ပဲနေ၊ ပြန်မပြောနဲ့ ... ကြားလား"

"ဟုတ် ... ဟုတ်"

ကုလားမကြီး လင်မယားအနက် ကုလားမကြီးက 'အဘား' 'အမား'နဲ့ အော်ငိုပါရောဗျာ။ ဒီမှာ သူ့ကျောကုန်းကို လူဆိုးဓားပြတစ်ဦးက သေနတ်ပြောင်းနဲ့ ထိုးလိုက်ရော။

"အားရေး ... ပါးပါး"

"တိတ်စမ်း ... ပစ်သတ်လိုက်ရမလား"

"အားရေး ... ဖရာ ... ဖရာ ... ဖရာ"

"တိတ်လို့ပြောနေတယ် ... ကဲဟာ ..."

"အားရှီရှီ ... ဖရား"





ဒီလိုနဲ့ ခရီးသည်အားလုံး ဘုရားတ၊ အဖေတ၊ အမေတရင်းနဲ့ မိနစ် (၂၀)ခန့် ကွေ့ဝင်လိုက်၊ ဖြောင့်သွားလိုက်၊ ထပ်ကွေ့လိုက်၊ နောက်ထပ်ကွေ့လိုက်နဲ့ နောက်ဆုံး ဆူးချုံ၊ ဝါးပင်နှင့် သစ်ပင်အုပ်တွေကြားမှာ ကားရပ်လိုက်တယ်။

ရှေ့မှာ အပြာရောင် သိုးမွေးခွယ်တာကြီး ဝတ်ပြီး မျက်နှာကို မျက်လုံးဖွင့် ခေါင်းစွပ်နဲ့၊ ဘောင်းဘီရှည်ပွပွ ဝတ်ထားတဲ့ လူထွားထွားကြီးက မိမိတို့ကားရှေ့က ရဲရဲ စူးစိုက်ကြည့်နေတယ်။

ဒီမှာ စတင်းဂန်းချိန်ထားတဲ့ လူစုထဲက ခပ်ပုပု တုတ်တုတ်လူက အသံဝဲဝဲနဲ့ အမိန့်ပေးတယ်။

"အားလုံး ကားပေါ်က ဆင်းကြ ... ဆင်းလေ ... ခေါင်းငုံ့ဆင်းနော်"

"မဆင်းတဲ့လူကို ပစ်သတ်လိုက်ဟေ့"

"ဟုတ်"

ကျွန်တော်တို့အပါအဝင် ခရီးသည်အားလုံး ကားပေါ်ကနေ ခေါင်းတွေငုံ့ပြီး ကြောက်ကြောက်ရွံ့ရွံ့ ဆင်းလိုက်ကြတယ်။ အဘကတော့ ကွမ်းဝါးနေတုန်းပဲ။

"ဒီနေရာမှာ အားလုံး ငုတ်တုတ်ထိုင်။ ခေါင်းတွေ ငုံ့ထား။ မော့ကြည့်တဲ့လူကို ပစ်သတ်ကြ"

"ဟုတ်"

ကျွန်တော် မျက်လုံးစွေပြီး ခိုးကြည့်တော့ ကိုရင်လေးတွေနဲ့ ဘုန်းကြီးအိုကြီး အစုက တစ်နေရာမှာ ရပ်နေရတယ်။ သူတို့အနီးမှာ စတင်းဂန်း၊ ရိုင်ဖယ်ကိုင် လူဆိုးတွေက ဝိုင်းရံထားလို့။

ဒီမှာ ... လူဆိုးဓားပြတစ်ဦးက လွယ်အိတ်တစ်လုံး ဖွင့်ကိုင်ပြီး ခေါင်းငုံ့ထိုင်နေကြတဲ့ ခရီးသည်များရှေ့မှာ ရပ်လို့ ...

"ပါလာတဲ့ ရွှေငွေအားလုံးကို ဒီအိတ်ထဲ အကုန်ထည့်ရမယ်။ ငါတို့ ပြန်ရှာဖွေစစ်ဆေးလို့ တွေ့ရင် မသက်သာဘူးမှတ်။ ကိုင်း ... ဒီထိပ်ဆုံးက မိန်းမကြီးက စပြီးထည့်"

နောင် သိရတာက ...



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက နားကပ်တစ်ရံချွတ်ပြီး လွယ်အိတ်ထဲ ထည့်တယ်။

ပြီး ...ပိုက်ဆံအိတ်ကို ထည့်တယ်။ သို့သော် လက်ကောက်တစ်ကွင်းကို ဘယ်လက်မှာ မချွတ်ဘဲ ထားလိုက်တယ်။

"လက်ကောက်က ဘာလို့ မချွတ်တာလဲ"

"ဟို ...ဟို ...အတုကြီး ...ကြီး ...မို့ ...မို့ ..."

"ဖော်င်း ..."

"အမယ်လေး ...သေပါပြီတော့"

"ချွတ်စမ်း"

မိန်းမဝဝကြီးရဲ့ နားရင်းပေါ်ကို အလှူခံဓားပြရဲ့ ညာလက်ဝါး 'ဖော်င်း' ခနဲ မိတ်ဆက်ပြီးနောက်မှာ ကြေးလက်ကောက်ဆိုတာ ချွတ်ထည့်ပေးလိုက်ရတယ်။

ကြေးလက်ကောက်ပိုင်ရှင် ပွဲဦးထွက် မိန်းမကြီးရဲ့ နှိုက်သံကို ကြားရပြီး တစ်ယောက်ပြီးတစ်ယောက် ပါသမျှပစ္စည်း ချွတ်၊ ဖြုတ် ပေးလှူကြရတယ်။

ဒီမှာ ကုလားမကြီးက တစ်မျောက်ဗျာ။

လက်ကိုင်ပဝါ ညစ်ထေးထေးနဲ့ ကျစ်ကျစ်ပါအောင် ထုပ်ထားတဲ့ ပိုက်ဆံတွေအနက်က ငွေတစ်ဆယ်ကို ချန်ပြီး လက်တုန်တုန်နဲ့ ကျန်ငွေအားလုံးကို အရှေ့က လွယ်အိတ်ထဲ ထည့်ပေးလိုက်တယ်။

"အမယ်ကြီး ..."

"ဖရာ့ ..."

"ဟို ငွေတစ်ဆယ်တန်က ဘာလို့ မထည့်တာတုံး"

"အာရေး ...ဗိုလ်ကြီး ဖရာ့ ...ဒီ ...ဒီ ...ပိုက်စပ် ...တစ်စောက်က ...အ ...အပြန် ...လမ်း ...စ ...ရိတ် ...လုပ်ဖို့ ...ချန် ...ချန် ..."

"ဘုန်း ..."

"အာရေ ...ဖရာ့ ...အားလားလား ...ရား ...ရား"

ကုလားမကြီး ရင်ဝကို အလှူခံပုဂ္ဂိုလ်ရဲ့ဖနောင့် ဝင်သွားပြီး ကုလားမကြီး နောက်ပြန်လဲကျလို့ အသံကုန် အော်ပါရော။





ဒီမှာ လူဆိုးက ကုလားမကြီးလည်မျိုကို ဒေါနတ်နဲ့ တော့ရော။

"အာရေ ...ဘိုကြီး ...ဖရား ...မ ...မသတ်ပါနဲ့ ...ဖရား ...ယူ ...ယူပါ ...အကုန်လွှန်း ...ယူပါ ...ဖရား"

ဆုပ်ထားတဲ့ ငွေတစ်ဆယ်တန်ကို လက်အုပ်ချီတောင်းပန်ပြီး လှူးလဲထလို့ ထည့်လိုက်ရတယ်။

ဒီလိုနဲ့ ရွှေဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားကပ်၊ ငွေ စတာတွေကို အကုန်ပေးလိုက်ရတယ်။

အဘတိုက်ပုံကြီးရဲ့ လွယ်အိတ်ကို သွန်မှောက်ခိုင်းပြီး ထွက်လာတဲ့ ငွေငါးဆယ်ကို ယူကြသလို၊ ကျွန်တော့်မှာပါတဲ့ ငွေငါးရာ မသဒ္ဒါမကြည်ဖြူစွာနဲ့ ပေးလှူလိုက်ရတယ်။ ပြီး ...ကျွန်တော့်ပုဆိုးကို စမ်းတော့ အတွင်းခံဘောင်းဘီပါမှန်း သိသွားပါရောဗျာ။

"ပုဆိုး၊ အကျီ ...ချွတ်စမ်း ...ဟေ့ကောင် ...ချွတ်လေ"

"ဗျာ"

"ဗျာဦးကွာ"

"ဖော်င်း ..."

"အား ..."

"ဖော်င်း ..."

"အား ...အ ..."

'ဗျာ'မှ မဆုံးသေးဘူးဗျာ ကျွန်တော့်နားရင်းနှစ်ဖက်ပေါ် လက်ဝါးကျလာပြီး မျက်လုံးထဲမီးပွင့်လို့ ခေါင်းကို လည်သွားတာပဲ။

"မောင်မှိုင်း ...ချွတ်လိုက်ကွာ"

မကြည့်ရက်လို့နဲ့ တူပါတယ်ဗျာ ...အဘက ချွတ်လိုက်လို့ အသံအုပ်အုပ်နဲ့ ပြောတာနဲ့ အကျီလက်တိုနဲ့ ပုဆိုးကို ကွင်းလုံးချွတ်ချလိုက်တယ်။ တော်ပါသေးရဲ့ ...မွန်မလေးတွေ၊ ကရင်မလေးတွေနဲ့ ...ဟို နှင်းဆီပန်းပန်ထားတဲ့ မိန်းမချောလေးတွေ ခေါင်းငုံ့ထားပေလို့ပေါ့။

ဓားပြတွေက အတွင်းခံဘောင်းဘီကို နှိုက်စမ်းရှာကြတယ်။

ပြီး ...ဘောင်းဘီကို အောက်ရှော့ပြီး အတွင်းကို ကြည့်တယ်။ ဘာမြင်သွားလဲမသိဘူး ...ထွီ ...လူမှ ဟုတ်ရဲ့လားမသိဘူးလို့ ပြော ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးပြန့်ဝတ် ထိုင်ခိုင်းတယ်။ ပြီး အချင်းချင်း တိုးတိုးပြောပြီး ရယ်နေကြလို့ဗျာ။

ဟာဝေယံရှပ်အင်္ကျီ လက်တိုလေးကို ဓားပြတစ်ယောက်က သူ့ပခုံးနဲ့ ထပ်တိုင်းပြီး ယူသွားလို့ ကျွန်တော့်မှာ ချမ်းချမ်းစီးစီးထဲ စွပ်ကျယ်လက်တိုနဲ့ ငုတ်တုတ်ထိုင်နေရတာ ဒူးပါတုန်နေတယ်ဗျာ။

ပြဿနာ ပိုကြမ်းသွားတာက နှင်းဆီပန်းပန် မိန်းမချောပဲ။

ကရင်အမျိုးသမီး၊ မွန်အမျိုးသမီးတွေကတော့ ပါသမျှ အကုန်ထည့်ပေးလိုက်လို့ အပြင်းမခံရဘူးဗျ။

မနှင်းဆီလေးအလှည့် ရောက်လာတယ်။

မနှင်းဆီက ဆွဲကြိုးမျှင်မျှင်လေးကို ချွတ်ပြီး လူဆိုးရဲ့လွယ်အိတ်ထဲ ထည့်တယ်။ ငွေလက်စွပ်လေးချွတ်ထည့်တယ်။ ပိုက်ဆံအိတ်ကို ထည့်ပေးတယ်။

"နားကပ် ဘာလို့ ချန်ထားတာလဲ ... ချွတ်"

"ဟို ... ဟို ..."

"ဘာဟိုလဲ ... သေချင်လို့လား ... ချွတ်"

"ဒါ ... ဒါလေးတော့ ... မ ... မ ... ယူပါနဲ့ ... ဗိုလ်ကြီးတို့ ..."

"ဖြန်း ..."

"အား ..."

"ချွတ်စမ်း ... ကောင်မ"

"ဟို ... ဟို ..."

"ကဲဟာ ..."

"ဖြန်း ..."

"အမလေး ..."

"ကြာတယ်ကွာ ... ဘာလုပ်နေတာတုံးကွ"

ခေါင်းဆောင်လုပ်သူ ဖြစ်ဟန်တူသူက အသံဝဲဝဲနဲ့ လှမ်းအော်လိုက်ရော ဓားပြတစ်ဦးက မနှင်းဆီလေးရဲ့ နားကပ်တစ်ဖက်ကို လုဖြုတ်ယူလိုက်တယ်။ နောက်တစ်ဖက်ကို ဖြုတ်ဖို့လုပ်တော့ မနှင်းဆီလေးက





နားရွက်ကို လက်နှင့်အုပ်ပြီး မယူဖို့ ငိုယိုတောင်းပန်နေတယ်ဗျာ။ ဒီမှာပဲ ဓားပြက ခါးကြားက ပြောင်းတိုသေနတ်ထုတ်ပြီး ...

မနှင်းဆီလေးရဲ့ နားရွက်ကိုဆွဲပြီး သေနတ်ပြောင်းနဲ့ နားရွက်တေ့ပစ်လိုက်တာ ...

"ဒိုင်း ..."

"အမလေး ... သေပါပြီ ... ရှင့် ... အား ... အ ... မလေး ..."

မနှင်းဆီလေး နားကပ်မရှိတဲ့ နားရွက်အရေပြားကို ကျည်ဆန်ဖောက်ဝင်သွားလို့ မနှင်းဆီရဲ့ ယယ်သံပါအောင်အော်တဲ့ အသံကို ကြားရတယ်ဗျာ။ ကျုပ်တို့ ခရီးသည်တွေလည်း ကြောက်လွန်းလို့ ခေါင်းတွေ ငုံ့တုန်ပြီး ဘုရားတကြ ...

ဒီမှာ ... လူဆိုးက ကျန်နားကပ်ကို ရိုက်နှက်ချွတ်ယူပြီးနောက် နာကျည်းစွာအော်နေတဲ့ မနှင်းဆီရဲ့ ရင်ဝကို သေနတ်နဲ့တေ့ပစ်မလို့ ချိန်လိုက်ချိန် ...

"ရပ် ..."

ခေါင်းဆောင်လုပ်သူရဲ့ အမိန့်ကြောင့် မနှင်းဆီလေး အသက်မသေတာဗျ။ လူဆိုးဓားပြခေါင်းဆောင်က ကျွန်တော်တို့ ဓားပြတိုက်ခံခရီးသည်တွေရှေ့မှာ မျက်နှာဖုံးခေါင်းစွပ်နဲ့ လူးလာတုံ့ပြန် လျှောက်နေတယ်။

ကျန်ဓားပြတွေက ကားပေါ်က စားစရာအပါအဝင် အသုံးဝင်တာမှန်သမျှကို အကုန် ယူနေကြတယ်။

"အခု ကျုပ်တို့ အလှူခံတာကို မကျေနပ်တဲ့လူ ရှိလား"

ဘယ်သူမှ မပြောရဲကြဘူး။

"ပြောကြလေ ... ပါးစပ် မပါဘူးလား"

ဒီမှာ ဘတိုက်ပုံကြီးက ခေါင်းမော့ပြီး ပြောလိုက်တယ်။

"ကျေနပ်ပါတယ် ... ဆရာကြီး"

"ဟို ကျန်တဲ့လူတွေရော ကျေနပ်ကြရဲ့လား"

"ကျေ ... ကျေ ... နပ် ... ပါ ... တယ် ... ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ် ... ပါ ... ပါတယ်"

"ကောင်းပြီ ... အားလုံးကို ကျေးဇူးတင်တယ်။ ကျုပ်တို့အလုပ်တစ္ဆုပ်တို့လုပ်တာ ခင်ဗျားတို့ အသက်မခံရတာ ကံကောင်းတယ်မှတ်ပါ။ ဟိုဘောင်မလေး ... နောက်တစ်ခါ ပြန်ဆုံလို့ ကြုံလို့ ခုလိုမျိုးလုပ်ရင် နင်အသေပဲ ... ကြားလား"

"အင့် ... ဟီး ..."

"အားလုံး ကားပေါ်တက်ကြ"

ကျွန်တော်တို့အားလုံး ကြောက်ရွံ့ဝမ်းသာနဲ့ ကားပေါ် အပြေးလုတက်ကြတယ်။ ဘုန်းကြီးနဲ့ ကိုရင်တွေလည်း ကားပေါ် ပြန်ရောက်ကုန်ပြီး

"အားလုံး မှတ်ထား ... အခု ဓားပြတိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကြိုက်ရာကို တိုင်လို့ရတယ်။ တိုင်တဲ့ထဲမှာ ခင်ဗျားတို့ပါတယ် ကြားရင် နောက်တစ်ကြိမ် ပြန်ကြုံရင် ကျည်ဆန်ကျွေးပြီး သေမင်းရှိရာ သွားရမယ်။ ကားပြန်လှည့် ... မောင်း ..."

ကားဒရိုင်ဘာလည်း ကြောက်ကြောက်ရွံ့ရွံ့ ...။ စပယ်ယာက ဂေါက်တံနဲ့ ကားစက်ကို လှည့်နှိုးတယ်။ ကြောက်နေတော့ ဂေါက်တံက လှည့်ရင်း ပြန်ပြန်ရိုက်နေလို့ စက်မနိုးဘူး။

အနီးမှာရှိတဲ့ ဓားပြက စပယ်ယာရဲ့ကျောကုန်းကို ခြေနဲ့ပြေးကန်မှ 'အမယ်လေးဗျ' ... အော်ရင်း ဂေါက်တံအခန့်သင့်လို့ စက်နိုးသွားတော့တယ်။

စက်နိုးရော ကားကို အမြန်ကွေ့ပြီး ကောက်ကွေ့ပေါင်းများစွာကို ဓားပြနှစ်ဦးရဲ့ လမ်းညွှန်ချက်နဲ့ မောင်းခဲ့ကြတယ်။

အတန်ကြာမှ ဓားပြနှစ်ဦးက ကားပေါ်က ခုန်ဆင်း တစ်ချက်ရပ်ကြည့်ပြီးနောက် တစ်ဖက်တောထဲကို ပြေးဝင်သွားကြတော့တယ်။

ဓားပြတွေမရှိတော့မှ ခရီးသည်တွေ ချုံးမည်းချပြီး ငိုသူငိုး ကျိန်ဆဲရေရွတ်သူ ရေရွတ်၊ တောက်ခတ်သူက တောက်ခတ်။

ကုလားမကြီးကလည်း ရင်ထုပြီး ငို။





"အာရေ ဖရား ... ဖရား ... ချွန်မ ... ဆုထားတာလေးတွေ အကုန်ပါတွားပြီ ... ဖရားရဲ့ ... ဟီး ဟီး အင့် ဟီး ..."

ဒီမှာ မိန်းမ ဝဝဖိုင့်ဖိုင့်ကြီးက ကျွန်တော့်တို့ဘက် ကြည့်ပြီး ပြောပါရောဗျာ ...

"အမယ်လေးတော် ... ယောကျ်ားသားတွေ ကားပေါ်ပါပြီး ဖြန်ချေရဲလို့ ခုတော့ ပါတာလေး ပြောင်ပါပြီတော့ ... ဟီး ..."

ဘယ့်နှယ်ဗျာ ...

ကျွန်တော်တို့ ယောကျ်ားတွေတော့ မှန်တာပေါ့ဗျာ ...

သူတို့ဓားပြတွေမှာ စတင်းဂန်းသေနတ်တွေ၊ ရိုင်ဖယ်သေနတ်တွေ၊ ပြောင်းတိုသေနတ်တွေနဲ့ အုပ်ဖွဲ့ပြီး ...

ကိုယ့်မှာ ဘာလက်နက်မှ မပါဥစ္စာဗျာ။

ဒီမိန်းမကြီးနှယ်ဗျာ ... ကြကြီးစီရာ ကျွန်တော်တို့ကို ပွဲချင်းပြီးသေအောင် လုပ်နိုင်းကြစည်ထားပုံပဲဗျ။

ကျွန်တော်တောင် အခု စွပ်ကျယ်အကျီနဲ့ ဖြစ်နေတာ။ အကောင်းစား ဟာဝေယံရှပ်အကျီတိုက ဓားပြတွေ သိမ်းသွားပြီလေ။ ခါးက ပလေကာပ်ဖုဆိုးတောင် ယူမသွားပေလို့။ နို့မို့ ... အတွင်းခံဘောင်းဘီတိုနဲ့ ခိုက်ခိုက်တုန် ချမ်းနေရမှာ။

အဘကလည်း ဒေါပွပြီး ပြောရော ...

"အမယ်ကြီး ... နောင်ကို ဓားပြတွေခံချဖို့ ခင်ဗျားယောကျ်ားတို့ ခေါ်ခဲ့ ... ဖို့ ..."

နှင်းဆီပန်းတစ်ပွင့် ပန်ထားတဲ့ အမျိုးသမီးလေးက သနားစရာပါဗျာ။ မိန်းကလေးက ဒဏ်ရာရ သူမရဲ့နားရွက်ကို လက်ကိုင်ပဝါနဲ့ အုပ်ပြီး ကြိတ်ရှိုက်နေတာပဲ။

ဒီမှာ အဘက ...

"သမီး ... ဟဲ့ ... ကလေးမ ..."

"ရှင် ... ရှင် ..."

"အဘ ဆေးထည့်ပေးမယ်။ လက်ကိုင်ပဝါ ဖယ်လိုက်"

"နာ ... နာတယ် ... အဘရဲ့ ... အင့် ... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"နာတာတော့ နာတာပေါ့ . . . သမီးရယ်။ အသက်ပါ ရန်မရှာတာ ကံကောင်းပေါ့။ အဘမှာ ဆေးပါတယ်၊ ဆေးမထည့်ရင် အနာရင်းသွားမယ်"

ဟန်ကျချင်တော့ ကားက ထမင်းဆိုင်ရှေ့မှာ ရပ်လို့ ကားပေါ်က ဆင်းသွားသူသွား၊ တဖျစ်တောက်တောက် ပြောပြီး ထမင်းဆိုင်ထဲ ဝင်သူကဝင်။

ဒီမှာ ကားဆရာက . . .

"ရဲစခန်းကို သွားတိုင်ချင်ရင် အခုသွားမယ်၊ ကားပေါ်တက်"

"ရဲစခန်းတိုင်တော့ရော ငါတို့ပစ္စည်း ပြန်ရမှာမို့လားဟဲ့"

"ရ,မရတော့ မသိဘူးလေ . . . ဖြစ်တာတော့ တိုင်မှပေါ့ဗျ"

"တော်ပြီ . . . မတိုင်တော့ဘူး။ တိုင်ရင်လည်း ခါးပြတွေနောက်လိုက်ဖို့ဆိုပြီး ကားစရိတ် တောင်းနေဦးမယ်။ ဝဋ်ရှိလို့ ဆပ်ရတာပဲ မှတ်မယ်ဟေ့။ နင့်ဘာသာနင် သွားတိုင် . . . ကားဆရာရေ"

ခရီးသည်အချို့နဲ့ ကား ပြန်ထွက်သွားတယ်။

ထမင်းဆိုင်က တောင်ထန်းမိုးထားတဲ့ ထမင်းဆိုင်တဲယိုင်လေး။

"သမီး . . . လာ"

အဘတိုက်ပုံကြီးရဲ့ ကြင်ကြင်နာနာအသံကြောင့် မနှင်းဆီလေးက မျက်ရည်စိုရွှဲနှင့် သွေးပေလူးဒဏ်ရာကို ပြလိုက်တယ်။

အိုဗျာ . . ဘယ်နားရွက်ကို ကျည်ဆန်ဖောက်ထွက်သွားတာကိုး။

နားရွက်မှာ ခဲတံလုံးခန့်အပေါက်ဖြစ်လို့။

သွေးတွေ စိုစိုခဲခဲ ကပ်နေတယ်။ အဘက ထမင်းဆိုင်က ရေနွေးအနည်းငယ်တောင်းပြီး ဒဏ်ရာကို ရေနွေးအဝတ်စနှင့် သုတ်သင်သန့်ရှင်းပေးတယ်။

"အား . . . ကျွတ် . . . ကျွတ် . . ."

"နာလို့လား . . . သမီး"

"ဟုတ် . . . ဟုတ် . . ."

"ခဏလေး အောင့်ခံကွယ် . . . အဘ ဆေးကပ်ပေးမယ် . . . ခဏလေး"

အဘက နားရွက်နားကပ်ပြီး သွေးတိတ်ဂါထာကို ရွတ်တယ်။





"ဥုံ . . . တြွံ၊ ဟင်တြွံ . . . မဲ . . . ဥုံ . . . ခဲဆရာ . . . ခဲ . . . ဥုံ . . ."

(ဂု)အုပ် မန်းလိုက်ပြီးရော စိမ့်ထွက်နေတဲ့သွေး လုံးဝ တိတ်သွားပါရော။

ဒီမှာ အဘက ကွမ်းထုပ်ထဲက ကွမ်းတစ်ရွက်ကိုယူ အညှာနှင့်အဖျားကို ဆိတ်ဖယ်လိုက်ပြီး ကွမ်းရွက်ကို မန္တန်တစ်ပုဒ်နဲ့ မန်းမှုတ်ပြီးနောက် 'ကဝ' လုပ် ကြေးမီးခြစ်မီးနဲ့ ကွမ်းရွက်ကို မီးကင်လိုက်တယ်။

ကွမ်းရွက် အနည်းငယ် နွမ်းတော့ လက်ဝါးထဲ ဖွဖွခြေလိုက်ပြီး ကျပ်ပြားဝိုင်းခန့် အဝိုင်းလုပ်ပြီး မနှင်းဆီလေးရဲ့ ကျည်ဆံဖောက်ဝင်သွားတဲ့ နားရွက်ဒဏ်ရာ အတွင်းအပြင်ကို ကပ်ပေးလိုက်တယ်။

"ဘယ့်နှယ်လဲ . . . သမီး"

"မနာတော့ဘူး . . . အဘ၊ ကျေးဇူးပါပဲ . . . အဘရယ်"

"သမီးနာမည် ဘယ်လိုခေါ်တုံးကွယ့်"

"နှယ်ချိုလို့ ခေါ်ပါတယ် . . . အဘ။ အဘအမည်ကရောဟင်"

နှယ်ချိုခေါ်တဲ့ မနှင်းဆီလေးက ဒဏ်ရာသက်သာသွားလို့ စကားတွေ ပြောလာပြီခင်ဗျ။ အဘတိုက်ပုံကြီးရဲ့ လုပ်ပုံကိုင်ပုံကို ကျွန်တော်တင်မဟုတ်ဘူးနော် . . . ဘုန်းကြီးအိုနှင့် ကိုရင်လေးတွေကပါ အနီးကနေ ဝိုင်းကြည့်နေကြတာ။

စောစောတုန်းက ကားပေါ်မှာ ကျည်ဒဏ်ရာက ကိုက်နာလွန်းလို့ ကြိတ်မှိုက်ငိုနေတဲ့ မိန်းကလေး . . . အခု ပြုံးရယ်စကားပြောနိုင်ပြီဗျာ။

အဘတိုက်ပုံက အဲဒီလိုပညာတွေတော့ တော်တယ်ဗျ။

"အဘနာမည်ကရော ဟင်"

"အဘလို့ပဲ ခေါ်တယ် . . . သမီးရဲ့"

"ဟာ . . . အဘကလည်း အဘဆိုတာ နာမည်မှ မဟုတ်တာ"

"အဘကို ဘတိုက်ပုံလို့ပဲ ခေါ်ပေါ့။ ဟောဒီကောင်က ငါ့တူသည် . . . စာရေးဆရာ"

"ဟင် . . . စာရေးဆရာ . . . ဟုတ်လား"

"ဟုတ်တယ်ဗျား . . . နာမည်ရော မသိချင်ဘူးလား . . . သမီး"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်တာပေါ့ ... အဘရယ်၊ သမီးက ဝတ္ထုတွေ ဖတ်တယ် အဘရဲ့။ ခုလည်း ပဲခူးကိုသွားပြီးအပြန် ... အဲလေ ဒီကအစ်ကိုရဲ့ စာရေးဆရာအမည်က ဘယ်လိုခေါ်လဲဟင်"

"စာရေးဆရာအမည်က မောင်လရောင်မှိုင်းတဲ့ခင်ဗျ"

"လရောင်မှိုင်း ..."

"ဟုတ်ကဲ့ ..."

"ဘယ်လိုနာမည်ကြီးမှန်းလဲ မသိဘူးနော်"

"ဗျာ ..."

ဒုက္ခပါပဲဗျာ။ လရောင်မှိုင်းလို့ ပြောလိုက်ရော အံ့သြသွားပြီး ညီမက ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါရှင်။ ဆရာရေးတဲ့ သမုဒ္ဒယပင်လယ်ပျော်ဝတ္ထုက အရမ်းကောင်းတာပဲ။ ညီမ အရမ်းကြိုက်တဲ့ စာရေးဆရာကို ဓာတ်ပြတိုက် ခံရရင်း မမျှော်လင့်ဘဲ တွေ့ရလို့ ဝမ်းသာလိုက်တာ ... ဆရာရယ်။

နားရွက်ကို ကျည်ဆန်ဖောက်သွားတာတောင် မေ့သွားတာပဲ။

ကျွန်မတို့အိမ်ကို လိုက်လည်ပါဦးလားဟင် ...

ညီမတို့က မော်လမြိုင်မှာနေတာ၊ ကျိုက္ခမီမှာနေတာ ... စသည် ဖြင့် ရွှန်းရွှန်းဝေအောင် ပြောမယ်ထင်တာ။

ခုတော့ ... ကြည့်စမ်းပါဦးဗျာ ...

ဘယ်လိုနာမည်ကြီးမှန်းလဲ မသိဘူးတဲ့။

ဘတိုက်ပုံကြီးက ကျွန်တော့်အကြောင်း သိနေတော့ ပြုံးစိစိလုပ် နေရင်းက ဝင်ချွန်ပြန်ပါရော။

"လရောင်လင်းဆို တော်သေးတယ်။ လရောင်မှိုင်းဆိုတော့ ဘယ် လင်းတော့မှာလဲ။ ခုလည်း မလင်းလို့ ဖယောင်းတိုင်ထွန်းပြီး နေရတယ် သမီးရဲ့။ သမီးက ဘယ်မြို့မှာ နေတာလဲ"

"အဲ ... သမီးက ... အဲ ... ခဏလေးနော် ... အဘ ... ကန်တော့ ... ကန်တော့ ... သမီး .. အပေါ့သွားချင်လို့ .. ခဏလေး"

နွယ်ချိုဆိုတဲ့ မိန်းမချောလေးဟာ အဘကို လက်အုပ်လေးချီပြီး ထမင်းဆိုင်နံဘေးကနေ ဆိုင်အနောက်ဘက်ရှိရာကို အခြားသူနှစ်ဦးနဲ့ ပြေး သွားတာ မြင်လိုက်ရတယ်။





လှစ်ခနဲ ပြေးသွားတုန်း တုန်ခါဝေ့ဝိုက်သွားတဲ့ အလှကိုကြည့်ပြီး ကျွန်တော့်ရင်ဟာ ဒိတ်ခနဲ လှုပ်ခါသွားခဲ့တယ်ဗျာ။

"အဲဒါ အနိစ္စကွ ... မောင်မှိုင်းရ"

"ဟာဗျာ ... အဘကလည်းဗျာ"

"ဟား ဟား ဟား ဟား ဟား ... မင်းအကြောင်း ငါသိသားပဲ မောင်မှိုင်းရာ ... ဖြူဖြူချောချော၊ လှလှတောင့်တောင့် မိန်းကလေးမြင် ရင် နသိုးကြီးလို ပါးစပ်က သွားရေတွေကျပြီး သွားပါဖြဲသွားတဲ့ဥစ္စာ"

"တော်ပါတော့ ... အဘရာ၊ ဟိုက ကြားသွားမှဖြင့်ဗျာ"

"နေပါဦး ... ငါ့လူရ၊ ဘယ်သူကြားမှာမို့တုံးဟ ... ဟေ"

ကျွန်တော်က ရှက်ကိုးရှက်ကန်းလုပ်နေတော့ အဘက ကျွန်တော့် ခံစားချက်ကို သိသွားသန့် တူပါတယ်။

"ဩော် ... သိပြီ ... သူလားကွ ... ဟတ်လား"

"အဟီး ..."

"ဒီမှာဗျ ... အမေကြီး"

"အာရေ ... အကွတ်ကြီး ... ပြောပါအက်ကို့"

"ဟယ် ..."

"ခင်ဗျားကြားမှာစိုးလို့တဲ့ ... ဝေးဝေးသွားနေပါတဲ့"

"အာရေ ... ချွန်မနဲ့ ဘာဆိုင်လဲ ... အွတ်ကိုကြီး ... ချွန်မ နော် ငွေတစ်ဆယ်ပါ ဓာတ်ပြတိုက်ခန့်ရဒေါ့ ဆိတ်မကောင်း ဖြစ်နေတာ နော် ... အာကိုချို"

စိတ်ညစ်ရတယ်ဗျာ ... ကျွန်တော်ကြားမယ်ထင်တဲ့ စကားက မနွယ်ချိုကြားသွားမှာစိုးလို့လားလို့ ပြောမယ်ထင်တာ။

ခုကြည့်ဗျာ ... အနီးက စိတ်ညစ်ပြီး ကွမ်းဝါးနေတဲ့ ကုလားမကြီး ကို ပြောနေတာ ဖြစ်နေတယ်။

"ဟား ဟား ဟား ဟား ဟား ... ငါ့လူရ ... မောင်မှိုင်းလေး ရ ... မိန်းမတစ်ယောက်ကို စိတ်ဝင်စားလို့ ပိုးမယ်ကြံရင်၊ စိတ်ရှည်ရတယ် ကွ။ ကြိုက်မရှက်၊ ငိုက်မရှက်လည်း ရှိရတယ်ကွ၊ ပြီး အကုန်အကျလည်း ခံရတယ်ကွ။ ဒီမှာ ... ငါ့လူ ... မင်းရော၊ ငါရော ပါတာလေးတွေ ဓာတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လက် ပါသွားလို့ ပြောင်ပြီ။ ဒီလိုလုပ် . . .''

''ဘယ်လိုလုပ်ရမှာတုံးဗျ''

''ကောင်မလေး ပြန်ရောက်လာရင် ရေတိုက်ပြီး ပိုးတော့''

''ဟာဗျာ . . . ဝတ်စရာရော၊ စားစရာရော မရှိလို့ ပျော်စရာ စိတ်ချမ်းသာစရာလေး ကြုံတုန်းရှိသေးဗျာ အဘတို့ အကြံပေးရင် ပါးရှစ်စိတ်ကွဲကိန်းပဲဗျာ . . .

အဘက သူ့ဘာသာသူ ပွဲကျပြီး အားရပါးရ ရယ်နေရဲ့။ အောက်မှာ ထိုင်မှိုင်သူမှိုင်၊ အားလည်း မနာဘူး။

ဒီလိုနဲ့ အတန်ကြာသွားတယ်၊ မနွယ်ချို ပေါ်မလာဘူး။

ဒါနဲ့ ကျွန်တော်က မနွယ်ချိုနဲ့အတူ အိမ်သာရှိရာ အတူသွားပြီး ပြန်လာစကားပြောနေတဲ့ မွန်အမျိုးသမီးလေးကို ပါးစပ်အငြိမ်မနေနိုင်ဘဲ မေးကြည့်မိတယ်။

''နှမလေး . . .''

''ရှင့် . . .''

''စောစောက နှမလေးနဲ့အတူ နောက်ဖေးဘက်သွားကြတဲ့ . . . ဟိုလေ . . . နားရွက်ကျည်ဆန်ထိတဲ့ မောင်ကြီးတို့အသိ နှမလေး မပါဘူးလားဟင်''

''ဟို . . . နားရွက်ဒဏ်ရာနဲ့ အစ်မလားရှင့်''

''ဟုတ်တယ် . . . ဟုတ်တယ် . . . သူ ကျန်ခဲ့လားကွယ့်''

''အဲဒီအစ်မ မရှိတော့ဘူးရှင့်''

''ဟေ . . . ဘယ်နားသွားလို့တုံး . . . နှမလေးရဲ့ ဟင်''

''အဲဒီနားရွက်ဒဏ်ရာနဲ့ အစ်မကြီး အိမ်သာကအဆင်းမှာ လူကြီးတစ်ဦးနဲ့ စကားတွေပြောပြီး ဟိုနောက်ဖေးလမ်းကနေ အတူထွက်သွားကြတယ်ရှင့်''

''ဟေ . . .''

''မောင်မှိုင်း . . .''

''ဘာတဲ့တုံးကွ''

''သူ . . . သူ . . . မရှိတော့ဘူးတဲ့ အဘ . . . မရှိတော့ဘူး''





''ဘယ်သူတုံးကွ''

''နွယ်ချိုဆိုတဲ့ မိန်းကလေး၊ လူကြီးတစ်ယောက်နဲ့ နောက်ဖေးလမ်းကနေ ထွက်သွားပြီတဲ့ဗျာ''

''သွားလည်း သွားပစေပေါ့ . . . မောင်မှိုင်းရာ၊ ငါတို့ သူတို့က အကြောင်းအားလျော်စွာ ခဏတွေ့ကြတာ။ ပဋ္ဌာန်းဆက်ကြုံရင် တစ်နေ့ ပြန်တွေ့ကြမှာပေါ့။ ထားလိုက် . . . မေ့လိုက် . . . သွားကြစို့''

''အဘ . . . ဘယ်ကိုသွားမှာတုံးဗျ''

''အေး . . . ဟုတ်သားပဲ . . . ငါတို့မှာလည်း ပိုက်ဆံတစ်ပြားမှ မရှိဘူး။ ငါတို့ ဘယ်သွားကြမတုံး''

''ခုမှ ကျွန်တော်တို့ အကျပ်ရိုက်နေတာဗျ။ နွယ်ချိုဆိုတဲ့ မိန်းမချောလေးနဲ့ ရင်းနှီးခွင့်ရရင် အဘတို့ ကျွန်မတို့နဲ့ လိုက်တည်းပါ ပြောခဲ့ရင်၊ ဒါမှမဟုတ် မနက်စာ၊ ညစာလေးစားရင် နောင်ရေးကို ချင့်ချိန်လို့ရတာပေါ့ဗျာ။

အခု နွယ်ချိုလည်း မရှိတော့ဘူး။

ဓားပြတိုက်ခံရတဲ့ လူတွေအနက်က နည်းနည်းပါသွားသူတွေလည်း ဆင်းနေခဲ့ပြီး ကိုယ့်ခရီးကိုယ် ကြံရာကားစီး ဆက်သွားကြပြီ။

များများပါသွားတဲ့ လူတွေက ကြံရာမြို့က ရဲစခန်းတိုင်ဖို့ သွားကြပြီ။ ဒီနယ်မြေက လုံခြုံစိတ်ချရတဲ့နယ်မြေ မဟုတ်ဘူး။

မသက်ာနဲ့များ ရဲကဖြစ်ဖြစ်၊ တပ်ကဖြစ်ဖြစ်၊ သူပုန်ကဖြစ်ဖြစ် ခေါ်သွားရင် နားရင်းပါးရင်းတွေ ပွင့်ဦးမယ်။

ကိုယ့်မှာလည်း စွပ်ကြယ်လက်ပြတ်နဲ့ ခါးဝတ်ပုဆိုးပဲရှိ၊ အဘမှာလည်း လွယ်အိတ်စုတ်တစ်လုံးနဲ့ တိုလီမုတ်စဆေးဘူး၊ မှတ်စုနဲ့ ကွမ်းယာထုပ်ပဲကျန်တော့တယ်။

နှစ်ဦးသား အကျပ်ရိုက်နေတုန်း . . .

''ဒကာကြီး . . .''

ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ဘုန်းကြီးအိုနှင့် ကိုရင်ငယ်လေးတွေ မိမိတို့အနီးမှာ ရပ်ကြည့်နေကြလို့။

''ဘုန်းကြီးကျောင်းကို လိုက်ခဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘုရား . . . ဘုန်းဘုန်း . . . ဘာ . . . ဘာပါလိမ့်ဘုရား"

အဘက မေးရင်း လက်အုပ်ချီ၊ ကိုယ်ကလည်း ချမ်းချမ်းတုန်တုန်နဲ့ လက်အုပ်လေးချီရင်း ငုံ့လင့် . . .

ဘုန်းကြီး ဒကာကြီးတို့ပြောနေတာ ကြားတယ်။ ဘာမှမပူနဲ့ . . . ကျူပ်နေတဲ့ကျောင်းကို လိုက်ခဲ့ကြ။ စားရေးသောက်ရေးကတော့ ဆွမ်းစားပြီးလို့ ပိုတာစားကြ။ အများကြီး ပိုလျှံတယ် . . . လိုက်ခဲ့"

ကျွန်တော် ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်တို့ကား လမ်းခရီးမှာ ဓားပြတိုက်တုန်းက ကားခေါင်းခန်းမှာ ထိုင်ပါလာတဲ့ ဘုန်းကြီးအိုကြီးခင်ဗျ။

"အား . . . အားနာပါဘိ . . . ဘုန်းဘုန်းဘုရား"

"ဒီလိုပဲပေါ့ . . . ဒကာကြီးရယ်၊ ဒကာကြီး . . . စောစောက ဟိုကလေးမလေး ဆေးကုပေးတာ ဘုန်းကြီးမြင်တယ်။ ဒကာကြီး မဆိုးဘူးပဲ။ ကိုင်း . . . သွားစို့။ ခြေလျင်တော့ လျှောက်ရမယ် . . . ဒကာတို့ရေ၊ ကျူပ်ကျောင်းရောက်ရင် ဘာမှမပူနဲ့။ ပျော်သလောက်သာနေ။ လာကြ"

ဒီလိုနဲ့ ကျွန်တော်တို့ဆရာတပည့် ဘုန်းကြီးအိုကြီးနဲ့ ကိုရင်များနောက်ကနေ လိုက်ခဲ့ကြတယ်။

တစ်နာရီခန့် လယ်ကွင်းထဲ လမ်းလျှောက်လာပြီးတော့ တဲအိမ်တစ်အိမ်စ၊ နှစ်အိမ်စုကို စမြင်ရတယ်ဗျ။

တဲထဲက အဘွားအိုတစ်ဦး ထွက်လာပြီး ဘုန်းကြီးအိုကို မြေပြင်မှာ ထိုင်ပြီး ကန်တော့တယ်။

"ဘုန်းဘုရား . . . ဘယ်က ကြွလာတာပါလဲဘုရား။ နေပူပါဘိနဲ့ တဲမှာ နားပါဦးလား ဘုရား"

"မနားတော့ဘူး . . . ဒကာမကြီး၊ ဟိုး ပဲခူးမြို့သွားတာပ။ ကိုရင်တွေ စာသင်ဖို့ ပဲခူးဆရာတော်များနဲ့ သွားပြောဆိုတာပါ . . . ဒကာမကြီး။ ညှော်သည်တွေလည်း ပါလာသမို့ သွားဦးမယ် . . . ဒကာမကြီး"

"မြို့ကလား ဘုရား"

"ဟုတ်တယ် . . . ခွင့်ပြုဦး"





"မှန်ပါ့ဘုရား"

ဒီလိုနဲ့ လူမမြင်ကွင်းနဲ့ ကန်သင်းပေါင်းများစွာ ကျော်ပြီး နေမွန်းတိမ်းစပြုချိန်မှာ ဟိုအိမ်က ဝင်နားပါဦးဘုရား၊ ဒီအိမ်က ဝင်နားပါဦးဘုရားနဲ့ ဘုန်းကြီးအိုကြီးကို ဖိတ်ခေါ်ကြတယ်။

ဒီရွာကလူတွေ သည်ဘုန်းကြီးအိုကြီးကို တကယ်ကြည်ညိုကြပဲခင်ဗျ။ မြို့ကညှော်သည်ဖြစ်တဲ့ ကျွန်တော်နဲ့ ဘတိုက်ပုံကိုလည်း အထူးအဆန်းလို ဝိုင်းကြည့်နေကြရဲ့ဗျာ။

အထူးသဖြင့် အဘကိုပဲဗျာ . . .

အဘသွင်ပြင်လည်း ကြည့်ဦးလေ . . . ဖျင်ကြမ်းတိုက်ပုံ ကွမ်းသွေးပေရင်ကွဲနဲ့၊ အတွင်းခံစွပ်ကျယ်က လက်သီးဆုပ်ခန့်အပေါက်နဲ့၊ ပုဆိုးအဖြူအနက်ကွက်ကလည်း အရောင်လွင့်စ ပြုနေပြီ။

ဆံပင်ရှည်တွေက ဖွာလံကုပ်ထောက်။

နှုတ်ခမ်းမွေးအဖြူထူပိန်းက ပါးစပ်ထဲ ကုတ်ဝင်၊ မျက်နှာကဆယ်ပြားစေ့လို လေးထောင့်၊ ပုဆိုးဒူးပေါ်ဝတ်ပြီး ယောဂီလွယ်အိတ်ဖောင်းဖောင်းကြီး လွယ်ထားတော့ . . .

အညာသား သိုက်ဆရာလိုလို၊

ပေါင်းတလည်၊ ပြည်ဘက်က နွားပွဲစားလိုလို ဂိုက်က ပေါက်နေတော့ အထူးအဆန်း ဝိုင်းကြည့်ကြတာပေ့ါ။

ကွမ်းကလည်း ပါးစပ်အပြည့်ဝါး။

ကွမ်းသွေးတွေလည်း ပါးစောင်ကနေ စီးကျ။

မိန်းမပျိုတွေက ရှုံ့လို့ မျက်နှာရှုံ့ကြရဲ့။

ကျွန်တော့်ကိုကြည့်ပြီး စိုးရိမ်ကြ၊ ပြုံးပြရဲ့ဗျာ။ ဘုန်းကြီးအိုက ဒါမြို့ကညှော်သည်တွေလို့ ပြောလေ၊ ရယ်ကြလေပဲ။

မြို့ကြီးသား ကိုယ့်ရုပ်သွင်လည်း ကြည့်ဦးလေဗျာ။

ကိုယ်ပေါ်မှာ စွပ်ကျယ်ချိုင်းပြတ် ချွေးစိုဖုန်ပေနဲ့။ ပုဆိုးကလည်း ရွှံ့တွေတက်ပြီး အရောင်လွင့်နေတယ်။

ဝိုးတိုက်ပုံမပါ။ ဘန်ကောက်ပုဆိုးမဝတ်။ ပေါပလင်လည်ခေါင်းတုံးထက်ရှည်အင်္ကျီလည်း မပါ။ အိတ်ထဲ ဖောင်တိန်လည်း မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲကလည်း တစ်ပြားမှမရှိ။

ဗိုက်ထဲကလည်း ဆွေတော်ရှစ်သောင်း ပိုးမျိုးအပေါင်းတို့ကလည်း အချိန်တန် အစာမကျွေးလို့ လူးလွန့်သောင်းကျန်း။

တစ်ချက်တစ်ချက် ဗိုက်ထဲ အစာမရှိတော့ ...

ဂွီခနဲ ... ဂွီ ... ဂွီ ... ဂေါ ... ဂေါ ... ဂွီ ... ဆိုတဲ့ အသံတွေကလည်း မိုးဦးကျဖားတွေလို အော်နေကြတယ်။

သို့ကလို ဝမ်းဗိုက်ထဲက ဂွီ ... ဂွီ ... ဂွီ စတဲ့ သံစုံတွေကြားတော့ မိန်းမသားတွေက ကြည့်ပြီး ပြုံးကြ။

တစ်ယောက်သော အသားမည်းမည်းနဲ့ မိန်းမကြီးက ...

"ကြည့်ရတာ ဗိုက်ထဲမှာ လော်စပီကာ အသံစမ်းနေသနဲ့ တူရဲ့အေ့ ..." တဲ့။

ဘယ်လိုလုပ်ပြီး မြို့သားလို့ပြော ယုံချင်မှာလဲဗျာ။

ကံများ ကောင်းချင်တော့ ...

ကွင်းထဲက အိမ်တစ်အိမ်က 'အရှင်ဘုရား ... ခရီးပန်းပါတယ်။ ခဏတစ်ဖြုတ်နားပြီး ရေနွေးကြမ်းများ ဘုန်းပါဦးဘုရား' ဆိုတာနဲ့ တဲပြန့်အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ဘုန်းကြီးအို ထိုင်နားတယ်။

"ညှော်သည်တွေ ပါလာတာလားဘုရား"

"အေးကွယ့်"

"ဟဲ့ ... ညှော်သည်တွေစားဖို့ ဆီထမင်းနဲ့ ငါးခြောက် ယူခဲ့ကြစမ်းဟေ့"

အလို ... ဒါ လွန်စွာ သာယာနာပျော်ဖွယ် မင်္ဂလာစကားပါလား။ ဘာကြာလဲဗျာ ကောက်ညှင်းဆီထမင်းပန်းကန်နဲ့ ငါးခြောက်မီးဖုတ်ဆီဆမ်းရှေ့ ရောက်လာပါရော။

"ဂွီ ..."

"အဲ့ ... ဒုက္ခပါပဲ"

"ဟို ... သူငယ်စားကွယ့် ... အားမနာနဲ့"

"ဟုတ် ... ဟုတ် ... ကဲ့ ... ခင်ဗျ"





အားရပါးရကို စားချင်နေပြီဗျာ။ သို့သော် အဘက နှိုက်မစားသေးဘူး။ သူ့အရင် ကိုယ်က နှိုက်စားရင်လည်း လူမြင်မသင့်။

သူ နှိုက်မစားပုံလည်း ကိုယ်က ပြန်စဉ်းစားကြည့်တယ်။

မသန့်တဲ့ အစာမို့များလား။ စုန်းကဝေ ပညာသည်တွေ ပြုပြင်စီရင်ထားတဲ့ အစားဆိုတာ သိရင်လည်း အဘက မစားဘူး။

သူ မစားရင် ကိုယ်လည်း မစားနဲ့လို့ ပြောထားတယ်။

"ဘကြီးက ရန်ကုန်ကလားဟင်"

"ဟုတ်တယ်ဗျာ ... ကျုပ်က ရန်ကုန်က။ ဒါ ကျုပ်တပည့်"

"နာမည်က ဘယ်လိုခေါ်လဲရှင်"

"ကျုပ်နာမည်တောင် ကျုပ် မေ့နေသဗျ။ အဲ ... ဘယ်သူပါလိမ့်ခေါ်ချင်သလိုသာ ခေါ်ကြ ... နှမကြီးတို့ ညီဘွားတို့ရေ"

"နာမည်များဘိန်နဲ့ တူရဲ့နော"

"ဟုတ်ပဗျာ ... အချို့က အဘတဲ့။ အချို့က ဘတိုက်ပုံတဲ့။ အချို့က ဘန္ဒုတ်ခမ်းမွေးတဲ့။ အချို့က ဆံရှည်ဘကြီးတဲ့။ တစ်ခါများ ခွေးကိုက်ခံရတော့ ခွေးကိုက်ခံရတဲ့ ဘကြီးတဲ့။ ကြာတော့ အမေပေးတဲ့နာမည်ပျောက်သလိုဖြစ်ပြီး မေ့တောင်မေ့နေပေါ့ဗျာ"

"ဟုတ်တာပေါ့ဗျာ ... ဘကြီး စားပါခင်ဗျ။ ဟိုသူငယ် ... ဘယ်သူ ..."

"မောင်မှိုင်းပါခင်ဗျား"

"မောင်မှိုင်းရေ ... စားကွယ့်။ ဘာလဲ မကြိုက်လို့လား"

"ကြိုက် ... ကြိုက်ပါတယ်ခင်ဗျ။ ဟို ... ဟို ... အဲ ... အဲ ..."

ကျွန်တော်က အဘရဲ့မျက်နှာကို ညှိုးငယ်သောမျက်လုံးနဲ့ လှမ်းကြည့်လိုက်တော့မှ အထာပေါက်သွားသနဲ့ တူပါရဲ့ ...

"ဟ ... ငမှိုင်းရ၊ စားလေကွာ။ မင်းအမေကလွှား ... ကျွေးတဲ့ လူက စေတနာနဲ့ ကျွေးနေတာကို ပန်းကန်ကြည့်ပြီး သွားရည်ကျနေရ ဘယ်လို့ကွာ။ မင်းဟာ ဘယ်သွားသွား သောက်သုံးကို ... အဲ ... အဲ .. ကန်တော့ပါဘုရား ... ကန်တော့ ... ကန်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ပြောပါ ... ဘုန်းကြီး ခွင့်လွှတ်ပါတယ်"

"တပည့်လေးတစ်ယောက် မွေးထားပါတယ်ဗျာ မိန်းမတွေရှေ့ ဖြတ်မလျှောက်ရဲဘူး။ မိန်းကလေးမျက်နှာရဲရဲ မကြည့်ရဲဘူး။ အိမ်ရှင်က ကျွေးရင် ရှက်သလို၊ ရွံ့သလို တို့ကနန်း၊ ဆိတ်ကနန်းစားပြီး ရေနွေးကြမ်းပဲ သောက်တယ်။ စားစရာရှိ စားပေါ့ ... ဟုတ်ဘူးလား"

"ဟုတ်တာပေါ့ ... အဘရဲ့"

"လုပ်ပေးစရာရှိလည်း ဝိုင်းကူလုပ်ပေါ့ ... ဟုတ်ဘူးလား"

"ဟုတ်တာပေါ့ ... အဘရဲ့"

"ဒါ ... ကောက်ညှင်းဆီထမင်းလားဟဲ့ ဟေ ..."

"ဟုတ်တယ် ... အဘ ... စားပါရှင်"

"မှန်းစမ်းဟဲ့"

အဘက သို့ကလို ပြောပြီး မေးပြီး ကောက်ညှင်းဆီထမင်းပန်းကန်ကို ကောက်ယူနမ်းပြီး လက်သီးဆုပ်ခန့်တစ်ကော် စားလိုက်တယ်။

"ကောင်းသားဟဲ့ ... ဒါကရောကွဲ့ယ့်"

"ငါးပုတ်ပြားခြောက် မီးဖုတ်ဆီဆမ်းပါရှင့် စားပါအဘ"

"မှန်းစမ်း ... နည်းနည်းလောက်"

ငါးဖုတ်ခြောက်တစ်ဖတ် စားတယ်။

"ဆားပေါ့လေးပဲဟ ... ဟေ"

"ဟုတ်ကဲ့ရှင့် ... ဒါ ဆားပေါ့ခြောက် အဘရဲ့"

"အိမ်း ... စားရခဲသဟေ့ ... ရေစက်ဆုံလို့သာ ရောက်ကြတွေ့ကြ ဆုံဆည်းစားသောက် ရင်းနှီးရတာကွယ့်။ ကောင်းဗျာ ... ကောင်းမှကောင်း"

အဲဒါသာကြည့် ... ဒီမှာ ... ဆာလွန်းလို့ သေမလိုဖြစ်နေတဲ့ တပည့်ကို ရှော့စားဦး တစ်ခွန်းမပြောဘူး။

အိမ်ရှင်ရော၊ ဘုန်းကြီးအိုကြီးနဲ့ ကိုရင်လေးတွေကတော့ အဘ တိုက်ပုံ အားရပါးရ စားနေတာကို ကြည့်ပြီး သဘောတွေကျလို့။

ကိုရင်တွေကလည်း တိုးတိုးတိုးတိုး ပြောပြီး ရယ်လို့။

---

**စိတ်ကူးသစ်စာပေ**



"အေ့ ... ဝေ့ ... ဆီထမင်းနဲ့ ငါးခြောက်ဖုတ် တယ်ကောင်းကွာ။ ဟေ့ကောင် ... ငမှိုင်း ... စားလေ။ ဘာငါ့ကို ငေးကြည့်နေတာတုံး"

"ကျုပ် ... အဘစားအပြီးကို စောင့်နေတာဗျ"

"ဟေ ..."

အချဉ်ပေါက်လာတော့ သူများအိမ်ပေါ်ရယ် စဉ်းစားမနေဘူး။ ဘုတောချလိုက်တော့မှ 'ဟေ' တဲ့။

"ဟ ... ဟုတ်သားဟ။ ငါ့မှာလည်း တပည့်တစ်ယောက် ပါသေးသကိုး။ ဟ ... စားကောင်းတော့ မေ့နေသဟေ့။ တပည့်ရေ ... ရှော့ ... စား ... အားရပါးရစားနော် ... တပည့်"

ကျွန်တော်စားဖို့ သူစားလက်စ ပန်းကန်ပြန်ပေးတော့ ဆီထမင်းကြွေရည်သုတ်ပန်းကန် အပြည့်မောက်မောက် မရှိတော့ဘူး။ လောက်စလုံး သုံးလုံးခန့်ပဲ ကျန်တော့တယ်။

"ရှော့ ... စားလေ၊ ဟန်လုပ်နေတယ် ... ငါလေ ..."

"ရှော့ ... ရှော့ ... မောင်ကြီး၊ ဒီမှာ တစ်ပန်းကန်ရှင့်။ အဘ စားကုန်ရင် ထပ်ထည့်ပေးမယ်တော့"

တော်ပါသေးရဲ့ဗျာ ... ဆံတောက်ဖားဖားကြီးနဲ့ မိန်းကလေးက အလိုက်တသိ တစ်ပန်းကန် လာချပေးရော။

ရှက်မနေတော့ဘူးဗျာ။

အားရပါးရ ဆုပ်ဆုပ်ပြီး စားလိုက်တာ။

လည်ချောင်းထဲ မျိုမရဘဲ နင်နေလို့ အနီးရှိ ကိုရင်လေးက ကျောကုန်းကို ထုပေးမှ အောက်ကိုကျပြီး 'အေ့'လို့ လေချဉ်တက်တော့တယ်။

ကိုရင်လေးတွေက မကြားတကြား ပြောကြတယ်ဗျ။

"တို့ကျောင်းမှာ ဒီလူနှစ်ယောက် ရောက်လာရင် ကျောင်းဆွမ်းတွေ ဝတ်ဘောဆိုက်ပြီး သေရွာသွားရမှာ ကျိန်းသေပြီဟေ့" တဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

❑

ကျောင်းဝိုင်းကြီးက အကျယ်ကြီးပဲဗျ။ တစ်ပါးကျောင်းတွေလည်း ဟိုတစ်ကျောင်း၊ ဒီတစ်ကျောင်း ရှိတယ်။

ဘုန်းကြီးအိုကြီးနေတဲ့ ကျောင်းက ရှေးကျွန်းလုံးကျောင်းကြီး။ ပျဉ်းကတိုးသား အပြားထူထူကြီးကြီး လှေကားနဲ့ ကျောင်းပေါ်တက်ရတယ်။ ကျောင်းအောက်က ဆင်ဝင်ရင် လွတ်တယ်။

ကျောင်းဝိုင်းထဲမှာ ... ဝါးပိုးဝါးပင်၊ ကြခတ်ရုံ၊ ညောင်ပိန္နဲပင်နဲ့ ငှက်ပျော၊ သရက်ပင်တွေလည်း အုံနဲ့ ရုံနဲ့ ရှိနေတယ်။

ကျောင်းရှေ့မှာ ဂဝံကျောက်ရေတွင်းရှိပြီး ရေပြည့်လုလု ရှိနေတယ်။ ရေက ကြည်စိမ်းသန့်အေးနေတာပဲ။ ရေကို စိတ်ကြိုက်ချိုးပစ်လိုက်ပြီး ဖျာပေါ်မှာ လှဲနေတုန်းရှိသေး ...

“ဘကြီး ... ထမင်းစားရအောင် ကျောင်းအောက်ကို လာခဲ့ပါတဲ့”

“ဘယ်သူကတုံး ... ကျောင်းသားရ”





“ဘဘုန်းကဗျ ... အမြန်လာကြဗျို့”

အင်း ... ကျေးဇူးကြီးပါပေ့ ... ဘဘုန်းရယ်။ ကျောင်းအောက်ကို ရောက်ရော ... အလိုလေး ... ထမင်းဝိုင်းကြီးနှယ် ဟင်းတွေ စုံလို့ပါလား။ ထမင်းဝိုင်းနံ့ဘေးမှာ ရွာထဲက အပျိုတွေ၊ မိန်းမကြီးတွေ၊ လူကြီးတွေ ဝိုင်းလို့။

အပျိုတွေက လက်ဆေးရေ ဖလုံတွေ ချပေး။

ဟင်းတွေ ခပ်ထည့်ပေး။

“စား ... အဘ၊ ဒါက ဝက်သား ... စားတယ်မဟုတ်လား အဘ”

“အကောင်လိုက် ကင်ကျွေးရင်လည်း မငြင်းပါဘူး ... သမီး”

“ခစ် ... ခစ် ... အဘက ပျော်တတ်တယ်နော်”

“ပျော်ပျော်နေ သေခဲတဲ့ ... သမီးရဲ့။ စိတ်ညစ်ရင် အသက်တို ခြွန်သတဲ့”

“ဒါက ကြက်သား ... အဘရဲ့”

“အိမ်း ...”

“ဒါက ဘဲဥကို မန်ကျည်းသီးနဲ့ အချဉ်ချက် အဘ”

“အိမ်း ... ကောင်းဟ”

“ဒါက ငါးကွန်းရှပ်နဲ့ ဒန့်သလွန်သီး ခရမ်းသီးချဉ်ရည်ရှင့်”

“စုံလှချည်လား ... သမီးတို့ရယ်၊ အားနာစရာကွယ်”

“ဒါက ဘဲဥကြော်၊ ဒါက ပဲကြီးနှပ်၊ ဒါက ခရမ်းသီးသုပ်၊ ငါးပိချော်ရည် ... စားနော် အဘ”

“ကောင်းပါပြီဗျာ”

“ဟိုမောင်ကြီး ...”

“ဗျာ ... ဗျာ ...”

“မောင်ကြီး ဝက်သားစားလားတော့”

ခပ်ချောချော၊ တုတ်တုတ်ခဲခဲ ချက်ချက်ချာချာ မိန်းမပျိုလေးက ဘင်းမန္နိက်သေးတဲ့ ကျွန်တော့်ကို မေးရင်း အဘပန်းကန်ထဲလည်း ဟင်းတွေ ခပ်ထည့်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အဘတိုက်ပုံကြီးက ...

"သမီး ..."

"ရှင် ... အဘ"

"ဒီကောင်က ဝက်သားမစားဘူး။ သူတို့က မျိုးနဲ့ရိုးနဲ့ မင်းကြီးမင်းလေး ကိုးကွယ်တော့ ဝက်သားရှောင်တယ်ကွယ့်"

"ဟုတ်လား ... ဒါဆို ကြက်သားတော့ စားလို့ရ မဟုတ်လား"

ဒီမှာ အဘက ကပျာကယာ လှမ်းပြောပြန်ရော ...

"သမီး ... နေဦးဟ့ ... ကြက်သားလည်း သူ မစားဘူး"

"ရှင် ... ဘာဖြစ်လို့"

"သူက ကြက်သားစားပြီးရင် တစ်ကိုယ်လုံး ယားပြီး အနာတွေထွက်ရော"

"ဟောတော့ ... ငုပ်နေတဲ့ရောဂါနဲ့ မတည့်ဘူးပေါ့"

"ဟုတ်တယ် ... ငါးကွမ်းရှပ်လို ပင်လယ်ငါးလည်း မတည့်ဘူး။ စားရင် သွေးယားပြီး အင်ပြင်တွေ ထွက်တယ်"

"ဘဲဥချဉ်ရည်ဟင်းရော"

"တည့်တယ် ... တည့်တယ် ... ဟောကောင် ... ဘဲဥများများစား။ ဘဲဥစားမှ အတွင်းလေပြို့ပြီး အနိုးတွေ ထွက်မယ်။ ထည့်ပေး ... သမီး"

"ဟုတ် ... ဟုတ် ... စားနော် ... မောင်ကြီး။ ဘဲဥကြော်ရော ကြိုက်လား"

မျက်နှာသုန်မှုန်နေတဲ့ ကျွန်တော့်ကို ဝိုင်းကြည့်ပြီး သနားကြသနဲ့ တူပါရဲ့ဗျာ။ ဘဲဥချဉ်ရည်ဟင်းရော၊ ဘဲဥကြော်တွေရော ဝိုင်းထည့်ကြတာ ပန်းကန်ထဲ ထမင်းမမြင်ရတော့ဘူး။

ဒီမှာ ရွာခံ အသက်ကြီးကြီး အဘိုးကြီးတစ်ဦးက ...

"အစားတော့ရှောင် ... ငါ့လူရေ၊ မင်းအဘပြောပုံဆို ဖားသားလိပ်သား၊ ငါးမြွေထိုး၊ ငါးရှဉ့်တွင်းအောင်းသား မစားနဲ့။ ရှောင်နိုင်ရင် ကိုယ့်အတွက်ပဲ ... လူလေးရ၊ တည့်တာပဲ စားကွယ့်"

"ကြားလား ... ငမှိုင်း"





အဘဗျာ ... အဘိုးကြီးပြောတဲ့စကား ကြားလားတဲ့ ...။ ကျွန်တော် အံကြိတ်ပြီး ကြည့်လိုက်တယ်ဗျ။ ကျွန်တော် ကြက်၊ ဝက်၊ မြွေ ဖား အကုန်တည့်တယ်။ အကုန်စားတယ်။ သူ သိတယ်ဗျာ။

သက်သက်မဲ့ ရွာသူ အပျိုတွေကြားမှာ ကျွန်တော့်ကို ချုပ်နေတာဗျာ။ စားလို့ရတယ်၊ ကျွန်တော့်မှာ ဘာရောဂါမှ မရှိပါဘူး ပြန်ပြောရင် သူ အရှက်ကွဲဦးမယ်။

လုပ်ထားနှင့်ဦးပေါ့လို့ တွေးပြီး ဘဲဥချဉ်ရည်ဟင်းနဲ့ စားပစ်လိုက်တယ်၊ သူကတော့ ဝက်သားသုံးထပ်သား အဆီပြုပ်အောင် ကိုက်လိုက်၊ ကြက်အသည်းအမြစ်လေး စားလိုက်၊ ငါးချဉ်ရည်ဟင်းလေး သောက်လိုက်နဲ့ ဇိမ်ကျပြီး ကျွန်တော့်မျက်နှာကို လှောင်ပြုံး ပြုံးပြီး စားလို့။

ဟင်းတွေ၊ ထမင်းတွေ စားလို့ဝမှ ...

"ရော့ ... ဝက်သားတစ်တုံးတော့ စား၊ နှစ်တုံးသုံးတုံးစားရင် အသားအရည် ပွလာမယ် ... ရော့ ..."

"မထည့်နဲ့ မစားဘူး"

"စားပါ။ တစ်တုံးတလေက မကြွပါဘူး"

"မောင်ကြီး ... စားလို့ရရင် စားလေ ... မောင်ကြီးရဲ့"

ဒါနဲ့ ဝက်သားတစ်တုံးကို အတုံးလိုက် ငါးစားပစ်လိုက်တယ်ဗျာ။ ဘတိုက်ပုံက ကြည့်ပြီး သဘောကျလို့။

"ကောင်းလားကွ"

"..."

"ရောဂါကြွမှာ မကြောက်ရင် ထပ်ယူစားကွ"

ကျွန်တော် စိတ်ချဉ်ပေါက်ပေါက်နဲ့ ဝက်သားရော၊ ကြက်သားရော တစ်တုံးပြီးတစ်တုံး စားပစ်လိုက်ရော ရွာသူအပျိုတွေ အံ့သြကုန်ပါရော။

"မောင်ကြီး ... စားလို့ရ ... ရ ... လားဟင်"

"အကုန်စားလို့ရတယ်၊ ဘာမှမဖြစ်ဘူး"

"ဟုတ်လား ..."

"စားရင် ရောဂါပိုကြွပြီး အိမ်ပြင် မထွက်ရဲတာ အဲဒီတိုက်ပုံရင်ကွဲနဲ့ အဘိုးကြီးပဲဗျ ... အားလုံးမှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ... အဘ ... မောင်ကြီးပြောတာ ... ဟုတ်လား ဟင်"

"ဟား ဟား ဟား ဟား ဟား ... အဟတ် ... ဖွီ ... အဟတ် ..."

"စင်ပါပြီဗျာ"

ဘတိုက်ပုံကြီးက ပါးစပ်ထဲ ထမင်းပလုတ်ပလောင်းနဲ့ ရယ်လိုက်တာ ထမင်းသီးပြီး ကျွန်တော့်မျက်နှာ ထမင်းဖတ်တွေ စင်ကုန်ပါရော။

"အဘ ... ရေ ... ရေသောက်လိုက်"

"အဟွတ် ... အဟွတ် ... အား ... တော်တော်ဒုက္ခပေးတဲ့ကောင်ကွာ။ စား ... ကြိုက်သလောက်စား ... အဟွတ် ... အဟွတ်"

နောက်တော့ အဘနောက်ပြောင်တဲ့အကြောင်း သိသွားကြပြီး အားရပါးရ ရယ်ကြပါရော။

"သမီးတို့က အဟုတ်မှတ်နေတာ ... အဘရဲ့ ... ဟီး"

"အေးလေ ... မောင်ကြီးပဲ ရောဂါရှိတာလား။ အဘမှာလည်း ရောဂါရှိနေလားလို့ အဘက အတော်နောက်တာပဲနော်"

"ဟား ဟား ဟား ဟား ... ဒီကောင် ဒီလိုမပြောရင် ဝက်ကောင်လုံးပြုတ်တောင် ချာပါမကျန်အောင် စားလို့ဟော့"

"ခစ် ... ခစ် ... ခစ် ... ခစ်"

"အဟီ"

ပြောရရင်တော့ဗျာ သူတို့က ဘုန်းအိုကြီး ပြောပြလို့ ဓားပြတိုက်ခံရပြီး လမ်းစရိတ်ပါ ပြောင်သွားတဲ့အကြောင်း ...

ကိုရင်လေးတွေ ပြောပြလို့ ကျွန်တော့်ခါးဝတ်အကျီပါ ဓားပြတွေယူသွားတဲ့အပြင် ပုဆိုးပါ ချွတ်ပြရလို့ ဓားပြတောင် လန့်သွားတဲ့အကြောင်း အကုန်သိကြပါရောဗျာ။ မျက်နှာပူရပုံ။

ရွာကသိရော သနားသွားကြပြီး ဟိုအိမ်ဒီအိမ်က ဟင်း၊ ထမင်းတွေ လာပို့ ညှော်ဝတ်ပြုကျွေးမွေးကြတာတဲ့။ ကျေးဇူးကြီးလှပါပေ့ဗျာ။ အင်းလမ်းခရီးမှာ သူယုတ်မာတွေနဲ့ ကြုံရပါသော်လည်း ရွာထဲရောက်တော့ သူတော်ကောင်းတွေနဲ့ တွေ့ကြုံရတယ်ခင်ဗျ။





ရွာထဲက အပျိုခေါင်း ရှင်မယ်မြကြ ရေတွင်းမှာဆုံလို့ မေးရော။ အပျိုကြီး၊ အပျိုလေးတွေလည်း ရေခပ်ရင်းဆိုတော့ စုံလို့။

"ကိုအဝှာတော့် ..."

"ကိုအဝှာမဟုတ်ပါဘူး ... အစ်မကြီးရဲ့ ကိုမှိုင်းလို့ ခေါ်ပါတယ်ခင်ဗျား။ အစ်မကြီးကရော ဘယ်လိုခေါ်ပါလိမ့်ဗျာ"

"အပျိုခေါင်း မယ်မြတဲ့တော့်။ ဒါနဲ့ တော်က စာရေးဆရာဆို"

"ဟုတ်ကဲ့ခင်ဗျ"

"စာရေးဆရာဆိုတော့ ဆိုင်းဘုတ်တို့၊ မြင်းလှည်းနံပါတ်တို့ ရေးတာပေ့ါ ... ဟုတ်လား"

"အစ်မကြီးရဲ့ ... ဆိုင်းဘုတ်တို့၊ မြင်းလှည်းနံပါတ်တို့ရေးတာ စာရေးဆရာ မဟုတ်ဘူးဗျ။ စာရေးဆရာဆိုတာ စာရေးတဲ့လူကို ပြောတာ"

"သိပါဘူးတော် ... ကျုပ်တို့ရွာက ကိုရန်ကြီးတိုင်းလည်း မြို့ပေါ်မှာ မြင်းလှည်းနာမည်တို့၊ ဆိုက်ကားနာမည်တို့ ရေးတော့ ကိုရင်ကြီးတိုင်းလိုပဲ မှတ်တာပေါ့တော်။ တော်က ဘာစာတွေရေးတုံး။ ပရိတ်ကြီး (၁၁) သုတ်တို့၊ ကိုးစောင်တွဲ၊ ဆယ်စောင်တွဲ ဘုရားရှိခိုးအမျိုးမျိုး ရေးတာပေါ့ဟုတ်လား"

အင်း ... သူတို့ ဝတ္ထုရေးတယ်ဆိုတာ မသိပါကလား။

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော်က ဝတ္ထုရှည်တွေ ရေးတာ"

"ဝတ္ထုရှည်"

"ဟုတ်တယ်"

"နေပါဦးတော် ... ဝတ္ထုရှည်ဆိုတာ ဘုန်းကြီးသုံးတဲ့ ပိုက်ဆံအရှည်ကို ပြောတာလားတော်"

ဒုက္ခတော့ ရွာရောက်မှ ကြုံပြီနဲ့တူရဲ့။

"ဝတ္ထုရေးတယ်ဆိုတာ အချစ်အကြောင်း၊ ဘဝအကြောင်း၊ လယ်သမားအကြောင်း၊ ကောက်စိုက်သမတွေရဲ့ ဘဝအကြောင်းကို စာစီပြီး ဖတ်ချင်အောင် ရေးတာကို ခေါ်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား ... သိပေါင်တော်။ ဒါဆို တော်က ရည်းစားစာတို့ ဘာတို့ ရေးတတ်တာပေါ့နော်''

''အဲ ... အဲ ... ရေးတတ်ပါတယ်ခင်ဗျ''

''ဟန်ကျလိုက်လေတော် ... တော် ရွာကိုရောက်လာတာ သိကြား မင်း ရောက်လာသလို စွပ်ကျယ်ချိုင်းပြတ်နဲ့''

''အို ... မမြကလည်း ဖောက်လာပြီတော် ... စာရေးဆရာကို အားနာစရာကြီးတော်''

''ကန်တော့တော် ... ကန်တော့ ... ဒါနဲ့ ရှင်တို့ကား ဓားပြ တိုက်ခံရတယ်ဆို''

''ဟုတ်တယ်''

''ဘာတွေ ပါသွားတုံးတော် ဟင်''

''ခါးဝတ်ပုဆိုးနဲ့ အင်္ကျီပဲ ကျန်တယ်။ လက်ပတ်နာရီရော၊ အဝတ် အစားအိတ်ရော၊ ငွေတွေရော အကုန်တိုက်ယူသွားတယ်''

''စွပ်ကျယ်ပဲ ကျန်တော့တာပေါ့နော်''

''အဲ ... အဲ ...''

''မမြ ... ဒီစွပ်ကျယ်မပါရင် တော် စကားမပြောတတ်ဘူးလား''

''ကန်တော့ပါတော် ... ကန်တော့ပါ။ ကျုပ်က စိတ်မကောင်း လို့ပါ။ ဆရာတော်နဲ့ ကိုရင်တွေ ပြောလို့ပါတော်။ ဒါနဲ့ တော့်စာရေးဆရာ ကို မေးစရာရှိတယ်တော့်''

''ဘာလဲ မေးပါ အစ်မကြီး''

''မေးရမှာလည်း အားနာတယ်တော်''

''အားမနာပါနဲ့ဗျာ ... မေးပါ ... အစ်မကြီးရာ''

အကြောင်းသိနေတဲ့ ရွာသူမိန်းမပျိုတွေက အပျိုခေါင်း မမြကို ဇိုက်ခေါက်ဆွဲလိမ်ကြတယ်။

''အဲ ... သောက်ပလုတ်တုတ်''

''မမေးနဲ့တော် ... ခမျာ အားနာစရာ''

''ငါသိချင်လို့ပါအေ့ ... ညည်းတို့ကလည်း ... ဟဲ့ ...''





''မေးပါ ... မေးပါ ... ခင်ဗျားတို့က ... ကျုပ်ရဲ့ ထမင်းရှင် ကျေးဇူးရှင်တွေပါ ... မေးပါ''

''တွေ့လား ... အဲဒါ မြို့သားစာရေးဆရာဟဲ့။ နင်တို့ ခြေသလုံး သမန်းကြေးတက်၊ ဖင်ထဲမျှော့ဝင် ...''

''အို ... မမြ ...''

''အမယ်လေးတော်''

''အဲ ... အဲ ... စာရေးဆရာ ရွာထဲမှာ ပြောနေကြလို့''

''ဟုတ်ကဲ့''

''တော့်ကို ဓားပြက ပုဆိုးချွတ်ရှာတယ်ဆိုတော်''

''ဟာဗျာ ... အစ်မကြီးရာ''

''ကိုရင်တွေ ပြောလို့ပါတော် ... တော့်ကို ပုဆိုးချွတ်ရှာတော့ ဓားပြ ဓားပြလန့်အော်တယ်လို့ သိရတယ်။ အဲဒါ ... ဟိုလေ ... ဓားပြ ဘာလို့ ... လန့် ... လန့် ... ဟဲ့ ... အို ... စာရေးဆရာ ... စာရေး ဆရာလေး ... ဟဲ့ ... ဟဲ့ ... ခေါ်ကြပါဦးဟဲ့''

ကျွန်တော်ဗျာ ရေတွင်းနံ့သေး ရေခပ်ရွာအပျိုအုပ်စုရှေ့ကနေ တစ်ချိုးတည်း လစ်ပြေးရပါရော။

နောက်မှာတော့ အပျိုခေါင်းမမြရဲ့ အော်ခေါ်သံ၊ ရွာသူတွေရဲ့ ရယ်သံ၊ တားသံတွေ ကျန်ရစ်တော့တယ်ဗျာ။

ကိုရင်လေးတွေလည်း အတော့်ကို ဒုက္ခပေးပါ့ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

❑

ညဘက်ရောက်တော့ ကျွန်တော်နဲ့အဘ ကျောင်းအောက်ထပ်က သစ်သားခုတင်ဟောင်းပေါ်မှာ ဖျာခင်းပြင်ပေးထားလို့ အိပ်ကြရတယ်။

မအိပ်ခင်မှာ အဘကို မေးရတယ်။

''အဘ . . .''

''ဘာတုံးကွဲ''

''ရှေ့ခရီး ဘယ်လိုဆက်ကြမှာတုံးဗျ''

''သူ့ဟာသူ အဆင်ပြေသွားမှာပေါ့ကွာ''

''ပိုက်ဆံတစ်ပြားမှ မရှိဘူးလေ။ ဘုန်းကြီးကျောင်းမှာ ကပ်ရပ်စားလို့ ကောင်းမှာလား''

''ဒီလိုမစားချင်ရင် မင်းက ဘုန်းကြီးကျောင်းသားလုပ်၊ ငါက ကပ္ပိယလုပ်ပြီး အကြံထုတ်ကြတာပေါ့''

''ကျုပ်တော့ ရန်ကုန်ပဲ ပြန်ချင်ပြီဗျာ''





''မင်းက ဘယ်ညည်းတဲ့ကောင်းပဲကိုးကွ။ မင်းနဲ့ငါ အခု တစ်ပြားတစ်ချပ်မှ မရှိတာဟာ ရှေ့လျှောက် ကောင်းစားကြီးပွားချင်တဲ့ နိမိတ်ကွ မောင်မှိုင်းရ''

''ရှေ့ကြီးပွားမှာ အသာထား . . . ကျုပ်မှာ ရေလဲစရာ ပုဆိုးတောင် မရှိဘူး''

ဘယ်လိုပြောပြော သူက ကွမ်းဝါးမပျက်ဘူးဗျာ။

''မင်းထံကို ပုဆိုးနဲ့အကျီ ရောက်လာမှာပါကွ''

''ဘယ်သူလာပေးမှာတုံး . . . ပြောပါဦး''

''ငါ့မျက်စိ အာရုံထဲမှာ မြင်နေလို့ပေါ့ကွာ''

''တော်ပါတော့ဗျာ . . . အာရုံရနေရင် မနက်က ဓားပြတိုက်ခံရမှာကိုရော ဘာလို့ ကြိုပြီး အာရုံမရတာတုံး . . . ဟင်း''

''ဒီလိုရှိတယ် . . . တပည့်ကြီးရ၊ ဓားပြက လုပ်ငန်းကြီးတယ်လေကွာ။ ပုဆိုးနဲ့အကျီက လုပ်ငန်းသေးဆိုတော့ အာရုံရတာပေါ့။ ဒါထက် . . . မောင်မှိုင်းရ''

''အိပ်တော့မယ်ဗျာ . . . ပင်ပန်းပြီး စိတ်ညစ်နေပြီ။ နာရီရော ဖောင်တိန်ရော ပါသွားတာ စိတ်အညစ်ဆုံးပဲ''

နာရီက ဆွစ်ဇာလန်လုပ် နာရီအပိုင်းလေးဗျာ။

ဒီနာရီရဲ့ မူလပိုင်ရှင်က ကျွန်တော့်အဘိုး။

အဘိုးကွယ်လွန်တော့ အဖေက အမွေရလိုက်တယ်။ အဖေမရှိတော့ အဖေက ဒီနာရီလေးကို ကျွန်တော့်ကို ပေးခဲ့တာ။ အဘိုးရဲ့မိတ်ဆွေ အင်္ဂလိပ်ကြီးက အင်္ဂလန်ပြန်ခါနီး အဘိုးကို အမှတ်တရပေးခဲ့တာတဲ့။ အင်္ဂလိပ်ကြီးက ပြောသတဲ့။

ဒီနာရီကို ငါ အရမ်းမြတ်နိုးတယ်။ မြန်မာပြည်မှာ ငါနေတုန်းအခိုက် မိတ်ဆွေရင်းကောင်းပီသစွာ စောင့်ရှောက်တဲ့ မင်းကို ငါအမြတ်နိုးဆုံး နာရီလေး ပေးခဲ့မယ်ဆိုပြီး ဆွစ်ဇာလန်လုပ် စက်နာရီအပိုင်းလေး ပေးခဲ့တာတဲ့ဗျ။

အင်္ဂလိပ်စစ်သားကြီး တိုက်ပွဲမှာသုံးတဲ့ နာရီ။

ဟုတ်, မဟုတ်တော့ မသိဘူး။ အဘိုးပြောတာပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးရဲ့မိတ်ဆွေ စစ်သားကြီးက ပထမကမ္ဘာစစ်တုန်းက ရန်သူစစ်သားနဲ့ စစ်မြေပြင် ကတုတ်ကျင်းထဲမှာ သူသေကိုယ်သေ သတ်ပုတ်တိုက်ခိုက်ပြီး ရန်သူစစ်သားရဲ့ လက်က ဒီနာရီကို အမှတ်တရအနေနဲ့ ဖြုတ်ယူခဲ့တာတဲ့။

အဘိုးမိတ်ဆွေ အင်္ဂလိပ်စစ်သားဟောင်းကြီးကလည်း သူ့ဓား ချက်နဲ့သေသွားတဲ့ ရန်သူစစ်သားရဲ့ အကျီအိတ်ထဲကို သူပတ်ထားတဲ့ နာရီ ဖြုတ်ပြီး ထည့်ပေးခဲ့သတဲ့။

အဲဒီလို နာရီရဲ့ သမိုင်းကြောင်းက ရှိခဲ့ဖူးတယ်။

နှစ်ပေါင်းများစွာ ကြာခဲ့သည့်တိုင် စက် လုံးဝမရပ်ဘူး။ နာရီဆိုင်က နာရီကျွမ်းကျင်သူတွေက ဒီနာရီမျိုးက ကမ္ဘာပေါ်မှာ အလွန်ရှားသတဲ့။

နာရီရဲ့ အောက်ပိတ်အဖုံးမှာ အင်္ဂလိပ်အက္ခရာ (P.T.)ဆို စာလုံးကို ထွင်းထားတာ တွေ့ရတယ်။

ပီတာလို့ အဓိပ္ပာယ်ရသတဲ့။

အဲဒီနာရီကို ဓားပြခေါင်းဆောင်က ကြည့်ပြီး ဖြုတ်ခိုင်းခဲ့တာလေ။ ရွှေအိုရောင်နာရီလေး။

"မအိပ်နဲ့ဦးကွ ... ဒီမှာ မင်း ဓားပြတစ်ဦးကို သတိထားမိလား မောင်မှိုင်း"

"ဘယ်ဓားပြတုံး"

"ကောင်မလေးရဲ့ နားရွက်ကို သေနတ်နဲ့ပစ်ဖောက်တဲ့ ဓားပြ"

"ကျွန်တော့်ပုဆိုးကို ချွတ်ခိုင်းတာလဲ သူပဲဗျ"

"အေး ... အဲဒီဓားပြကို မင်း သတိပြုမိလား"

"ဟင့်အင်း ... ရှက်တာရော၊ ကြောက်တာရော ရောနေတာ ဥစ္စာဗျာ"

"ငါကတော့ သတိပြုမိတယ်ကွ"

"ဘာထူးခြားလို့လဲဗျ ... အဘရ"

"သေနတ်ကိုင်ထားတဲ့ ဓားပြရဲ့ ညာလက်မှာ လက်သန်းတစ်ချောင်း ပြတ်နေတယ်ကွ"





"ဟုတ်လား ... အဘက ကြဲကြဲဖန့်ဖန် မြင်တာပါလားဗျ ... တင်"

"ဒါ သဲလွန်စပဲကွ။ ဓားပြမှာ လက်သန်းတစ်ချောင်း မရှိတော့ ငါတို့ သွားရင်းလာရင်း တွေ့မိရင် ..."

"အဘ ဘာလုပ်ဦးမှာတုံး၊ သေနေဦးမယ်"

"ဟင်း ဟင်း ဟင်း ... ရာကျော်ပါကွာ ... ဟံသာဝတီ အရှေ့ခြမ်းက သုံးထောင်ပြန်မှတ်ကြီးဆိုတဲ့ ဓားပြတစ်ဖွဲ့လုံးကို ငါတစ်ယောက်တည်း စုံစမ်းဖော်ထုတ် ရဲလက်အပ်ခဲ့တာပါကွ"

"ကြည့်လုပ်ပေါ့ဗျာ ... လက်သန်းပြတ် ဓားပြမဟိုက် အဘရော ကျုပ်ရော မာလကီးယားမှာ အရင်စဉ်းစား ..."

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ဦး စကားကောင်းနေချိန်မှာပဲ ဘုန်းကြီး အိုကြီး ကြွလာရောက်ရှိလို့ ကပျာကယာ ထိုင်ကန်တော့လိုက်ကြတယ်။

"ဒကာကြီးတို့ စကားပြောသံကြားလို့ ဝင်လာတယ်"

"ဘဘုန်းလည်း အိပ်မပျော်ဘူးပေါ့"

"ကျုပ်က အိပ်ခဲပါတယ်။ အများအားဖြင့် ညဉ့်သန်းခေါင်နီးမှ အိပ်တာများပါတယ်။ ဒကာကြီးတို့နှစ်ဦးကိုလည်း မေးစရာ ပြောစရာလေး ရှိလို့ပါ"

"မှန်ပါ ... မေးပါ ... ပြောပါ ဘုရား"

"ဟိုဒကာကြီးနာမည်က ဘာတဲ့ ..."

"ဖိုးရာကျော်ပါခင်ဗျ"

"စာရေးဆရာလေးက မောင်မှိုင်း ... ဟုတ်လား"

"မှန်ပါဘုရား"

"ဒကာကြီး ဖိုးရာကျော်ကို ကြည့်ရတာ ဆေးအင်းမန္တန် အတတ်တတ်တယ်လို့ ဘုန်းကြီးထင်တယ် ... ဟုတ်သလား"

အခြားသူတွေမေးရင် မတတ်ပါဘူးလို့ ပြောမှာဖြစ်သော်လည်း သောမှုရှင် ဘုန်းတော်ကြီးဖြစ်နေတော့ ဘတိုက်ပုံက ဝန်ခံတယ်။

"အနည်းအကျဉ်းမျှတော့ သိပါတယ်ဘုရား။ လေ့လာနေတုန်းမို့ ဆက်နက်နဲနဲတော့ မသိပါဘူးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သွေးစက်စက်ကျပြီး ညည်းညူငိုနေတဲ့ မိန်းကလေးရဲ့ နာရွက်ကဒဏ်ရာကို ချက်ချင်း သွေးတိတ်အောင်၊ နာကျင်တာပျောက်အောင် လုပ်နိုင်တဲ့ပညာဟာ လူသာမန်ပါးစပ်နဲ့ ကုလို့မရဘူး။ ဘုန်းကြီးက အဲဒီလိုလူမျိုးတွေကို စိတ်ဝင်စားတယ်။ ဒကာကြီးတို့ ... မပြန်ကြနဲ့ဦး ... ကြားလား။ ဒကာလေးကလည်း စာရေးဆရာဖြစ်နေတော့ ဘုန်းကြီးဒကာတို့ကို ထူးဆန်းတဲ့ပစ္စည်း ပြချင်တယ်"

ဒီမှာ ကျွန်တော်က မေးကြည့်တာပေါ့ဗျာ။

"ဘယ်လိုပစ္စည်းမျိုးလဲ ဘုရား။ အမတေလို့ခေါ်တဲ့ ချိုးအမတော၊ ဝက်မာန်စွယ်၊ ဆင်မာန်စွယ်တို့လားဘုရား"

"မဟုတ်ပါဘူး ... ဒကာစာရေးဆရာ။ ကျုပ်ပြမယ့် အကြောင်းအရာကို မြင်ဖူး သိဖူးတဲ့လူ ဒီရွာမှာ မရှိသလောက်ရှားတယ်။ လူတိုင်းလည်း မပြချင်ဘူး။ ဒကာကြီးဦးရာကျော်ကတော့ နားလည်နိုင်မှာပါ။ ဒကာကြီးတို့ကြည့်ချင်တယ်ဆိုရင် နက်ဖြန်ညမှောင်ရင် လိုက်ပြပါ့မယ်"

"လင်းလင်းချင်းချင်း ကြည့်လို့မရဘူးလား ဘုရား"

ဘဦးရာကျော်က မေးတယ်။

"မဖြစ်လို့ပါ ... ဒကာကြီး။ အထူးသဖြင့် လူမသာမာတွေ မြင်တွေ့သွားရင် မကောင်းတဲ့ကိစ္စတွေ ဖြစ်မှာစိုးလို့ပါ။ ဒကာကြီးတို့ကိုတော့ ယုံကြည်လို့ပါ။ ဒကာကြီးတို့ တွေ့မြင်ပြီးရင်လည်း မည်သူ့ကိုမှ မပြောပြပါနဲ့။ ပြောချင်ရင်လည်း ဒကာကြီးတို့လို စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူမျိုးကိုပဲ သင့်လျော်သလို ပြောပြစေချင်တယ်"

"အရှင်ဘုရား ..."

"ပြောပါ ... ဒကာကြီး"

"ကြားရတာ အလွန် စိတ်ဝင်စားစရာပါပဲဘုရား။ မည်သည့်ရည်ရွယ်ချက်ကြောင့် တပည့်တော်တို့ကိုမှ ပြချင်တာပါလဲဘုရား"

"ဘုန်းကြီး အသက်ရှည်ရှည် နေခွင့်မရှိတော့ပါဘူး။ ဒီအကြောင်းတွေကို ယုံကြည်အားကိုးရယ့်သူ ပြောပြဖို့ ရှာနေမျှော်နေတာ။ ဒကာကြီးတို့ရဲ့ စေတနာ၊ မေတ္တာ၊ သမာဓိကို ဘုန်းကြီးကိုယ်တိုင် မြင်သိခဲ့ပြီးပါပြီ။ ခု ကိစ္





ဘာ ဂမ္ဘီရဆန်တယ်။ နက်ဖြန်ည မြင်ရတော့မှ ဂမ္ဘီရ ဆန်, မဆန် ရှေ့ဆက်ဘယ်လိုလုပ်သင့်တယ်ဆိုတာ ဒကာကြီး စဉ်းစား။ အဲဒါတွေ မြင်တွေ့ပြီး ဒကာကြီးဦးရာကျော်က ကျုပ်ကို အကူအညီတစ်ခုပဲပေး"

"ဘာကိုလဲ ဘုရား"

"ညည့်နက်လာပြီ ... ဒကာတို့ အိပ်တော့။ နက်ဖြန်ညကျမှ ကျန်တာ ပြောကြမယ်။ ကိုင်း ... ဘုန်းကြီး ကျောင်းပေါ်တက်တော့မယ်"

"မှန်ပါ ... ဦးတော်တင်ပါတယ် ဘုရား"

"သာဓု ... သာဓု ... သာဓု ... နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

ဘုန်းအိုကြီး အရှင်ဦးဝိဇ္ဇာ ကျောင်းပေါ်တက်သွားတော့ ကျွန်တော်တို့ ဆရာတပည့် စဉ်းစားစရာ အတွေးကိုယ်စီ ကျန်ခဲ့ကြတယ်။

"ဘုန်းကြီး ... ဘာပြမလို့လဲ မသိဘူးဗျ"

"သူပြောပုံအရ ဂမ္ဘီရဆန်တယ်ဆိုတာပဲ။ ကိုင်း ... နက်ဖြန်ညကျ သိရမှာပဲကွာ ဘာတွေ့တွေ့ မင်းက စာရေးဆရာပဲဥစ္စာ အရှုံးမရှိပါဘူး။ ကိုင်း ... အိပ်ကြစို့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၈ ]

❑

မနက်ပိုင်းတုန်းက ကုသိုလ်လည်းရအောင် ဦးဖင်းနှစ်ပါး၊ ကိုရင်ငါးပါးနှင့် ရွာထဲ ဆွမ်းခံဘုန်းကြီးကျောင်းသား လုပ်ခဲ့တယ်။

ရွာက ရွာတန်းရှည်သုံးတန်းရှိပြီး အိမ်ခြေ တစ်ရာဝန်းကျင်ခန့် ရှိတယ်ခင်ဗျ။ လယ်သမား၊ ယာသမားတွေမို့ သဒ္ဓါတရားရော၊ စေတနာပါ ထက်သန်ကြတယ်။ ဆွမ်းဗျပ်ဆိုင်းထမ်းကြီးကို ဘုန်းကြီးကျောင်းသား ကိုငှက်ရိုးနှင့် ရှေ့နောက် ထမ်းလာကြတာ။ ရွာဖျားလည်းရောက်ရော မနက်က ရေလာခပ်ကြတဲ့ ရွာသူမတွေနဲ့ အခြားရွာသူအပျိုတွေပါ တွေ့ရတယ်ဗျ။ ဆွမ်းဇလုံ၊ ဟင်းပန်းကန်တွေ ကိုယ်စီနဲ့။

"ဒီနေ့ ဘုန်းကြီးကျောင်းသားအသစ် ပါတယ်ဟေ့"

"မြို့သား စာရေးဆရာဆိုတာလားဟဲ့"

"ဟုတ်ပ ... ဟုတ်ပ ... သူဌေးသားတဲ့တော်ရေ"





"သူဌေးသားသာဆိုတယ် မြို့ကရောက်တုန်းကလည်း ဒီစွပ်ကျယ်နဲ့ ဒီပုဆိုးပဲ။ ဒီနေ့ ဆွမ်းခံလိုက်တော့လည်း ဒီစွပ်ကျယ်နဲ့ ဒီပုဆိုးဖါပဲလားအေ့"

ကျွန်တော်ဗျာ ဆွမ်းဗျပ်ကြီးထမ်းရင်း လှည့်မကြည့်ရဲဘူး။

"တို့ကြီးတော်ပြောတဲ့ "ဒါဝတ်သခင်" ဆိုတာ ဒီမြို့သား စာရေးဆရာကို ပြောနေမှာဟေ့"

အော်ပြီး ပြောနေကြတာဗျာ။

အားနာရမှန်း၊ သနားရမှန်း မသိကြဘူးနဲ့ တူရဲ့။

ကြာတော့ လမ်းလျှောက်ရ ခက်လာပါရော။

"လာပြီဟေ့ ... အပျိုခေါင်း လာပြီဟေ့"

"တော့် ... ရှင်မယ်မြ"

"ဘာတုံးအေ့ ... မတင်လှ"

"မြန်မြန်လာတော့ ... တော့်လင်ကြီး လာနေပြီ"

"ဟဲ့ ... ငါ့လင် ... နေပါဦး ... ငါ့လင် ပသူတုံးဟဲ့"

"မြို့သားစာရေးဆရာလေ ... မနက်တုန်းက တော် ဟိုဟာ ပေးလို့ ထွက်ပြေးတဲ့လူ တော့်လင်လေ"

"ဟေ ... ဘယ် ... ဘယ်မှာတုံး မိဖေ"

"ကိုငှက်ရိုးနောက် ဆွမ်းဗျပ်ထမ်းလိုက်လာတာ တော့်လင်ဆို"

ဒီမှာ အပျိုခေါင်းက ဆွမ်းဇလုံကိုင်ရင်းနဲ့ မြင်သွားပြီး ဝမ်းသာအားရဖြစ်ကာ ပါးစပ်ဖြဲရယ်လို့ဗျာ။

"ကိုငှက်ရိုး ..."

"ဘာတုံး ... စာရေးဆရာ"

"ကျုပ်အစား မောင်နိုးကို ထမ်းခိုင်းတော့ဗျာ။ ကျုပ် ပြန်တော့မယ်"

"ဟေ ... စာရေးဆရာရဲ့ ခင်ဗျားပဲ ရွာကိုပတ်ကြည့်ချင်လို့ ဆိုင်းထမ်းလိုက်လာတာ။ ဘာဖြစ်လို့ ပြန်မှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွပ် ... ဟို ... ဟို ... အပျိုခေါင်းဆိုတဲ့ မည်းမည်းတုတ်တုတ်ကြီးကို ကြောက်တယ်ဗျာ။ မောင်နိုး ... ရေ ... မောင်နိုး"

မောင်နိုးလည်း ခေါ်လို့မကြား။ ရှေ့ကသွားနှင့်လို့။ ကျွန်တော် မျက်ဆိုင်းထမ်းကြီးနဲ့ ပေပြီး ရပ်နေလိုက်တယ်။

"တော့် ... ဆိုင်းဗျပ်ထမ်း ဘုန်းကြီးကျောင်းသားတွေ ဘာလို့ ရပ်နေတာတုံး။ ဟင်းကောင်းဟင်းလျာတွေ နိုက်စားနေတယ်နဲ့ တူရဲ့ဟေ့။ မြန်မြန်လာကြပါ ... ကျောင်းသားတို့ရဲ့။ ကျုပ်တို့က အရမ်းမေးချင်နေလို့ပါတော့်"

"ဟီး ဟီး ဟီး ... တော်တို့မလာရင် ကျုပ်တို့လာလောင်းရမလားပြော"

အပျိုခေါင်းမမြရဲ့ အသံပြုပြုကြီးနဲ့ အော်သံက ရွာလယ်လမ်းကို လွှမ်းသွားတာပဲ။ ဓာတ်သိ ရွာသူ မိန်းမတွေကလည်း ရယ်ကြ၊ အော်ခေါ်ကြ။

"မြန်မြန်လာပါ ... ကိုငမှိုင်းရ ... ဟိုမှာ အော်နေပြီဟ"

"မ ... မလိုက်ရဲဘူးဗျ"

"ဟာ ... ခင်ဗျားတို့ မြို့သားတွေက မိန်းမများ ကြောက်စရာလားဗျာ။ လာ ... ကျုပ်ပါတယ်"

"ဟင့်အင်း ... အို ... အို ... ဟေ့လူ"

ကိုငှက်ရိုးက ရှေ့ကနေ ဆိုင်းထမ်းတံပိုး ကိုင်ဆွဲလျှောက်တော့ နောက်ကထမ်းလိုက်ရတဲ့ ကျွန်တော်လည်း ရပ်နေလို့မရတော့ဘူး။ နောက်ကနေ အပြေးလိုက်ရတော့တယ်။

ဒီလိုနဲ့ ဟင်းလောင်းမည့် အပျိုခေါင်းမမြတို့မိန်းမအုပ်ရှေ့ ရောက်လာကြပါရော။

"မြို့သားပါ ပါတယ်ဟေ့"

"ဒီနေ့တော့ အကျီအသစ်နဲ့တော့"

"ဟား ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"





"ရှင်မယ်အုံးရေ ... နင့်လင် အလှူကျရင် ဝတ်ဖို့ စာရေးဆရာဆီက အကျီအသစ် ငှားထားဟေ့"

"မီးပူတိုက်ထားတာ ကော့နေတာပဲတော် ... ခစ် ခစ် ခစ်"

ဓားပြမယ့်လို့ ကျန်ခဲ့တဲ့ တစ်ထည်တည်းသော စွပ်ကျယ်ကိုပဲ နေ့ည မနက်ဝတ်နေတာကိုများ တစ်ထည်တည်း ဒါပဲ ဒုံးခံဝတ်နေလို့ ကျွန်တော့်ကို "ဒါဝတ်သခင်" တဲ့။

ခု စွပ်ကျယ်ချိုင်းပြတ်နဲ့ ဆွမ်းခံလိုက် ဘုန်းကြီးကျောင်းသားလုပ်လာတာကို ကြည့်ပြီး အကြောင်းသိပြီးဖြစ်တဲ့ သူတို့က စကြပြောင်ကြပါပြီဗျာ။

"တိတ်ကြဟေ့ ... မြို့သား ရှက်နေပြီ"

အားလုံး အသံတိတ်သွားကြတယ်။ တော်ပါသေးရဲ့ဗျာ။ သူတို့ ဆွမ်းဗျပ်ထဲရှိ ဟင်းခွက်တွေထဲကို တူရာစပ်ရာဟင်းတွေ တစ်ဦးပြီးတစ်ဦး ထည့်ကြတယ်။

"မြို့သား ..."

"ဗျာ ... ဗျာ ..."

"ဘုန်းကြီးကျောင်းရောက်မှ ဝ,လာသလိုပဲတော့်"

"ဟာဗျာ ..."

ဒီမှာ ကိုငှက်ရိုးက အပျိုခေါင်းမမြကို ပြောရော။

"အပျိုခေါင်းလောင်းကြီး ..."

"ဘာ ... ဘာ ... ပြောတယ် ... ငှက်ရိုး"

"အာ ... အဲ ... မှားလို့ပါဗျာ .. အပျိုခေါင်းကြီးရာ၊ ဒါဆို ကျုပ်ဒီဘုန်းကြီးကျောင်းမှာ ရောက်နေတာကြာပြီ၊ ဘာလို့ မဝရတာတုံးဗျာ"

"နင်ကလား ..."

"ဟုတ်ပဗျာ"

"နင်က အလေလိုက်နေတော့ ပိန်တာပေါ့ဟဲ့ ... ငှက်ရိုးရဲ့"

"ဟာဗျာ ... အပျိုခေါင်းလောင်းကံတော့ လုပ်ပြီဗျာ"

"ကိုင်း ... မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"အား ... အား ... မလုပ်ပါနဲ့ဗျ ... အပျိုခေါင်း ... ခေါင်း အဲ ... အဲ ... ရရ"

အပျိုခေါင်းမမြက ကိုငှက်ရိုးရဲ့ ဗိုက်သားကို ဆွဲလိမ်ထားလို့ ကိုငှက်ရိုး အော်နေရပါရော။

"ရွာထဲမှ ခွေးမတွေ ဖီးနဲ့ဖြစ်နေတာ ဖုံစမ်းတော့မှ နင့်လက်ချက်မှန်း သိတာဟဲ့ ... ငှက်ရိုးရဲ့ ... မှတ်ပြီလား"

"အား ... မ ... လေးလေ ... မှတ်ပါပြီဗျာ ... အား ..."

ကိုငှက်ရိုးကို လွှတ်ပြီးနောက် ကျွန်တော့်ကို အပျိုခေါင်းက စိုက်ကြည့်နေပါရောဗျာ။

ကျွန်တော့်ရင်တွေ တဒိတ်ဒိတ် ခုန်နေပြီ။

ဆွမ်းလောင်းပြီး အပျို၊ အအိုတွေကလည်း အိမ်ထဲပြန်မဝင်ဘဲ အပျိုခေါင်းမမြနောက်ကနေ ရပ်ပြီး မမြရဲ့ခါးကို လက်နဲ့တို့ရော ...

"ဟဲ့ ... သောက် ..."

"ငါ့ဟာ အကြီးကြီးလို့ပြော"

"ငါ့ဟာ အကြီးကြီး ... ဟာ ... ဟဲ့မိန်းမတွေ ငါပါယောင်ကုန်ပါပြီတော်။ သွား ... ငါ့နောက်မှာ မနေကြနဲ့"

အပျိုခေါင်းက သူ့ခါးကို လက်ညှိုးနဲ့ထိုးပြီး ပေါက်ကရပြောပေးရင် ပြောတဲ့အတိုင်း လိုက်ပြောတာတဲ့။

ဒါနဲ့ ရွာသူအပျိုတွေ နည်းနည်းခွာလိုက်ကြတယ်။

"စာရေးဆရာလေး"

"ဗျာ ... အပျိုခေါင်း"

"ဒီနေ့ ဘုန်းကြီးကျောင်းသား လိုက်လုပ်တာပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ ... အစ်မကြီး"

"ရှိရှိသေသေ ပြောတတ်သားပဲ ... အဟဲ"

"အဲ ... အဲ ... အဟဲ ..."

ကိုယ်ကလည်း ရောယောင်ပြီး 'အဟဲ' လုပ်ရတယ်။

"စွပ်ကျယ်က ဆက်တစ်ထည်တောင် ရှိဆို ... ဟုတ်လား"





"အဲ ... အဲ ... တစ် ... တစ်ထည်ပဲ ... အခု ... ရှိ ... ရှိ ..."

"ဟုတ်တာပေါ့ ... အဲဒါကို ဆယ့်တစ်ထည်လို့ မခေါ်ဘူး။ ဆက်နေလို့ ဆက်တစ်ထည် ခေါ်တယ်။ အဲဒီ စွပ်ကျယ်အကျီလေး ... ပြန်ရောင်းခဲ့ပါလားတော့်"

"ဟာဗျာ ..."

"ဈေးကောင်းပေးပါ့မယ်တော့်"

"ဟာဗျာ ... ဟာဗျာ ..."

"မြတ်နိုးလွန်းလို့ မရောင်းဘူးဆိုလည်း ရှိပါစေတော်။ တော့်စာရေးဆရာကို မေးစရာရှိတယ်တော့်။ ဒါတော့ ဖြေသွားနော်"

"ဘာ ... ဘာကိုလဲ ... ခင် ... ဗျ"

"တော့်ကို ဓားပြတိုက်တော့ ဓားပြက ပုဆိုးချွတ်ခိုင်းတယ်ဆိုတာ ဟုတ်လားတော့်"

"အဲ ... အဲ ... ဟုတ် ... ဟုတ် ..."

"ဒီမှာ ဓားပြတောင် လန့်ပြီး အော်သတဲ့။ အဲဒါ ... ဘာကို မြင်သွားလို့ ဓားပြလန့် ..."

"ဟာဗျာ ... ဟာဗျာ ... ဟာဗျာ ..."

မတတ်နိုင်တော့ဘူးဗျာ ... သူမက အထမ်း ထမ်းပိုးကို ကိုင်ပြီး မေးနေတာ။ ဘာမှ မပြောတော့ဘူး။ ဟင်းဗျပ်ကို အသာမြေပြင်မှာ ချပြီး ပြေးရော။

နောက်ပိုင်းမှာ အပျိုခေါင်းနဲ့ မိန်းမသားတွေရဲ့ အော်သံ၊ ခေါ်သံ၊ ကိုငှက်ရိုးရဲ့ အော်သံတွေကို ကြားရတယ်။

"စာရေးဆရာ နေဦးလေ"

"ဖြေသွားဦးလေ ... ဟဲ့ ... ပြန်လာခဲ့ ... မပြေးနဲ့"

"မမြ ... ခင်ဗျား တော်တော်ကိုပြောင်တဲ့ မိန်းမပဲဗျာ။ အဲဒီမှာ ချော်ပြီး ပြေးပြီ။ ကျုပ် ဒီဆွမ်းဗျပ်ကို တစ်ယောက်တည်း ဘယ်လို ထမ်းရမှာတုံးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါတို့သိချင်တဲ့ကိစ္စ သူကမှ မဖြေတာကိုးဟဲ့ ငရိုးရဲ့"

"ဒီကိစ္စက ဖြေရမည့်ကိစ္စလားဗျ"

"သိချင်လို့ မေးတာပေါ့ဟဲ့ နင့်ယောက်ဖမို့ နင်က နာနေတာလား။ နင်ရော အဲဒီကိစ္စ သိလား"

"သိတယ်"

"သိရင် ပြောစမ်း၊ မားပြေ ဘာဖြစ်လို့ လန့်တာတုံး"

"ကျုပ် ဖြေပြီးရင် ခင်ဗျားတို့ သူ့ကို ထပ်မမေးနဲ့နော်"

"အေး ... မမေးဘူး"

"သေချာတယ်နော် ... မမြ"

"ငါ ထပ်ပြီး နင့်ဟိုဒင်းပါ လိမ်လိုက်ရမလား"

"အဲ ... အဲ ... ဒါတော့ မလုပ်နဲ့၊ ဒါလေးပဲ ရှိတာ ... ဟဲ ဟဲ ဟဲ ဟဲ"

"မြန်မြန်ပြော ... အနာကျကောင်ရဲ့"

"မားပြေ လန့်ပြီး အံ့ဩသွားတာက စာရေးဆရာ အတွင်းမှာဝတ်ထားတဲ့ ဘောင်းဘီက စုတ်ပြဲပြီး အပေါက်တွေဖြစ်နေတာမြင်ပြီး အတော်ချမ်းသာတဲ့ လူပဲဆိုပြီး အံ့ဩမျက်လုံးပြူးသွားတာတဲ့ဗျ ... ကိုင်း ... ရှင်းပြီလား ... ထို့ ..."

❁ ❁ ❁

# [၉]

❑

မှောင်လည်း မှောင်နေပြီ။ ကျွန်တော်တို့ ဆရာတပည့်လည်း ဘုန်းကြီးလာခေါ်မည့်အချိန်ကို မှောင်ထဲကနေ စောင့်မျှော်နေကြတယ်။ စောင့်ရင်းနဲ့ စဉ်းစားတယ်။

အဘကို ဘုန်းကြီးအိုက တကယ်ယုံကြည်နေတယ်။

အဘကို ကျွန်တော်လည်း သက်ဝင်ယုံကြည်ပါတယ်။ အဘ အလွန်ထူးဆန်းတဲ့ လူတစ်ဦးဆိုတာ သူများထက် ကျွန်တော်က ပိုသိတာပေါ့ဗျာ။

သို့သော် အဘ 'ဖောက်ချီ' ဝင်သွားမှာကိုတော့ အရမ်းစိုးရိမ်တယ်။ အဘ 'ဖောက်ချီ' ဝင်တာကို မြင်သွားရင် သူ့ကို အံ့ထင်လွဲသွားနိုင်တယ်။

အဘက ပြောလို့မရဘူးဗျ။

ခရီးစထွက်တုန်းကတော့ ပြောထားပြီးသားပါ။ အဘ ကျွန်တော့်ရဲ့နေပါ။ အရှုးလို ပေါက်ပြီး ထွက်မသွားပါနဲ့။ လမ်းမပေါ် ထွက်မကပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com



အေး ... မကာဗါဘူး၊ မရှူးပါဘူးလို့ ပြောပေမင့် ကချင်ကတာ သူ့ဘဝ၊ သူ့အကြောင်း ဖြစ်ကြောင်းကုန်စင်က သိဖို့ အလွန်ခက်ပြီး နက်နဲတယ်။

ကျွန်တော့်အတွေ့အကြုံအရ အဘက အလွန်ထူးဆန်းတဲ့ လူတစ်ဦးပဲ။ သည်းခံတဲ့နေရာမှာလည်း ပြိုင်စံရှားဖြစ်သလို ...

ဒေါသဖြစ်ပြီဟေ့ဆိုရင်လည်း ...

ကျား၊ ခြင်္သေ့ထက် အဘ ပိုဆိုးတယ်။

သို့သော် သူ မတရားတာ လုံးဝမလုပ်ဘူး။ မဟုတ်မမှန်တာ စိုးစဉ်းမျှ မလုပ်ဘူး။

သူ့အကြောင်းကို ကျွန်တော် လူထူးဆန်းဘတိုက်ပုံဦးရာကျော် ဆိုပြီး ဝတ္ထုရှည်တစ်အုပ် ရေးဖူးတယ်။ သူ့အကြောင်း ဖတ်မိတဲ့ စာဖတ်ပရိသတ်တွေက အဘအကြောင်းကို သိသွားပြီး ...

ကျွန်တော့်ထံကို စာရေးကြ၊ လူကိုယ်တိုင် လာတွေ့ကြပါရောဗျာ။

အဘတိုက်ပုံဦးရာကျော် တကယ်ရှိသလား ...

ဘတိုက်ပုံကြီး ဘယ်မှာနေလဲ။

အဘရဲ့လိပ်စာကို သိပါရစေ။

အဘကို ကိုယ်တိုင် တွေ့ပါရစေ ...

အဘကို အလွန်ထူးဆန်းတဲ့ ဖြစ်ရပ်တွေ ပြောပြချင်လို့ပါတဲ့။ ကျွန်တော်လည်း နွေစဉ် ရှင်းပြရ၊ ထုတ်ဝေသူ ကိုတင်ထွန်းမလည်း လာမေးသမျှလူကို နားလည်အောင် အရှည်ကြီး ဇာတ်စုံရှင်းမပြတတ်။

ကိုတင်ထွန်းကလည်း စာရေးဆရာ ကိုမှိုင်းကိုမေးပါ ... ကျွန်တော်လည်း ဘတိုက်ပုံဦးရာကျော်ကို မမြင်ဖူးသေးပါဘူး ရှင်းပြ''

ဒီအကြောင်းကို အဘလည်း သိရော ...

ကျွန်တော့်ကို အကြီးအကျယ် ဆူပူပါလေရော။

မင်း ဘာလို့ ငါ့အကြောင်းတွေ မဟုတ်မဟပ် ရေးရတာလဲ။ မင်း ပေါက်ကရတွေရေးလို့ အခု ငါပါ အနေကျပ်နေပြီဆိုပြီး အပြစ်ပြောပါရော။

''နောင်ကို ကျွန်တော် အဘအကြောင်း မရေးတော့ပါဘူးဗျာ''

''မင်းပြောလိုက်ရင် မရေးတော့ပါဘူးပဲ။ ပြီးရင် ဟိုမဂ္ဂဇင်း၊ ဒီမဂ္ဂဇင်းမှာ မင်းပဲ ငါ့အကြောင်းတွေ ရေးတော့တာပဲ။ ငါ မင်းကို တပည့်





သားမြေးလို ပေါင်းသင်းဆက်ဆံနေတာ ငါ့အကြောင်း နာမည်ကြီးအောင် ရေးပေးဖို့ ပေါင်းသင်းဆက်ဆံတာ မဟုတ်ဘူးကွ။ တစ်နေ့ မင်း ငါတို့လမ်းကြောင်းပေါ် ရောက်မယ်ဆိုတာ ငါ ကြိုမြင်နေလို့ မင်းကို လမ်းကြောင်းမှန်ပေါ် သမ္မာဒိဋ္ဌိကျကျ မြင်တတ်သိတတ်အောင် ငါ ဆွဲခေါ်နေတာ။ မင်းက ထူးဆန်းရင် ရေးပြီ။ ငွေပြတ်ရင် ရေးပြီ။ အေးလေ ... နုတုန်းမှာတော့ မင်းထင်ရာစိုင်းပေါ့။ တစ်နေ့ မင်း ငါ့လိုဖြစ်လာရင် မင်းရေးတဲ့ စာအုပ်တွေ မင်းရဖူးတဲ့ ငွေတွေ၊ ဂုဏ်တွေကို လုံးဝ အထင်ကြီးတော့မှာ မဟုတ်ပါဘူးကွာ''

သူ ကျွန်တော့်အပေါ် သံယောဇဉ်ကြီးမှန်း သိပါတယ်။

အဘက ကျွန်တော်လည်း တစ်နေ့ကျရင် သူလိုဖြစ်ရလိမ့်မယ်တဲ့၊ ကျွန်တော်နဲ့ သူနဲ့ ရေစက်ပါ ပဋ္ဌာန်းဆက်ပါတယ်တဲ့။

သူ့အာရုံထဲမှာ ကျွန်တော့်ရုပ်သွင် ပေါ်နေတာ ကြာပြီတဲ့။

သို့သော် ကျွန်တော်နဲ့သူ ချက်ချင်း မဆုံနိုင်ဘူးဆိုတာလည်း သူကြိုသိနေတယ်လို့ ပြောတယ်။

သူ့မှာ ထူးကဲအာရုံသိမှု ရှိနေတာတော့ အမှန်ပဲ၊ သို့သော် ဒီအာရုံက အမြဲတမ်းမရတာလည်း ဖြစ်သလို၊ တစ်ခါတစ်ရံ နေရင်းထိုင်ရင်းကနေ အလိုလို သိနေတာလည်း ရှိတယ်။

ဒီအကြောင်းအရာတွေကို ကျွန်တော့်ရဲ့ ဦးနှောက်အသိဉာဏ်နှင့် တိုင်းတာ ခန့်မှန်းလို့ မရဘူး။

လူတိုင်း သူ့အကြောင်းကို မသိကြပေမင့် သူ့အကြောင်းကို ကျွန်တော် အတော်အတန် သိနေတယ်။

သူနဲ့ ကာလအတန်ကြာ ပေါင်းသင်းမိနေပါသော်လည်း ...

သူ့နာမည်အရင်း ကျွန်တော် မသိသေးဘူး။

သူ့မိဘ ဘယ်သူပါဆိုတာ ကျွန်တော့်ကို မပြောဘူး။

သူ့ပညာအရည်အချင်း ဘယ်လောက်ရှိလဲ မသိရဘူး။

သို့သော် လိုအပ်လာရင် ...

သူ ဟိန္ဒူလို၊ ကုလယ်လို၊ အင်္ဂလိပ်လို ပြောနိုင်တာ ကျွန်တော် မြင်ဖူးတယ်။

သူ့မှာ သားမယားရှိလားလို့ ကျွန်တော် မေးဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးကွာ"

"ရည်းစားတော့ ရှိမှာပေါ့ ... အဘရဲ့"

"အဟဲ ... ဟဲ ... ဟ ..."

"ရှိတယ်မဟုတ်လား"

"မင်းကွာ ... လူကြီးကို ကလေးကလား စကားတွေ မေးရလား ငမှိုင်းရာ။ ရှိရှိ၊ မရှိရှိ မင်းနဲ့ ဘာဆိုင်လို့တုံးကွ"

"ရှိရင် မိတ်ဆက်ပေးပါလို့ ပြောမလို့ပါဗျာ"

"ဖွီ ... မင်းတို့၊ သိန်းဝင်းတို့နဲ့များ ငါ့မှာ ရည်းစားရှိခဲ့ရင်တောင် ယောင်လို့ မိတ်မဆက်ပေးဘူးဟေ့"

"ဘာဖြစ်လို့တုံးဗျ ... အဘရ"

"ဖွီ ... မင်းတို့က မိန်းကလေးချောရင် ... ဟွန်း ... မပြော ချင်ဘူး"

"ဒါဆို အဘရည်းစားက ချောတယ်ပေါ့"

"တိတ်တော့ကွာ ... နားကလောတယ်"

"ရှိ၊ရှိတယ်ပေါ့ဗျာ ... ကျွန်တော်တို့တော့ ရည်းစား ပေါ်မှ ပေါ်ပဲ"

"ပင်နီစလင်တော့ ဆောင်ထားပေါ့ကွာ"

"အသန့်လေးတွေပါဗျ ... ခန့် ... သန့်လေးတွေပါ"

"ထွီ ... ဘုရားစူးကြိမ်ပြောလည်း ဘုရား လည်ပင်းကျိုးရုံရှိမှာ ပဲဟေ့ ... အဟေ ... ဟေ့ ... ဟေ့ ..."

ဘယ်တော့မှ သူ့အကြောင်း မေးလို့မရဘူး။

"ဒကာကြီးတို့ ..."

"ဟော ... ဘုန်းအိုနဲ့ တူတယ်ဗျ"

"ဘာဘုန်းလားဘုရား"

"ဟုတ်တယ် ... လာ ... လာ ... သွားကြမယ်"

အချိန်က သက်ကြီးခေါင်းချချိန် ရောက်နေပြီ။ ကျွန်တော်တို့သုံးဦး မှောင်နေတဲ့ ကျောင်းဝိုင်းထဲက ထွက်လာခဲ့ကြတယ်။

ဘုန်းအိုကြီးက ကျွန်တော့်လက်ထဲကို မီးတုတ်နှစ်ချောင်း ပေး ထားပြီး ရှေ့ကနေ သွားနေတယ်။ စကား လုံးဝမပြောဘူး။

လရောင်ပျပျလေးက ကောင်းကင်မှာ ပက်လက်လေး။





ရွာပြင်ကို ရောက်လာကြတယ်။ လယ်ကွင်းအချို့ကို ဖြတ်ခဲ့ကြ တယ်။ ဘုန်းအိုကြီး ခလုတ်တစ်ချက်မတိုက်ပုံထောက်ရင် ဒီနေရာကို သွား လာဖူးပုံရတယ်ဗျာ။

"မရောက်သေးဘူးလား ဘုရား"

"လိုသေးတယ်"

တစ်နာရီနီးပါး လယ်ကွင်းတွေကို ဖြတ်ပြီးနောက် ချောင်းတစ်ခုရှေ့ ကို ရောက်လာပြီး ဘုန်းအိုကြီးက ရေစပ်မှာမြှုပ်ထားတဲ့ လှေကို ဖော်လိုက် တယ်။

"ချောင်းရိုးအတိုင်း လှေနဲ့ သွားရမယ် ... လှေပေါ်တက်"

ကျွန်တော်တို့သုံးဦး လှေပေါ်ကို တက်ပြီးရော ဘုန်းအိုကြီးက လှေတက်နှင့် လှေကို လှော်လိုက်တယ်။

"ဘာဘုန်း ... တပည့်တော် လှော်ပေးမယ်ဘုရား"

"နေ ... နေ ... ဒကာကြီး၊ ထိုင်သာနေ။ ဘုန်းကြီး လှော်နိုင် တယ်။ လှေကပ်ရမည့်နေရာက ဘုန်းကြီးပဲသိတယ်"

ဘုန်းအိုကြီးက ရေဆန်ချောင်းကို ကျွမ်းကျင်စွာ လှော်ခဲ့လိုက် တာ နောက်ထပ် နာရီဝက်ခန့်ကြာတော့ သစ်ပင်တွေ အုပ်ဆိုင်းနေတဲ့ တော အုပ်ရေစပ်ကို ရောက်ပြီး လှေဆိုက်လို့ ကမ်းပေါ် တက်ခဲ့လိုက်ကြတယ်။

"တောအုပ်ထဲကို ဝင်ရမယ် ... ဒကာလေး ... မီးတိုင်တွေ ထွန်း"

ကျွန်တော်က ဘုန်းအိုကြီးပေးတဲ့ ကြေးမီးခြစ်နဲ့ မီးတိုင်နှစ်တိုင် ကို ထွန်းလိုက်တော့ မီးအလင်းရောင်နှင့် ခပ်စိပ်စိပ်ပေါက်နေတဲ့ သစ်ပင် စုံတော အဝင်ကို မြင်လိုက်ရတော့တယ်။

ဘုန်းအိုကြီးက မီးတိုင်ကို ကိုင်ပြီး ရှေ့ကသွားရင်း ...

"ဒကာကြီးတို့ ..."

"ဘုရား ..."

"မြွေဆိုးတွေပေါတယ်၊ အောက်ကို ဂရုစိုက်ကြည့်သွား"

"မှန်ပါဘုရား"

ဒီလိုနဲ့ သုံးယောက်သား ရှေ့နောက်တန်းစီပြီး လူတစ်ယောက် ဝင်သာရုံလမ်းအတိုင်း မီးတိုင်တွေ မြှောက်လို့ သွားနေတုန်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖျိုး ..."

"ဟာ ... မြွေကြီးဟေ့ ... နောက်ကိုဆုတ်ကြ"

"ဖျိုး ... ဖူး ..."

ဒီမှာ ကျွန်တော်က အနီးအနားကို မီးရောင်နဲ့ ကြည့်လိုက်တော့ ဂဝံအုတ်ခဲတစ်လုံးတွေ့တာနဲ့ ကောက်ပြီး ပစ်မယ်လုပ်ရော ...

"မပစ်နဲ့ ... မောင်မှိုင်း"

"မြွေငန်းကြီးဗျ ... အဘရ"

"ဟုတ်ပါတယ် ... အသာနေပါ"

ဘုန်းကြီးအိုလည်း လူခါးဝတ်ခန့်အမျှ ကိုယ်ရပ်ပါးပျဉ်းထောင်ပြီး မျက်လုံးရဲရဲကြီးနဲ့ စိုက်ကြည့်မာန်ဖီနေတဲ့ မြွေငန်းကြီးကို ကြည့်ပြီး စိုးရိမ်နေတယ်။ ဒါနဲ့တစ်ပြိုင်နက် အရပ်လေးမျက်နှာက မြွေတွန်သံတွေ ကြားရပါရော။

ခဲနဲ့ ပစ်ခြောက်ဖို့လုပ်တဲ့ ကျွန်တော့်လက်ကို အဘ ဆွဲထားပြီး လက်ထဲက ခဲလုံးကို ယူလို့ အခြားကို လွှင့်ပစ်လိုက်ပြီးနောက် ...

မြွေငန်းကြီးရှေ့မှာ ရဲရဲဝံ့ဝံ့ ရပ်လိုက်ပါရော။

"ဒကာ ... ဒီငန်းကြီးတွေက အဆိပ်အလွန်ပြင်းပြီး အညိုးကြီးတယ်နော်"

အဘ ဘာမှပြန်မပြောဘူး။ ပါးပျဉ်းကြီးထောင် တဖျိုးဖျိုး ဒေါသထနေတဲ့ မြွေငန်းရှေ့မှာရပ်ပြီး မန္တန်တစ်ပုဒ်ကို ရွတ်ဆိုလိုက်တယ်။

"ရှီ ရှီ ရှီ ရှီ"

မြွေတွန်သံတွေ အများကြီးပါလား။

"ဥုံ ... ထိပ်မှာဘုရား၊ နားမှာဗြဟ္မာ၊ လည်မှာသိကြား၊ ကိုယ်မှာ ဘုမ္မစိုး၊ မျက်စိမှာ နေမင်း၊ ခံတွင်းမှာ ခြသေ့်၊ လက်မှာ ဂဠုန်၊ ခြေမှာ နဂါး စောင့်ရှောက်ထားသည် ...

ဘုရား မေတ္တေယျကို အပဲ့ဝန္တာမိ ဇေဂ္ဂပရိတ္တံ မာရရက္ခံတု ဥုံ ... ဥုံ ... ဥုံ"

ဘတိုက်ပုံရယ်ဗျာ ... မြွေငန်းကြီးရှေ့မှာ မန္တန်တစ်ပုဒ်ကို တဥုံဥုံ ရွတ်ဆိုနေတယ်။ ဘုန်းကြီးအိုနဲ့ ကျွန်တော်လည်း တထိတ်ထိတ်။ မြွေငန်းကြီးက မန္တန်ရွတ်နေတဲ့ အဘိုးကြီးအိုကြီးရှေ့ကို လျှာခနဲထိုးပြီး ခေါင်း





နောက်လှန် အားယူပြီး ပေါက်လိုက်ချိန် ... သွားပြီဟလို့ ပါးစပ်ဟပြီး အံ့အားသင့်နေချိန်မှာပဲ ...

အဘက သူ့ညာလက်ဝါး ဖျတ်ခနဲ လှမ်းထောင်ကာလိုက်ရော။

အလို ... ဒေါသတကြီး ပေါက်လိုက်တဲ့ မြွေငန်းကြီးရယ် ... လမ်းခုလတ်မှာ ခေါင်းရပ်သွားပြီး အစွယ်မထုတ်၊ မပေါက်နိုင်ဘဲ ရပ်တန့်နေပါရောဗျာ။

ဘုန်းအိုကြီးနဲ့ ကျွန်တော်တို့ အံ့ဩမျက်လုံးပြူးနေစဉ်မှာပဲ ဘတိုက်ကြီးရယ်ဗျာ ... မြွေငန်းကြီးရဲ့ လည်ပင်းကို ကိုင်ပြီး ဆွဲလိုက်တာ ... ဘုရား ... ဘုရား ... လူသန်ကြီး လက်ဖျံလုံးခန့် ကြီးမားတုတ်ခိုင်တဲ့ မြွေကြီး လူးလွန့်ပြီး သူ့လက်ထဲ ပါလာပါရောဗျာ။

သည့်နောက် မြွေငန်းကြီးကို တိုးတိုးစကား ပြောနေရဲ့။

မြွေတွေဟာ နားမကြားဘူးလို့ ကျွန်တော် ကြားဖူးတယ်။

မြွေဟာ ရင်ဘတ်နဲ့ ရန်သူရဲ့ မြေပြင်ပေါ်မှာ သွားလာလှုပ်ရှားမှုကို အာရုံခံပြီး တုံ့ပြန်တာလို့ သိထားတာဗျာ။

အခု ... အဘက မြွေရဲ့မျက်လုံးကို သူ့မျက်စိရှေ့နားကပ်ပြီး အတွတ်တွတ်ပြောနေတယ်။ ပြောလို့ဝရော မြွေငန်းကြီးရဲ့ဦးခေါင်းကို လက်ဝါးနဲ့ သုံးကြိမ်သပ်ပြီး မြေကြီးမှာချပေးလိုက်ရော ...

မြွေငန်းကြီးက မြေပြင်လမ်းမှာ အသေကောင်လို ငြိမ်နေပါရောဗျာ။ အဘတော့ မြွေငန်းကြီးရဲ့အသက်ကို သူ့ပညာနဲ့ နုတ်လိုက်ပြီနဲ့ တူပါရဲ့ဗျား ဒုက္ခတွေရောက်ကုန်တော့မယ်နဲ့ တူပါရဲ့။

ဒီအဘက စင်းစင်းကြီး အသက်မရှိသလို မလှုပ်ရှားဘဲ စန့်နေတဲ့ မြွေငန်းကြီးရဲ့အမြီးကို ညာလက်နဲ့ ပုတ်လိုက်ရော ... အံ့ရောဗျာ ..

ငန်းမြွေကြီးဟာ ဖြုန်းခနဲ ပါးပျဉ်းထထောင်ပြီး ဘယ်ညာလှုပ်ရှားပြီး တွန့်လွန့်တွန့်လျှောနဲ့ အမှောင်ထဲဝင်ပြေးလိုက်တာ လုံးဝ မမြင်ရတော့ဘူးဗျာ။

"ဘဘုန်း ... ကြွလို့ရပါပြီ ဘုရား"

"ဒကာကြီး ..."

"ဘုရား"

"ဒကာကြီးက မြွေငန်းတွေလည်း နိုင်တာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်တယ်လို့ မဟုတ်ပါဘူးဘုရား။ ဒါ မြွေအာစီးထည့်လိုက်တာပါ။ ဒီနေ့ညအဖို့ သူတို့ တပည့်တော်တို့ကို အန္တရာယ်မပြုနိုင်တော့ပါဘူး ဘုရား"

"အင်း ... ကျုပ် ယုံကြည်ခန့်မှန်းတဲ့ အတိုင်းပါပဲ။ ဦးရာကျော်ဟာ ယုံကြည်စိတ်ချရသလို အရေးရှိ အကြောင်းရှိ အားကိုးလို့ရမည့်သူဆိုတာ ယုံပါပြီလေ။ ဟိုးရှေ့တစ်မြင်ဆိုရင် ရောက်ပါပြီ"

ကျွန်တော်တို့ လမ်းကွေ့တွေများတဲ့ တောလမ်းကလေးတွေကို ကွေ့ရင်း သွားရင်းနဲ့ ရှေ့မှာ လမ်းက အနည်းငယ် ကျယ်လာတယ်။

လမ်းကျယ် ပေ (၅၀) ခန့် သွားပြီးနောက် ဆူးချုံတွေ၊ နွယ်ချုံတွေ ယှက်နေတဲ့ လမ်းကျဉ်းကနေ ဝါးပိုးတောကြီးကို မြင်လိုက်ရတယ်။

ဝါးပိုးဝါး တစ်လုံးတစ်လုံးဟာ မောင်းထောင်းတဲ့ဆုံမျှကို ကြီးတာပါပဲဗျာ။ ဘုန်းအိုကြီးက ဖရာမ ဝါးပိုးပင်ကြီးတွေ ကြားကနေ ခေါင်းဆောင်ပြီး သွားနေတယ်။

အရပ်လေးမျက်နှာက ဝါးပိုးပင်တွေ ကြခတ်ရုံတွေနဲ့ ဝိုင်းရံနေတာပဲ။ ဒီမှာ ဘုန်းအိုကြီးက ရပ်ပြီး မီးတုတ်ကို ထောင်ပြလိုက်ရော ...

ကျွန်တော်တို့ မြင်လိုက်ရတာက ...

လေးထောင့် တိုက်အိုပျက်ကြီးဗျာ။

အုတ်တိုက်ပျက်ပေါ်မှာ ညောင်ပင်မြစ်တွေ ပတ်လို့။

ရေညှိမျိုးစုံတက်နေတဲ့ အုတ်ကျိုးအုတ်ပဲ့တွေကတော့ ဥဒဟို ပြန့်ကျဲနေသလို၊ အချို့ အုတ်ပုံတွေပေါ်မှာတော့ တောကန်စွန်းရိုင်းပင်တွေနဲ့ ဆိတ်နို့နွယ်ပင်တွေ အုံ့ဖွဲ့ဖုံးလွှမ်းလို့။

အုတ်တွေကျိုးပဲ့ အန်ထွက်လု အုတ်တိုက်ပျက်ကတော့ အရွက်ကြီးကြီး နွယ်ပင်တွေနှင့် ညောင်မြစ်တွေ စူးဝင်ကုတ်ယှက်လို့။

"ဒီနေရာပဲ ... ဒကာကြီး"

"ဒါ ... ဘာအုတ်တိုက်လဲ ဘဘုန်း"

"ရှေးတုန်းက တစ်ဝဂ္ဂဘုရားစေတီလို့ သိရတယ်။ ဒီနေရာမှာ တစ်ဝဂ္ဂစေတီအောက်ခံ လေးထောင့်အုတ်ကျောင်းရယ်လို့ကို သိတဲ့လူ တစ်ယောက်ပဲရှိတယ်။ ပြီးရင် ဘုန်းကြီးပဲရှိတယ်"

"နောက်တစ်ယောက်က ဘယ်သူလဲဘုရား"





"နောက်မှ ပြောပြမယ်။ မိုးလင်းသွားလို့ မဖြစ်ဘူး။ ဘုန်းကြီးတို့ အထဲကို ဝင်ကြမယ်"

"အန္တရာယ်ရှိမလား ဘုရား"

"မြွေရယ်၊ တစ္ဆေရယ်ပဲ ရှိနိုင်တယ်။ တစ္ဆေက ကြောက်စရာမလိုဘူး မြွေပဲဂရုစိုက်။ ဝင်ကြစို့"

ကျွန်တော်က ကျောထဲကနေ ကြက်သီးဖျန်းခနဲထပြီး ခေါင်းနားပန်း ကြီးသွားတာနဲ့ အဘရဲ့တိုက်ပုံကို ဆွဲထားမိရော။

"ကြောက်လို့လားကွ"

"အင်း ... အင်း ..."

"မကြောက်ပါနဲ့ကွာ ... သေရင်လည်း တို့သုံးယောက် အတူပဲဥစ္စာ။ ပျော်စရာတောင် ကောင်းသေးသကွ။ ပေး ... ငါ့ကို မီးတုတ်"

အဘက ကြောက်နေတဲ့ ကျွန်တော့်လက်ထဲကနေ မီးတုတ်ကို လှမ်းယူလိုက်တယ်။ လူနှစ်ယောက်ဝင်လို့ရတဲ့ ရှေးဟောင်း တစ်ဝဂ္ဂအုတ်ကျောင်း ဝင်ပေါက်ကနေ ဘဘုန်းရှေ့ဆောင်ပြီး တစ်လှမ်းချင်း ဝင်ခဲ့ကြတယ်ဗျာ။

အုတ်ကျိုးတွေနဲ့ တောမုန်လာအရိုင်းပင်တွေက အုတ်ကျိုးတွေကြားမှာ အရွက်ဖားဖားနဲ့ ရှိလို့။

အုတ်တိုက်က အထဲရောက်မှ အတော်ကြီးသလိုပဲ။

အထဲမှာ အကန့်တွေကလည်း အုတ်နဲ့ကန့်ထားတယ်။ မီးတုတ်နှစ်ခုရဲ့ အလင်းရောင်ကြောင့် အားလုံးကို အထင်အရှားမြင်နေရတုန်း ..

"ဖရှူး ဖရှူး ဖရှူး"

"ကျီ ကျီ"

"ဝုန်း ဝုန်း"

"မီးတိုင်နဲ့ ယမ်းလိုက်"

"ကိုင်းဟာ ..."

"ဝေါ ... ဝရော ဝရော"

ကျွန်တော် လန့်ပြီး အဘရဲ့ခါးကို ဖက်ပြီး ထိုင်ချလိုက်ချိန်မှာပဲ အုတ်တိုက်ခန်း အိုဟောင်းထဲကနေ ကြွက်အော်သံမျိုးနဲ့အတူ အကောင်တွေ အုပ်လိုက် ပျံသန်းထွက်လာတဲ့အသံ ကြားရပါရော။



www.burmeseclassic.com

www.burmeseclassic.com



အချို့အကောင်တွေရဲ့ တောင်ပံတွေက ကျွန်တော့်နားရွက်ကို ထိပြီး စူးခနဲခံစားရလို့ လက်နဲ့စမ်းလိုက်ရော ...

နားရွက်မှာ သွေးစတွေ ပေနေပါရော။

"မကြောက်နဲ့ကွ ... လင်းဆွဲတွေပါ။ မီးရောင်နဲ့ လူသံကြားလို့ လန့်ပြေးတာ။ ဒီကောင်တွေ မကိုက်မိစေနဲ့ကွ။ ကိုက်မိရင် အဆိပ်ရှိတယ်ဟေ့"

မီးတုတ်နှစ်ချောင်းနဲ့ ဘယ်ညာဝှေ့ယမ်းလိုက်လို့ မကြာခင်မှာပဲ လင်းနို့တွေရဲ့အသံကို မကြားရတော့ဘူး။

အပြင်မှာတော့ လင်းဝက်တွေရဲ့အော်သံက ညံနေတာပဲ။

တစ်ဝဂူပုံသဏ္ဌာန် အုတ်တိုက်အိုကြီးက အတော်ကျယ်တာပဲ။ အပေါ်မှာ စေတီရှိခဲ့ရင်လည်း ဉာဏ်တော် သေးမယ်မထင်ဘူး။

ကြည့်ရတာ အထဲမှာ တရားထိုင်လို့ရတဲ့ တစ်ပါးထိုင် အုတ်ခန်းလေးတွေ အကန့်လိုက် ဖွဲ့ထားပုံမျိုးဗျ။

အုတ်အကာတွေရှေ့မှာ ကျောက်ခုံငယ်လေးတွေရှိပြီး ကျောက်ခုံပေါ်မှာ ဦးခေါင်းမရှိတဲ့ ကျောက်ဘုရားရုပ်ပွားတော် လက်မရှိတဲ့ ရုပ်ပွားတော်အချို့ ရှိနေတယ်။

အချို့သော ဘုရားတွေက ဆွေးစပြုနေတဲ့ အက်ကွဲအုတ်ပေါက်တွေကြားမှာ စိုက်မြှုပ်နေတာလည်း ရှိရဲ့။

ဒီလိုနဲ့ လေးဘက်နံရံနဲ့ အုတ်ကန်တွေရှိတဲ့အထဲကို ဝင်လာပြီးနောက် ဘုန်းကြီးအိုက (၅)ပေပတ်လည်ခန့် အခန်းထဲကို မီးတုတ်နဲ့ ဝင်လိုက်တယ်။ ပြီး အောက်ခြေကို လက်ညှိုးထိုးပြတယ်။

မြေကြီးကြွက်စာနဲ့ ဖုံးစပြုနေတဲ့နေရာ။

မြေကြီးကြွက်စာတွေကို ဘုန်းအိုကြီးက သူ့ခါးမှာ ချိတ်ယူလာတဲ့ အရှည်တစ်ထွာကျော်ရှည်တဲ့ တူးရွင်းပြားငယ်နှင့် ထိုးပယ်လိုက်ရော အုတ်ချပ်တွေ ကပ်စီထားတဲ့ အုတ်စီအတန်းကို မြင်ကြရတယ်။

ကျွန်တော်နဲ့ အဘကလည်း ခုချိန်ထိ ဘာလဲဆိုတာ မသိသေးဘူး။

အကြောင်းမဲ့သက်သက်တော့ ဒီလိုမြွေဆိုးပေါတဲ့တောထဲ ညဉ့်အချိန် လူမမြင်၊ သူမမြင် လျှို့ဝှက်ပုန်းလျှိုး လာတာကလည်း ထူးခြားလျှို့ဝှက်တဲ့အကြောင်း ရှိလို့နေမှာပဲ။





အုတ်ခဲတွေက ဂဝံလေးထောင့် အုတ်ခဲကြီးတွေ။ ဘုန်းအိုကြီးက တစ်ချပ်ကို သံတူးရွင်းငယ်နဲ့ ကလန့်ကော်လိုက်တော့ အုတ်ခဲကြွလာရော။ ကြွလာတဲ့အုတ်ခဲကို မ,ယူပြီး ဘေးမှာချထားတယ်။

ပြီး ... ဂဝံအုတ်ခဲတွေကို တစ်ခုပြီးတစ်ခု ဖယ်လိုက်ရော ...

အောက်မှာ သစ်သားတုံး (ကျွန်းတုံးပြား) လေးခု ဆက်ထားတာကို မြင်ရပါရောဗျာ။ လျှို့ဝှက်ပုံကတော့ သေချာနေသလိုပါပဲဗျာ။

အဘကလည်း တစ်ခွန်းမှ မမေးဘူး။

ဘုန်းကြီးအိုကြီးကလည်း ဘာတစ်ခွန်းမှ မပြောဘဲ အနီးရှိ အုတ်ကြားမှာ မီးတိုင်ကို စိုက်လိုက်တယ်။ သည့်နောက် ကျွန်းတုံးပြား (၆)ချပ်ကို တစ်တုံးပြီးတစ်တုံး ကော်မ,တော့ အဘက ကျွန်တော့်လက်ထဲ မီးတုတ်ထည့်ပြီး ကျွန်းပြားတုံးတွေကို သူ့လက်သန်သန်နဲ့ ပိုင်းမ,ယူပြီး ကျောက်တုံးတွေနံဘေးမှာ ထပ်စီလိုက်တယ်။

ကျွန်းတုံးပြားတွေက (၄) ပေခန့်ရှည်ပြီး (၄)လက်မခန့် ထုတာပဲတဲ့။ အလို ... ကျွန်းတုံးပြားတွေ ဖယ်လိုက်ရော အောက်မှာ အပေါက်ကြီးဗျာ။

ဒီတော့မှ ဘုန်းကြီးအိုကြီးက စကား စပြောတော့တယ်။

"ဒကာ ... ရာကျော်"

"အမိန့်ရှိပါ ဘဘုန်း"

"အောက်မှာ ဥမင်လိုဏ်ရှိတယ်"

"ဟုတ်လား"

"အဆင်းမှာ လှေကားထစ်တွေရှိတယ်။ ကျုပ်တို့ အထဲကို ဆင်းရမယ်။ လာ ... ဘုန်းကြီး ရှေ့ကဆင်းမယ်"

ဘုန်းအိုကြီးက မီးတိုင်ယူပြီး တစ်လှမ်းချင်း ဆင်းသွားပါရောဗျာ။ ဒီမှာ ဘုန်းအိုကြီးရဲ့ မီးတိုင်အလင်းရောင်နဲ့ မြေအောက်ကိုဆင်းတဲ့ လှေကားထစ်တွေကို မြင်ရပါရော။

"ငမှိုင်း ... ဆင်းမယ်ဟေ့"

"ဖြစ် ... ဖြစ်ပါ့မလား ... အ ... အဘ"

"ဘာလို့မဖြစ်ရမှာလဲကွ ... ဘုန်းအိုကြီးတောင် မကြောက်လို့ ရှေ့က ဆင်းသွားပြီဥစ္စာ။ ငါပါဆင်းမယ် ... လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဘက မီးတုတ်ပြန်ယူပြီး လွယ်အိတ်ကြီး စလွယ်သိုင်းလို့ ဆင်းသွားတယ်။

ကျွန်တော် ပုဆိုးတိုတိုဝတ် ဖြစ်ချင်ရာဖြစ်တော့ ရောက်လာမှတော့ မထူးဘူးဆိုပြီး မြေအောက်လှေကားအတိုင်း ဆင်းခဲ့လိုက်တယ်ဗျာ။ လှေကားထစ်တွေက ဂဝံမြေကြီးလှေကားထစ်၊ အဆင့်ဆင့်ဆင်းလို့ရအောင် လုပ်ထားတာကိုး။ ခန့်မှန်းခြေ လှေကားထစ် (၅၀)ခန့် ခပ်နက်နက် လျှောလျှော ဆင်းလိုက်ရော ...

ပြင်ညီပြင်မြေသားကို နင်းမိပါရောဗျ။

အဘက မီးတိုင်နဲ့ကြည့်ပြီး နံရံကို စမ်းကြည့်တယ်။

ကျွန်တော်လည်း စမ်းကြည့်တယ်။

ဂဝံသက်နု ဥမင်ပဲဗျ။ လူတစ်ရပ်သာသာမြင့်ပြီး အကျယ်က လူနှစ်ယောက် ယှဉ်ပြီးသွားလို့ရတာကိုး။

အောက်ခြေမြေသားက အေးစက်စက်ကြီးမျိုး။ နှာခေါင်းထဲမှာ ရွှံ့နံ့လည်းမဟုတ်၊ မြေကြီးနံ့လည်းမဟုတ် အနံ့တစ်မျိုး ရနေတယ်။

ဘုန်းအိုကြီးက မီးတိုင်မြှောက်ပြီး ရှေ့ကနေ သွားနေတယ်။ ဒီမှာ ဥမင်လိုဏ်က အချိုးအကွေ့တွေ သုံးလေးခုဖြစ်နေလို့ ချိုးကွေ့ပြီးရော ကျွန်တော်တို့ အကျယ် (၅)ပေခန့်ရှိမယ့် အခန်းထဲကို ရောက်သွားကြပါရောဗျာ။ အခန်းက ရှည်မျော့မျော့။

''ဟင် ...''

''ဟေ ...''

ဦးစွာ မြင်လိုက်ရတာက ဂဝံနံရံအနီးမှာ လူ့အရိုးစုတစ်ခုဗျာ။ အရိုးကျနေတာဗျ။ ဦးခေါင်းက မျက်ကွင်းဟောက်ပက်ဖြစ်ပြီး သွားတွေက ဖွေးလို့။

အလို ... လိုဏ်ဂူထဲမှာ အရိုးကျနေတဲ့ လူသေအရိုးစုက (၃)ခုတောင်ဗျ။ ဘာလို့ ဒီမြေအောက်ဥမင်လိုဏ်ဂူထဲမှာ လူသေပြီး အရိုးကျနေတာလဲ။ အနီးမှာ သံချေးတက်နေတဲ့ ဓားလည်း ရှိလို့။

မိန်းမလား၊ ယောက်ျား အရိုးစုလား။

သူတို့ အသတ်ခံရတာလား၊ ဘယ်သူတွေ သတ်တာလဲ။

''ဘဘုန်း ...''





''ဒကာကြီး''

''ဒီ လူ့အရိုးစုတွေက ဘယ်တုန်းက ရှိနေတာလဲ''

''မသိဘူး။ ကြာတော့ ကြာလှပုံပဲ ... ထားလိုက်။ ရှေ့အခန်းထဲမှာ ပိုပြီးထူးဆန်းတယ် ... လာကြ''

ဘုန်းအိုကြီးက လူ့အရိုးစုအခန်းရှေ့က တံခါးပေါက်ဝရှေ့မှာ ရပ်လိုက်ပြီး မီးတုတ်ကို မြှောက်ကြည့်နေတယ်ဗျ။

ဂဝံတံခါးပေါက်က လူတစ်ဦးချင်း ဝင်ရတာမို့ ဦးစွာ ဘုန်းအိုကြီးက ဝင်သွားတယ်။

ပြီး ... ဘတိုက်ပုံကြီး ဝင်သွားတယ်။

သူတို့ဝင်သွားပြီးမှ ကျွန်တော် လှမ်းဝင်လိုက်ချိန် ...

''ဟင် ... ဟ ဟ ... အဘ ... လုပ် ... လုပ်ပါဦးဗျ''

''ဟေ့ကောင် ... ဘာဖြစ်လို့တုံး''

''နောက်ကနေ ကျုပ်ဆံပင် ... ဆံပင်ကို .. ဆွဲ ဆွဲ .. အား''

ကျွန်တော်လှမ်းဝင်လို့ ခြေတစ်ဖက်ချတုန်း ရှိသေးတယ်။ နောက်ကနေ ကျွန်တော့်ဆံပင်ရှည်ကို လူတစ်ယောက်က စုဆွဲပြီး အပြင်ကို ဆွဲခေါ်နေသလိုဗျ။

''အား ... ဆံပင်တွေ ... ကျွတ်ကုန်ပါပြီဗျ ... အမယ်လေး''

ကျွန်တော်က ခေါင်းကိုရှေ့ငိုက်ပြီး ပြန်ဆွဲ၊ နောက်ကလည်း ဆံပင်ကို မလွှတ်တမ်း ဆောင့်ဆွဲနေလို့ ကျွန်တော့်ဦးခေါင်း နောက်လန်ပြီး အော်လိုက်ချိန် ...

ကျွန်တော့်ရဲ့ အလန့်တကြား အော်သံကြောင့် ဘတိုက်ပုံကြီး ဘုတ်နဲ့ ပြေးလာချိန်မှာပဲ ...

နောက်ကနေ ဆံပင်ကို တအားဆွဲထားတဲ့လက် ရုတ်တရက် လွှတ်ပြည်လိုက်တာကို ခံစားရပြီး ကျွန်တော် အထဲကို အမြန်လှမ်းဝင်လို့ သွားခဲ့တယ်ဗျာ။

''မောင်မှိုင်း ... ဘာဖြစ်တာတုံး''

''ဒကာလေး ... ဘာဖြစ်လို့တုံးကွယ်''

''နောက် ... နောက်ကနေ ကျွန်တော့်ဆံပင်ကို ဆွဲထားလို့ ဝင်လို့ ... မ ... မရ ... ဖြစ် ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ဟုတ်ရဲ့လား . . . ငါ့ကောင်ရာ"

"ဟုတ်တယ် . . . ဆံပင်ဦးရေဖျားပါ စုတ်ပြတ်မတတ်ကို ခံလိုက်ရတာဗျာ . . . ဟူး . . . ဟူး . . ."

လူဟာ ကြောက်လွန်းလို့ ချွေးတွေပျံပြီး တုန်နေတယ်။

ဒီမှာ အဘတိုက်ပုံကြီးက မီးတုတ်ကိုင်ပြီး စောစောကလာတဲ့ အခန်းထဲကို ပြန်ဝင်ကြည့်တယ်။ လူသေကောင်အရိုးစု (၃)စုကလွဲပြီး ဘာမှမရှိဘူး။ ပြီး . . . အသာငြိမ်လို့ နားစွင့်တယ်။

ခြေသံ မကြားရဘူး၊ အသက်ရှူသံ မကြားရဘူး၊ လှုပ်ရှားတဲ့ အသံ မကြားရဘူး။ ဝင်လာတဲ့လမ်းကြောင်းကို လိုက်ကြည့်တယ်။ လူနဲ့တူတာ ဘာမှမတွေ့ဘူး။

ဒါနဲ့ လူသေကောင်အရိုးစု (၃)စုကို မီးတိုင်နဲ့ ငုံ့ကြည့်လိုက်တယ်။ ကြည့်နေတုန်း နောက်ကနေ ဂလုတ် . . . ဂလုတ် အသံကြားလို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ . . .

နောက်ဖက်မြေသားနံရံမှာ ကပ်လျက်ရှိနေတဲ့ အရိုးစုပုံက မျက်လုံးဟောက်ပက်နဲ့ ဦးခေါင်း ဘယ်ညာလှုပ်နေတာကို မြင်လိုက်ရပြီး အံ့သြသွားရသတဲ့။

ဟုတ်၊ မဟုတ် ပြန်စူးစိုက်ကြည့်တယ်။

ဟုတ်တယ် . . . ဦးခေါင်းခွံက ဘယ်ညာလှုပ်နေတာ။

အထဲ ကြွက်များ ဝင်နေသလား။ အနီးမှာတွေ့ရတဲ့ သံချေးတက်နေတဲ့ဓားကို ကောက်ယူလိုက်တော့ သံချေးတွေ အဖတ်လိုက်ကွာကြပြီး ဓားသားပါးပါးပဲ ကျန်တော့တာကို တွေ့ရတယ်။

အဲဒီဓားသား ပါးပါးနဲ့ အရိုးခေါင်းခွံကို ထိုးလှန်ကြည့်တော့လည်း အထဲမှာ ကြွက်မရှိ။ မည်းမည်းအမှုန်တွေပဲ ကျလာတာ မြင်ရတယ်။ ဒါက ဘာပါလိမ့်။ ပစ္စည်းတစ်ခု ကောက်ကြည့်လိုက်တော့ ကြေးဝါမီးခြစ်ဟောင်း တစ်လုံး။ အသာ ပြန်ချထားလိုက်တယ်။

အဘ သဘောပေါက်လိုက်ပြီ။

"မင်းတို့ကို နှောင့်ယှက်ဖို့လာတာ မဟုတ်ပါဘူးကွာ။ ငါတို့ ရှေ့လာသိရှိချင်လို့ လာခဲ့တာပါ။ မင်းတို့အတွက် ငါတို့လုပ်ပေးလို့ရတာလည်း လုပ်ပေးမှာပေါ့။ ငါတို့ကို မခြောက်လှန့်ပါနဲ့။ ငါ မေတ္တာရပ်ခံပါတယ်ကွာ"





သို့ကလို ပြောဆိုပြီး ဒုတိယမြောက်အခန်းထဲကို ပြန်ဝင်ခဲ့လိုက်တယ်။

"ဘာတွေ့လဲ . . . ဟင် . . . ဟင်"

"ထားလိုက်ပါကွာ"

"ဒကာကြီး . . ."

"ဘုရား . . ."

"ထူးတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အဆင်ပြေမှာပါ . . . ဒကာကြီး"

"မှန်ပါ . . . ပြေမှာပါ ဘုရား"

အဘနှင့် ဘုန်းအိုကြီးတို့ဟာ သူတို့ချင်းသာ အဓိပ္ပာယ်နားလည်နိုင်တဲ့ စကားတွေပြောပြီး ခေါင်းတညိတ်ညိတ် လုပ်နေကြတယ်။

"ဟော့ကောင် . . . မကြောက်နဲ့၊ နားလည်လား"

"ဟုတ် . . ."

ဒီလိုနဲ့ ပေ(၂၀)ဝန်းကျင်ခန့် အခန်းတစ်ခုထဲကို ကျွန်တော်တို့ ရောက်နေပြီခင်ဗျ။ အခန်းထဲမှာ ကျောက်အိုးကြီး (၅) လုံး ရှိနေတာလည်း မြင်နေရတယ်။ ကျောက်အိုးကြီးတွေကို ကျောက်အဖုံးနဲ့ ဖုံးထားပြီး ကျောက်အဖုံးတွေပေါ်မှာ ဘီလူးဦးခေါင်းပြတ်ကြီးတွေ (၅)ခု တင်ထားထာကို အံ့ဖွယ် မြင်ရတယ်။

ဘီလူးခေါင်းမျက်နှာ (၅)ခုရဲ့ မျက်နှာအနေအထားက မတူကြဘူး။ အဲဒါ ထူးခြားတယ်ဗျာ။

သေချာကြည့်လိုက်တော့ . . .

ရယ်နေတဲ့ ဘီလူးခေါင်း။

အံကြိတ်နေတဲ့ ဘီလူးခေါင်း။

လျှာတန်းလန်းကျနေတဲ့ ဘီလူးခေါင်း။

ငိုနေ (ဝမ်းနည်းနေ)တဲ့ ဘီလူးခေါင်း . . . မျက်နှာ ကွဲပြားသဏ္ဌာန်တွေကို မြင်ပြီး ကျွန်တော့်ရင်ထဲမှာ ဝေဒနာတစ်မျိုး ခံစားရတယ်ဗျာ။

မီးရောင်နဲ့ နောက်ထပ်မြင်ရတာက . . .

လိုဏ်ဂူရဲ့အလယ်မှာ ကျောက်တလားကြီးတစ်လုံး။



www.burmeseclassic.com

www.burmeseclassic.com



အမြင့်က လူခါးစောင်းခန့် မြင့်ပြီး ကျောက်ခေါင်းတလားကြီးရဲ့ အရှည်က (၇)ပေကျော်ခန့် ရှိတယ်။

ကျောက်တလားကြီးကို ထုကောင်းတဲ့ ကျောက်ခုံကြီးပေါ်မှာ တင်ထားပြီး လိပ်သဲကျောက်သားလို ကျောက်ပြားထု အထူကြီးနဲ့ ဖုံးထားတာခင်ဗျ။

ချောအောင် တိုက်ညှိထားတဲ့ လိပ်သည်းကျောက်ဖျာခေါင်းဖုံး အထူကတင် တစ်ထွာခန့် မြင်နေရတယ်။ ဒီခေါင်းဖုံးကို သာမန်လူ လေးငါးယောက် မ,ရွှေ့လို့ မရနိုင်ဘူး။

ကျောက်တလားအဖုံးက ကျောက်သားခေါင်း အပေါ်ပတ်ပတ်လည် ထွင်းထားတဲ့ အဖုံးဘောင်ထွင်းထဲမှာ အံကျစွပ်ပိတ်ထားတာမျိုးဗျာ။

အဘတိုက်ပုံကြီးက မီးတိုင်နဲ့ ကျောက်ခေါင်းတလားကြီးရဲ့ နံဘေးပတ်လည်တွေကို လိုက်ကြည့်ရော ကျွန်တော်လည်း အဘနောက်ကနေ လိုက်ကြည့်မိတာပေါ့ဗျာ။

အလို ... ကျောက်ခေါင်းကြီးရဲ့နံဘေးမှာ လူတွေသေရင် ခေါင်းကို ပန်းဖဲပြားတွေ၊ ပန်းစက္ကူအတွန့်တွေနဲ့ အလှတန်ဆာဆင်သလိုမျိုး ..

ကျောက်သားကို စူးဆောက်နဲ့ ထွင်းပြီး ပန်းကနုတ်အတန်းရှည် အပေါ်အောက်ဖော်ပြီး သစ်စေးထည့် ရွှေချထားသလိုပဲ။

ရွှေရောင်ရွှေမှုန်တွေတော့ ပျက်ပြယ်ပြီး အစိုးအစဉ်းမျှပဲ တင်ကျန်နေတာကို ကျောက်ခေါင်းရဲ့ ဘယ်ညာမှာ မြင်ရတယ်။ ကျောက်ထွင်းလက်ရာကလည်း အနုစိတ်တဲ့ ယိုးဒယားပန်းကနုတ်တွေဗျ။

ကျောက်ခေါင်းတလား တင်ထားတဲ့ ကျောက်ခုံမှာလည်း ပန်းပွင့်၊ လ၊ နေ၊ တိရစ္ဆာန်၊ ငှက် စတဲ့ ကျောက်ထွင်းအရုပ်တွေနဲ့ အလှဆင်ထားတာပဲကိုး။

ကျောက်ခေါင်းတလားအဖုံး လိပ်သည်းကျောက်ပြားပေါ်က ဖုန်တွေ၊ အမှုန်တွေကို အဘက သူ့လွယ်အိတ်နဲ့ ပွတ်လိုက်ရော ...

လိပ်သည်းကျောက်အဖုံးဟာ ချောမွတ်ပြီး မှန်ရောင်လက်နေတာကို မီးရောင်နဲ့ မြင်လိုက်ရတယ်။

ခေါင်းဖုံးပေါ်က ထွင်းထားတဲ့ အက္ခရာ စာသားတွေကတော့ တစ်စုံတစ်ဦးက တူ၊ ကျောက်တုံး၊ ပုဆိန်လိုပစ္စည်းမျိုးနဲ့ ထုရိုက်ထားသလို





မျိုးကြောင့် အက္ခရာစာလုံးတွေ ဖတ်လို့မရအောင် ပျက်စီးနေတာကိုလည်း အံ့ဖွယ် မြင်ရတယ်ဗျာ။

ဘုန်းအိုကြီးက ပျက်စီးနေတဲ့ နေရာကိုကြည့်ပြီး အတော်ကို အံ့ညြနေပုံရတယ်။

ဒါထက် ထူးခြားတာက ခေါင်းတလားခြေရင်းမှာ အရိုးစုအချို့ မှောက်လျက်အနေအထား ရှိနေပြီး ...

အခန်းထောင့် ကျောက်ခုံပုပေါ်မှာတော့ မြေရေတကောင်း ကြီးငယ် (၃)လုံး စုတ်ပြတ်သတ်နေတဲ့ ယွန်းစားခွက်တစ်ခု။ အဝကျဉ်း အောက်ဆိုင်အလုံးကြီးတဲ့ ပျူခေတ်သုံး ရေအိုးတစ်လုံးကိုလည်း တွေ့ရတယ်။

"ဘဘုန်း ..."

"ပြော ... ဒကာကြီး"

"ဒါ ... ဂူ ... ဂူသချိုင်းလားဟင်"

"ဂူသချိုင်းတစ်ခုပါပဲ ... ဒကာကြီး"

"ဘယ်သူ့ဂူသချိုင်းလဲ ... ဘဘုန်း"

"ဒါ မြေအောက်ဂူသချိုင်းလို့ ပြောရမှာပဲခင်ဗျ"

"မြို့စားလေး မောင်သံယောဇဉ်ရဲ့ ဂူသချိုင်း ... ဒကာကြီး"

"မြို့စားလေး ... မောင်သံယောဇဉ် ... ဟုတ်လား"

"ဟုတ်တယ် ... အချိန်သိပ်မရှိတော့ဘူး ဘုန်းကြီးတို့ ဒီကနေ ပြန်ထွက်ကြမယ်။ ကျောင်းရောက်မှ ဇာတ်လမ်းစုံ ပြောပြမယ်"

"ဟို လူသေကောင် အရိုးစုတွေကကော ... ဘဘုန်း"

"မြို့စားလေးရဲ့ လူယုံ၊ သက်တော်စောင့်တွေပေါ့"

"ဘဘုန်းသိနေတယ် ... ဟုတ်လား"

"သိပါတယ် ... ဒကာကြီးတို့ ပြန်ထွက်ရင် ဒီဂူထဲက ဘာပစ္စည်း တစ်ခုမှ မယူခဲ့ကြနဲ့"

"ဘာဖြစ်လို့လဲ ဘုရား"

"ယူသွားလို့ မရလို့ပါ။ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲဘုရား"

"ဒီကျောက်တလားရဲ့ အဖုံးကို ဘယ်သူမှ ဖွင့်လို့၊ မ,လို့ ရဘူး။ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားဘုရား"

"ဟုတ်တယ် ... ဒကာကြီး"

"ဘာလို့ ဖွင့်လို့ မ,လို့ မရတာပါလဲ ဘဘုန်း"

"ကျုပ်လည်း ဖွင့်လို့ရမည့်သူကို စောင့်နေတာပဲ ... ဒကာကြီး။ ဒကာကြီးက ဂမ္ဘီရပညာလိုင်းမှာ နှံ့စပ်ပုံရတော့ ဒီတလားဖုံး ဖွင့်လို့ရရင် ဖွင့်စေချင်တယ်။ ဒါမှမဟုတ် ဖွင့်လို့၊ မ,လို့ ရမည့်သူရှိရင်လည်း ခေါ်လာခဲ့စေချင်တယ်"

"ဘယ်လိုအကြောင်းကြောင့် ဖွင့်ချင်တာလဲ ဘုရား"

"အချိန်မရှိဘူး ... နောက်တစ်ခေါက် ပြန်လာကြမယ်။ မိုးလင်းလို့ လူမြင်သွားရင် မကောင်းဘူး။ ပြန်စို့"

"သံတူးရွင်းနဲ့ ကော်မ,ဖွင့်ရင်ကော"

"နောက်တစ်ကြိမ် ဘုန်းကြီးတို့ လာကြမယ်။ ကျောင်းရောက်မှ ဒီလှို့ဏ်မြေအောက်ဂူအကြောင်း ဆွေးနွေးကြမယ်။ အချိန်အတော်ကုန်သွားပြီ၊ လာ ... ထွက်မယ်"

ဘုန်းအိုကြီးက ရှေ့ကနေ မီးတုတ်ကိုင်ပြီးထွက်ရော ဘတိုက်ပုံကလည်း မီးတုတ်ကိုင်ထားရင်းနဲ့ ကျောက်တလားနား တိုးကပ်ပြီး လိပ်သည်း ကျောက်တလားအဖုံးကို ငုံ့ကြည့်ပြီး၊ အနားသတ်နေရာတွေကို လက်နဲ့စမ်းကြည့်ပြီး ဘုန်းအိုကြီးနောက်ကို လိုက်ဖို့ လှမ်းချိန် ...

ဒီမှာ ကျွန်တော် မှောက်ခုံအရိုးကျနေတဲ့ အရိုးစုနားကပ်လျက်မှာ အဝိုင်းပြားလေးတစ်ခု သွားတွေ့လို့ ကောက်ကြည့်လိုက်တော့ မည်းညစ်ညစ် ခပ်လေးလေးပစ္စည်းတစ်ခု ဖြစ်နေတာ မြင်ရတယ်။

ဒီ အဝိုင်းပြားက တစ်ခုခုတော့ တစ်ခုခုပဲဗျ။

ကျွန်တော် ဘယ်သူမှမသိအောင် ကောက်ယူပြီး အတွင်းခံ ဘောင်းဘီအိတ်ထဲ ထည့်ဝှက် ယူလာခဲ့လိုက်တယ်။

ဂူသချိုင်းလိုဏ်ထဲကနေ တစ်ယောက်ချင်းအထွက် ကျွန်တော်က နောက်ဆုံးက။ ဒီမှာ ... ခေါင်းနားပန်းကြီးပြီး ကျောထဲကနေ ဖျန်းခနဲ ကြက်သီးထလို့ လှည့်ကြည့်လိုက်ရော ...

"ဟင် ..."

"အမယ်လေး ..."





"ဟ ... မောင်မှိုင်း၊ ဘာဖြစ်ပြန်ပြီတုံးဟ"

"လူ ... လူဗျ ... လူ ... လူကြီး ... ဟို ... ဟို ... ကုလားအဘိုးကြီး"

အဘက ကြောက်လန့်အံ့သြနေတဲ့ ကျွန်တော့်ကို လှမ်းဆွဲပြီး အထဲကို မီးတိုင်မြှောက်လို့ အတန်ကြာ ကြည့်နေပါရော။

"ဒကာကြီး ... ဘာတုံး"

"သွားတော့ဘုရား ... သွား ... သွား ... ဟော့ကောင် ... ရှေ့ကနေသွား ... တယ် ... ငါ ကန်ထည့်လိုက်ရရင်ကွာ"

ကျွန်တော်တို့ လူအရိုးစု (၃)စုကို ကျော်ပြီး ကွေ့ကွေ့ကောက်ကောက် လမ်းပေါ်ကို လာခဲ့ကြတယ်။

ကျွန်တော် သေသေချာချာကို မြင်ခဲ့လိုက်တာဗျာ။

"အဘ ..."

"ဘာလဲ"

"အဘရော တွေ့တယ်မဟုတ်လား"

"တိတ်တိတ်နေကွာ ... ကိုယ့်လမ်း ကိုယ်သွား"

အဘရော တွေ့လိုက်လားမသိဘူး။ ကျွန်တော်ကတော့ တပ်အပ် သေချာကို မြင်လိုက်တာ။

ကျောက်တလားကြီးနံဘေးမှာ အဝါရောင်ဝတ်စုံနဲ့ ကုလားအဘိုးကြီး။ ဆံပင်တွေကို ကျစ်ဆံမြီး ကျစ်ထားတယ်။ ကျစ်ဆံမြီးတွေဟာ သူ့ ခေါင်းပေါ်ကနေ နောက်ကျောပေါ် ကျနေတယ်။

ဖားလျားကျနေတဲ့ မုတ်ဆိတ်ရှည်၊ ပါးမြိုင်းမွေးထူထူ၊ နှာခေါင်း ပြားပြား၊ မျက်လုံးပြူးပြူးကြီး။

အဝါရောင်အင်္ကျီရှည်က ဒူးအထိ ကျနေသလို အင်္ကျီကလည်း လက်ဖားဖားကြီးဗျ။

သူ့ညာလက်ထဲက ကြေးရောင်ထနေတဲ့ တောင်ဝှေးကို ထောက် ကိုင်ထားပြီး ဘယ်လက်နဲ့ ကျွန်တော့်ကို လက်ယပ်လှမ်းပြီး လက်ဝါးကို ဖြန့်ပြနေတာဗျာ။

အမယ်လေး ... ကြောက်စရာကောင်းလိုက်တာ။

လူတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထနေတုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျွန်တော်တို့ မြေအောက်လှေကားထစ်တွေကို အမြန်နှင်းတက်ခဲ့လိုက်ကြတော့ တစ်ဝဂ္ဂတိုက်ပျက်ကြီးရဲ့ မြေအောက်ဝင်ပေါက်ဝကို ရောက်ခဲ့ကြတယ်။

ဘဘုန်းအိုက အပေါက်ဝကို သစ်သားပြားတွေနဲ့ ပြန်ပိတ်ပြီး ဂဝံကျောက်တုံးတွေကို မူလအနေအထားအတိုင်း သစ်သားပြားအပိတ်တွေအပေါ်မှာ ပြန်စီပြီး အမှိုက်တွေ၊ မြေမှုန်ကျောက်ကွဲစတွေ ဖုံးထားလိုက်တယ်။

သည့်နောက် ကျွန်တော်တို့သုံးဦး တောလမ်းအကွေ့တွေ ကျော်ပြီး လှေထားတဲ့နေရာ ပြန်လာလို့ လှေပေါ် တက်လိုက်ကြတယ်။

ထုံးစံအတိုင်း မီးတိုင်တွေငြိမ်းပြီး ဘဘုန်းအိုက လှေလှော်လိုက်ရော လှေက ရှေ့ကိုမတိုးဘူး ဖြစ်နေပါရော။

''ဘာနဲ့ငြိနေသလဲ မသိဘူးကွယ့်''

လှေကိုပြန်ကပ်ပြီး နေရာရွှေ့လိုက်ပြီးနောက် ပြန်လှော်တယ်။ လှေက ရှေ့မတိုးဘူး၊ ရေအောက်မှာငြိနေတဲ့သဘော မဟုတ်ဘူးဗျ။ လှေကို ဆွဲထားတဲ့သဘော။

အဘနဲ့ ဘုန်းအိုကြီးတို့ မျက်လုံးအကြည့်ချင်း ဆုံပြီးနောက် အဘက မသိမသာ ပြုံးလိုက်ပြီး လာလမ်းကို လှည့်ကြည့်လိုက်တယ်။

ပါးစပ်က ဘယ်လိုစကားမှန်း ဝေခွဲမရတဲ့ စကားနဲ့ တစ်နေရာကို လှမ်းအော်ပြောလိုက်တယ်ဗျာ။

''လှော်တော့ ... ဘဘုန်း''

ဘဘုန်းအိုက လှော်တက်နဲ့ ရေကို ယက်လိုက်ရော လှေက ခွေးခနဲ ရှေ့ကိုတိုးသွားပြီး လှော်ချက်အတိုင်း လ,ရောင်ပျပျအောက်မှာ ချောင်းရိုးရှည်အတိုင်း တရွေ့ရွေ့ သွားနေတော့တယ်။

✿ ✿ ✿

# [၁၀]

❑

ပြဿနာက ကျွန်တော်တို့သုံးဦး ကျောင်းပြန်ရောက်ပြီး အသီးသီးကိုယ့်နေရာကိုယ်လှဲအိပ်ဖို့ ပြင်လိုက်ချိန်မှာပဲဗျ။

ရင်တထိတ်ထိတ်နဲ့ ပြန်လာကြတော့ စိတ်ရော၊ ကိုယ်ရောသင်ပန်းနေကြပြီကိုး။ ဘဘုန်းအိုကလည်း ဒီလျှို့ဝှက်မြေအောက်လိုဏ်ဂူအကြောင်း မိုးလင်းမှ ပြောပြမယ်ဆိုပြီး အိပ်ဖို့ ပြောတာကိုး။

အိပ်ဖို့ လှဲနေတုန်းမှာပဲ ...

ကျွန်တော့်တစ်ကိုယ်လုံး ယားလာလို့ လှဲရင်းနဲ့ ကုပ်နေမိတယ်။ ထမ ခြေထောက်ကစပြီး ယားတာ။ ယားချက်က ပေါင်နှစ်ဖက်ကနေ ပေါင်ကြားလည်းယား၊ ကိုယ်လုံးလည်း ယားလာလို့ စွပ်ကျယ်ချွတ်ပြီး အားရပါးရ ထထိုင် ကုပ်နေမိတယ်။

အလို ... မျက်နှာရော၊ ခေါင်းရော ယားနေပါလား။

ယားချက်က ခွေးလှေးယားသီးထိလို့ ယားသလို တစ်ကိုယ်လုံးယားတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ... မအိပ်ဘဲ ဘာလုပ်နေတာတုန်း"

"ယားလို့ အဘ"

"ခွေးလှေးယားသီးထိတာ နေမှာပေါ့ကွ"

"မသိပါဘူးဗျာ ... တစ်ကိုယ်လုံး ယားနေတာပဲ"

"ဆံပင်နဲ့ ပွတ်ကွာ၊ ငါ အိပ်တော့မယ်"

အမှန်က ဆံစု (ဆံတု)၊ ဆံပင်ရှည်နဲ့ပွတ်ရင်တော့ ယားတာပျောက်နိုင်တယ်။

ဆံတုမှ မရှိတာ။ နောက်ဆုံး ကြိတ်ကုပ်ရင်းနဲ့ အိပ်ပျော်မလို့ရှိတုန်း ...

ခြေထောက်ကိုလာဆွဲသလို လန့်ပြီး ထကြည့်တော့ ...

မှောင်ထဲမှာမို့ ဘယ်သူ့မှမတွေ့ရဘူး။ အဘကိုကြည့်လိုက်တော့ တခေါခေါနဲ့ ဟောက်လို့။

ဒါနဲ့ ပြန်အိပ်ဖို့ ကြိုးစားလိုက်တယ်။

"ဟ ... ဟ ..."

ကျွန်တော့်ညာလက်ကို လာဆွဲတာ။

"ဘယ်သူလဲ"

"......"

"အဘလားဗျ ..."

"ခေါ် ... ခလူး ... ခေါ် ခေါ်"

အဘမဟုတ်ဘူး။ အဘက ကျွန်တော့်ဘယ်ဘက်မှာ အိပ်နေတာ။ လာဆွဲတာက ညာလက်။ ပြန်ဆောင့်ရုန်းလိုက်လို့ လက်ပြန်ပါလာတာ။ ဘုရားရေ ... ဘယ်သူများပါလိမ့်။ ဘုန်းကြီးကျောင်းသားတွေ၊ ကိုရင်တွေများ ကျွန်တော့်ကို လာနောက်ပြောင်နေရော့လား။

မျက်လုံးဖွင့်ပြီး မှောင်ထဲကို စူးစိုက်ကြည့်တယ်။

ဘယ်သူမှ မရှိဘူး။ ခြေသံ၊ လှုပ်ရှားသံ မကြားရဘူး။

ဘာဖြစ်တာလဲ။ ငါများ ယောင်ယမ်းနေတာလား။ မအိပ်ဘဲ အသာ စောင့်ကြည့်တယ်။ စောင့်ကြည့်တော့ မထူးခြားဘူး။





ဒီလိုနဲ့ အိပ်ပျော်သလို၊ တွေဝေလွင့်မျောသလို ဖြစ်နေချိန်မှာ လူတစ်ဦး ရှေ့မှာလာရပ်ပါရောဗျ။

ကြည့်လိုက်တော့ ... အလိုလေး ... ကုလားကြီးတစ်ဦး။

တံခါးမရှိတဲ့ ကျောင်းထဲက အလင်းရောင်ပျပျနဲ့ မြင်နေရတယ်။

ဟော ... ဟော ... လင်းသွားပါလား။ မြင်ရပြီ၊ မြင်ရပြီ။

အလို ... မုတ်ဆိတ်၊ ပါးမြိုင်း၊ ဆံပင်ကျစ်ဆံမြီးများ များစွာတွဲရရွဲနဲ့ နှင်းရောင်အကျီရှည်ဝတ်ထားတဲ့ ...

အလို ... ဒါ ... ဒါ ... ဟို ... ဟို ... တစ်ဝက္ကပျက်ကြီးအောက် မြေအောက်ဂူသချိုင်းမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ ကုလားဆာဒူးကြီးပါလား။

သူက ကျွန်တော့်အနီးကို တိုးကပ်လာနေတယ်ဗျာ။

မျက်လုံးပြူးပြူးကြီးနဲ့ ကြည့်ပြီး ကျွန်တော့်နံဘေးမှာ ထိုင်ရင်း တိုးတိုးလေသံနဲ့ ပြောလိုက်တယ်။

"ကောင်လေး ... ပြန်ပေးပါ"

"ငါပြောနေတယ် ... ပြန်ပေးပါ"

"ငါပြောတာ နင်ကြားလား ... ကောင်လေး"

ကုလားသံဝဲဝဲ မြန်မာစကား မပီမသနဲ့ ကပ်ပြောနေတာ။

"ကျုပ် ... ကျုပ် ... ဘာပြန်ပေးရမှာလဲ"

"နင် ယူသွားတဲ့ပစ္စည်း ပြန်ပေး ... ကောင်လေး"

"ကျုပ် ... ကျုပ် ... ဘာ ... ဘာ .. ယူလို့လဲဗျ ... ဟင်"

"နင့်ဘောင်းဘီအိတ်ထဲမှာ ရှိတယ်လေ။ နင်ယူသွားတာ ငါမြင်တာပဲ။ အဲဒီပစ္စည်းက နင်နဲ့မဆိုင်ဘူး ကောင်လေး။ ပြန်ပေးပါ။ မပေးရင် နင် ဒုက္ခအများကြီး တွေ့ရလိမ့်မယ်။ ပေးပါ"

သူပြောမှ ကျွန်တော် သတိရတော့တယ်ဗျ။ မြေအောက်ဂူသချိုင်းထဲက လူသေကောင်အရိုးစုအနီးမှာ တွေ့ရတဲ့ ဝိုင်းဝိုင်းမည်းမည်း ပစ္စည်းတစ်ခု ကျွန်တော် ကောက်ယူပြီး အတွင်းခံဘောင်းဘီအိတ်ထဲမှာ ဝှက်ယူလာတာ ရှိတယ်ကိုး။

"ခု ပြန်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး . . . ခင်ဗျား ထွက်သွားပါ"

"နင် လူညာပဲ . . . ကောင်လေး၊ နင့်ဆီမှာ ရှိတယ်လေ ပေး"

"မရှိဘူး . . . ခင်ဗျား . . . ထွက်သွားနော်၊ မသွားရင် ကျုပ် အော်လိုက်မယ်"

"အော်လေ . . . အော်လိုက်ပါ၊ နင် ငါတို့ဆီကယူသွားတဲ့ ပစ္စည်းကို နင့်ဘောင်းဘီထဲမှာ ဝှက်ထားတာ ပေးပါ၊ နင် ဒုက္ခရောက်မှာစိုးလို့ ငါ လာယူတာ"

"သွား . . . ခင်ဗျားထွက်သွား"

ဒီမှာပဲ ကုလားဆာဒူးလိုလို အဘိုးကြီးက ကျွန်တော့်အတွင်းခံဘောင်းဘီအိတ်ကို လက်နဲ့နှိုက်ရော၊ ကျွန်တော်က သူ့လက်ကို ပြန်တွန်းဖယ်၊ သူနဲ့ ကျွန်တော် ပစ္စည်းလုကြရင်း လုံးထွေးသတ်ပုတ်ကြတဲ့အဆင့် ရောက်သွားပါရောဗျာ။

ဆာဒူးကုလား အဘိုးကြီးကလည်း အလွန်သန်တာပဲဗျာ။

သူက ကျွန်တော့်ခါးကို နောက်ကနေ ဖက်ပြီးနှိုက်၊ ကျွန်တော်က သူ့မျက်နှာကို ဦးခေါင်းနဲ့ နောက်ပြန်တိုက်လိုက်ရော သူ ဒေါသတွေထွက်ပြီး ကျွန်တော့်ကို တွန်းလှဲလို့ လည်ပင်းကိုညှစ်။

ကျွန်တော်က အသံကုန်အော်ပေမဲ့ ရှူးရှူးအစ်အစ် အသံပဲထွက်နေတော့ ကြမ်းခင်းကို ခြေထောက်နှစ်ချောင်းနဲ့ ရိုက်ရုန်း။

"ဝုန်း . . . ဒိုး . . . ဒိုး . . . ဒိုး . . ."

"အား . . . အစ် . . . အစ် . . ."

"နင် . . . နင် . . . လူညာ . . . နင့်ကို ငါ . . ."

"ဝုန်း . . . ဝုန်း . . . ဒုန်း . . . ဒုန်း . . . ဝုန်း"

ဒီမှာ ကျွန်တော် သူ့ရဲ့ နံရိုးအနုနှစ်ဖက်ကို လက်ဝါးစောင်းနဲ့ ညှပ်ရိုက်လိုက်ရော လည်ပင်းကိုညှစ်ထားတဲ့ သူ့လက်အား ပြေသွားချိန် ရှိသမျှအားကို ညှစ်ပြီး အော်လိုက်တယ်။

"ကျား . . ."

"ဝုန်း . . ."

"ကဲဟာ . . . ကဲကွာ . . . ကဲဟာ . . ."





ကျွန်တော် ကျုံးထပြီး လက်သီးတွေနဲ့ သူ့ကို ထိုးပစ်တာဗျ။

"ဖောင်း ခွပ် . . . ဖောင်း ခွပ် . . ."

"ကဲကွာ . . ."

"ဖောင်း ခွပ်"

"သေရော့ကွာ"

"ဝုန်း . . . ဒုန်း"

"ဟော့ကောင် . . . ငမှိုင်း . . . ငမှိုင်း . . . ဟော့ကောင် . . . ရပ်စမ်း ရပ်စမ်း . . ."

"ဟော့ကောင် . . . ရပ်လိုက်စမ်း"

"ဟင် . . ."

ကိုင်အလှုပ်ခံရလို့ ကြည့်လိုက်တော့ ကျွန်တော့်ကို အဘ ရှုန်းနိုင်အောင် ချုပ်ထားတာ။

"ဟော့ကောင် . . . ဘာဖြစ်နေတာလဲ"

"ဖယ် . . . ဖယ် . . . သူ . . . ကျုပ်လည်ပင်းကို ညှစ်နေတာဗျ ကဲဟာ . . ."

"ဟော့ကောင် . . ."

"ဖြန်း"

"အား . . ."

ဒေါသတွေဖြစ်ပြီး ရုန်းကန်လိုက်ထိုး (အမှန်က ကျွန်တော်သစ်သားကွပ်ပျစ်ကို လက်သီးနဲ့ထိုး လက်ဝါးစောင်းနဲ့ ခုတ်နေတာ)။ ပြောမရ ထိန်းမရတာနဲ့ ကျွန်တော့်နားရင်းကို အဘက လက်ဝါးနဲ့ တီးလိုက်တော့မှ . . .

ကျွန်တော် ပြန်အသိဝင်လာခဲ့တယ်။

ကြည့်လိုက်တော့ ရေနံဆီမီးခွက်အလင်းရှေ့မှာ ဘုန်းအိုကြီးပါ ရောက်ပြီး စိုးရိမ်ကြီးစွာ ကြည့်နေတာ မြင်ရတယ်။

"သတိရပြီလား . . . ဟော့ကောင်"

"အင်း . . . အင်း . . ."

"ဘာတွေဖြစ်နေတာတုန်း . . . ပြောစမ်း"

"သူ . . . သူ . . . လာပြီး . . . လည်းပင်းညှစ်သတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတုံး ... ဘယ်သူလာတာတုံး"

"ဟို ... ဟို ... မုတ်ဆိတ်ရှည် ဆံပင်တွေကျစ်ထားတဲ့ ကုလားအဘိုးအိုကြီး"

"သူက ဘယ်ကတုံး။ မင်း တွေ့ဖူးလို့လား"

"တွေ့ဖူးတယ်"

"ဘယ်မှာ တွေ့ဖူးတာတုံး ... မောင်မှိုင်း"

"မြေ ... အောက် ... သချိုင်းဂူထဲမှာ"

"ဩော် ... ဒီလိုလား။ ပြောစမ်းပါဦး ... အခု ဘယ်လိုဖြစ်ပြီး မင်းက ကြမ်းပြင်ကို ဒေါသတကြီး ထိုးရိုက်နေတာတုန်း"

ဒါနဲ့ တစ်ကိုယ်လုံး ယားလွန်းလို့ အိပ်မပျော်တပျော် ဖြစ်နေချိန် ဆံပင်တွေ တစ်ခေါင်းလုံး ကျစ်ဆံမြီးကျစ်ထားတဲ့ ဆာဒူးလိုလို၊ ဘာမှန်းမသိရတဲ့ အဝါရောင် အင်္ကျီရှည်နဲ့ ကုလားအဘိုးကြီး ရောက်လာပြီး ...

ကျွန်တော် အိပ်မက်ဖြစ်စဉ်ကို ပြောပြရော ...

ဘဘုန်းအိုကြီးက မျက်လုံးပြူးကျယ်သွားပါရောဗျာ။

အဘကလည်း စိုက်ကြည့်ပြီး စဉ်းစားနေရဲ့။

"မင်း မြေအောက်သချိုင်းထဲက ဘာပစ္စည်း ယူလာခဲ့လို့လဲ"

ဒီမှာပဲ ကျွန်တော် အတွင်းခံဘောင်းဘီအိတ်ထဲက အမည်းဝိုင်းဝိုင်း ကျပ်စေ့ခန့်ပစ္စည်းကို ထုတ်ပြပေးလိုက်တော့ ...

ဘတိုက်ပုံကြီးက ပစ္စည်းဝိုင်းမည်းလေးကို မီးရောင်မှာ ထောင်ကြည့်တယ်။ ပြီး မီးဖိုပြာနဲ့ ပွတ်ကြည့်လိုက်ရော။

"ဒါ ရတနာ့ပုံ ဒင်္ဂါးပဲကွ"

"ဗျာ ..."

"ဟေ ..."

ကျွန်တော်ရော၊ ဘဘုန်းရော အံ့ဩသွားတယ်ဗျာ။

"ဒီဒင်္ဂါးကြောင့် ဖြစ်ရတာ။ သူတို့ လာပြန်တောင်းတာ"

"ဘုရားရေ ... လာပြန်တောင်းတာ ... ဟုတ်လား အဘ"

"ဟုတ်တယ် ... မင်းက ပိုင်ရှင်မပေးတဲ့ ပစ္စည်းကို ခိုးလာလို့ပဲ"

---

စိတ်ကူးသစ်စာပေ



ဘုန်းအိုကြီးကလည်း ဝင်ပြောတယ်။

"ဒကာလေးကို ကျုပ် ကြိုပြောသားပဲ။ ဒီနေရာက ဘာပစ္စည်းမှ မယူနဲ့လို့ ပြောသားပဲ။ ဒကာလေးက ခပ်ပေါ့ပေါ့လုပ်လိုက်တာကိုး။ ခုလို သိရတာ အလွန်ကံကောင်းတယ်။ နို့မို့များဆို ဒကာလေး ဘဝပျက်ရော"

"ဘယ်လိုပျက်ရတာတုံး ဘုရား"

"ဘုန်းကြီးတို့ ဒီရွှေဒင်္ဂါးဟောင်းကို သွားပြန်ပို့ပေးရမယ် ... ဒကာကြီး။ နို့မို့ အန္တရာယ်များတယ်"

"ဘယ်လိုများ ဖြစ်သွားနိုင်ပါလဲ ဘုရား"

"မိုးလင်းနေပြီ မျက်နှာသစ်၊ အဆာပြေ စားကြဦး။ စားရင်းနဲ့ ဘုန်းကြီး ဒီမြေအောက်ဂူသချိုင်းအကြောင်း ပြောပြမယ် ... ဟုတ်လား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၁]

❑

ဘုန်းအိုကြီးက အရှည်တစ်ပေခွဲ၊ တစ်ထွာခန့်ရှိတဲ့ ကနုတ်ဖော်ကျွန်းသေတ္တာဟောင်းလေးကို ချပြီး သံချေးတက်နေတဲ့ သော့ခလောက်ကို ဖွင့်လိုက်တယ်။

အဝတ်ဖြူစနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကို ထုတ်ယူပြီး ဖြည်လိုက်တော့ ပေစာထုပ်ကြိုးနဲ့ ချည်ထားတဲ့ ပေစာထုပ်တစ်ထုပ်ကို မြင်ရတယ်။

ဘုန်းအိုကြီးက ပေစာထုပ်ကြိုးကို ဖြည်ပြီး အမှတ်(က) ပါ ပေစာရွက်တစ်ရွက်ကို ဘတိုက်ပုံထံ လှမ်းပေးပြီး . . .

''ဒါ ပထမပေရွက် နိဒါန်းပဲ။ ဒကာကြီး ဖတ်ကြည့်ပါ''

ဘတိုက်ပုံကြီးက တစ်ထွာခန့်ရှည်ပြီး အနည်းငယ် အရောင်လွင့်စပြုနေတဲ့ ပေရွက်ပေါ်က စာကို ဖတ်လိုက်တယ်။

'' . . . ကျွန်ုပ် မယ်မင်းယာစိုကို နေ့စဉ် စောင့်မျှော်နေတယ်။ ဘဝများစွာ ဆက်စောင့်နေမှာပါ။ မယ်မင်းယာစို ရောက်လာပြီး သွေးမျက်ရည်နဲ့





ဆေးကြောမှသာ ကျွန်ုပ်ဘဝအသစ်ကို ကူးပြောင်းမယ်လို့ သစ္စာပြုခဲ့တယ်။ မယ်မင်းယာစို ရောက်လာလိမ့်မယ်လို့ မျှော်လင့်နေတယ်။ ကျွန်ုပ်က ရှင်မယ်မင်းယာစိုကို အသက်တမျှ ချစ်ခဲ့ရသူလေ။ မယ်မင်းယာစို ဘယ်ဘဝရောက်ရောက် ကျွန်ုပ်ရှိရာကို ဆက်ဆက် အရောက်လာခဲ့ပါလို့ မေတ္တာရပ်ခံပါရစေ''

''ဒီမြေအောက်ဂူသချိုင်း မြို့စားလေး သံယောဇဉ်နဲ့ ဒီမြို့စားလေး သံယောဇဉ်ရယ်၊ ရှင်မယ်မင်းယာစိုရယ်က ဘယ်လို ဆက်စပ်တာပါလဲ ဘုရား''

''ဟောဒီ ပေစာထုပ်ထဲမှာ အပြည့်အစုံ ပါပါတယ် . . . ဒကာကြီး''

''ဘဘုန်းကရော ဒီပေစာထုပ်ကို ဘယ်လိုရခဲ့တာပါလဲ ဘုရား''

''မြင်ကွန်းသား လွှန်းက သီပေါမင်းပါတော်မူပြီးနောက် နယ်ချဲ့တော်လှန်ရေးမှာ ပါဝင်သွားခဲ့တယ်။ သူက သွေးသောက်ကြီးတစ်ဦးပေါ့။ သူက တိုက်ပွဲမှာ အင်္ဂလိပ်စစ်သားတွေရဲ့ သေနတ်ကျည်ထိပြီး ဒဏ်ရာပြင်းထန်လို့ ရောဝတီမြစ်နံဘေးက ရွာလေးတစ်ရွာမှာ ဝင်ခိုခဲ့တယ်။ ဝင်ခိုခဲ့နေရာက ဘုန်းကြီးကျောင်းတစ်ကျောင်းပဲ။ ဒဏ်ရာကို ကြိုးစားကုသခဲ့ပေမင့် အသက်ဆုံးခဲ့ရတယ်။

ကွယ်လွန်ခါနီးမှာ မိန်းမဝတ် လက်စွပ်တစ်ကွင်းနဲ့ ဒီပေစာထုပ်ကို တောကျောင်းထိုင်ဘုန်းကြီးလက်ထဲ အပ်ခဲ့ပြီး ရှင်မယ်မင်းယာစိုကို တွေ့ရင် ပေးပေးပါလို့ ပြောခဲ့တယ်တဲ့။ ဘုန်းကြီးကလည်း ရောဝတီမြစ်ကမ်းနံဘေးက တောကျောင်းဘုန်းကြီးဆိုတော့ ရှင်မယ်မင်းယာစိုလည်း မသိ၊ သွေးသောက်ကြီးရဲ့ အလောင်းကိုတော့ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့တယ်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်တဲ့ခေတ် ရောက်သည့်တိုင် ရှင်မယ်မင်းယာစိုလည်း ရောက်လာဘူး။ နီးစပ်ရာစုံစမ်းကြည့်တော့လည်း မသိကြဘူး။ လက်စွပ်အပါအဝင် ပေစာထုပ်ကိုလည်း ပေစာကြိုးချည်ထားတဲ့ အတိုင်းပဲ သိမ်းထားခဲ့တယ်။

ဒီလိုနဲ့ စပါးပွဲစားတစ်ဦး ရွာရောက်လာလို့ ကွယ်လွန်သူ သွေးသောက်ကြီး လွှန်းရဲ့အကြောင်း မေးမြန်းရာက အဆက်ရပြီးနောက် သွေး



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြီးလွှန်းရဲ့ အစ်ကို ဘုန်းကြီးဦးဓမ္မရောက်လာပြီး သူညီပေးခဲ့တဲ့ ပေစာထုပ်၊ လက်စွပ်နဲ့သွေးစွန်းဓားကို ယူသွားတယ်။ ရှင်မယ်မင်းယာစိုကို ဘုန်းကြီးသိတယ်တဲ့။ ရှင်ဓမ္မလည်း ရှင်မင်မင်းယာစိုကို မတွေ့ရဘဲ ငှက်ဖျား ရောဂါနဲ့ ကွယ်လွန်ခါနီးမှာ ကျောင်းရောက်နေတဲ့ အာဂန္တုဘုန်းကြီးတစ်ပါး လက်ထဲ ထည့်ပေးပြီး ရှင်မယ်မင်းယာစိုဆိုသူကို စုံစမ်းပြီး ပေးဖို့ ရှင်မယ် မင်းယာစို မရှိခဲ့ရင်လည်း ရှင်မယ်မင်းယာစိုနဲ့ နီးစပ်သူကို ပေးဖို့ ပြောခဲ့ တယ်တဲ့။ သွေးသောက်ကြီး လွှန်းရဲ့အစ်ကို ဘုန်းကြီးရှင်ဓမ္မက ပေစာထုပ် ကို ဖတ်ခဲ့တယ်။ ဖတ်ပြီးတော့ ရှင်မယ်မင်းယာစိုလက်ထဲ ထည့်ပေးမှ ကိစ္စ ပြီးမှာကို သဘောပေါက်ခဲ့တယ်။ ရဟန်းကြီးရှင်စက္ကလည်း အဆင့်ဆင့်ယုံ ကြည်လို့ ပေးအပ်တဲ့တာဝန်ကိုလည်း ပြီးမြောက်အောင် ဆောင်ရွက်ချင်သလို ပေစာထုပ်ထဲက အကြောင်းအရာတွေကို ဖတ်ကြည့်မိပြီး ရင်ထဲမှာ စိတ် မကောင်းတာနဲ့ ရှင်မင်းယာစိုဆိုသူကို စုံစမ်းခဲ့ပါသော်လည်း ရှင်မင်းယာစိုရဲ့ သတင်းက လုံးဝ ရှာလို့မရဘူး။ ရှင်မင်းယာစိုရဲ့ မိဘနှစ်ပါးလည်း သမီးစိတ် နဲ့ ကွယ်လွန်သွားတယ်လို့ပဲ သိရသတဲ့။

ရဟန်းကြီး ရှင်စက္ကလည်း သူယုံကြည်ရတဲ့ ကပ္ပိယဦးတာနော ကို နောက်ဆုံးပေးခဲ့ပြီး ပျောက်သွားတာ သေလားရှင်လား မသိရတော့ဘူး။ အဲဒီ ပေစာထုပ်နောက်ဆုံး ကျုပ်လက်ထဲမှာ သောင်တင်ခဲ့တယ်။ သောင် တင်ရတာလည်း အခြားကြောင့် မဟုတ်ဘူး။ ကပ္ပိယကြီး ဦးတာနောက ကျုပ်ရဲ့အဖေဖြစ်လို့ပဲ။ အဲဒါ ကျုပ်ရရှိခဲ့တဲ့ ပေစာထုပ်ရဲ့ ဓာတ်လမ်းပဲ၊ လက်စွပ်ကတော့ ပါမလာဘူး။ အနိုးခံရသလိုလို၊ ပျောက်သွားသလိုလိုပဲ သိရတယ်။ ကျန်တာတော့ ဒကာကြီးတို့ ဖတ်ကြည့် ...။ အရေးကြီးတာ နက်ဖြန်ညရောက်ရင် ဟိုဒကာစာရေးဆရာလေးယူခဲ့တဲ့ ရွှေဒင်္ဂါးကို သူ့ နေရာ ပြန်ထားပါ ... ဒကာကြီး။ သူ့နေရာ ပြန်မထားရင် အန္တရာယ် ဘေးဆိုးများ ကျရောက်လိမ့်မယ်။ ပြန်ဖို့ဖြစ်အောင် ပို့''

''အရှင်ဘုရား ...''

''ပြောပါ ... ဒကာဦးရာကျော်''

''ဘယ်လို အန္တရာယ်ဘေးဆိုး ကျရောက်တတ်လို့လဲ ဘုရား''





''နောက်မှ ပြောပြမယ်။ ပေစာထဲက အကြောင်းကိုသာ အရင် ဖတ်ပြီး စဉ်းစားပေးပါ ... ဒကာကြီး''

ဘုန်းကြီးအိုကြီးက စကားကိုရပ်ပြီး ရေတွင်းရှိရာကို ထွက်သွား ခဲ့တယ်။ အဲဒါနဲ့ ကျွန်တော်လည်း ပေစာထုပ်ကြည့်ပြီး ...

''ငါ အရင်ဖတ်မယ်။ ပြီးရင် မင်းဖတ်''

ကျွန်တော်လည်း မျက်နှာသစ်ဖို့အတွက် ရေတွင်းရှိရာကို ထွက် လာခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၂]

❑

အဘက ပေစာထုပ်ကို ကျွန်တော့်လက်ထဲ လာပေးတယ်။

"မင်း ဖတ်ကြည့် ... ရော့ ..."

"ဘာတွေထူးတုံး အဘ"

"ဖတ်ကြည့်ပြီးမှ စဉ်းစားကွာ"

ဒါနဲ့ ကျွန်တော် ပေစာထုပ်ကြိုးကို ဖြည်လိုက်ပြီး ပေတစ်ရွက်ခြင်း ဖတ်ကြည့်လိုက်တော့ ဇာတ်လမ်းက ဒီလိုကိုး။

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၈) ရက်နေ့မှာ မြန်မာ့နောက်ဆုံးမင်းဖြစ်တဲ့ သီပေါမင်းနှင့် မိဖုရားခေါင်ကြီး၊ စုဖုရားလတ်တို့ကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိကို ပို့လိုက်တယ်။

မိဖုရားခေါင်ကြီးလည်း သူတို့ နန်းကျရပြီဖြစ်တဲ့ဘဝကို သိပြီး ယူသွားလို့ရသမျှ လက်ဝတ်ရတနာတွေကို ယူခဲ့သလို ...





ဒီရွှေနန်းတော်နှင့် မိဖုရားခေါင်ကြီး အဆောင်တော်ကိုလည်း လိပ်စစ်သားတွေ ထင်တိုင်းကြဲ လုယက်ယူငင်မှာသိလို့ မိဖုရားကြီးက အမှုတော်ထမ်းတွေကို ခွင့်ပြုချက် ပေးခဲ့သတဲ့။

ကိုယ်တစ်နိုင် ယူလို့ သယ်လို့ ရတာ ယူသွားကြ၊ ငါတို့ ဘယ်ချိန်အခါမှ မန္တလေးနေပြည်တော် ပြန်ရောက်မယ်မသိဘူး၊ ကုလားဖြူဆိုးတွေလည်း နင်တို့ကို နှိပ်စက်မယ်။ နန်းတော်ထဲက အဖိုးတန်မှန် သမျှ ဘုန်လုယက်ယူငင် ဖျက်ဆီးလိမ့်မယ်။

သယ်လို့ ယူလို့ရတာ ယူကြ။ အဝေးကို ရှောင်ကြ။

'ငါတို့ မြန်မာနိုင်ငံကို ပြန်ရောက်ခဲ့ရင်လည်း လာတွေ့ကြ' လို့ က်ဆုံး ပြောခဲ့သတဲ့။

မိဖုရားခေါင်ကြီးရဲ့ အဆောင်တော်ထဲက မိဖုရားမယူနိုင်တဲ့ ည်အဖိုးတန်တွေကို မိဖုရားငယ်တွေရော၊ အထိန်းတော်၊ အပျိုတော် တာ ရသမျှ ရှာဖွေထုပ်ပိုးပြီး သယ်ကြ၊ ဝှက်ကြတယ်။

တစ်ချိန်က မော်လို့မျှမကြည့်ရဲတဲ့ အပျိုတော် မိဖုရားအမှုထမ်း တာ လောဘကြီးစွာ ရှာဖွေရယူပြီး မလွယ်တံခါးကနေ ထွက်သွားကြ ယ်။

အချို့သော မိန်းမသား အမှုထမ်းတွေကတော့ မိဖုရားကြီးကို န်တော့ပြီး သွားကြသတဲ့။

မိဖုရားကြီးမှာလည်း မာန်တွေကျနေတော့ ဖြစ်ခြင်း၊ ပျက်ခြင်း ကို ကြိုးစားပြီး တရားနဲ့ ရှုနေတယ်တဲ့။ မင်းနှစ်ပါး ပါတော်မူပြီး တ် မန္တလေးရွှေနန်းတော်ထဲကို ကာနယ်စလေဒင်ဦးဆောင်တဲ့ အင်္ဂလိပ် ကြီးအကဲတွေ ရောက်ရှိပြီး နန်းတော်ကို သိမ်းတယ်။

နန်းတွင်းမှာလည်း လုယက်မှုတွေ ဖြစ်နေသလို ...

နန်းတွင်းက ရသမျှယူသွားတဲ့ မင်းမှုထမ်း မိန်းမတွေရဲ့နောက် ည်း တောကြောင်တွေက လိုက်လံလုယက် တိုက်ခိုက်သတ်ဖြတ်ကြ ယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အင်္ဂလိပ်အာဏာပိုင်တွေက ကင်းဝန်မင်းကြီး ဦးကောင်း ကို ယာယီအုပ်ချုပ်ရေးမှာ ခေါင်းဆောင်ခန့်ပြီး အင်္ဂလိပ်အစိုးရစစ်တပ် မြို့ရွာငြိမ်ဝပ်ပိပြားရေးကို တာဝန်ပေးထားတယ်။

နန်းတွင်းမှာ တန်ခိုးတက်ခဲ့တဲ့ တိုင်တားမင်းကြီးလည်း အာဏာ မဲ့ပြီး အရေးမပါတဲ့ဘဝ ရောက်သွားခဲ့တယ်။

စစ်နိုင် အင်္ဂလိပ်စစ်သားတွေဟာ နန်းတွင်းမှာ ကျန်ရစ်ခဲ့ အဖိုးတန်ပစ္စည်းတွေကို ရှာဖွေယူကြတဲ့အပြင် ...

နန်းတွင်းပိဋကတ်စာတိုက်တွေကို ဖျက်ဆီးပြီး အဖိုးတန်သမိုင်း ပေစာတွေကို မီးရှို့ဖျက်ဆီးပစ်တာကို ကင်းဝန်မင်းကြီးဦးကောင်းက မြင် အင်္ဂလိပ်စစ်အရာရှိတွေကတစ်ဆင့် တားဆီးနိုင်ခဲ့လို့ အချို့သော တန် ကြီး ပေစာ၊ ပုရပိုက်စာ၊ အမိန့်ပြန်တမ်းစာတွေ ကျန်ရစ်ခဲ့တယ်တဲ့။

ဒီမြင်ကွင်းတွေကို မြို့စားလေးသံယောဇဉ် မျက်မြင်ကိုယ်တွေ မျက်ရည်ပေါက်ပေါက် ကျခဲ့တယ်။

မြို့တွင်းမြို့ပြင်မှာလည်း သေနတ်သံတွေ ဟိုဟိုဒီဒီက ကြား ရတယ်။ လုယက်သူတွေကို အင်္ဂလိပ်စစ်သားတွေက သေနတ်နဲ့ပစ်သ နေသလို ...

အင်္ဂလိပ်စစ်သားတွေကို ဝင်စီးတဲ့ မျိုးချစ်သူရဲကောင်းတွေ ဒေါသချောင်းချောင်းနဲ့ ပစ်ခတ်တဲ့ သေနတ်သံတွေလည်း ပွဲတင်ညံ တယ်။

“ဘိုးဘိုး ... ဘယ်လိုလုပ်ကြမတုံး ဘုရား”

“ငါတို့ သူ့ကျွန်ဘဝရောက်ပြီကိုး မောင်သံယောဇဉ်”

“ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား ဘိုးဘိုး”

“မလောပါနဲ့ သားတို့။ ဘိုးဘိုးရင်ထဲလည်း ဝင်ကြည့်ကြပါဦး ဘိုးဘိုး ကိုယ့်လူတွေ ဒုက္ခရောက်မှာစိုးလို့ မတတ်သာဘဲ ဝင်ထိန်းရတာ သားတို့”

“ကျွန်တော်မျိုးတို့ သည်းမခံနိုင်တော့ဘူး ဘိုးဘိုးဘုရား”





“အိမ်း ... ဘိုးဘိုးတို့လည်း အညာခံလိုက်ရတာကိုး။ တိုင်းပြည် ကတော့ မငြိမ်တော့ပါဘူးကွယ်။ ငါတို့လူမျိုးများ ပြန်အုပ်ချုပ်ခွင့်ရအောင် တော့ ဘိုးဘိုး အင်္ဂလိပ်အစိုးရနဲ့ စကားပြောပါ့မယ် ... သားတို့”

ကျွန်ုပ်တို့ နားလည်ထားတာက ကျွန်ုပ်တို့နိုင်ငံကို သူတို့ အခမွ ကလိမ်ဉာဏ်ဆင်ပြီး တိုက်ခိုက်သိမ်းပိုက်လို့ ...

အရှင်နှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်သွားကြတာ။

မနေ့က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်အရှင်သခင်နဲ့ စည်ပင်သာယာ ခဲ့တဲ့ နိုင်ငံ။

ဒီနေ့ ကျွန်ဘဝ ရောက်သွားပြီ။

ကျွန်ုပ်တို့ ဘာလုပ်ကြမှာတုံး။

မင်းကြီး မင်းလက်ဝါးက မင်းလှခံတပ်ကနေ အသေအကြေတိုက် ခဲ့တာ။ ပြန်တိုက်ရင် သူပုန်ဆိုတဲ့အမိန့်စာ မရောက်ခဲ့ရင် မင်းလှခံတပ်ရှေ့ ဧရာဝတီမြစ်ထဲမှာ သင်းတို့သင်္ဘောတွေကို ကျွန်ုပ်တို့ရဲ့အမြောက်ကြီးတွေ က နှစ်မြှုပ်ပစ်နိုင်တာပဲဗျာ။

အညံ့ခံရင်း သေတာထက် ...

တိုက်ရင်းသေတာ မမြတ်ဘူးလား။

ညောင်ရမ်းမင်းသားကြီး အင်္ဂလိပ်စစ်သင်္ဘောနဲ့ ပါလာပြီတဲ့။ အခု အညာခံလိုက်ရပြီ။ ညောင်ရမ်းမင်းသားအတုနဲ့ သူတို့ ဧရာဝတီကို ဆန်တက် လာခဲ့ကြတာ။

မင်းကြီးမင်းလက်ဝါးရဲ့ နာနာကြည်းကြည်း တောက်ခတ်သံဟာ မင်းလှခံတပ်ပေါ်မှာ ပွဲတင်ထပ်နေတယ်ဗျာ။

လက်နက်ချရမတဲ့။

မင်းကြီးက ဓားမြှောက်ပြီး ဟစ်အော်ခဲ့တယ်။

ငါ အင်္ဂလိပ်ကျွန် မခံဘူး၊ လက်နက်မချဘူးဟေ့လို့ ပြောရင်း သူ့ လူတွေနဲ့ ရှောင်ထွက်သွားခဲ့တယ်။

မင်းကြီးရွှေလုံဗိုလ်လည်း ဒီအတိုင်းပဲ။

မင်းနှစ်ပါး ပါတော်မူသည့်တိုင် အညံ့မခံဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ အင်္ဂလိပ်စစ်သားတွေကို စစ်ပျူဟာအမျိုးမျိုးနဲ့ တိုက်နေတုန်းပဲ။ မြန်မာတွေစစ်ရှုံးသွားတာကို မယုံကြည်ဘူး။ ပြန်တိုက်ရင် သူပုန်ဆိုတဲ့ အမိန့်ကို လက်မခံဘူး။

ကျွန်ုပ်တို့ တိုက်ရင်းသေရမယ်။

နယ်ချဲ့ကျူးကျော်သူ ကုလားဖြူတွေထံမှာ လုံးဝလက်နက် မချဘူး။ ဘာလို့လဲဆိုတော့ ...

ကျွန်ုပ်တို့က မြန်မာလေ။

မြန်မာဆိုတာ တိုင်းပြည်နဲ့ လူမျိုးအတွက် တိုက်ရဲ၊ သေရဲတဲ့လူမျိုးပါ။ ကျွန်ုပ်တို့နဲ့အတူ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ မွန် စတဲ့ နယ်ချဲ့တော်လှန်ရေး သူရဲကောင်းတွေလည်း တစ်ဖိုလ်ကျတစ်ဖိုလ်တက် အသေခံ တိုက်နေကြတာလေ။

ဟေ့ ... ကုလားဖြူ လူယုတ်မာတွေ။

မင်းတို့ လက်နက်ကောင်းအားကိုးနဲ့ ငါတို့နိုင်ငံကို ကျွန်ပြုသိမ်းပိုက်လို့ ရချင်ရမယ်။

ငါတို့ရဲ့ မျိုးချစ်စိတ်၊

သူ့ကျွန်မခံစိတ်။

ငါတို့တိုင်းပြည်၊ ငါတို့အရှင်သခင်၊ ငါတို့လူမျိုး အတွက် သေရဲတိုက်ရဲတဲ့စိတ်ကို မင်းတို့ ဘယ်တော့မှ သိမ်းပိုက်လို့မရဘူးဟေ့။

ငါတို့ ဓားဦးတွေက မင်းတို့ရဲ့လည်ချောင်းသွေးကိုသောက်ဖို့ ဓားသွားတွေ၊ ဓားဦးတွေ သွေးဆာနေပြီဟေ့။

.................

ကျွန်တော် ပေစာရွက်တွေကိုဖတ်ရင်း ကြက်သီးမွေးညှင်း ထလာခဲ့ပါတယ်။ မြို့သားလေး သံယောဇဉ်ရဲ့ ဇာတိမာန်ကို ကျွန်တော် မျက်ဝါးထင်ထင် မြင်နေရတယ်။

မြန်မာဆိုတာ ဒီလို သတ္တိနဲ့ ရှင်သန်တဲ့လူမျိုးပါလား။

✿ ✿ ✿

# [၁၃]

❑

အင်္ဂလိပ်အစိုးရကလည်း မင်းကြီးရွှေလုံဗိုလ်ကို လန့်တယ်။ မင်းကြီးက တိုက်ပြီဟေ့ဆို သူသေကိုယ်သေ တိုက်တဲ့မင်းကြီး။

(မှတ်ချက်။ ၁၈၈၅ခုနှစ်၊ နိုဝင်ဘာလ ၂၉ရက်နေ့၊ ညနေ ခြောက်နာရီ ဆယ့်ငါးမိနစ်တွင် သီပေါဘုရင်နှင့် မိဖုရားနှစ်ပါး၊ သမီးတော်နှစ်ပါးနှင့်ထောက်ခြောက်ဦး၊ အခြွေအရံ ၁၇ဦးပါအဖွဲ့အား ဧရာဝတီမြစ်အတွင်းရှိ သူရိယမီးသင်္ဘောပေါ်သို့ တင်ပို့ထားပြီး။

၁၈၈၅ခုနှစ် ဒီဇင်ဘာလ ၁၀ရက်နေ့တွင် သီပေါဘုရင်နှင့် မိဖုရားအဖွဲ့ကို အိန္ဒိယပြည် မဒရပ်မြို့သို့ ခုတ်မောင်းသွားပြီး ဗြိတိသျှအစိုးရပိုင် 'ကင်းနင်း'အမည်ရှိ သင်္ဘောပေါ်သို့ ပြောင်းရွှေ့ပြီး အိန္ဒိယနိုင်ငံအနောက်ဘက် ပင်လယ်ကမ်းခြေ ဘုံဘေမြို့၏တောင်ဘက် ဆယ်မိုင်ခန့်အကွာရှိ 'ပုနားမြို့' အနောက်ဘက် ရတနာဂီရိကျွန်းမြို့လေးအတွင်းရှိ စံအိမ်တော်မှာ နေရာချထားခဲ့သည်။)



www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ (၂၇)ရက်နေ့မှာ မြန်မာဘုရင်ရဲ့ ဝန်ကြီးတိုင်တားမင်းကြီးကို ဖမ်းဆီးပြီး အိန္ဒိယပြည် ကာတက်မြို့ကိုပို့ ပြည်နှင်ဒဏ်ပေးခဲ့တယ်။

ကောလင်းမြို့စား ရွှေလုံမြို့ဝန်ကို ဖမ်းမိတော့ နှစ်နှစ်ခန့် အကျယ်ချုပ်နဲ့ထားဖို့ အစောင့်အကြပ်များစွာ ခြံရံပြီး အင်္ဂလိပ်သင်္ဘောနဲ့ စစ်တွေကိုပို့ခဲ့တယ်။

တိုင်တာမင်းကြီးဦးဘိုးသည် ၁၈၉၅ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ရန်ကုန်မြို့မှာ ကွယ်လွန်ခဲ့တယ်။ (စကားချပ်)

မင်းလှတိုက်ပွဲမှာ ကျွန်ုပ်တို့ သူ့ကျွန်မခံစိတ်နဲ့ အသေအကြေပြန်တိုက်ခဲ့တယ်။ လက်နက်ချင်း မညီမျှပေမယ့် ကျွန်ုပ်တို့မှာ မျိုးချစ်စိတ်ရှိတယ်။ ဇာတိမာန်စိတ်နဲ့ အသက်စွန့်တိုက်ခဲ့တာပါ။

ကျွန်ုပ်တို့ရှေ့မှာ ဝွေးချောင်းခံတပ်ကျသွားပြီ။

မင်းလှခံတပ်လည်း ပြန်တိုက်ရင် သူပုန်ဆိုတဲ့ အမိန့်ကြောင့် လက်နက်ချကျဆုံးခဲ့ရပါပြီ။

ဒီတိုက်ပွဲမှာ မြန်မာတို့ဘက်က စစ်သည် (၁၇၀)ကျဆုံးပြီး (၄၁)ဒဏ်ရာရခဲ့တယ်။ (၂၇၆)ဦးကို သုံ့ပန်းအဖြစ် အင်္ဂလိပ်က ဖမ်းဆီးခဲ့တယ်။

ကျွန်ုပ်တို့ မြန်မာဘက်က သံသွန်းအမြောက်ကြီး ကိုးလက်၊ ကြေးအမြောက်ကြီး ခြောက်လက်၊ နံ့ရုံကပ်အမြောက် နှစ်လက်အပါအဝင် အမြောက်အကြီးငယ် (၂၁)လက် ဆုံးရှုံးခဲ့ရတယ်။

အင်္ဂလိပ်စစ်တပ်က လေးဦးကျဆုံးပြီး (၂၇)ဦး ဒဏ်ရာရရှိသွားခဲ့တယ်။

မင်းကြီးမင်းလက်ဝါးလည်း လက်နက်မချဘူးဆိုပြီး ရှောင်တိမ်းသွားခဲ့ပြီ။

ကျွန်ုပ်တို့ လက်နက်မချလိုသူတွေလည်း အချို့က ရင်နာလွန်းလို့တား လုံတွေကိုရိုက်ချိုးပြီး ရှောင်တိမ်းသွားသူတွေရှိသလို ရရာလက်နက်စွဲကိုင်ပြီး ကြုံရာအရပ်ကနေ ပြန်တိုက်မယ်ဆိုပြီး ရှောင်တိမ်းသွားသူတွေလည်း ရှိခဲ့ကြတယ်။

ကျွန်ုပ်တို့လည်း မင်းလှခံတပ်ကနေ ရှောင်တိမ်းခဲ့ပြီး တောင်ငူစစ်ကြောင်း၊ ရွှေကျင်တစ်ဝိုက်မှာ မရမ်းချောင်းဘုန်းတော်ကြီးနှင့်အတူ အင်္ဂလိပ်နယ်ချဲ့ကို ပြန်တိုက်ခဲ့တယ်။





ပုပ္ပားတောင် တစ်နယ်လုံးမှာ ဗိုလ်ရွှေမုတ်၊ ဗိုလ်ကံကြီး၊ ဗိုလ်မုန်း၊ ဗိုလ်ရာညွန့်၊ ဗိုလ်အောင်တို့က နယ်ချဲ့တော်လှန်ရေးသမား ခေါင်းဆောင်တွေပဲ။

ကျွန်ုပ်တို့က နိုင်လိုက်၊ ရှုံးလိုက်၊ ရှောင်လိုက်နဲ့ တိုက်ပွဲ ပြင်းထန်လာခဲ့တယ်။ နောက်ဆုံး တပ်တွေ ရှောင်ရင်း တိမ်းရင်း တိုက်ရင်း ပြန့်ကျဲကုန်ကြတယ်။

ကျွန်ုပ်သည် အရှင်နှစ်ပါး ပါတော်မူကတည်းက မြို့ကထွက်လာပြီး တိုက်ပွဲတွေကြားမှာ အချိန်တွေကို ရင်းနှီးမြှုပ်နှံခဲ့တာ နှစ်နှဲ့ချီကြာမြင့်ခဲ့ပြီ။

ကျွန်ုပ်တို့ ရဲဘော်တွေမှာလည်း တိုက်ပွဲမှာ သူရဲကောင်းပီသစွာ ကျဆုံးခဲ့သူရှိသလို

ရန်သူထံမှာ ရာထူးယူ လက်နက်ချ အညံ့ခံမည့်သူတွေလည်း ရှိခဲ့တယ်။ ဒါနဲ့အတူ တိုက်ပွဲမှာ ဒဏ်ရာရပြီး အဖမ်းခံရတဲ့သူတွေလည်း ရှိတယ်။

အချို့ကတော့ မိသားစုအရေးကို ပြန်ငဲ့ပြီး လက်နက်ကို ခဏနားလို့ နေရပ်ပြန်သူတွေလည်း ရှိကြတယ်။

ကျွန်ုပ် မြို့စားလေးဆိုတဲ့ ဂုဏ်ပုဒ်ကိုပြောပြီး တော်လှန်ရေးတပ်ဖွဲ့ထဲကို ကျွန်ုပ် မဝင်ခဲ့ဘူး။

ရာထူး၊ ဂုဏ်ဒြပ်တွေကို စွန့်ပစ်ပြီး သာမန်နယ်ချဲ့ တော်လှန်ရေးသမားတစ်ဦးအနေနဲ့ ဝင်ခဲ့တာ။

ကျွန်ုပ်ရဲ့ ကိုယ်ရည်ကိုယ်သွေး တိုက်ရည်လက်ကို ကြည့်ပြီး မရမ်းချောင်း ဘုန်းတော်ကြီး အားရကျေနပ်ခဲ့တယ်။

ကျွန်ုပ်သည် ပုပ္ပားတော်လှန်ရေးခေါင်းဆောင်များဖြစ်တဲ့ ဗိုလ်ရွှေမုတ်တို့၊ ဗိုလ်မုန်းတို့ထံကိုလည်း ရောက်ခဲ့တယ်။

ဒီနေရာမှာ လူစုကွဲသွားရင် အခြားအဖွဲ့နဲ့ ကျွန်ုပ်တို့ သွားပူးပေါင်းပြီး ရန်သူကို တိုက်ကြတာပဲ။

ကျွန်ုပ်ရဲ့ဘဝမှာ ရာထူး မလိုပါဘူးလေ။

အင်္ဂလိပ်ကုလားဆိုးတွေကို တိုက်ခွင့်ရရင် ကျေနပ်နေတာပါ။ ဒါကြောင့် ကျွန်ုပ် မြင်းခြံ ပခုက္ကူတပ်က တော်လှန်ရေးခေါင်းဆောင်များဖြစ်တဲ့ ဗိုလ်ရှန်၊ ဗိုလ်ကံ-ဗိုလ်နံ့တို့နဲ့လည်း သိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကြာလာတာနှင့်အမျှ ကျွန်ုပ်တို့ရဲ့ တော်လှန်ရေးဟာ အင်အားနည်းလာခဲ့ပြီး နောက်က အင်နဲ့အားနဲ့ တိုက်တဲ့ကြားမှာ လူစုတွေ ကွဲခဲ့ကြတယ်။

ကျွန်ုပ်နောက်ကိုလည်း အင်္ဂလိပ်စစ်တပ်က ဖိလိုက်နေလို့ နောက်ဆုံး တော်လှန်ရေးနယ်ကနေ ခေတ္တဖာတ်မြုပ်ပြီး ကျွန်ုပ်ရဲ့ မွေးဇာတိ ( ...... ) ကို ပြန်လာခဲ့လိုက်တယ်။ ကျွန်ုပ်ရဲ့ ဒေသမြို့ကလေးကို ပြန်ရောက်တော့မှ ကြေကွဲရင်နင့်စရာတွေကို ဆိုနင့်ကြီးစွာ ကြုံခဲ့ရပါရော။

ကျွန်ုပ်နေခဲ့တဲ့ ကျွန်းနှစ်ဆောင်မြိုင်အိမ်ကြီး မီးလောင်ငုတ်တို အဖြစ် ရောက်နေသလို၊ မြို့ကလေးလည်း မီးလောင်ပြင်ဖြစ် တိုင်တွေက မီးကျွမ်းငုတ်တိုပဲ ကျန်နေ။

အလို ... ဘယ်လိုဖြစ်ပါလိမ့်။

ကျွန်ုပ်ရဲ့ အမိလည်းမရှိ၊

ကျွန်ုပ်ရဲ့ ချစ်လှစွာသော ဇနီး ရှင်မင်းယာစိုလည်း မမြင်ရ။

လူမရှိမြို့လေး ဖြစ်သွားပါကလား။

မီးလောင်ပြင်မှာ ခွေးဝိန်ကလေးတစ်ကောင် လျှောက်ပြေးနေတယ်။ ကျွန်ုပ်အိမ်ရှေ့က ချစ်ဇနီး တယုတယပြုစုနှစ်သက်ခဲ့တဲ့ ပန်းဥယျာဉ်လည်း ပျောက်ဆုံးသွားပြီ။

"အမိ ... အမိတို့ ဘယ်မှာတုံးဗျ"

"နှမလေး ... ရှင်မင်းယာ ... မင်းယာ ... မင်း ဘယ်မှာတုံး"

ကျွန်ုပ် မြင်းညိုကြီးစီးပြီး မီးလောင်ပြင်အနှံ့ကို လိုက်ရှာတယ်။ အနီးနားက ရွာတွေလည်း မီးလောင်လို့ပါလား။

လူတွေ ဘယ်ရောက်ကုန်ပြီတုံး။

နွားတွေ၊ ကျွဲတွေ၊ ကြက်ငှက်တွေရော ...

မီးလောင်ပြင်မှာ လူသေအရိုးအချို့နဲ့ တိရစ္ဆာန်အရိုးတွေ ပြန့်ကြဲနေတာပဲ မြင်ရတယ်။ ကျွန်ုပ်မီးလောင်ပြင် မြို့ပျက်ရွာပျက်တွေကို မြင်းနဲ့ အနှံ့ လိုက်ရှာကြည့်ပေမင့် လူနဲ့တူတာလည်းမရှိ၊ အိမ်နှင့်တူတာ တဲနှင့်တူတာ ဘာဆို ဘာမှမရှိ။

ကျွန်ုပ်ရဲ့ရင်ဟာ ဗလောင်ဆူနေပြီ။

အမေ၊ ချစ်ဇနီး ... ပြီး ... မြို့စားလေးလို့ ခေါ်ပြီး အရိုအသေပြုကြတဲ့ ကျုပ်ရဲ့လူတွေ၊ ရွာသားတွေ။





ဒီမြို့လေးနဲ့ ရွာကလေးတွေကို ဘယ်သူ မီးလောင်တိုက် သွင်းသွားခဲ့တာလဲ။

ကျွန်ုပ် မြင်းအပြင်းနှင်ပြီး လူတွေ၊ ရွာတွေကို လိုက်ရှာတယ်။ မကြာခင် ထင်းခုတ်ထမ်းလာတဲ့ လူတစ်ဦးကိုတွေ့လို့ အလျင်စလို မေးလိုက်တယ်။

"နောင်ကြီး ... ဗျို့နောင်ကြီး"

"ဘာလဲ ညီငယ်"

ထင်းစည်းထမ်းလာသူက ချွေးသံစို့ရွှဲ အဝတ်အစား ညစ်ပေနေတဲ့ မြင်းစီးရှင် ကျွန်ုပ်ကို ကြည့်ပြီး အကဲခတ်နေတယ်။

"ဟိုဘက်က မြို့လေးနဲ့ ရွာတွေကို ဘယ်သူတွေ မီးရှို့သွားတာလဲဗျာ ... ဟင် ... ဟင်လို့"

"သူတို့ပဲပေါ့ကွာ"

"သူတို့ ... သူတို့ဆိုတာ ... သူပုန်တွေလား"

"သူပုန်က မရှိဘူးဗျ။ ရှို့သွားတာ ကုလားဖြူတွေ"

"ဟင် ... ကုလားဖြူတွေက ဘာလို့ ရှို့တာတုံး ... နောင်ကြီးရ ဘာလို့ တစ်မြို့လုံးကို မီးရှို့သွားတာတုံးဗျ"

"သူပုန်တွေ အဝင်အထွက်ရှိတယ်ဆိုပြီး မီးလည်းရှို့၊ လူတွေလည်း ရိုက်နှက်မေးမြန်း၊ ဖမ်း မသက်တဲ့သူတွေကို သတ်သွားတာပဲ"

"ဟို ... ဟိုလေ ... နောင်ကြီး ... မြို့စားလေးသံယောဇဉ် မိသားစုကိုရော သိလားဟင် ... နောင်ကြီး"

"မြို့စားလေး ..."

"ဟုတ်တယ် ... သူတို့မိသားစုရော ဘယ်ကိုပြောင်းသွားလဲဗျာ။ သိရင် မြန်မြန်ပြောစမ်းပါ ... နောင်ကြီးရာ"

"မြို့စားလေးသံယောဇဉ်ကိုတော့ မမြင်ဘူးဖူးကွယ့်။ မြို့စားလေး မြို့ကနေပျောက်သွားလို့ ကုလားဖြူစစ်သားတွေလာ မေးမြန်းရှာဖွေကြတယ်။ ကြားရသမျှတော့ မြို့စားလေးသံယောဇဉ်က သူပုန်ဖြစ်သွားပြီတဲ့။ မြို့လေးဝန်းကျင်မှာလည်း သူပုန်တွေရှိရာ ခိုဝင်သွားသူတွေ ရှိတယ်။ မြို့စားလေးရဲ့ကတော် မိသားစုကို မြို့ဝန်နဲ့ ကုလားဖြူစစ်သားတွေ ရိုက်နှက်အဓမ္မ ခေါ်သွားကြတာပဲ။ နောက်နေ့ ကင်းလှည့်တဲ့ ကုလားစစ်သားတွေကို သူပုန်တွေက ဖြတ်တိုက်လို့ ကုလားစစ်သားသုံးဦး သေသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေလည်း ပါသွားတယ်။ မကြာချက်ချင်းပဲ ကုလားဖြူ၊ ကုလားမည်း စစ်သားတွေရော၊ မြို့ဝန်ဆိုလား မြန်မာအရာရှိတွေရော ရောက်လာပြီး တစ်မြို့လုံးကို မီးတိုက်၊ အနီးက သပြေကန်၊ ယင်းမာ၊ ကြာစွယ်နဲ့ တစ်ပြည်ကုန်းရွာတွေပါ မြေသဒ္ဒါလှန် မီးတိုက်သွားတာပဲ။ ပြန်ပြော၊ ပြန်လုလူတွေကိုတော့ နေရာတင် သေနတ်နဲ့ ပစ်သတ်ကြတာပဲ။ မင်းကရော ဘယ်သူ့ကို လာရှာတာတုံး''

''ဟို ... ဟို ... အသိတွေပါ။ သွားမယ်နော် ... နောင်ကြီး''

ကျွန်ုပ် ကြေကွဲဆို့နင့်စွာနဲ့ ပြန်ခဲ့သည်။ ကျွန်ုပ်မိခင်နှင့် ဇနီးသည်ကို မည်သည့်အရပ်သို့ ဖမ်းဆီး ခေါ်ဆောင်သွားသနည်း။

ကျွန်ုပ်သည် ရှင်မင်းယာစိုနှင့် အိမ်ထောင်ပြုပြီးသည်မှာ လအတန်ကြာမျှပဲရှိသေးပြီး အရှင်နှစ်ပါးပါတော်မူသည့်ကိစ္စကို စုံစမ်းရန် နေပြည်တော်သို့ ရောက်ချိန်မှစ၍ ကျွန်ုပ် တော်လှန်ရေးထဲမှာ ပါဝင်သွားခဲ့ရာ၊ တော်လှန်ရေးအတွင်း၌ နောက်ထပ်တစ်ကြိမ်မျှသာ တွေ့ခဲ့ပြီး မိခင်နှင့် ဇနီးသည်ကို စိတ်မပူပန်ရန် မှာခဲ့သည်။

ဒီလိုနှင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများနှင့် နပန်းလုံးနေရကာ ကျွန်ုပ် ခန္ဓာကိုယ်သည်ပင် အစားပျက်၊ အအိပ်ပျက်နှင့် လူလုံးမလှ ပိန်ချုံးကျနေသောကြောင့် မိခင်နှင့် ဇနီးသည်ပင် မြင်လျှင် မှတ်မိအံ့မထင်။

ယခု အခြေအနေဆိုးကို ကြားသိ မြင်ရသောအခါ ...

ရင်ထဲမှာ ဒေါသမီးတောင်များ ပေါက်ကွဲခဲ့ပြီး ...

အသည်းကြွေမျှ စူးရှနာကြင်သောဝေဒနာကို ခံစားခဲ့ရပြီ။

ကျွန်ုပ် ရုပ်ဖျက်ပြီး မိခင်နှင့်ဇနီးတို့ရှိနိုင်မည့် ထောင်၊ ပုလိပ်စခန်းများကို စုံစမ်းခဲ့ပါသော်လည်း သဲလွန်စ လုံးဝမရခဲ့။

သို့နှင့် တစ်နေ့သောအခါ အင်္ဂလိပ်စကားပြန် ကျီးကန်းဆိုသူရှိရာကို စုံစမ်း ရရှိခဲ့သည်။

စကားပြန်ကျီးကန်းကို လျှို့ဝှက်ဖမ်းဆီး နှိပ်စက် မေးမြန်းသောအခါ ...

ကျွန်ုပ်၏မိခင်မှာ ကြောက်ရွံ့ထိတ်လန့်ပြီး အချုပ်စခန်းမှာပင် ကွယ်လွန်အနိစ္စရောက်သွားပြီ ဆိုသည်ကို သိရပြီး ဇနီးသည် ရှင်မင်းယာစိုကိုမူ မြို့ဝန်ဦးကျောက်မိုးသီးမှ အာမတာဝန်ခံ၍ ခေါ်ယူသွားကြောင်း သိခဲ့ရသည်။





အင်္ဂလိပ်အစိုးရခန့် မြို့ဝန် ဦးကျောက်မိုးသီးရဲ့ လိပ်စာကို မေးမြန်းပြီးနောက် စကားပြန်ကိုကျီးကန်းကို ကျွန်ုပ် သုတ်သင်ပစ်ခဲ့လိုက်သည်။

ကျီးကန်းသည် တိုင်းပြည်နှင့်လူမျိုးကို ကျေးဇူးကန်းသူဖြစ်သကဲ့သို့ သူ့ကြောင့် နယ်ချဲ့တော်လှန်ရေးသမားတွေ ဒုက္ခရောက်ခဲ့ရသည်။

သည့်နောက် ကျွန်ုပ် မြို့ဝန် ဦးကျောက်မိုးသီးရဲ့အိမ်ကို ဝင်ရန် အခွင့်အခါကို ချောင်းမြောင်းလေ့လာခဲ့သည်။

သူ့အိမ်က သစ်လုံးဝန်းခြံကာထားပြီး ဆင်တစ်ရပ်ကျော်မျှ မြင့်သည့်အပြင် တပည့်လက်သား၊ လက်နက်ကိုင်များကလည်း နေ့ရောညပါ စောင့်ကြပ်နေသည်။

မြို့ဝန်ဦးကျောက်မိုးသီးအကြောင်းကို စနည်းနာ လေ့လာသောအခါ သူသည် မိန်းမပွေသူဖြစ်ပြီး ချောချောလှလှ မြင်သမျှကို မယားအမြှောင်များအဖြစ် ထားသည်ဟု သိရသည်။

ကျွန်ုပ် အစိုးရိမ်ဆုံးမှာ ၎င်းအချက်ဖြစ်သည်။

ကျွန်ုပ်၏ဇနီးသည် လွန်စွာ ချောမောလှပသော ကျက်သရေရှိသူဖြစ်၏။ သူမ၏ မိဘနှစ်ပါးသည် ကျွန်ုပ်ကို ယုံကြည်ကိုးစားစွာ ထိန်းမြားအပ်ခဲ့ပြီး ကွယ်လွန်သွားခဲ့ပြီဖြစ်ရကား ...

မိမဲ့ ဖမဲ့မို့ ပို၍ ချစ်သနားပိုရသည်။ သူမကလည်း ကျွန်ုပ်ကို ချစ်မြတ်နိုး၏။ ယုံကြည်၏။ သစ္စာရှိခဲ့၏။

ချောမောလှပသည့် ကျွန်ုပ်၏ ဇနီးကို မြင်လျှင် မြို့ဝန်မင်းကျိန်းသော တော်ကောက် အမြှောင်မယားပြုမှာ သေချာသည်။

ဇနီးသည်ရဲ့ အချစ်ကိုလည်းကောင်း၊ ခန္ဓာကိုယ်ကိုလည်းကောင်း အလွယ်နှင့် ရလိမ့်မည်မဟုတ်။

သို့သော် မြို့ဝန်တို့မည်သည် ရက်စက်သည်။ အလိုရမ္မက်ကြီးသည်။ အာဏာကို လက်လွတ်စပယ် သုံးလေ့ရှိသည်။

ဒီအတွက် ကျွန်ုပ် လွန်စွာစိုးရိမ်ပြီး ရင်ထဲမှာ သောကမီးတွေလောင်မြိုက်နေပြီဖြစ်သည်။

အထဲကို ဝင်ဖို့တော့မလွယ်။

တစ်ညမှာ သူ သူ့မယားငယ် အမြှောင်မယားအိမ်ကို မြင်နိုင်သည်ကို ကျွန်ုပ်နှင့် သွေးသောက်ကြီးငရွှေကွန့် လိုက်ချောင်းရင်း တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့သည်။ အစောင့်လက်သားများက မြို့ဝန် မယားငယ်အိမ်ပေါ် တက် အသွားမှာ သစ်ဝန်းထဲသို့ ပြန်သည်။

ကျွန်ုပ် မယားငယ်နှင့် ပျော်ပါးနေသည်ကို သည်းညည်းခံစောင့် ကြည့်ပြီး မယားငယ် ကိစ္စဝိစ္စပြီး၍ နောက်ဖေးခန်းသို့ ဝင်တော့ သေ့ သောက်ကြီးက အသာလိုက်သွားလိုက်တယ်။ ကျွန်ုပ် မြို့ဝန်ရဲ့ လည်ပင်းကို ဓားနှင့်ထောက်ပြီး မေးရာ မြို့ဝန်ဦးကျောက်မိုးသီး လွန်စွာ လန့်နေ၏။

''အသက်မသေချင်ရင် ကျုပ်မေးတာ ဖြေပါ ... မြို့ဝန်''

''မင်း ... မင်း ဘယ်သူလဲ ... မင်း ... မင်း ...''

''ရှင်မင်းယာစို ... ဘယ်မှာလဲ''

''ဟင် ... မင်း ... မင်းက ...''

ဓားဦးကို လည်မျိုထဲ စိုက်သွင်းမှ သူသေရမှာ ကြောက်ပြီး ဖြေ သည်။

''မ ... မ ... ရှိ ... တော့ ... ဘူး''

''ကျုပ်ကို မညာနဲ့။ ကျုပ် ရှင်မင်းယာစိုရဲ့ ခင်ပွန်းပဲ''

''ဟင် ... မင်း ... မင်း ... သူပုန်မြို့စားလေး''

''ကဲ ...''

''အား ... အ ... မ ... မ ... လုပ်ပါနှင့် ... ပြော ... ပြော ... အား ...''

''ရှင်မင်းယာ ... ဘယ်နေရာမှာရှိလဲ''

''သူ ... သူ ... သေ ... သေသွားပါပြီ''

''ဘာ ... ဘယ်နေ့က သေသွားတာလဲ။ ဘာကြောင့် သေရ တာလဲ ... ပြော''

''နေ ... နေမကောင်းဖြစ် ...''

''မြို့ဝန် ...''

''ဗျာ ... ဗျာ ...''

''သူ့ကို ဘယ်သင်္ချိုင်းမှာ မြှုပ်သတုံး''

''ဝါးတစ်ရာ ... သ ... သင်္ချိုင်းမှာ ... မြှုပ် ...''

''ကိုင်း ... နယ်ချဲ့သူယုတ်မာ ... သစ္စာမဲ့သူ ... သေတော့''

''အုတ် ...''





''အား ... အ ...''

''ဘုန်း ...''

မြို့ဝန်ရဲ့ဦးခေါင်း လည်ပင်းကပြတ်ပြီး ခုတင်ပေါ်က ပြုတ်ကျ သွားသည်။ ကျွန်ုပ်သည် မြို့ဝန်၏ဦးခေါင်းပြတ်ကို သျှောင်ထုံးမှဆွဲပြီး သေ့ သောက်ကြီး ရွှေကွန့်ကိုခေါ်၍ အိမ်ထဲမှ အမြန်ထွက်ခဲ့လိုက်ကြသည်။

နံနက်မိုးသောက်သောအခါ ...

မြို့ဝန်ရဲ့အိမ်ဝန်း သစ်တိုင်ချွန်မှာ စွပ်ထားသည့် ဦးခေါင်းပြတ်ကို ကျေးများထိုး၍ အမှုထမ်းများ လာကြည့်သောအခါ သူတို့သခင် မြို့ဝန် ဦးကျောက်မိုးသီးရဲ့ ဦးခေါင်းပြတ်မှန်းသိပြီး အုတ်အော်သောင်းတင်း ဖြစ် နေကြသလို ...

အင်္ဂလိပ်အရေးပိုင်နှင့် မြို့ကလေးပါ တုန်လှုပ်ချောက်ချားသွားခဲ့ သည်။ ကျွန်ုပ်သည် ဝါးတစ်ရာသင်္ချိုင်းကို စုံစမ်းရှာဖွေခဲ့ရာ ဝါးတစ်ရာသင်္ချိုင်း စဏ္ဍာလကြီး ငဆေးခါးနှင့် တွေ့ခဲ့သည်။

စဏ္ဍာလ ငဆေးခါးကို ရွှေလက်စွပ်တစ်ကွင်း ပေးလိုက်သောအခါ ရှင်မင်းယာစိုရဲ့ အုံ့ဖွယ်ဖြစ်စဉ်ကို သိခဲ့ရသည်။

''မြို့ဝန်အိမ်တော်က မသာတစ်လောင်း ညဦးယံ ဒီသင်္ချိုင်းကို ရောက်လာသလား ... ဦးခါး''

''ရောက်ပါတယ်ခင်ဗျား''

''မိန်းမတစ်ဦးမဟုတ်လား ... ဦးခါး''

''ဟုတ်ပကွယ်''

''သေသူမိန်းမနာမည် သိလား''

''မြို့ဝန်လူတွေ သူတို့ချင်း ပြောနေပုံက သူပုန်တစ်ဦးရဲ့မယားလို့ ပြောတယ်။ မယ်ယာဆိုတဲ့အသံတော့ ကြားမိတယ်''

''သေသူမိန်းမရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပါဦးဗျ ... ဦးခါး''

''မိန်းမလေးက အလွန်ချောတယ်။ အဝတ်အစားတွေလည်း စုတ် ပြီး ခန္ဓာကိုယ်မှာ ကြိမ်လုံးနဲ့ ရိုက်ထားသလိုမျိုး အညိုအမည်းတွေ အများ ကြီးပဲ။ လာပို့တဲ့ အမှုထမ်း(၃)ဦးလည်း ထန်းရည်မူးလို့ကွယ့်။ ကျုပ်ကို မြှုပ် လိုက်လို့ပြောပြီး လူသေကို ချခဲ့လို့ လှည်းမောင်းထွက်သွားကြတယ်။ ကျုပ် လည်း ချောမောလှပပြီး သနားစရာကောင်းလှတဲ့ ငယ်ရွယ်သူမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မြှုပ်ဖို့ ကျင်းတူးနေတုန်းမှာပဲ မြင်းနက်ကြီးနဲ့ အင်္ဂလိပ်ကျောပြောင်လူကြီး တစ်ဦး ရောက်လာပြီး ကျုပ်ကို ငှက်ကြီးတောင်ဓားကို ပြလို့ တူးနေတဲ့ ကျင်းထဲ ဝပ်ခိုင်းတယ်။ မြင်းခွာသံ သချိုင်းထဲက ထွက်သွားသံကြားလို့ ထကြည့်လိုက်တော့ သေသူမိန်းမချောလေးရဲ့အလောင်း မရှိတော့ဘူး။ ကြည့်ရတာ မြင်းစီးရှင် လူဖွားကျောပြောင်ကြီး မြင်းနဲ့သယ်သွားတယ်လို့ ထင်တာပဲ။ ကျုပ်လည်း မကြုံဖူးလို့ ကြောက်တာပေါ့။ နောက်ဆုံး ကျင်း ထဲကို မြေဖို့ပြီး လူသေမြှုပ်သလို မြေပုံ လုပ်လိုက်တယ်ကွယ်''

''မြေပုံက ဘယ်နေရာလဲ ... ဦးခါး''

''ဟောဟို မြေပုံပဲ''

''အထဲမှာ လူသေမရှိဘူးပေါ့''

''မရှိဘူး''

''သေချာလား''

''ကျုပ် မညာပါဘူးဗျာ''

''ရော ... ခင်ဗျားသုံးဖို့ ရွှေဒင်္ဂါးတစ်ပြား''

''ဗျာ ...''

''မြေပုံကို ပြန်ဖော်ပေးပါ ... ဦးခါး''

ရွှေလက်စွပ်တစ်ကွင်းနဲ့ ရွှေဒင်္ဂါးတစ်ပြားက အလွန်ခရီးရောက်ခဲ့ သည်။ စဏ္ဍာလဦးခါးက မြေပုံကို ပေါက်တူးနှင့်ပြန်တူးဖော်ပြလို့ ကြည့် လိုက်တယ်။ မြေကျင်းထဲမှာ ဘာလူသေကောင်မှ မရှိတာကို အမှန်တွေ့ရ သည်။

''ဦးခါး ...''

''ဗျာ ...''

''မိန်းကလေးမျက်နှာပေါ်မှာ ဘာထူးထူးခြားခြား အမှတ်အသား မြင်လိုက်ရတုံးဗျာ''

''အဲ ...''

''စဉ်းစားပါဦး ... ဦးခါးရာ''

''မှတ် ... မှတ်မိပြီဗျ ... သေသူမိန်းကလေးရဲ့ ညာဘက်နှုတ်ခမ်း စွန်းမှာ မှဲ့နက်ကလေးတစ်ခု ရှိနေတယ်ကွယ့်။ ငါ မီးတုတ်အလင်းရောင်နဲ့ မြင်ရတာကွယ့်''





''ကျေးဇူးပါပဲ ... ဦးကြီး၊ ဒီနေရာ ကျွန်တော်လာတာ ဘယ်သူ့ မှ မပြောပါနဲ့ဗျာ နော်''

''စိတ်ချပါ ... လူလေး၊ ဦးကြီး မပြောပါဘူး''

သေချာသွားပါပြီ၊ ကျွန်ုပ်၏ချစ်ဇနီး ရှင်မင်းယာစို သေသွားတာ သေချာသွားပါပြီ။ ရှင်မင်းယာစိုရဲ့ ညာဘက်နှုတ်ခမ်းတည့်တည့်မှာ နှမ်းစေ့ သာသာခန့် မှဲ့နက်ကလေး မြင်သာထင်သာ အထင်အရှား ရှိနေခဲ့ပါတယ်။

မြို့ဝန်ကျောက်မိုးသီးပြောသလို သူမ ဖျားနာသေတာ လုံးဝမဖြစ် နိုင်။ လင်သားလုပ်သူ သူပုန်တော်လှန်ရေးသမား ကျွန်ုပ်ရဲ့ နေရာဒေသနှင့် ကျွန်ုပ်၏ စစ်ရေးလှုပ်ရှားမှုများကို မေးမြန်းစစ်ကြော နှိပ်စက်ရင်း အသက် ပျောက်သွားရှာသလား။

ရှင်မင်းယာစိုရဲ့ အလောင်းကို ဘယ်သူ မြင်းနဲ့ တင်ယူပြေးသွား သလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့် အလောင်းကို လုယူသွားရတာလဲ။

ကျွန်ုပ် ရှင်မင်းယာစိုကို အသည်းနှင့်မျှ ချစ်ပါသည်။

ကျွန်ုပ်အတွက် ချစ်ဇနီးနှင့် အမေတို့ အသက် စတေးခဲ့ရသည်။ အမေ့အလောင်း မြှုပ်နှံရာနေရာကိုမူ ကျွန်ုပ် သိခဲ့ရသည်။

ချစ်ဇနီး ရှင်မင်းယာစို တကယ်ရော သေခဲ့သလား။

ဟို ... မြင်းစီး ကျောပြောင်ကြီးက ဘာကြောင့် ယူသွားရတာ လဲ။ သူကရော ဘယ်သူတုံး။

ရှင်မင်းယာစို တကယ် သေ၊ မသေကို ကျွန်ုပ် မသိရသေး။ သူမ ကို ကျွန်ုပ် မတွေ့တွေ့အောင် ရှာမည်။ ကျွန်ုပ်ကိုယ်တိုင် သူမ ဘာလို့ သေရသလဲ ဆုံးဖြတ်ချက်ချနိုင်မှ ကျွန်ုပ် ကျေနပ်မှုရှိမည်။

ကျွန်ုပ် ရှင်မင်းယာစိုရဲ့ နေရင်းအရပ်မှာ စုံစမ်းတော့လည်း မိဘ မဲ့စု ဆွေမျိုးတို့လည်း စစ်ဘေးရှောင်ရင်း အောက်ပြည်သို့ ပြောင်းရွှေ့သွား သည်တဲ့။

ရှင်မင်းယာစိုကို ကျွန်ုပ် ကာလအတန်ကြာ ရှာခဲ့ရသည့်တိုင် သဲ လွန်စ မရသေး။ ကျွန်ုပ်နေခဲ့သည့် မီးလောင်ပြင်အိမ်နေရာကို သွားခဲ့ပြီး အိမ်နေရာ၏ အလယ်ခေါင် လျှို့ဝှက်အံဖုံးကို ရှာပြီး မြေအောက်မှာဝှက်ထား သည့် မိဘဘိုးဘွားပိုင် ရတနာများကို ပြန်ထုတ်ယူခဲ့သည်။

သည်ရတနာပစ္စည်းများ ထားရာနေရာကို အမေ၊ ကျွန်ုပ်နှင့် ဇနီး ရှင်မင်းယာစိုတို့ပဲ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါတော်မူခေတ်ပျက်ကာလမို့ ရှင်မင်းရာ၏ လက်ဝတ်လက်စားများပါ လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ရာ . . .

ရှင်မင်းယာစိုအတွက် အဘိုးစစ်ကဲကြီး ဦးမောက်တော် လက်ဖွဲ့ပေးခဲ့သော ပတ္တမြားလည်ဆွဲလည်း ပါဝင်သည်။

ကျွန်ုပ် ပစ္စည်းအားလုံးကို ထုပ်ယူခဲ့ပြီး မွန်၊ ကရင် မျိုးချစ်များ နေထိုင်ရာ တောင်ခြေတောထဲက တစ်ဝဂ္ဂအုတ်တိုက် စေတီဘုရားပျက် ဝန်းကျင်မှာ ခိုနေကြတယ်။

ဒါ့အပြင် တော်လှန်ရေးသမားတွေ လိုအပ်ရင် ပုန်းခိုဖို့ အုတ်တိုက်စေတီအောက်မှာ လျှို့ဝှက်ဥမင်ခန်းတွေကို ပြုလုပ်ခဲ့တယ်။

ကျွန်ုပ် တော်လှန်ရေးမှာ ကျဆုံးခဲ့ပါက ကျွန်ုပ်ရဲ့အလောင်းကို ရန်သူ့လက်ထဲမှာ မထားဘဲ ဤလျှို့ဝှက်မြေအောက်မှာ ဂူသွင်းမြှုပ်နှံဖို့ ပြောခဲ့တယ်။

ကျွန်ုပ် ကွယ်လွန်ပြီး အကယ်၍များ ကျွန်ုပ်ရဲ့ဇနီးသည် ရှင်မင်းယာစိုကို တွေ့ရှိခဲ့ပါက သူမရဲ့မင်္ဂလာလက်ဖွဲ့ ပတ္တမြားလည်ဆွဲနှင့်ကျောက်မျက်ရတနာရွှေငွေများကို ပေးလိုက်ဖို့နှင့်၊

ရှင်မင်းယာစို ရောက်ရှိမလာဘဲ ကျွန်ုပ် ဦးစွာ အရင်သေဆုံးခဲ့လျှင် ၎င်းပတ္တမြားလည်ဆွဲနှင့် ကျောက်မျက်ရတနာများကိုပါ ကျွန်ုပ်ရင်ဘတ်ပေါ်မှာ တင်၍ မြှုပ်နှံပေးဖို့ သေဖော်သေဖက် သွေးသောက်ကြီး ဇေင်ရော်၊ ရွှေကွန့်နှင့် တွန်တို့ကို သေချာမှာခဲ့တယ်။

ဒီလျှို့ဝှက်မြေအောက်ဂူအကြောင်းကိုလည်း ဘယ်သူ့ကိုမှမပြောဖို့ ကျွန်ုပ်တို့ သစ္စာရေသောက် သစ္စာပြုခဲ့ကြတယ်။

လက်ထဲမှာကျန်ရှိနေတဲ့ ရွှေငွေ လက်ဝတ်လက်စားတွေကို နယ်ချဲ့ တော်လှန်ရေးမှာ လိုအပ်သလို အသုံးပြုခဲ့လိုက်တယ်။

ကျွန်ုပ် ယုံကြည်ထားသည်မှာ ရှင်မင်းယာစိုတစ်ယောက် အကယ်၍များ အသက်ရှင်လျက် ရှိနေခဲ့ပါလျှင် ကျွန်ုပ်ထံသို့ မဖြစ်မနေ ပြန်လာမည်ဟု အခိုင်အမာ ယုံကြည်ထားသည်။

ဒီလိုနှင့် ကရင်တော်လှန်ရေးသမားများနှင့် တွဲပြီး အင်္ဂလိပ်တပ်သားတွေကို ပြောက်ကျားစနစ်နဲ့ တိုက်၍ အမြန်ရှောင်ကြသည်။

တစ်နေ့သောအခါ စစ်တောင်းမြစ်အရပ်သို့ ဆင်းလာသည့် အင်္ဂလိပ်နှင့် ပန်ချာပီတပ်စုကို ကျွန်ုပ်တို့ ပြောက်ကျားအဖွဲ့တွေ အလစ်ဝင်





တိုက်ရင်း ကျွန်ုပ်ရဲ့ ပေါင်ကိုလည်းကောင်း၊ ဝမ်းဗိုက်ကိုလည်းကောင်း၊ ရန်သူ အင်္ဂလိပ်တပ်တွေပစ်လိုက်တဲ့ စိန်ပြောင်းကျည် ထိမှန်ပြီး ကျွန်ုပ် မပြေးနိုင်တော့။

သစ္စာရှိသော ကရင်နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင် သေဖော်သေဖက်များက ကျွန်ုပ်ကို အရသယ်ဆောင်ပြီး တောတောင်ရှိရာအရပ်ကို သယ်ယူခဲ့ကြကာ တောကျောင်းဘုန်းတော်ကြီးတစ်ပါးထံမှာ ဆေးကုသပေးရန် အပ်နှံခဲ့သည်။

ဘုန်းတော်ကြီးနှင့် တိုင်းရင်းသားဆေးဆရာများရဲ့ ကြိုးစားကုသပေးမှုကြောင့် ကျွန်ုပ်ပြန်လည်သတိရခဲ့ပါသော်လည်း ဒဏ်ရာက အတော်ပြင်းထန်ရကား သွေးသောက်ကြီး ရွှေကွန့်နှင့် သွေးသောက် တွန်နှင့် ဇေင်ရော်တို့က တစ်ဝဂ္ဂအုတ်တိုက်ပျက်ဘုရားရှိရာ တောထဲကို ထမ်းစင်နှင့် သယ်ယူခဲ့ပြီး လျှို့ဝှက်မြေအောက်ဥမင်ထဲမှာ ဆေးဝါးကုသ ပုန်းအောင်းနေရသည်။

ရန်သူ အင်္ဂလိပ်စစ်သားများကလည်း ကျွန်ုပ်တို့နောက်ကို တရကြမ်း လိုက်နေသည်ဟု ကြားသိရပြီး ကျွန်ုပ်တို့ လူလုံးမပြရန် ကရင်လူကြီးများက လှူလွှတ်၍ မှာကြားသတိပေးခဲ့သည်။

ကျွန်ုပ် သေရမည်မှာ မလွဲဟု ကျွန်ုပ် သိနေပါသည်။

ကျွန်ုပ်သည် တိုက်ပွဲဝင်ရင်း ကျွန်ုပ်၏ချစ်ဇနီးကို ရှာဖွေစုံစမ်းခဲ့ပါသော်လည်း စုံစမ်း၍ မရခဲ့။

ကျွန်ုပ် ဤစာကို အသက်ရှင်စဉ် နေ့ရက်များမှသည် ကွယ်လွန်ခါနီးအချိန်ထိ ကြိုးစားရေးသား မှာကြားခဲ့ပါသည်။

ကျွန်ုပ်ရဲ့ လူတွေလည်း ဒဏ်ရာတွေ အသီးသီးရရှိပြီး မြေအောက်ဂူထဲမှ အပြင်ကို မထွက်နိုင်ကြတော့။ သွေးသောက်တို့သုံးဦးကသာ အစာရေစာ ရှာဖွေ၍ ကျွန်ုပ်တို့ အသက်ရှင်နိုင်ရေးကို ကြိုးစားနေရပါသော်လည်း . . .

သွေးသောက်တို့နှစ်ဦးလည်း ကျည်သင့်ဒဏ်ရာများနှင့်ဖြစ်သည်။ ကျွန်ုပ်တို့ တိုင်ပင်ပြီး ဆုံးဖြတ်ချက် ချကြသည်။

ရန်သူ့ထံမှာ လုံးဝ အညံ့မခံ။

မြေအောက်ဥမင်ဂူထဲမှာပဲ အသက်အဆုံးသေခံကြမည်။ ကျွန်ုပ်သည် ချစ်ဇနီးနှင့် မိခင်ကြီးကို လွမ်းစွာ သတိရပြီး မျက်ရည်ကျခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် မိခင်ကြီးတို့လည်း နယ်ချဲ့ဆန့်ကျင်ရေး လုပ်ခဲ့သည့် ကျွန်ုပ်ကြောင့် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခံကြရသည်။ မိခင်ကြီး ကွယ်လွန်သည်မှာ သေချာသော်လည်း ...

ဇနီးသည်မှာ ယခုထိ အမှန်တကယ် သေသည်၊ ရှင်သည် မသိရ။

သူမကို ကျွန်ုပ် ကြင်နာခွင့် မပေးနိုင်သည်ကို ဝမ်းနည်း၍ မဆုံး။ ဇနီးသည် စည်းစိမ်ချမ်းသာနှင့် အေးချမ်းစွာ နေခွင့်မရခဲ့။

ဤ နောင်တအစွဲကြောင့် ကျွန်ုပ် သေဆုံးခဲ့လျှင်လည်း မကျွတ်မလွတ်ဘဝကို ရောက်မည်ဟုလည်း ယုံကြည်ခဲ့ပါသည်။

ကျွန်ုပ် သေဆုံးခဲ့ပါလျှင် ချစ်ဇနီးအတွက် ပတ္တမြားလည်ဆွဲနှင့် ရွှေငွေရတနာများကို ကျွန်ုပ်ခေါင်းတလားထဲမှာ မြှုပ်နှံရန် ကြိုပြောပြီးပါပြီ။

ကျွန်ုပ် ပြိတ္တာဘဝနှင့် ချစ်ဇနီးကို စောင့်ပါမည်။

ချစ်ဇနီး ရှင်မင်းယာစို ကျွန်ုပ်၏ ဂူသင်္ချိုင်းကို ရောက်ရှိလာပြီး သူမရဲ့ မျက်ရည် (သို့မဟုတ်) သွေးစက်နှင့် ကျွန်ုပ်၏ ခေါင်းတလားဂူကို ထိစေပြီးလျှင် ကျွန်ုပ် ကျေနပ်ဝမ်းမြောက်၍ အခြားဘဝသို့ ကူးပြောင်းမည်ဟု သစ္စာပြုခဲ့ပါသည်။

ရှင်မင်းယာစို မောင်ကြီးရဲ့အုတ်ဂူထဲက ခေါင်းတလားဂူကို ကာလကြာမြင့်စွာ ခွဲခဲ့ရတဲ့ မင်းရဲ့မျက်ရည်စက်၊ သွေးစက်တို့နှင့် တို့ထိပြီး မင်းအတွက်ထားတဲ့ ရတနာတွေ ယူလိုက်ပါ။ ငါတို့အားလုံးအတွက် ကုသိုလ်ပြုအမျှဝေပေးပါ။ ရက်ပေါင်းများစွာ စောင့်နေတဲ့ မောင်ကြီးရဲ့ ချစ်သူဝိညာဉ်ကို စိတ်ကျေနပ်ခွင့်ပေးပါ။ မောင်ကြီးရဲ့ နောင်တနှင့် မျှော်လင့်ချက်ကို မင်းရဲ့ ချစ်ခြင်းမေတ္တာနှင့် ဖြည့်ဆည်းလွတ်မြောက်ခွင့်ပြုပါ နှမ .. မင်းယာစို။

သံယောဇဉ်။

မြို့သစ်မြို့စားငယ်။

၁၂၄၈ ခုနှစ်၊ တပေါင်းလဆန်း (၄)ရက်

✿ ✿ ✿

# [၁၄]

❑

ကျွန်တော် နောက်ဆုံးပေစာရွက်ကို ဖတ်ပြီး ငေးငိုင်သွားခဲ့တယ်ဗျာ။

မြို့သစ်မြို့စားလေး သံယောဇဉ်။

သံယောဇဉ်တဲ့။

ဒါ သူ့ရဲ့ နောက်ဆုံးနာမည်လား၊ ငယ်နာမည်လား၊ သူ့ချစ်ဇနီးက ချစ်မြတ်နိုးစွာ ခေါ်ခဲ့သည့် နာမည်လား ... ကျွန်တော် မသိ။

သူ့မှာ ယုံကြည်ချက် နှစ်ချက်ရှိတာတော့ သေချာတယ်ဗျာ။ သစ္စာဖောက်တွေ၊ နယ်ချဲ့ရန်သူတွေကို မုန်းတီးနာကြည်းတယ်။

ဒါကြောင့် တော်လှန်ရေးသမားတစ်ဦး ဖြစ်ခဲ့တယ်။

နောက်တစ်ချက်က ... သူ ... သူ့ညားကာစ ဇနီးသည် (မြို့စားကတော်)အပေါ် ကြီးစွာ စွဲလမ်းခဲ့တယ်။

ချစ်ဇနီးအပေါ်၊ မိခင်အပေါ် သားကောင်းတစ်ယောက်၊ လင်ကောင်းတစ်ယောက်အဖြစ် တာဝန်မကျေပြွန်ခဲ့တာ သူ့ စိတ်ထိခိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အထူးသဖြင့် ရှင်မင်းယာစိုဆိုတဲ့ ဇနီးအတွက် သူ စိတ်ထိခိုက်ခဲ့တယ်။

အနမ်းပွင့်တွေတောင် ဝေအောင် မဆင်ရှာပုံပဲ။

သူ . . . ကွယ်လွန်ပြီးရင် အစွဲအလမ်းကြောင့် ရောက်ရမည့်ဘဝကိုလည်း သူသိနေတယ်။

''မောင်မှိုင်း . . .''

''ဗျာ . . . အဘ''

''သဘောပေါက်ရဲ့လား''

''အလွန်သနားစရာ ကောင်းတာပဲဗျာ။ ဒီအတိုင်းဆို သူစောင့်နေပုံပဲ။ မကျွတ်သေးတဲ့ပုံပဲဗျ''

''ဘာလို့ မင်းက မကျွတ်သေးဘူးလို့ ပြောနိုင်တုံး''

''ဒီပေစာထဲက အတိုင်းဆိုရင် သူ့ဇနီး မြို့စားကတော် ရှင်မင်းယာစို မျက်ရည်နဲ့ သူ့ဂူ၊ ဒါမှမဟုတ် ခေါင်းတလားကို ထိမှ၊ ဒါမှမဟုတ်၊ ချစ်သစ္စာတိုင် သွေးစက်နဲ့ထိမှ မြို့စားလေးသံယောဇဉ် ကျေနပ်ဝမ်းသာဖြစ်ပြီး ဘဝသစ်ကိုကူးမယ်လို့ သစ္စာပြုထားတာပဲ . . . အဘ။ ကျွန်တော်တို့ တွေ့ခဲ့ရတဲ့ ကျောက်ခေါင်းတလားက အဖုံးပွင့်ပုံမရဘူး။ ဟို . . . အရိုးစုတွေကလည်း သူ့ရဲဘော်တွေရဲ့ အလောင်းအရိုးစုတွေပဲပေါ့ဗျာ . . . နော်''

''ဟုတ်တယ် . . . သူတို့ ခေါင်းဆောင်အပေါ်မှာ သစ္စာရှိစွာ သေသည့်တိုင် အတူနေသွားပုံပဲ။ ဒီ မြေအောက်ဥမင်သင်္ချိုင်းကို ဘုန်းတော်ကြီးဦးဝိဇ္ဇာ အခြားသူသိအောင် လျှို့ဝှက်ထားတာလည်း အံ့သြစရာပဲ''

''အဘ . . .''

''ပြော . . . ဘာလဲ''

''ဟိုလေ . . . ရှင်မင်းယာစို . . . ဒီဂူသင်္ချိုင်းရှိရာကို ရောက်မလာခဲ့ရင် မြို့စားလေးသံယောဇဉ် ခုချိန်ထိ မကျွတ်လွတ်သေးဘူးပေါ့နော်''

''ဒီသဘောတော့ ရှိတာပေါ့။ အစွဲအလမ်းပေါ့ကွာ။ အစွဲများတော့ မကျွတ်ဘူးပေါ့။ ဒါကြောင့် ဘုန်းအိုကြီးက ပြောတာ တစ္ဆေတော့ ခြောက်တယ်လို့။ သူတို့အားလုံး ဒီလျှို့ဝှက်ဥမင်ထဲမှာ ကွယ်လွန်ပြီး မကျွတ်မလွတ် ဖြစ်နေတဲ့သဘောပဲ''





''ဘကြီး . . .''

''ဟေ . . . ဘာတုံး ကျောင်းသား''

''ထမင်းစားဖို့ ဘဘုန်း ခေါ်နိုင်းတယ်''

''သြော် . . . အေး . . . အေး . . . လာမယ် . . . ကျောင်းသားရေ''

ကျွန်တော်တို့ ပြင်ထားတဲ့ ထမင်းဝိုင်းကို ရောက်လာပြီး ဦးစွာ ဘဘုန်းအိုကို ဦးချကန်တော့ကြတယ်။ ပြီး ထမင်းရှင်များ၊ သံဃာကိုရင်များကို မေတ္တာပို့ပြီးမှ ထမင်းစားကြတယ်။

ထမင်းစားနေတုန်းမှာ ဘဘုန်းအိုက ပြောသွားတယ်။

''ဒကာကြီးတို့ . . .''

''ဘုရား . . .''

''စားပြီးရင် စကားပြောရအောင် လာခဲ့ကြဦး''

''မှန်ပါဘုရား''

ကျွန်တော်က စားလို့ပြီးပြီ။ ဘတိုက်ပုံကြီးက စားလို့ မပြီးသေး ထမင်းဇလုံထဲကနေ ထမင်းတွေ ထပ်ထည့်၊ ဟင်းရေဆမ်းပြီး လက်ငါးချောင်းနဲ့ နယ်နယ်စားနေတာ။ မေးစေ့ပေါ် ဟင်းရေတွေ စီးကျလို့။

စီးကျတဲ့ ဟင်းရည်တွေကို ဖျင်ကြမ်းတိုက်ပုံအင်္ကျီလက်နဲ့ သုတ်တော့ အင်္ကျီလက်မှာ ဟင်းရည်တွေပေ။

အနီးမှာရှိတဲ့ ဘုန်းကြီးကျောင်းသားတွေက ကြည့်ပြီး 'အော့ . . . ဝေါ့' ဖြစ်ကြ။ ဟိုဟင်းနှိုက်၊ ဒီဟင်းနှိုက်လိုက်၊ ငါးပိရည်တွေဆမ်းပြီး ဘူးသီးပြုတ်နဲ့ အားရပါးရ တီးတာ။

ကုန်ရင် ဇလုံထဲကနေ ထမင်းတွေ ထပ်ထည့်ပြန်တယ်။

ဘုန်းကြီးကျောင်းသားငါးဦး မျက်လုံးပြူးကြည့်ရင်း မကြားတကြား ပြောကြပါရောဗျာ။

''ငတို့စားဖို့မပြောနဲ့ ကျောင်းခွေး ကပ်ကျားစားဖို့တောင် ကျန်မှာမဟုတ်ဘူးကွ''

''ဘယ်ဘဝက ငတ်ကြီးကျလာလဲ မသိဘူး''

''ငါတို့စားဖို့ မကျန်ရင် ငတို့ ဘာသွားစားကြမလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မာလကာသီးပဲ သွားခူးစားကြတာပေါ့။ ဒီလူကြီး မပြုန်မချင်း မာလကာသီးပဲ စားကြတာပေါ့"

ဒီလိုပြောနေတာ ကျွန်တော် ကြားတာနဲ့ မေးရတယ်ဗျ။

"ကျောင်းသားကြီး ..."

"ဗျာ ... စာရေးဆရာ"

"ကျောင်းသားတွေ မစားရသေးဘူးလား"

"ဘယ်စားရမှာတုံး ... စာရေးဆရာ၊ ခင်ဗျားတို့စားပြီးမှ ကျုပ်တို့ စားရမှာဗျ"

"ဟေ ... အဘ ... အဘ ..."

"ရှလွတ် ..."

"ဗျို့ ... အဘ"

"ဘာတုံးကွာ ... မင်းစားပြီးရင် တိတ်တိတ်နေကွ။ ငါးအရိုးစူးမယ် စကားမပြောနဲ့"

"ရှူးတ် ... အဟွတ် ... အဟွတ် ... မင်းကွာ ... အဟွတ်"

"မဝသေးဘူးလားဗျ ... တော်သင့်ပြီဥစ္စာ"

"ဟ ... ငမှိုင်းရ၊ ဒါ မင်းပိုက်ဆံနဲ့ ဝယ်ချက်ကျွေးတဲ့ ထမင်းဟင်းရို့ မင်းက တွန့်တိုနေတာလား ... အေ့ ... ဂေ့"

"ဘုန်းကြီးကျောင်းသားတွေ မစားရသေးဘူးဗျ"

"ဟေ ... ဘာ ... ဘာပြောတယ်"

"ဘုန်းကြီးကျောင်းသားတွေ မစားရသေးဘူးဗျ။ အဘ ... ရပ်တော့။ ကျောင်းသားတွေ အရိုးပဲ စားရတော့မယ်"

"ဆောတီးကွာ ... ငါက ကျောင်းသားတွေ စားပြီးပြီမှတ်လို့ တီးနေတာကွ။ ဒါဆိုလည်း အဝမစားတော့ဘူး ရပ်ပြီဟေ့ ... အေ့ ဂေ့"

"အဝသာစားရင် ဆန်နှစ်ပြည်ချက်လည်း ကုန်မှာပဲ"

"အဟဲ ... ဒါလည်း ဟင်းကောင်းမှ"

"ဘာဗျ ..."

"အမလေး ... လန့်လိုက်တာကွာ။ မင်းနဲ့ ခရီးသွားရတာ အရသာခံပြီး မစားရ၊ ကောင်းကောင်းလည်း မအိပ်ရ။ ပေးစမ်း ... ငါ့ကို လက်ဆေးရေ။ အေး ... ခုမှ လေတက်တော့တယ် ... အေ့ ... ဂေ့"





လက်ဆေးရေဇလုံ အမြန်ပေးလိုက်မှ လက်ဆေးတော့တယ်။ လက်လည်း ပြောင်အောင်မဆေးဘူး။ ပြီး ပုဆိုးနဲ့ လက်သုတ်နေတယ်။

ဘုန်းကြီးကျောင်းသားတွေကတော့ ပြောင်သလင်းခါနီးပဲရှိတဲ့ ဟင်းခွက်တွေကို ကြည့်ပြီး လက်ဆေးလို့ ဝိုင်းလိုက်ကြလေရဲ့။

"မောင်မှိုင်းရ ..."

"ဘာလဲဗျာ ... ဘုန်းကြီး ခေါ်ထားတယ်လေဗျာ"

"ခုနေ ကိတ်မုန့်နဲ့ လက်ဖက်ရည်ချိုကလေးများ စား ..."

"ပိုက်ဆံရှိရင် မြို့ပေါ်တက်ပြီး သွားစား။ ကိုယ့်လည်း မူးလို့ရှူစရာ ငါးပြားတစ်စေ့မရှိဘဲ ဘဝင်တွေ မြင့်နေတယ်။ သွားကြစို့"

အဘက ကျွန်တော့်အပြောကို သဘောကျပြီး ရယ်ပါရောဗျာ။

"ပိုက်ဆံ ... ပိုက်ဆံ ... ဒီနေ့မရှိ နောက်နေ့ရှိမှာပေါ့ကွာ ... ဟား ဟား ဟား ဟား ... မင်းကို ငါ အကျီနဲ့ပုဆိုး အသစ်ဆင်ပေးရဦးမှာပဲဟေ့။ ဟား ဟား ဟား ဟား ... လူနဲ့ တူအောင်ပေါ့ကွာ"

"တော်တော့ဗျာ ... ရူးတယ်ဆိုတာ မကောင်းဘူး ... ထ"

"ဟား ဟား ဟား ဟား ... ထူးမှတတ်တယ်၊ ရူးမှ မြတ်တာဟေ့။ ဟား ဟား ဟား ရူးတာ မကောင်းဘူးတဲ့။ ဟေ ဟေ ဟေ့ ... ရူးတာ လွတ်လပ်တယ်၊ ကောင်းတယ် ... ဘဲရီးဂွတ်ဟေ့ ... ဟား ဟား ဟား"

တဟားဟား တဟီးဟီး အော်ဟစ်ရယ်နေလို့ ထမင်းစားနေတဲ့ ကျောင်းသားတွေ လန့်ပြီး လှည့်ကြည့်ကြလေရဲ့။

ပြောပြီးမှ ကျွန်တော် စိုးရိမ်သွားတယ်ဗျာ။

အဘမှာ ရောဂါရှိတယ်ဗျ။

ဘုရား ဘုရား ... မတော် ရုတ်တရက် ထွက်သွားပြီး ... အမယ်လေး ... မြတ်စွာဘုရား ... မဖြစ်ပါစေနဲ့ဘုရား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

❑

"ညကပြောတဲ့ ကိစ္စလေး ပြန်ဆက်ချင်လို့ပါ ဒကာကြီး"

"မှန်ပါ အမိန့်ရှိပါ ဘုရား"

"ဘုန်းကြီးရဲ့အဖ ကပ္ပိယဦးနောထံကနေ ကျုပ် ဒီပေစာထုပ်ကို ရခဲ့တာပဲ။ ပေစာအရ စစ်တောင်းရွှေကျင်တစ်ဝိုက်ဆိုတာ ခန့်မှန်းလို့ရတယ်။ ပေစာတွေကို ဖတ်ရတုန်းက ရှေးဝတ္ထုလို့ ထင်ခဲ့ပေမင့် ကျုပ် ဒီဒေသကို ရောက်ရှိကျောင်းထိုင်ပြီး ရှေးကရင်လူကြီး၊ မွန်လူကြီး သက်ကြီးတွေကို မေးမြန်းစုံစမ်းကြည့်တော့ (၁၂၄၇) သီပေါမင်း ပါတော်မူပြီးနောက်ပိုင်းမှာ ဒီ မွန်၊ ကရင်တွေနေတဲ့ ဒေသမှာ မရမ်းချောင်းဘုန်းတော်ကြီး ဦးစီးပြီး အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ခဲ့တာ ဟုတ်တယ်။ မြို့စားလေး သံယောဇဉ်ဆိုတာကို မသိ၊ မကြားဖူးပေမင့် . . . ဘုရင့်တပ်က သွေးသောက်ကြီးငရွှေကွန့်နဲ့ ဖေင်ရော်တို့အကြောင်းတော့ ရှေးသက်ကြီးတွေက ကြားဖူးတယ်လို့ ပြောတယ်။ အလွန်ရဲရင့်တဲ့ သွေးသောက် မားသမားကြီးများအဖြစ်ပြောပြကြတယ်။





ဘုန်းကြီးကလည်း ဂမ္ဘီရကိစ္စတို့၊ ရှေးဟောင်းဘုရားပျက်တွေရဲ့ အကြောင်းတို့ စိတ်ဝင်စားတယ်။ ကျုပ်ဖခင်ကြီးလည်း ဒီပေစာထဲက အကြောင်းတွေကို စိတ်ဝင်စားလို့ စုံစမ်းလေ့လာခဲ့ဖူးတယ်။ အကြောင်းသင့်တော့ မတွေ့ခဲ့ကြဘူး။ ဘုန်းကြီးကိုလည်း စုံစမ်းပါတဲ့၊ သေချာခဲ့ရင် အဖိုးတန်ရတနာတွေလည်း ရနိုင်တာကိုး . . . စဉ်းစားစရာပေါ့လေ။ မြို့စားကတော် ဒေါ်ရှင်မင်းယာစိုလည်း ခုနေ မသေလို့ ရှိခဲ့ရင် အသက်က (၉၀) ကျော်၊ (၁၀၀) နီးပါး ရှိနေမှာပါ။ အသက်သေသွားရင်လည်း သေမှာပဲ။ တစ်နေ့ ကျုပ်နေတဲ့ကျောင်းကို လူရည်သန့်တစ်ဦး ရောက်လာခဲ့တယ်။ သူပြောပုံက တက္ကသိုလ်ကျောင်းသားတဲ့။

"ဒကာလေးနာမည် ဘယ်လိုခေါ်တုံး"

"မောင်ချစ်ပွင့်လို့ ခေါ်ပါတယ်ဘုရား"

"ဒကာမောင်ချစ်ပွင့် လာရင်းကိစ္စကရော"

"တပည့်တော်က တက္ကသိုလ်မှာ အရှေ့တိုင်းရာဇဝင် အဓိက သင်ယူနေတဲ့ ကျောင်းသားပါဘုရား။ စာတမ်းတစ်ခုပြုစုနေရာက ရှေးဟောင်း ပေစာများကို အဓိကထား လေ့လာပါတယ်ဘုရား။ အရှင်ဘုရားထံမှာ ရှေးဟောင်းပေစာ၊ ပရပိုဒ်စာများ စုဆောင်းထားရှိတယ်လို့ သိရတဲ့အတွက် လေ့လာချင်လို့ ရောက်လာတာပါဘုရား။ ရှေးဟောင်းပေစာများရှိရင် ခေတ္တ ငှပေးပါဘုရား"

အသက် (၂၅)နှစ်ခန့်ရှိမယ်၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးတောင့်တောင့်ပဲ။ သူ့ဘယ်လက်မှာ လက်သန်းပွားတစ်ခုလည်း ပါတယ်။

ဘုန်းကြီးဆိုတာ မုသာဝါဒစကား ပြောလို့ မရဘူး . . . ဒကာ။ ဒါကြောင့် ကျုပ်စုဆောင်းထားတဲ့ ပေစာဟောင်းတွေ၊ ကြေးပေလွှာတွေ သေတ္တာထဲကနေ ထုတ်ပြလိုက်တယ်။

မောင်ချစ်ပွင့်က တစ်ထုပ်ပြီးတစ်ထုပ် ဖတ်တယ်။

ပေစာထုပ် ကြိုးတွေကိုလည်း ဂရုစိုက်ဖတ်တယ်။

ရှေးတုန်းက ပေစာရှင်တွေဟာ ပေစာရွက်ထုပ်ကို ပေစာကြိုးနဲ့ ချည်နှောင်ထားလေ့ရှိတယ်။ စာထုပ်ကြိုးလို့ ခေါ်တယ်။ လက်ရာမြောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြိုးပြားပေါ့။ ဘယ်လိုလူမှ ပုံစံတူ ရက်လုပ်လို့ မရဘူး။ အရမ်းလှတယ်။ ရှေးအိမ်တွင်း လက်မှုပညာလက်ရာပဲ။

ပေစာကြိုးပေါ်မှာ ရှေးတုန်းက ဆုတောင်းစာ ရေးကြတယ် … ဒကာကြီး။

စာထုပ်ကြိုးပေါ်မှာ ဆုတောင်းစာကို အများအားဖြင့် စာများလက်နဲ့ ရေးသလို၊ အချို့က စကားပြေနဲ့ရေးသား မှတ်တမ်းတင်ကြတယ်။

ဥပမာ … "သီပေါမင်းလက်ထက်တော် အဂ္ဂမဟာသေနာပတိ ကင်းဝန်မင်းကြီး မဟာမင်းလှစည်သူကျော်တို့ ဖနီးမောင်နံ ဆုတောင်းစာ"

"ဧယျတု ။ ။ ကြားပိမ့်သိဧလော့၊ မုန်ဘုဋ္ဌရ၊

သုံးလူ့ဘလျှင် … စသည် အစချီပြီး အဆုံးအချမှာ … ဆုပန်ဆင်သည်၊ သုံးခွင်ဘုံလူ၊ ကြည်ဖြူလှူလှူ၊ ဤကောင်းမှုကို၊ သာဓုအပြိုင် မြွက်စေသော်ဝ် … ဒီလို အဆုံးသတ်တယ်။

ပေစာရဲ့အကြောင်းရင်းက ပေစာထဲမှာ သီးသန့်။

ပေစာထုပ်ကြိုးရဲ့အရှည်ဟာ လူလက်တောင်အရှည်၊ (၉) တောင်ကနေ (၁၆)တောင်အထိ အမျိုးမျိုးရှိကြတယ်။

(၆)တောင်၊ (၈)တောင်၊ (၉)တောင် စသည်ပေါ့။

လူအမျိုးမျိုးမှာ ကြိုးစာတွေ ရှိကြတယ်။ ရခိုင်ကြိုးစာ၊ မွန်ကြိုးစာ၊ မြန်မာကြိုးစာ (စာစည်းကြိုး) စသည်ရှိတယ်။

ကြိုးစာတိုရင် ဆုတောင်းစာ တိုပြီး၊ ကြိုးစာရှည်ရင် ကြိုးက ရှည်တာပဲ။ အချို့ဆုတောင်းကြိုးစာမှာ စာဒါယကာအမည်ပါပြီး စီရင်တဲ့ ခုနှစ် သက္ကရာဇ် မပါတာလည်း ရှိတယ်။

ဥပမာ မင်းတုန်းမင်းလက်ထက်တော် မြို့ကူးခန်းခရိုင် မယ်လွန်းဆေ ဆုတောင်းစာ၊ သီပေါမင်းလက်ထက်တော် မန္တလေးမြို့ မောင်မောင်ဆင်ရဲ့ ဆုတောင်းစာ ကြိုးမှာ ဆုတောင်းစာ ရှည်လျားသော်လည်း စီရင်ရေးသားတဲ့ သက္ကရာဇ်၊ ခုနှစ် မပါဘူး။

စကားပြေဆုတောင်းစာကြိုး ရှိသော်လည်း အရေအတွက် နည်းပါးစွာပဲရှိတယ်။ ဥပမာ …





သက္ကရာဇ် ၁၂၇၅ ခုနှစ် ဘုရားဒကာ ဦးတုတ်ကြီး၊ ဘုရားအစ်မ ခတိုး ကောင်းမှု၊ နိဗ္ဗာန်ဆု၊ သာဓု နတ်လူခေါ်စေသော်ဝ် … အဲဒီလို စကားပြေနဲ့ ရေးတာရှိတယ်။

ပေစာထုပ်ကြိုး ရက်လုပ်တဲ့ လက်မှုပညာဟာ ရှေးမြန်မာမင်းလက်တော်မှာ အရေးပါတဲ့ လုပ်ငန်းပဲ … ဒကာကြီးရဲ့။

ကြိုးပြားပေါ်မှာ အက္ခရာစာလုံးပါရုံမျှ မဟုတ်သေးဘူး၊ အလွန်လှပတဲ့ တံခွန်တိုင်ပုံ၊ ကြေးစည်ပုံ၊ ငှက်ရုပ်၊ သားရုပ်ကနေ အပြောက်အမွန်းတွေပါ စိတ်ကူးစိတ်သန်းကောင်းသလို ဖန်တီးယက်လုပ်ပြသလို အနုပညာတန်ဖိုးလည်း မြင့်တယ်။

ပေစာထုပ်ကြိုးက ဘယ်လိုဘယ်ပုံဆိုတာ နောင်းလူတွေ သိပ်သိကြဘူး။ သူက ဘာနဲ့ အလားသဏ္ဌာန်တူသလဲဆိုရင် ဘုန်းကြီးများ ခါးမှာပတ်တဲ့ ခါးပန်းကြိုးနဲ့ သဏ္ဌာန်တူတယ်။

သို့သော် လက်ခတ်သုံးပုံ တူပါသော်လည်း အရုပ်တွေ၊ စာတွေ ထည့်ဖတ်ရတော့ ပိုပြီး လက်ဝင်ပညာကြီးတယ်။

အတိုင်ချည်၊ အဖောက်ချည်မှာ ငွေနန်းရွှေနန်း ထည့်ရက်တာလည်း ရှိခဲ့ဖူးတယ်။

ရှေးတုန်းက အလှူရှင်၊ ကုသိုလ်ရှင်ရဲ့ လှူဒါန်းနိုင်မှု စနအင်အားပေါ် မူတည်ပြီး အကောင်းဆုံး အဖိုးတန်ဆုံး ကြိုးစာဖြစ်ရတာပဲ။

သီပေါမင်းတရားကြီးရဲ့မိဖုရား စုဖုရားလတ်ရဲ့ ကြိုးစာမှာ ဘယ်လိုရေး၊ ရက်ထားသလဲဆိုရင် …

ရွှေစင်နီဗလာ၊ အလျှံဖြိုးစည်၊ စံကြိုးရည်ဖြင့်၊
လင်းကြည်ချယ်ဆစ်၊ တစ်ကျွန်းဖြစ်သည့်၊ ရွှန်းသစ်ရောမွှံ၊
ထည်ကောင်းရှုကို၊ အုပ်မြဲဖွဲ့ယက်၊ ရွှေခြည်ရက်သား၊
ရွှေအက္ခရာ၊ ရွှေကြိုးစာဖြင့်၊ ကောင်းစွာတင့်တယ်…

လို့ ရေးရက်ထားတာ ကြည့်ရင် တန်ဖိုးကြီးပုံ ပေါ်လွင်နေတာပဲ။

မောင်ချစ်ပွင့်က ပေစာကြိုးပေါ်က စာတွေရော၊ ပေစာရွက်တွေပါ ဖတ်တယ်၊ မှတ်တယ်။

"အရှင်ဘုရား …"

www.burmeseclassic.com



''ပြောပါ ... ဒကာလေး''

''နောက်ထပ် ရှိပါသေးလား ဘုရား''

''လိုက်ရှာစုဆောင်းနေတုန်းပါပဲ ဒကာ''

မုသားလွတ်အောင် ပြောရတာပဲ။ သူက ဘယ်လိုလူမှန်း မသိဘူးလေ။

''အရှင်ဘုရား ... ဟိုပေစာများ ကြားဖူးပါသလား ဘုရား''

''ဘယ်ပေစာတုန်း ... ဒကာလေး''

''မြို့သစ်မြို့စားရေးတဲ့ ပေစာများပါ ဘုရား''

ကျုပ် မောင်ချစ်ပွင့်ဆိုတဲ့ လူရွယ်ကို စိုက်ကြည့် အကဲခတ်လိုက်တယ်။ သူသိချင်တာက ဒီလိုကိုးဗျ။ သူ ဘာကြောင့် ဒီပေစာမူကို စိတ်ဝင်စားရတုံး ဘုန်းကြီး စဉ်းစားတယ်။

''မြို့သစ်မြို့စားရေးခဲ့တဲ့ ပေစာ ရှိသတဲ့လား မောင်ချစ်ပွင့်''

''ရှိတယ်လို့ ကြားဖူးလို့ အတွေ့အကြုံ အစုအဆောင်း ဝါသနာထုံတဲ့ ဘုန်းဘုရားကို လျှောက်ထားမေးမြန်းရကြောင်းပါ ဘုရား''

''ရာဇဝင်ထဲမှာတော့ မပါဘူး ... ဒကာလေး''

''မှန်ပါ ... ရာဇဝင်မှာ သူ့အကြောင်း သီးသီးသန့်သန့် မပါပါဘူးဘုရား။ စစ်တောင်း၊ တောင်ငူ၊ ရွှေကျင်တစ်ပိုက်မှာ ပါတော်မူပြီးနောက်ပိုင်း မရမ်းချောင်း ဘုန်းတော်ကြီးနဲ့အတူ တိုက်ပွဲဝင်ခဲ့သူလို့ ကြားဖူးရကြောင်းပါဘုရား''

''မြို့စားလေးနာမည်ရော သိလား ... ဒကာ''

''သံယောဇဉ်လို့ပဲ ကြားဖူးပါတယ် ဘုရား။ အမည်အရင်း မသိပါဘူးဘုရား''

''သူရဲ့ မူလဇာတိနေရာကို စုံစမ်းကြည့်ပါလားကွယ့်''

''စုံစမ်းကြည့်တော့ မြို့စားလေးသံယောဇဉ်ဆိုတာ မသိကြဘူး။ ပါတော်မူခေတ် လူဟောင်းကြီးတွေလည်း မရှိတော့သလို၊ ဒီနေရာ မြို့စားလေးသံယောဇဉ်နေခဲ့တဲ့ နေရာပါလို့ ပြောနိုင်သူရော၊ သက်သေခံ သဲလွန်စရော ဘာမှမရှိတော့ပါဘူးဘုရား''

''ဒီလို မရှိ၊ မသိတာကို ဒကာက ဘာလို့ စိတ်ဝင်စားတာတုံး''





''အဲ ... အဲ ...''

''ပြောပါ ... ဒကာလေး''

''လူကြီးတစ်ဦးကလည်း စုံစမ်းပေးပါဆိုလို့''

''ဟုတ်လား ... အဲဒီလူက မိန်းမလား၊ ယောကျ်ားလား''

''ယောကျ်ားအဘိုးအိုတစ်ဦးပါ''

''အဲဒီအဘိုးအိုနာမည်ကော မောင်ရင်သိလား''

''သူ့ကိုယ်သူတော့ ဦးမြတ်ကျော်ခေါင်လို့ ပြောတာပါပဲဘုရား။ နေရပ်လိပ်စာမေးတော့ နိုင်ငံခြားမှာ နေတာတဲ့။ မြန်မာပြည်ရောက်တုန်းမှာ ပေစာတွေ စိတ်ဝင်စားတဲ့ ကျွန်တော့်ထံ ရောက်လာပြီး မြို့စားသံယောဇဉ် ရေးခဲ့တဲ့ ပေစာအကြောင်း ပြောပြလို့ ခုလို သွားရင်းလာရင်း အစုအဆောင်းရှိတဲ့ အရှင်ဘုရားကို မေးမြန်းရခြင်းပါဘုရား''

''အိမ်း ... ဟိုဟိုဒီဒီ မေးမြန်းကြည့်ရမှာပေါ့လေ။ ဘာကြောင့် ဒီပေစာထုပ်ကို ရှာကြတာလဲ ဘုန်းကြီး သိချင်တယ်''

''ဦးမြတ်ကျော်ခေါင်ကို မေးမှ သိရမှာပါဘုရား''

''သူနဲ့တွေ့ဦးမလား ... ဒကာ''

''ဘယ်နေ့ဘယ်ရက်လာမယ်တော့ မပြောဖူးဘုရား။ တစ်နှစ် နှစ်နှစ်ကြာရင် ... ဆိုတော့ မြန်မာပြည်ကို ပြန်လာမယ်လို့ ပြောပါတယ်။ သူပြောသွားပုံအရဆိုရင် ဆွေမျိုးတောင် စပ်ချင်လို့လားမသိဘူး''

''အေးပေါ့ ... အေးပေါ့ ... သူ့လိပ်စာများရရင် ယူလာခဲ့ဦးကွယ့်။ ဘုန်းကြီးကလည်း ပေစာသိက်စာ၊ သချိုင်းစာတွေနဲ့ ရှေးဟောင်းလူမသိသူမသိ အကြောင်းအရာတွေ စိတ်ဝင်စားလို့ပါ။ လူသူမသိသေးတဲ့ မြစ်ရပ်တွေကို မှတ်တမ်းတင်ချင်လို့ ... ဒကာရေ။ ဘုန်းကြီးမှာ ရှိတာ၊ သိတာတွေတော့ ပြပြီးပါပြီ နော''

''မှန်ပါ ... ကျေးဇူးတင် ဦးခိုက်ပါသည်ဘုရား''

''မောင်ချစ်ပွင့်ဆိုတဲ့ လူရည်သန့် တက္ကသိုလ်ကျောင်းသားက သို့ဘာလို လာစုံစမ်းခဲ့တယ်။ ဦးမြတ်ကျော်ခေါင်ဆိုတာကရော ဘာကြောင့် မြို့စားလေးသံယောဇဉ်ရေးခဲ့တဲ့ ပေစာထုပ်ရှိတာ သိနေရတာလဲ။ သူ ဘယ်သူလဲ ဘုန်းကြီးမသိဘူး။ ဒီပေစာတွေကို ဖတ်ပြီး သံယောဇဉ်နဲ့

www.burmeseclassic.com



ရှင်မင်းယာစိုတို့အကြောင်းကို သိရပြီး ဘုန်းကြီးတို့ အခုတွေ့ခဲ့တဲ့ မြေအောက်ဥမင့်လိုဏ်သချိုင်းက ဂူမှာလည်း သံယောဇဉ် (၁၂၄၈) လို့ ရေးထားတော့ မသေချာဘူးလား ... ဒကာတို့"

"သေချာပါတယ်ဘုရား ... ဒါနဲ့ အရှင်ဘုရားကရော ဒီဥမင်သချိုင်းကို ဘယ်လိုတွေ့ခဲ့တာတုံး ဘုရား"

ဒီမှာ ဘုန်းအိုကြီးက ...

"ကံကောင်းတာလည်း ပါတာပေါ့လေ။ ကျုပ်လက်ထဲမှာ မယုံနိုင်စရာ လက်ဆင့်ကမ်းပေစာထုပ် ရောက်လာတယ်။ ဖတ်ကြည့်မိတယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူတို့ရဲ့ဘဝက သနားစရာပဲ။ ဘုန်းကြီးလည်း လူစိတ်ရှိတော့ သနားတာပေါ့။ အရေးကြီးဆုံးအချက်က သံယောဇဉ်နှင့်အတူ တလားထဲမှာမြှုပ်ခဲ့တဲ့ ပတ္တမြားလည်ဆွဲနဲ့ ရတနာအချို့ ကိစ္စပဲ။ သူထားခဲ့တာက သူ့ဇနီး ရှင်မင်းယာစိုအတွက် ထားခဲ့တာ။ ဘဝကလည်း ရှင်မင်းယာစိုလာမှ ကျွတ်ရမည့်ဘဝ။ ဒီမှာ ကျုပ်ရဲ့ ညီဝမ်းကွဲ မုဆိုးတိုင်းကျော် ဒဏ်ရာရသွားတဲ့ သားကောင်နောက် ဖောနဲ့လိုက်ရင်း နွယ်တွေ၊ ချုံတွေ ဖုံးလွှမ်း တန်းကျနေတဲ့ အုတ်တိုက်အပြိုအပျက်ထဲ ရောက်သွားတာ။ ရောက်သွားရင်း မြေကြီးအုတ်ခွေး ကျွံကျရာက ဒီဥမင်ထဲကို ရောက်သွားခဲ့တာပဲ။ အံ့ဩဖို့ကောင်းတာက ဥမင်ခြေကွေ့တွေကို မှိန်ပျပျ အလင်းရောင်နဲ့ မထင်မရှား မြင်နေရတာပဲ။ ဘယ်ကအလင်းလဲ မသိဘူး။ မုဆိုးတိုင်းကျော်က သတ္တိသိပ်ကောင်းတယ်။ ကျားမကြောက်၊ ဆင်မကြောက်၊ တစ္ဆေမကြောက်တဲ့ကောင်။ အမှန်က ဘာတွေလဲဟဲဆိုတာ သိချင်လို့ စမ်းစမ်းဝါးဝါး ဝင်သွားရင်း အထဲကနေ ကုလားစကားနဲ့ အော်ဟစ်လိုက်တဲ့အသံကို ပဲ့တင်ကြားရပြီး ငြိမ်နေလိုက်တုန်း ...

အထဲကနေ ထပ်ပြောသံ ကြားရပြန်ရော။

ကုလားလိုတစ်ဝက်၊ မြန်မာလို မပီမသတစ်ဝက်။

"နင် ... ပြန် ... ထွက် ... သွား ..."

"နင် ... ပြန် ... ထွက် ... သွား ..."

"နင် ... ပြန် ... ထွက် ... သွား ..."

"ခင်ဗျား ... ဘယ်သူလဲ ... ဘယ်နေရာမှာ ရှိတုံး"





တိုင်းကျော်ကလည်း ပြန်အော်မေးတယ်။ အထဲကလည်း ပြန်အော်တယ်။

"နင် ... ပြန် ... ထွက် ... သွား ..."

"ခင်ဗျား ဘယ်သူတုံး ... ဒီထဲမှာ ဘာလုပ်နေတာတုံး"

"ကျုပ် ခင်ဗျားနဲ့ တွေ့ချင်တယ်။ ခင်ဗျား ဒုက္ခရောက်နေရင် ကျုပ်ကူညီပါရစေ"

ဒီလိုပြောလိုက်တော့ စောစောက အော်ဟစ်နှင်လွှတ်နေတဲ့အသံဟာ ရပ်သွားတာ အတန်ကြာသတဲ့။

"ကျုပ် ရန်သူမဟုတ်ပါဘူး။ ကူညီချင်လို့ပါ"

အတန်ကြာတော့ ခြေသံသဲ့သဲ့ ကြားရရော။ တိုင်းကျော်လည်း ဓားရှည်ကိုင်ပြီး အကဲခတ်နေတယ်။ ကျင့်သားရသလိုရှိလို့ ဝိုးတဝါး မြင်နေရတယ်။ တိုင်းကျော် ဆေးလိပ်သောက်ဖို့ ယူလာတဲ့မီးခြစ်နဲ့ ခြစ်ကြည့်လိုက်တော့ ဥမင်ရှည်ပဲ။ အကွေ့တွေနဲ့ဥမင်။

ရန်သူလား။ မိတ်ဆွေလား မသိသေးလို့ ထောင့်ကွေ့ကနေ အသာချောင်းကြည့်နေတုန်းမှာပဲ မြေအောက်ခန်းကျယ်အဝမှာ ကုလားအဘိုးကြီးတစ်ဦးကို တွေ့လိုက်ရရော။

အဝါရောင် ညစ်ပေအကျီလက်ရှည် ဖားဖားကြီးနဲ့။

မုတ်ဆိတ်မွေးရှည်တွေက ရင်ပတ်ပေါ်ထိ ဖားလျားကျပြီး ပါးမြိုင်းမွေးတွေက နှာခေါင်းနဲ့ ပါးစပ်မှာ ထူထူပိန်းပိန်း။

ဆံပင်ကလည်း တစ်ခေါင်းလုံး ကျစ်ဆံမြီးတွေ ကျစ်ပြီး တွဲလောင်းတွဲလွဲနဲ့တဲ့။ မျက်လုံးနှစ်လုံးကလည်း ပြူးပြီး လင်းနေသလိုပဲ။

"ခင်ဗျား ဘယ်သူလဲ"

"နင် ဘာကိစ္စနဲ့ ဒီနေရာကို လာသလဲ"

"ကျုပ် မြေကြီးကျွံကျရင်း ရောက်လာတာ။ ခင်ဗျား ဘယ်သူလဲ။ ဒီနေရာက ဘာလဲ"

လက်ထဲက မီးခြစ်ပူလာလို့ မီးငြိမ်းပြီး ဝိုးတဝါး နောက်ခံအလင်းရောင်နဲ့ မြင်နေရတာက ကုလားအဘိုးကြီးရဲ့နောက်မှာ အုတ်ဂူလိုလို ဘာမှန်းမသိရတဲ့ အရာတွေ မြင်ရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကုလားအဘိုးကြီးက မပီကလာ မြန်မာစကားနဲ့ ပြောနေတယ်။

"မုဆိုး ... ရှေ့ဆက်မလာနဲ့။ ပြန်တော့ ..."

"ဟင် ... ခင်ဗျားက ကျုပ်ကို သိနေတယ် ... ဟုတ်လား ... အဘိုးကြီး"

"ပြန်ပါ ... ဒီနေရာက ဘာပစ္စည်းမှ မုဆိုးယူမသွားနဲ့။ ကျောက်ခဲတစ်လုံးတောင် ယူမသွားနဲ့"

"ဘာဖြစ်လို့တုံး"

"နင်တို့ ဒုက္ခရောက်မှာစိုးလို့။ နင် နောင်ကို မလာနဲ့။ နင်က အကုသိုလ်များတယ်။ နင် ဒီနေရာအကြောင်း ဘယ်သူ့မှ မပြောနဲ့ ... ကောင်လေး"

"ပြောရင် ကျုပ် ဘာဖြစ်မှာတုံးဗျ"

"နင် ဒုက္ခအကြီးကြီး ရောက်လိမ့်မယ်။ မြန်မြန်ထွက်ပါ"

"အခု ဒီနေရာမှာ ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်တည်းနဲ့ တူတာပဲ။ အထဲမှာ ဘယ်သူရှိသေးတုံး အဘိုးကြီး"

"နင်ပြန်လို့ ငါပြောနေတယ် မုဆိုး"

"ကျုပ် သိပြီးမှ ပြန်မယ် ... အဘိုးကြီး"

"နင့်သဘောပဲ မုဆိုး"

ဒီလိုပြောပြီး ကုလားအဘိုးကြီး ထောင့်ထဲကို လှည့်သွားချိန်မှာ အလင်းရောင် တဖြည်းဖြည်း မှိန်ကျသွားချိန် ...

မုဆိုးတိုင်းကျော်ရဲ့ ခြေထောက်ပေါ်ကို အေးစက်စက်အရာတစ်ခု လာဆုပ်လိုက်လို့ မီးခြစ်ပြီး ကြည့်လိုက်ရော ...

"အမယ်လေး ..."

"ဟ ... ဟ ... လွှတ် ... လွှတ် ..."

သူ့ခြေထောက်ကို ကိုင်ထားတာ အမွေးနက်နက်ရှည်ရှည်နဲ့ လက်ကြီး။ လက်ကြီးပဲမြင်ရပြီး အကောင်အထည် မမြင်ရဘူး။ တိုင်းကျော်က ရုန်း။ ရုန်းလို့မရတော့ လုံ့အနှောင့်နဲ့ ထု။

ထုနေတုန်း နောက်ခြေထောက်တစ်ဖက်ကို အေးစက်စက်လက်ကြီးနဲ့ ဆုပ်ညှစ်ထားတာ ခံရပြန်ပြီး အတင်းရုန်းအော်။





ဒီမှာ ထူးဆန်းတဲ့ လက်ကြီးနှစ်ဖက်ကနေ အော်ဟစ်ရုန်းကန်လိုက်တော့ ဆုပ်ထားတဲ့လက်က လွတ်သွားရော။ လွတ်တာနဲ့ လုံ့နဲ့ချိန်ပြီး နောက်ဆုတ်နောက်ဆုတ် သွားနေစဉ်မှာပဲ သူ့ရင်ဘတ်ကို အေးစက်စက်လက်ကြီးနဲ့ တွန်းထုတ်တာကို ခံရပါရော။ သို့သော် လူလုံးလူထည် မမြင်ရဘူး။ သူ ကြောက်ကြောက်နဲ့ တွန်းရာနောက်ပါသွားတာ ဝင်လာတဲ့ မြေကျွံပေါက်ကို ရောက်လာခဲ့တယ်။

ဒီမှာ တစ်စုံတစ်ဦးက သန်မာတဲ့လက်အစုံနဲ့ မြှောက်တင်ပစ်လိုက်တာ တိုင်းကျော် မြေကျွံပေါက်ဝမှာ လေးဘက်ကုန်းကုန်းကြီး ဖြစ်နေပါရော။

သူ့ကို ဘယ်သူ တွန်းဆွဲပစ်လိုက်မှန်း မသိခဲ့ရဘူး။

ကုလားအဘိုးကြီးလည်း မဟုတ်ဘူး။ မြင်လည်း မမြင်ရဘူး။

ထူးဆန်းလွန်းလို့ ကြောက်ရွံ့ထိတ်လန့်သလို မှိုသော်လည်း မဆိုးပိပိ မုဆိုးသတ္တိအရ တွင်းပေါက်ထဲ ငုံ့ကြည့်လိုက်ရော ...

သူ့မျက်နှာကို အောက်ထဲက လက်သည်းနဲ့ ကုတ်လိုက်တာ မျက်နှာတစ်ပြင်လုံး ခြစ်ရာတွေနဲ့ အရေပြားစုတ်ပြဲပြီး သွေးခြင်းခြင်းရဲဖြစ်ပြီး ရှူးဟောင်းတိုက်ပျက်ထဲကနေ တစ်ချိုးတည်း ပြေးခဲ့တော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၁၆]

❑

ဒီအကြောင်း ဘုန်းကြီးလည်းဖြစ်၊ အစ်ကိုဝမ်းကွဲလည်း တော်စပ်တဲ့ ကျုပ်ကို တစ်နေ့ သူ ဖွင့်ပြောပြခဲ့တယ်။ ဘုန်းကြီးလည်း ကြားရတော့ အလွန်ကို အံ့သြသွားတယ်။

သူလည်း ကျန်းမာရေး သိပ်မကောင်းရှာဘူး။

သူ တွေ့ကြုံခဲ့ရတဲ့ လှို့ဝှက်ဆန်းကြယ် ဂမ္ဘီရဖြစ်ရပ်ကို ဘယ်သူ့မှ မပြောဘဲ နေလာတာ နှစ်နဲ့ ချီကြာခဲ့တယ်။

ဘာလို့ မပြောသလဲဆိုတော့ ကြောက်လို့တဲ့။

မြေအောက်ဥမင်ထဲက ဆာဒူးလိုလို၊ အိန္ဒိယဖကီးလိုလို၊ ယောဂီလိုလို လူကြီးနဲ့တွေ့ပြီး ဒီအကြောင်း ဘယ်သူ့မှမပြောနဲ့၊ ပြောရင် နင် ဒုက္ခအကြီးကြီးတွေ့လိမ့်မယ် ပြောတဲ့စကားကြားပြီး ယုံသလို ရှိလို့ပဲ။

သို့သော် ကြာလာတော့ ဒီအဘိုးကြီးပြောတဲ့ စကားကို မယုံတော့ဘူး။ ခုလည်း ကျန်းမာရေး နည်းနည်းညံ့တော့ ကျုပ်ကျောင်းမှာပဲ မကြာခဏ ဝင်လာစားသောက်ရင်းက မနေနိုင်လို့ ဖွင့်ပြောတာ။





သူပြောတဲ့နေရာက မနေ့ညက ကျုပ်တို့သွားခဲ့တဲ့ တောထဲမှာ။ မြေကြမ်းလို့ ဘယ်သူမှ ဝါးခုတ်၊ တောခုတ် မလုပ်ရဲတဲ့ နေရာ။

သူပြောပုံအရရယ်၊ ကျုပ်လက်ထဲမှာ ရှိနေတဲ့ မြို့စားကလေး သံယောဇဉ်ရေးခဲ့တဲ့ လက်ရေးမူပေစာထဲက အကြောင်းနဲ့ မသိမသာ ဆက်စပ်ချင်သလိုရှိနေတော့ ကျုပ်လည်း စိတ်ဝင်စားသွားတယ်။

"တိုင်းကျော် ..."

"နောင်ကြီးဘုရား"

"ဒီအကြောင်း ဘယ်သူ့ကို ပြောခဲ့သေးတုံး"

"ဟို ... ဟို ..."

"ပြောပါ ... မင်း ဘယ်သူ့ ပြောခဲ့သေးတုံး"

"ကျွန်တော့်တူ ငဖျော့ကို ပြောပြခဲ့သေးတယ်"

"ဟယ် ... တယ်ခက်တဲ့ ကောင်ပဲကိုး"

"နောင်တော်ဘုရား ... လိုက်ကြည့်ပါ။ ကျုပ်တစ်ယောက်တည်းတော့ မသွားရဲဘူး။ နောင်တော်ဘုန်းကြီးပါရင်တော့ ကျုပ် လိုက်ပြမယ်။ ကုလားအဘိုးကြီးက တပည့်တော်လုပ်တဲ့ အလုပ်ကိုလည်း သိနေတာ အံ့သြစရာပဲ။ သူကပြောတယ် နင်က အကုသိုလ်ကောင်တဲ့။ မလာနဲ့တဲ့ဗျာ။ ပြီး ဒီအကြောင်းတွေပြောရင် အံ့စရာကောင်းအောင် ဒုက္ခရောက်လိမ့်မယ်လို့လည်း ပြောတယ်။ မနေနိုင်လို့ ဖွင့်ပြောမိတာ"

"နောင်ကို ဒီအကြောင်း သူများတွေ လျှောက်မပြောနဲ့။ ဒီနေရာမှာ အဆောက်အဦပျက်နဲ့ ဥမင်ရှိနေတာ မင်းပြောမှ သိရတာ။ ကြည့်ရတာ မင်းကို တစ္ဆေခြောက်တာလည်းဖြစ်မှာ ... တိုင်းကျော်"

"တစ္ဆေလည်း ဟုတ်ချင်ဟုတ်မှာပေါ့။ တပည့်တော်နဲ့ စကားပြောခဲ့တာတော့ ကုလားအဘိုးကြီး လူမှ လူအစစ်ပဲ။ ဘာပစ္စည်းမှ ယူမသွားနဲ့။ ကျောက်ခဲတစ်လုံးတောင် ယူမသွားနဲ့တဲ့"

"မင်း ဘာယူခဲ့သေးတုံး"

"ယူဖို့နေနေသာသာ တပည့်တော်ရဲ့ ကြေးဝါမီးခြစ်တောင် ကျန်ခဲ့တယ်ဘုရား။ နောင်ဘုန်းသွားချင်ရင် ပြောနော် ... တပည့်တော် လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပို့မယ်။ ဟို ...ဟို ...ဘာလေးညာလေးရရင်တော့ ညီဘွားကိုလည်း နည်းနည်းပါးပါး ...''

''မင်းက တယ်လည်းခက်ကိုး ...တိုင်းကျော် ...ဘာမှန်းမသိ ညာမှန်းသိရသေးတာ မဟုတ်ဘူးလေ။ လေ့လာကြည့်မှ သိမှာပေါ့။ ဥစ္စာသိုက်လား၊ ဘုရားသိုက်လား ...မင်းသိလား။ အဲဒီလိုသိုက်မျိုး ဖြစ်နေရင် အကြီးအကျယ် ဒုက္ခရောက်သွားမယ် ...နားလည်လား''

''အင်းပါ ...သွားမည့်နေ့ ပြောနော်''

သူ ကျုပ်ကျောင်းကနေ စားသောက်ပြီး ပြန်သွားတယ်။

ကျုပ်လည်း ဆက်စဉ်းစားနေတယ်။ ဂျပန်တွေလုပ်ထားတဲ့ ဂျပန်ခေတ် ဥမင်တွေလား၊ ကျုပ်ပြောဖူးတာ ရှိတယ်ဒကာ။ မန္တလေး၊ ပုသိမ်ကြီးမြို့နယ်က ကျောက်တောင်တွေကြားမှာ ဂျပန်တွေစစ်ပြေးကာနီး ကျောက်ဥမင်တွေ တူးပြီး ဘာမှန်းမသိရတဲ့ သံသေတ္တာကြီးတွေ မြှုပ်ခဲ့တယ် ဆိုတဲ့သတင်း ဒါမျိုးလည်း ဖြစ်ချင်ဖြစ်မှာကိုး။

အခါအခွင့်သင့်တဲ့နေ့မှ အရဲစွန့်သွားကြည့်ရမှာပဲ။

ဂျပန်ခေတ်က လျှို့ဝှက်ဥမင်ဖြစ်ခဲ့လို့ ရတနာတွေရှိခဲ့ရင်လည်း အစိုးရကို ဖွင့်ပြောရမှာပဲ။ ဒီကရင်ပြည်နယ်တစ်ဝိုက်မှာ သဘာဝဂူတွေ၊ ဥမင်တွေ ရှိကြသကိုး။

အကယ်၍များ မြို့စားကလေးသံယောဇဉ်ရဲ့ မြေအောက်လျှို့ဝှက်သချိုင်းဖြစ်ခဲ့ရင်လည်း သူ့ဇနီးကိုပဲဖြစ်ဖြစ်၊ အမျိုးတွေပဲဖြစ်ဖြစ် စုံစမ်းမေးမြန်းပြီး ပြောပြရမှာပဲ။ ပေစာထဲက ရေးထားပုံဆိုရင် ပတ္တမြားလည်ဆွဲနဲ့ ရွှေငွေရတနာပစ္စည်းတွေကို သူ့ဇနီးရှင်မင်းယာစိုအတွက် ထားခဲ့ဆိုသကိုးဗျ။

ဖြစ်ချင်တော့ အဖြစ်ဆိုး ကြားရပါရော စာရေးဆရာတို့ရေ၊

မှဆိုးတိုင်းကျော် နေကောင်းတာနဲ့ မုဆိုးအလုပ်ကို ပြန်လုပ်ရင်း တောထဲမှာ ဝက်ပက်ခံရလို့ ဝမ်းဗိုက်ပွင့်ပြီး မနည်း အသက်လု ပြေးခဲ့ရသတဲ့။





ကျုပ်ရောက်သွားတော့ တိုင်းကျော် အခြေအနေ မကောင်းဘူး။ ဆေးဆရာသွားပင့်နေတုန်း ရှိသေးတယ်။ ဒီကောင် တောထဲကနေ ပွင့်ထွက်တဲ့ဝမ်းဗိုက်ကို ပုဆိုးနဲ့စည်းပြီး ပြေးခဲ့တာ။ ဝက်ပက်ပြီး ကျင်းထဲကျသွားတာတဲ့။ ကျုပ်ကိုမြင်တော့ သွေးသံရဲရဲ၊ မျက်ရည်စို့စို့ စကားမပီတပီနဲ့ ပြောခဲ့တယ်။ သူ့ကို တောဝက်ပက်တယ်၊ ဝက်ပေါ်မှာ အမွေးစုတ်ဖွားနဲ့ လူတစ်ဦး ခွစီးထားတာ မြင်ရတယ်လို့ ပြောပြီး အသက်ထွက်သွားခဲ့တယ်။

စဉ်းစားကြည့်တာပေါ့။

သူ ဥမင်ထဲကို အမှန်တကယ် ရောက်ခဲ့သလား။

သူပြောသလို လျှို့ဝှက်ဥမင် တကယ်ရှိခဲ့ပြီး သူ လူထွားလူဆန်းတွေနဲ့ တွေ့ခဲ့တာလား။ သူတို့ သတိပေးစကားကို နားမထောင်လို့များ အသေဆိုးနဲ့ သေရသလား ...စဉ်းစားလို့ မဆုံးဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၁၇]

❑

ဘုန်းကြီးကိုယ်နှိုက်ကလည်း သင့်တော်တဲ့အချိန် အဲဒီတောကြီးထဲက တိုင်းကျော်ပြောတဲ့ လျှို့ဝှက်မြေအောက် ဥမင်ရှိရာကိုသွားဖို့ အစီအစဉ် ရှိတယ်။

တိုင်းကျော်အပြောအရ ရွာရှေ့ချောင်းရှည်တောင်ဘက် တောထဲက မြေအောက်အခန်းကျယ်ထဲမှာ အုတ်ဂူလိုလို၊ ဓါးခင်းတလားလိုလို သဏ္ဌာန်အချို့ လှမ်းမြင်လိုက်တယ်ဆိုတာကိုး။

ခုတော့ လမ်းပြလုပ်မည့်သူ မုဆိုးတိုင်းကျော်လည်း သေပြီဆိုတော့ အဖော်ကောင်း စိတ်ချ ယုံကြည်ရသူရှိရင် သွားဖို့ အစီအစဉ်ရှိတယ်။

ဖြစ်ချင်တော့ ...

တစ်နေ့မှာ ... ငါ့ကျောင်းကို ငဖျော်ဆိုတဲ့ကောင်နဲ့ သူ့အမေ မုဆိုးမ မသောင်ရောက်လာတယ်။

ငဖျော်ဆိုတဲ့ကောင်က တိုင်းကျော်ရဲ့တူ။





ဘုန်းကြီးနဲ့ဆိုလည်း တူပဲဆိုပါစို့။ နည်းနည်းဝေးသဟဲ့။

တိုင်းကျော်အမေ မသောင်နဲ့ မုဆိုးတိုင်းကျော်နဲ့က မောင်နှမအရင်း။ ငဖျော်လည်း မုဆိုးပေါက်စပဲ။ အရမ်းကြီးတော့ သူ့ဦးလေးလိုတော့ တော်မှာ မဟုတ်ဘူး။

ကျောင်းရောက်လာပုံက ငဖျော်ကို တွဲခေါ်လာရတယ်။

စကားလည်း မပြောဘူး။ ရှေ့ရှုးရှုးကိုပဲ ကြည့်ပြီး ပါးစပ်ကို စေ့ထားတယ်။ မျက်နှာကလည်း တစ်ချက်တစ်ချက် လန့်သွားသလို ဖြစ်နေတယ်ကွယ့်။ ခန္ဓာကိုယ်ကလည်း ဖောဖောပွပွကြီး ဖြစ်လို့။

"မသောင် ... ဘာကိစ္စလဲဟဲ့"

"ငဖျော်ပါ ဘုရား ... ဘယ်လိုဖြစ်မှန်းမသိဘူးဘုရား။ အမဲလိုက်တာ ပြန်လာပြီး ညလည်းရောက်ရော တစ်ကိုယ်လုံး ယားလာပြီး ရေပဲ ခဏခဏ ချိုးနေတယ်ဘုရား။ ဘာဖြစ်လို့လဲ မေးတော့လည်း စကားလုံးဝ မပြောဘူးဘုရား။ ခန္ဓာကိုယ်ကို ကုတ်ဖဲ့၊ တောက်ခတ်၊ ဒေါသတွေဖြစ်၊ အရေးပြားကို နှီးဖြားလေးနဲ့ ခြစ်ကုတ်နေတာ အရေပြားတွေလည်း လန်ပြီး အသားနီရဲ ဖြစ်နေပါတယ်ဘုရား။ စကားလည်း လုံးဝ မပြောတော့ဘူး ဘုရား"

ဘုန်းကြီးကြည့်တော့မှ ဟုတ်တာပဲ။ ခြေရောလက်ရော အသားနီရဲရဲဖြစ် သွေးတွေစို့လို့ မျက်နှာလည်း ကုတ်ထားလိုက်တာ လက်သည်းစင်းရာတွေနဲ့ အရေပြားတွေ လန်နေတာပဲကိုး။

ဘုန်းကြီးရှေ့ရောက်နေတာတောင် ဦးမချဘဲ အကျီလှန်ပြီး ကုတ်နေတာ။ တစ်ကိုယ်လုံး အသားနီရဲရဲပဲဟော့။

"ငဖျော် ..."

သူ မထူးဘူး။ ရှေ့ရှုးရှုးကြည့်ပြီး အားရပါးရ ကုတ်နေတုန်းပဲ။ ကုတ်နေပုံက ဒေါသထွက်ပြီး ကုတ်နေတာ။ ဘုန်းကြီးရှေ့ရောက်နေလို့သာ အွယ်ရာမှာဆို ဘယ်လိုများ စိတ်လွတ်လက်လွတ် ကုတ်လိုက်မလဲ မသိဘူး။

"ငဖျော် ..."

"တောက် ... အင်း ... ဟင်း ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်ကုတ်၊ အရေပြားလန်အောင်လုပ်၊ မအေလုပ်သူက ပြောရ ဆွဲရ တားရတယ်။

"ဖျော် ... မင်း ဘယ်လိုဖြစ်တာလဲ"

မပြောဘူး။ ဘုန်းကြီးရော မိခင်လုပ်သူပါ မေးလည်း မပြောဘူး။ ခေါင်းကို လက်စုံကုတ်ပြီး ဆံပင်တွေ ဆွဲနှုတ်လိုက်တာ ဆံပင်တွေဟာ စပါးပျိုးနှုတ်သလို အထွေးလိုက် ပါလာပါရော။

နာရီဝက်ကြာအောင် ချော့မေးလည်း လုံးဝစကားမပြောဘဲ ဆံပင်တွေ ဆွဲဆွဲနှုတ်နေလို့ ဝိုင်းချုပ်ထားရတယ်။

"မသောင် ..."

"ဘုရား ..."

"ဒီကောင် တောထဲက ပြန်လာတော့ ဘာတွေပါလာတာတွေ့တုံး"

"ဟောဒါလေးတစ်ခုတော့ သူ့ခေါင်းအုံးအောက်က တွေ့တာပါပဲ ဘုရား"

မသောင်က မိုင်းကိုင်စက္ကူနဲ့ထုပ်ထားတဲ့ အထုပ်ကို လှမ်းကိုင်လို့ ဖြည်ကြည့်လိုက်တော့ ခပ်မည်းမည်းဝိုင်းဝိုင်း ကျပ်စေ့ပိုက်ဆံတစ်ဝိုင်းခန့် အပြားလေး။ အခု စာရေးဆရာလေး ကောက်ယူလာတဲ့ အပြားမျိုးပဲ။ အသာ ခြစ်ကြည့်တော့ ရွှေဒင်္ဂါးပြား တစ်ပြား။

"ဖျော်ကတော့ တောထဲကရောက်ရောက်ချင်း ပြောတယ် ဘုရား"

"သူ ဘာပြောတုံးဟဲ့"

"ဖျော်က သူ့ဦးလေးလုပ်သူ ပြောပြတဲ့ တောထဲက ဥမင်ထဲ ရောက်ခဲ့တယ်တဲ့။ ဦးလေးပြောတာ မယုံကြည်လို့တဲ့။ ဦးလေးတိုင်းကျော် ကို လိုက်ခဲ့ဖို့ ခေါ်ပေမယ့် မလိုက်ရဲဘူးတဲ့။ ဘယ်နေရာလဲလို့ မေးတော့ တာလပေါ်ချောင်းအတိုင်းသွားတဲ့ လမ်းလို့ ပြောတယ်ဘုရား။ သူ့ဦးလေး ဆုံးပြီး မကြာဘူး သူတောထဲကို သွားခဲ့တာပဲ။ သူတစ်ယောက်တည်း ဓား ရှည်တစ်ချောင်း၊ မီးတုတ်တစ်လက်နဲ့ စွန့်ပြီး သွားခဲ့တယ်တဲ့။ ဥမင်ထဲဝင် နေတုန်း ကျောက်တုံးပုံကြားက ဒီမည်းမည်းလေးကို ကောက်ယူတုန်းမှာပဲ 'ထားခဲ့၊ မယူနဲ့၊ ထွက်သွား။ မင်းဟာ လူကောင်းမဟုတ်ဘူး။ လူသူယုတ်။





သွား ... မကိုင်နဲ့၊ ထွက်သွား' လို့ နားကွဲမတတ်အသံကြီးကြားပြီး ဖျော် လည်း မယူနဲ့လို့ ပြောပုံထောက်ရင် တန်ဖိုးရှိလို့ နေမှာဆိုပြီး ယူလာခဲ့တာ ပဲလို့ ပြောတယ်ဘုရား။ ညအိပ်တဲ့အချိန်မှာ ခုလို ယားယံပြီး ကိုယ်တုံးလုံး နေတဲ့အဖြစ်ကို ရောက်သွားတာပဲဘုရား။ ပါးစပ်ကလည်း လာပို့ပါမယ်၊ လာပို့ပါမယ်လို့ အော်ပြီး မိုးလင်းတော့ စကားလုံးဝ မပြောတော့ပါဘူး ဘုရား"

"အင်း ... အင်း ... မယူသင့်တာ ယူခဲ့တာကိုး"

"အဲဒါ ဘာလဲဘုရား ... ငွေယား၊ ရွှေယားလားဘုရား"

"မပြောတတ်ဘူး"

"အရှင်ဘုရား ... ကယ်ပါဦးဘုရား"

"တယ်ခက်တဲ့ကောင်ပဲကိုး"

ဒါနဲ့ ဘုန်းကြီးလည်း ပရိတ်ရေမန်းများ ရွတ်ဆိုပြီး ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များကိုလည်း မေတ္တာရပ်ခံ ပြောဆိုရတာပေါ့။ ပြီး ပရိတ်ရေမန်းများ တိုက်ဖျန်းပေးတော့ ယားတာယံတာ ပျောက်သွားတယ်။ သို့သော် စကား ပြန်မပြောနိုင်ဘူး။ အစာလည်း ခွံကျွေးရင် စားတယ်။ စားရင်လည်း သုံး လုတ်ပဲစားပြီး လူလစ်ရင် ...

"လာပို့မယ် ..."

"ပို့မယ်ဗျာ ... ဘာဖြစ်နေကြတာတုံး"

"ပို့ပါမယ်လို့ ပြောနေတာ။ သတ်ချင်လည်း သတ်တော့"

တစ်ယောက်တည်း အော်ပြောနေတာ။ မအေအနီးရောက်ရင် တိတ်သွားတယ်။ မေးလည်း မပြောဘူး။ ခေါင်းယမ်းလိုက်၊ ခေါင်းညိတ်လိုက်နဲ့ ရူးနေသလိုမျိုးဖြစ်နေတယ် .. ဒကာတို့။ ထွက်ပြေးမယ်လုပ်လို့ စောင့် ကြည့်စောင့်ထိန်း လုပ်နေရတယ်။ ဒါနဲ့ ကျုပ်လည်း တစ်ည ဘုရားရှိခိုးပြီး အဓိဋ္ဌာန်ပြုခဲ့တယ်။ မောင်ဖျော်ယူလာတဲ့ ပစ္စည်းလည်း လာပို့ပါ့မယ်။ ကျွန်ုပ်ရဲ့ သီလ၊ သမာဓိသစ္စာကို ယုံရင် လမ်းပြပေးပါပုဂ္ဂိုလ်တို့လို့ ပြော ပြီး ကျိန်းခဲ့တယ်။

ဒီမှာ ထူးဆန်းတဲ့ အိပ်မက်ကို မက်ခဲ့တယ်။

လူရွယ်တစ်ဦးကို ဖျင်ကြမ်းလက်တိုအကျီ၊ ခါးတောင်းကျိုက်နဲ့ သျှောင်တစ်စောင်းထုံးလို့။ လူရည်သန့်သန့်၊ မွန်မွန်ရည်ရည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှာ ဆာဒူးလိုလို၊ ဖကီးလိုလို၊ ကုလားအဘိုးကြီး အငွေ့ထောင်းထောင်းထနေတဲ့ လက်ကိုင်ပါတဲ့ ကြေးလင်ပန်းကြီး ကိုင်ပြီး ဒူးထောက်လို့။

လင်းပန်းထဲက မီးသင်းထားတဲ့အနံ့က မွှေးတဲ့သစ်စတွေ မီးရှို့တဲ့ အနံ့။

"ဒကာလေး ... သင် ဘယ်သူလဲ"

"လမ်းကြောင်းပြမလို့ပါ ဘုရား"

"ဟော ..."

ဖျင်ကြမ်းဝတ်လူရွယ်က ခါးလွယ်ကြီးကျောပိုးပြီး ဘုန်းကြီးရှေ့မှာ လက်အုပ်ချီလို့ ပြောနေတယ်။

"အရှင်ဘုရားကို ယုံကြည်အားကိုးပါတယ်ဘုရား"

"ဒကာလေးက ဘယ်သူတုံး"

"သံယောဇဉ်ပါဘုရား"

"ဟော ... မြို့သစ်မြို့စား သံယောဇဉ်လား ... ဒကာ"

"မှန်ပါ ဘုရား။ အရှင်ဘုရားကို စောင့်မျှော်နေတာ နှစ်တွေ များခဲ့ပါပြီဘုရား။ အရှင်ဘုရားနဲ့ သီလစင်ကြယ်သူများ ကူညီမှသာလျှင် ဘုရားတပည့်တော်တို့ဘဝ လွတ်မြောက်ပြီး စိတ်ချမ်းသာရပါလိမ့်မယ်ဘုရား။ အရှင်ဘုရား အလိုရှိရာလည်း မိန့်ပါဘုရား"

"မြို့စား ... သင်တို့နေတဲ့အရပ်ကို လူနှစ်ဦး ရောက်ခဲ့မဟုတ်လား"

"မှန်ပါ ... မသန့်ရှင်းတဲ့ လောဘသားတွေ ရောက်လာခဲ့ကြောင်းပါ ဘုရား"

"မှဆိုးတော့ ကွယ်လွန်သွားပြီဒကာ။ လူရွယ်တစ်ဦးတော့ သင်တို့နေတဲ့အရပ်က ပစ္စည်းတစ်ခု ယူလာမိတယ်။ သူ့မှားမှန်းလည်း သိနေတယ်။ ဘုန်းကြီးလာပို့ချင်တယ် လမ်းပြပါ ဒကာလေး"

"မှန်ပါ ... သူနဲ့မဆိုင်တဲ့ ပစ္စည်းကို အတန်တန်ပြောတဲ့ကြားက ယူသွားလို့ ဒဏ်ခတ်ခံရတာပါ ဘုရား။ အရှင်ဘုရား လာပို့မယ်ဆိုတာလည်း အကြွင်းမဲ့ ယုံကြည်ပါတယ် ဘုရား။ လာခဲ့ရင်လည်း အသင့်ကြိုရန် ရှိကြောင်းပါဘုရား၊ ဝမ်းသာကြောင်းပါ ဘုရား"





"ပဋ္ဌာန်းဆက်တွေ ကြုံကြပြီပေါ့။ လမ်းကြောင်းသာ ပြပါ ... ဒကာလေး"

"မှန်ပါ ... အရှင်ဘုရား၊ ဤလမ်းကြောင်းကိုသာ မသူတော် လောဘသားများအား မပြောပါနဲ့ဘုရား။ အရှင်ဘုရားကဲ့သို့ သီလ၊ သမာဓိရှိသူများကို မျှော်လင့်ပါတယ်ဘုရား၊ အရှင်ဘုရား လာရမည့် လမ်းကြောင်းကတော့ ..."

"သာဓု ... သာဓု ... သာဓု"

ကျုပ် သာဓုခေါ်လိုက်တဲ့အချိန်မှာ သူတို့ ပျောက်ကွယ်သွားခဲ့တယ်။ ကျုပ်လည်း အိပ်မက်က လန့်နိုးသွားခဲ့တယ်။

သို့သော် ဘုန်းကြီးအိပ်စက်တဲ့ အခန်းထဲမှာ ဖကီးလိုလို၊ ဆာဒူးလိုလို ကုလားအဘိုးကြီးရဲ့ ကြေးလင်ပန်းထဲက နံ့သာတုံး မီးသင်းတဲ့အနံ့ကို ကျုပ် ရှူရှိုက်မိတယ်။

သည့်နောက် ညဉ့်အချိန်မှာ ကျုပ်လည်း မီးတိုင်တစ်ချောင်းနဲ့ ရှုံ့ရွံ့နှံ့စားစား လာခဲ့လိုက်တယ်။

အံ့ဩစရာတွေ ဘုန်းကြီးကိုယ်တွေ့ ကြုံနေရပြီ စာရေးဆရာရေ။

ကျုပ်ထံမှာ မြို့စားလေးသံယောဇဉ်ရဲ့ လက်ရေးမူပေစာထုပ် ရှိနေတယ်။ ပေစာထဲက အကြောင်းအရာ ဖြစ်ပျက်တွေ အခုတကယ်လာ ထိုက်ဆိုင်နေပြီလေ။

သူတို့ရဲ့လျှို့ဝှက်နေရာကို မမျှော်လင့်ဘဲ သိသွားတော့ လူနှစ်ဦး အကွဆင်းရဲနဲ့ ကြုံတွေ့နေရတယ်။

အခု ... ကျုပ် လူမမာကို ကယ်တင်ဖို့ သစ္စာပြုမေးလိုက်တော့ အိပ်မက်ထဲမှာ မြို့စားလေးသံယောဇဉ်နဲ့ ထူးခြားစွာ တွေ့ခဲ့ရပြီ။

အဓိကအချက် နှစ်ချက်ရှိတယ်။

(၁) အချက် ... ငဖျော်ယူလာတဲ့ပစ္စည်း ပြန်ပို့ပေးပြီး ငဖျော်ရဲ့ ဝေဒနာကို သက်သာပျောက်ကင်းစေချင်တယ်။

(၂) မြို့စားရဲ့ ရေးသားချက်အရ သူတို့ဘဝရဲ့ လွတ်မြောက်ရေးမှာ ကျုပ် ဘယ်လိုကောင်းမှုကုသိုလ် လုပ်ပေးနိုင်မလဲ။

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ..



www.burmeseclassic.com

www.burmeseclassic.com



မြို့စားသံယောဇဉ်ရဲ့ ခေါင်းတလားထဲက သူ့ဇနီး (ကတော်) ရဲ့ ပတ္တမြားလည်ဆွဲ ကျုပ် မမက်မောဘူး။

သံယောဇဉ် ရှင်မင်းယာစိုအတွက် ထားခဲ့တဲ့ ရွှေငွေ၊ လက်ဝတ်လက်စားတွေ ဘုန်းကြီး မမက်မောဘူး။

ကြုံကြိုက်လို့၊ အကြောင်းသင့်လို့ နှစ်ပေါင်း (၉၀)ကျော် အသက်ရှင်နေမည့် ဒေါ်မင်းယာစိုကို တွေ့ခဲ့ရင် ဒီအကြောင်း ဘုန်းကြီးပြောပြမှာပါ။ သူတို့ဘဝရဲ့ လွှတ်မြောက်ခွင့်၊ ပိုင်ဆိုင်ရယူခွင့်တွေဟာ ကျုပ်နဲ့ မဆိုင်ဘူး။

မြို့စားလေးကတော် ဒေါ်ရှင်မင်းယာစိုနဲ့ပဲ ဆိုင်တယ်။

အံ့သြစရာပဲ စာရေးဆရာနဲ့ ဒကာကြီး ဦးရာကျော်ရေ ...

ကျုပ် လှေတစ်စီးနဲ့ အဲဒီနေရာကို ရောက်လာခဲ့တယ်။ မီးတုတ်တစ်ချောင်းနဲ့ တောစပ်ကို ရောက်လာတယ်။ မြွေဆိုးတွန်သံတွေ ကြားရတယ်။ သားကောင်ငယ်တွေရဲ့ အော်သံ၊ လန့်ပြေးသံတွေ ကြားရတယ်။ တောလမ်းကွေ့တွေ အများကြီးပဲ။ ဒကာကြီးတို့လည်း ရောက်ခဲ့လို့ အထူးမပြောတော့ပါဘူး။

ပြောချင်တာက ...

ကျုပ်သွားနေတဲ့ တောလမ်းအဝင်ရှေ့ကနေ လူတစ်ဦး ရပ်နေတာပဲ။ ကနဦးတော့ လန့်မလို ဖြစ်သွားပေမဲ့ စိတ်ကိုထိန်းပြီး မီးတုတ်မြှောက်လို့ ကြည့်လိုက်တယ်။

"အရှင်ဘုရားလား"

"ဟုတ်တယ် ... ဒကာကြီးက ဘယ်သူလဲ"

"အဖော်ပါလာသေးလား ဘုရား"

"မပါဘူး ... ဘုန်းကြီးတစ်ပါးတည်းပဲ ... ဒကာ"

ခါးတောင်းကျိုက်နဲ့ လူထွားကြီးကွယ့်။ အသားညိုညို၊ အကျီ င်္ကျိ ကျောပြောင်နဲ့ ပေါင်ကနေ ခြေသလုံးတိုင်အောင် ထိုးကွင်းမင်ကြောင်တွေလည်း ပြည့်နေသလို ရင်ဘတ်မှာလည်း အင်းကွက်တွေ ပြည့်နေတာပဲ။

"လိုက်ခဲ့ပါ ... အရှင်ဘုရား"

ဘုန်းကြီး သူ့နောက်ကနေ လိုက်သွားတယ်။ သူ့ခြေလှမ်းတွေက မြန်တော့ မနည်းလိုက်ရတယ်။





"ဒကာကြီးနာမည် ဘယ်လိုခေါ်တုံး"

သူ ပြန်မပြောဘူး။ နားများ မကောင်းလို့လားမသိ။ အချိန်တစ်နာရီခန့် အခုသွားခဲ့ပြီးတဲ့ လမ်းကွေ့လမ်းကောက်၊ ကုန်းဆင်းကုန်းတက်တွေသွားပြီးနောက် ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေတဲ့ တိုက်ပျက်ကြီးထဲ ရောက်ရောက်သွားခဲ့တယ်။

ဘုန်းကြီး ဥမင်လိုဏ်ထဲ ရောက်သွားခဲ့တယ် ... ဒကာကြီး။

လူထွားကြီးက အခန်းကျယ်ထဲ ခေါ်သွားခဲ့တာကွယ့်။

လမ်းမှာ လူသေအရိုးစုတွေ မြင်နေရတယ်။

"အရှင်ဘုရား ... ကြောက်သလား"

"မကြောက်ပါဘူး ... ဒကာ"

"ရောက်ပြီဘုရား"

"ဒီမှာ မောင်ဖျော်ဆိုတဲ့ကောင်လေး ယူသွားတဲ့ပစ္စည်း"

လူကြီးက ရှိုက်ရှိုက်သေသေ လှမ်းယူလိုက်တယ်။ အထဲမှာ လူတစ်ယောက်မှ မရှိဘူး။

"မောင်ရင် ..."

"ဘုရား"

"မြို့စားလေး သံယောဇဉ်ဆိုတာ ဒီမှာရှိလားကွယ့်"

"ရှိပါတယ် ဘုရား"

"ဘယ်မှာတုံး ဒကာ"

"ရှေ့က ခေါင်းတလားဟာ မြို့စားလေး သံယောဇဉ်ပါပဲဘုရား"

"ဟင်"

ကျုပ် ပေစာထုပ်ထဲက ရေးထားတဲ့အတိုင်း အခု မြေအောက်ဥမင်သင်္ချိုင်းထဲကို ရောက်နေတာပဲ ဒကာကြီး။ ကျောက်အုတ်ခုံပေါ်မှာ ခေါင်းတလားကြီးတစ်လုံး။

မီးရောင်နဲ့ကြည့်တော့ လိပ်သည်းကျောက်ကဲ့သို့သော ကျောက်အဖုံးကြီး တင်ဖုံးထားတယ်။

အဖုံးပေါ်မှာ စာထွင်းထားတယ်။

မြို့စားလေး သံယောဇဉ်

၁၂၄၈ ခုနှစ်၊ တပေါင်းလကွယ်နေ့ ကွယ်လွန်သည်ဟု။



www.burmeseclassic.com

www.burmeseclassic.com



အနီးမှာ လူရိုးစုအချို့ ရှိတယ်။ ကျောက်အိုးကြီးတွေ ရှိတယ်။ သံချေးတက်နေတဲ့ မှားရှည်အချို့ ရှိနေတယ်။ ဘုန်းကြီး ဘယ်ပစ္စည်းမှ မကိုင်ဘူး။ ရင်ထဲမှာ ဝမ်းသာသလိုလို ဖြစ်နေတယ်။ ငါ ဘယ်လို ရှေးရေစက်တို့၊ ပဋ္ဌာန်းဆက်တို့နဲ့ ကြုံနေရသလဲလို့ တွေးနေမိတယ်။

ငါ့တာဝန်တစ်ခု ပြီးပြီ။

ကျုပ် မောင်ဖျော်ယူလာတဲ့ ပစ္စည်းကို သူ့နေရာသူ ပြန်အပ်ခဲ့ပြီး ...

အခု မြို့စားရဲ့ ကျောက်ခေါင်းတလားလည်း မြင်နေရပြီ။ ကျန်တဲ့အပိုင်းက ကျုပ်ရှုည်းပဲ လုပ်လို့ရတဲ့အပိုင်း မဟုတ်ဘူး။

ရှင်မင်းယာစို ရှိသေးလား၊ ကွယ်လွန်သွားပြီလား။

ပေစာထဲက သူတို့ဇာတ်ကြောင်းက အကွေ့တွေရှိနေတယ်။

အကြောင်းကံဆုံလို့ ရှင်မင်းယာစိုနဲ့ တွေ့ခဲ့ရင်တော့ မြို့စားလေးတို့ရဲ့ဘဝ လွတ်မြောက်ရေးကို ပြောပြရမှာပဲ။

ဒါ ဘုန်းကြီးရဲ့ စေတနာအမှန်ပဲ။

သည့်နောက် ကျုပ်ပြန်ဖို့လုပ်တော့၊ ထိုးကွင်းနဲ့လူကြီး မရှိတော့ဘူး။ ဒါ အိပ်မက်လည်း မဟုတ်ဘူး။ ဘာကြောင့် ဘုန်းကြီးမှာ ကြောက်စိတ်တွေ မရှိသလဲ ဘုန်းကြီး မသိဘူး။

ကျုပ် လာလမ်းအတိုင်း ပြန်လာခဲ့လိုက်ပြီး ဂဝံလှေကားထစ်ကနေ အပေါ်ကို တက်လိုက်တော့ ...

"ပြန်တော့မလား ဘုရား"

"ဟင် ..."

ထိုးကွင်းကြီးက မြေပြင်မှာ လက်အုပ်ချီပြီး ရပ်နေတာပဲကိုး။

"ပြန်တော့မယ် ... ဒကာ"

"အရှင်ဘုရား ..."

"ပြောပါ ... ဒကာ"

"မသူတော်တွေကို မပြောပါနဲ့ ဘုရား"

"အရှင်ဘုရားကို အားကိုးပါတယ်။ မြို့စားက အရှင်ဘုရားကို ယုံကြည်ပါတယ်။ အရှင်ဘုရားရဲ့ ကျေးဇူးကြောင့် သူ့ကတော် ပြန်လာလိမ့်





မယ်လို့ ယုံကြည်နေပါတယ်။ ကူညီပါဘုရား။ တပည့်တော် ရေဆိပ်ရောက်အောင် လိုက်ပို့ပါ့မယ် ဘုရား"

ကျုပ် ရေဆိပ်ကိုရောက်၊ မိုးသောက်အရုဏ်ပျို့နေပြီ။ မီးတိုင်ငြိမ်းပြီး လှေပေါ်တက်လိုက်တဲ့အချိန် လှည့်ကြည့်လိုက်တော့ လူထွားကြီး မရှိတော့ဘူး။ အဲဒါ ဘုန်းကြီး ကြုံခဲ့ရတဲ့ အဖြစ်ပဲ။

ဘုန်းအိုကြီးက စကားကို အစသပ်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက် သောက်လိုက်တယ်။ ဒီမှာ ဘတိုက်ပုံကြီးက မေးရော။

"အရှင်ဘုရား ... ပစ္စည်းပြန်ထားပြီးတော့ မောင်ဖျော် နေကောင်းသွားလား ဘုရား"

"ကောင်းသွားတယ်"

"သူ အခု ရှိသေးလားဘုရား"

"တောင်ငူက တောင်ကလီဆိုတဲ့ရွာမှာ ကရင်မတစ်ဦးနဲ့ အိမ်ထောင်ကျနေတယ်။ အရေးကြီးတာက ညရောက်ရင် စာရေးဆရာယူလာခဲ့တဲ့ ရွှေဒင်္ဂါးကို ပြန်ပို့ရမယ်။ မပို့လို့ မဖြစ်ဘူး"

"မှန်ပါဘုရား ... ပို့ရမှာပေါ့။ ဒါက သူတို့ပစ္စည်းဥစ္စာပဲ။ မင်းကလည်း မင်းပဲ ... ငမှိုင်းရာ။ မင်းလုပ်ပုံက ငဖျော်လို ဖြစ်သွားမယ်ကွ။ မင်းအဲဒီလို ခြေဆော့လက်ဆော့လုပ်တာ ဒုက္ခရောက်သွားမယ် ... နားလည်လား"

"ကျွန်တော် မှားပါတယ် ... အဘရာ၊ ဇာတ်လမ်းစုံကလည်း အခု ဘဘုန်းရှင်းပြမှ ဇာတ်စုံသိရတာကိုး။ စောစောက ဒီအကြောင်းတွေသိခဲ့ရင် ဘယ်ယူလာမှာလဲ ဘုရား"

"ဟုတ်ပါတယ် ... ဘုန်းကြီးကလည်း လောလောလောလောအလွယ် ပြောမိခဲ့လို့ပါ"

"အရှင်ဘုရား ..."

"ပြော ... ဒကာကြီး"

"ညရောက်ရင် သွားတာပေါ့။ အဓိကပြောချင်တာက ဒီမြို့စားနဲ့ကတော်က အလွန်အံ့သြစရာလည်း ကောင်းပါတယ်ဘုရား။ သနားလည်း သနားမိပါတယ်။ ဒါနဲ့ အရှင်ဘုရား ပထမဦးဆုံးတွေ့တုန်းက ကျောက်ခေါင်းပေါ်မှာ မြို့စားအမည်နဲ့ ကွယ်လွန်တဲ့နေ့ကို ရေးထွင်းတာ တွေ့ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ မနေ့ညတုန်းက တပည့်တော်တို့ သွားတုန်းက ကျောက်တလား အဖုံးကို တူကဲ့သို့သောအရာတွေနဲ့ ထုရိုက်ဖျက်ဆီးထားတာ တွေ့ရတာက ရော ဘုရား''

''ဟုတ်တယ် ... အဲဒီလို ဖျက်ဆီးထားတာကို ဒကာကြီးတို့နဲ့ မနေ့ညက သွားတော့မှ မြင်ရသိရတာ။ ဘယ်သူ ဖျက်ဆီးတာလဲ မသိ ဘူး''

''ငဖျော်ရော မဖျက်ဆီးဘူးလား ဘုရား''

ကျွန်တော်က ဝင်မေးတယ်။

''ငဖျော်တော့ မဖျက်ဆီးဘူးကွယ့်''

''ဒါဆို ဒီနေရာကို သူစိမ်းတစ်ရံမျှား ဝင်သွားခဲ့ရော့လားဘုရား''

''အဲဒါ စဉ်းစားစရာပဲ။ ညသွားတော့မှ အသေးစိတ် ကြည့်ကြ တာပေါ့ ... ဒကာတို့ရယ်''

''ဘဘုန်းဘုရား ...''

''ပြော ... စာရေးဆရာ''

''ဘဘုန်း အိပ်မက်အရ စွန့်စားသွားခဲ့တုန်းက ရေဆိပ်တောထဲ တနေ လာကြိုတဲ့ ထိုးကွင်းမင်ကြောင်နဲ့ လူကြီးရော မနေ့ညက မတွေ့ရ ပါလား။ သူ့နာမည်ရော သိခဲ့လား ဘုရား''

ဘဘုန်းက အတန်ကြာ စဉ်းစားပြီးနောက် ...

''လာကြိုတဲ့ လူထွားကြီးနာမည် ဘုန်းကြီး မသိဘူး။ မနေ့ည တုန်းကတော့ လာကြိုတာ မရှိဘူး။ ဒီအနီးအနားမှာနေတဲ့ လူပဲလား။ ဒါမှ မဟုတ် မြေအောက်ဥမင်သချိုင်းအကြောင်း အတွင်းကျကျသိထားတဲ့ အစေ အပါးပဲလား မသိဘူး။ သိတာတစ်ခုတော့ ရှိတယ်။ ဒီထဲမှာ ပရသားတွေ ရှိတယ်။ စာရေးဆရာ မြင်ခဲ့တယ် မဟုတ်လား''

''အဲ ... အဲ ...''

''ညဦးက စာရေးဆရာရဲ့အိပ်မက်ထဲမှာ ရွှေဒါး လာပြန်တောင်း တဲ့ ကုလားအဘိုးကြီးက ...''

''ကုလားအဘိုးကြီးက ဘာလဲဘုရား''

''ပရသား ...''

''ဗျာ ... တစ္ဆေလို့ ပြောတာလား ဘုရား''





ကျွန်တော်ရဲ့အမေးကို ဘုန်းအိုကြီးက မဖြေဘဲ အဘတိုက်ပုံ ဦးရာကျော်ဘက်ကို လှည့်ကြည့်ပြီး ...

''ဦးရာကျော် ... မြေအောက်လိုဏ်ထဲမှာ ဘာရှိတာမြင်လဲ ... ဒကာကြီး''

''တစ္ဆေရှိပါတယ် ဘုရား''

''တစ္ဆေရှိတယ် ဟုတ်လားအဘ ... ဟင် ဟင်''

''ရှိတယ် ... ရှိတာမှ ကုလားတစ္ဆေရော၊ ဗမာတစ္ဆေရောပဲ။ သူ တို့ကမှ ဒီမြေအောက်သချိုင်းဂူကို စောင့်ရှောက်နေကြတာ။ ဒီဂူထဲမှာ မြေအောက်မှာ မဟုတ်တယုတ်လုပ်ရင် သူတို့လက်မခံဘူး။ ပြီး သူတို့က သူကောင်းသူကောင်းကို စောင့်မျှော်နေကြတာ။ လူလိမ်လူကောက် လူညာ သူခိုးဂျပိုး မင်းလိုကောင်မျိုးကို အလိုမရှိဘူး''

''ဟာဗျာ ... အဘကလည်း ပြောရင်းကနေ ဖောက်လာပါပြီဗျာ။ အဘကို ကျွန်တော် ကြိုပြောထားတယ်နော် အဘ''

''ဘာပြောတာလဲ''

''လူကြားသူကြားထဲမှာ မဖောက်နဲ့လို့လေ''

ကျွန်တော်က သူနှင့်ကျွန်တော်သာ အထာပေါက်တဲ့ စကားကို ပြောလိုက်တော့ သူ အရှိန်တန့်လိုက်တယ်ဗျ။

''မင်း ငါနဲ့ ဘဘုန်းရှိနေလို့ ကံကောင်းသွားတာ။ နို့မို့ရင် ရှေ့က လူတွေလို ဖြစ်သွားမယ် သိလား''

''ဟုတ် ...''

''မင်းလို ဟိုနိုက်ဒီနိုက်၊ ဟိုဟာလစ်ရင်ဆွဲ ဒီဟာလစ်ရင် ခိုးချင် တဲ့ကောင်မျိုး တပည့်လုပ်ရတာ ငါလည်း လက်ထိတ်နဲ့ အချုပ်စော်နံတယ်။ သိန်းဝင်းနဲ့လေးမောင်သာဆို မင်းလို ခြေဆော့လက်ဆော့ လုပ်မှာမဟုတ် ဘူး''

''ဆရာသိန်းဝင်းက ပိုတောင်ဆိုးသေးတယ်ဗျ။ မန္တလေးမှာ မယား ကြီး ရန်ကုန်မှာ မမလေးနဲ့ ရှမ်းပြည်မှာ အန်တီကြီးဆိုတာ ရှိသေးတယ်။ ကိုယ့်ထက်တောင် လက်ကျမြန်သေးတယ်။ ခေါ်သွား ... နောက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် . . . ခေါ်သွား။ ဓားပြတိုက်တဲ့ထဲ ပိုက်ဆံအားလုံး ပါသွားလို့ပေါ့။ နှိမ့်ရင်လား . . . ဒီနေ့ပဲ ရန်ကုန်ပြန်ရောက်ပြီဗျ”

“ဒါဆိုလည်း တစ်ရွာဝင်တစ်ရွာထွက် လိုက်တောင်းကွ။ ရန်ကုန်ပြန်ဖို့ လမ်းစရိတ်မရှိလို့ပါ။ ကျွန်တော်က မုဆိုးမသား အငယ်ဆုံးပါ။ မိန်းမ နှစ်ယောက်နဲ့ ကလေး (၇) ယောက်ရှိပါတယ်။ သူတို့ရဲ့ စားဝတ်နေရေးကို ငဲ့ညှာပြီး လမ်းစရိတ် ငါးပြားဆယ်ပြား သနားကြပါခင်ဗျာ။ ကျွန်တော် ထိ သိန်းဆုပေါက်ခဲ့ရင် ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ အလှူငွေ ထည့်တဲ့ရွာက မုဆိုးမ၊ တစ်ခုလတ်၊ နှစ်လင်ကွာ၊ သုံးလင်ပြောင်းများကို အသက်ထက် ဆုံး . . .”

“တော် . . . ကိုရင်တွေ၊ ကျောင်းသားတွေ၊ ရွာသူတွေကြားရင် ကျွန်တော်က နှာဘူးကြီးဖြစ်တာပဲလို့ ပြောကြဦးမယ်ဗျာ”

“ဘူးတောင် မဟုတ်ဘူး၊ ဂိုဒေါင်ကွ . . . ထွီ”

ကျွန်တော့်ကို ပစ်ပစ်ခါခါ ဖွဲ့နွဲ့ပြီးနောက် မြို့စားလေးရေးတဲ့ ပေစာ ကို အဘ ဒုတိယအကြိမ် ပြန်ဖတ်နေတယ်။

ညဘက်ရောက်တော့ တစ်ရွာလုံးအိပ်မောကျချိန်မှာ ကျွန်တော် တို့သုံးဦး ဟိုး ချောင်းဖျားရှည်တောင်ဘက်က ထူထပ်သိပ်သည်းတဲ့ တော ထဲက မြေအောက်ဂူသချိုင်းရှိရာ ဥမင်ထဲကို လျှို့ဝှက်စွာ ဝင်ရောက်ခဲ့ကြ တယ်။

“အဘ . . .”

“ဘာတုံးကွ . . . စကားမများနဲ့ကွာ။ အတွေးပျက်တယ်”

“ကျုပ် အလယ်က နေမယ်ဗျာ”

“ဘာလဲ . . . တစ္ဆေကြောက်လို့လားကွ . . . ဟုတ်လား”

“ထပ်မမေးနဲ့ဗျာ . . . အဘနောက်မှာနေ”

ကျွန်တော်က သုံးယောက်အလယ်ကနေ ဝင်ပြီးသွားလိုက်တယ်။ ဘုန်းအိုကြီးကတော့ စကားမပြောဘူး။ မီးတုတ်ကိုင်ပြီး ရှေ့ကနေ တရွေ့ရွေ့ သွားနေတယ်။

ကျွန်တော် ပထမအခန်းထဲက အရိုးစုပုံတွေကိုကြည့်ပြီး ကြက်သီး ဖျန်းဖျန်းထ ခေါင်းနားပန်းတွေ ကြီးလာတယ်။

“အမလေး . . .”





“ဂုံး . . . ကလုံး . . . ဂလောက် . . .”

“ဘာဖြစ်ပြန်ပြီတုံးဟ . . . တော်းရ”

မီးတုတ်နဲ့ ကြည့်လိုက်ကြတော့ ကျွန်တော် အရိုးခေါင်းတစ်ခုကို ခလုတ်တိုက်မိတာ ဖြစ်နေတယ်။

“ကန်တော့လိုက် . . . ဟေ့ကောင်”

“အရိုးခေါင်းပဲဗျ . . . ကန်တော့ရမှာလား”

“အရိုးခေါင်းက မင်းထက် အသက်ကြီးလို့ ပြောတာကွ . . . တယ် . . . ငါ . . .”

“ကန်တော့ . . . ကန်တော့ . . . ဘကြီး . . . အဲ . . . ဦးလေး . . . ဟုတ်ပေါင် . . . အဘိုးခင်ဗျာ . . . အဘနဲ့ . . .”

“ကဲဟာ . . . ပြောင်ချော်ချော် လုပ်ဦး”

“ဖုန်း”

“အားမလေး . . . သေပါပြီ အမေရဲ့”

အဘဗျာ ကျွန်တော့်တင်ပါးကို နောက်က ကန်လိုက်တာ ရှေ့ကို သုံးလေးပေလောက် ရောက်သွားပါရော။

ဒီလိုနဲ့ ကျောက်ခေါင်းတလားရှိရာ အခန်းထဲကို ရောက်လာတယ်။ ဘဘုန်းက ကျွန်တော်ယူလာတဲ့ ရွှေဒင်္ဂါးပြားကိုင်ပြီး ပြောနေတယ်။

“မြို့စားလေးနဲ့ အစောင့်အရှောက်များတို့ . . . ဘုန်းကြီးတို့ ရောက် နေပါပြီ။ စာရေးဆရာလေး မသိ နားမလည်လို့ ယူလာမိတဲ့ ရွှေဒင်္ဂါးပြား တို့ ပြန်လာထားပါတယ် ခွင့်လွှတ်ပေးကြပါ”

ရွှေဒင်္ဂါးပြားလေးကို ကျောက်တလားပေါ် တင်လိုက်တယ်။

“ဟေ့ကောင် . . .”

“အမလေး . . . လန့်လိုက်တာဗျာ။ တိုးတိုးပြောပါ . . . အဘရာ ပြော . . . ဘာလို့ အော်တာတုံး”

“မင်းလည်း ပြောလိုက်လေ”

“ကျုပ်က ဘာပြောရမှာတုံးဗျ”

“ဒီလူလွှန်မသားတော့ ငါလုပ်ရင် သေတော့မှာပဲ။ ကျွန်တော် မသိ လို့ ယူလာခဲ့တာပါ၊ တောင်းပန်ပါတယ်၊ အပိုင်အဆိုင်များခင်ဗျား . . . လို့ ပြောကွ . . . အနာကျကောင်ရ”



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုပြောရမှာ ... ဟတ်လား"

"ငမိုးကွာ ... မင်း နားဝေးလွန်းတယ်ကွာ ... ပြော"

ဒါနဲ့ ကျွန်တော်ကလည်း အောက်ခင်းမြေသားပေါ်မှာ ဒူးထောက်ပြီး ...

"မြို့စားလေးတို့ခင်ဗျား ... ရွှေဒင်္ဂါးမှန်းလည်း မသိပါဘူးခင်ဗျာ။ အမှတ်တရ ယူဦးမှဆိုပြီး တွေ့တာနဲ့ ..."

"ဟော့ကောင် ..."

"ဘာတုံးဗျ ... ဒီမှာ တောင်းပန်နေတယ်လေဗျာ ... ဘာလို့ အနှောင့်အယှက် ပေးနေတာလဲ။ ဝေးဝေးသွားနေဗျာ"

"တိုတိုတုတ်တုတ် ပြောကွ။ စာရေးသလို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာ ရှင်နေမင်းကြီးသည် အရှေ့ပြဗ္ဗာ ဂေါယာကျွန်း ..."

"အဘရပ်တော့ ကျုပ် နားလည်ပြီ ... နားညည်းတယ်။ မြို့စားတို့ခင်ဗျာ ... မနေ့ညက မသိလို့ ယူသွားမိတဲ့ ခဝ်မည်းမည်းအဝိုင်းလေးကို အခု ပြန်အပ်ပါတယ်ခင်ဗျား ... ခွင့်လွှတ်ပါခင်ဗျား"

ကျွန်တော်က မီးတိုင်ကိုင်ပြီး ကြည့်နေတဲ့ ဘတိုက်ပုံကြီးကို မေးလိုက်တယ်။

"ကြိုက်လား ..."

"တောက် ... မင်းကွာ"

"အင်္ဂလိပ်လိုပြောပြီးလည်း တောင်းပန်နိုင်တယ်ဗျ"

"ဟော့ကောင် ... ထ ... သောက်ရစ်မရှည်နဲ့။ ရော့ ... မီးတိုင်ကိုင်ထား"

"အခြေအနေမကောင်းရင် ပြေးမှာပဲနော်"

"ဟာ ... ငါကွာ ... မင်းပါးစပ်ကို ပိတ်ထားလို့ ပြောတယ်နော်"

ကျွန်တော် ထိုင်ရာက ထပြီး မီးတိုင်ကို ယူကိုင်မြှောက်ပြထားလိုက်တယ်။ အဘက ကျွန်တော့်မျက်နှာကို အံကြိတ်ပြီး လက်သီးကြီးဆုပ်လို့။ ပါးစပ်ရှေ့မှာ တော့ပြလိုက်တယ်။

နည်းတဲ့လက်သီးကြီးလားဗျာ။





ထန်းသီးလုံးလောက် ရှိတယ်။ တကယ့်လက်ဝှေ့သမား ကောင်းကြီးတွေရဲ့ လက်သီးမျိုးဗျ။ ဒီလက်သီးနဲ့ ပါးစပ်နဲ့သာ ညာ့ရင် သွား (၃၂) ချောင်း ဗိုက်ထဲ နောက်ပြန်ဝင်သွားနိုင်တယ်။

ကျွန်တော်က ကြောက်လှချည်ရဲ့ဆိုတဲ့ ဟန်နဲ့ ပခုံးတွန့်ပြမှ လက်သီးကြီးကို ပြန်ရုပ်သိမ်းပြီး ကျောက်တလားကြီးအနီးကို သွားတယ်။

"ဒီမှာ လာကြည့် ... ဒကာကြီး။ ကျုပ်စတွေ့တဲ့ အချိန်တုန်းက ဒီခေါင်းတလားအဖုံး ကျောက်ပြားပေါ်မှာ မြို့စားလေးရဲ့ အမည်၊ အသက်၊ ကွယ်လွန်တဲ့ ခုနှစ်ကို ရေးထားတယ် ... ဒကာကြီး"

"အခု ဖတ်လို့ မရတော့ဘူး ... ကိုယ်တော်"

ဟုတ်တယ်ဗျ ... စာလုံးထွင်းထားတဲ့ နေရာအားလုံးကို သံတူလို့ ရဲတင်းလို လက်နက်မျိုးနဲ့ ထုရိုက်ဖျက်ဆီးသွားတဲ့ အနေအထားပဲ။

ခေါင်းတလားရဲ့ အောက်ခံကျောက်ခုတင်ရဲ့ နံဘေးမှာလည်း ပွဲစင်ကျထားတဲ့ ကျောက်စကျောက်ကွဲ ကျောက်ပွဲ့တွေလည်း ဟိုဟိုဒီဒီ ပြန့်စင်နေတာ မြင်ရတယ်။

အဘက ခေါင်းတလားအဖုံးကျောက်ပြားရဲ့ ပတ်ပတ်လည်ကို ချာတစိုက် လက်နဲ့ပွတ်ကြည့်ပြီးနောက် ...

"တွေ့ပြီ ... ကိုယ်တော်"

"ဘာတွေ့တာတုံး ... ဒကာကြီး"

"ဒီကျောက်အဖုံးရဲ့ နှုတ်ခမ်းဘေးနှစ်နေရာကိုကြည့် ဘုရား နည်းနည်းစီ ပွဲ့နေတာ တွေ့လား"

ဘဘုန်းအိုရော၊ ကျွန်တော်ရော ငုံ့ကြည့် လက်နဲ့ပွတ်ကြည့်တော့ ... ဟုတ်တယ် ... ကျောက်ဖုံးရဲ့ အတွင်းအောက်နားနဲ့ ကျောက်တလားနှုတ်ခမ်းအား အပေါ်အောက် ထိတဲ့နေရာမှာ ကျောက်စ သုံးလက်မခန့် မသိမသာ ပွဲ့ပွန်းနေတာ မြင်ရတယ်။

"အဖုံးကို ဖွင့်ထားတာလား"

"သိပ်ဟုတ်တာပေါ့ ဘုရား။ သံတူးရွှင်းပြားလို ပစ္စည်းနဲ့ ကလော်ပြီး ဖွင့်ထားလို့ ပွဲ့နေတဲ့ လက္ခဏာပဲ"

"ဒါ ... ဒါဆို ... သူခိုးတွေ ဖွင့်ပြီးတော့များ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ... ကျောက်ဖုံး ရွေ့တာ မရှိဘူး။ မသမာသူ သူခိုးတွေ အဖုံးကို ဖွင့်လို့ရရင်လည်း ဒီလို အံကျအောင် အပင်ပန်းခံပြီး ပြန်မတင်ဘူး။ သေးမှာ ချထားမှာပဲ။ ကြည့်ရပုံကတော့ အဖုံးကို သံတူးရွင်းပြားနဲ့ ကော်ကလန့် ဖွင့်တာပဲ။ ဖွင့်လို့မရတော့ အဖုံးကို သံတူးရွင်းလိုအရာနဲ့ ထုခွဲတာပဲ။ ဒါပေမင့် ကျောက်တလားအဖုံးက မကွဲဘူး။ အဲဒါတော့ အံ့ဩစရာပဲ ... အရှင်ဘုရား"

ဘဘုန်းအိုက ကျောက်တလားအဖုံးကို လက်နှင့်ဖွင့်ပြီး စဉ်းစားရင်းက ...

"ဒါဆိုရင် မြို့စားရဲ့ လျှို့ဝှက်မြေအောက်ဂူအကြောင်းကို ကျုပ်တို့သိသလို သိတဲ့လူတော့ ရှိနေပြီ ... ဒကာကြီး"

"သေချာတာပေါ့ ဘုရား"

"ဘယ်လိုလုပ်ကြမတုံး ... ဒကာကြီးတို့"

"မပူပါနဲ့ ဘုရား ... သူတို့အထဲက ဘာမှရသွားပုံ မပေါ်ဘူး ဘုရား။ ဘယ်လိုမှလည်း ရမယ်မထင်ဘူး ဘုရား"

"ဘာကြောင့် ပြောနိုင်တုံး ... ဒကာကြီး"

"အခု တွေ့နေတာလည်း မြို့စားကလေး သံယောဇဉ်ရဲ့ မြေအောက်လျှို့ဝှက်သချိုင်းဂူဆိုတာ သေချာနေတယ်။ ပြီး ... မြို့စားလေး ရေးခဲ့တဲ့ ပေစာထဲက သစ္စာဆိုထားတာ ကေန်မှန်ခဲ့ရင် ဒီတလားအဖုံးကို သူ့ကတော် ဒေါ်ရှင်မင်းယာစိုကလွဲလို့ ဘယ်သူမှ ဖွင့်လို့ရမှာ မဟုတ်ဘူး"

ဒီတော့မှ ဘုန်းအိုကြီးက ဝမ်းသာသွားပြီး ...

"ဟုတ်တာပဲ ... မြို့စားရဲ့ သစ္စာပြုစကား ခေါ်မလား၊ ကျိန်စာတော့ မဟုတ်ဘူး။ အဲ ... အဲ ... သူ့ကို ရှင်မင်းယာစိုတောင် သူမရဲ့ မျက်ရည် (သို့မဟုတ်) သွေးစက်နဲ့ ခေါင်းတလားဖုံးကို ထိမှ၊ ကျမှ ခေါင်းဖုံး ဖွင့်လို့ရမယ်လို့ ရေးထားတာကိုး"

"ဟုတ်ပြီ ... ဒကာကြီး ဦးရာကျော် ဆက်စဉ်းစားပါဦး"

"အဲဒီသစ္စာပြုချက်မှန်ရင် မသမာသူတွေ အထဲကပစ္စည်းဘယ်ကရော၊ မြို့စားလေး သူ့ဇနီးကတော်အတွက် ထားခဲ့တဲ့ ပစ္စည်းတွေရော ဘယ်လိုနည်းနဲ့မှ ယူလို့မရနိုင်ဘူး"

"ဟုတ်တာပေါ့ ... ဒကာကြီးရာ"





ဒီမှာ ကျွန်တော်က ဝင်ပြောကြည့်တယ်ဗျာ ...

"အဘနဲ့ဘဘုန်း ..."

"ပြောပါ ... စာရေးဆရာ ... ပြောပါ"

"မသမာသူတွေက ဒီလိုလုပ်ရင်ရော မရဘူးလား ဘုရား"

"ဘယ်လိုလုပ်ရင်တုံး ... စာရေးဆရာ"

"ဒီကျောက်တလားကို မိုင်းတို့၊ လက်ပစ်ဗုံးတို့နဲ့ ခွဲပစ်ရင်ရော မရဘူးလား"

ဒီလိုမေးရော အဘရယ်ဗျာ ... ကျွန်တော့်ကို ကြည့်ပြီး ...

"မင်း မိုင်းနဲ့ခွဲကြည့်လေ။ နက်ဖြန် လုပ်ကြည့်"

"ဘာဖြစ်လို့တုံး ... အဘရ"

"မိုင်းနဲ့ခွဲ၊ လက်ပစ်ဗုံးနဲ့ခွဲလို့ ကျောက်တလား ကွဲရင် ကောင်းပါရဲ့။ မြေအောက်ဥမင်ပါ ပြိုကျသွားရင် အားလုံး မသာပေါ်ကုန်မှာပေါ့ကွ"

"ဒါလည်း ဟုတ်တာပဲ ... စာရေးဆရာလေးရဲ့"

"စဉ်းစားလေ ... ပေါက်ကွဲအားများရင် အထဲမှာဝှက်ထားတဲ့ ရတနာတွေရော အကောင်းပကတိအတိုင်း ရှိမှာတဲ့လား"

"ဒါဆိုရင်ဗျာ ..."

"ပြောပါ ... စာရေးဆရာရဲ့ အမြင်ကို ရဲရဲသာ ပြောပါ"

"မြို့စားလေးတို့လူစုဟာ ဥစ္စာကို စောင့်နေသလို ဖြစ်နေတာပေါ့"

"ဟုတ်တယ် ... စောင့်နေတယ်။ သူ့ဇနီးကို ချစ်မြတ်နိုးတဲ့ သံယောဇဉ်ကြောင့် ပရသားဖြစ်ပြီး စောင့်နေတာ"

"ကောင်းပြီ ... သိုက်ဆရာတွေရဲ့ အစီအရင်နဲ့ ဒီဂူသချိုင်းထဲက အစောင့်တွေအားလုံးကို ပညာအစီအရင်နဲ့ ချုပ်ပြီး ယူရင်ရော ..."

"သိုက်တူးတဲ့ သဘောပေါ့"

"မှန်ပါ ဘုရား။ အဲလိုလုပ်ရင် သူတို့ ခံနိုင်မှာလား"

ဒီလို အပြန်အလှန် သူ့အမြင် ကိုယ့်အမြင် ပြောနေတုန်းမှာ အဘာ ..."

"ဒီသိုက်တူးတာမျိုးပေါ့ကွာ ... ချည်မန်းကွင်းနဲ့ ချုပ်ပြီး သိုက်ဖော်နိုင်းတဲ့အလုပ်က ဆရာလုပ်သူလည်း စွမ်းမှကွ။ ရွှေချိုးဖြူ ရှလဲသိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို အစွမ်းထက်တဲ့ သိုက်ဆရာကြီး ဆရာသာလာယ လာဖော်တာပဲ။ ဆရာရဲ့ ဆေးကြိမ်လုံးအစွမ်းကြောင့် ရွှေချိုးဖြူ မူလခဲသိုက် ပွင့်တာပဲ။ အဆင်မသင့်လို့ စည်းပေါက်တော့ သိုက်တံခါးပိတ်ပြီး ဆရာသာလာယလည်း သိုက်စောင့်ဘဝနဲ့ အသက်ဆုံးပြီး နေခဲ့ရတာပဲ။ ဆရာသာလာယထက် စောပြီး သိုက်ဆရာ ဆရာမိုးတို့က အရင် သိုက်ကိုဖော်တာပဲ။

အစွမ်းမမြင့်တော့ မြေပြင်ကို ရေထင်ပြီး ကူးခဲ့ရတာ သွေးသံရဲရဲပဲ။ မင်းပြောသလို လုပ်လို့ရရင် လုပ်ပစေပေါ့။ မြို့စားလေး သံယောဇဉ်တို့ရဲ့ မကျွတ်မလွတ် ပရောသားတွေက အရွှံ့ပေးခဲ့လို့ ရသွားရင်းလည်း ယူပစေပေါ့။ သူ့ဘဝ သူ့အကြောင်းနဲ့ လာကြတာ။ ဘယ်ဘဝ၊ ဘယ်အရာမှ မမြဲဘူး။ တစ်ခုရှိတာက ဘဘုန်းရဲ့ သီလ၊ သမာဓိကို ယုံကြည်လို့ အိပ်မက်လည်း ပေးခဲ့တယ်။ နေရာလည်း ပြခဲ့တယ်။ ဘဘုန်းနဲ့ ဆက်စပ်ပြီး ငါတို့လည်း ဒီနေရာကို ရောက်ခဲ့ကြပြီ။ မင်းကို ငါမေးမယ် ...မောင်မှိုင်း"

"မေးပါ အဘ"

"မင်း ...ဒီမြို့စားလေးရဲ့ ကျောက်တလားခေါင်းထဲက ရတနာတွေကို လိုချင်စိတ် ရှိလား"

"မရှိပါဘူး ...အဘ"

"ချေးတက်နေတဲ့ ပိုက်ဆံတစ်ပြားတောင် ယူလို့ရလား"

"မရပါဘူးဗျာ"

"ငါတို့ဘဝ ကံအဆက်အကြောင်းဆုံလို့ ဘဘုန်းကို ဗဟိုပြုပြီး ဒီနေရာကို ထူးခြားစွာ ရောက်ခဲ့ကြတာ။ ငါရော၊ ဘဘုန်းရော၊ မင်းရောမှာ လိုချင်တပ်မက်စိတ် မရှိကြဘူး။ လောဘစိတ် မရှိကြဘူး။ ငါတို့ အကြောင်းဆုံလို့ ရောက်လာကြမှတော့ ငါ့ရဲ့ရည်ရွယ်ချက်က မြို့စားလေးတို့ရဲ့ မကျွတ်မလွတ်ဘဝတွေ ဖြစ်နေကြတာ နှစ်ပေါင်းမနည်းတော့ဘူး။ သူတို့ဘဝ လွတ်မြောက်ပြီး ကောင်းရာဘုံကို ရောက်စေချင်တယ်။ သူတို့က သူခိုးဓားပြတွေ မဟုတ်ဘူး၊ စိတ်ကောင်းရှိတဲ့ သူတွေပါ။ သို့သော် သူတို့ကို ယနေ့ အလှူအတန်းပြုပြီး အမှုပေးဝေဦးတော့ သူတို့ သာဓုမခေါ်နိုင်ဘူး"

"ဘာလို့လဲ"

"အစွဲပေါ့ကွာ ...သူ့ဇနီးမယားကို အစွဲလမ်းကြီးနေတာလေ။ သူ့မယားကတော် ရောက်လာမှ သူ စောင့်မျှော်နေရတဲ့ဘဝ၊ ပစ္စည်းတွေ





စောင့်ရှောက်နေတဲ့ဘဝက ကျေနပ်လွတ်မြောက်မှာ။ ငါတို့ စေတနာအမှန်ထားရမှာက တို့များ သွားရင်းလာရင်း ဒေါ်ရှင်မင်းယာစိုကို ရှာရမယ်။ ဘဘုန်းလည်း စုံစမ်းမေးမြန်းနေတာပဲ။ ဒါမှမဟုတ် ဒေါ်ရှင်မင်းယာစိုရဲ့ သွေးသားအရင်းချာတွေကို ရှာရမယ်။ သူ့သစ္စာ၊ ကိုယ့်မေတ္တာမှန်ရင် တစ်နေ့တွေ့မှာပဲ။ တွေ့ရင် ဒီနေရာကို အပါခေါ်ခဲ့ပြီး အပ်ရမှာပဲ။ ဒါ ငါတို့ရဲ့ ပဋ္ဌာန်းဆက် မေတ္တာစေတနာပဲ"

"မတွေ့ခဲ့ရင်ရောဗျာ"

"ဘာတတ်နိုင်မှာလဲ ...ငါ့လူရာ။ သူ့ဘဝအကြောင်းကံနဲ့ သူပဲ။ ရှင်ကွဲ ကွဲရမည့်သူ ရှင်ကွဲ ကွဲမှာပဲ။ သေကွဲ ကွဲရမည့်သူ သေကွဲ ကွဲမှာပဲ။ ရှင်ကွဲ သေကွဲကြားမှာ ပြန်ဆုံချင်လည်း ဆုံမှာပဲ။ ငါတို့အလုပ်က အကြောင်းဆုံလာလို့ အလျဉ်းသင့်သလို ကူညီကြဖို့ပဲ။ ရှေ့မှာဖြစ်လာမည့် အနာဂတ် ငါတို့ ကြိုမသိဘူးလေ။ ငါတို့လည်း ငါတို့ကိစ္စနဲ့ ငါတို့ ခရီးထွက်ခဲ့ကြတာ။

သို့သော် အခု အကြောင်းဆုံနေပြီ။ အကြောင်းဆုံတယ်ဆို ရှေးဘဝရေစက်ကြောင့်ပဲ။ ငါတို့ သွားရင်းလာရင်း ဒေါ်ရှင်မင်းယာစိုကို တွေ့ရပါစေလို့ ဆုတောင်းကြရမှာပဲ။ ဒါ ငါတို့ဘဘုန်းတို့ရဲ့ လူ့စိတ်ပဲ။ ဘာလူ့စိတ်လဲဆိုတော့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာစိတ်ပဲကွ"

အဘရယ်ဗျာ ...ကျွန်တော် အရမ်းကို အံ့သြသွားခဲ့ရတယ်။ ဘဘုန်းအိုကြီးကလည်း အဘရဲ့စကားတွေကို ကြားပြီး ခေါင်းတညိတ်ညိတ်နဲ့ သာဓုခေါ်တယ်ဗျာ။

အဘရဲ့ သစ္စာစကား၊ မေတ္တာစကားတွေကို ဒီ မြေအောက်ဥမင်သချိုင်းထဲက မြို့စားလေးတို့၊ သွေးသောက်ကြီးတို့၊ ကုလားဆာဒူးကြီးတို့ရဲ့ ပရိသာဉ်တွေကြားမှာပဲဗျ။

ကြားပြီး အားရကျေနပ် ဖြစ်နေကြမှာပဲ။

ကျွန်တော် အဘကို အရမ်း အံ့သြလေးစားသွားတယ်။ အဘ သိုက်ပုံကြီးအကြောင်းကို ကျွန်တော် အသိဆုံးခင်ဗျ။

အချို့သော အရပ်ဒေသတွေမှာ အဘကို စိတ်မနှံ့တဲ့ အဘိုးကြီးလို့ ထင်မှတ်ကြသလို ...



www.burmeseclassic.com

www.burmeseclassic.com



အလွန် အံ့သြဖို့ကောင်းတဲ့ လူထူးဆန်းကြီးအဖြစ် လေးစားကြတယ်။

အဘက အရှုးစိတ်ဝင်ပြီဆိုရင် ...

သို့မဟုတ် သူ့ဘဝရဲ့ ဒုတိယကိုယ်ပွားစိတ် ဝင်ပြီဟေ့ဆိုရင် သူနဲ့ သိကျွမ်းခဲ့တဲ့ သူတွေကို သိချင်မှသိ၊ မှတ်မိချင်မှ မှတ်မိတာဗျ။

သူနဲ့ကျွန်တော် သားအဖလိုလည်း အတူနေခဲ့ဖူးတယ်။

ဆရာတပည့်လိုလည်း အတူသွား အတူစားခဲ့ဖူးတယ်။

သူစိမ်းတစ်ရံစာတွေလိုလည်း မသိကျိုးကျွန် ကျင်လည်ဖြတ်သန်းခဲ့ကြဖူးတယ်။ သူ့အကြောင်း နားလည်ဖို့ အလွန်ခက်ခဲသလိုပဲ။

သူနဲ့ ခရီးသွားရတာ ဘဝက မရေရာ မသေချာဘူး။

သူ ဒုတိယဘဝနဲ့ ကျွန်တော့်ကို သူစိမ်းလို ဆက်ဆံစွန့်ခွာသွားမှာ ကျွန်တော် စိုးရိမ်တယ်ဗျာ။

သူနဲ့ကျွန်တော် ရင်းနှီးကျွမ်းဝင်တာ ကြာခဲ့ပါပြီ။

ဒီနေ့အထိ သူ့နေရပ်၊ သူ့မိဘ၊ သူ့ဇနီး၊ သူ့သားသမီး မေးလို့မရဘူး။ အခု ကြည့်စမ်း ... သူ စိတ်မှန်စိတ်ကောင်း ဝင်နေတယ်။ သူ့စကားတွေမှာ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စတဲ့ ဘုရားကြိုက်တရားတွေ အပြည့်ပါနေတယ်။

ကျွန်တော် တွေးကောင်းနေတုန်းမှာ ဘဘုန်းက ကျောက်တလားရှိရာကို မျက်နှာမူပြီး တတွတ်တွတ် ပြောဆိုနေတယ်ဗျ။

"မြို့စားလေး ... ဘဘုန်းတို့ အကြောင်းရေစက်ဆုံကြလို့ မြို့စားလေးရဲ့ ဝိညာဉ်ရှိရာ မြေအောက်ဂူသချိုင်းမှာ ရောက်နေကြပါပြီ။ ဒီနေ့ ဒီအချိန်ကစလို့ ဘဘုန်းရော ဦးရာကျော်တို့ဆရာတပည့်ရော မေတ္တာစေတနာရှေ့ထားပြီး မြို့စားလေးရဲ့ဘဝ လွတ်မြောက်ဖို့ ကိုယ်စီကိုယ်င ကူညီကြပါမယ်။ မြို့စားလေးတို့လည်း ဘဘုန်းတို့ကို ကူညီစောင့်ရှောက်ပေးကြပါ"

ပြောလို့ပြီးတော့ ကျွန်တော်တို့ ဂူထဲကနေ ထွက်ရန် ပြင်လိုက်တယ်။ ဒီမှာ ဘတိုက်ပုံက ပစ္စည်းတစ်ခုကို ကောက်ကြည့်ပြီး ...

ကျွန်တော်လည်း လှမ်းကြည့်ပြီး စပ်စုလိုက်တယ် ...

"အဘ ... ဘာတွေ့တုံး"





"ဆေးပြင်းလိပ်တိုကွ"

"ဟုတ်လား ... ပြစမ်းပါဦးဗျ"

ဆေးပြင်းလိပ်တိုရဲ့ အလယ်မှာ ရွှေပုစွန်ဆိုပြီး ရွှေရောင်အပတ်နဲ့ ဆေးပြင်းလိပ်နာမည်ကို တွေ့ရတယ်ခင်ဗျ။ နောက်ထပ်လိုက်ရှာတော့–

"ဟောဒီမှာ အဘရေ ..."

"ပြစမ်း ... ဟင် ... ဒါ ခြောက်လုံးပြူး သေနတ်ကျည်ဆန်အခွံပါလား။ ဘဘုန်း ... ခဏလေးဘုရား။ မောင်မှိုင်း ... လိုက်ရှာဦးဟေ့"

ကျွန်တော်တို့ ဆရာတပည့် မီးတုတ်မီးရောင်နဲ့ လိုက်ရှာတော့ ကျည်ဆန်အခွံငါးခုနဲ့ အရိုးစုတွေကြားက ဖောင်တိန်တစ်ချောင်း တွေ့ရပါရောဗျာ။

ဖောင်တိန်က ပတ်ကားဖောင်တိန် အကောင်းစားဗျ။

"အဘ ..."

"အေ ..."

"ဒီဂူသချိုင်းထဲကို လူအချို့ လာသွားတယ်။ သူတို့မှာ သေနတ်ပါတယ် ... ဟုတ်တယ့်မဟုတ်လား"

"ဟုတ်တယ် ... ကျည်ဆန်ခွံငါးခုက ငါးချက်ပစ်ထားတာကွ။ နေဦး နံရံတွေကို လိုက်ကြည့်စမ်းဟေ့"

ဟုတ်တယ်ဗျာ ... ခေါင်းတလားနောက်က မြေသားနံရံမှာ ကျည်ပေါက်ရာ သုံးချက်၊ ခြေရင်းကနံရံမှာ နှစ်ချက်။

"ဒီထဲမှာ ပစ်လားခတ်လား လုပ်ခဲ့ကြတယ်ကွ"

"ဖောင်တိန်ကို ကြည့်ဦးဟ ... အရိုးစုပုံထဲမှာ ကျနေတာ"

"ပတ်ကားဖောင်တိန်ကွ။ ဒီကောင်ရဲ့နှစ်က ပလက်တီနမ်ရွှေဖြူနဲ့ လုပ်တာမို့ ဈေးကြီးတယ်ဟေ့"

"ဒကာကြီး ... ဘယ်လိုသဘောရတုံး"

"အရှင်ဘုရား ... တစ်ဦးတည်းလာပြီး နောက်ပိုင်းမှာ သူတို့လာသွားပုံပဲဘုရား။ အထဲမှာ ပစ်ခတ်သွားတာ တွေ့ရတယ်။ ဒီမှာ ခြောက်လုံးပြူးကျည်ဆန်ခွံ ငါးခု"

"အလိုလေးလေး ... ကြောက်စရာပါလား။ သူတို့ ဘာကိုတွေ့လို့ ပစ်ကြပါလိမ့်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အချင်းချင်း ပစ်ပုံမရှာဘူးဘုရား။ မြေအောက်နံရံမှာတော့ ကျည်ဝင်ပေါက်တွေ တွေ့တယ်။ တပည့်တော်တို့ မနေ့ညတုန်းက သေသေချာချာ မစစ်ဆေးဘဲ ကသုတ်ကယက် ပြန်သွားလို့ မတွေ့ကြတာဘုရား။ အခုမှ ရှာကြည့်လို့ တွေ့တာပါဘုရား"

"ဒီအတိုင်းဆို အန္တရာယ်တော့ များပုံပဲ ... ဒကာကြီး"

"ဟုတ်တာပေါ့ ... ဘုရား။ လောဘသားတွေက ဒီနေရာရောက်ခဲ့တာ သေချာတာပေါ့ဘုရား။ အရှင်ဘုရားလည်း သတိ၊ ဝီရိယလေးနဲ့ နေပါဘုရား"

"အေး ... အေး ... စိတ်ချပါ ... ဒကာကြီး"

"ကိုင်း ... ပြန်ကြစို့ ဘုရား"

ကျွန်ုပ်တို့ ပြန်ထွက်လာတော့ ဥမင်ကွေ့အောက်ခြေမှာ ကြေးဝါမီးခြစ်ဟောင်းတစ်လုံးလည်း တွေ့ရတယ်။ မဟုတ်မှလွဲရော ... မုဆိုးဦးတိုင်းကျော်ကျန်ရစ်ခဲ့တဲ့ မီးခြစ်လို့ ထင်တာပဲ။

အဘက ကျည်ဆံခွံငါးတောင့်ကို ကျောက်အိုးတွေအောက်ခြေမှာ ထားခဲ့လိုက်ပြီး ပတ်ကားဖောင်တိန်ကိုတော့ မြို့စားရဲ့ဝိညာဉ်နဲ့ မမြင်ရတဲ့ ပုဂ္ဂိုလ်များထံ မေတ္တာရပ်ခံပြောဆိုပြီး ယူလာခဲ့တယ်။

"ဘာလုပ်ဖို့လဲ ... စာရေးဖို့လား အဘ"

"ဒီမှာ ကြည့်စမ်း ... ပတ်ကားဖောင်တိန်မှာ အင်္ဂလိပ်လို စုတ်ထိုးတာ ... တွေ့လား"

"ဟုတ်တယ်ဗျ ... ဘာတဲ့ ..."

"မင်းနားလည်ထားဖို့က ဒီဂုသချိုင်းထဲ ဝင်နိုင်တဲ့သူဟာ အဆင့်ရှိတဲ့ လူကွ။ ပြီး သူက အသက်အရွယ်ရှိတယ်။ အသက်လေးငါးဆယ်ပေါ့။ ပြီး ...ဒီလူက စကားပြောရင် ဆေးလိပ်၊ ခဲတံ၊ တမာ၊ ကူတံလို အရာမျိုးကို သွားနဲ့ကိုက်ပြီးမှ စကားပြောတဲ့လူ။ ပညာတတ်ကွ"

"အဘက အကြားအမြင်ရနေလို့လားဗျာ ... ဟင်"

ဘုန်းအိုကြီးကလည်း အဘတိုက်ပုံရဲ့ အပြောကို စိတ်ဝင်စားသွားပြီး အနီးတိုးလို့ မေးပါရောဗျ။

"ဒကာဖိုးရာကျော် ... ဘယ်လိုလုပ် သိတာတုံး"





"စဉ်းစားဆင်ခြင်တဲ့ အတွေးပေါ့ဘုရား။ ဟောဒီ ကြေးမီးခြစ်ဟောင်းလေးက မုဆိုးပေါက်စ တိုင်းကျော်ရဲ့ မီးခြစ်"

"ဖြစ်နိုင်တယ် ... သူ့မီးခြစ် ပြေးရင်းလွှားရင်း ကျခဲ့တယ်လို့ ပြောတယ် ... ဒကာကြီး"

"ဒါ ပတ်ကားအကောင်းစား ဖောင်တိန်ပါဘုရား။ ဒီလို တန်ဖိုးကြီး ရွှေဖြူနှစ်ပါတဲ့ ဖောင်တိန်မျိုးကို ကိုင်နိုင်သူဟာ တစ်အချက်–ငွေသုံးနိုင်တယ်။ နှစ်အချက်–ပညာတတ်တယ်။ ဟောဒီ ဆေးပြင်းလိပ်။ ဆေးပြင်းလိပ်က ရွှေပုစွန်တဲ့။ ဆေးပြင်းလိပ်သောက်တဲ့သူဟာ လူငယ်မဟုတ်ဘူး။ လူကြီးလူရွယ်။ ဆေးပြင်းလိပ်ကို တောသားကြီးတွေ သောက်ချင်သောက်၊ ဒါမှမဟုတ် မြို့ကြီးသား ဖိမ်နဲ့ မိုန်းသောက်တဲ့လူမှ သောက်တာ ကြိုက်တာ။ ဒီ ပတ်ကားဖောင်တိန်နဲ့ တွဲဆက်စပ်ကြည့်ရင် တောသားမဟုတ်နိုင်ဘူး။ မြို့သား။ ပြီး ဆေးပြင်းလိပ်ကို သွားနဲ့ကိုက်ပြီး ခဲသောက်တာ။

အမှန်က ဆေးပြင်းလိပ်ဆိုတာ ဆေးပေါ့လိပ်တို့၊ စီးကရက်တို့လို အလုံးမသေးဘူး။ အလုံးကြီးတယ်။ အများအားဖြင့် နှုတ်ခမ်းနှစ်ခုနဲ့ ဖိကပ်ပြီး ခဲကြတယ်။ သူဌေးတွေကျတော့ လက်ညှိုး၊ လက်ခလယ်ကြားမှာ ဆေးပြင်းလိပ်ညှပ်ပြီး စတိုင်ကျကျ ခဲကြတယ်။ ခဲရင်လည်း နှုတ်ခမ်းလေးနဲ့ သာသာဖွဖွ ဖိသောက်တော့ ဆေးပြင်းလိပ်ဖင်မှာ တံတွေးမစိုဘူး။ သေသပ်စတိုင်ကျပြီး သန့်တယ်။

ဒီမှာက ဆေးလိပ်သောက်တဲ့ နေရာမှာ သွားနဲ့ကိုက်ခဲ့အရာရှိသလို၊ တံတွေးပါစိုနေတာ တွေ့ရတော့ ဒါ လူခပ်ကြမ်းကြမ်း ခပ်မာမာတွေသောက်တဲ့ လက္ခဏာပါဘုရား။ ဒါကြောင့် ဆေးပြင်းလိပ်သောက်သူက သေနတ်သမားလည်း ဖြစ်နိုင်သလို ပတ်ကားဖောင်တိန်ရှင်ကလည်း ခေါင်းဆောင်ဖြစ်နိုင်တာပဲ။ ဒါကြောင့် အရွယ်ကောင်းနဲ့ အရွယ်ရှိလို့ စဉ်းစားတွေးတောပြောရတာပါ ဘုရား"

ဘုန်းအိုကြီးက ဘတိုက်ပုံကြီးကို လေးစားတဲ့ မျက်လုံးအစုံနဲ့ ကြည့်ပြီး ...

"အင်း ... ဦးရာကျော် လူသာမန်မဟုတ်ဘူးဆိုတာ ဘုန်းကြီးစားပြတိုက်ခံရပြီးနောက်မှာ အကဲခတ်မိတယ်။ ခုတော့ ဦးရာကျော်နဲ့ ဘုန်းကြီးတို့ ရေစက်ဆုံတာ အလွန်ကံကောင်းတာပဲလို့ ယုံပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... အရှူးလို လူကြီးပါဗျာ။

ခု ... ကြည့်စမ်း ... ကြေးမီးခြစ်ဟောင်းတစ်လုံး၊ ဆေးပြင်းလိပ်အတိုတစ်တို၊ ဖောင်တိန်တစ်ချောင်းနဲ့ ကျည်ဆန်ခွံငါးတောင့်ကို ကြည့်ပြီး သူဖြစ်ခဲ့ပြီးတဲ့ အခြေအနေကို ဓမ္မဗိဒ္ဓာန်ကျကျ သုံးသပ်တာ။

အဘ ဘယ်လိုလူလဲ ...

သူ သေနတ်အကြောင်းရော နားလည်သလား။

ကျည်ဆန်ခွံကို ကြည့်ပြီး ဘာသေနတ်အမျိုးအစားလည်းရော သူ ပြောနိုင်သည်လား ...

ကျွန်တော် အရမ်းအံ့သြနေတယ်။ အကယ်၍များ အဘတိုက်ပုံကြီးဟာ နှစ်ကိုယ့်တစ်စိတ်လို၊ လူကောင်းဘဝတစ်ခု၊ အရူးလိုဘဝတစ်ခု ရှိနေတာများ ဘဘုန်းအို သိသွားခဲ့ရင် ...

ဘုရား ... ဘုရား ...

ကျွန်တော်တို့ သန်းခေါင်ယံမတိုင်မီ ဘုန်းကြီးကျောင်းကို အရောက်ပြန်ခဲ့လိုက်ကြတယ်။

ကျောင်းရောက်တော့ ဘုန်းအိုကြီးကမေးတယ်။

"ဒကာကြီး ... ဘုန်းကြီးတို့ ဘယ်လို ရှေ့ဆက်လုပ်သင့်မလဲ"

"မြို့စားလေးသံယောဇဉ်ရဲ့ ပေစာအရတော့ သူတို့ အစွဲကြီးလို့ မကျွတ်သေးဘူး ဘုရား။ ဘဘုန်းလည်း ဒီမြေအောက်ဥမင်သချိုင်းထဲက ဝိညာဉ်တွေကို မြင်မှာပါဘုရား"

"မြင်တယ် ... ဒကာကြီး"

"ဆာဒူးလိုလို၊ ဖကီးလိုလို ကုလားကြီးရှိတယ်"

"ဟုတ်တယ်"

"သူ လူစင်စစ် မဟုတ်တော့ဘူး ဘုရား"

"မှန်တာပေါ့ ... သူလည်း သချိုင်းစောင့်လိုလို၊ ဘာလိုလိုပဲ"

"ပြီး ... ဟိုလူကြီး ..."

"ဘယ်သူတုံး ... ဒကာကြီး"

"အရှင်ဘုရားကို ပထမဦးဆုံး အိပ်မက်အရ လာခဲ့ပါဆိုလို့ ဘဘုန်းသွားခဲ့တော့ လာကြိုလမ်းပြ လုပ်ခဲ့တဲ့ ထိုးကွင်းမင်ကြောင်နဲ့ လူကြီး ..."





"အေး ... ပြော ... ဒကာကြီး"

"သူ့ကို ဟိုတုန်းက မြင်ဖူးလား"

"ဟင့်အင်း ... ဘုန်းကြီး မမြင်ဖူးဘူး"

"တပည့်တော်တို့ နှစ်ည နှစ်ခေါက်သွားခဲ့တော့ရော အဲဒီလူကြီးကို မြင်ရလား"

"မမြင်ဘူး"

"သူလည်း လူမဟုတ်ဘူး"

"ဟင် ..."

"ဗျာ ... ဗျာ ... ဘာ ... ဘာ ... အဘ"

ကျွန်တော် အံ့သြသွားသလို၊ ဘဘုန်းလည်း မျက်လုံးကျယ်သွားတယ်။ ဒီထိုးကွင်းကြီးသာ လူအစစ်ဖြစ်ရင် လာကြိုရမယ်။ ဘယ်သွားမလို့လည်း မေးရမယ်။ သူဟာ ဒီမြေအောက်ဥမင်သချိုင်းနဲ့ ဆက်စပ်နေတာတော့ သေချာတယ်။ ဒါပေမင့် အထဲမှာ မရှိဘူး။ ဒါကြောင့် သူလည်း လူမဟုတ်ဘူး။ ဥစ္စာနဲ့ အလောင်းကို စောင့်ရှောက်နေတဲ့ တစ္ဆေ ပရသာ။

"အမယ်လေးလေး ..."

"ဟော့ကောင် ... ဘာဖြစ်တာတုံး"

"ဟို ... ဟို ... ကုလားအဘိုးကြီးကို ... ကျွန် ... ကျွန်တော် ခေါင်းတလားနားမှာ အသေအချာမြင်ရတာ အဘရဲ့။ အမယ်လေး ..."

"ငါသိပါတယ်။ ဘဘုန်းရော သိတယ်မဟုတ်လား"

"အင်း ... မြင်ပါတယ် ... ဒကာကြီး"

"ဒါ ... ဒါဆို ... တ ... တစ္ဆေပေါ့ ... ဟုတ် ... ဟုတ်လား"

"ဟုတ်တယ်"

"အမယ်လေးဗျ ... နောင်ကို ကျွန်တော့်ကို ... မ ... မခေါ်ပါနဲ့ဗျ ... ဟူး ... ဟူး"

"မခေါ်ပါဘူးကွ ... စိတ်ချ။ သို့သော် ..."

အဘမခေါ်ပါဘူးလည်း ပြောရဲ့၊ သို့သော်ဆိုလို့ ဘာများပြောဦးမလဲ ကြည့်နေတော့ ...

"ဘဘုန်း ..."

www.burmeseclassic.com



"ဦးရာကျော်"

"ပဌာန်းဆက်တွေတော့ ဆုံနေကြပြီဘုရား"

"ဟုတ်တယ် ... ဒကာကြီး၊ ဘယ်လိုလုပ်ကြမတုံး ... ပြောပါဦး"

"အချိန်စောင့်ရမယ် ဘုရား"

"ဘယ်လိုစောင့်ရမှာလဲ"

"ဒေါ်ရှင်မင်းယာစိုကို တွေ့အောင်ရှာနိုင်မှ ကိစ္စပြီးမယ်"

"ဒကာမကြီးကို ဘယ်မှာသွားရှာမတုံး ... ဦးရာကျော်ရယ်"

"သူတို့ချင်းလည်း မေတ္တာမှန်၊ သစ္စာမှန်ရင် ပြန်ဆုံနိုင်သလို ဘဘုန်းတို့၊ တပည့်တော်တို့ စေတနာမှန်ရင်လည်း ဒေါ်ရှင်မင်းယာစိုနဲ့ တွေ့ကောင်းတွေ့မှာပါ ဘုရား"

"သူရှိရင်လည်း အသက် (၉၀)ကျော်လောက်ပြီ ... ဒကာကြီး"

"ရှိနိုင်တာပေါ့ ... ဘုရား"

"မြို့ဝန်နိုပ်စက်လို့ သေသွားခဲ့ပြီဆိုရင်ရော"

"အဲလိုဆိုရင်တော့ အရှင်ဘုရားရော၊ တပည့်တော်ရော ဘာတတ်နိုင်မှာတုံးဘုရား။ သူတို့အားလုံး ကံ့ကံရဲ့ အကျိုးပဲလေ။ အမျှတော့ ဝေရမှာပေါ့။ ကျွတ်ချင် လွတ်ချင်လည်း သူတို့သမိုင်းပဲ။ မကျွတ်ချင်လို့ ဥစ္စာစောင့်လို၊ တစ္ဆေလို နေချင်ရင်လည်း သူတို့သမိုင်းပဲ။ အကယ်လို့သာ ဒေါ်ရှင်မင်းယာစိုကို မမျှော်လင့်ဘဲ တွေ့ခဲ့ရင်တော့ ဖာတ်သိမ်းပြီပေါ့"

"ဘုန်းကြီးလည်း အလွန် အံ့ဩလွန်းလို့ပါ။ မဖြစ်နိုင်ဘူးထင်တာတွေ တကယ်ဖြစ်နေ၊ ရှိနေလို့ပါ။ ပြီး သနားလို့ပါ"

"အရှင်ဘုရား ... အကြောင်းမထူးရင် အဲဒီနေရာကို မသွားပါနဲ့ဘုရား"

"ဘာဖြစ်လို့လဲ"

"ရန်သူတွေ ရှိနေပြီလေ"

"သူတို့လိုချင်တာ မြို့စားရဲ့ခေါင်းတလားထဲက အဖိုးတန်ပစ္စည်းတွေကို လိုချင်နေတာ။ လိုချင်သူက တစ်ဖွဲ့လည်း ဖြစ်ချင်ဖြစ်မယ်၊ နှစ်ဖွဲ့လည်း ဖြစ်ချင်ဖြစ်မယ် လိုက်ချောင်းနေမှာပဲ။ ပေစာအကြောင်းလာမေးတဲ့ တက္ကသိုလ်ကျောင်းသားကရော ဘယ်အဖွဲ့လဲ ဘုန်းကြီးလည်း မသိဘူး





တပည့်တော်အာရုံထဲမှာ မြင်နေတာတော့ ပွဲကြီးပွဲကောင်း တွေ့ကြတော့မည့်ပုံပဲ"

"ပွဲကြီးပွဲကောင်း ... ဟုတ်လား"

"ဟုတ်တယ် ... ညည့်နက်ပြီ ... ကိုယ်တော် ... အိပ်ပါတော့။ တစ်ခုပဲ သတိပေးပါရစေဘုရား။ အဲဒီနေရာကို တစ်ယောက်တည်း ယောင်လို့တောင် မသွားပါနဲ့။ ကိုင်း ... တပည့်တော်တို့ကို နားခွင့်ပြုပါဘုရား"

ဘုန်းအိုကြီးလည်း အပေါ်ထပ်ကို ကြွသွားတော့မှ ကျွန်တော်တို့လည်း ကွပ်ပျစ်ပေါ် ကိုယ်စီ လှဲလိုက်ကြတယ်။ အိပ်လို့မပျော်ဘူးဗျာ။ မျက်လုံးထဲမှာ ထူးဆန်းတဲ့ဖြစ်ရပ်တွေ အစီအရီ ပေါ်လာနေတယ်။

ပါတော်မူခေတ်က ပေစာတစ်ထုပ်။

ကွေ့ကွေ့ကောက်ကောက် ဥမင်။

ကျောက်တလားထဲက မြို့စားလေး သံယောဇဉ်။

ကုလား ဆာဒူးကြီး။

ထိုးကွင်းမင်ကြောင်နဲ့ လူကြီး။

ပြီး ... မီးခြစ်၊ ဖောင်တိန်၊ ကျည်ဆန်ခွံ၊ လူသေအရိုးစုများ။

ကျောက်ခဲတစ်လုံးတောင် ခွင့်မတောင်းဘဲ ယူလို့မရတဲ့ ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ် မြေအောက်ဥမင် ဂူသချိုင်း။

"မောင်မှိုင်း ..."

အဘရဲ့ခေါ်သံကြောင့် ကျွန်တော့်ရဲ့အတွေးတွေ လွင့်စင်သွားတယ်။

"မောင်မှိုင်း ..."

"ဗျာ ... အဘ၊ ဘာလဲဟင်"

"တို့ဘုရားရှင်ဟောခဲ့တာ တယ်မှန်ပဲကွ ... သိလား"

"ဘာကိုမှန်တာတုံး ... အဘရ"

"တွေ့ဆုံ ကြုံကွဲတဲ့။ လောကဓံတရား စစ်စစ်တွေကွ"

"ဟုတ်ကဲ့ ..."

"ဘဝ ဘဝတွေမှာ ဆွေမျိုးမတော်ခဲ့တာ မရှိဘူးတဲ့။ ဆွေမျိုးချည်းပဲတဲ့။ ချစ်ပြီးညား၊ ညားပြီးချစ်၊ ချစ်ပြီးမုန်းတာတစ်မျိုး၊ ချစ်တိုင်းလည်း မညား၊ ညားတိုင်းလည်း မချစ်ကတစ်မျိုး။ ချစ်လို့ညားပြီး ချစ်လို့မဝတဲ့



www.burmeseclassic.com

www.burmeseclassic.com



သေကွဲရှင်ကွဲ ကွဲရတာ တစ်မျိုး။ လူ့ဘဝက ဒုက္ခဆင်းရဲတွေနဲ့ နံစော်နေတဲ့ နမ်းမဝပါးပြင်၊ စားမဝထမင်းအိုး၊ ဟင်းအိုးချည်းပဲ''

''အဘ . . . တယ်စာဆိုလှချည်လားဗျ။ ဘာလဲ ငယ်ရည်းစားကို သတိရလို့လား . . . ဟုတ်လား။ စာရေးဆရာကမဖွဲ့ရဘဲ အဘက ဖွဲ့လို့ ပါလား''

''အင်း . . . အင်း . . . တွေ့ဆုံကြုံကွဲပဲကွ . . . ကြုံကွဲပဲ။ ဒါ . . . လောကဓံပဲ။ မင်းလည်း မငိုနဲ့၊ မျက်ရည်ကျနဲ့၊ မလွမ်းနဲ့။ ဒါ ဖြစ်ပြီးရင် ပျက်တဲ့သဘောလို့ ရှု၊ ဖြစ်ပျက် ဖြစ်ပျက်လို့ ရှု။ ဒါမှ မင်း လောကဓံရဲ့ အတိုက်ကို နိုင်မှာ။ မရှုနိုင်ရင် ရှုံးရော။ ရှုံးရင် အိုတာမြန်တယ်။ နာတာ မြန်တယ်။ သေတာလည်း မြန်တယ် . . . မှတ်ထား။ အင်း . . . အင်း . . . တွေ့ဆုံကြုံကွဲ လောကနဲ့ ဘဝပါလား။ လောဘ၊ ဒေါသ၊ မောဟတွေကြား ချမ်းသာခြင်းတွေ ရှာနေလိုက်ကြတာ လမ်းတွေ လွဲနေကြတာပဲ။ ဟော့ ကောင် . . . ငမှိုင်း''

''နားထောင်နေပါတယ်ဗျ . . . ပြောပါ''

''မင်း မငိုနဲ့၊ မျက်ရည်မကျနဲ့၊ မလွမ်းနဲ့ . . . ကြားလား''

''ကြားပါတယ်ဗျ . . . မှတ်ထားပါတယ်''

''ပြန်ရွတ်ပြစမ်း''

''မငိုနဲ့၊ မလွမ်းနဲ့၊ မျက်ရည်မကျနဲ့''

''ဟုတ်ပြီ . . . အိပ်တော့။ အိပ်မယ်ဆိုရင် ဘာမှ မစဉ်းစားနဲ့။ အိပ်မယ်ဆိုရင် ဘာမှမစဉ်းစားနဲ့ အရဟံတော့ ရွတ်ပြီးအိပ်။ အိပ်တော့ ဟော့''

ဒီည ဘတိုက်ပုံကြီးပြောတဲ့ စကားတွေက ထူးခြားလေးနက် တန်ဖိုးကြီးနေတယ်ဗျာ။ အရင် ဒီလိုမဟုတ်ပါဘူး။ ကျွန်တော်နဲ့ နှစ်ဦးတည်း ရှိနေရင် ကျွန်တော့်ကို သုံးစားလို့မရအောင် မှိုချိုးမျှစ်ချိုး ပြောတာရယ်။ ပြီး ပါးစပ်က ပလွတ်ရွတ်တ ပြောချင်ပြော။ ဒါမှမဟုတ်လို့ လူကလေး ဆယ့် လေးငါးယောက်လောက်များ သူ့နားရောက်လာရင် နေမျိုးဗလကျော်သူ ဘွဲ့ရ ရှာသားကြီး စိန်ဗေဒါရေးတဲ့ . . .

မြို့လယ်ကမလွှာပ် . . .

အရပ်မှာတဲ့ကုသိုလ် . . .





ကျောင်းကြီးရယ်တဲ့ အို အို . . . မောင်လူပျိုငယ်ကတည်းက

ကျောင်းစိုလို့ရွဲ . . .

အရှေ့ကို လျှောက်ပါလို့ . . . အနောက်ကိုတဲ့ မျှော်လိုက်ရင်

တံခွန်တိုင် ရွှေကုက္ကားနဲ့

ဘုရား . . . ဘုရားကို မြင် . . .

စာပလွေ ရင်မှာပိုက်ပါလို့ . . . စာပလွေ ရင်မှာပိုက်ပါလို့ . . .

ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင် . . .

ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင် . . .

ဘယ်စာကို ဘယ်နဝါမောင်သင်မလို့တုံး . . .

ဘယ်စာကို ဘယ်နဝါမောင်သင်မလို့တုံး . . .

မွေးမေလေးကို သံချိန္နော်လို့ . . .

ဟောဒီ ဘိုးဘိုးကြီး မင်္ဂလာဦးအောင်မောင်းကြီးကို . . .

သံချိနော့လို့ . . .

ပြောလေးလေး . . . ပြောလေးလေး

ပြောခဲ့ပါ . . . တိန် . . .

''ဟား . . . ဟား . . . ဟား . . . ဟား . . . အရူးကြီးရ . . . ပြောခဲ့မှာ တိန်မဟုတ်ဘူးဗျ''

''ဟေ . . . ဟုတ်လား၊ ဘဘကြီး။ ဘိုးဘိုးကြီးဆိုတာ မမှန်ဘူး လား''

''ပြောခဲ့ပါဦးဗျ . . . ရှာစားကြီးစိန်ဗေဒါ နာမည်ပျက်အောင် မလုပ်နဲ့ ဘဘ အရူးကြီးရေ . . . ဟား ဟား ဟား ဟား''

အဘ . . . အဲဒီလို လူပါ။ ရုတ်တရက် အံ့အားသင့်သွားအောင်၊ ပျော်သွားအောင်၊ ဝမ်းနည်းသွားအောင် လုပ်လေ့ရှိတယ်ဗျာ။

သူ အတည်အခန့်ပြောပြီဆိုရင် ဒါ ထူးခြားလို့ပဲ။

ကျွန်တော် အတွေးကိုရပ်ပြီး ဘုရားအာရုံပြုလို့ အရဟံ . . . ရဟံ စတဲ့ဂုဏ်တော်ကို ရွတ်ရင်း အိပ်ပျော်သွားခဲ့တယ်။

မျက်စိထဲမှာ ကျည်ဆန်ပေါက် နားပေါက်နဲ့ မနှင်းဆီလေးကို မြင် တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်တွေ လေထဲမှာ လွင့်ဝဲနေတဲ့ ဒေါ်မင်းယာစို ဆို မြို့စားကတော် အဘွားကြီးကိုလည်း မြင်ရတယ်။

ဒါနဲ့အတူ အဘွားကြီးနောက်ကနေ မြင်းတွေ၊ သေနတ်တွေ တရကြမ်း နှင်းလိုက်တဲ့ လူဆိုးတွေရဲ့ ဟစ်အော်ကြိမ်းဝါးသံ။

သေနတ်တွေ ပေါက်ကွဲမြည်ဟိန်းပြီး မြင်းတွေ လန့်ဟီသံ။

အလွန်မြင့်မားတဲ့ တောင်ကမ်းပါးထိပ်ကနေ မြို့စားကတေ အဘွားကြီး ခုန်ချလိုက်တာ ...

လေထဲမှာ စက္ကူတစ်ရွက်လို လွင့်မျောနေတယ်။

ဆံပင်ရှည်တွေက သူမရဲ့မျက်နှာကိုလည်း ပတ်နေသလို လေ မှာ အဆိပ်ပြင်းမြွေတွေ လူးလွန့်နေသလို လူးလွင့်နေတယ်။

မကြာဘူး။ 'ဝုန်း' 'ဗွမ်း' ဆိုတဲ့အသံနဲ့အတူ ပင်လယ်ထဲကို အဘွား ကြီး ကျသွားတယ်။ သေပြီလို့ ကျွန်တော်တို့ ယူဆနေချိန်မှာပဲ ...

ပင်လယ်ရေပြင်လှိုင်းလုံးကြားထဲကနေ မီးငှက်ကြီးတစ်ကော လှိုင်းတွေကိုထိုးခွဲပြီး အတောင်ရှည်ကြီး ဖြန့်ခါလို့ ကောင်းကင်ပေ ထိုးပျံတက်နေတာ။ မီးငှက်ကြီးရဲ့ ပါးစပ်ထဲက မီးလျှံတွေ တဝုန်းဝုန်းထွ လို့။အလို ... မီးငှက်ကြီးရဲ့ဦးခေါင်းက ဘယ်သူ့ဦးခေါင်းနဲ့ တူပါလိမ့်။

မြို့စားကတော်ရဲ့မျက်နှာနဲ့ တူလိုက်တာ။ အို ... ဟုတ်သေ ဘူး။

ဒီ ... ဒီမျက်နှာက နားပေါက်သွားတဲ့ မနှင်းဆီလေးရဲ့ မျက် မဟုတ်လား။ ဟုတ်တယ် မနှင်းဆီဗျ။

မနှင်းဆီ ကျွန်တော့်ကို မမှတ်မိဘူးနဲ့ တူရဲ့။

''မနှင်းဆီ ... မနှင်းဆီ''

''မနှင်းဆီ ရပ်ပါဦး။ ကျွန်တော်နဲ့ စကားပြောပါဦး''

''ဝေါ ...''

''ဝုန်း ...''

''အား ... အမလေးဗျ''

မနှင်းဆီ ဦးခေါင်းလိုလို မြို့စားကတော်ရဲ့ ဦးခေါင်းနဲ့ တူသ မီးငှက်ကြီးက ကျွန်တော့်အသံလည်းကြားရော ပါးစပ်ဖြဲပြီး မီးလုံးမီးညွှန့် နဲ့ မှုတ်လိုက်တာ။





အိမ်ကြီးတစ်လုံးမက မီးလုံးကြီးတွေ ကျွန်တော့်တစ်ကိုယ်လုံးကို ပြီးသွားတာ။ .........အကျႌ၊ ဆံပင်၊ ပုဆိုးတွေကို မီးတွေစွဲပြီး နော် ကြောက်လန့်တကြား ပြေး ...။

မီးငှက်ကြီးကလည်း ဘယ်အချိုးရှိလို့လဲမသိ။

နောက်ကနေ သစ်ပင်ကြီးတွေ ကျိုးကျလွင့်စင် ပြတ်လောက် ောင် အတောင်ကြီးကိုခါပြီး၊ ဖြန့်ပြီးလိုက်။

နောက်ထပ်မီးလုံးကြီးတစ်လုံးကို မှုတ်ထုတ်လိုက်ချိန်။

ရှေ့မှာ ကြာတွေပွင့်နေတဲ့ ရေကန်ကြီးကို မြင်လိုက်ရပါရော။

ကျွန်တော် အသံကုန်အော်ပြီး ပြေးနေတာ။

ကြာစုံပွင့်တဲ့ ကန်ထဲကနေ သူယောင်မယ်တွေလို၊ ကိန္နရီတွေ ား မိန်းမတွေက ရင်ဗလာနှင့် ဝမ်းသာအားရ လက်ယပ်လှမ်းခေါ်။

ကျွန်တော် မီးစွဲခန္ဓာကိုယ်နှင့် ကြာပွင့်စုံ၊ အရွယ်စုံ၊ သူယောင် ယ်တွေလို၊ ကိန္နရီတွေလိုသူတွေ ခေါ်နေတဲ့ ရေကန်ထဲကို ခုန်ချလိုက် ယ်။

''ဝုန်း''

''ရောက်လာပြီဟေ့။ သူရောက်လာပြီ''

ရင်ဗလာနှင့် သူယောင်မယ်တွေရယ် ကျွန်တော့်ကို ပွေ့ဖက်ပြီး ကြာရွက်ကြီးအောက်ကို ဆွဲခေါ်ဝင်သွားချိန် ...

''မွန်းတယ် ... ရေမွန်းတယ်။ မလုပ်ကြပါနဲ့''

''မလုပ်ကြပါနဲ့ ... အား ....''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၈]

❑

"ဒကာ စာရေးဆရာ"

"စာရေးဆရာ"

"ဟင် ... ဘဘုန်း"

"ဘာတွေယောင်အော်နေတာလဲ။ မွန်းတယ် ... ရေမွန်းတယ် အိပ်မက်မက်ပြီး ယောင်နေတယ်နဲ့တူတယ်။ ထ ... ထ ... နေထွက်နေပြီ"

ဟူး ... အိပ်မက် ... အိပ်မက်။

ပျော်စရာမဟုတ်တဲ့ ခြောက်ခြားစရာ အိပ်မက်ဆိုး။

ကျွန်တော် ကုန်းထပြီး ဘဘုန်းကို လက်အုပ်ချီရင်းက ...

"ဘဘုန်း ... အဘရောဟင်"

"မရှိတော့ဘူး"

"ဗျာ ... ဘယ်ကိုသွားလို့ မရှိတော့တာတုံး ဘုရား"

"ရော့ ... ဒါ ... စာရေးဆရာရဲ့အဘ အိပ်ယာပေါ်ကတွေ့တာ"





ကျွန်တော် စာရွက်ကို အမြန်ဖတ်လိုက်တယ်။

မှင်နဲ့ရေးထားတဲ့ စာ။

"ဘဘုန်း ... တပည့်တော် တစ်နေ့ ပြန်လာခဲ့ပါ့မယ်ဘုရား။ တပည့်တော်ပြန်လာရင် မြို့စားလေး သံယောဇဉ်ရဲ့ ဒေါ်ရှင်မင်းယာစိုပါလာနိုင်အောင် ကြိုးစားပါ့မယ်၊ တပည့်တော်တပည့် မလိမ်မိုး မလိမ်မာလေးကိုတော့ ဘဘုန်း တတ်နိုင်သမျှ စောင့်ရှောက်ပေးပါဘုရား"

ဦးတော်တင်လျှက်...

ရာကျော်

"ဟင် ... ဒါ ... ဒါဆို အဘထွက်သွားပြီပေါ့ ဘုရား"

"ဟုတ်တယ်။ သူ မရှိတော့ဘူး"

"သူ ... သူ ... ဘယ်ကိုများ ..."

"စာရေးဆရာ"

"ဘုရား"

"ဘုန်းကြီး ဦးရာကျော်ကို ယုံကြည်တယ်။ သူ တစ်နေ့ ပြန်လာလိမ့်မယ်။ စာရေးဆရာလည်း ဒီမှာပဲ စောင့်နေပေါ့"

ကျွန်တော့်ပါးပြင်ပေါ်ကို မျက်ရည်ဥတွေ တလိမ့်လိမ့် စီးကျလာတယ်ဗျာ။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အတူ ခရီးသွားဘက်တွေပါ။ ချမ်းသာအတူ၊ ဆင်းရဲအတူ၊ ငတ်ရင်အတူ ဆရာတပည့်ပါဗျာ။ အဘ ကျွန်တော့်ကို ဘာအလိုမကျလို့ ထားခဲ့တာလဲ။

ကျွန်တော့်ကို မလိုလားတော့လို့လား။

ကျွန်တော့်ကို မယုံကြည်လို့လား။ အားမကိုးရလို့လား။

သူ ဘယ်ကိုသွားမှာလဲ။ သူ့လက်ထဲမှာ ပိုက်ဆံနဲ့တူတာ တစ်ပြားမှမရှိ။

စဦးတုန်းကလည်း ဘယ်ကို၊ ဘာလုပ်ဖို့သွားမှာလို့လည်း မပြော။ လိုက်ခဲ့လို့ပဲ ခေါ်ခဲ့တဲ့အဘ၊ လျို့ဝှက်လွန်းတဲ့ အဘ။

အခု ကျွန်တော့်ကို ဘာလို့ တစ်ယောက်တည်း ထားခဲ့ရတာလဲ။ အဘ နေမကောင်းရင် ဘယ်သူပြုစုမှာလဲ။

"အရှင်ဘုရား"

"ပြော ... စာရေးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



''တပည့်တော် လိုက်သွားမယ် ဘုရား''

''လိုက်သွားရအောင် သူသွားတဲ့နေရာ စာရေးဆရာ သိလို့လား။ တွေ့မှာလား။ ဒီကပဲ စောင့်နေရင် မရဘူးလား''

''မဖြစ်ပါဘူး ဘုရား။ အဘရဲ့အကြောင်းကို တပည့်တော် အဲသိ ဆုံးပါဘုရား။ သွားခွင့်ပြုပါ။ ဦးတော်တင်ခဲ့ပါတယ် ဘုရား''

''အေးလေ .... အားလုံးဟာ တွေ့ဆုံကြုံကွဲချည်းပါပဲ။ တားလို့ မရကြပါဘူး။ ခေါ်တိုင်းလည်း မလာ၊ မခေါ်ဘဲလည်း လာ၊ မနှင်ဘဲနှင့်ပြန်၊ လူ့ဘဝဆိုတာ အရောက်နှေးပေမယ့် အပြန်မြန်ကြတာပဲလေ။ ဒကာ စာရေးဆရာတို့ ဆရာတပည့်ကို ဘုန်းကြီးတို့၊ အမြဲ မျှော်နေမှာပါ။ ဖတ်လမ်းတွေ မဆုံးသေးဘူးလေ။ ကိုင်း ... လိုက်သွားပါ။ ဦးရာကျော်ကို ဘဘုန်း စောင့်မျှော်နေတယ်လို့လည်း ပြောလိုက်ပါ။ စာရေးဆရာတို့ ဆရာတပည့် ကြုံကြိုက်တဲ့အချိန် ကျောင်းကိုလာခဲ့ကြ။ ဘုန်းကြီး အမြဲတံခါးဖွင့်ထားတယ် ကြားလား''

''မှန်ပါ ... ဝမ်းသာရကြောင်းပါ ဘုရား။ ခွင့်ပြုပါ ဘုရား''

ကျွန်တော် ယူစရာအိတ်လည်း မရှိပါဘူး။ အဝတ်အစားလည်း မရှိ၊ ငွေလည်းမရှိ၊ ရှေ့သွားမည့်အရပ်မှာ အသိမိတ်ဆွေလည်းမရှိ။

အဘ ဘာကြောင့် ရုတ်တရက်ကြီး ထွက်သွားရတာလဲ။

အကြောင်းမရှိဘဲနှင့်တော့ ဒီလိုကြီး ထွက်မသွားနိုင်ဘူး။

ဘုန်းအိုကြီးက အဘကို ယုံလို့ လျှို့ဝှက်အပ်သောနေရာကိုပါ လိုက်ပြပြီး အကူအညီ တောင်းခဲ့တာဗျာ။

မဟုတ်မှလွဲရော ...

သူ ဖောက်ချည်ဝင်သွားပြီနဲ့တူရဲ့။

သူ့ရဲ့ ဒုတိယဘဝရုပ်ကို ဒုတိယစိတ်က လှုံ့ဆော်၊ စေ့ဆော်လာ လို့ ဒီအရပ် ဒီနေရာမှာနေရင် မသင့်တော်ဘူးဆိုပြီး ရုတ်ခြည်း လုမ်နိုးခင် ပြေးရော့လား။

''ဗျို့စာရေးဆရာ ... ဗျို့စာရေးဆရာ ... ရပ်ပါဦးဗျ''

နောက်ကနေ အော်ပြောလိုက်တဲ့အသံကြောင့် အတွေးကိုရပ်ပြီး လှည့်ကြည့်လိုက်တော့ ဘုန်းကြီးကျောင်းသား ကိုရှိန်နဲ့ အပျိုခေါင်း မမြ တို့ အပြေးလိုက်လာကြတာဗျ။





ကျွန်တော့်အနီးကို ရောက်တော့ နှစ်ဦးစလုံး မောနေကြပြီ။

''ကိုရှိန် ... ဘာကိစ္စလဲ''

''ဆရာတော် လွှတ်လိုက်လို့ကွ ... ငလွေး ... တွေ့မှ တွေ့ပါ့ မလားလို့။ ငါရော၊ မမြရော တွေ့တဲ့လူမေးပြီး လိုက်ခဲ့တာကွ''

''ဘာကြောင့် လိုက်လာရတာတုံးဗျ''

''ငါ့လူစာရေးဆရာ ပြန်တော့မယ်ဆို''

''ပြန်တာ မဟုတ်ပါဘူးဗျာ။ အဘနောက်ကို လိုက်မလို့ပါ''

''ရော့ ...''

ဘုန်းကြီးကျောင်းသား ကိုရှိန်က ငွေစက္ကူအခေါက်လေးတစ်ခု ကျွန်တော့်လက်ထဲကို ထိုးထည့်ပေးနေတယ်။

''ကိုငှက်ရှိန် ... ဒီ ... ဒီငွေက ... ဘယ် ... ဘယ်သူ ...''

''ယူသွား ... စာရေးဆရာ။ ဒါ ဆရာတော် ပေးလိုက်တာ။ ငါ့ ခရီးသွားရင် လမ်းမှာ လိုသလိုသုံးဖို့ ဘုန်းကြီး စွန့်လိုက်တာ''

''ဟာ ... မဟုတ်တာ ... ကိုရှိန်ရာ၊ မယူပါရစေနဲ့ဗျာ။ ဘဘုန်း ကို ပြန်ပေးပေးပါဗျာ ... နော် ... နော်''

''ယူရမယ် စာရေးဆရာ။ ကျုပ်တို့ဆရာတော်ကြီးက စာရေးဆရာ ကို အလွန်ခင်မင်ရှာတာပါဗျာ။ စာရေးဆရာတို့ ဘားပြုတိုက်ခံရကတည်းက စိတ်မကောင်း ဖြစ်နေတာပါ။ စာရေးဆရာကမျှား မယူခဲ့ရင် သူ့ကျောင်း ကို မလာနဲ့တော့တဲ့။ ရော့ ...''

''ဟာဗျာ ... အားနာစရာဗျာ။ အင်း ... ဘဘုန်း ... ဘဘုန်း ဆူကြတာ ရက်ပိုင်းမျှပဲရှိပေမင့် သွေးရင်းသားရင်းလို ခင်မင်ယုံကြည် ယောဇဉ်ဖြစ်တာပဲကိုး။ ကျုပ်လည်း ဘဘုန်းကို လေးစားပါတယ် ... ကိုရှိန်ရယ်''

''လေးစားရင် ယူဗျ။ ကိစ္စရှိသေးတယ်''

''ပေးပါ ... ဒါနဲ့ ဘာကိစ္စ ရှိသေးလို့တုံးဗျ။ ခင်ဗျားတို့နှစ်ဦးက ဘယ်သွား ကိစ္စရှိကြမလို့တုံး''

''အဟဲ ... ဟဲ ... ဒါကတော့ဗျာ''

''ဟဲ့ ... ငရှိန်''

အပျိုကြီးမမြက တဟဲဟဲဖြစ်နေတဲ့ ကိုရှိန်ကို အသံမာမာနဲ့ အော် လိုက်မှ ကိုရှိန် လန့်ဖျန့်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲ ... အပျိုခေါင်း ... ခင်ဗျားကိစ္စ ပြောလိုက်"

အပျိုခေါင်းမမြက စက္ကူအိတ်နဲ့ထည့်ထားတဲ့ အိတ်ကို ကိုင်ရင်း ကျွန်တော့်ကို ကရုဏာသက်တဲ့မျက်လုံးနဲ့ ကြည့်လို့ဗျာ။

"စာရေးဆရာ ..."

"ဗျာ ... အစ်မ ... ပြောပါ အစ်မ"

"မင်း ပြန်တော့မှာလားဟင်"

"အဲဒါနောက်ကို လိုက်မလို့ပါ ... အစ်မ"

"တို့ရွာကို ပြန်လာဦးမှာလား ... စာရေးဆရာ"

"မသေရင် ပြန်ရောက်နိုင်ပါတယ် ... အစ်မရဲ့၊ ဘာဖြစ်လို့"

"ရော့ ..."

"ဗျာ ... ဒါက ဘာအထုပ်တုံး ... အပျိုခေါင်းရ"

"စာရေးဆရာ ... မင်းတို့ဆရာတပည့် ဓားပြတိုက်ခံရပြီး ပြောင်သလင်းခါသွားတဲ့အကြောင်း အစ်မတို့သိပြီး စိတ်မကောင်းကြဘူး။ မင်းကို စနေတာလဲ ခင်လို့ပါ။ ငါတို့ရွာသူများက မင်းကို မောင်လေးလို၊ မောင်ကြီးလို ခင်ကြလို့ပါ။ ပထမရည်ရွယ်ချက်က ငါတို့ရွာသူတွေ မင်းကို ထမင်းစိတ်ကျွေးအပြီးမှာ ရွာရဲ့လက်ဆောင်အဖြစ် ပေးဖို့ပါ။ သို့သော်လည်း ဆရာတော်ကျောင်း ဆွမ်းလာပို့ရင်း မင်းတို့ဆရာတပည့် ခရီးထွက်သွားတဲ့အကြောင်းသိရော ကိုရိုးနဲ့ အပြေးလိုက်ခဲ့ပြီး ပေးရတာပါ။ ဒီအထုပ်က အဘအတွက် ကချင်ပုဆိုးနဲ့ အင်္ကျီ ပေါ်ပလင်လည်ခေါင်းတုံးပါ။ ဒီအထုပ်က ငါ့မောင်စာရေးဆရာအတွက် လွယ်အိတ်၊ ခွပ်ကျယ်၊ ပလေကပ်လုံချည်နဲ့ ရှပ်အင်္ကျီလက်တို နှစ်ထည်ပါ။ ရော့ ... ငါ့မောင် ယူနော်"

"အစ်မ ..."

ကျွန်တော့်ရဲ့ အစ်မခေါ်သံဟာ လည်ချောင်းထဲမှာ ဆို့နစ်အက်ကွဲပြီး တုန်ခါနေတယ်။ အပျိုခေါင်းမမြက ကျွန်တော့်လက်ထဲကို အထုပ်နှစ်ထုပ် ထည့်ပြီး ကျွန်တော့်ပခုံးကို ဖွဖွလေး လက်နဲ့ ပုတ်နေတယ်ဗျာ။

အစ်မကြီးက မောင်ငယ်လေးကို ကြင်နာသုယတဲ့ ဖွဖွလေးပါ။

ကျွန်တော် ဒုတိယအကြိမ်မြောက် မျက်ရည်လုံးတွေ မျက်လုံးအိမ်ကနေ တာကျိုးပြီး ပါးပြင်ပေါ် ဆီးလိမ့်ကျလာတယ်။ အထုပ်နဲ့ငွေ ကိုင်ထားတဲ့ လက်နှစ်ဖက်စလုံး တုန်ယင်နေတယ်။





"အစ်မ ..."

"စာရေးဆရာ ... မငိုပါနဲ့ ... ငါ့မောင်ရယ်"

"ဘဘုန်းတို့၊ အစ်မတို့၊ ကိုရိုးတို့ရဲ့ စေတနာ မေတ္တာတွေဟာ ဖြူစင်လိုက်ပါဘိ ... အစ်မရယ်။ ကျွန်တော့်အပေါ် အစ်မတို့ရွာက နှမတို့ ထားရှိတဲ့ မေတ္တာစေတနာကို ကျွန်တော် တန်ဖိုးထားလေးစား သတိရနေပါတယ်။ ကျွန်တော် ကန်တော့ခဲ့ပါရစေ ... အစ်မ"

"အို ... ငါ့မောင်ရယ်"

ကျွန်တော် ကျေးရူးရှင်ဘဘုန်းရဲ့ ကျောင်းရှိရာကို ဦးစွာ လက်အုပ်ချီ ကန်တော့လိုက်တယ်။ ပြီး ... အစ်မ မမြနဲ့ ကိုရိုးကို ကန်တော့လိုက်တယ်။ ဝမ်းသာလွန်းလို့ မျက်ရည်တွေ ကန်တော့ရင်း စီးလိမ့်ကျနေတယ်။

ကျွန်တော် ပြန်ထရပ်လိုက်တော့ ...

အလို ... အစ်မ မမြနဲ့ ဘုန်းကြီးကျောင်းသား လူပျိုကြီး ကိုရိုးတို့ရဲ့ မျက်လုံးအိမ်မှာလဲ မျက်ရည်ဥတွေ ယိုးလေးနိုလို့။ အစ်မ မမြက မျက်ရည်ဥတွေကို လက်ညှိုးနဲ့ သပ်ရင်း တိုးညှင်းစွာ ရှိုက်လိုက်တယ်။

မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးတဲ့။

အစ်မတို့ရယ် ... ဟောဒီရွာအဝင်မှာ ကျွန်တော်တို့ အစ်မတို့ရဲ့ မျက်လုံးအိမ်များက တလိမ့်လိမ့်စီးကျတဲ့ မျက်ရည်စက်တွေဟာ ပကာသနမဲ့ကင်း၊ ဟန်ဆောင်ခြင်း အလျဉ်းမရှိ ရိုးသားသန့်စင်တဲ့ နှလုံးလှသူတို့ မျက်ရည်ဥ၊ မျက်ရည်စက်တွေဆိုတာ ကျွန်တော် အကြွင်းမဲ့ ယုံကြည်လေးစားနေပါတယ် ... အစ်မ။

ဒီမေတ္တာ ချစ်ခြင်းသစ်ပင်ကို ကျွန်တော် တစ်နေ့ ရေလောင်းခွင့်ကြုံမှာပါ။ မြေကြီးဩဇာ ထည့်ခွင့် ကြုံဦးမှာပါ။

အဲဒီမေတ္တာသစ်ပင်မှာ အသီးအပွင့်ရွက်နုတွေ သီးပွင့်ဝေဆာရှန်းစိုနေတာကို ကျွန်တော်မြင်ခွင့် ကြုံရပါလို၏လို့ ဆုတောင်းခဲ့မယ်နော် ... အစ်မ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၁၉]

❏

ဘဘုန်းအိုကြီးနဲ့ အစ်မမြတို့၊ ရှာသုနုမတွေရဲ့ ကျေးရူးကြောင့် စွပ်ကျယ်လက်ပြတ် တစ်ထည်တည်းရှိတဲ့ 'ဒါဝတ်သခင်' ကျွန်တော် ခု တော့ လူသွေးလူရောင် တောက်ပြောင်လို့ပေါ့ဗျာ။

ကျေးဇူးကြီးလိုက်ပါဘိသနဲ့။

ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ဘူးဗျ။

အခု ကျွန်တော် ရှပ်အင်္ကျီလက်တိုနဲ့၊ ပလေကပ်ပုဆိုးအသစ်နဲ့။ တဝလွယ်အိတ် အဝါနုလေးလွယ်လို့ ဘဘုန်းပေးတဲ့ပိုက်ဆံနဲ့ မြို့တစ်မြို့ ရောက်တော့ ဖောင်တိန်၊ စာအုပ်၊ မီးခြစ်၊ မြန်မာသောက်ဆေးအချို့ ဝယ် ပြီး လွယ်အိတ်ထဲမှာ ထည့်ထားလိုက်တယ်။

ရွာလေးငါးရွာကို ကျွန်တော် ရောက်ခဲ့ပေမင့် ဘတိုက်ပုံအကြောင်း စုံစမ်းလို့ မရခဲ့ဘူး။





ဒီလိုနဲ့ တောင်ငူကိုရောက်ခဲ့တယ်။ မြို့ပေါ်မှာ အဘရဲ့သတင်း မကြားဘူး။ မိုးထိမြင့်မားတဲ့ ရိုးမတောင်ခြေက ကရင်ရွာလေးကို ရောက်ခဲ့ တယ်ဗျာ။ ဝါးဆေးတံကြီး ခဲနေတဲ့ ကရင်အဘိုးအိုတစ်ဦးကို မေးကြည့် တော့ ...

"အရှုးလို လူကြီးလားဝေ့"

"ဟုတ်တယ် ... ဖထီး။ တိုက်ပုံဖျင်ကြမ်းနဲ့ ဆံပင်ရှည်နဲ့ လွယ် အိတ်ကြီးတစ်လုံး လွယ်ထားတယ်ဗျာ"

"နှုတ်ခမ်းမွေး ကားကားကြီးပါတယ်နော်"

"ပါတယ်ခင်ဗျ ... ကွမ်းအရမ်းစားတယ် ... ဖထီးရဲ့"

"နော်မူရေ ..."

"ဝေ ... အပါး"

ကရင်အဘိုးကြီး လှမ်းခေါ်လိုက်လို့ နော်မူအမည်ရှိ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနဲ့ ကရင်မလေး ရောက်လာတယ်။

"နော်မူ ... ဟိုတစ်နေ့က တောင်ခြေရွာထဲမှာ က,နေတဲ့ မြန်မာ အရူးကြီး နင်မြင်မဟုတ်"

"မြင်တယ် ... အဘ။ သူ က,တယ်၊ သီချင်းဆိုတယ်၊ ကလေး တွေနဲ့ ပျော်နေတာပဲဝေ။ ဘာဖြစ်လို့တုံးဝေ"

"ဒီညှိသည်က အဲဒီအရူးကြီးကို တွေ့ချင်လို့တဲ့"

"တွေ့ချင်လို့"

"ဟုတ်ပါတယ် ... ညီမ၊ အဲဒီလူကြီးကို ဘယ်လိုတွေ့ခဲ့တာလဲ ပြောပြပါလား ဟင်"

"နင် အဲ ... ညှိသည်နဲ့ ဘာတော်လဲ ဝေ"

"အသိပါ ... နှမ။ သူ့ကို လိုက်ရှာနေတာပါကွယ်"

"အရူးကြီးက အရမ်းသဘောကောင်းတယ်နော်။ ပြီးတော့ သူက အရမ်းအံ့ဩဖို့ကောင်းတယ်။ ညှိသည် ... နင့်နာမည် ဘယ်လို"

"ကိုမှိုင်းပါ ... နှမ"

"ဖိုးခွား ... ထိုင်ပါကွယ်။ နော်မူ ... ညှိသည်လေးကို စားစရာ ချပေး ဝေ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် အပါးနားမှာ ထိုင်ဝေ။ ငါ စားစရာ သွားယူခဲ့မယ်နော်"

စိတ်ထားဖြူစင်တဲ့၊ ဖော်ရွေတဲ့ ကရင်တိုင်းရင်းသားတွေကို တွေ့ရလို့ ကျွန်တော့်ဘဝ ကံကောင်းတယ်လို့ ပြောရမှာပဲ။

မကြာပါဘူးဗျာ ... အငွေ့ထောင်းထောင်း ကောက်ညှင်းပေါင်းနဲ့ မြည်းစရာတွေ ချကျွေးပါရော။

"နင် စားနော်။ အားရပါးရစား ဝေ။ ဒါ ဆတ်သားခြောက်မီးဖုတ် ဆီဆမ်း စား ..."

"မနော်မူ"

"အို ... နင် ငါ့နာမည် သိတယ် ... အံ့ရော ဝေ"

"ဖထီးခေါ်လိုက်တဲ့နာမည် မှတ်ထားလို့ပါဗျာ။ ကျေးဇူး အများကြီးတင်ပါတယ်နော်။ မနော်မူတို့တွေ့ခဲ့တဲ့ မြန်မာအရူးကြီးအကြောင်း ပြောပါဦး"

"နေဦး ... နင် ခဏစောင့်။ ငါ စောသာဖိုးကို သွားခေါ်ဦးမယ် ခဏနော်"

ကရင်မလေး မနော်မူ လှစ်ခနဲ ပြေးထွက်သွားတယ်။

"စား ... ဖိုးခွား"

"ဟုတ်ကဲ့ ... ဖထီး"

ကျွန်တော် ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်ကို ဆုပ်ယူစားပြီး မည်းတူးနေတဲ့ မြေကရားထဲက ရေနွေးခါးခါးတစ်ခွက်ကို သောက်လိုက်တယ်။

မနော်မူနှင့် ကရင်လူငယ်တစ်ဦး ရောက်လာတယ်။

"ညွှိသည် ..."

"ကိုမှိုင်းလို့ပဲ ခေါ်ပါ ... နော်မူ"

"အေး ... အေး ... ကိုမှိုင်း၊ ဟောဒီလူနာမည်က စောသာဖိုးတဲ့"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် ကိုမှိုင်းပါ ကိုစောသာဖိုး"

သူက လေးထောင့်မေးရိုးကြီးကားသွားအောင် ပြုံးရင်း ကျွန်တော် ကမ်းတဲ့လက်ကို အားရပါးရ ဆုပ်လှုပ်နှုတ်ဆက်တယ်။





"စောသာဖိုးက ကိုယ်တွေ့ပဲ ... ကိုမှိုင်း"

"ဟုတ်ပါပြီဗျာ ... ကိုစောသာဖိုးတို့၊ နော်မူတို့တွေ့ခဲ့တဲ့ အရူးလို ကြီးက ကျွန်တော့်ရဲ့ အသိပါ။ ပြောပြပါဗျာ"

စောသာဖိုးက ကရင်စကားနဲ့ မနော်မူကို ကြည့်ပြီး ပြောလိုက်တော့ နော်မူကလည်း ကရင်လို ပြန်ပြောတယ်။

ဒီမှာ ... ဖထီးကြီးက သူ့သမီးကို ကရင်လိုပြောလိုက်တော့မှ နော်မူက ထိုင်ပြီး ပြောပြတော့တယ်။

"ကိုမှိုင်း ... နင် ဘာ့အလုပ် လုပ်လဲဝေ"

"ကျွန်တော် စာရေးဆရာပါ ... နော်မူ"

"စာရေးဆရာ ... နေပါဦး ဝေ ... စာရေးဆရာဆိုတာက ဘယ် လဲဟင်။ ဟို သီချင်းတွေ၊ လင်္ကာတွေ ရေးတာလား ဝေ"

"စာရေးဆရာဆိုတာ လူတွေအကြောင်း ... တောတောင်တွေ ကြောင်း ... တောင်ယာခင်းထဲက ရွာသူ၊ ယာသမား၊ လယ်သမားတွေ ကြောင်း ... ပြီး ... လူတွေရဲ့ တော်တဲ့၊ စွမ်းတဲ့၊ ရဲရင့်တဲ့အကြောင်း လူတွေ ဒုက္ခဆင်းရဲက အသက်ရှင်အောင် ရုန်းကန်တဲ့အကြောင်းတွေ စာနဲ့ ပုံဖော်ရေးတဲ့အလုပ် လုပ်သူကို စာရေးဆရာ ခေါ်တယ် နော်မူ"

"ဒါဆို ငါတို့အကြောင်းလည်း ရေးမှာပေါ့နော်"

"ရေးရမှာပေါ့ ... ကရင်သူရဲကောင်းတွေ၊ ကရင်မျိုးချစ်တော် ရေးသမားတွေ၊ ကရင်အက၊ ကရင်လူမျိုးတို့ရဲ့ ဘဝဓလေ့ ... ဒါတွေ ည်း လေ့လာမေးမြန်းပြီး ရေးလို့ရတာ ရေးသင့်တာ ရေးမှာပေါ့"

"သြော် ... စရေးဆရာဆိုတာ အဲလိုလား ဝေ"

ဒီမှာ စောသာဖိုးက မေးတယ်။

"ကိုမှိုင်း ..."

"ပြောပါ ... ကိုစောသာဖိုး"

"ကျုပ်တို့ ကရင်မုဆိုး ဆင်လိုက်တာ အမဲလိုက်တာရော ရေး ဲလား"

"ရေးတာပေါ့ ... ကိုစောရာ၊ ဒါ အရမ်းရေးလို့ကောင်းတဲ့ စွန့် န်းတွေဗျ။ ပြောပြပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါပြောမှာပေါ့။ ဖထီးက ပိုပြောနိုင်ပေါ့ ဝေ"

"ဟင်း ဟင်း ဟင်း ဟင်း ... ငါ့အကြောင်း မပြောနဲ့ ... သာ နှင့်အကြောင်းက စာရေးဆရာ ပိုရေးကောင်းပဲနော် ဝေ"

"ခစ် ခစ် ခစ် ... ဟုတ်ပဝေ"

ကရင်မလေး မနော်မူက စောသာဖိုးကို ကြည့်ပြီး ရယ်လေရဲ့

"ကဲ ... အရှုးလိုလူကြီးအကြောင်း ပြောပါဦး ... မနော်မူ"

"ဒီလိုဟေ့ ... ငါတို့ တောင်ခြေမှာ ရှင်မိုးထိစေတီဆိုတာ တယ် ... ကိုမှိုင်း။ ဘုရားပွဲကို တပို့တွဲလဆန်း (၁၃၊ ၁၄၊ ၁၅) သုံးရ ကျင်းပတယ်။ တစ်နေ့က ဘုရားပွဲ ပြီးသွားတယ်။

ဘုရားပွဲမှာ အဆို၊ အကတွေပါတယ်ဝေ။ ကျွဲပွဲရော၊ က ဒုံးယိမ်း၊ ရုပ်ရှင်သုံးကားပေါင်း မိုးအလင်းပြတယ်။ ပြီးတော့ .. ဟိုသ က အလံတစ်ရာ၊ မွန်ဇာတ်လည်း လာကတယ် ဝေ့"

ညဘက်မှာ ငါတို့ ကရင်ရွာလေးတွေက သူ့အုပ်စုနဲ့သူ က ဒုံးယိမ်းတွေ အလှည့်ကျ ကတာပေါ့။

ကရင်ဒုံးယိမ်းဆိုတာ ခေါင်း၊ ခါး၊ ခြေလက် သွက်သွက်က စပေါင်းအက။ ပြီး ကရင်ဒုံးဝါးညှပ်အက။ ဝါးညှပ်အကက ပိုခက်တ ခြေချမှားလို့ မရဘူး။ ခြေလှမ်းမှားလို့ မရဘူး။ မှားရင် ခြေကျိုးသွာ တယ်။

ဝါးညှပ်မပါတဲ့ ကရင်ဒုံးယိမ်းအကက ပိုပြီးသွက်တယ်။

မျက်နှာအပင့်၊ အလှည့်၊ ခါးအယူအလှ၊ လက်အယူအလှနဲ့ အသွား အပြိုင်ကရတာ၊ ခြေအကျ အလှအမြောက်လည်း လှပစနစ် ရတယ် ဝေ။

အဲဒီညက လပြည့်နေ့ည ဝေ။

ဆုချီးမြှင့်တဲ့ ညပေါ့။ ငါတို့ ဒုံးယိမ်းအဖွဲ့တွေ နောက်ဆုံး မှာ ငါတို့ ကျွဲချိုကော့ရွာက အကပထမရတယ်။ ရွှေကျင်ရွာက ဒုတိ တာပေါ့။ ပရိသတ်ကလည်း စည်ကားတယ်နော်။

ဆုချီးမြှင့်ပွဲနဲ့ ပြိုင်ပွဲကို တောင်ခြေက ကွင်းထဲမှာ ကျင်းပ ဈေးသည်တွေလည်း နယ်ရွာ၊ နယ်မြို့ကပါ လာကြတာဆိုတော့ စည်ပေါ့။

ဆုချီးမြှင့်ပွဲပြီးတော့ ...





ရှမ်းအိုးစည်ဝိုင်းက ဓားသိုင်းအက၊ တိုးနယားအကနဲ့ ညှော်ခံတာ ကိုး။ ရှမ်းပင်နီ၊ ရှမ်းဘောင်းဘီအရှည်၊ ရှမ်းတိုက်ပုံကိုယ်စီနဲ့ ရှမ်းအိုးစည် ည်ကြိုး လွယ်ပြီး ရှမ်းမောင်းသံ တညံ့ညံ့နဲ့ ကပုံကလည်း ဗေထုံသံနဲ့ မှိုင်မှမြိုင်ပဲ စာရေးဆရာ။

ဓားသိုင်းကတဲ့ ရှမ်းကြီးကလည်း ဓားကို ဝှေ့ကာဝဲကာ ခြေနဲ့ သက်ကို ယိမ်းကာနွဲ့ကာ မြှောက်ကာ နွဲ့ကာနဲ့ ကြည့်တဲ့သူတိုင်း သဘော ကျပဲ။

နောင် ... နောင် ... နောင် ဗိန်နောင် ဆိုတဲ့ ရှမ်းအိုးစည်တီး သံက လူတွေကို ကျူးလာနွဲ့ကာ ကချင်စိတ်ကို ဖြစ်နေသလို၊

ကရင်ဒုံးအကနဲ့ အဆိုအတီးပြိုင်ပုံကျတော့ ခုန်ကာပေါက်ကာ နွဲ့ကာ မြှောက်ကာ ကချင်စိတ် ဖြစ်တယ် ဝေ။

ငါတို့တိုင်းရင်းသားတွေရဲ့ အကတွေဟာ စိတ်ညစ်သူကို စိတ် ညစ်တာတွေ ပျောက်ပြီး ချက်ချင်း ပျော်ရွှင်စေတာပဲ ဝေ့။

ရှမ်းအိုးစည်ဝိုင်းပြီးရော ...

မြန်မာ ဒိုးပတ် အဆိုအတီးအကနဲ့ ဖြေဖျော်ကြတာကိုး။

ဦးရွှေရိုးအကနဲ့ ဝေ့။ ဘာတဲ့ ... ဒေါ်မိုးဆိုတဲ့ မိန်းမကြီးလည်း ပါတယ်။ နှစ်ဦးအပြိုင်က မျက်နှာပြောင်ပြီး ကကြတာဟေ့ ...

ရယ်စရာ ... စာရေးဆရာ။

ဒါပေမဲ့ ဦးရွှေရိုးအက ကတဲ့လူက အသောက်များသွားသနဲ့ တူ ... မကနိုင်ဘဲ ပုသိမ်ထီးကြီးနဲ့ လဲနေပါရော။

သူလဲပြီး မထနိုင်လေ ပရိသတ်က သဘောကျလေဟေ့။

ဒေါ်မိုးလုပ်သူက လဲနေတဲ့ ဦးရွှေရိုးရဲ့လက်ကို ဆွဲပြီး ထူရော နိုင်တာပဲဟ။ ဦးရွှေရိုးထီးတောင် မကိုင်နိုင်ဘူး။ လဲပြန်ရော။

"ဦးရွှေရိုး ... ထပါဗျ ... မြန်မြန်ထကပါ"

"ဒေါ်မိုးက ဆွဲထူပါ ... ထူပါ ..."

"ဦးရွှေရိုး ... နောက်တစ်ပုလင်း ပေးမယ် ... ထပါဗျို့"

ဦးရွှေရိုးကြီးက နောက်တစ်ပုလင်းလို့ အသံကြားတော့ လဲနေ ... လက်ထောက်အားယူပြီး မှန်မပါတဲ့ မျက်မှန်ကြီး ပင့်လို့ အော်ပြော သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ..."

"နှစ်ကယ်ဗျို့ ... နှစ်ကယ်။ ဆင်ပေါင်ပြုတ်ကြော် အမြည်းပေးမယ်။ ထကပါဗျို့"

ဒေါ်မိုးလုပ်တဲ့ မိန်းမရှာကြီးကတော့ ဒိုးပတ်သံအတိုင်း လှုပ်ကာတွန့်ကာ၊ မေးထိုးက လျှာထုတ်ကာက နေပါ ဝေ။

ဦးရွှေရိုးက ပုလင်းသံကြားတော့ အားယူထပေမင့် မရရှာဘူး ဝေ။ မြေကြီးကို မျက်နှာနဲ့ နမ်းပြီး အိပ်နေပါရော။

ဒီအချိန်မှာပဲ လူကြီးတစ်ဦးက ဒိုးပတ်ဝိုင်းထဲ ဝင်လာပြီး ကတာပေါ့။

"ဝေး ... ဒါမှ ဦးရွှေရိုးကွ"

"ဦးရွှေရိုးအစစ် လာပြီဟေ့"

"ဒီဦးရွှေရိုးက နှုတ်ခမ်းမွေး အစစ်ဟေ့"

"ဦးရွှေရိုးကွ ... ရေမရောတဲ့ ဦးရွှေရိုးဟေ့"

"ရှိုး ... ရှိုး ..."

"ဖြောင်း ဖြောင်း ဖြောင်း ... ဝေး လား လား လား"

စာရေးဆရာ ဒိုးဝိုင်းထဲဝင်လာတဲ့ အဘိုးကြီးက အသက်ကြီးပြီပေါ့။ ဆံပင်ရှည်တွေက ကုပ်ပေါ်မှာ ဆောက်လို့။ မျက်နှာက ဆယ်ပြားစေ့လို လေးထောင့်။ မသိရင် ငါတို့ ကရင်အဘိုးကြီးလို မေးရိုးနဲ့။

နှုတ်ခမ်းမွေး ဖြူဖြူမည်းမည်း ထူကြမ်းကြီးက ပါးစပ်ထဲကို ကုပ်ဝင်ပြီး ကွမ်းတံတွေးတွေ ပေလို့ ဝေ။

ဖျင်ကြမ်းတိုက်ပုံ ကွမ်းတံတွေးပေ ရင်ကွဲနဲ့ ဟေ့။

အတွင်းစွပ်ကျယ် ပေါက်ပြဲနေတော့ ရင်ဘတ်ပေါ်က အင်းကွက်တွေကိုပါ မြင်နေရပါကော ဝေ။

ပုဆိုး ကချင်ကွက်ကတော့ အောက်နားတွေ ကွဲလို့။ ယောဂီရောင်လွယ်အိတ်ဖောင်းဖောင်းကြီး စလွယ်သိုင်းလွယ်ပြီး လဲနေတဲ့ မူလဦးရွှေရိုးရဲ့ ပုသိမ်ထီးအရွက်မပါ ကိုင်းချည်းပဲကိုကောက်ယူ ပခုံးပေါ်မှာ လှည့်လို့ကတာ ပေါ့။

ကလေးတွေရော၊ လူကြီးတွေရော သဘောတွေကျ လက်ခုပ်တီး။





ရှမ်းအိုးစည်ဝိုင်းနဲ့ ကရင်ဒုံးအဖွဲ့တွေကလည်း သဘောကျလို့ ဝိုင်းအားပေး။ ကြည့်စမ်းပါဝေ ... စာရေးဆရာရေ ... နှုတ်ခမ်းမွေးကားကားကြီးကို တွန့်ကာတွန့်ကာ လုပ်ပြီး ခပ်သွက်သွက်ကပုံနှယ် မူလဦးရွှေရိုးထက် အများကြီးသာပဲ ဝေ"

တင်ပါးကို ကောက်ပြီး လှုပ်ပြရော။

တဝါးဝါးနဲ့ ရယ်လိုက်ကြတာနှယ် ကွင်းကို ညံ့သွားတာပဲ။

အမ်မယ် လုပ်ပြလိုက်သေးဝေ။

ဘယ်ကမှန်းမသိတဲ့ အရူးလိုလို မျက်နှာပြောင်ချော်ချော် အဘိုးကြီး ဒိုးဝိုင်းထဲဝင်လာတော့ ဒေါ်မိုးလုပ်တဲ့ မိန်းမလျှာကြီးလည်း အံ့အားသင့်နေသလိုပေါ့ ဝေ။ ဒိုးဝိုင်းအဖွဲ့က အတီးသမားတွေကတော့ အရမ်းပျော်သွားကြတာပေါ့နော။

သူတို့ဦးရွှေရိုး အသောက်များပြီး မကနိုင်လို့ အရှက်ရပြန့်တုန်း ဘယ်ကမှန်းမသိတဲ့ အဘိုးကြီးက အကျော့စား ဝင်ကပြတော့ ဝမ်းသာပြီး ...လိုက်တာနှယ် ညံ့နေတာပဲ။

ကြည့်စမ်းဝေ ...

ဒေါ်မိုးရဲ့လက်ကို ဆွဲပြီး ရင်ချင်းအပ်၊ မျက်နှာချင်းပါးချင်းကပ်ပြီး ...ပြိုင်လှုပ်ကပြရော လက်ခုပ်သံတွေ လျှံသွားတာပဲ။

ဒေါ်မိုးလုပ်သူလည်း ဝမ်းသာသွားပြီပေါ့ ဝေ။

ကြည့်ဝေ ... ရင်ချင်းအပ်၊ ပြီး ကျောချင်းကပ်၊ တင်ပါးချင်း ...ပေါက်ပြီး အရှင် အလဲအမှောက်ဟန်နဲ့ လုပ်ပြတော့ တဝါးဝါးနဲ့ဟေ့။

လူသစ် အဘိုးကြီးက မထနိုင်သေးတဲ့ ဦးရွှေရိုးရဲ့ မှန်မပါတဲ့ ...မှန်ကြီးကောက်တပ်ပြီး မျက်ခုံးပေါ်လက်တင်၊ ထီးကို ပခုံးပေါ်မှာလှည့်၊ ...ကိုကုန်းပြီး သူတင်ပါးကို နောက်ကော့ပြီး နှုတ်ခမ်းမွေးကြီး တွန့်ကာရွဲ့ကာ ...စား ...

ကစားရင်း ပရိသတ်နားတိုးလာပြီး ကရင်အဘွားကြီး ဒေါ်နော်ကူး ...ရှေ့မှာ နှုတ်ခမ်းမွေးတွန့်ပြရော တဝါးဝါးဟေ့ ...

ဒီမှာ ဦးရွှေရိုးလူသစ်အဘိုးကြီးကိုရော၊ ဒေါ်မိုးကိုရော ဆုတွေ ...တာပေါ့။ သူ့ အဘိုးကြီးတိုက်ပုံရင်ဘတ်မှာ ငါးကျပ်တန်၊ ဆယ်တန်၊ ကျပ် ...တန်တွေကို သီးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆုချလေ . . . ဒိုးဝိုင်းကတီးလေ . . သူတို့က အမြိုင်ကလေ . .

မူးပြီး မြေကြီးမျက်နှာအပ် အိပ်ပျော်နေတဲ့ မူလပထမခွေးတံဆိပ် လက်ဟောင်းကြီးကို ဝိုင်းသားအချို့က မ,ယူထုတ်လိုက်တော့ အကင်္ကျ ကျယ်သွားတာပေါ့။

ဟော . . . ကြာတော့ . . . ဒေါ်မိုးလုပ်တဲ့မိန်းမလျာ မောလာပြီး မကနိုင်တော့ဘူး။ ဟော့ . . . အာဂလူကြီးပါလားဗေ့။

သူ မမောဘူးဟေ . . .

အတီးသမားတွေလည်း လက်တွေနာနေပြီဟဲ့။

ဒီနဲ့မှတ်တဲ့ လူလည်း မျက်လုံးပြူးနေပြီကော။

ဒီမှာ အရှုးလိုလို ဦးရွှေရိုးအသစ်ကြီးက သီချင်းတစ်ပုဒ်ကောက် ဆိုပါရော။

"အတာ × × × အတာ × × × အရိပ်ကိုနင်းပါလို့ မင်းဘယ်ကလာ"

ဝေ . . . အကျိုးနည်းလူကြီးပါလား နော။ အသံဝါဝါကြီးနဲ့ ဟစ်တာ ဟဲ့။ ဒိုးဝိုင်းကလည်း ပါးနပ်တော့ သံပြိုင်လိုက်ဆိုကြပါရော။

"အတာ × × × အတာ × × × အရိပ်ကိုနင်းပါလို့ မင်းဘယ်ကလာ"

ဝိုင်းက သံပြိုင်ဆိုပြီးရော သူက ဆက်ဆိုတယ်ဝေ။

"သဗ္ဗေ သတ္တာ ဝေနေယျာ မာပါစေရဲ့လေး × × ×"

ဝိုင်းကလည်း သံပြိုင်ဆိုတယ်။

"သဗ္ဗေ သတ္တာ ဝေနေယျာ မာပါစေရဲ့လေး × × ×"

"မင်း အမေ × × × မင်းအမေ × × × တင်ဆုံကြီး လှည်းလုပ်လို့စီး"

ဒိုးဝိုင်းက သံပြိုင်ဆိုကြတယ်ဗေ့။

"မင်း အမေ × × × မင်းအမေ × × × တင်ဆုံကြီး လှည်းလုပ်လို့စီး"

ဒီမှာပဲ အရှုးလိုလူကြီးက ပညာပြတာပဲလား မသိဘူးဝေ . . . သီချင်းကို ပြောင်းဆိုပြီး က,တာဝေ့။ ညှော်သည်ရေ . . . ငါတို့ကရင်တွေ လည်း မြန်မာဇာတ်တွေ၊ ရုပ်သေးတွေ၊ အငြိမ့်တွေ ကြည့်ဖူးတော့ . . . မြန်မာသီချင်းတို့၊ ငိုချင်းတို့ကို အလွတ်ရနေတာပဲဝေ။

လူကြီးက သံပြိုင်အဆိုအနေအထားကနေ သီချင်းပြောင်းတာ ဒီလိုဝေ။





"အတုလေးရယ်နဲ့ × × × ယှဉ်ကာပြိုင် ယှဉ်ကာပြိုင် × × ×"

အလိုလေးဝေ . . . ဒိုးဝိုင်းကလည်း မညံ့ပါလားဝေ။ အဘိုးကြီး သီချင်းပြောင်းရော နဲ့ဆရာကလည်း အဘိုးကြီးဆိုတဲ့သီချင်းကို လိုက်မှတ် ပါရောလားဝေ။

"အတုလေးရယ်နဲ့ × × × ယှဉ်ကာပြိုင် ယှဉ်ကာပြိုင်
ပန်းမွှေ့ရာ ရွှေကော်ဇော × × × ရောနှောလို့ထိုင် × × ×"

ကပုံကလည်း အခန့်က,တာဝေ . . . ဟန်ကလည်း ကောင်းမှ ကောင်း။

"ပျိုတိုင်းကြိုက်ပါတဲ့ × × × နှင်းဆီခိုင် × × × နှင်းဆီခိုင် × × ×"

"ဘာတဲ့တုံး . . . မင်းသားကြီး ဦးရွှေရိုးရေ . . ."

"တောင့်ထား . . . တောင့်ထား . . . တောင့်ထား . . ."

"စွယ်စုံရတဲ့ . . . လူကြီးကွ"

"ပေါ့သေးသေး မဟုတ်ဘူးနော်၊ လျှော့မတွက်ကြနဲ့"

ဝေဖန်သံတွေ ပရိသတ်ထဲက ထွက်လာတယ်။ ကရင်အဘိုးကြီး အဘွားကြီးတွေလည်း အဘိုးကြီး တော်တယ်ဝေ . . . ပြောကြပြီ။

"ပျိုတိုင်းကြိုက်ပါတဲ့ × × × နှင်းဆီခိုင် × × × နှင်းဆီခိုင် × × ×
ခွင်လုံးပိုင်တဲ့ × × × ဝိုင်းတော်သား × × × ဝေးရာကာရှား × × ×"

နဲ့နဲ့ ဦးရွှေရိုးအသစ်နဲ့ အပြိုင်ဆို၊ အပြိုင်မှတ်၊ အပြိုင်ကပဲ ဝေ။ လူကြီးက ဒီတစ်ခါ နတ်ကတော်ကတဲ့ဟန်နဲ့ ဆိုလာပုံက . . .

"ဖမ္မူဒီပါ ဟိုအရင်အဟောင်းရယ်နဲ့ × × ×
မတူပြီတစ်ခါ သဘင်ပထမကောင်းစေဖို့ × × ×"

ပရိသတ်တွေ ငြိမ်သွားကြပါရောဟေ့။ သူဆိုနေပုံက မင်းသား ကြီးဆိုဟန်နဲ့ သီချင်းကို နံဘေးတစ်ပြီး ဟစ်နေတာကို ဝေ။

"ကူညီညာ × × × အိုလေ မှိုင်းမပါ × × ×
ကူညီညာ × × × စောင့်လေးစောင်မပါ × × ×"

ညှော်သည်ရေ . . . ဒိုးဝိုင်းကလည်း နတ်ဒိုးတီးသလိုတီး၊ လူကြီး ကလည်း အပျိုတော်များ ပွဲဦးမှာကသလို နွဲ့ကာ မြှောက်ကာ ကတာ ဝေ အတီးရော၊ အဆိုရော နတ်ဒိုးသံတွေနဲ့ ပြိုင်ပြီး မြိုင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"မြို့တော်ကို အရှင်စောင့်တယ် ×××

"မင်းသားကြီးရေ ... ဘာတဲ့တုံးဗျ"

ဟစ်လိုက်တဲ့အသံက ကြည့်နေတဲ့ လူအားလုံးရဲ့ရင်ကို တုန်ခါသွားစေတယ် ဝေ။

"ရွာတော်ကို သခင်စောင့်တယ် ×××

ဒိုးဝိုင်းကလည်း သံပြိုင်လိုက်ဆိုကြတယ် ဝေ။

"ရွာတော်ကို သခင်စောင့်တယ် ×××

ဝိုင်းလေးလေး ×××ဝိုင်းလေး ×××စောင်မပါ ×××"

လူကြီးက နတ်ကတော်ကကြိုးနဲ့ ငွေကာပိုက်ကာ ကပြနေတာ ဝေ။ လူမိန်းမမင်းသမီး ကနေသလားမှတ်ရပါရော။ ကရင်းနဲ့ ပြောသဝေ။

"...ဝေ ...ငါ့ရဲ့ ကရင်ဆွေမျိုးတွေ၊ မြန်မာဆွေမျိုးတွေ၊ မွန်ဆွေမျိုးတို့ရေ ...ဘုရား၊ တရား၊ သံဃာ ...ရတနာသုံးပါး မြဲမြဲကြဝေ။ အနန္တော အနန္တငါးပါး မပြစ်မှားနဲ့၊ မစော်ကားနဲ့။ ဝိဇ္ဇာမိုရ် အောင်မင်းခေါင် ပြောတဲ့စကား မှတ်ထားဟဲ့။ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စားပြီး ကျန်တဲ့ငါးမှ ဘုရားမ,မယ်တဲ့"

ဒီစကားကို အရှူးတိုက်ပုံဖျင်ကြမ်းနဲ့ ဘအိုကြီးက ဂျာကင်အကျႌ အညိုရောင်ဝတ်ထားတဲ့ လူတစ်ဦးရဲ့ ရှေ့မှာရပ်ပြီး ပြောနေတာ။ ဂျာကင်နဲ့လူက ဦးထုပ်ကို ဆောင်းထားပြီး၊ စီးကရက်တစ်လိပ်ကို ခဲလို့ အရှူးကြီးက,နေတာကို ကြည့်နေတာကိုး။

အဲဒီလူကလည်း အရှူးကြီးကို စိတ်ဝင်တစား ကြည့်နေတာဝေ။ ဒီပြင်လူတော့ မပြောတတ်ဘူး၊ ငါကတော့ လေ့လေ့လာလာ ကြည့်တတ်တဲ့သူဆိုတော့ ကြည့်ရင်း သိတာပေါ့နော်။

ဂျာကင်နဲ့လူကို ကြည့်ပြီး ပြောသလို၊ အများကို ကြည့်ပြီးတော့လည်း ပြောနေတာ။ ဂျာကင်နဲ့ လူကိုတော့ သိသိသာသာ ပြောနေတာ။

"...ဒုစရိုက်ကိုရှောင် ...သုစရိုက်ကို ဆောင်ဟေ့ ...

"...ကောင်းတဲ့ကံ အလုပ်ကို လုပ်ရင် ကောင်းတဲ့ကံက အကျိုးပြန်ရမယ်ဟေ့"





"...မကောင်းကံ ဒုစရိုက်အလုပ် လုပ်ရင်တော့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝ သေပြီးရင် ရောက်မှာဟေ့"

"...မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ...ဒီတရားတို့ ဂေါတမဘုရားဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားပဲကွ။ လူအချင်းချင်း နှိပ်စက်ခြင်းကင်းဝေးကြ၊ လူ့အချင်းချင်း ချစ်ခင်ရိုင်းပင်းခြင်း၊ မိုးလင်းတာနဲ့ လုပ်ကြ။ အဲဒါမှ မင်းတို့ကို ဘယ်သူတွေက စောင့်ရှောက်မလဲဆိုတော့ ...

ရွာစား ...နဲ့ဆရာရေ ...

"မြို့တော်ကို ...အရှင်စောင့်မယ်ဗျာ ..."

"ရွာတော်ကို ...သခင်စောင့်မယ် ..."

"ဝိုင်းလေးလေး ...ဝိုင်းကာမမယ် ...ဝိုင်းလေး ဝိုင်းကာ မ,မယ်ဗျ ...ဟေ ..."

အရှူးလို တိုက်ပုံရင်ကွဲနဲ့ လူကြီးဟာ နတ်ဒိုးနဲ့ က,ရင်းကနေရင်ဘတ်ပေါ်မှာ ဆုချချိတ်ထားတဲ့ ပိုက်ဆံတွေ ဖြုတ်ပြီး ကရင်အဘွားအို၊ မြန်မာအဘိုးအို၊ မွန်အမယ်အို သက်ကြီးတွေကို လိုက်ဝေပေးတယ်။ သက်ကြီးတွေရဲ့ 'မင်းသားကြီး ကျန်းမာချမ်းသာပါစေ'။ 'ဦးရွှေရိုးကြီး ကျန်းမာချမ်းသာပါစေ ...' ဆိုတဲ့ ဆုတောင်းမေတ္တာစကားတွေကို ကြည့်နေသူတွေ ကြားရပြီး အရှူးလိုလူကြီးကို ပိုလေးစားသွားကြတာပေါ့ ဝေ။

အရှူးလို အဘ အဘိုးကြီးက ဒိုးဝိုင်းကို ပိုက်ဆံအတော်များများ ဆုချတော့ ဒိုးသမားတွေက ဝမ်းသာလွန်းလို့ လက်အုပ်ချီပြီး အဘ ကျန်းမာချမ်းသာပါစေတဲ့။

ဒီမှာ တိုက်ပုံရင်ကွဲ အဘိုးကြီးက ဖတ်ကန်ထရိုက်တစ်ဦး ဆုချသွားတဲ့ ငွေတစ်ရာတန် တစ်ရွက်ကို ကိုင်ပြီး ရခိုင်လူမျိုးများ ကျင်ကိုင်ပွဲမှာ ဆုချီးမြှင့်ခံရရင် ပရိသတ်ကို လှည့်ပြီး လက်နှစ်ဖက်ဆန့်၊ ကွေး,က,သလို ဝိုင်းထဲမှာ လိုက်လှည့်က,ရင်း သူ့စွန့်ကြဲပေးကမ်းရမည့်သူကို လိုက်ကြည့်နေတယ်ဝေ။

ဒီမှာပဲ ဦးထုပ်ဆောင်းထားပြီး စီးကရက်ဖွာနေတဲ့ ဂျာကင်နဲ့ လူရှေ့ရောက်ရော ရပ်လိုက်ပြီး ဆတ်ခနဲ ဦးထုပ်ကို မ,လို့ ငွေတစ်ရာတန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွက်ကို သူ့ခေါင်းပေါ်တင် ဦးထုပ်နဲ့ ပြန်အုပ်ပြီး လူအုပ်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားခဲ့တယ်။

မြန်လိုက်တာနယ် ... ညွှံ့သည်ရေ ...

ဦးထုပ်ဆောင်းဂျာကင်နဲ့လူလည်း အံ့သြပြီးရှိရာက ဦးထုပ်ကိုမပြီး ငွေတစ်ရာတန်စက္ကူကို ကိုင်ပြီး ဘာလုပ်ရမှန်းမသိ။

လူပရိသတ်တွေကတော့ ငွေတစ်ရာတန်ကြီးများတောင် ရသွားတဲ့ ဂျာကင်နဲ့လူကို ကြည့်ပြီး ...

ကံကောင်းတယ်ဟေ့လို့ ဝိုင်းပြောကြ။

အဘိုးကြီး ဆုရတဲ့ငွေက မနည်းဘူးညွှံ့သည်။

ရတာအားလုံး ပြန်ပေးသွားတာကို ကြည့်ပြီး လူတိုင်းက ချီးကျူးကြတယ်။ ဒီလိုလူမျိုး ငါတို့ အရင်က မတွေ့ဖူးဘူး။ အခုမှ တွေ့ရကြုံရပြီး အံ့သြလေးစားရတာ ပေါ့။

ခု သူ ပွဲကြည့်ပွဲလာ ပရိသတ်ကြားထဲ တိုးဝှေ့ပြီး ပျောက်သွားပြီ။ ဒီမှာ ဦးထုပ်ဆောင်း ဂျာကင်နဲ့လူက သောက်လက်စစီးကရက်ကို မြေပြင်မှာ ထိုးချေပြီး ရာတန်ငွေစက္ကူကို ကိုင်လို့ ဥဒဟို သွားလာနေတဲ့ ပရိသတ်အထဲ ခပ်မြန်မြန် တိုးဝင်သွားတယ်။

ကြည့်ရတာ ဟိုအရူးလိုလူကြီးကို ပိုက်ဆံပြန်ပေးမလို့ပဲလား။ ဒါမှမဟုတ် သူ့မိသားစု သူငယ်ချင်းတွေကို ဝမ်းသာအားရကျွေးမွေးဖို့ သွားသလား ငါတို့ မသိဘူးပေါ့။

ငွေတစ်ရာဆိုတာ ညွှံ့သည်သိတဲ့အတိုင်းပဲ။

ငါတို့ ကရင်ရွာမှာတော့ တစ်လသုံးလို့ရတဲ့ ငွေပဲပနော်။

သူ့ ဘာကြောင့် ပိုက်ဆံကို မနှမြောလဲဟင်။

✿ ✿ ✿

# [၂၀]

❑

ငါတို့ဒေသ ဘုရားပွဲပြီးသွားသည့်တိုင် ညဘက် လသာသာ စကား…ဆုံရင် ဒီအရူးလို ဖျင်ကြမ်းတိုက်ပုံရင်ကွဲဝတ် လူကြီးအကြောင်း ပြောဖြစ်ကြတယ်။

ငါတို့ကရင်စုက ကရင်အဘွားအိုတွေကဆို သူ့ကို အရူးလို့မပြောကြဘူး၊ သူတော်ကောင်းကြီးလို့ ပြောကြတယ်။

တစ်နေ့ ငါတို့ ရိုးမတောင်ပေါ်ကို တက်ပြီး ဝါးကောင်းကောင်းရှာကြတယ်။ ယောက်ျားတွေရော၊ မိန်းမတွေရောပေါ့။

သုံးယောက်တစ်စု၊ ငါးယောက်တစ်စု ဝါးရှာသူရှာ၊ ဆေးပင်ဆေးမြစ် ရှာသူရှာ။

ကံဆိုးချင်တော့ ချုံထဲမှာအိပ်နေတဲ့ကျားက လူသံကြားလို့ လိုက်ချောင်းတာ ငါတို့ကမသိ။

ငါတို့နဲ့ပါလာတဲ့ ခွေးက ကျားနံ့ရပြီး မြေပြင်မှာ ဖင်တရွတ်ဆွဲအိန့်ဂိန့်ဖြစ်ပြီး အော်မှ ငါတို့ မသင်္ကာဖြစ်ကြတာ။ အဲဒီမှာ ကျားက ဝေါင်း…ဝေါင်းခနဲ ဟိန်းပြီး ထွက်အလာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျားသံကြားကတည်းက ပြေးသူ ပြေးကြပြီဝေ။

ကျားနဲ့ ပက်ပင်းဆုံနေတာက ငါရယ်၊ နော်စောလူးရယ်၊ အမိုး
ကြီး နော်ဖွားထောရယ်ပဲပေါ့။ ပြေးမလွတ်မှန်းသိတော့ အမိုးကြီးနော်ဖွား
ထောက ဓားမကြီး လက်နဲ့ဆုပ်မြှောက်ပြီး ကျားကိုဟန့်လို့ ငါတို့ကို နောက်
ဆုတ်စေတယ်။

ကျားဟိန်းသံကြားကတည်းက ပြေးသူပြေး ခေါ်သူခေါ်၊ အော်
သူအော်နဲ့ အသံတွေ ဆူဝေကြပေါ့ဝေ။

ငါတို့က နောက်ကိုဆုတ် . . .

ကျားက အမြီးကြီးယမ်းပြီး ဟဲခနဲ ဟဲခနဲ ပါးစပ်ဖြဲ တစ်လှမ်းချင်
လိုက်။ အမိုးကြီးက သတ္တိကောင်းတယ် . . . ညှော်သည်ရဲ့။

ဓားမကြီးမြှောက်ပြီး ကျားမျက်လုံးကို ကြည့်ရင်း ပြောနေတယ်။

"တောကောင်ကြီး . . . နင့်ကို ငါတို့ ရန်မလုပ်ဘူး ဝေ

ငါတို့ကို မကိုက်ပါနဲ့နော . . .

ငါတို့ နင့်ကို ကြောက်ပါတယ် နော . . ."

ပြောရင်းဆုတ်၊ ဆုတ်ရင်းပြော အသံလည်း တုန်နေပြီ။

ကျားဆိုတဲ့ကောင်က ကြောက်ပြီးပြေးရင် ခုန်အုပ်တာညှော်သည်
ကျားကလည်း လူများရင် ရှိန်တယ်။ ဘယ်သူ့ကို ခုန်အုပ်ရမလဲဆိုတာ
ကျားက ချောင်းနေတာ။ လူအဟန့်ကောင်းရင် ကျား အရမ်းဝင်မဆွဲရဲဘူး။

ငါတို့ရွာသား ကရင်သစ်ခုတ်သမား စောပွယ်လားဆိုရင် ကျားကို
တစ်ဦးချင်း ရင်ဆိုင်လှံနဲ့ထိုးသတ်တာ။ စောပွယ်လား မရှိလို့ပေါ့၊ ရှိရင်
ခုနေ လှံနဲ့၊ ဓားနဲ့ ဝင်ခုတ်ပြီး ငါတို့ကို ကယ်မှာပေါ့။

ငါတို့က အရေးရှိရင် မကြောက်ကြဘူး။

သေခါမှသေရော ရင်ဆိုင်ရှင်းလေ့ရှိတယ်။

ငါတို့သုံးဦး ဓားသုံးလက်နဲ့ မြှောက်၊ ဟန့်ပြီး ဆုတ်နေတုန်း ကျား
က ဝပ်ပြီး မြေကြီးကို အမြီးနဲ့ ပုတ်ပါရောပေါ့။ အဲဒါ ပြဿနာဟ။

ကျားဆိုတဲ့တောကောင်ဟာ အစာကို ဖမ်းတော့မယ်ဆိုရင် ခုလို
ပဲ မြေပြင်မှာကပ်ပြီး မြေကြီး အမြီးနဲ့ သုံးလေးကြိမ် ပုတ်တယ်။ ပုတ်ပြီး
ရင် သားကောင်ကို ပြေးခုန်အုပ်ရော။

သူ့ကိုယ်လုံးနဲ့ သူ့လက်ကြမ်း၊ ခွယ်ကြမ်းနဲ့ အုပ်မိ၊ ကုပ်မိရင်
စိုင်၊ ပြောင်လို သားကောင်တောင် ပြေးမလွတ်ဘူး။





လည်ပင်းကိုခဲပြီး ကုပ်ကြောကို အစွယ်နဲ့ ကိုက်ဖြတ်သတ်တယ်။
လူဆိုရင် ကုပ်ကနေချီပြီး လွှားခနဲပြေးတာ။

"ဘုတ် . . . ဘုတ် . . ."

"သတ်ထား ဝေ"

"ဘုတ် ဘုတ် ဘုတ်"

"ဝုန်း . . ."

"ဝေါင်း . . ."

"အမယ်လေး . . . ဟုမ်းနတ်ကြီး ကယ်တော်မူပါ . . ."

ငါတို့ ကျွန်းပင်နိမ့်ဘေးကို လွှားခနဲ ပြေးဝင်ကပ်လိုက်ချိန် ကျားကြီး
ရဲ့ ဆူးဆူးဝါးဝါး ဟိန်းသံနဲ့အတူ ငါတို့သုံးယောက်ထဲက တစ်ယောက်တော့
ကျားလက်ကြား၊ ပါးစပ်ကြား ပါသွားပြီလို့ ထင်ပြီး ချောင်းကြည့်ချိန်မှာ
ပဲ . . .

"ကျား . . ."

"ဟင်"

"ဟယ်"

"အမယ်လေး . . . အမယ်လေး နော် . . . ဘုရားရေ . . ."

ညှော်သည်ရေ . . . ကညင်ပင်ကြီးရဲ့ ကိုင်းပေါ်ကနေ လူတစ်ဦးခုန်
ချလိုက်တာဝေ . . . မြတ်စွာဘုရား . . . ကျားသားမိုးကြိုး . . .

ခုန်အုပ်ဖို့ ဝပ်ပြီး အမြီးပုတ်အားယူနေတဲ့ ကျားရဲ့ခါးပေါ်ကို လူ
တစ်ဦး ခုန်ချလိုက်တာ . . .

ကျားဟာ ခါးနာပြီး ကျယ်လောင်စွာဟိန်းလို့ လန့်ပြီး နောက်ပြန်
ကျွမ်းပစ်လိုက်တာ ဝေ။ ကျား မြေကြီးပေါ်အကျ သစ်ပင်ပေါ်က ခုန်ချတဲ့
လူက လေးထောင့်သံဖြူပုံးခန့် သစ်တုံးပြတ်ကို ကောက်မ,ပြီး ကျားရဲ့
မျက်နှာရှိရာကို ပစ်လိုက်တာ . . .

"ဖောင်း . . . ဖောင်း . . ."

"ဝေါင်း . . . ဟိန်း . . . ဂရား . . ."

ကျားကြီးရဲ့နှာခုကို သစ်တုံးထိပြီး အသံကုန်ဟိန်း၊ မြေပြင်မှာ လူး
လွန့်ဒေါသတွေ ဖြစ်နေတာ ဝေ။



www.burmeseclassic.com

www.burmeseclassic.com



ကျားတို့ ကြောင်တို့ဟာ နာခေါင်းကို ရိုက်မိ၊ ထိမိရင် အသည်းနိုက်မျှ နာကြင်ပြီး လူးလိမ့်ပြေးတာ။ ကြောင်ဆိုရင် နာခေါင်းနဲ့မြေကြီး သံမံတလင်း၊ ပျဉ်ပြား တော့ပွတ်ချရင် နာကျိုးပြီး သေရော။

ငါတို့ကလည်း မကြောက်တော့ဘဲ အံ့သြနေကြတာဝေ။

ကြည့်စမ်းပါ ဝေ . . . ကျားနာခေါင်းနဲ့ ပါးစပ်မှာ သွေးနဲ့ မြေကြီးတွေ၊ အမှိုက်တွေ ပေကျံပြီး လူးလိမ့်အော်ဟစ် တွေ့ရာ၊ မိရာ ကုပ်ခြစ်နေတာ။

ဟိုလူခုန်ချလို့ ခါးကျိုးသွားသနဲ့ တူရဲ့ဟေ။ ကျားကြီးက ခါးကော့ပြီး လူးလွန့်လိုက်၊ ကုန်းထလိုက်၊ ဒေါသထွက်ပြီး ဟိန်းလိုက်၊ ကုတ်ခြစ်လိုက်။ ခါးကော့ပြီး လူးလိုက်၊ လိမ့်ပြေးမလို လုပ်လိုက်၊ ရန်ပြုဖို့ ခါးကျိုးနဲ့ ရှေ့တိုးမလို့အလုပ် သစ်ပင်ပေါ်က ခုန်ချတဲ့လူက သစ်တုံးကိုပြန်ကောက်လို့ ပစ်မလို့ လုပ်နေတုန်းအချိန်မှာပဲ . . .

"ဝိုး . . ."

"ဖွပ် . . ."

"ဂရား . . . ဝေါင်း . . . ဂရား . . . ဂဲ . . . ဂဲ . . . ဂရီး . . ."

"ဟယ် . . ."

သစ်တုံးကြီးမြှောက်ပြီး ချိန်နေတုန်းမှာပဲ လုံရှည်တစ်ချောင်းက ကျားနာကြီးရဲ့ လက်ပြင်နောက်ကို အရှိန်နဲ့ စူးဝင်သွားတာဝေ။

ကျားနာကြီးရဲ့ တဝေါင်းဝေါင်း တဟိန်းဟိန်း အော်ဟစ်ရုန်းကန်သံ၊ ကုတ်ခြစ်လူးနေချက်ကြောင့် မြေကြီးတွေ၊ သစ်ပင်ငယ်တွေ ကျိုးကြေ လွင့်စင်ကုန်တယ်။ လူးလိမ့်ရုန်းကန်အော်ဟစ်ရင်း မကြာခင်မှာပဲ ကျားကြီး ငြိမ်ကျသွားတယ်။

သစ်တုံးမြှောက်ထားတဲ့လူက သစ်တုံးကို မြေကြီးပေါ် ပစ်ချရင်း လှည့်ကြည့်လိုက်ရော . . .

"ဟယ် . . ."

"ဟာ . . . ဒါ . . . ဒါ . . ."

"ဒါ . . . ဟိုဘကြီး . . . ဟို . . . ဟို . . . ဦးရွှေရိုးကတဲ့ . . . အရူးကြီး"

"ဟဲ့ . . . မိနော်မှ . . . အဲလိုမပြောနဲ့ဝေ . . . ဘကြီး . . . အဘကြီး . . ."





"ဘ . . . ကြီး . . ."

"ထွက်ခဲ့ကြတော့။ အနီးတော့ မလာနဲ့၊ ခပ်လှမ်းလှမ်းမှာနေ"

ကြည့်စမ်းဝေ . . . ဆံပင်ရှည်ကုပ်ထောက်၊ မျက်နှာဆယ်ပြားစေ့ခန့်၊ နှုတ်ခမ်းမွေး ကုပ်ကုပ်ထူထူနဲ့ ညစ်ပေပေ အညာဖျင်ကြမ်းတိုက်ပုံရင်ကွဲ ဝတ်ထားတဲ့ အဘိုးကြီး။ အညိုရောင် လွယ်အိတ်ဖောင်းဖောင်းကြီး လွယ်လို့၊ ကျားနဲ့နှစ်လံကွာမှာ ခြေနှစ်ချောင်း ချကားပြီး ခါးထောက်ရပ်နေတာဝေ။

အံ့တာကဝေ . . . သူ့မှာ လုံရှည်ပါတာ ငါတို့ မမြင်ဘူးဝေ။

ကျားခန္ဓာကိုယ်မှာ လုံရှည်က စိုက်လို့။

ဒီမှာ တိုက်ပုံရင်ကွဲနဲ့ လူကြီးက လှမ်းအော်လိုက်တယ်။

"ဟေ့ . . . လုံသမား၊ လာခဲ့ဟေ့"

သို့ကလို အော်လိုက်တော့မှ ရင်အုပ်ကျယ်ကျယ်၊ အကျီရှုတ်နဲ့ အရပ်ဂင်တိုတို၊ ပုဆိုးတိုတို လူရွယ်တစ်ဦး ခြေလှမ်းကျဲနဲ့ဝင်လာတာကို မြင်လိုက်ရရော . . .

"စော . . . ပွယ် . . . လား . . . စောပွယ်လား"

"ဝေ . . . ပွယ်လား"

"အို . . . စောပွယ်လား . . . လုံနဲ့ ပစ်လိုက်တာပဲဟေ"

အဘိုးကြီးနဲ့ စောပွယ်လားတို့ မျက်နှာချင်းဆိုင် တွေ့နေကြတယ်။

"မင်းလုံချက်က ချက်ကောင်း ထိတာပဲကိုးကွ။ မင်း တယ်တော်တဲ့ကောင်ပဲ"

ဒီမှာ ကရင်လေး စောပွယ်လားက ပြန်ပြောတယ်။

"ကျုပ်လုံချက်က ခါးကျိုးနေတဲ့ကျားကို ပစ်ရလို့ ထိတာပါ . . . ဘကြီး။ တကယ်တော်တာက ကျားကို ခါးကျိုးအောင် သစ်ပင်ပေါ်က ခုန်ချပြီး နာခေါင်းကျိုး၊ သွားကျိုးအောင် သစ်တုံးနဲ့ပစ်တဲ့ ဘကြီးက အများကြီး စွမ်းတာပနော်"

"မင်း မြင်သွားတယ်လား"

"နော်မူတို့၊ အမိုးတို့လည်း မြင်တယ် ဝေ။ အဘ . . . အဘ . . . အရမ်းသတ္တိကောင်းပဲ ဝေ။ အဘကြီးသာ ကျားပေါ် ခုန်မချရင် ငါတို့သုံးယောက် ကျားစာဖြစ်ပေါ့ ဝေ"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



“အေး . . . ညည်းတို့ သေခနှမစေ့သေးလို့ပါ။ သေနေ့စေ့ရင် ကျားမှမဟုတ်ဘူး ရေမြွေကိုက်လို့ လန့်ပြီး အပမှီရင်လည်း သေရောပဲ”

“ကျေးဇူးပ ဝေ . . . ဘကြီး။ စောပွယ်လားလည်း ခရီးသွားတယ် ဆိုပြီး ဘယ်လိုလုပ် ရောက်လာလဲမသိ။ တောစိုးတောင်စိုးတွေက သူတို့ နှစ်ဦးကို လွှတ်လိုက်ရော့လား မသိဘူးဝေ”

ကျားကြီးက ကိုးတောင်နီးပါး ရှည်တယ်ဝေ။

အဝါနဲ့အနက်အစင်း ကျားကြီးပ။ ဦးခေါင်းတင် သပိတ်လုံးမက ကြီးတာပဲ။ ဒီမှာ ကရင်လူရွယ် စောပွယ်လားက ကျားလက်ပတ်မှာ စူးဝင်နေတဲ့ လှံရှည်ကို ဆွဲနုတ်ဖို့ ဟန်ပြင်လိုက်တယ်။

“မောင်ရင် . . .”

“ဗျာ . . . ဘကြီး”

“လှံနုတ်မလို့လား”

“ဟုတ်တယ်ဗျ”

“မနုတ်နဲ့ဦး . . . မောင်ရင်”

“ဘာလို့လဲ . . . ဘကြီး . . . တောကောင်ကြီး သေပြီလေဗျာ”

“လှံကို မနုတ်နဲ့ စောင့်နေဦးကွ”

“ဟာ . . . ဘကြီးကလည်း ကျုပ် မုဆိုးပါ . . . ဘကြီးရ၊ ကျားသုံးကောင် သတ်ပြီးပါပြီ . . . ဘကြီးရ၊ ကြည့်နေပါဝေ”

ကရင်မုဆိုး စောပွယ်လားက ရင်ကော့ပြီး ကျားသေအနီးကို လှမ်းသွားတယ်။ ဟုတ်တယ် . . . စောပွယ်လား ကျားသုံးကောင် အရင်သတ်ပြီးပြီ။ တစ်ကောင်က လူစားတဲ့ကျား။ နှစ်ကောင်က နွားတွေ၊ ဝက်တွေ ဆွဲတဲ့ကျား။ စောပွယ်လားပဲ တောနင်းရှာပြီး ဒီကျားကို ထိုးလှံနဲ့သတ်ခဲ့တာ။

ဒါတို့ ကရင်ရွာ၊ မွန်ရွာတွေမှာ စောပွယ်လားကို ‘ကျားနိုင်’ လို့ ခေါ်ကြတယ်။ သူလာရင် မုဆိုးတွေ၊ ရွာကလူတွေက တလေးတစား နေရာပေးကြတယ် ဝေ။

စောပွယ်လား ကျားသေရှိရာကို တိုးသွားနေတယ်။

တိုက်ပုံရင်ကွဲနဲ့ လူကြီးကလည်း စောပွယ်လား နောက်ကနေ အသာကပ်လိုက်သွားတယ် ဝေ။

စောပွယ်လားက ကျားလက်ပြင်မှာ စိုက်ဝင်နေတဲ့လှံကို အရိုးကနေ ဆွဲနုတ်ဖို့ ကိုင်လိုက်ရော . . .





“ဝေါင်း . . . ဂရား”

“ဖြောင်း . . .”

“ဟာ . . .”

“ကျား . . .”

“ဝီး . . . ဘုတ်”

အမယ်လေး . . . မြတ်စွာဘုရားနဲ့ ဟုမ်းနတ်ကြီးတို့ ကယ်တော်မူကြပါ ဝေ။ လှံရိုးကို စောပွယ်လား အကိုင်မှာ သေသလိုငြိမ်နေတဲ့ကျားက မျက်ခြည်း အသက်ဝင်ပြီး အသံနက်ကြီးနဲ့ အော်ရင်း စောပွယ်လားကို အစွယ်ရှည်လက်နဲ့ လှမ်းပုတ်လိုက်ချိန် . . .

တိုက်ပုံရင်ကွဲ ဦးရွှေရိုးကြီးက စောပွယ်လားရဲ့ ပုဆိုးကို နောက်ကနေ လှစ်ခနဲဆွဲပြီး ဆွဲယမ်း လွှင့်ပစ်လိုက်တာ။

ကရင်မုဆိုးစောပွယ်လား နှစ်လံကျော်ကျော်လေထဲလွင့်ပြီး မြေကြီးပေါ် ခွေးကျ ကျလို့ အော်နေရပါရော ဝေ။

တော်သေးတာပေါ့ ဝေ။ နို့မို့ ကျားလက်နဲ့ ပုတ်ကုတ်ပြီး စောပွယ်လား သေမှာဝေ။ ကျားက မသေသေးဘူး။ ဒဏ်ရာကြောင့် အသက်ငင်နေပြီး မထနိုင်တာ။

ဘကြီးဦးရွှေရိုးပြောတာ အရမ်းမှန်ပဲ . . . ညည်းသည်ရေ။

ကျားနာကြီးက ပါးစပ်က သွေးတွေကျ၊ လက်ပြင်က သွေးတွေကျပြီး ဒေါသတွေနဲ့ လူးလိမ့်ပါရောဟေ။ လူးလိမ့်လေ သွေးတွေ တရဟော ကြလေ မျက်လုံးပြူးပြီး မာန်ဖီလိုက်၊ ဟဲ . . . ဂဲ . . . ဟဲ . . . လုပ်ရင်း နောက်ဆုံး လူးပ်နေတဲ့ခေါင်း မြေကြီးပေါ် ပြုတ်ကျရင်း လုံးဝ ငြိမ်သွားတော့တယ်။

ဒါတို့သုံးဦးလည်း ကရင်မုဆိုး စောပွယ်လားကို ဆွဲထူကြတာပေါ့။ စောပွယ်လား အံ့ဩကြီးစွာနဲ့ တိုက်ပုံရင်ကွဲ ဦးရွှေရိုးကြီးကို ကြည့်နေတယ်။

“ဘကြီး . . .”

“ဘာတုံး . . . မုဆိုး”

“ကျုပ်အသက် ဘကြီးကြောင့် ရှင်ရတာဗျာ”

“အေး . . . သိရင် ပြီးရောပေါ့ကွ။ မင်းဘာသာ ကျားသုံးကောင်တာလို့ ကျားဆယ်ကောင်ပဲသတ်သတ် သတိ မလျော့ရဘူး၊ မပေါ့ရဘူး။

www.burmeseclassic.com



လုံချက်ပဲဖြစ်ဖြစ်၊ ကျည်ဝင်ချက်ပဲဖြစ်ဖြစ် သေလောက်တဲ့နေရာကို ထိမှ မင့် မသေသေးတဲ့ ကျား၊ ကျားသစ်၊ တောကောင်တွေ ရှိနေတတ်တယ်ကွ။ အဲဒါ ဘာကြောင့်သေပြီလို့ ယူဆပြီးမှ ရုတ်တရက်သွားထိမှ အသက်ဝင် ရန်ပြုရသလဲ အဲဒါ မင်းသိလား''

''ပြောပါ ... အဘ''

''အဲဒါ နောက်ဆုံးထွက်သက်၊ နောက်ဆုံး စက္ကန့် မိနစ်အတွက် အသက်ထွက်ဖို့ အရှိန်ယူနေတာ။ အဲဒီမသေခင် နောက်ဆုံးစက္ကန့်ဟာ လူပဲဖြစ်ဖြစ်၊ ကျားပဲဖြစ်ဖြစ်၊ ဆင်ပဲဖြစ်ဖြစ် အားကောင်းပြီဆိုရင် အရမ်းအားကောင်းတယ်။ အားလျော့ပြီဆိုရင်လည်း အသက်ထွက်သွားတာကို ဘယ်သူမှ မသိလိုက်ကြဘူး။ လူသေခါနီး ကြည့်လေကွာ ... အချို့ ... ဟီး ... အူး ... လို့ အသံကျယ်ကြီး အော်ပြီးမှ ဇက်လည်ပြီး အသက်ထွက်သွားတယ်၊ အဲဒီလိုအော်ပြီး အသက်မထွက်ခင်တော့ ခဏ ငြိမ်နေတာပဲ။ လူမှာတော့ ဇောပြန်တယ် ခေါ်တာပေါ့။ ကျားလည်း ဒီလိုပဲ။ အသက်ထွက်ခါနီး မာန်က ကြောက်စရာကောင်းတယ်။ အခု မျက်မြင်ပဲ။ ဒီမှာကြည့် ... ကျားသေ မသေကို မင်းတို့ သေချာအောင် ခဲနဲ့ပစ်ကြည့်''

အဘိုးကြီးက ခဲလုံးကြီးတစ်လုံးကောက်ပြီး ကျားကိုယ်ပေါ်ကို ပစ်လိုက်တယ်။ ကျား မလှုပ်ဘူး။ နောက်ထပ် ခဲနှစ်လုံးနဲ့ သစ်ခွေးတုံးကြီးနဲ့ပါ ကောက်ပစ်လဲ ကျား လုံးဝ မလှုပ်တော့ဘူး။

''အဲဒါမှ သေတယ်ခေါ်တယ်၊ ကိုင်း ... မင်း လုံ့နုတ်ရဲလား''

''အဲ ... အဲ ...''

''နုတ်ရဲရင် ... နုတ်လေ''

အဘိုးကြီးက အဟန့်တယ်ကောင်းပဲဝေ။ စောပွယ်လား လုံကို မနုတ်ရဲသေးဘူး၊ ကျားသေကို တစ်လှည့်၊ တိုက်ပုံရင်ကွဲ ဦးရွှေကြီးကိုတစ်လှည့် ကြည့်ပြီး စဉ်းစားနေတယ်ဝေ။

စောပွယ်လား စဉ်းစားနေတုန်းမှာပဲ အဘိုးကြီးက ကျားသေရှိရာ လှမ်းသွားပြီး နောက်ဖက်ကနေ ကျားလည်ပင်းကို ညာခြေနဲ့နင်းပြီး ပါးစပ်ကနေ ခပ်တိုးတိုးစကားတွေ ပြောနေတယ် ဝေ။ (နောင် သိရသည်မှာ အန္တရာယ်ကင်းမန္တန်ဟု သိရသည်။)

သည့်နောက် လုံ့ရှည်ကို လှမ်းဆွဲပြီး ဆွဲနုတ်လိုက်တယ်။





ရှေ့ဖင်းပေါက်ကနေ သွေးတွေ ဗွက်ခနဲကျလာကို ငါတို့ မြင်လိုက်ရတယ်။

''ဘကြီး ...''

''မင်းနာမည် ဘယ်လိုခေါ်တုံး ... မုဆိုး''

''စောပွယ်လားလို့ ခေါ်ပါတယ် ... ဘကြီး''

''ဘကြီးဟာ ကျုပ်ရဲ့ အသက်သခင်လည်း ဖြစ်ပါတယ်။ ပြီး ... အသိဉာဏ်နဲ့ မြည့်စုံတဲ့၊ အတွေ့အကြုံကြွယ်ဝတဲ့ သတ္တိရှင်တစ်ဦးလည်း ဖြစ်ပါတယ် ... ဘကြီး။ ကျွန်တော်တို့အိမ်ကို လိုက်လည်ပါ။ ကျုပ် ဘကြီးကို ကန်တော့ချင်လို့ပါ''

''ခုကန်တော့လည်း ရတာပဲကွာ ... လက်အုပ်ချီ ကန်တော့ပေါ့''

''ဒီလိုလည်း လုပ်မှာပါဝေ။ ဘကြီးကို ငါ အရမ်းလေးစားလို့ပါ။ ကျုပ် အပါးကို လုပ်ကျွေးအောင် ငါ လုပ်ကျွေးချင်လို့ပါ။ ကျုပ်အိမ်က ထမင်း တစ်နပ်စားပြီးမှ ဘကြီးလိုတာ ခရီးဆက်ပါ။ ကျုပ်တို့ ကရင်လူမျိုးတွေဟာ ကျေးဇူးရှင်ကို ထမင်းတစ်နပ်ကျွေးရမှ ဘဝမှာ သေပျော်နေပျော်တယ် ... ဘကြီး၊ လိုက်ခဲ့ပါ''

ငါတို့၊ အဘိုးကြီးတို့ကလည်း လိုက်ခဲ့ပါလို့ မရ၊ အရ ဝိုင်းခေါ်ကြတယ်။ ငါတို့ကတော့ ဒီဘကြီးအကြောင်း ကပ္ပဲမှာကတည်းက သိနေတာကိုး ဟေ။

သူ့ လူသူတော်ကောင်းကြီးဆိုတာ ငါတို့လည်း ရိပ်မိတာပေါ့။

''အကြီးလိုက်မယ်မဟုတ်လား ဝေ''

''လိုက်မယ်''

''အို ... ဘကြီး။ နင်စကားပြောရှင်းတယ်။ ကျုပ် ဘကြီးကို ထမင်းတစ်နပ်ကျွေးပြီးရင် သေပျော်ပြီဝေ''

''နှစ်နပ်မကျွေးဘူးပေါ့ ... ဟုတ်လား''

''ဝေ ဘကြီး နင် စကားပြောလည်း အရမ်းတော်တယ်။ နင် ရွာမှာရော ကျုပ်အိမ်မှာရော တစ်သက်လုံးစား။ ကျုပ်အပါး ပြန်ရောက်လာအလို ကျုပ် ဝမ်းသာမှာပါ ... ဘကြီး ဝေ''

''ဟား ဟား ဟား ဟား''



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အရှုံးလိုလူကြီးက အားရပါးရ ရယ်ရာကနေ ကရင်လိုပြော လိုက်တာ . . . ညှော်သည်ရေ . . . ငါတို့အားလုံး အံ့သြသွားသဝေ။

အလို . . . ဒီဘကြီးက ကရင်လိုလည်း ပြောတတ်သကိုး ဟေး

သူ ကရင်လိုပြောတဲ့ စကားအဓိပ္ပာယ်က . . .

"စောပွယ်လားရေ . . . ငါတို့မြန်မာမှာ စကားပုံတစ်ခု ရှိတယ် ကွ။ ကရင့်လက် ကျောက်ကောင်းရောက်တော့ ဆန်ခြောက်ပြည်နဲ့ လဲစား သတဲ့။ အဓိပ္ပာယ်က ကရင်လူမျိုးတွေဟာ အလွန်ရိုးသားတယ်။ ကျောက် တစ်လုံးရတာတောင် ဒီကျောက်တစ်လုံးရဲ့ တန်ဖိုးကို မသိဘူး။ သူတို့ ချင်တာ ဒီကျောက်မဟုတ်ဘူး။ စားစရာ ဆန်ပဲ။ ဒါကြောင့် အဘိုးတန်မှန်း မသိတဲ့ကျောက်ကို ဆန်ခြောက်ပြည်နဲ့ လဲစားပြီး ကျေနပ် ဝမ်းသာကြသတဲ့ အဲဒီလို ရိုးတာပါ။ အ,တာမဟုတ်ဘူး။ ကျောက်မျက်အတွေ့အကြုံမရှိလို့ အဲဒီလို လဲစားတာပါ။ ကရင်လူရိုးရဲ့အပေါ်မှာ ကျောက်အကြောင်းနဲ့ တန်ဖိုးသိတဲ့လူကသာ မရိုးသားစိတ်နဲ့ ဆန်ခြောက်ပြည်ပေး ယူသွားတာ ပါ။ မင်းတို့ ကရင်လူမျိုးတွေ အဲဒီလို ရိုးသားကြတယ်၊ စိတ်ထားဖြူစင်ကြ တယ်။ ဆန့်သမားလက်ထဲ ရောက်သွားတဲ့ကျောက် သိန်းဂဏန်းငွေတန် ရှိကြောင်း နောင် သိရတော့လည်း လောဘစိတ်မဖြစ်ဘူး။ ငါတို့ကို မှန်မှန် ကန်ကန် မလုပ်တာပါလားဆိုပြီး ဒေါသလည်းမဖြစ်ဘူး။ သူနဲ့ထိုက်လို့ ရတာပဲလေလို့ ဖြေသိမ့်နိုင်တဲ့ စိတ်ကောင်း၊ နှလုံးကောင်းကလည်း မင်း တို့ ရိုးသားဖြူစင်တဲ့ နှလုံးသားမှာ ထာဝစဉ် ရှိနေတုန်းပဲ။ ဒီရိုးဂုဏ်နဲ့ စိတ် ထားဖြူစင်ပွင့်လင်းမှုဟာ မြန်မာပြည်မှာ ကရင်လူမျိုးတွေ ရှိနေသ၍ ကမ္ဘာ တည်သ၍ အမြဲတည်တဲ့ နိုင်မာနေမှာပဲ။ ငါ မင်းတို့ ကရင်လူရိုးတွေ ချစ်ခင်လေးစားပါတယ်။ မင်းတို့ကျွေးတဲ့ ထမင်းကိုစားပြီး ငါ မင်းတို့အကျိုး ကို တတ်နိုင်သမျှကူညီပါ့မယ် . . . စောပွယ်လား"

"ငါ အံ့ရမ်းဝမ်းသာတယ် . . . ဘကြီး။ ငါက လုံ့ပါမှ ကျားကြီး ကို ရင်ဆိုင်သတ်ရဲတာပါဝေ။ ဘကြီးက ကျားပေါ်ခုန်ချပြီး ကျား ခါးကို အောင်လုပ်၊ ငါတို့ ကရင်မိန်းမတွေရဲ့အသက်ကို စွန့်စားကယ်တင်ရဲတဲ့ ရဲ စွမ်းရှိသူကြီးပါ ဝေ။ ငါတို့ကရင်က အဲဒီလို အစွမ်းရှိသူကို လေးစားတယ် ဝေ။ ငါတို့သွားစို့ . . . ဘကြီး"

သည့်နောက် အဲဒီ တိုက်ပုံရင်ကွဲဘကြီးနဲ့ စောပွယ်လားတို့ဟာ





ကျားသေကြီးကို ခြေလက် နွယ်ကြိုးနဲ့ တုပ်ချည်ပြီး ဝါးနဲ့လျှိုထမ်းလို့ ရွာ ထဲကို ငါတို့နဲ့အတူ ဝင်ခဲ့တာပေါ့ . . . စာရေးဆရာ ဝေ။

ဒါတောင် အဲဒီတိုက်ပုံကြီးက ကျားသေကို သူတစ်ယောက်တည်း ထမ်းခဲ့မယ်လုပ်လို့ ငါတို့အားလုံး အံ့သြရသေးဟေ့။

"စောပွယ်လား . . ."

"ဝေ . . . ဘကြီး"

"မင်း ရှေ့ကသွားနှင့်၊ ငါ ကျားသေကို ထမ်းခဲ့မယ်ဟေ့"

"အလို . . . ဘကြီး၊ နင် ဒီကျားသေကြီးကို ဘယ်လိုထမ်းနိုင်မှာ လဲ . . . ဘကြီး၊ ဒီကောင် ကိုးတောင်နီးပါးရှည်ပြီး ခေါင်းတောင် သောက် ရေအိုးလောက်ရှိတာ ဝေ။ နင် ဘယ်နိုင်မှာတုံး"

ဟုတ်တယ် . . . ညှော်သည်၊ ကျားသေက နွားပေါက်ကြီး နီးပါး ဝေ။ ကိုယ်လုံးကြီးကလည်း အိတ်တွဲလို့။ ပြီး ကျားထီးကြီးဝေ။ ဒီကောင်မျိုး ကို လူသန်နှစ်ယောက် ထမ်းမ,ပြီး လှည်းပေါ်တင်မှ ရမှာဝေ။

ဘကြီးတိုက်ပုံက တယ်ကြွားချင်ပုံပဲ ဟေ့။

ကြည့်ရတာ ငါတို့ကရင်မတွေရှေ့မှာ စကားလုံးကြွားပုံဝေ။

ငါတို့ ကရင်မိန်းမသုံးဦးလည်း ဘကြီးကို ကြည့်ပြီး ပြုံးစေ့စေ့ လုပ်ကြတာပေါ့။ သူ ကျားရဲ့ပရိယာယ် နားလည်တာ ငါတို့ယုံကြည်တယ်။ ဒီကိုးတောင်ကျားကြီးထမ်းပြီး ရွာထဲဝင်ဖို့ မပြောနဲ့ လူသန် စောပွယ်လား တောင် မ,မနိုင်ဘူးဝေ။

ငါတို့က ပြုံးစေ့စေ့ ကြည့်ရော . . .

ဒီမှာ တိုက်ပုံရင်ကွဲ ဦးရွှေရိုးဝေ . . . ကျားသေရဲ့ ရှေ့လက်နှစ် ချောင်းကြား ကိုယ်လုံးဝင်ပြီး ကျားလက်နှစ်ဖက်ကိုင် ကျားရင်အုပ်ကို ဝုန်း ခနဲ ကောက်ထမ်းလိုက်တာဟေ။

အလိုလေးလေး . . . ကျားကိုယ်လုံးနဲ့ ကျားခေါင်းက တိုက်ပုံကြီး ထမ်းပေါ်မှာ ဖွေ့ခနဲဝေ။ ပခုံးပေါ်လည်းရောက်ရော ကျားရှေ့ပိုင်းကို သူ့ပခုံး ရှေ့နားလျှောပြီး . . .

ကျားဝမ်းဗိုက်ကို သူ့ပခုံးပေါ်မှာ ဟန်ချက်ညီအောင်ထမ်း၊ ကျား လက်နဲ့ ခြေထောက်ကို သူ့လက်ဘယ်ညာနဲ့ ကိုင်ပြီး ငါတို့ကို ပြုံးပြနေ တာ။



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဝေ … အကျိုးနည်း သန်တဲ့ အဘိုးကြီးပါလား။

ငါတို့ရွာက လူသန်လူစွမ်း ကရင်စောပွယ်လား ကျားသေကြီး ထမ်း ပြုံးနေတဲ့ အဘိုးကြီးကို ကြည့်ပြီး ပါးစပ်ဟ အံ့သြ။

''ဘကြီး … ယုံပါပြီဗျာ၊ ကျားသေကို ပြန်ချပါတော့ဗျ''

''ရွာထဲထမ်းဝင်သွားမယ်လေ''

''မ … မလုပ်ပါနဲ့ … ဘကြီး၊ ရွာလန့်သွားပါမယ်ဗျာ။ ဘကြီး လည်း ပင်ပန်းပါတယ်။ ဝါးနဲ့ လျှိုထမ်းသွားပါစို့ဝေ''

အားလုံး ဝိုင်းမေတ္တာရပ်မှ ကျားသေကိုချ၊ ခြေလက် ကြိုးချည် ပြီး ဝါးလုံးနှင့် ရှေ့နောက်ထမ်း၊ တောထဲကထွက်၊ ရွာပြန်ဖို့ ထွက်ခဲ့ကြ တယ်။

ရွာခလေ့လည်း ကြည့်ရသေးတာကိုး။

ရွာထဲကလူတွေလည်း ဓား၊ လှံ၊ ဒူးလေးတွေနဲ့ တောရိုရာကို ခြေလှမ်းကျဲနဲ့ လာနေကြတာဝေ။

ကျားသံကြားကတည်းက ဆေးဥဆေးမြစ်၊ ဝါးရှား ဟင်းစားရှာ သူတွေ လန့်ပြီး ပြေးကြတာကိုး။ သူတို့ ရွာထဲပြေး၊ ငါတို့သုံးဦး ကျားနဲ့ တိုးနေရစ်ပြီ ဆိုကြလို့ လူစုပြီး လိုက်လာကြတာ။

ကျားသေကြီး ရှေ့နောက်ထမ်းလာတာ မြင်ရော အားရဝမ်းသာ အံ့ကြီးအံ့သြ ပြေးလာကြပြီး ကရင်လို ပြောကြတာပေါ့ဝေ။

''အမိုးကြီး … နော်မူ''

''ငါတို့ ဘာမှမဖြစ်ဘူးဝေ … ဖထီးတို့၊ ဖိုးခွားတို့ဝေ''

''ကျားရလာတယ် ဝေ''

''ဝေး … စောပွယ်လား နောက်ထပ်ကျားကြီး ရလာတယ်ဝေ''

ဖျို့ဟစ်လိုက်တဲ့ အသံတွေကြောင့် ကြားရာအရပ်က ရွာသူ ကရင် ပျို၊ ကရင်အို၊ လူကြီး၊ ကလေးပါမကျန် ပြေးလာ ထွက်ကြိုကြတာပေါ့ ဝေ။ လူသန် ကရင်လူရွယ်တွေက စောပွယ်လားကို 'နား'လို့ပြောပြီး ဝင် ထမ်း။

ဒီမှာ တိုက်ပုံရင်ကွဲ၊ ဆံပင်ကုပ်ထောက်၊ ပုဆိုးအောက်နားစ ရွှတ်ခမ်းမွေးကုပ်ကုပ်၊ ကွမ်းတံတွေးတဗျစ်ဗျစ်ထွေးပြီး ကျားသေကို နောက် ကထမ်းလိုက်တဲ့ အဘိုးကြီးကိုမြင်ရော သူတို့ အံ့သြနေကြတယ် ဝေ။





''ဝေ … ငါတို့ ဒီအဘိုးကြီး မြင်ဖူးသဝေ''

''ဘယ်သူတုံးဝေ … စောသာဖိုး''

''ဟာ … ဟုတ်တယ်ဝေ … ဒါ … ဒါ … ဦးရွှေရိုးကြီးကွ။ ဘုရားပွဲတုန်းက ဦးရွှေရိုးက … ကပြီး … ပိုက်ဆံဝေတဲ့ … အဘကြီး ဝေ''

''ဘကြီး … ဖယ်ဗျ … ငါတို့ထမ်းမယ်ဝေ''

ဒါနဲ့ ဘကြီးတိုက်ပုံနဲ့ စောပွယ်လားတို့လည်း ပခုံးပြောင်းထမ်းခွင့် ရပြီး သက်သက်သာသာ လိုက်ခဲ့ကြတယ်။

စောပွယ်လားက သူ့လက်စွဲတော် လှံရှည်ကြီးကို ကိုင်မြှောက်လို့ပေါ့။ ငါတို့ ကရင်ရွာထဲ ရောက်လာခဲ့ကြတယ်။

ကရင်ရွာက လူတွေရော၊ ဗမာလူတွေရော၊ မွန် အဘိုးကြီးတွေ ရော ကျားသေကြီးကြည့်ပြီး အံ့သြကြ။

''ဝေ … ဒါ စောဘီရဲ့ နွားပေါက်ကြီးဆွဲတဲ့ ကောင်ကြီးဟ''

''ဒေါ်ကူးရဲ့ဖက်ကို ဆွဲတာလည်း သူပဲ''

''ဟော … မွန်ကြီး''

''အေး … ဖထီးရေ ကျားရဆိုဟေ့''

''ဒီကောင်မဟုတ်လား … နင့်သားကိုကုပ်တာ … ကြည့်စမ်း''

''မွန်ထော … ဘယ်မှာလဲ … ဟေ့ … မွန်ထော''

ခေါ်သံတွေ နောက်ကနေ မွန်လူရွယ်တစ်ဦး ထော့နင့်ထော့နင်း နဲ့ ဝင်လာတယ်။ မျက်နှာတစ်ပြင်လုံးမှာလည်း ကုပ်ရာခြစ်ရာ အမာရွတ် တွေနဲ့ နဂိုရုပ်မရှိတဲ့ မွန်ထော။

''မွန်ထော …''

''အေး … ဖထီး''

''နင့်ကို တောထဲမှာရန်လုပ်တာ ဒီကောင်ကြီးလား … ကြည့် စမ်းဝေ''

မွန်ထောက ကျားသေကို ငုံ့ကြည့်ပြီး …

''ဟုတ်တယ် … ဒီကောင်ကြီးပဲ။ ကျုပ်ကို ရှေ့လက်နဲ့ကုပ်အော့ ကျုပ် လဲကျသွားတယ်။ ဒီမှာ ကျုပ် ကြောက်ကြောက်နဲ့ ဓားမနဲ့ခုတ်လိုက် တာ ဒင်းပါးစပ်ကို ထိသွားတယ်။ ဒီမှာ ကျုပ်ဓားမရာ''



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ဝေ ‥ ကျားသေကြီးရဲ့ ပါးစပ်နှုတ်ခမ်းမှာ လက်တစ်ညှိုး အနက် ဓားဒဏ်ရာဟက်ပက်ကြီး အနာကျက်စ ရှိနေတယ်ဝေ။

"စောပွယ်လား သတ်လိုက်မဟုတ်လားဝေ"

"ငါ မဟုတ်ဘူး"

စောပွယ်လားက မွန်ထောကို အော်ပြောလိုက်တယ်။

"ဒါဆို ဒီကျားဆိုးကြီးကို ဘယ်သူသတ်တုံး"

"ဒီဘကြီးပါဝေ"

"ဟေ …"

"ဟယ် …"

"ဒီ … ဒီ … ဦးရွှေရိုးကြီး … ဟုတ်လား"

"ဟေ့ကောင်တွေ … ငါမဟုတ်ဘူးကွ၊ ဒီကရင်လူစွမ်းကောင်းလေး ကျားကို လုံနဲ့ထိုးသတ်ပြီး ကရင်မတွေကို ကယ်တာဝေ"

"ဟေ … ဟုတ်လား၊ စောပွယ်လား ဟေ"

ကရင်လူတွေက ဘကြီးတိုက်ပုံကိုကြည့် အံ့ဩလိုက်။

ကရင်လူစွမ်း စောပွယ်လားကိုကြည့် အံ့ဩလိုက် ဓမေးကြ။

စောပွယ်လားက ဘကြီးတိုက်ပုံ ဦးရွှေရိုးနား တိုးကပ်ပြီး …

"ဘကြီး … ဘကြီးကြောင့် ကျားကို ရတာလေဝေ"

"မင်း တိတ်တိတ်နေစမ်းပါကွာ"

"ကျုပ်ကို ကျားကုပ်တော့ ဘကြီးက …"

"တိတ်တိတ်နေစမ်းပါ … စောပွယ်လားရာ။ ဟေ့ … ကရင်ကြီးတို့၊ ကရင်လေးတို့ … ငါ့ဆွေမျိုးတွေ နားထောင်ကြစမ်း ဝေ"

ဘကြီးတိုက်ပုံ ဦးရွှေရိုးက ကရင်လိုပြောလိုက်ရော အံ့အားသင့်ကုန်ပြီး အသံတွေ ငြိမ်သွားပါရောဝေ။

ငြိမ်သွားမှ … ဘကြီးဦးရွှေရိုးက စကောကရင်စကားနဲ့ ရှင်းပြပါရော။

"ဒီကျားကြီးက ဟောဒီက ကရင်မိန်းကလေးသုံးဦးနဲ့ ငါ့ကိုပါ ရန်ပြုတာ ဝေ။ ဒီမှာ ဟောဒီ ကရင်လူငယ် စောပွယ်လား ရောက်လာပြီး နှစ်လံအကွာကနေ ဟောဒီလုံရှည်နဲ့ ပစ်လိုက်တာပေါ့ဝေ။ ခုန်အုပ်မလို လုပ်တဲ့ကျားရဲ့ လက်ပတ်နှလုံးနေရာ လုံစိုက်ပြီး ကျားဆိုးကြီး သေတာ ဝေ။





…ဘာဒီကောင် … စောပွယ်လားဟာ ကျားနိုင်လူစွမ်းကောင်းအစစ်ပဲ။ သူ့ကြောင့် ငါတို့ မသေမပျောက် နှင်တို့ရွာကို ရောက်ခဲ့တာပဲ။ ကိုင်း ‥ ရွာသူ…သားတို့ နှင်တို့ရဲ့ ကရင်လူစွမ်းကောင်း ကျားနိုင်မင်းသားကို လက်ခုပ်…တီးပေးပြီး ဂုဏ်ပြုကြပါစေ …"

"ဝေး … ဝေး … ဝေး …"

"ဟေး … ဟေး … ဟေး …"

"ဖြောင်း … ဖြောင်း … ဖြောင်း … ဖြောင်း …"

"စောပွယ်လား … လူစွမ်းကောင်း … စောပွယ်လား … လူစွမ်းကောင်း …"

"ကျားနိုင်မင်းသား … ကျားနိုင်မင်းသား … စောပွယ်လား"

ကရင်တွေရော၊ မြန်မာ၊ မွန်တွေရော စောပွယ်လားကို ချီးမြှောက်…ပြီး ကျားသေကြီးကို ဝိုင်းပတ် … တကြွ … အော်ဟစ်ကြ။

ကရင်သူ့ရဲကောင်းသီချင်းတွေ သံပြိုင်ဆိုကြ။

ဒီအောင်ပွဲခံပွဲကို ကရင်အဘိုးအို၊ အဘွားအိုကြီးတွေက ပြုံးပြုံး…ဖြီးကြည့် အားရနေကြသလို၊ ကရင်လုံမပျိုတွေကလည်း လက်ခုပ်တီးပြီး စောပွယ်လားကို ချီးကျူးကြ။

စောပွယ်လားကတော့ ဆွဲမြှောက်တွဲခေါ် ကျားသေကြီးကို ဝိုင်း…တ်အောင်ပွဲခံနေရာကနေ တိုက်ပုံရင်ကွဲ ဦးရွှေရိုးကြီးကို အားနာတဲ့…ျက်လုံး၊ ရှက်ရွံ့ဝမ်းသာမျက်လုံးနဲ့ ကြည့်ပြီး ပြုံးတုံ့ဝမ်းသာ ဖြစ်လို့လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂၁]

❑

ငါတို့ကရင်ရွာက လူကြီးတွေကလည်း ဘကြီးတိုက်ပုံ ဦးရွှေရိုးကို ပိုပြီး လေးစားရိုသေသွားကြတယ် … စာရေးဆရာ။

"ဘယ်လိုကြောင့်တုံး … နော်မူ"

"စောပွယ်လားက ကရင်လူကြီးတွေကို အမှန်အတိုင်း ပြောပြခဲ့တယ်လေ။ ဝါးခုတ်၊ သစ်ခုတ်သူတွေကို ကျားလိုက်တယ်ကြားရော ကြက်ကတုံးရွာဘက် သွားရာကနေ တောထဲကို အမြန်ဝင်ခဲ့ရာက …၊

ဘကြီးနဲ့ ကျားခါးကျိုးကြီးတို့ သတ်ပုတ်နေတုန်းမှာ သူ လှံနဲ့ ဝင်ပစ်ရတဲ့အကြောင်း၊ ကျားသေပြီမှတ်လို့ လှံကိုနုတ်ရန်ပြုချိန် ဘကြီးက တားတဲ့အကြောင်း၊ သူက ကျားတကယ်သေပြီပြောပြီး လှံကိုနုတ်ရာက ….

……………………….ဘကြီးကယ်လို့ သူမသေဘဲ ရွာကို ကျားထမ်းခွင့်ရတဲ့အကြောင်း၊ ပြောပြရော။

တိုက်ပုံရင်ကွဲဘကြီးရဲ့ နာမည်မခံချင်တဲ့ စိတ်ဓာတ်ကို သိသွားကြပြီး ရွာလူကြီးတွေ ပိုလေးစားသွားခဲ့တာပေါ့ဝေ"





"နာမည် ဘယ်လိုခေါ်တုံး ဝေ"

"ငါ့နာမည်လား"

"အေးဝေ …"

"ငါ့နာမည် … အင်း … အင်း … ခေါ်ချင်သလို ခေါ်ကြပါဝေ"

"ဦး … ရွှေ … ရိုး … ဟုတ်လား"

"ဟုတ်တယ် … ဦးရွှေရိုးအကကောင်းလို့ ဘကြီးကို ဦးရွှေရိုးလို့ ခေါ်ကြတယ်ဝေ"

"ဟား ဟား ဟား ဟား … သိပ်ကောင်းတဲ့ နာမည်ပေါ့ကွာ"

ငါတို့တစ်ရွာလုံး တိုက်ပုံရင်ကွဲအဘိုးကြီး ဦးရွှေရိုးကို လေးစားရိုသေ အလေးထားကြတယ်။ စားဦးစားကောင်းတွေနဲ့ ညှိဝတ်ပြုကြတယ်။

ကရင်လူငယ်တွေက သူတို့သိချင်တဲ့ တောအကြောင်း၊ တောင်အကြောင်းတွေကို မေးကြ၊ မြို့ရဲ့ ဗဟုသုတတွေမေးကြ၊ အချို့က စုန်းအကြောင်း၊ နတ်အကြောင်း၊ တစ္ဆေအကြောင်းတွေ မေးကြ။

ကရင်ဆေးဆရာကြီးတစ်ဦးက မေးတယ်။

"ဘကြီး …"

"ပြောပါ … ဆရာကြီး"

"မှော်ပညာဆိုတာ ရှိသလား ဝေ"

"ရှိတယ်ဆရာ။ ရှေးတုန်းက မဟောသရကျမ်း၊ ကဝေသာရ ကျမ်း၊ သရဘူကျမ်း စသည်တို့ မှော်ပညာ (၆)မျိုးရှိတယ်လို့ ဆိုထားတယ်"

"ဗဟုသုတအဖြစ် သိပါရစေ … ဘကြီး"

"မှော်ပညာ (၆)မျိုးက (၁) ဆေးမှော်၊ (၂) ရက္ခမှုမှော်၊ (၃) အင်းမှော်၊ (၄) ပထမ်မှော်၊ (၅) စမမှော်၊ (၆) သမာဓိမှော်ရယ်လို့ ရှိတယ်။ အဲဒီ (၆)မျိုးကနေမှ ကိုယ့်ဆရာ ဂိုဏ်းဆရာတွေရဲ့ အယူအဆအရ နောက်ထပ် (၆) ခု ထပ်ခွဲကြပြန်တယ်။ ဒါကတော့ (၁) ရက္ခစိုးမှော်၊ (၂) အဋ္ဌာရသမှော်၊ (၃) ပိဋကမှော်၊ (၄) မဟိဒ္ဓိဝိပဿနာမှော်၊ (၅) ဒေဝရာသီမှော်၊ (၆) အဝိဇ္ဇာသုရရသီမှော်လို့ (၆) မျိုး ထပ်ခွဲတယ် … ဆေးဆရာကြီး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဦးရွှေရိုးကြီးရော အဲဒီလို မှော်ပညာရှင်တွေနဲ့ ကြုံဖူးပါသလား။ ကြုံဖူးရင် ထူးခြားတာများ ကြားပါရစေဝေ"

"မှော်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ပညာရပ်တစ်ခုကို စူးစူးနစ်နစ် ထဲထဲဝင်ဝင် သိကျွမ်းတတ်မြောက်ပြီး လိုအပ်တဲ့အချိန်မှာ ထူးခြားစွာ ဖန်တီးစီရင်နိုင်တာကို မှော်လို့ခေါ်တယ်။

စမမှော်အကြောင်း နည်းနည်းပြောချင်တယ်။ စမနဲ့ အင်းနဲ့ မတူဘူး ... ဆရာကြီး။ အင်းက အကွက်ချစီရင်တာ၊ ဂဏန်းသွင်းတာ။ စမဆိုတာ အင်းကွက်ထဲသွင်းတဲ့ အက္ခရာဆိုင်ရာကို ခေါ်တာ။ အက္ခရာတိုင်းမှာ အစောင့်တွေရှိတယ်။ ဒါကြောင့် စမတိုင်းမှာ အစောင့်တွေရှိလို့ အက္ခရာ တစ်လုံးတိုင်းကို လေးစားရမယ်။ ဆရာကြီးလည်း သိပြီးသားပါ။ လူတိုင်း အင်းချဖို့ မလွယ်ဘူး ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဘယ်လိုဟုတ်ပါလဲ ... ဆရာကြီး"

ကရင်ဆေးဆရာကြီးကလည်း ဗဟုသုတရှိတော့ ပြောကြတယ်။

"အင်းကျိုး၊ အင်းပေါက်၊ အင်းကန်းခြင်းဆိုတာ ရှိလို့ အင်းစီရင်သူဟာ အလွန်ကျွမ်းကျင်ဖို့လိုမှန်း သဘောပေါက်ပါတယ်"

"ဟုတ်တာပေါ့ ... အချို့ဆရာပေါက်စတွေ ငွေပြားအင်းတွေ ဝေနေတာ တွေ့ရတယ်။ အင်းစွမ်းဖို့မှာ နည်းနာနိသျှတွေ အများကြီးရှိတယ်။ အင်းကျိုးခြင်း လက္ခဏာ(၈)ပါး၊ အင်းကန်းခြင်း လက္ခဏာ(၈)ပါး၊ အင်းပေါက်ခြင်း လက္ခဏာ (၈)ပါးရှိတယ်။ တစ်ခါ အင်းချပြီး မျဉ်းသားရင် ...

"ဦး ... စတုရော ... မဟာဂံပေ" ဆိုတဲ့ မန္တန်ရွတ်ပြီးသားရတယ်။ အင်းပေါင် စတုရန်း ဘေးပတ်လည်မျဉ်းချရင် ...

ဦး စတုလောကပါလ–မဟာရံတံလို့ ရွတ်ပြီး မျဉ်းချရတယ်။ ဦး လို့ရွတ်ရင် အသံဟိန်းရတယ်။ အင်းနဘောင် တောင်မြောက် မျဉ်းတားရင် ဦး–ဒက္ခိဏော၊ ဌာနေ၊ ဥတ္တရဌာနေလို့ ရွတ်ဆိုပြီး သားရတယ်။

မတူဘူးနော် ... အင်းဘောင်ရှေ့နောက်သားရင်တော့ ...

ဦး–ပရိဘာဂံ ပရိစ္ဆေဒိလို့ ရွတ်ပြီး မျဉ်းသားရမယ်။

တစ်ခါ ... အင်းကွက်ထဲကို ဗျည်းအက္ခရာသွင်းရင် ...





ဦး–ဏ–အဋ္ဌမဂ္ဂင်ကာနီ၊ တိ ဝိဋ္ဌတ္တယံ–သုညံ–စေဓ၊ ဘဝိဿတိ – က လို့ ရွတ်ဆိုရတယ်။

အင်းမှာ ဂဏန်းအင်းဆန်သွင်းချင်တိုင်း သွင်းလို့မရဘူး။ အင်းဆန်သွင်းတဲ့ စာရှိတယ်။ အဲဒါက ...

စမွာ၊ နဝင်း၊ ဇာလင်း၊ သတ္တာ၊ ပဠ၊ တြိ၊ ဆ၊ ကေ၊ အဋ္ဌ တဲ့။ သူ့ကို ဂဏန်းနဲ့ အသိအမှတ်ပြုရင် ဒီလိုမှတ်ရတယ်။

/ ၃ ၄ ၇ ၅ ၃ ၆ ၁ ၈
စမွာ၊ နဝင်း၊ ဇာလင်း၊ သတ္တာ၊ ပဠ၊ တြိ၊ ဆ၊ ကေ၊ အဋ္ဌ

ဒီသင်္ကေတကို သိပြီးရင် ဂဏန်းအင်းမှန်သမျှ အခုပြောတဲ့ စမွာနဝ ဏန်းပုံအတိုင်း အင်းဆန်ပြု အင်းကွက်မှာ ရေးရမယ်။

ဂဏန်းအင်းဆန်သွင်းရင် ရွတ်ရတဲ့မန္တန် ရှိသေးတယ်ဗျ။

(၁) ဂဏန်းသွင်းရင် ဦး–ကေသိန္ဒေဟံ–မြင်းမိုရ်တောင်နှင့်တူသော လက်နက်စကြာရတနာ။

(၂) ဂဏန်းသွင်းမယ်ဆိုရင် ... ဦး ... ဒွေစန္ဒာ ... နေလနှစ်ပါးနှင့်တူသော လက်နက်စကြာရတနာလို့ ရွတ်ပြီး သွင်းရတယ်။

(၃) ဦး – တြိ ပိဋကတ်သုံးပုံနှင့်တူသော လက်နက်စကြာရတနာ။

(၄) ဦး–စတု ... သစ္စာလေးပါး ...

(၅) ဦး–ပဉ္စ ... ဘုရားငါးဆူ ...

(၆) ဦး–ဆ ... နတ်ပြည်ခြောက်ထပ်နှင့်တူသော လက်နက်စကြာရတနာ

(၇) ဦး–သတ္တ ... သတ္တရဘာန် ကောင်းကင်(၇)ထပ်နှင့် တူသော လက်နက်စကြာရတနာ

(၈) ဦး–အဋ္ဌ ... မဂ္ဂင်ရှစ်ပါးနှင့်တူသော လက်နက်စကြာရတနာ

(၉) ဦး–နဝ ... ဂုဏ်တော်ကိုးပါးနှင့်တူသော လက်နက်စကြာရတနာ

(၁၀) ဦး ... ဒသမ ... ပါရမီဆယ်ပါးနှင့်တူသော လက်နက်စကြာရတနာလို့ ရွတ်ပြီး ဂဏန်းသွင်းရတာ။



www.burmeseclassic.com

www.burmeseclassic.com



"ရှိသေးတယ်။ အင်းပေါင် အင်းဆန့်ဂဏန်း မညီညွတ်ရင် ဖျက်ချင်တိုင်း ဖျက်လို့မရဘူး။ ဖျက်ချင်ရင် 'ဥုံသရာသရေ လောပ်'လို့ ရွတ်ဆိုပြီး ဖျက်ရတယ်။ အင်းတစ်ခုကို အပြစ်အနာအဆာ ကင်းအောင် စီရင်ပြီးရင် အင်း၊ ဆေး၊ လက်ဖွဲ့အသက်သွင်းရတယ်။

အသက်သွင်းပြီးရင် အစွမ်းမြင့်အောင် သိဒ္ဓိထပ်တင်ရတယ်။ ဒီအဆင့်တိုင်းမှာ ရွတ်ဆိုရတဲ့ ဥုံခံမန္တာန်တွေ ရှိကြတယ်။ ပြီး . . . အင်းတို့၊ ဆေးတို့၊ လက်ဖွဲ့တို့ ချုပ်ထားဖို့ကျတော့ . . .

ဥုံ . . . ဗုဒ္ဓချုပ်၊ ဥုံ ဓမ္မချုပ်၊ ဥုံ သံဃချုပ်၊ ဥုံ ဗြဟ္မာချုပ်၊ ဥုံ ဒေဝါချုပ်၊ ဥုံ ယက္ခချုပ်၊ ဥုံ ဆရာချုပ်လို့ဟိန်းပြီး သုံးဆယ့်ခုနစ်အုပ် ရွတ်ရတယ်။ ဒါက အင်းကို မလွှင့်မပျံ့ မပြယ်ရအောင် ချုပ်တာ။ နောက်တစ်ခါ အင်းကို အသုံးပြုတော့မယ်ဆိုရင် . . .

အင်း၊ ဆေး၊ လက်ဖွဲ့ အနှိုးမန္တာန်ရွတ်ရတယ်။

ဥုံ . . .

ဥုံ . . . ဗြဟ္မာ့သစ္စံ၊ ကိရိယာ ထကြွ၊

ဥုံ . . . ဒေဝါသစ္စံ၊ ကိရိယာ ထကြွ၊ ကြွဆရာကြွလို့ သုံးဆယ့်ခုနစ်အုပ်ရွတ်ပြီး နှိုးရတယ်။ အစောင့်တွေနိုးမှ လိုရာခိုင်းရာကို လုပ်တာ။

အက္ခရာ စမတွေကတော့ များသလားမမေးနဲ့။

တောင်စဉ်ဂိုဏ်းကြီးရဲ့ စမမော်ချည်းပဲ စာရင်းအရ စမသုံးဆယ့်ရှစ်ခုရှိတယ်။ စမတွေကို ဘီလူးတွေစောင့်တယ်။ ဒီ စမတွေကို လေးကွက်အင်း၊ ဝါးကြိတ်လိဒ်ချပြီးသောက်ရင် သောက်တဲ့စမမှာစောင့်တဲ့ နတ်ဘီလူးတွေက ကိုယ့်ကို စောင့်ကြပ်သတဲ့။ ပူးကပ်ပြီး ရောဂါကုသနိုင်သတဲ့။ ဝါးကြိတ်လိဒ်အင်း နမူနာပြမယ်။ ကြည့်ပါ ဆရာကြီး။

| | |
|---|---|
| ၁<br>ဘ | ၃<br>င |
| သ<br>၄ | မ<br>၂ |





အင်းသောက်လိုလို့ အင်းချရင် ဂဏန်းတွေ ထည့်မရေးရဘူး။ ဒါ အမြဲသတိရှိရမယ်။

စမစောင့်ဘီလူး သုံးဆယ့်ရှစ်ဦးရှိတယ်။

အသေးစိတ်ပြောရင် မှတ်မိကြမှာ မဟုတ်ဘူး။ နမူနာတော့ ပြောပြမယ်ဗျူ။

မ၊ မ၊ င၊ သ . . . စမကို အဿမုခိဘီလူးစောင့်တယ်။

ဝ၊ သ၊ မ၊ ပ . . . စမကို ပုဏ္ဏကဘီလူးစောင့်တယ်။

အ၊ ဆ၊ ဘ၊ ဒ . . . စမကို ကုမ္ဘကဘီလူးစောင့်တယ်။

ပ၊ လ၊ ပ၊ ဓ . . . စမကို သုခုမဘီလူးစောင့်တယ်။

စမသောက်ရင် အဆင့်တွေတက်ပြီး သောက်ရတယ်။ တောင်စဉ်ဂိုဏ်းကြီးမှာတော့ တောင်စမ၊ နတ်စမနဲ့ နတ်အမည်တွေ ရှိသေးတယ်။ အားလုံး တောင်စမ နှစ်ရာ့ခုနစ်ခု ရှိတယ်ဗျာ။ တောင်စမတွေကို စာအုပ်နဲ့မှတ်မှ ရမယ်ဗျူ။ စမတွေရဲ့အကြောင်းက ပြောမကုန်အောင်များတယ်။ အင်းရော၊ စမရောနိုင်ရင် ပြီးပြီ။

ဘကြီးဦးရွှေရိုးက မောသွားလို့ ရေနွေးတစ်ခွက်သောက်ပြီး ကွမ်းတစ်ရာဝါးလိုက်တယ်။

ကရင်ဆေးဆရာကြီးရော ငါတို့ လူငယ်လူကြီးတွေပါ ဘကြီးရဲ့အပြောမှာ အာရုံစိုက်နေကြတာပေါ့။ သူပြောတဲ့ အင်းတို့၊ စမတို့အကြောင်း ခုမှ ငါတို့ ခုမှ ကြားဖူးတာလေ။

ဒီမှာ စောပွယ်လားက မေးတယ်ဝေ။

"ဘကြီး . . ."

"ဘာတုံး စောပွယ်လား"

"ရက္ခစိုးမော်ဆိုတာ တကယ်ရှိလားဝေး"

"ရှိတာပေါ့ မုဆိုးလေးရ"

"ရှိရင် ဘကြီးအတွေ့အကြုံ ပြောစမ်းပါဗျူ။ ကျုပ်တို့ စိတ်ဝင်စားသို့ပါ ဘကြီးရ"

"အေး . . . နားထောင်ကြဝေ။ ငါတွေ့ဖူးတဲ့ ရက္ခစိုး မော်ဆရာကြီးအကြောင်း ပြောပြမယ်ကွ။ ဆရာကြီးနာမည်က ဦးဒေါနအောင်တဲ့။ ဘွဲ့ပျောက်၊ နွားပျောက်၊ လူပျောက်လာမေးရင် တစ်ခွန်းပဲပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တောင်ခြေမှာ၊ ဘယ်မြစ်နံ့ဘေးမှာ၊ ဘယ်သစ်ပင်အောက် လို့ ပြောလိုက်တာပဲ။ အချိန်မီသွားကြည့်၊ တွေ့တာပဲ။

အချို့ကို သေနေပြီ၊ ရှင်နေတုန်း အတိအကျပြောတာ။

ခရီးသွားနေတုန်း တပည့်တပန်းများ ထမင်းဆာရင် လာစမ်း ထမင်းနဲ့ ဟင်းထုပ်ဆို၊ ထမင်းထုပ် ရောက်လာ၊ ခေါက်ဆွဲဆို ခေါက် ချက်ချင်းရောက်လာတာ။

ကြိုက်တဲ့ပစ္စည်းကိုဝှက်ထား။ ဘယ်နားမှာ ရှိတယ်။ လက်ကော ဘယ်နှကွင်း။ ဆွဲကြိုး ဘယ်နှကုံး အကုန်ပြောနိုင်တယ်။ မလွဲစေရဘူး။

ငါက အဲဒီတုန်းက လူငယ်ဆိုတော့ မယုံဘူးပေါ့။

စမ်းချင်တာပေါ့ကွာ။

ငါ့အင်္ကျီအိတ်ထဲမှာ ရည်းစားစာတစ်စောင်ရေးပြီး စာရွက် ခေါက်လို့ ပိုက်ဆံငွေ လေးဆယ့်ငါးကျပ်နဲ့ ထည့်ထားတယ်။ ငွေအကြေ စေ့အချို့လည်း ရှိတယ်ကွ။

ဆရာကြီး ဦးဒေါနအောင်ပြောရင် မှန်တယ်ပြောလွန်းလို့ပါ။

''ဘယ်သူများ မေးမြန်းစရာ ရှိပါသေးလဲ''

လူဆယ်ယောက်လောက်ကို ဟောပြောပြီးသွားပြီ။ အားလုံးလည် ကျေနပ်ကြတယ်။ အလှူငွေ ထည့်ကြတယ်။

''ကျွန်တော် မေးပါရစေ ဆရာကြီးခင်ဗျား''

''မောင်ရင်လေး လာ . . . သိချင်တာမေးကွယ်''

''စိတ်မဆိုးပါနဲ့နော် ဆရာကြီး''

''စိတ်မဆိုးပါဘူး။ မင်းတို့ လူငယ်တွေကတော့ ဒီလို မြန် ဂမ္ဘီရ လျှို့ဝှက်နက်နဲပညာတွေကို လက်ခံနိုင်မှာ မဟုတ်ဘူးကိုး။ အတ လည်း မယုံတဲ့လူနဲ့မှ တွေ့ချင်နေတာ။ မေးပါ မောင်ရင်''

''ကျွန်တော့် အင်္ကျီအိတ်ထဲမှာ စာတစ်စောင်ရှိပါတယ်။ ဒီစာ ကျွန်တော်တစ်ယောက်တည်းရေးပြီး ထည့်ထားတာပါ။ စာရွက်ပေါ်မှာ အ စာတွေရေးထားလဲဆိုတာ ဆရာကြီး ဟောပြောပေးပါ''

ငါ့အရင်ရောက်နေတဲ့ ဟောပြောခံပြီးလူတွေက ခပ်ထောင်ထော လုပ်ချင်တဲ့ငါ့ကို ဝိုင်းကြည့်ပြီး မကြည်ကြဘူးကွယ်။ လူထုထုမှာ မလော လေးမလောက်စား ကလေကချေကောင်က ဆရာကြီးကို လာ ပညာစ နေတာလားပေါ့။





အချို့ကလည်း မကြားတကြား နောက်ကနေ ပြောသကွ။

''ခွေးနေရာခွေး မနေဘူး။ အိမ်ဦးခန်း ချီးလာယိုတယ်''

''ကိုယ့်ကြည့်တော့ စာကလေး မတောက်တခေါက်နဲ့ ဘာများ အောက်မေ့ပြီး လာရှုပ်လည်း မသိပါဘူး''

''အဲဒါပြောတာပေါ့တော် . . . ခွေးလေးအရောဝင် ဖင်တက်ခေါင်း တက်''

ငါလည်းကြားတယ်။ ဆရာကြီး ဒေါနအောင်လည်း ကြားတယ်။

အမှန်အတိုင်းပြောရရင် ငါ ဗေဒင်မယုံဘူး။ အဟောအပြော မယုံ ဘူး။ မနောပညာကို ငါ မယုံဘူး။ ငါ ဆရာတော်တော်များများနဲ့ ကြုံဖူး တယ်။ ကျပ်ဝင်မေးရင်၊ စမ်းရင် ချွေးပျံကုန်ကြတယ်။

''မောင်ရင့်နာမည် ဘယ်လိုခေါ်တုံးကွယ်''

''ဆရာကြီးသိရင် ပြောပြပေါ့ဗျာ''

''ဟုတ်ပြီ။ ပြောပြမယ်နော်။ ဆရာကြီးပြောတာမှားသွားရင် ခွင့်လွှတ်ပါကွယ်။ ဆရာကြီး မင်းတို့အရပ်ကိုရောက်တာ တစ်မွန်းတည့် မရှိသေးပါဘူး။ ကောင်းပါပြီ ဆရာကြီး ပြောပါ့မယ်''

အဟောအပြောဆရာကြီးက ငါ့ကို စိုက်ကြည့်ပြီး ပြုံးနေတယ်။

ပြီး . . . အာရုံခံနေသလို နားစွင့်ဟန်ပြုတယ်။

ငါကတော့ ပြုံးနေတာပေါ့ကွာ။ သူနဲ့ငါ ခုမှတွေ့ဖူးတာ မိနစ် ပိုင်းပဲရှိသေးတာလေ။

''မောင်ရင် . . . နာမည်က စွာကျယ်''

''အဖေနာမည်က ဦးပျော်၊ အမေနာမည်က ဒေါ်ဆိုင်းတင့်၊ ဟုတ် ရဲ့လား . . . ဆရာကြီးကိုလည်း မင်း မညာနဲ့ . . .

ငါခေါင်းညိတ်လိုက်တယ်ကွာ။ အရပ်က ငါ့ကိုခေါ်တာ စွာကျယ် တဲ့လေ။

''မင်းရဲ့မွေးချင်းနာမည်တွေ ပြောရဦးမလား''

''မပြောပါနဲ့ ဆရာကြီး။ ကျွန်တော့် အင်္ကျီအိပ်ကပ်ထဲကစာမှာ ဘာတွေရေးထားလဲသာပြောပါ''

''ဆရာကြီး ဒီကနေ ရွတ်ပြရမလား''

''ဗျာ . . အဲ . . . အဲ . . ရွတ်ပါ သိရင်ရွတ်ပြပါ''



www.burmeseclassic.com

www.burmeseclassic.com



''မင်းစာရွက်ကို နီးရာလူလက်ထဲ ခဏထည့်လိုက်ပါ''

''ဘာလို့လဲ ဆရာကြီး''

''ဆရာကြီးရွတ်ပြတာကို မင်းက မဟုတ်ပါဘူး ငြင်းမှာစိုးလို့ နီးရာလူက စာရွက်ဖြန့်ပြီး ဆရာကြီးပြောတာ ဟုတ်မဟုတ် သက်သေခံ စေချင်လို့ပါ။ မင်းနဲ့အတူ စာရွက်ကို ကိုင်ကြည့်ထားပါ''

''ကောင်းပါပြီဗျာ''

ဒါနဲ့ အနီးမှာရှိတဲ့ ကျောင်းဆရာ ဦးတင်ကြီးဆိုသူလက်ထဲ ငါရေး ထားတဲ့စာရွက်ကို ပေးပြီး ကျောင်းဆရာကြီးနဲ့ အတူတူ ဖြန့်ကြည့်နေလိုက် တယ်။

''မောင်စွာကျယ်''

''ဗျာ ...''

''မင်းရေးထားတဲ့ စာရွက်ကို ဒီမတိုင်ခင် ဘယ်သူ့ကိုပြသေးလဲ''

''ဘယ်သူမှ မပြဘူးဗျ။ ခုမှ ဒီကျောင်းဆရာကို ပြတာပါ''

''ဟုတ်ပြီ။ ပြောမယ်။ မင်းရေးထားတဲ့စာရွက်ထဲက စာက ရည်းစား စာ။ ဟုတ်ရဲ့လား''

'' .... ''

''ပြေလေ ... ဟုတ်ရင်ဟုတ်တယ်ပေါ့ကွာ''

''ဘာကောင်လဲကွ။ မပြောရဲဘူးလား''

ရှိတဲ့လူတွေက ဝိုင်းအော်ကြရော ကျုပ် ခေါင်းညိတ်လိုက်တယ်။

''နားထောင် ... ရည်းစားစာက ဒီလိုရေးထားတယ်''

''သို့ ....

သောင်းဆင့်...

မင်းမျက်နှာလေးကိုမြင်ရတာ လမင်းကြီးကို မြင်ရသလို ငါ့ရင်ထဲ မှာအေးပြီးဝင်းပသွားတာပဲ မဆင့်ရယ်''

''ဟား ... ဟား ... ဟား ... စွာကျယ်တို့က လူသာသောက် သုံးမကျတာ ရည်းစားစာကတော့ တယ်ဖွဲ့ပါလားကွ ဟေ''

ပြောပြီး ရယ်ကုန်ကြပြီပါရောဟေ့။

''ဒီကောင်ရေးတာမှ ဟုတ်ရဲ့လားကွာ။ ပြဇာတ်မင်းသား မန်း ပြည့်ဝင်းနိုင်များ ရေးပေးသလားမှ မသိတာကွာ''





''နားထောင်ကြကွာ။ တိတ်ကြ''

ဆရာကြီးက ငါ့မျက်နှာကိုကြည့်ပြီး အော်ပြောပါရောလား။

''ကိုယ်က အညာသားဆင်းရဲသားပါ မဆင့်။ သို့သော် မဆင့်အပေါ် ယ်ချစ်တဲ့အချစ်က ကုဋေရှစ်ဆယ်သူဌေးသားချမ်းသာထက် ပိုများတယ်ဆိုရင် ဆင့် မျက်စိမှိတ်ပြီး ယုံလိုက်ပါနော်''

''ဟား ... ဟား ... ဟား ... သောက်ကျိုးနည်း။ ရည်းစားစာ ကွာ။ လူကြည့်တော့ ပုဆိုးလဲစရာမရှိဘူး။ ကုဋေရှစ်ဆယ်သူဌေးသားထက် ချမ်းသာတာ ပိုများသတဲ့''

''မသန်းဆင့်တော့ ပဲပြုတ်ရောင်းကျေးရကိန်း သေချာပြီဟေ့''

ငါ ဝိုင်းရယ်ဝေဖန်နေတဲ့ကြားမှာ ခေါင်းဖော်ရခက်နေတယ်။ ဆရာ ကြီး ဦးဒေါ်နအောင်ပြောတာ မှန်နေတယ်ကွာ။ စာရွက်ကို သက်သေအနေ ကိုင်ဖတ်နေတဲ့ ကျောင်းဆရာ ဦးတင်ကြီးကလည်း စာရွက်ကိုင်ပြီး ရယ် သကွ။

ငါထင်တာ။ တွက်ထားတာက ဒီဆရာကြီး ဒေါ်နအောင် ငါ ရေးထားတယ်လို့ သိနိုင်မှာ မဟုတ်ဘူးလို့လေ။ ကြည့်စမ်းပါကွာ။ ငါက ပြီး ဘယ်သူမှ မသိမဖတ်ရသေးတဲ့ ရည်းစားစာကို သူ တစ်လုံးမလွဲ ပြနေရော ငါ့တစ်ကိုယ်လုံး ချွေးတွေပျံပြီး လက်နှစ်ဖက်တုန်နေတယ်။

ငါ့ကိုယ်ငါလည်း ရှက်စပြုလာသလို

ဒီအကြောင်း မသန်းဆင့်များကြားသွားခဲ့ရင် ငါတော့ အကြီးအကျယ် ယ်ကျိုးနည်းပြီ ကရင်လေးတို့ရေ။ ဘယ်လို ပြဿနာတွေဖြစ်လာမယ် တာ ငါလည်း မတွေးတတ်။

''မဆင့်ရေ ... ရှင်ဘုရင်သမီးနဲ့ ဒွန်းစဏ္ဍားညားတဲ့ပုံပြင်တွေ ကြားဖူးမှာပေါ့။ ငါ့က ဒွန်းစဏ္ဍားဘဝ၊ အညာသားဘဝနဲ့ ဇာတ်မသိမ်ဘူး ဆင့် မင်းကိုချစ်တဲ့ အချစ်သတ္တိကြောင့် ငါ ရှင်ဘုရင်ဖြစ်အောင် ကြိုးစား ။ မင်းက ငါ့ဘဝမှာ ခရီးဖော်၊ လက်တွဲဖော် မိဖုရားဖြစ်ပါစေလို့ ငါ ပြုဆုတောင်း ...

''ကြွေလောက်တဲ့ ရည်းစားစာကွာ''

''ရှီး ... ဝမ်းစမိုးဟေ့ ...''

''ဆရာကြီး ကောင်းလွန်းလို့ ခပ်ကျယ်ကျယ်ပြောပါဗျို့''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်မရေ ... ငါတောင် စွာကျယ်ရေးတဲ့ ရည်းစားစာ ထောင်ရင်း နောက်လင်လိုချင်နေပြီအေ"

"ညည်းကလည်းအေ မိဖားရယ် နင်ကလည်း ဘယ်သူ့မျာ ထပ်လိုချင်နေလို့တုံးအေ ဟင်"

"စွာကျယ်ပဲ ယူရင်ကောင်းမလားလို့ အေ ..."

"ဟား ... ဟား ... ဟား ... စွာကျယ်ဆိုတဲ့ကောင်တော သူ့အတတ်သူစူးပြီး ဆရာကြီးရှေ့မှာ အရှက်ကွဲနေပြီဟေ့။ သောင်းဆ မိဘတွေ၊ မောင်ဘွားတွေကြားရင် သင်းကို လိုက်သတ်မလား၊ အချုပ် သွင်းမလား တစ်ခုခုပဲ။ ငါတို့ဆရာကြီး တော်လိုက်တာအေ"

ဒီမှာ လူကျယ်တစ်ယောက်ရဲ့ အသံလည်း ငါကြားရသကွ။

"ဟေ့ ... မောင်ပိန်၊ မိသောင်းဆင့်အဖေကို မြန်မြန်သွားခေ စမ်းဟေ့"

ဒုက္ခပဲဟေ့ ... ပြဿနာတော့ စပြီကွ။

"မိသောင်းဆင့်အစ်ကို သိုင်းသမားကံကောင်းပါ ခေါ်ခဲ့ဟေ့"

ငါ အသားတွေ တုန်နေပြီကွာ။ ငါ့စာကို မဖတ်ဘဲ အလွတ်ရွ ပြနေတဲ့ လူထူးလူဆန်း ဆရာကြီးရဲ့ မျက်နှာကိုကြည့်ပြီး ငါ ... ငါ ... ကြက်သီးဖြန်းဖြန်းထလို့ မျက်စိမျက်နှာပျက်နေပြီ။

"မောင်စွာကျယ်"

"ဗျာ ... ဗျာ ..."

"နီဂုံးချုပ်ကို ဆရာကြီး အလွတ်ရွတ်ပြကြရဦးမလားကွယ်"

"ဗျာ ... အဲ ... အဲ ... ရပ် ... ရပ်ပါတော့ ဆရာကြ ခင် ... ခင်ဗျာ။ ကျွန်တော် တောင်းပန်ပါတယ် ... ရပ် ... ရပ် တော့ခင်ဗျား"

"ဆရာကြီး အခု ရွတ်ပြနေတာ မင်းရေးတဲ့ ရည်းစားစာသ တွေ ဟုတ်ရဲ့လား"

"အဲ ... အဲ ..."

"နံဘေးက သက်သေကျောင်းဆရာ ဘယ်သူတဲ့"

"ကျောင်းဆရာဦးတင်ကြီးတဲ့ဗျို့"

"ဟုတ်ပြီ ကျောင်းဆရာ ကျူပ်ရွတ်ပြတာနဲ့ စာရွက်ပေါ်ရေးထ တာ ဟုတ်ရဲ့မှန်ရဲ့ တိုက်ရဲ့လားဗျာ"





"အားလုံး ကွက်တိမှန်ပါတယ် ဆရာကြီးခင်ဗျာ"

"ရှီး ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ဒါမှ ဆရာကြီး ဦးဒေါနအောင်တဲ့ကွ"

"မှတ်ထားကွ စွာကျယ်ရ၊ အဲဒါ ဦးဒေါနကွ"

ငါ့ကွာ ... ပြောဆိုပြီး ဝေဖန်ဆဲရေးကြတဲ့ လူအုပ်ကြားမှာ ကြာ ကြာမရပ်ဝံ့တော့ဘူး။ ဒါကြောင့် ကျောင်းဆရာလက်ထဲက ရည်းစားစာရွက် ကို ဖျတ်ခနဲယူပြီး ငါ လူကြားထဲက တိုးထွက်ပြေးခဲ့လိုက်တယ်။

"ဟေ့ကောင်စွာကျယ် ... နေပါဦးကွ ... ဟိုမှာ မိသောင်းဆင့် လာပြီဟ"

"သောင်းဆင့်အဖေရော၊ သိုင်းသမား သူ့အစ်ကိုရော ပါတယ် ဟေ့"

"စွာကျယ်ဆိုတဲ့အရူး ဘယ်မှာတုံးကွ ဟေ"

"ဟိုမှာ ပြေးပြီဗျ။ လိုက်လိုက်"

"လေးခွနဲ့ ခေါင်းကိုထိအောင်ပစ်ပါကွာ"

အရှိန်နဲ့ လိုက်လာတဲ့ ကြွေးကြော်အော်ဟစ် အားပေးသံတွေကို ကြောက်ပြီး ငါ ပြေးလိုက်တာ မှန်နေတာပဲ။ အမှန်က နောင်သိရတာက ကြိတ်ပိုးနေတဲ့ မိသောင်းဆင့်ရဲ့ အဖေနဲ့အစ်ကို လိုက်လာတာ မဟုတ် ဘူးကွ။

လူအုပ်ထဲက ငါ့ကိုကြည့်မရတဲ့ ကောင်တွေက ဝိုင်းလှန့်ပြီး အော် ဟစ်ခြောက်လှန့်ကြတာဟေ့။

တစ်နေ့လုံး ငါ အိမ်ကိုမပြန်ဘူး။

ဘုန်းကြီးကျောင်း၊ သုံးကျောင်းလှည့်ပုန်းနေရတယ်။

မိသောင်းဆင့်အစ်ကိုတွေ တုတ်တွေနဲ့ လိုက်ရှာလို့ဟေ့။

ငါမှားသွားမှန်း သိပါပြီကွာ။ ဒီလူကြီး ပေါ့သေးသေးထဲက မဟုတ် မှန်း လက်တွေ့သိပြီး အရှက်ကွဲခံရပြီကွာ။

ငါမှားတယ်။ ငါ ပညာရှင် ပညာသည်ကို စော်ကားမထေမဲ့မြင် ပြုလုပ်ရာကျသွားပြီ။ ညဘက်ရောက်မှ ဆရာကြီးဦးဒေါနတည်းခိုတဲ့ ဘုန်း တော်ကြီး ဦးနိုးကျောင်းမှာ သွားတောင်းပန်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကို ငါထိုင်ကန်တော့ တောင်းပန်တာပါ။ ဆရာကြီးက လည်း ခွင့်လွှတ်ပါတယ်။

"ဆရာကြီးခင်ဗျား"

"ပြောပါ မောင်စွာကျယ်"

"ဒီ ပညာကို ဘာလို့ခေါ်ပါသလဲခင်ဗျား"

"လူလေး အံ့သြလို့လား"

"အံ့သြရုံမကပါဘူး ဆရာကြီး သင်ကြားလို့ရရင် သင်ယူချင် လို့ပါ ဆရာကြီးခင်ဗျား သိပါရစေခင်ဗျား"

"ဒီပညာကို ရက္ခစိုးမှော်ပညာလို့ခေါ်တယ် လူလေး"

သင်ချင်တိုင်းလည်း သင်လို့မရဘူး။ သင်ယူပြီဆိုရင်လည်း စည်း စောင့်ရတယ်။ ဖွဲ့နဲ့လေ့ကျင့်ရတယ်။ မဟုတ်မဟပ် မတော်မတရားတွေလုပ် ခဲ့ရင် ရက္ခစိုးကြီးတွေက ကိုယ့်ကို ပြန်ဒဏ်ခတ်တယ်။ ဒဏ်ခတ်ခံရရင် အချို့ရူးသွပ်သွားတယ်။ အချို့စကားမပြောနိုင်ဘဲ အ,သွားတယ်။ အချို့ ပညာကန်းပြီး အရုက်တကွဲ အကျိုးဖြစ်သွားရတာတွေရှိတယ်။ လောဘတက် ရင်လည်း ခံရတာ မသက်သာဘူး။ မင်းငယ်သေးတယ်။ အရွယ်ရောက်လာ ပြီး ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ပြီး ငါးပါးသီလ လုံခြုံပြီဆိုရင် ဆရာကြီးဆီကို လာခဲ့ပါ။ လမ်းညွှန်ပေးပါ့မယ် ... ဟုတ်လား"

"ဒီလိုနဲ့ ငါ ငယ်စဉ်က အဲဒီ ရက္ခစိုးမှော်ပညာကို လိုချင်ပါလျက် မရခဲ့ဘူး"

"ဆရာကြီး ဘာတွေရခဲ့တုံးခင်ဗျ"

"အဲ ... အဲ ... ဘာမှမရပါဘူးကွာ"

ဒီမှာ စောပွယ်လားကလည်း ဝင်ထောက်ပါရော။

"ဘကြီး ကျားပေါ်ကို တော်ရုံသတ္တိနဲ့ ခုန်မချရဲဘူးနော်။ ခုန်ချ ရဲတာရော ဘာကိုယ်လုံများ ရှိလို့တုံး ဘကြီးရဲ့။ ငါတို့တော့ ပြောပြ နော"

"ဘာကိုယ်လုံမှ မရှိပါဘူးကွာ။ ဟိုကရင်မသုံးယောက် ကျားနဲ့ တော့မှာမြင်လို့ ငါကလည်း သစ်ပင်ပေါ်တက်ပြီး ဆေးသစ်ခွတချို့တွေ ရောက်နေချိန် ကြုံသွားတာပါကွာ။ ကျားက သစ်ပင်ပေါ်က ငါ့ကိုမမြင်ဘဲ မြေပြင်က သူတို့သုံးယောက်ကို ခုန်အုပ်မလို့လုပ်နေတုန်း ငါလည်း ခါး





တွေကကိုက်၊ အပင်ပေါ်ကလည်း ကြာကြာနေလို့မရတဲ့အဆုံး ဖြစ်ချင်ရာ ဖြစ် ငါလည်း ကျားစာဖြစ်ချင်ဖြစ်တော့ဆိုပြီး ဟိုကရင်မတွေကိုလည်း ကျား ကိုက်မှာ စိုးရိမ်လို့ ကျားခါးပေါ် ခုန်ချလိုက်တာပဲကွ"

"ကျားတော့ ခါးကျိုးသွားတာပဲဝေ့"

"ဘကြီး ကျားရဲ့ အားလျော့ချက်ကို သိတယ်နော်"

"မဟုတ်ပါဘူးကွာ ... ငါခုန်ချတဲ့နေရာ အံကိုက်လို့ ကျား ခါး ကျိုးသွားတာပါကွာ"

စာရေးဆရာရေ ... ငါတို့ ကရင်မိန်းမပျိုတွေကလည်း အဲဒီဘကြီး ဦးရွှေရိုး)နဲ့ ကရင်တိုင်းရင်းဆေးဆရာကြီး စောသာရှူးတို့ ပြောဆိုနေတာ နားထောင်ပြီး အံ့သြကြပေါ့။

ရေနွေးလိုရင် ရေနွေး၊ အမြည်းလိုရင် အမြည်းဖြည့်ပေးပေါ့။

အဲဒီဘကြီးက ငါတို့စားတဲ့ တာလပေါ်ဟင်းလည်း ကြိုက်တာပဲ။ တောဝက်သားလည်း ကြိုက်တာပဲ။ ဝက်သားနဲ့ မှိုစ်ချဉ်များဆိုရင် ခေါင်း မဖော်တမ်း စားတာလေ။ စားရင်လည်း သူ့နှုတ်ခမ်းမွှေးတွေမှာရော ဖျင် ကြမ်းအကျီတိုက်ပုံရင်ဘတ်မှာပါ ဟင်းရေတွေ ပေကျံနေတာပဲ။

စားပြီးရင် လက်သုတ်စရာ အပေးမစောင့်ဘူး။

သူ့ပုဆိုးနောက်နားနဲ့သုတ်ပြီး ကောင်းသဟော့လို့ပဲ ပြောနေတယ် လေ။ ထူးခြားတာက ညစ်ပေနေတဲ့ သူ့ပုဆိုးပေါ်ကို ယင်မနားဘူး၊ ပုရွက် ဆိတ် မတက်ဘူး၊ အနံ့နံတာမျိုး မရှိဘူးဝေ။

အဲတော်တော့ ထူးခြားတာပဲ။ ငါတို့ကလည်း မေးချင်တာလေး တွေ ရှိတယ်လေ။

စောပွယ်လားတို့ စကားရပ်တုန်း ငါတို့က မေးပေါ့။ –

"ဘကြီး"

"ဝေ"

"သမီးတို့ မေးစရာရှိလို့"

"မေးဝေ ... မေး ..."

"ဘကြီး ဦးရွှေရိုးအက ကတတ်တယ်နော်"

"ဟေ ... ငါက ဦးရွှေရိုးအက ဘယ်တုန်းကများ ငါကလို့တုံး ကရင်မလေးရဲ့ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးပြီးခဲ့တဲ့ တပို့တွဲလက ..........ဘုရားပွဲမှာ ဘကြီး
နှီးယက်ဝိုင်းနဲ့ ကခဲ့တာလေ ဘကြီးရဲ့"

"မြွတ်စွာဘုရား ... ငါကတယ်"

"ဟုတ်တယ် သူတို့ပါ မြင်တာပေါ့။ ကတာကောင်းလို့ ဆုတွေချတာ ဘကြီး ပိုက်ဆံတွေ အများကြီးရတာနော။ ဘကြီးက ဆုရတဲ့ ပိုက်ဆံတွေ အကုန်ဝေတာ။ ကျွန်မတို့ရွာက ကရင်အမယ်အိုကြီးတွေတောင် ရတယ်ဝေး"

"ဟင် ... ဟုတ်လား သမီး။ ငါ အဲဒါတွေ မမှတ်မိပါလား။ နင်တို့များ လူမှားရော့လား သမီးတို့ရယ်"

"မမှားဘူး ဘကြီး၊ ဘကြီးမှ ဘကြီးအစစ်"

"ဟေ ..."

"ဟောဒီ ဖျင်ကြမ်းတိုက်ပုံကြီးနဲ့ပါဝေး"

"ဟို လွယ်အိတ်ကြီးလည်း ပါတယ်လေ"

ဘကြီးတိုက်ပုံ ဦးရွှေရိုးကြီးက ငါတို့အားလုံးကို အံ့သြတဲ့ ... အကြည့်နဲ့ ကြည့်လို့ဝေး။

"ငါ ... က,တယ်။ အို ... မဖြစ်နိုင်ဘူး။ ငါမှ ဦးရွှေရိုးအက မကတတ်တာကွယ်။ ဒုက္ခပါပဲ"

သူ ညာပြီး ပြောနေတာလား။

အမှန်တကယ် မမှတ်မိတာလား ငါတို့မသိ။

ကြည့်ရတာ မှတ်ဉာဏ်မကောင်းတစ်ချက်၊ ကောင်းတစ်ချက်နဲ့ တူပါရဲ့။ ပုံပန်းသဏ္ဌာန်ကလည်း အရူးကြီးလိုလိုကိုး။ ဒါပေမင့် ငါတို့သိတယ် စာရေးဆရာ။ ဒီအဘိုးကြီး သတ္တိရှိတယ်။ ပညာစုံတယ်။ စကားပြောကောင်းတယ်။ ပျော်ပျော်နေတယ်။ ရယ်စရာတွေကို ပွဲကျအောင် ပြောတတ်တယ်။

သူ ကွမ်းဝါးရင်း စဉ်းစားနေတယ်။

စဉ်းစားရင်း သူ့ဆံပင်တွေ ဖွာလန်ကျဲအောင် ခေါင်းကုတ်တယ်။

"ငါ ကလေးအရွယ်တုန်းကတော့ ကဖူးတယ်ဟ"

"ဘယ်လိုအကကို ကတုံး ဘကြီး"

"ဒီလို ချိုမိုင်မိုင်အကဟ"





"ဟာ ... ဘကြီးကလည်း ဒီအကတော့ ကလေးတိုင်း ကတာပေါ့။ ဦးရွှေရိုးအကတို့၊ ဟိုလေ ... နတ်အကတို့ ကတာပြောတာ"

"ငါ မမှတ်မိတော့ဘူးကွ"

"ငါ့ကြည့်ရတာလည်း ခေါင်းမကောင်းတော့ဘူး တူပါရဲ့ကွယ် .. သမီးကရင်မတို့ရယ်။ ငါ က,မက ဒီညပြန်စဉ်းစားမယ်"

"မှတ်မိခဲ့ရင် သမီးတို့ကို ကပြနော်"

"ဟာ ... ကပြမှာပေါ့။ နင်တို့ကျွေးတဲ့ ထမင်းဟင်းကို ငါ တဝ စားပြီးထားတာ။ ဟဲ့ ကရင်မတို့ရဲ့"

"ဘာလဲဝေး ဘကြီး"

"ငါလည်း ပြန်သင်ရဦးမယ်ဟ"

"ဘကြီးက ဘာသင်ချင်လို့တုံး"

"ကရင်ဒုံးယိမ်းအက ငါ သင်ရမယ်ဟေ့ သင်ရမယ်ဟေ့"

"ဘကြီးဝေး ..."

"ဘာတုံး သမီး"

"ဘကြီးက ကရင်လိုလည်း ပြောတတ်တယ်"

"ဘကြီးက ကရင်လား။ စကောကရင်လား၊ ပိုးကရင်လားဝေး"

"ငါက ဗမာလူမျိုးပါကွယ်။ ကရင်စကား ငါ ဘယ်လိုပြောတတ်မှန်း မသိတော့ဘူးဟ။ ငါလည်း အဲဒါပဲ အံ့သြနေတာပဲဟေ့ ကရင်မရေ"

ဒီဘကြီးက တစ်မျိုးထူးဆန်းတယ်။ စာရေးဆရာ။ သူက ပြီးခဲ့တာတွေ သိပ်မမှတ်မိဘူး။ မှတ်မိလာရင်လည်း တရကြမ်း အမျှင်မပြတ် ပြောရောဝေး။

အဲဒီလို စကားကောင်းနေချိန်မှာပဲ ကရင်ငပုဆိုတဲ့ကောင် ရေးကြီးသုတ်ပြာ အိမ်ပေါ်တက်လာတယ်။ ငါတို့လည်း ပြာယီးပြာယာဖြစ်နေတဲ့ ကရင်ငပုကို လှည့်ကြည့်ကြ။

"ဆေးဆရာ ဒီမှာဆိုဝေးဖွယ်လား"

"အေးဟေ့ ... ဘာကိစ္စတုံး ငပု"

"ငါ ဆရာလာပင့်တာဝေး။ ဆရာကြီး အမြန်ဆုံး လိုက်ခဲ့ပါဆော့"

"ငပု ... ဘာဖြစ်လို့တုံးနော"



www.burmeseclassic.com

www.burmeseclassic.com



ကရင်ဆေးဆရာအိုကြီးက အလျင်စလိုဖြစ်နေတဲ့ ကရင်ပေါ
မေးတယ်ဝေ။

"ဖထီးရေ ... စောစံဆေးတစ်ယောက် ဘာဖြစ်မှန်း မသိဘူ
ဝေ။ တောထဲကပြန်လာပြီးနောက်ပိုင်း သစ်ပင်ပေါ် တက်လိုက်ဆင်းလိုက်
လုပ်နေတာ တစ်ညနေလုံးဝေ။ ခု ညဘက်ရောက်တော့လည်း သစ်ပင်တွေ
တစ်ပင်ပြီးတစ်ပင် တက်လိုက်ဆင်းလိုက် လုပ်နေတယ်ဝေ။ ခေါ်လို့မရ
တားလို့မရ။ ဒီကောင် ရူးပလား မသိ။ ဖထီး ဆရာကြီး ... အမြန်လိုက်
ခဲ့ပါဝေး"

ဒါနဲ့ ကရင်ဆေးဆရာကြီးဖိုးရော ငါတို့ရော ထလိုက်ဖို့ ပြင်ကြတာ
ပေါ့။

"ဦးရွှေရိုး"

"ဘာတုံး ဆရာနူး"

"နင်လည်း လိုက်ခဲ့ပါဝေး"

"ငါက ဘာလိုက်လုပ်ရမတုံး ဆရာနူးကြီး"

"စောစံဆေးဆိုတဲ့ကောင်ကို ငါလည်းကြည့်၊ နင်လည်းကြည့်ရင်
မကောင်းလားနော"

"အေး ... ငါလည်း ကြည့်ချင်တယ်။ လိုက်မယ် ဆရာဖိုးကြီး
လာ သွားမယ်၊ ငပု ... နင်ရှေ့ကသွား"

✿ ✿ ✿

# [၂၂]

❑

မြင်ရချက်ကလည်း အံ့စရာပဲဝေး။ ငါတို့ကရင်ဆရာကြီး စောစံ
နူးရော၊ တိုက်ပုံရင်ကွဲဘကြီး ဦးရွှေရိုး၊ ငါတို့ ကရင်တွေရော စောစံဆေးရဲ့
အဖြစ်ကို အံ့သြထူးဆန်း ကြည့်နေကြတယ်ဝေ။

စောစံဆေးလည်း ကရင်မှုဆိုးပဲ။

အရွယ်ကောင်း၊ လူလုံးလူထည် တုတ်တုတ်ပြတ်ပြတ်ဝေ။

ဒူးလေးပစ်တာ အရမ်းလက်တည့်တဲ့ မုဆိုးပဲ။

ထပျံတဲ့ ရေဝမ်းဘဲရိုင်း၊ စစ္စလီငှက်တွေကို ထိအောင်ပစ်နိုင်
တယ်။ စောစံဆေး တောထဲဝင်ပြီး ပြန်ထွက်လာရင် သားကောင်တစ်ကောင်၊
နှစ်ကောင်၊ သုံးကောင် အမြဲ ရလာလေ့ရှိတယ်။

ခုဖြစ်နေပုံ ကြည့်စမ်းပါဝေး။

ညဉ့်ကြီးညကြီးမှာပါဝေး။

---



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ ဖိုးရွှေလက ထိန်ထိန်သာနေလို့ အရှင်းကြီး မြင်နေရတာပေါ့။ မုဆိုး စောစံဆေးရယ် . . . ကွမ်းသီးပင်ငါးပင်ကို တစ်ပင် ပြီးတစ်ပင် တက်လိုက်ဆင်းလိုက် လုပ်နေတာဝေး။ အကျီမပါ ကျောပြောင် နဲ့ ခါးတောင်းကျိုက်ထားတဲ့ တင်ပါးနှစ်လုံးကို ပြောင်နေတာပဲ။

တောတက်ကရင်ပီပီ ခြေသလုံးသား တုတ်တုတ်ကြီးနဲ့။ စကား လုံးဝမပြောဘူး။ တစ်ပင်ပေါ်ကို ဖက်ပြီးတက်တယ်။ အပေါ်ဆုံးရောက် ရင် ပြန်ဆင်းတယ်။ ပြီး . . . နောက်တစ်ပင် ပြန်တက် ပြန်ဆင်း၊ ကွမ်းသီး ပင် ငါးပင်ပြည့်တော့ အဦးအစအပင်ကို ပြန်တက်ပြန်ဆင်း၊ လူတွေ ဝိုင်း ကြည့်နေတာလည်း ဂရုမစိုက်။

သူ့အပါးနဲ့ အမိုးက အော်ပြောလည်း မရ။

"ဆေး . . . မတက်နဲ့၊ ရပ်။ ဖိုးခွား . . . တော်တော့ . . . မတက် နဲ့"

အဖနဲ့အမိက ဝိုင်းဆွဲ ပြောတားလည်း မရဘူး။ တွန်းဖယ်ပြီး ပြန်တက်တယ်။ ဘာစကားတစ်လုံးမှ မပြောဘူးနော်။ မျက်တောင်လည်း မခတ်ဘူး။ မျက်လုံးနှစ်လုံးကို ပြူးပြီး တက်လိုက်ဆင်းလိုက် လုပ်နေတာ။

ဒီမှာ ကရင်ဆေးဆရာကြီးက စောစံဆေးရဲ့ အမိုးကိုမေးတယ်။

"အမိုးကြီး . ."

"အေး . . . ဆရာကြီးခူး"

"ဒီကောင်လေး ဘယ်လိုဖြစ်တာတုံး"

"သူ . . . မွန်းလွဲချိန် တောထဲက ပြန်ရောက်တယ် ဆရာ။ ဒူးလေး လည်း ပါမလာဘူး။ သားကောင်၊ ဟင်းစားလည်း မပါဘူးဝေး။ ရောက်ချိန် ကစပြီး စကားလုံးဝမပြောဘဲ သစ်ပင်တွေ၊ ကွမ်းသီးပင်တွေကို တက်နေတာ၊ တစ်ညနေလုံး တက်နေတာဝေး၊ ပြောမရ၊ ဆွဲမရပါပဲနော။ အခု မှောင်ပြီး သူ တက်လိုက်ဆင်းလိုက် လုပ်နေတုန်းပဲ။ ကုပေးပါ . . . ဆရာကြီး"

"အေး . . ."

ကရင်ဆေးဆရာ အဘိုးအိုက ကွမ်းသီးပင်ပေါ်က ဆင်းလာပြီး နောက်တစ်ပင်တက်မလို့ ဟန်ပြင်နေတဲ့ စောစံဆေးရဲ့လက်ကို ဆွဲထား ပြီး . . .





"ဖိုးခွား . . . ရပ်တော့၊ လာ . . . ငါနဲ့ စကားပြောရအောင်ဝေး"

စောစံဆေးက ခေါင့်ရုန်းပြီးအပင်ပေါ်တက်မလို့လုပ်တော့ ကရင် ဆေးဆရာကြီးက စောစံဆေးရဲ့လက်ကို မိမိရရဆုပ်ထားတယ်။

ဆုပ်ထားရင်း တံတောင်ဆစ်နားက နေရာကို သူ့လက်နဲ့ နှိပ် လိုက်တယ်။ နှိပ်လိုက်တဲ့ကြားက ရုန်းပြီး ကွမ်းသီးပင်ပေါ်ကို လစ်ခနဲ၊ ဆွဲ့ခနဲ ခုန်ခုန်တက်သွားလိုက်တာ ဟိုးအဖျားကို ရောက်သွားတယ်။

အဖျားကိုရောက်ရော အပင်ကို ကိုယ်လုံးနဲ့ နှံ့လိုက်တာဝေး ကွမ်းသီးပင်ဖျားဟာ . . . ဟိုယိမ်းဒီယိမ်းနဲ့ ကျိုးများကျရင် အသေပဲဝေး ကရင်ဆေးဆရာကြီး အမျိုးမျိုးချော့ပြောလည်း လုံးဝဂရုမစိုက်ဘဲ . . .

"ဆရာခူး . . ."

"ဝေး . . . ဦးရွှေရိုး"

"ဆရာခူးကြီး အကြောကို ကိုင်လိုက်တယ် မဟုတ်လား"

"ဦးရွှေရိုး . . . နင်သိတာပဲလား"

"ငါ မြင်လို့ပါ"

"ဟုတ်တယ် ဦးရွှေရိုး၊ လူပ်ရှားနေတဲ့ လူရဲ့အကြောကို ငါကိုင် ရင် လှုပ်ရှားတဲ့လူ ငြိမ်လေ့ရှိတယ်။ ဒီကောင့်ကို ငါကိုင်တယ်။ ဘာမှ မဖြစ်ဘူး။ ဒီကောင် မရိုးတာပဲဝေး"

"မရိုးတာကို ထုတ်လေ ဆရာခူး"

"ဒီကောင့်ကို ဖြစ်စဉ်မေးပြီးမှ လုပ်လို့ရမှာလေ။ အခု ဒီကောင် ကို ခေါ်လို့မှမရတာ"

"ကြိုးနဲ့ဝိုင်းတုပ်ရင်ရော ဆရာကြီးခူး"

"အဲလိုလုပ်မှရမှာပဲအော့ . . စောဖိုးသင်တို့၊ စောထီးတို့၊ သာဖိုး တို့"

"ဝေး . . . ဆရာကြီး"

"ဒီကောင့်ကို ဖမ်းချုပ်ပြီး ကြိုးနဲ့တုပ်ကြစမ်းဝေး"

ကရင်လူငယ်လူသန်တွေ စောစံဆေးကို ဖမ်းချုပ်ပြီး ကြိုးနဲ့တုပ် ရော ရုန်းတယ်ဝေး။ ရုန်းတဲ့ကြားက စောစံဆေးကိုယ်လုံးကို ကြိုးနဲ့တုပ်မိ သွားပရော။



www.burmeseclassic.com

www.burmeseclassic.com



အို ပလုပ်တုတ် . . . ဒီကောင် မငြိမ်ဘူးဟာ ရုန်းတယ်ဝေး၊ ကြိုးကို ပါးစပ်နဲ့ကိုက်တယ်ဝေး။ အမလေး မရရော . . . ရှေ့ဂျွမ်းနောက်ဂျွမ်း ကြိုးတုပ်ရက် ထိုးတာဝေး။ ဂျွမ်းထိုးပြီး သူ့ခြေနဲ့ မြေကြီးတွေကို ဒေါသတကြီးဆောင့်ပြီး ဂျွမ်းချည်းထိုးနေတာ။ ဝင်ချုပ်တဲ့လူကို ခေါင်းနဲ့တိုက်တယ်။ ခြေနဲ့ကန်တယ်။ ပါးစပ်မှာလည်း အမြှုပ်တွေ ထွက်နေပြီ။ တစ်ကိုယ်လုံးလည်း ချွေးသံချွဲချွဲ၊ ပွန်းပဲ့အရေလန် သွေးသံရဲရဲ ဖြစ်နေပြီ။ ဝိုင်းချုပ်သမျှ ကရင်လူငယ်တွေလည်း ပက်လက်လန်လဲကျ၊ ဒေါသတွေဖြစ်ကြ။

"ဆရာကြီးခူး . . ."

"အေး . . . ဦးရွှေရိုး"

"ဒီကောင်လေးဖြစ်ပုံက မရိုးဘူး"

"ဟုတ်တယ်ဝေး"

"ကျုပ် နည်းနည်းကူညီလို့ရမလား ဆရာကြီးခူး"

"အိုး . . . ဦးရွှေရိုး နင်ဘာပြောစရာလိုလဲဝေး။ နင် လုပ်ပါ၊ နင် နားလည်သလိုလုပ်ပါ။ ငါ သဘောတူတယ်"

ဒီမှာပဲ တိုက်ပုံရင်ကွဲနဲ့ ဦးရွှေရိုးကြီးက ဘာလုပ်တယ်မှတ်လဲ ဝေးသဲတစ်ဆုပ်ကို ကောက်ယူပြီး ပါးစပ်အနီးတေ့လို့ မန္တာန်လိုလို ဘုရားစာလိုလိုတွေကို ဥုံ . . . ဥုံနဲ့ ရွတ်တယ်။

ရွတ်လို့ပြီးရော ကြိုးတုပ်လျက်နဲ့ ရှေ့ကျွမ်းနောက်ကျွမ်းထိုးနေတဲ့ စောစံဆေးရဲ့မျက်နှာကို လက်ထဲကသဲနဲ့ပက်လိုက်တာ ဟိုကောင် ပါးစပ်နဲ့ မျက်စိထဲ သဲတွေဝင်ပြီး မြေပြင်မှာ အော်ဟစ်လူးလိမ့်နေတာပဲ။

အတန်ကြာတော့ ငြိမ်သွားတယ်။

ငြိမ်တော့မှ ဘတိုက်ပုံကြီးက အသာဆွဲထူထိုင်ပေးရော။ သူက တိုက်ပုံရင်ကွဲကြီးကို ကြောက်ကြောက်ရွံ့ရွံ့ကြည့်ပြီး တုန်နေတယ်ဝေး။

"ဆရာကြီးခူး . . ."

"ဝေး . . . ဦးရွှေရိုး"

"ဆရာကြီး ကျန်တဲ့အပိုင်း မေးပေတော့ဗျို့"

"အေး အေး . . . နင်လည်း တယ်စွမ်းပဲကိုး ဦးရိုး"





သည့်နောက် ငြိမ်သွားတဲ့ စောစံဆေးကို ဆရာကြီးက ကရင်လို မေးတယ်။

"ဝဆေး . . ."

"ဝေး . . ."

"နင် . . . သတိရပြီလား"

"ရပြီ"

"နင် . . . ခုန်ပေါက်ဦးမှာလား"

"မပေါက်"

"နင့်ကိုကြိုးဖြေပေးရင် နင် သစ်ပင်တက်ဦးမလား"

"မတက်ဘူးဝေး"

"ငါ့ကိုသိလား"

"သိတယ် ဖထီးဆေးဆရာ"

"နင့်အပါးနဲ့ အမိုး ဘယ်မှာတုံး"

"ဟိုးမှာ . . ."

"ဟုတ်ပြီ၊ နင် သတိကောင်းပြီဝေး။ သူ့ကို ကြိုးဖြည်ပေးလိုက်ကြ ဖိုးခွားတို့"

ဆေးဆရာကြီးစောသာခူးရဲ့ စကားအဆုံးမှာ စောစံဆေးကို ကြိုးဖြည်ပေးလိုက်ပြီး ထရပ်စေလို့ အိမ်ရှေ့ကွပ်ပျစ်ရှိရာကို ခေါ်လာခဲ့ကြတယ်။

"နင် ဘယ်လိုဖြစ်ခဲ့တုံး ပြောပြ"

"ငါ တောထဲမှာ အမဲလိုက်တယ်"

"အေး . . . ဘာဖြစ်တုံး"

"မြွေခေါင်းချောင်းဘေးက ညောင်ပင်ကြီးရှေ့ ငါ ရောက်ခဲ့တယ်။ ငါ အမဲတစ်ကောင်မှ မရခဲ့ဘူး။ ငါလည်း တင်မြှောက်ပြီးမှ အမဲလိုက်တာပါဝေး။ ကံမကောင်းဘူးဝေး။ မြွေတွေချည်းပဲ တွေ့နေရတယ်။ ငါ ညောင်ပင်ကြီးနား ရောက်သွားရော ညောင်ပင်ပေါ်မှာ မျောက်သားအမိ ရယ် ညောင်ပင်ပေါ်တက်ပြေးပြီး ညောင်ရွက်ညောင်ကိုင်းတွေကြားမှာ ပုန်းနေတာဝေး။ ငါကလည်း ဘာသားကောင်မှမရတော့ မျောက်ကို ပစ်ရတော့ပေါ့။ ငါပစ်လိုက်တဲ့ ဒူးလေးမြှားက မျောက်မကြီးကိုထိပြီး ညောင်ကိုင်း ညောင်ရွက်ကြားကနေ ထိတိုက်ပြုတ်ကျလာတာ။ မြေကြီးကို မကျဘူး။



www.burmeseclassic.com

www.burmeseclassic.com



မျောက်မကြီးက သူ့ကလေးကို ဘယ်လက်နဲ့ဖက်ပြီး ဝါးတစ်ပြန်အမြင့်က ညောင်ကိုင်းကို ညာလက်နဲ့ဆုပ်ပြီး နာနာကျင်ကျင် အော်နေတာပေါ့။ အဝေးက မျောက်တွေအော်သံလည်း ကြားရတယ်။ မျောက်ကြီးက ဗွဲလောင်းကြီး။ မျောက်သားငယ်ရဲ့ ငိုသံအော်သံကလည်း ဆူညံနေတယ်။ မျောက်မကြီး ပြုတ်မကျတာနဲ့ ငါလည်း နောက်ထပ် မြားတွေလွှတ်တယ်။ ရှိသမျှမြားကုန်ရော ... မျောက်မကြီးကို မထိဘူးဝေး။ ငါ အံ့ဩပါရော ဆရာကြီး။ ငါဟာ မြားတစ်ချောင်း တစ်ကောင်ရတဲ့ မုဆိုးပါဝေး။ မြားကုန်ရော ငါ ညောင်ပင်ပေါ်တက်ဖို့လုပ်ရော ... မြေကြီးမှာလည်း မျောက်မကြီး အထိုင်ရာက သွေးတွေ တစ်စက်စက် ကျနေတာဝေး။ ဆရာကြီး ညောင်ပင်မှာ နတ်ကွန်းစင်လေး ရှိတယ်။ ပန်းအိုး မရှိဘူး။ ရုပ်ထုအကျိုးတစ်ခုရှိတာ မြင်ရတယ်။ ငါ ညောင်ပင်ပေါ်ကို တက်လိုက်ပြီး မျောက်မကြီးရှိရာကို သွားနေချိန် ငါ့ခြေထောက်ကို အောက်ကနေ လက်နဲ့ဆွဲချနေတာဝေး။ ငုံ့ကြည့်တော့ ဘာမှမရှိဘူး။ ငါ ဆက်တက်တယ်။ ခြေထောက်ကို ဆွဲထားတယ်။ ငါ ဆောင့်ကန်ရုန်းပြီး မျောက်မကြီး တွဲလောင်းဖြစ်နေတဲ့ ညောင်ကိုင်းရှိရာကို ဖယ်ထွက်သွားနေတယ်။ ဆရာကြီးရေ ... ငါ့ခြေထောက်ကို အောက်ကနေ ဆွဲခါနေတာဝေး။ သိသိသာသာကြီးဝေး။ လူလည်း မမြင်ရဘူး။ ငါ သေသေချာချာ ကြည့်ပါတယ်ဝေး။ မျောက်မကြီးနား ရောက်ခါနီးလေ အောက်က ဆွဲချတာလည်း ပိုပြင်းတယ်။ ငါလည်း ရုန်းတယ်၊ ကန်တယ်။ ငါ ဒါမျိုးမကြုံဖူးဘူး။ ငါမကြောက်ဘူးလေ။ ဘာမှမမြင်ရတာ ဥစ္စာ မကြောက်ဘူး။ ငါလိုချင်တာ မျောက်မကြီးပဲ အတော်ကြီးတဲ့ မျောက်မကြီးပေါ့။ ငါ မျောက်မကြီး တွဲလွဲဆွဲထားတဲ့ ညောင်ကိုင်းပေါ် ရောက်ပြီပေါ့။ မျောက်ကလေးက ငါ့ကိုမြင်တော့ ကြောက်လန့်ပြီး အော်လို့။ သူ့အမေ မျောက်မကြီးလည်ပင်းကို တအားဖက်ထားတယ် ဝေး။ မျောက်မကြီးရဲ့ မျက်လုံးအိမ်မှာ မျက်ရည်တွေ စီးကျနေတယ်။ ငါ့ကိုလည်း အသနားခံတဲ့မျက်လုံးနဲ့ ကြည့်နေတယ်။ သူ့ရင်ဝမှာ မြားက စိုက်ဝင်လို့။

သစ်ကိုင်းကို ဆွဲထားတဲ့လက်ဟာ တုန်နေတယ်။ ငါ မညှာနိုင်ဘူးဝေး။ မြားလည်း ကုန်ပြီ။ ဒီမျောက်ကြီးရမှ ငါ အိမ်ပြန် မျက်နှာပန်းလှမယ်။ သိက္ခာရှိမယ်။ ဘာသားကောင်မရဘဲ မြားကုန်ခဲ့တာကို ရွာထဲက မုဆိုး





တွေကြားရင် ငါ့ကို လှောင်ကြမယ်လေ။ ငါ မျောက်ရဲ့အနီးကို ရောက်လာပြီလေ။ ဒီမျောက်မကြီးကို ခြေနဲ့ကန်ချဖို့ အားယူလိုက်ချိန်မှာပဲ ...

"ဖောင်း ...."

"အား ယား ..."

"ဝုန်း ... ဝရော ..."

"ဖုန်း ... ဖုန်း ..."

ငါ့ကျောကုန်းကို လက်ဝါးနဲ့ရိုက်လိုက်တာ။ ဘယ်သူရိုက်လဲ မသိ။ ငါ့ကျောရိုးတော့ ကြေမွပြီထင်ရဲ၊ မျက်လုံးထဲလည်း ပြာပြီးမှောင်ကျ။

ငါရော မျောက်မကြီးသားအမိရော ညောင်ကိုင်းပေါ်ကနေ မြေကြီးပေါ်ပြုတ်ကျတာ အုန်း ... ဖုန်း ... အသံကြား ငါ မြေကြီးပေါ်ခွေးကျကျလာတယ်။

ငါ သတိရတော့ အလို ... ဘာဒဏ်ရာမှ မရဘူးလေ။

ဒါပေမင့် ငါ ပြေးချင်စိတ်ဖြစ်နေတယ်။ ခြေတွေပေါင်တွေ ရွှနေပြီ။ မျောက်မကြီးကလည်း မြေကြီးမှာ လူးလွန့်အော်ဟစ်လို့ ငါ မျောက်မကြီးကို ထမ်းယူ၊ သယ်ယူရမှန်း မသိတော့ဘူး။ ငါ ဘာဖြစ်မှန်းမသိဘူး ဆရာကြီး။

သစ်ပင် အရမ်းတက်ချင်တယ်။ မနေနိုင်တဲ့အဆုံး ငါ ဝါးပိုးပင်တွေပေါ်ကို ပြေးတက်လိုက်တယ်။ တက်လို့ကောင်းမှကောင်းဝေး။ အခြားဘာမှ သတိမရတော့ဘူး။ ဝါးပင်တွေ တစ်ပင်ပြီးတစ်ပင် တက်လိုက်ဆင်းလိုက် ပြေးလိုက်၊ သစ်ပင်ကြီးတွေပေါ် တက်လိုက်ဆင်းလိုက်။

မောလိုက်တာကလည်း မပြောပါနှင့်။

ပွန်းပဲ့ နာကျင်ဒဏ်ရာတွေလည်း ရင်ဘတ်၊ လက်ဖျံ၊ တံတောင်ဒူးခေါင်းတွေမှာ ရနေရဲ့။ မောလည်း မနားချင်ဘူး။ နာကျင်ကိုက်ခဲနေလည်း မရပ်ချင်ဘူး။

ဒီလိုနဲ့ ငါ ရွာထဲကို ပြန်ရောက်လာတယ်။ ရွာထဲက ကွမ်းသီးပင်၊ အုန်းပင်ထန်းပင် တစ်ပင်မကျန် လိုက်တက်နေတယ်။

ငါ့နားထဲမှာ ပြန်တက်၊ ပြန်ဆင်းစမ်း၊ ပြန်တက်စမ်း ဆိုတဲ့ အမိန့်ပေးသံ ငါ ကြားနေတယ်။ တစ်ချက်တစ်ချက် လူရိပ်လူယောင် မြင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါမောနေပြီ။ နာနေပြီလို့ ပြောတယ်။

ရင်ဘတ်ထဲမှာ ဓားစိုက်ထားသလို အောင့်နေလို့ နားပါရစေပြောတယ်။ မရဘူး။ သစ်ပင်ပေါ်မတက်ရင် ငါ့ကျောကုန်းကို လက်ဝါးကြမ်းကြီးနဲ့ ရိုက်တယ်။ ငါ ကြောက်တော့၊ နာတော့ ပြန်တက်ရတယ်။

''နင့်ကို သစ်ပင်တက်ခိုင်းတဲ့သူ မြင်ရလား''

''မြင်လိုက်၊ မမြင်လိုက်ပဲ''

''ဘယ်လိုပုံစံလဲ''

''အရပ်မြင့်မြင့်ထွားထွား အဘိုးကြီး။ အကျႌမပါဘူး။ ပုဆိုးကွက်ဆောင်ရှည်နဲ့ သူ့လက်ထဲမှာ တုတ်ကြီးကိုင်ထားတယ်''

''အခုရော မြင်သေးလား''

''ငါလဲကျသွားတော့ သူက ငါ့နားကပ်ပြီး ပြောသွားတယ်''

''ဘာပြောတုံးကောင်လေး''

''မနက်မိုးလင်းရင် သစ်ပင်ပေါ်ပြန်တက်ရမယ်။ မင်းကို သေအောင်တက်ခိုင်းမတဲ့။ ငါ ကြောက်တယ် ဆရာကြီးတို့ ငါကြောက်တယ်ဆေး''

စောစံဆေး အရမ်းကြောက်နေတယ်ဝေ။

သူ ရှာလမ်းမကြီးဘက် လှည့်ကြည့်လှည့်လုပ်ပြီး ငကျာမငြိမ်ဘူး။

''ဟေ့ကောင်လေး မင်း . . . ညောင်ပင်နေရာကို မှတ်မိလား''

''ငါ . . . ငါ . . . မမှတ်မိဘူးဟေ့''

''ကောင်းပေါ့ကွာ''

''ဦးရွှေရိုး''

''ဆရာကြီးခူး ပြောပါ''

သူမရှိးတာ သေချာတာပေါ့ဝေ။ သူ့ကို ခုလိုလုပ်တာ ဘယ်သူတုံး ဦးရွှေရိုး။ နင်သိရင် ပြောပါကွပါဦး။ ငါက ဆေးဝါးတိုက်တာပဲသိတယ်။ နတ်မေးတဲ့ဆရာလည်း ခရီးထွက်တယ်ဝေး။ နင်သိလား။ ဒီကောင်လေးကို ဘယ်သူနှောင့်ယှက်နေတာတုံး''

''သူ ဇာတ်ခတ်ခံရတာ''

''ဟုတ်လားဝေ့''

''နေ့တိုင်းတက်ရမှာ သေချာတယ်''





''ဝေ . . . နေ့တိုင်းတက်ရရင် သေမှာပေါ့နော်''

''သေအောင်လုပ်တာပဲ ဆရာကြီးခူး''

''အလိုလေး . . . . ဘယ်သူလုပ်တာလဲ ငါ့ကိုပြောပါဦး ဦးရွှေရိုး ငါတို့ ဘယ်လိုလုပ်ပေးရမလဲ။ နင် အကြံပေးပါ။ သိတာပြောပါ''

''သူ မျောက်ကို မြားနဲ့ပစ် အပင်ပေါ်တက်ကန်ချခံရတဲ့ ညောင်ပင်က ညောင်ပင်စောင့်ရုက္ခစိုးကို သွားတောင်းပန်လိုက်''

''ဦးရွှေရိုး နင်ပြောတာက ညောင်ပင်စောင့်ရုက္ခစိုးလုပ်တယ်လို့ ပြောတာလားဝေး''

''ဟုတ်တယ်။ ညတွင်းချင်း တောင်းပန်ရတယ်။ အိမ်မှာ ကြက်ဥရှိလား''

''ဝေး . . . ယောက်ဖ နင်တို့အိမ်မှာ ကြက်ဥရှိလား''

''ရှိတယ် ဆရာခူး''

''ကြက်ဥရတယ် . . . ဦးရိုး၊ ပြီး ဘာလိုသေးလဲ''

''ငှက်ပျောသီးရော''

''အစိမ်းတော့ရတယ် အဘ။ အမှည့်က စားပြီးသားပဲရှိတယ်''

''ရတယ်။ ငှက်ပျောတစ်ဖီး၊ ဖယောင်းတိုင်ငါးတိုင်၊ သောက်ရေတစ်ခွက်၊ ကွမ်းယာငါးယာ။ ဗမာဆေး ထည့်ယာရမယ်။ ရမလား''

ပယောဂ အနှောင့်အယှက်ခံရတဲ့ စောစံဆေးရဲ့ အပါးနဲ့အမိုးက . .

''ရတယ် . . . အဘကြီးလုပ်ပေးမယ်''

''ဒါဆိုလုပ် . . . မြန်မြန်လုပ်။ ဟော့ . . . အဲဒီညောင်ပင်ရှိတဲ့နေရာ ဘယ်သူသိသတုံးဟေ့''

''ငါသိတယ်ဟေ့ ဘကြီး''

''သိရင်လာစမ်းကွာ''

ကရင်လူငယ်ဟော့။ စောဒီးလို့ခေါ်တယ်။ သူလည်း မုဆိုးပဲ။ သတ္တိကောင်းတယ်။

''မင်းနာမည် ဘယ်လိုခေါ်တုံး ဖိုးခွား''

အဘိုးကြီးက ကရင်လိုမေးလိုက်တာဝေး။

''စောဒီးလို့ခေါ်တယ် ဖထီး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ စောဒီး ... ငါတို့ တောထဲကညောင်ပင်က ရက္ခစိုးကြီးကို စားဖွယ်တွေနဲ့ ခုညချင်း သွားတောင်းပန်ကြမယ်။ တောထဲမှာ သားကောင်တွေလည်း ရှိနိုင်တာမို့ ယောကျ်ားများများ မီးတုတ်တွေနဲ့ လိုက်စေချင်တယ်။ မင်း လမ်းပြနိုင်မှာလား"

"ပြမှာပေါ့ ... ငါနဲ့ ဒီ ငဆေးနဲ့ သွားဖူးတာပဲ"

"ဒီကောင်က ကြောက်လန့်ပြီး မမှတ်မိတော့ဘူး"

"ငါလိုက်ပြမယ်ဝေး။ ငါ အမြန်လူစုလိုက်မယ်။ စောင့်နေဝေး"

မကြာဘူး ကြက်ဥငါးလုံး၊ ငှက်ပျောသီးအစိမ်းတစ်ဖီး၊ ဖယောင်းတိုင် ငါးတိုင်နဲ့ ကွမ်းယာ၊ ဝါးဆစ်ခွက်နဲ့ ရေဘူး အသင့်ဖြစ်နေတယ်။

စောဒီးနဲ့အတူ ကရင်လူငယ်လူကြီးငါးဦး ဓား၊ လှံရှည်တွေ မီးတုတ်တွေနဲ့ ရောက်လာကြတယ်။

"ဘကြီး ငါတို့အားလုံးလိုက်မယ်"

"ဟုတ်ပြီပေါ့ ... ဟိုကောင် ... ဘာတဲ့ စောစံဆေး"

"ဗျာ ... ဝေ"

"ထ ... နင်လည်း လိုက်ခဲ့ရမယ်"

"အမလေး ... ငါ ... ငါ ... မလိုက်ရဲ ... ရဲ ... ဘူး"

"ဘာလို့ မလိုက်ရဲရမှာတုံးကွ"

"ငါ ... ငါ ... အဲဒီလူကြီးကို ကြောက် ... ကြောက်တယ်"

ဒီမှာပဲ တိုက်ပုံရင်ကွဲအဘိုးကြီး (ငါတို့အခေါ် ဦးရွှေရိုး)က ကွမ်းထုတ်ထဲကနေ ကွမ်းရွက်တစ်ရွက် ထုတ်လိုက်တယ်။ အရိုးပယ်လိုက်ပြီး ထုံးနဲ့ ကွမ်းရွက်ပေါ်မှာ စာရေးသလို လုပ်တယ်ဝေး။

ပြီးရော ... လက်ဝါးထဲမှာထည့်၊ လက်အုပ်ချီပြီး ရွတ်နေတယ်။

ဘုရားစာတွေရွတ်ပြီးနောက် ကွမ်းရွက်ကို လက်ဝါးနဲ့ တစ်ချက်ရိုက် လေးချက်ထုပ်ပြီး ...

"ဟဲ့ကောင် ... ပါးစပ်ဟ ... ဟလေ"

စောစံဆေး မဟာဘူး။ မျက်လုံးပြူးကြည့်နေတယ်။

"တယ် ... ငါ့များ"

ဘကြီးက ဒေါပွပြီး လက်ဝါးနဲ့ရွယ်မှ ဒီကောင် ပါးစပ်ဟတယ်ဝေး။ ဘကြီးက ကွမ်းယာကို ပါးစပ်ထဲ ထည့်ပေးပြီး ...





"ဝါးစား၊ မြို့ချ၊ မထွေးနဲ့။ ထွေးပစ်ရင် ငါ့အကြောင်းသိမယ်"

ဒီကောင် စောစံဆေးကွာ ကွမ်းရွက်ကိုဝါးပြီး စပ်လို့တဲ့ မျက်နှာရှုံ့မဲ့နေတာပဲ။ စပ်လွန်းနေပုံ။ ငရုတ်သီးစားရသလိုစပ်တယ်လို့ နောင်တော့ ဒင်းက ငါတို့ ကရင်မတွေကို ပြောတယ် စာရေးဆရာရေ"

ဒင်းက စပ်တော့ထွေးထုတ်မယ်လုပ်၊ ဘကြီးရွှေရိုးက ရိုက်မယ်ဆိုရွယ်။ မျိုချလို့ပြော။ ငါတို့ ကရင်မိန်းမတွေကလည်း ပြောကြတာပေါ့ ...

"ဟဲ့ ... နင် ယောကျ်ားမဟုတ်လားဝေး"

"ဟဲ့ကောင် ... နင် ကရင်ယောကျ်ား ဟုတ်ရဲ့လား"

"ဘကြီး တီးပစ်လိုက်ပါဝေး"

နောက်ဆုံး သူ ကြိတ်မှိတ်မျိုချတယ်။ မနည်းမျိုချနေရတယ်ဝေး။ လည်ပင်းမှာ တစ်နေလို့နဲ့ တူရဲ့။ သူ လက်နဲ့သပ်ချတယ်။ ငါတို့ ကရင်မိန်းမသားတွေရော ကရင်အဘွားအိုတွေရော စဉ်းစားဝေဖန်ကြတာပေါ့။

ကွမ်းရွက်တစ်ရွက်ကို မနည်းမျိုချနေရတာ အရမ်းထူးဆန်းတယ်လေ။

ငါတို့ ကရင်တွေ ကွမ်းစားတာ ဘာဆန်းလို့လဲ၊ စားနေကြပါဝေး။

ဟိုကောင့်သဏ္ဌာန်က မီးခဲမျိုချနေရသလို ရှုပ်ပျက်လို့။

"ကုန်ပြီလားဟေ့ ..."

"အေး ... ကုန်ပြီဗျ"

"စပ်လို့လားကွ"

"သောက်ရမ်းစပ်ပဲ ဘကြီး အား ... ရှူး ..."

"ခု စပ်သေးလား"

"မစပ်တော့ဘူး"

"ဘယ်လိုအရသာ ဖြစ်သွားပြီတုံး"

"ငါ့ရင်ထဲမှာ အေးပြီး အားရှိသွားပြီ ဘကြီးရေ ... အံ့ရော ဟေ့"

"ငါတို့လည်း ကြည့်ပြီး အံ့ပဲဝေး"

www.burmeseclassic.com



စောစံဆေးက ထရပ်တယ်။ ပုဆိုးပြင်ဝတ်တယ်။ သူ့ အမိုးသိ
ကရင်အင်္ကျီယူပြီးဝတ်တယ်။

"နင် လိုက်ရဲပြီနော်"

"အေး ..."

"လမ်းရော သိပြီလား"

"ငါသိတယ် သွားစို့၊ ဘကြီးနဲ့ ဆရာကြီးနူး"

သူတို့အားလုံး မီးတုတ်တွေထွန်းပြီး စားစရာတွေ ပိုက်သူပိုက်
မားလုံတွေ အသင့်ကိုင်ပြီး ရွာထဲကနေ ပျောက်ကွယ်သွားကြတယ်လေ။

သန်းခေါင်နီး သက်ကြီးခေါင်းချ ကြက်တွန်ချိန်ရောက်မှ သူ
ပြန်လာကြတယ်။ ငါတို့လည်း မီးတိုင်တွေထွန်း၊ မီးပုံကြီးဖိုပြီး စောင့်
ကြတာပေါ့။

"ဟော ... ရောက်လာကြပြီဝေး"

"အားလုံး ရယ်ရယ်မောမောနဲ့ ရောက်လာကြတာဟေ့"

အိမ်ရှင် ကရင်လင်မယားက စားစရာတွေချကျွေး၊ အဖန်ရည်
တစ်အိုးပြီးတစ်အိုး ထည့်၊ စောစံဆေးလည်း ကရင်လူငယ်တွေနဲ့ တဝါးဝါး
ကရင်ဆေးဆရာကြီးရယ်၊ ဘတိုက်ပုံအဘိုးကြီးနဲ့ ကရင်လူကြီးတွေ
ကွပ်ပျစ်ပေါ်မှာ တစ်ဝိုင်း။

ငါတို့က စောစံဆေးနဲ့ စောဒီးကို မေးရတာပေါ့။

"စောဒီး ... နင်တို့ ဘာတွေလုပ်ခဲ့ကြလဲဝေး။ စောစံ ... နင်
မိနော်တို့ကို ပြောလိုက်လေကွာ"

"မင်းပဲပြောလိုက်ကွာ။ ငါတော့ အရမ်းအံ့သြတယ်"

"စောဒီး ... နင်ပဲပြောတော့ဝေး"

"ဒီလိုဟေး နော်မူးမရေ ... ငါတို့ တောထဲကို ကြာကြာဝင်
ကြတယ်ဟေ့။ ဟိုနားက ဖလူးခနဲ ပြေးသံကြားရ၊ ဒီနားက ဝေါခနဲ တော
တိုးကြားရ တထိတ်ထိတ်ပေါ့ဟာ။ ကျားများဝင်ဆွဲမလားပေါ့။ ငါတို့မှာ မီး
တုတ်တွေထွန်းထားကြတော့ သားကောင်တွေ လန့်ပြေးကြတာဝေး။ ဒီလို
နဲ့ ငါတို့ ရောမညောင်ပင်ကြီးအောက်ကို ရောက်ခဲ့သဟ"

"ဟာ ..."





"ဟင် ..."

"ဟာ ... မျောက်သားအမိပါလားဝေ"

"စောစံ ... နင်ပစ်ခဲ့တဲ့ မျောက်လားဝေး"

"ဟာ ... ဟုတ်တယ်၊ ဟုတ်တယ်ဟေ့"

မျောက်မကြီးဟာ ညောင်ပင်ရဲ့ မြစ်ထူကြီးကိုမှီပြီး မိန်းမောနေ
တယ်။ မျောက်မကြီးရဲ့ ရင်ဝမှာ မြှားတစ်ချောင်းစိုက်ပြီး သွေးတွေစီးခဲ့လို့
နော်ရေ။ မျောက်မကြီးရဲ့ ဘယ်လက်ကြားမှာ မျောက်ပေါက်စလေးက
ယ်နို့ကိုစို့လို့။ မြင်ရချက်က ရင်နင့်စရာပါ မနော်။

မျောက်မကြီးရဲ့ ဦးခေါင်းက ဇက်လန်ပြီး ညောင်မြစ်ပေါ်တင်
ကွာ။ မျောက်ကလေးက မီးရောင်နဲ့ လူသံတွေကြားရော အသံကုန်
ော်ဟစ်ပြီး မိခင်လုပ်သူရဲ့ပါးကို လှုပ်လို့နှိုးနေသဟဲ့။

ဆေးဆရာကြီးရောဟို တိုက်ပုံရင်ကွဲနဲ့ဘကြီးရော အံ့အားသင့်ပြီး
ကြည့်နေတယ်။ ငါတို့လည်း ရင်ထဲဆို့နင့်သွားတယ်။

မျောက်မကြီးကို ဒူးလေးနဲ့ပစ်တဲ့ စောစံဆေးလည်း မျောက်သားအမိ
ရင်နင့်စရာမြင်ကွင်းကိုကြည့်ပြီး မလှုပ်မယှက်ဖြစ်လို့။

မျောက်ပေါက်စနီတာရဲလေးက မိခင်ရဲ့ပါးကိုကိုင်၊ မေးစေ့ကို ကိုင်
အသံကုန်အော်ရင်း လှုပ်နှိုး၊ မျောက်မကြီးရဲ့ ဦးခေါင်းက သစ်မြစ်ပေါ်
ဘယ်ညာရမ်းနေတယ်။ ခမျာ မျက်စိမဖွင့်နိုင်ဘူး။

ဦးစွာ လှုပ်ရှားတာက ဟို ဖျင်ကြမ်းတိုက်ပုံရင်ကွဲနဲ့ ဘကြီးပဲ။
သူ မျောက်သားအမိအနီးကို တရွေ့ရွေ့ကိုသွားတယ်။

"ဂွီ ... ဂွီ ... ကွီ ... ကွီ ..."

"ကွီ ... ခွီ ... ခွီ ... အစ်"

မျောက်ကလေးက ကြောက်လန့်ပြီး မိခင်ရဲ့လည်ပင်းကို တအား
ထားတယ်။ ဘကြီးက အနီးလည်းရောက်ရော မျောက်လေးရဲ့ နီတာရဲ
ခေါင်းကို လက်နဲ့ပွတ်ပေးရော၊ မျောက်လေးမျက်နှာငုက်ပြီး လွန့်နေရော

မျောက်လေးရဲ့ ခေါင်းကိုပွတ်လိုက်၊ ကျောကုန်းကို ပွတ်လိုက်၊
န်ကြာ လုပ်ပေးပြီး မျောက်ကလေး ငြိမ်သွားပါရော။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သွားတော့ မိခင်ကိုဖက်ထားတဲ့ သူ့လက်တွေကို အသာဖြုတ် ယူပြီး ဘတိုက်ပုံကြီးရင်ခွင်ထဲမှာ မျောက်ကလေးကိုပိုက် ခေါင်းနဲ့ကျော ယုယုယယ ပွတ်သပ်ပေးရော ဝေ ...။

မျောက်ကလေး မအော်တော့ဘူး။ ငြိမ်ပြီး ဘကြီးကိုမော့ကြည့် တယ်။

မျောက်ပေါက်စလေးရဲ့ မျက်လုံးမှာ မျက်ရည်တွေကို စို့ရွှဲ ကွယ်။ သူ့အမြီးမှာလည်း မိခင်ရဲ့ ဒဏ်ရာက သွေးတွေစိုပြီး ခြောက်နေ ရဲ့။

''မင်းကို ငါ အန္တရာယ်မပြုပါဘူး ... ကလေး''

အဘတိုက်ပုံကြီးက သူ့ကို ကလေးတဲ့။ လူသားကလေးလို ကြင်နာ စွာ ပြောပြီးယုယနေတယ်။

''မင်း ငါ့ကို မကြောက်ပါနဲ့။ မင်းအမေကို ငါ ကယ်ပေးပါ့မယ် ရော့ ... ဆရာခူးကြီး ဒီကလေးကို ပွေ့ထားပေး''

ကရင်ဆေးဆရာကြီးက မျောက်ကလေးကို အသာလှမ်းယူပြီး ကလေးပွေ့သလို ပွေ့ထားတယ် ...။ ဘကြီးတိုက်ပုံက ခေါင်းလန်နေတဲ့ မျောက်မကြီးရဲ့ နှာခေါင်းဝမှာ သူ့လက်ဝါးကိုတေ့ပြီး အာရုံခံစားနေတယ်။

''ဘယ့်နယ့်လဲ ဦးရိုး အသက်ရှိသေးလား''

''ရှိသေးတယ်။ အသက်ငွေ့ငွေ့ ရှိသေးတယ်။ ဆရာကြီးမှာ ဆေး ပါလား''

''ပါတယ်။ ခဏလေး ရော့ ... မောင်ဒီး ဒီကလေးကိုကိုင်ထား စမ်း''

ငါ (စောဒီး) မျောက်ကလေးကိုယူပြီး ကျောပွတ်ခေါင်းပွတ် ချော့ပေးနေတော့ မျောက်ကလေး ခေါင်းထောင်ပြီး သူ့အမေကို လှမ်း ကြည့်လို့ ဓွေကြည့်ရင်း ကွိ ... ကွဲနဲ့အော်ခေါ်လို့။ ငါတို့ လူလိုဆို အမေ အမေခေါ်တာပေါ့။

''ဆရာကြီးခူး''

''အေး ... ဦးရိုးပြောဟ၊ ဘာလုပ်ပေးရမတုံးဝေး''

''ဆရာကြီးခူးမှာ ဘာဆေးပါတုံး''

''အဆိပ်ကျဆေးတော့ ပါတယ် ဦးရိုး''





''ကောင်းတယ်၊ သွေးတိတ်ဆေးရောပါလား''

''မပါဘူးဟ၊ ငါ့အိမ်မှာတော့ ရှိတယ်။ ဘယ်လုပ်မလို့တုံး''

''ကျုပ် ... မျောက်မကြီးရင်ဘတ်က မြားကိုထုတ်မယ်။ ကျုပ်လုပ် လိုက်ကိုင်လို့ပြီးရင် ဆရာဖိုးက အဆိပ်ကျဆေးထည့်ပေး ကဲ ...''

ဘတိုက်ပုံကြီးဟာ နကိုရည်ရွယ်လာတဲ့ ရက္ခစိုးကြီးကို စားဖွယ် များနှင့် တောင်းပန်ရမည့်ကိစ္စကို မစဉ်းစားတော့ဘဲ မုဆိုးစောစံဆေး လက် ချက်နှင့် သေလုမြောပါး မိန်းမောနေတဲ့ မျောက်မကြီးရဲ့ ဒဏ်ရာကို ကုသ ဖို့ လုပ်တော့တယ်။

သူက ဦးစွာ မျောက်မကြီးရင်ဘတ်မှာ စိုက်နေတဲ့ မြားကို အသာ ဆွဲနုတ်လိုက်ရော ... မျောက်မကြီးရဲ့ ခန္ဓာကိုယ်ဟာ တွန့်ခနဲ လှုပ်ပါရော ဝေ။

မြားပေါက်ကနေ သွေးတွေစီးကျလာတယ်။ အဘိုးကြီးက မြား ပေါက်ဝကို လက်ဝါးနှင့်ပိတ်ပြီး သွေးတိတ်မန်းဂါထာကို မန်းမှုတ်နေတယ် ဝေ။ ငါတောင် အလွတ်ရနေသဝေ။

ဥုံ ... ဓမ္မ ဓမ္မိ မရဏံ သွား တဲ့။

ဥုံ ... ဓမ္မ ဓမ္မိ မရဏံ သွား တဲ့။

ဒီမန္တာန်ကို သူ သွေးကျနေတဲ့ ဒဏ်ရာကိုကြည့်ပြီး ခုနစ်ခါ မန်း မှုတ်နေတာဝေ။

ဥုံ ... မာန်ယုတ်၊ တစ္ဆေသရဲတွေ သံဗုဒ္ဓေငါ ကြွရောက်လာ သီတာအကုန်ပိတ်၊ သွေးအကုန်တိတ်၊ ဖွဟဲ့ ပိတ်၊ တိတ်ဟဲ့ ဖွ။

ဥုံ ... ကြွံဟင်း၊ ကြွမဲ၊ ခဲစရာခဲ။

ဥုံ ... ကြွံဟင်း၊ ကြွမဲ၊ ခဲစရာခဲ။

ဥုံ ... ကြွံဟင်း၊ ကြွမဲ၊ ခဲစရာခဲ။

ငါတို့လူတွေက မီးတုတ်ငါးချောင်းနဲ့ ဝိုင်းပေးထားတော့ မြင်ကွင်း က လင်းလင်းရှင်းရှင်း မြင်ကြရတယ်။ ပိတ်ထားတဲ့ ဘကြီးတိုက်ပုံရဲ့ လက်ကြားက စီးကျနေတဲ့ မိန်းမောမျောက်မကြီးရဲ့ သွေးတွေ ချက်ချင်းရပ် သွားတယ်။

ဘတိုက်ပုံကြီးက လက်ဝါးကို ရုပ်လိုက်တော့ သွေး လုံးဝမကျ။ ငါတို့ကရင် ဖယီးဆေးဆရာကြီး ကြည့်ရင်း အံ့သြသွားသလို ငါတို့ ကရင်



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လူကြီးတွေပါ အံ့ပေါ့ကွယ်။ ငါတို့ ကရင်လူမျိုးမှာလည်း သွေးတိတ်မန်း ရှိပါတယ်။

အဆိပ်တန့်မန္တန် ရှိပါတယ်။ ဆရာစွမ်းမှ၊ သမာဓိကောင်းမှ၊ သီလကောင်းမှ မန္တန်က စွမ်းတာတဲ့။

"ဆရာခူး ..."

"အေး ... ဦးရွှေရိုး ... နင် အရမ်းတော်ပဲ။ သွေးတိတ်သွားပြီဝေး"

"ဆရာခူး ... အဆိပ်ကျဆေးနဲ့ ကူညီပါဦးဗျ"

"အေး ... ငါလုပ်ပေးမယ်"

ငါတို့ ကရင်ဖယီးဆေးဆရာကြီးကလည်း သူ့ခါးကြားမှာ လိပ်ထားတဲ့ ဆေးဘူးထဲက ဆေးမှုန့်အချို့ကို မျောက်မကြီးရဲ့ မြားပေါက်ဝထဲ ဝင်အောင်သိပ်ထည့်ပေးတော့ မျောက်မကြီး ခြေလက်တွေ စလှုပ်လာလို့ အားလုံး ဝမ်းသာကြပေါ့ဝေး။

ငါတို့ ကရင်ဆေးဆရာကြီးရော၊ ဟို ဦးရွှေရိုးက ကတဲ့ ဘကြီးတိုက်ပုံရင်ကွဲရော တစ်မျိုးစီ စွမ်းကြတာပဲဟ။

သည့်နောက် တိုက်ပုံရင်ကွဲဘကြီးက သူ့လက်ခုပ်ထဲ ရေနည်းနည်းထည့်ပြီး ရေကိုမန်းမှုတ် စီရင်ပြန်ရော။

ငါသည် အကြောင်းမဲ့ လူတစ်ယောက်ကိုဖြစ်စေ၊ သတ္တဝါတစ်ကောင်ကိုဖြစ်စေ၊ မညှင်းဆဲ၊ လူကိုသော်လည်းကောင်း၊ အားငယ်သော တိရစ္ဆာန်ကိုသော်လည်းကောင်း ကြီးနိုင်ငယ်ညှင်း နှိပ်စက်ရန်ပြုမှုသာ ငါတားဆီးဖယ်ရှားလေ့ရှိပါသည်။ ဤမှန်သော သစ္စာစကားကြောင့် အပြစ်မဲ့မိခင်မျောက်မကြီး အဆိပ်ပြယ်၍ အသက်ချမ်းသာရပါစေသတည်း။ တောစိုး တောင်စိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးကြီးတို့ ကူညီညာပိုင်း အသက်ရှင်ခြင်းကို မှိုင်းမ ကူညီကြပါ။ ကျွန်ုပ်ထိန်းသော သစ္စာအား မျောက်မမိခင်ကြီးနှင့်တကွ အပိုင်အဆိုင်အားလုံးတို့အား မေတ္တာပို့ပါ၏။

သတ္တဝါတွေ ချမ်းသာပါစေ။

သတ္တဝါတွေ ကျန်းမာပါစေ။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေသတည်း။





အဲ့လို သစ္စာပြုပြောဆိုပြီး မိန်းမောနေတဲ့ မျောက်မကြီးရဲ့ခေါင်း လက်ထဲကရေမန်းနဲ့ ဖျန်းတယ်။ ပါးစပ်ထဲဝင်အောင် သွင်းတယ်။ တာနဲ့ ငါ့လက်ထဲ ခဏထည့်ပေးတဲ့ မျောက်ပေါက်စသားငယ်လေးကို အမေ မျောက်မကြီးလက်ကြားမှာ ညှပ်ထည့်ပေးလိုက်တယ်။

မျောက်ပေါက်စသားငယ်လေးဟာ မျက်လုံးလေး ကလယ်ကလယ် သူ့အမေရဲ့ မျက်နှာကို ကြည့်နေတယ်။ ပြီး ... မိခင်ရဲ့ နို့အုံကို လှမ်းကိုင်တယ်။ ပြီး ... ဘတိုက်ပုံကြီးနဲ့ ငါတို့ကို လှမ်းကြည့်နေတယ်။

ဒီမျောက်သားငယ်လေးဟာ အရိုင်းပါနော်။ သို့သော် ဘကြီးတိုက်ပုံတို့ လူသားတွေရဲ့ မေတ္တာ၊ အကြင်နာကို သူ ခံစားသိရှိနေတယ်။

မျောက်ကလေးရဲ့ မျက်လုံးမှာ ကြောက်ရွံ့ထိတ်လန့် အရိပ်အယောင် ရှိတော့ဘူး။ သို့သော် ထူးခြားတာက မုဆိုး စောစံဆေးကိုတော့ ရဲရဲ ကြည့်ရဲရှာဘူးဝေး။

သူ့အမေကို သတ်ဖို့ကြံတဲ့ ရန်သူမုဆိုးကို မှတ်မိပုံရတယ်။

စောစံဆေးကို ကြည့်ပြီး မျက်နှာအမြန်လွှဲလို့ သူ့အမေလည်ပင်း တအားဖက်ထားနေတယ်။

အားလုံးလာကြ၊ ရုက္ခစိုးကို တောင်းပန်ကြမယ်။

ငါတို့အားလုံး ညောင်ပင်ကြီးရဲ့ ဟိုမှာဘက်ကို ရောက်သွားကြတယ်ဝေး။ ညောင်ပင်ကြီးက အရမ်းကြီးပဲကိုး မိနော်။ ညောင်မြစ်ကြီးတွေ မြေပြင်ပေါ်မှာ ဖုထစ် လိမ်ယှက်ကွေးကောက်နေတာပဲ။

ညောင်ပင်ကြီးရဲ့ ပင်စည်အက်ကြောင်းထဲမှာ သစ်သားနတ်စင် မြုပ်နေတယ်။ ညောင်မုတ်ဆိတ်ရှည်တွေက နတ်စင်ပေါ်ကျပြီး မြုပ် လိုဖြစ်နေတာကိုး။

ဘတိုက်ပုံအဘိုးကြီးက ညောင်မြစ်ဆုံကြားကြီးပေါ်မှာ ငှက်ပျောသီး ကွမ်းယာ၊ ဖယောင်းတိုင်၊ ကြက်ဥနဲ့ သောက်ရေဘူးကို နေရာချပြီး နောက် ကြောက်ရွံ့နေတဲ့ စောစံဆေးဘက်လှည့်ပြီး ...

"မုဆိုး ... စောစံဆေး"

"ဟုတ် ... ဘကြီး"

"ငါ ရှေ့ကတိုင်ပေးမယ် မင်း လိုက်ဆို။ မင်း ဗုဒ္ဓဘာသာဝင် ခရစ်ယာန် ကရင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဘာသာကရင်ပါ ဘကြီး"

"ဟုတ်ပြီ။ လက်အုပ်ချီထား။ ကျန်တဲ့လူတွေက ညောင်ပင်စောင့် ရက္ခစိုးကြီးကို မေတ္တာပို့ပေး။ စောစံဆေး လိုက်ဆို"

"ဟုတ် ... ဝေး"

"ညောင်ပင်စောင့် ရက္ခစိုးကြီးခင်ဗျား ..."

"ညောင်ပင်စောင့် ရက္ခစိုးကြီးခင်ဗျား ..."

"ကျွန်ုပ်သည် သင် ပိုင်ဆိုင်စောင့်ရှောက်နေသည့်"

"ကျွန်ုပ်သည် သင် ပိုင်ဆိုင်စောင့်ရှောက်နေသည့်"

"ညောင်ပင်ရှေ့၊ ညောင်ပင်အောက်၊ ညောင်ပင်ပေါ်မှာ ပါဏာတိပါတာကံအမှုကို ကျူးလွန်မိပါသည်"

"ညောင်ပင်ရှေ့၊ ညောင်ပင်အောက်၊ ညောင်ပင်ပေါ်မှာ ပါဏာတိပါတာကံကို ကျူးလွန်မိပါသည်"

"အခွင့်တောင်းခြင်းလည်း မပြုမိပါ"

"အခွင့်တောင်းခြင်းလည်း မပြုမိပါ"

"ရက္ခစိုးကြီး တားမြစ်သတိပေးသည်ကိုလည်း"

"ရက္ခစိုးကြီး တားမြစ်သတိပေးသည်ကိုလည်း"

"ကျွန်ုပ် မသိနားမလည်ဖြစ်ပြီး ဆဲရေးတိုင်းထွာ ကျိန်ဆဲပြောဆို မိပါသည်"

"ကျွန်ုပ် မသိနားမလည်ဖြစ်ပြီး ဆဲရေးတိုင်းထွာ ကျိန်ဆဲပြောဆို မိပါသည်"

"ကျွန်ုပ် အမှားများစွာကို ကျူးလွန်မိပါသည်"

"ကျွန်ုပ် အမှားများစွာကို ကျူးလွန်မိပါသည်"

"ဤအမှားများအတွက် အပြစ်များကိုလည်း ခံယူပြီးပါပြီ"

"ဤအမှားများအတွက် အပြစ်များကိုလည်း ခံယူပြီးပါပြီ"

"ကျွန်ုပ်ရဲ့ ကျူးလွန်မိသော အမှားတို့ကို"

"ကျွန်ုပ်ရဲ့ ကျူးလွန်မိသော အမှားတို့ကို"

"စားဖွယ်များဖြင့်လည်းကောင်း၊ လူကြီးမိဘများဖြင့်လည်းကောင်း ရှိသေစွာတောင်းပန်ပါသည်။ ခွင့်လွှတ်တော်မူပါ အရှင်ရက္ခစိုးကြီး"





"စားဖွယ်များဖြင့်လည်းကောင်း လူကြီးမိဘများဖြင့်လည်းကောင်း ရှိသေစွာတောင်းပန်ပါသည်။ ခွင့်လွှတ်တော်မူပါ အရှင်ရက္ခစိုးကြီး"

"တောက်"

"ဟယ်"

"ဟင် ..."

"အမလေး"

တောင်းပန်လို့ဆုံးရော ညောင်ပင်ပေါ်ကနေ ကျယ်လောင်တဲ့ တောက်ခတ်သံကြီး ကြားလိုက်ရတာဟော့။ ငါတို့အားလုံး လန့်ဖျတ် ခေါင်းနားပန်းတွေ ကြီးသွားကြ။

စောစံဆေးကလည်း လန့်ပြီး တစ်ကိုယ်လုံးတုန်။ ဒီမှာ ဘကြီးတိုက်ပုံနဲ့ ကရင်ဆေးဆရာကြီးတို့က ...

"ခွင့်လွှတ်ပေးပါ ရက္ခစိုးကြီး"

"လူငယ်မို့ ဖွတ်တရွတ်လုပ်မိပါတယ်။ ကျွန်ုပ်တို့ လူကြီးများက လည်း တောင်းပန်ပါတယ်။ အမျှ ... အမျှ ... အမျှ ..."

"ရက္ခစိုးကြီး ငါတို့ကောင် မှားမိပါတယ်ဝေး။ ငါတို့က တောင်းပန်ပါတယ်ဝေး။ ဒီကောင့်ကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါဝေး"

"ဟင်း ..."

"အမလေး ..."

"သစ်ပင်ပေါ်က အသံဗျ"

"ရှူး ... တိတ်တိတ်နေကြစမ်းဝေး"

"ရှူး ... ရှူး ..."

"ညောင်ပင်ပေါ်က ဟင်းလို့ ကြိမ်းသံပေးတာဟော့။ ဘုရား ... ဘုရား ..."

"ငါကြောက်တယ်ဝေး"

"ရက္ခစိုးကြီးခင်ဗျား ... တောင်းပန်ပါတယ်။ ခွင့်လွှတ်ပေးပါ။ နောင်ကို ဒီလိုအမှားမျိုး မဖြစ်စေရပါဘူး ရက္ခစိုးကြီး။ ခွင့်လွှတ်တယ်ဆိုပါက သိသာထင်ရှားစွာ သက်သေပြပါ ရက္ခစိုးကြီး"

"ဝရော ... ရှရော ..."

"ဝုန်း ... ဖြောင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ကြောက်ပါဗီဝေး"

"ပြေး ... ပြေး ... ကြမလားဝေး"

"တိတ်ကြစမ်း ကောင်လေးတွေ"

"ဒါ ... ဒါ ... ဒူး ... ဒူးလေးဟ"

"စောစံဆေး ... ဒါ နင့်ဟာလားဝေ့"

"ဟုတ် ... ဟုတ် ..."

အလိုလေး ... မိနော်မူရေ ... ငါလည်း ဒီလို အံ့ဩစရာမျိုးတွေ ခုမှ ဆက်တိုက်ကြုံရပြီး ကြောက်သွားတာပဲဝေး။ အားလုံးကြောက်ပြီး တုန်နေကြတာပေါ့။

ဒူးလေးကြီးဟာ ဟိုးညောင်ပင်အမြင့်ပေါ်ကနေ သစ်ရွက်သစ်ကိုင်းတွေနဲ့ တိုက်တိုးပြီး ငါတို့ရှေ့က မြေပြင်ပေါ်ကို ဝုန်းခနဲကျပြီး ထက်ပိုင်းကျိုးသွားတာပဲဝေး။

စောစံဆေးဆို ကြောက်လို့ မြေပြင်မှာဝပ်ပြီး တုန်နေရဲ့။

"ဟုတ်ပါပြီ ယုံပါပြီ ရုက္ခစိုးကြီး။ ရုက္ခစိုးကြီး နှလုံးစိတ်ဝမ်းအေးချမ်းပါစေ။ ကျွန်ုပ်တို့ကို ပြန်ခွင့်ပြုပါ။ အစားအစာများလည်း မြိန်ယှက်စွာ သုံးဆောင်ပါခင်ဗျား"

"ပြန်ကြစို့ဟေ့"

"ဘကြီး ..."

"ဘာတုံးကွ"

"ဒီ ... ဒီ ... ဒူးလေးကို ဟို ... ဟို ... ယူ"

"ထားခဲ့ ... သွားကြစို့"

ဒါနဲ့ ငါတို့အားလုံး ကြောက်လည်းကြောက်၊ ဝမ်းလည်းသာနဲ့ ညောင်ပင်ကြီးကိုပတ်ပြီး လှည့်လာကြရော ...

"ဟယ်"

"ဟာ ... မသေဘူးဝေး"

"အေးဟ ... အေးဟ ... ဟုတ်ဟ"

မိနော် ... ကြည့်စမ်းပါကွာ။ မျောက်မကြီး မသေဘူးဟေ့။ မျောက်မကြီးက ညောင်မြစ်ပေါ်မှာထိုင်ပြီး သူ့ကလေး မျောက်ကလေးကို





နို့တိုက်နေတာဝေး။ ငါတို့ ဟိုဘကြီးနဲ့ ကရင်ဆေးဆရာကြီးရော အံ့ဩဝမ်းသာနဲ့ ရပ်ကြည့်ကြပါရော။

မီးရောင်နဲ့လူအုပ်ကိုမြင်ရော ...

မျောက်မကြီးက သူ့ကလေးကိုပိုက်ပြီး ဝေါက်ခနဲထရပ်လိုက်တယ်။ ငါတို့ကို ရီဝေဝေမျက်လုံးနဲ့ကြည့်ပြီး နောက်ဖက်က တောလမ်းလေးဘက်ကို တစ်လှမ်းချင်း သွားနေတယ်။

သူ့သဏ္ဌာန်က ကြောက်ရွံ့စိတ် မပြေသေးဘူး။

လူတွေကို မယုံကြည်သေးပုံမျိုး။

သူက သူ့ကလေးကို ကျောကုန်းမှာ ပိုးတင်ပြီး လက်ထောက်လို့ သွားလိုက်၊ ရပ်ပြီး ငါတို့ကိုကြည့်လိုက် ဒီအချိန်မှာ ခပ်ဝေးဝေးက မျောက်အချို့ရဲ့ လှမ်းအော်သံ ကြားလိုက်ရတယ်။

မျောက်မကြီး သားအမိဟာ ဘကြီးတို့ကို တစ်ချက် ရပ်ကြည့်ပြီးနောက် နီးရာသစ်ပင်ကို လှမ်းဆွဲပြီး တစ်ကိုင်းပြီးတစ်ကိုင်း ကူးရင်း မျက်စိရှေ့က ပျောက်သွားခဲ့တယ် နော်မူ။

ဒီလို စောဒီးက ငါတို့ ကရင်အမျိုးသမီးတွေကို ပြန်ပြောတယ် စာရေးဆရာ။ ငါတို့ ကရင်လူကြီးတွေဟာ တိုက်ပုံရင်ကွဲနဲ့ အဘိုးကြီးကို ပို့ပြီး လေးစားကြပြီး ရှိသမျှ စားကောင်းသောက်ဖွယ်တွေ ချကျွေးကြတယ်ဝေး။ ညတုန်းက တိုက်ပုံရင်ကွဲကြီးနေဖို့ နေရာချထားတဲ့ အိမ်ပေါ်မှာ စားကြသောက်ကြနဲ့ ညှော်မပြတ်ဘူး။ ငါတို့ မိန်းမတွေက ရေနွေး၊ ထင်းမီး လုပ်ပေးကြပေါ့။

လူကြီးတွေက ပြန်ကုန်ပြီ။ လူငယ်အချို့ပဲ သိချင်တာတွေ မေးကြတယ်။ သူတို့က ဒီ တိုက်ပုံရင်ကွဲနဲ့လူကြီးဟာ စိတ်မနှံ့တဲ့ အရူးကြီး မဖြစ်နိုင်ဘူးလို့ ယုံကြည်ကြတယ်လေ။

သူက အလွန်ထူးခြားတယ်ဝေး။

ဘယ်လို ငါတို့ပြောရမလဲ။ မှော်ဆရာလည်း မဟုတ်ဘူး။ ဆေးဆရာလည်း မဟုတ်ဘူး။ သူရွတ်တဲ့ မန္တာန်တွေက အရမ်း အစွမ်းကြီးတယ်။ သေတော့မယ့် မျောက်လည်း သူ ပြန်ရှင်အောင် လုပ်နိုင်တယ်။ ရုက္ခစိုးကိုလည်း သူ စကားပြောနိုင်တယ်။

နင် စဉ်းစားကြည့် စာရေးဆရာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် သစ်ပင်တွေ အတက်အဆင်းလုပ်နေတဲ့ ထိန်းမရ သိမ်းမရ အနှောင့်အယှက်ပယောဂဝင်နေသူ ငါတို့အပြောအရ နတ်ကိုင်ခံရသူ၊ မကောင်းဆိုးဝါး ပူးကပ်နေသူ စောစံဆေးကို သဲတစ်ဆုပ်မန်းပြီး ပက်လိုက်တာ လူကောင်းပြန်ဖြစ်သွားတယ်။

ငါတို့ကရင်တွေက သူ့ကို တန်ခိုးကြီးတဲ့ (နတ်) ဆရာကြီးလို့ လေးစားတာပေါ့ ဝေ။ သူ အရူးစစ်စစ် မဖြစ်နိုင်ဘူး။

ဒါမှမဟုတ် ပျော်ပျော်နေချင်လို့ အရူးလုပ်တာလားမသိ။

လူငယ်တွေ ပြန်ကာနီးမှာ စောပွယ်လားကို ခေါ်မေးသတဲ့။

"ဖိုးခွား ..."

"အေး ... ဘကြီး ... ပြော"

"နင့်ကို ငါ မေးစရာရှိတယ်။ နင်သိရင် ပြောပါ"

"အေး ... ငါသိရင် ဖြေမယ်။ ဘကြီး ပြော"

"နင် တောကြီးမြွေဟောက်ဆိုတာ သိလား"

"တောကြီးမြွေဟောက်ရှိတယ် ... ဘကြီး။ ဟိုးတောင်ကြားက မြက်ရိုင်းထဲမှာ အသိုက်လုပ်ပြီးနေတယ်။ အရှည် နှစ်လံနီးပါးရှိတယ်"

"ဟ ... ကရင်လေးရေ ငါပြောတာ တိရစ္ဆာန်တောကြီးမြွေဟောက်ကို ပြောတာမဟုတ်ဘူး။ လူဆိုးဓားပြနာမည် တောကြီးမြွေဟောက်ကို မေးတာ"

"ဓားပြ ..."

"အေး ... ဓားပြ၊ သူပုန် မဟုတ်ဘူး"

"ကြားဖူးသလိုပဲ။ တောင်ငူနဲ့ သံတောင်ဘက်မှာ လူပြောများတယ်။ ငါတော့ မမြင်ဖူးဘူး။ အရမ်းဆိုးတယ်။ ဘကြီး ဘာလုပ်မလို့တုံး"

"မြင်ချင်လို့ပါ ...။ ဒါနဲ့ မင်းကတော့ ခရီးသွားတာများတော့ ညာဘက်လက်သန်းတစ်ချောင်း ပြတ်နေတဲ့ လူတစ်ယောက်ရော မြင်ဖူးလား"

"ညာလက်သန်းပြတ်လူ"

"အေး ... အသက် (၃၅) နှစ်လောက် ရှိတယ်ကွယ့်"

"သိတယ် ... ငါ သူ့ကို မြင်ဖူးတယ်။ သူ့နာမည်က နေပါဦး ဝေ ... ဘာတဲ့ ... အဲ ... အဲ ... ဒီလူ့နာမည် ထီးရိုးတဲ့ဗျ"





"သူ ဘယ်မှာနေတုံး ... ကရင်လေးရ ... ပြောပါဦး"

"သူ ( ............ ) ဘုရားပွဲတုန်းက လာသွားသေးတယ်။ ဘကြီး ထီးရိုးကို သိလို့လား"

"ငါလည်း တစ်ခါ နှစ်ခါတော့ မြင်ဖူးတယ်။ သူနေတဲ့ နေရာများ သိရင် ပြောပါ ... ကရင်လေးရာ။ ငါ သူနဲ့ စကားပြောစရာရှိလို့ပါ"

"ဘကြီး ... ထီးရိုးတို့၊ တောကြီးမြွေဟောက်တို့က ကြောက်စရာ ကောင်းအောင် ရက်စက်တယ်ဗျ။ သူတို့က နာမည်ကြီးဓားပြတွေ။ အုံနဲ့ ကျွင်းနဲ့နေတာ။ မြို့အတော်များများမှာ သူတို့လူတွေ ရှိတယ်။ မထင်ရင် ထင်သလို သတ်ပစ်တာ"

"ဒီကောင်ထီးရိုးက ဘယ်လိုဖြစ်ပြီး လက်သန်း ပြတ်ရတာတုံး ကွ"

"ဒီလိုဗျ ... ဘကြီးရဲ၊ စစ်တောင်းက စားသောက်ဆိုင်မှာ အရက်မူးပြီး ရန်ဖြစ်တာ။ ထီးရိုးနဲ့ ရန်ဖြစ်တဲ့သူက ယောကျ်ားမဟုတ်ဘူး ... မိန်းမ"

"ဟေ ... ထီးရိုးက မိန်းမနဲ့ ရန်ဖြစ်တယ် ... ဟုတ်လား"

"ဒီကောင်တွေက စည်းမရှိဘူး ... ဘကြီး။ ငွေရမယ်၊ လူရမယ်ဆိုရင် အမေအရင်းတောင် သတ်ဖို့ ဝန်မလေးဘူး။ မိန်းကလေးက တိုင်းရင်းသူ။ အမျိုးသမီးလေးကို ထီးရိုးက မျက်နှာစိမ်းဆိုပြီး စားသောက်နေတဲ့ မိန်းကလေးရဲ့လက်ကို သွားဆွဲတာ။ မိန်းကလေးက သိုင်းတတ်တယ်နဲ့ တူပါရဲ့ဗျာ။ ထီးရိုးရဲ့ လက်သန်းတစ်ချောင်းကို ဆွဲလိမ်ချိုးလိုက်တာ လက်သန်း ပြတ်သွားပါရော။

"ဟေ ..."

"ကြောက်ဖို့ကောင်းတာက အဲဒီမိန်းက ထီးရိုးရဲ့လက်သန်းကို ဝါးစားပြတာဗျ"

"အမယ်လေး ... ကြောက်စရာ မိန်းမပါလားဟေ"

"အခု နင့်လက်သန်းကို ဝါးစားပြတာ။ နောက်တစ်ခါဆိုရင် လူ ကို အစိမ်းလိုက် ဝါးစားပစ်မယ် ... ကြားလားတဲ့။ ဒီမှာ ထီးရိုးရဲ့လူ သုံး ရိုက် ငမူးသုံးယောက်က မိန်းကလေးကို ဝိုင်းချုပ်ကြရော ... 'ဗျား' လို့



www.burmeseclassic.com

www.burmeseclassic.com



အော်သံကြားရပြီး လူမိုက်တွေ ကွဲပြေလဲ၊ မိန်းကလေးလည်း ပျောက်သွ
တယ်။ ကံဆိုးချင်တော့ မိန်းကလေးဝတ်ထားတဲ့ ကျားရုပ်အင်္ကျီအိတ်
က စာတစ်စောင် ကျခဲ့ပြီး မိန်းကလေးရဲ့လိပ်စာကို သူတို့ ရသွားခဲ့တယ်
နောက်တစ်ပတ်ကြာတော့ မိန်းကလေးရဲ့ အလောင်းကို မော်လမြိုင်
ဖင်းကျိုက်မြို့ကြားက ကားလမ်းနံဘေးမှာ ဓားဒဏ်ရာများစွာနဲ့ သေနေတ
ကို ခရီးသွားတွေ ကြုံခဲ့ရတယ်။

"ထီးရိုးတို့ သတ်တာလား"

"ဟုတ်မှာပေါ့ ... ရန်ညှိုးရန်စရှိနေဖူးတာကိုး။ တစ်နေ့ ထီး
တို့နေတဲ့အိမ်ကို အမည်မသိသူ စာချသွားတယ်။ စာထဲမှာ ရေးထားတာ
တူသောအကျိုးပေးအတွက် ထမင်းအဝစားပြီး စောင့်နေပါတဲ့။ အဲဒါ ထီး
အကြောင်း အကျဉ်းပဲ။ ဒီကောင်က ရုပ်ဖျက်အလွန်ကောင်းသလို၊ အညှိ
အတေးလည်း ကြီးတယ် ... ဘကြီး"

"ဟုတ်ပြီ ... တောကြီးမြွေဟောက်နဲ့ရော သူက ဘယ်လိုဆက်စ
သတုံး"

"တောကြီးမြွေဟောက်က လူကြီးလူကောင်း လူဆိုးပဲဗျ။ အသတ်
အသွယ်ကောင်းတယ်။ ရန်ကုန်ထိ ပေါက်ရောက်တယ်လို့ ကြားဖူးတာပဲ
ဘကြီး။ ထီးရိုးက တပည့်အဖွဲ့ဝင် ထင်တာပဲဗျ"

"အေး ... အေး ... ကျေးဇူးပါပဲ ... စောပွယ်လား ... မင်း
ပြန်တော့ ... ဘကြီး အိပ်တော့မယ်"

ငါတို့အရပ်မှာ ပိုးကရင်ရော၊ မွန်တွေရော၊ မြန်မာတွေရော ဟိုး
တစ်စု၊ ဒီတစ်စု နေကြတာ ဝေ။ ဒီတိုက်ပုံရင်ကွဲ ဦးရွှေရိုးကြီးက မြန်မာ
အိမ်တစ်အိမ်မှာ သွားအိပ်တယ်။

သူက ငါတို့ကရင်အိမ်မှာ ထမင်းစားတာရှိပေမင့် အိပ်ရမှာ အား
နာတယ်ကိုး ဝေ။ ဘာလို့လဲလို့မေးတော့ ကရင်လူမျိုးတွေရဲ့ ရိုးရာဓလေ့
တွေနဲ့ မတော်တဆ မှားယွင်းမိမှာ အားနာလို့တဲ့။

ငါတို့ကတော့ သူ့ကို အသက်သခင် ကျေးဇူးရှင်လို လေးစားပါ
တယ်။ ဒါပေမင့် သူက မြန်မာအိမ်မှာပဲ အိပ်ပါရစေတဲ့။

ငါတို့ ကရင်လူမျိုးမှာလည်း ဗုဒ္ဓဘာသာ ကိုးကွယ်သူ၊ ခရစ်យာန်
ဘာသာ ကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အသီးသီး ရှိတယ် ဝေ။





နတ်စားတယ် ခေါ်တာပေါ့။

စကော့ (စကောကရင်)၊ ပိုးကရင်၊ မြေပြန့်ကရင်၊ တောင်ပေါ်
ကရင်၊ မြေပြန့်အရှေ့ပိုးကရင်၊ ရှ္ဘ (ပိုး)ကရင် စသည် ရှိတာကိုး။

ဝတ်စားဆင်ယင်ပုံပဲ အနည်းငယ် ကွဲခြားကြတယ်။

အမျိုးသားက သင်တိုင်းအဖြူရောင်၊ ဘောင်းဘီနက်ပြာ ဝတ်
တယ်။

ခုတော့ မြေပြန့်ကရင်တွေလိုပဲ ပုဆိုး၊ ရှပ်အင်္ကျီ ဝတ်လာကြ
တော့တယ်။ ပွဲတော်ရှိရင်တော့ သင်တိုင်းရှည်ဝတ်ကြတာပေါ့။

ပကျူးအမျိုးသမီးတွေက သင်တိုင်းခါးပြတ်အနက်ရောင် ပန်းပေါင်
ထဘီအနက်၊ ခေါင်းစည်းပဝါ ဝတ်ကြတယ်။ ခုတော့ စက်ရက်ထဘီနဲ့
သင်တိုင်းခါးပြတ် ဝတ်လာကြတယ်။ ထားတော့ ဝေ ... ဝတ်စားဆင်ယင်
ပုံတွေ ပြောရင် ကွဲပြားတာတွေ ရှိတယ်။

အင်္ကျီကို သူ့ဓလေ့အလိုက် ဝတ်ကြသလို၊ အမည်ပေးပုံတွေနဲ့
ဆင်ယင်မွမ်းမံပုံလည်း ယဉ်လှတယ် ဝေ။

ငါတို့မှာ ရှောင်ကြဉ်ရမည့် အကြောင်းအရာ (ဆဒူး) နဲ့၊

အလှူပေးခြင်း (ဆဝိုး) ဆိုတာ ရှိတယ်။

"ရှောင်ကြဉ်ရမည့် အရာကို မရှောင်ကြဉ်ရင် ရိုးရာနတ်တွေ၊
အိမ်စောင့်နတ်တွေ၊ ရွာစောင့်နတ်၊ လမ်းစောင့်နတ်တွေက ဖမ်းစားမယ်။
ဖမ်းစားရင် အိမ်ရှင်ရော၊ ရွာရော ဘေးဥပါဒ်အန္တရာယ်ရှိတယ်လို့ ယုံကြည်
ကြတယ်။

ရှောင်ကြဉ်ရမည့် အကြောင်းအရာတွေက များတယ် ... စာရေး
ဆရာ။

ဒီအကြောင်းကို သဘောပေါက်လို့ ဦးရွှေရိုးကြီးက လွတ်လပ်တဲ့
မြန်မာအဘိုးကြီးတစ်ဦးအိမ်မှာ သွားအိပ်တာပေါ့။

လှော်ကြေးပေးရတာလည်း တစ်ရပ်နှင့်တစ်ရပ် မတူတာလည်း
ရှိတယ်။ ကျေနပ်အောင်လုပ်ရတဲ့ ရိုးရာဓလေ့ပဲ။

ကျားဆိုကြပါစို့ ...

ကျားက ရွာအနီးကို ချဉ်းကပ်ရင် ရွာမှာ အမှားအယွင်းရှိလို့ လာ
တာလို့ အစဉ်အဆက်က ယုံကြည်ခဲ့ကြတယ်။ ဒါ ရွာစောင့်နတ်က နိမိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတာပေါ့။ အဲဒီကျရင် နတ်ဆရာနဲ့ နတ်ထိန်းနဲ့ တိုင်ပင်ပြီး ရွာစောင့်နတ်ကို ကန်တော့ကြတာ အစဉ်အလာ ရှိခဲ့ဖူးတယ်။

ဒါပေမင့် ခေတ်တွေပြောင်းလာတော့လည်း အယူအဆဖြောင့်လာတာ ရှိတာပေါ့။ ကျားက ရွာထဲဝင် ဝက်၊ နွား၊ ခွေး ဆွဲတယ်။ တောထဲမှာ လူကိုသတ်ဖြတ် အန္တရာယ်ပြုတယ်။

နောက်ဆုံး စောပွယ်လားလို သတ္တိရှိတဲ့၊ ရဲရင့်တဲ့ ကရင်လူငယ်တွေက ကျားကို လိုက်ရှာချောင်းမြောင်း သတ်တယ်။ ရင်ဆိုင်တိုက်ခိုက်သတ်ဖြတ်တယ်။

ဒီလို မုဆိုးလူစွမ်းတွေကြောင့် ကျားဆိုးကို ရှင်းနိုင်ခဲ့တာလည်း ရှိတယ်။ လူကြီးနဲ့လူငယ်မှာ အတွေးအယူအဆ တူတာရှိသလို ကွဲပြားတာလည်း ရှိတယ်။ အန္တရာယ်နဲ့ ကြုံလာရင် စုပေါင်းညီညာစွာ ရှင်းပင်းရတာတော့ လေးစားစရာပါပဲ။

ထားပါတော့လေ။

ဘယ်လူမျိုးမှာပဲဖြစ်ဖြစ် ရိုးရာဓလေ့၊ ယဉ်ကျေးမှုရှိတယ်။

စောင့်ထိန်းလိုက်နာကြရတယ်။ သွေဖီလို့ မရဘူး။ သို့သော် ခေတ်တွေပြောင်းလာတယ်။ စာတွေ တတ်လာကြတယ်။ အတွေးအခေါ်အယူအဆ လက်တွေ့ကျတာတွေ သုံးသပ်လာကြတယ်။

အမှားနည်းပြီး အမှန်များအောင် လူမျိုးတိုင်း ပြုပြင်ပြောင်းလဲ ရှိတတ်ကြတာလည်း ရှိတဲ့နေရာ ရှိတာပဲ။

✿ ✿ ✿

# [၂၇]

❑

ပြဿနာက ဖြစ်ပါရောဝေ။ ဘကြီးတိုက်ပုံ သွားအိပ်တဲ့အိမ်က ရွာစွန်က မြန်မာအိမ်ကြီးတစ်အိမ်မှာ ဝေ။ နှစ်ဆောင်ပြိုင် အိမ်ကြီးပေါ့။ ဘတိုက်ပုံကြီး အဲဒီအိမ်မှာ အိပ်တယ်။

ပြောရဦးမယ်ဝေ။ အဲဒီအိမ်ကြီးက ရှေးအိမ် အိမ်အိုကြီးပါ။ ဟိုးလွန်ခဲ့တဲ့ နှစ်အတန်ကြာက မြန်မာလူမျိုးတစ်ဦးနှင့် အင်္ဂလိပ်အရာရှိကြီး တစ်ဦး တည်းတဲ့ အိမ်ကြီးပေါ့။

အင်္ဂလိပ်ခေတ်ကတည်းက ဆောက်ထားတဲ့ အိမ်ကြီး။

သူတို့နှစ်ဦး တစ်နေ့ ခေါင်းနှစ်လုံးရှိတဲ့ မြွေကြီးတစ်ကောင် ရလာတယ်။ မြွေကြီးက အရှည် နှစ်လံရှိတယ်။

ငန်းမြွေကြီးတဲ့။ ဒီဘက်က မြန်မာမုဆိုး၊ မွန်မုဆိုး၊ ကရင်မုဆိုးတွေလည်း ထူးဆန်းတဲ့ ခေါင်းနှစ်လုံး ငန်းမြွေထီးကြီးကို မကြားဖူးတာ မမြင်ဖူးတယ်။ ရှားပါးမြင်ရခဲ မြွေဆိုးကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီငန်းမျိုးက အလွန်အဆိပ်ပြင်းပြီး အငြိုးကြီးတဲ့ ငန်းမျိုးပဲ။

သူနေတဲ့ အသိုက်ဝန်းကျင်ကို လူအလာမခံဘူးဗျ။

လူသံကြားရင် လိုက်ရော။ လိုအပ်ရင်လည်း ဒေါသတကြီး တဂူးဂူး တရှဲရှဲ အသံပေး။ လူတစ်ရံစ်ခန့် ရပ်ပြီး လိုက်တာ။

ဒီမြွေကြီးကို တောစောင့်မြွေကြီးလို့ အချို့က ယူကြတယ်။ တော ထဲဝင်ရင် မြွေကြီးကို အန္တရာယ်မပေးဖို့ ပြောဆိုပြီး ဝင်ကြတာလည်း ရှိ တယ်။

ခေါင်းနှစ်လုံး မြွေငန်းကြီးကို ဘယ်သူမှ မသတ်ကြဘူး။ မသတ် ခဲ့ကြဘူး။ အဲဒီမြွေကြီးကို အင်္ဂလိပ်မျက်နှာဖြူမုဆိုးနဲ့ မြန်မာအိမ်ရှင်ကြီးက သေနတ်နဲ့ ပစ်သတ်လိုက်တာ။

မြန်မာအိမ်ရှင်လူကြီးက ပြောသတဲ့။

''ဒီမြွေငန်းကြီး တောထဲမှာ သောင်းကျန်းနေတာ ကြာပြီ။ ခုမှ ဘုစ်ခန့် ရှင်းသွားတယ်'' တဲ့။

သူတို့ ငန်းမြွေကြီးကို ပုံမပျက်အောင် အရေခွဲဆုတ်တယ်။

အင်္ဂလိဠ်မုဆိုးက ခေါင်းနှစ်လုံးမြွေလူးဆန်းကြီးကို အခြောက် လှမ်းပြီး အဆာသွပ်ရုပ်လုံးသွင်း အလှပြဖို့ ယူသွားမှာတဲ့။

မြွေသားအချို့ကို မြန်မာလူကြီးက ချက်ပြုတ်ကျွေးတယ်။ ဗိုလ်ကို တဲ့ အသားတွေကို အနီးနားက-လူတွေကို ဟင်းစားလေးပေးသော်လည်း ဘယ်သူမှ ဒီခေါင်းနှစ်လုံး ငန်းမြွေကြီးရဲ့ အသားကို မစားရဲလို့ မယူပါရစေ နဲ့လို့ ငြင်းပယ်ကြတယ်။

သူတို့နှစ်ဦးအတွက်လည်း ရွာက လူတွေက စိုးရိမ်ကြတယ်။

ဒီအိမ်ရှင်လူကြီးနဲ့ အင်္ဂလိပ်ကြီးက စုန်း၊နတ်၊တစ္ဆေတို့၊ အစောင့် တို့ဆိုတာ မယုံကြည်ကြဘူး။ ပညာတတ် လူကြီးလူရွှတ်တွေ။

ညဉ့်သန်းခေါင်လည်း ရောက်ရော အဲဒီနှစ်ဆောင်မြို့င်အိမ်ကြီး ရှိရာက အသံနက်ကြီးနဲ့ ကြောက်လန့်တကြား အော်သံတွေကို ကြားရပါ ရော။

မြန်မာလိုရော၊ အင်္ဂလိပ်လိုရော အော်ဟစ်လိုက်တဲ့ အသံတဲ့။

တစ်ခဏပဲ။ ငြိမ်သွားတယ်။ အော်သံကို အနီးဝန်းကျင်တဲ့ အိမ် တွေက ကြားကြတယ်။ မူးပြီးအော်တာလည်း မဟုတ်ဘူးတဲ့။





ပြင်းပြင်းထန်ထန် ခံစားရတဲ့ ဝေဒနာကြောင့် အော်တဲ့အသံတဲ့ ဗျ။

မိုးလင်းပြီး အိမ်ကြီးထဲက အင်္ဂလိပ်ကြီးနဲ့ မြန်မာကြီး လှုပ်ရှားသံ ကြားရဘူး။ ခါတိုင်းဆို အင်္ဂလိပ်ကြီးက မိုးလင်းရင် အိမ်ရှေ့ခြံဝန်းထဲမှာ ကိုယ်ကာယ လေ့ကျင့်ခန်းလုပ်လေ့ရှိတာ မြင်ကြသေးကိုး။

သူတို့နှစ်ဦးက မြို့ပေါ်မှာ နေကြတာ များတယ်။

ဒီအိမ်ကြီးက အမဲပစ်ဖို့လာမှ တည်းကြတာ။

နေရင် သုံးလေးရက်၊ တစ်ပတ်တော့ နေကြတာ တွေ့တယ် တဲ့။

ညဉ့်သန်းခေါင်က အော်သံကြောင့် အနီးဝန်းကျင်က ကရင်-မြန်မာ အိမ်ခြံနီးချင်းတွေက လှမ်းလှမ်း အကဲခတ်ကြတယ်။

ဘယ်သူမှ ထွက်တာ၊ လှုပ်ရှားတာ မမြင်ရဘူး။

အိမ်ရှေ့တံခါးလည်း မဖွင့်ကြဘူး။ ညတွင်းချင်းများ ပြန်သွားကြ ရောလား။

ခြံကလည်း သော့ခတ်ထားတယ်။ နောက်ဆုံး အမူမဲ့ အမှတ်မဲ့ နေလိုက်ကြတာပေါ့ ဗျ။

ထူးတာက ညဉ့်ဘက်ရောက်ရင် အဲဒီ နှစ်ဆောင်ပြိုင် ခြေတံရှည် အိမ်ကြီးကို ခွေးတွေက ကြည့်ပြီး အူကြ ဟောင်ကြတာပဲ ဗျ။

အိပ်လို့မရအောင် အူတာ၊ ဟောင်တာ ဗျ။

ခွေးကို ပေါက်လည်းမရ၊ မောင်းလည်းမရ။ ခွေးတွေဟာ ဘာ ဖြစ်နေမှန်း မသိကြဘူးဆိုပဲ။ ခွေးတွေကတော့ ညနေဝင်တာနဲ့ အဲဒီအိမ် ကြီးကို ကြည့်ပြီး ရှေ့ကအူး နောက်က အူပဲ။

သုံးရက်ခန့်ကြာရော အဲဒီအိမ်ရှိရာကနေ အော့အန်ချင်စရာ အပုပ် နံ့တွေ ရပါရော ဗျ။ အနံ့က နေမြင့်လေ ပိုနံလေပဲ။

ရွာလူတွေလည်း မသက်ာကြတော့ဘူး။

နောက်ဆုံး ရွာထဲက ကရင်လူကြီး၊ မြန်မာလူကြီးနဲ့ မှန်အတို့ တွေ တိုင်ပင်ပြီး ခြံဝင်းထဲကို လူအများနဲ့ ဝင်ခဲ့ကြတယ်။

အိမ်ရှေ့တံခါးကို ပုတ်တယ်။ ခေါ်တယ်။ တုံ့ပြန်သံ မကြားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အပုပ်နံ့က နံဟောင်နေတာပဲတဲ့ ဝေ။ အော့အန်သူ အော့အန်ကြ။ အနံ့ မခံနိုင်သူက ပြန်ထွက်ကြ။

ဒီမှာ ပြတင်းပေါက်တံခါးတစ်ချပ် ဟတတ ဖြစ်နေတာမြင်လို့ ငါး လေ့ကား ယူတောင် ဖွင့်ကြည့်ကြရော။

အဲဒီမှာ ကြောက်စရာ၊ လန့်စရာ ရင်တုန်စရာမြင်ကွင်းကို တွေ့ကြတာပဲ။ မြန်မာလူကြီးက ပြတင်းပေါက်အောက်ခြေမှာ မှောက်လျက်လဲပြီး ပုပ်ပွဖောင်းကားနေပါရော။

အများသဘောတူမှုနဲ့ အိမ်ရှေ့တံခါးကို ရအောင်ဖွင့်ပြီး ဝင်ကြည့်ကြရော။ ကြိုးခုတင်ကြီး နံဘေးမှာ အင်္ဂလိပ်ကြီးရဲ့ ပုပ်ပွဖူးကားနေတဲ့ အလောင်း။

အိမ်ရှင်လူကြီးရဲ့ သင်္ချိုင်းရှင်းက ပြတင်းတံခါးကို ဖွင့်ရင်းက လဲကျသေနေပုံတဲ့။

သူတို့နှစ်ဦးရဲ့ ခြေချင်းဝတ်ကိုယ်စီမှာ အပေါက်နှစ်ပေါက်စီ သွေးခဲမှုပြနေတဲ့ ဒဏ်ရာကို မြင်ရတယ်။

ဒါနှင့်အတူ လူကြီးလက်ဖျံလုံးခန့် စွပ်ကြောင်းရှည်လျားကြီးကို လျှာထိုးကြမ်းခင်းမှာ ထင်ထင်ရှားရှား မြင်လိုက်ကြတယ်။

စွပ်ကြောင်းဟာ နောက်ဖေးဘက်ကို ဆင်းသွားပြီး နို့ဆီဘူးခန့် အပေါက်ရှိနေတဲ့ နောက်ဖေးတံခါးရွက်မှာ ဆုံးသွားတာ မြင်ရရော။

မုဆိုးတစ်ဦးက ပြောတယ်။

ဒါ မြွေသွားတဲ့ စွပ်ကြောင်းတဲ့။

စွပ်ကြောင်းပေါ်မှာ အကြေးဖတ်အချို့ တွေ့သတဲ့။

မုဆိုးက ခြေရာကောက်ရော၊ အနံ့ရော စူးစမ်းပြီး ပြောတယ်။ ဒါ သူတို့သတ်လို့သေတဲ့ ခေါင်းနှစ်လုံးငန်းမြွေကြီးရဲ့မယား။ ဒါမှမဟုတ် မြွေမိသားစု ဝင်ကိုက်သတ် ကလဲ့စားခြေသွားတာလို့ ပြောတယ်။

အိမ်အလည် ထုပ်တန်းမှာတော့ ချိတ်ပြီး အခြောက်လှမ်းထားတဲ့ ခေါင်းနှစ်လုံး မြွေအရေခွံကြီးကို အသည်းယားဖွယ် မြင်ခဲ့ရတယ်တဲ့။

အဲဒါ လွန်ခဲ့တဲ့ အင်္ဂလိပ်ခေတ်က ဖြစ်ရပ်မှန်ပဲ။

ဒီအိမ်ကြီးမှာ ဘယ်သူမှ လာမနေရဲကြဘူး။





မကြောက်လို့ လာအိပ်ကြ၊ တည်းကြတဲ့ မြို့ပေါ်က လူအချို့က လည်း ညဘက်ရောက်ရင် မြွေဆိုးတွန်သံ ကြားရပြီး အိပ်လို့မပျော်ကြ ဘူး။

အချို့ အပေါ့်ထသွားတော့ ခေါင်းနှစ်လုံး မြွေကြီးပါးပျဉ်းထောင် နေတာ မြင်ပြီး ကြောက်လန့်အော်ကြ။

ပိုဆိုးတာက . . .

မြွေဆိုးကိုက်လို့ သေသွားတဲ့ မြန်မာလူကြီးနဲ့ အင်္ဂလိပ်အရာရှိကြီး တို့ဟာ အိမ်ပေါ်မှာ လမ်းလျှောက်နေတာ မြင်လိုမြင်ရ။

ညှိခန်းမှာ အင်္ဂလိပ်ကြီးက ဆေးတံကြီးခဲပြီး ထိုင်နေတာ မြင်လို မြင်ရ။

မီးဖိုဆောင်ထဲမှာ အိုးတွေလှုပ်ကြည့်နေတဲ့ သေသူ မြန်မာလူကြီး ကို မြင်ရပြီး အိမ်ပေါ်က ထွက်ပြေးကြနေတယ်။

သူတို့ တစ္ဆေဖြစ်ပြီး ဒီအိမ်ကြီးမှာ နေကြတုန်းလို့ ပြောကြတယ်။ အခု အိမ်ကြီးက ကာလကြာတော့ ယိုင်နေတယ်။

အမိုးအုတ်ပြားတွေ ပေါက်ကွဲကျိုးနေတယ်။

ခြံလည်း မြက်ရိုင်းပင်တွေနဲ့ တောထနေတယ်။

ခြံစည်းရိုးလည်း မရှိတော့ဘူး။ ကျွဲ၊ နွားတွေ ဝင်လိုဝင်၊ ထွက် လိုထွက်၊ တံခါးတွေလည်း ပျက်။

အဲဒီ တစ္ဆေခြောက်တဲ့အိမ်မှာမှ အဲဒီဘကြီး တိုက်ပုံရင်ကွဲကြီးက အိပ်မယ်တဲ့။ တားလို့လည်း မရဘူး။ အန္တရာယ်များတယ် ပြောကြတယ်။

"တစ္ဆေခြောက်တယ် . . . ဘကြီး"

"ကောင်းတာပေါ့ . . . ငါအိပ်ရင် အဖော်ရတာပေါ့"

"ငါ မကြောက်ပါဘူးကွာ။ ငါက အိပ်ရင် အရမ်းအအိပ်ကြမ်း တယ်ကွ။ မင်းတို့ ကရင်အိမ်မှာ အိပ်လို့ မဖြစ်ဘူး။ မင်းတို့ ရိုးရာဓလေ့က ကြိုက်မှာမဟုတ်ဘူး။ ငါ့မှာလည်း လျှော်စရာ မရှိဘူး"

နောက်ဆုံးမှာ ခေါင်းအုံး၊ စောင်နဲ့ သူ့ကို လိုက်ပို့ရတယ်။

မီးခြစ်နဲ့ ဖယောင်းတိုင်၊ ရေပုလင်းလည်း ပေးလိုက်တယ်။ ငါတို့ လူကြီးတွေလည်း ပြောရခက်၊ ခေါင်းကြောမာတဲ့ လူကြီးကို အံ့သြရပေါ့ သို့သော် သူ့ကို ယုံတယ်။ သူ လူဆိုးဓားပြ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတ္တိကောင်းတယ်။ ကျားဆိုးကို ခါးကျိုးအောင်လုပ်တယ်။

ငါတို့အသက်ကိုရော၊ မဆိုး စောပွယ်လားတို့ရဲ့ အသက်ကို ကယ်ခဲ့တယ်။ စောစံဆေး တောမှားခဲ့တာကို အကောင်းပြန်ဖြစ်အောင် သူ့ပညာနဲ့ လုပ်ပေး ကူညီတယ်။

စဉ်းစားကြည့်စမ်း . . .

သူသာ သူ့ပညာ၊ သူ့မေတ္တာ ဂရုဏာနဲ့ မလုပ်ပေးရင် မျောက်သားအမိဘဝ ရင်နင့်စရာဖြစ်သွားမှာလေ။

သူလုပ်ပေးလို့ မျောက်သားအမိ အသက်ရှင်သွားခဲ့တယ်။

စောစံဆေးလည်း ဘယ်တော့မှ မျောက်ကို လေးနဲ့မပစ်တော့ဘူးလို့ သစ္စာဆိုခဲ့တယ် စာရေးဆရာ။ ဒီအဘိုးကြီးမှာ အလွန်ထူးခြားတဲ့ ပညာစွမ်းအင်တွေရှိခဲ့တာ သေချာတယ်ဝေး။

ရွာကလူတွေ ဖွတ်တရွတ် အဘိုးကြီးကို နှစ်ဆောင်မြိုင် တစ်ခြောက်တဲ့ အိမ်ခြံဝရောက်အောင် မီးတုတ်တွေနဲ့ ဝိုင်းပို့ပေးကြတယ်။

''ဗျို့ . . . ဘကြီး''

''ဘာတုံးကွ''

''အကြောင်းကြောင်းကြောင့် အိပ်လို့မရရင် ထွက်လာခဲ့နော် . . ဘကြီး''

''ဟင်း . . . ဟင်း . . . ဟင်း . . . . စိတ်ပူရင် ငါနဲ့အတူလာအိပ်ကြလေကွာ''

''အမလေး ဘကြီး ကိုယ့်ဘာသာပဲ အိပ်တော့။ ရတယ် အိပ်''

''ပြန်ကြတော့''

ငါတို့လူတွေ လူကြီးကို ထားခဲ့ကြတယ်။ မီးတုတ်တစ်ချောင်းလည်း ပေးခဲ့တယ်။ ပြီး . . . ကိုယ့်အစု အိမ်ရှိရာ ပြန်လာခဲ့ကြတယ်။ သူ့ကို စိုးရိမ်တာက တစ္ဆေဂုတ်ချိုးသတ်မှာရယ်၊ မြွေကိုက်မှာရယ်ကို စိုးရိမ်တာဝေး။

ဒါပေမင့် လူကြီးက သတ္တိကောင်းတယ်။

ငါတို့အားလုံး ချီးကျူးကြတယ်။

လေးစားစရာပညာတွေ သူမှာရှိတယ်။

ဒီလိုနဲ့ အိပ်မောကျချိန်မှာပဲ





''ဒိုင်း . . .''

''ဒိုင်း . . .''

အလို . . . ရွာစွန်အိမ်ကြီးဘက်က သေနတ်သံလိုမျိုး အသံနှစ်ချက်ကြားရပြီး ရွာလေး နိုးကုန်ပါရော။ အားလုံး ရရာလက်နက်ဆွဲစုကြ

တုံးခေါက်အချက်ပေးကြ။

ဓားပြတွေဝင်သလား မသိ။ ပုန်းသူပုန်း၊ ဘုရားတသူ တ၊ အဘိုးနတ်ကြီး တသူတ။ နောက်ထပ် သေနတ်သံ မကြားရတော့ဘူး။

ငြိမ်သွားတယ်။ လုံးဝငြိမ်သွားတယ်။

''ဘယ်က သေနတ်သံတုံးဟေ့''

''ဟိုရွာဖျား အိမ်ကြီးဘက်ကဝေး ဖထီး''

''ဓားပြသံတော့ မကြားရဘူးဝေး''

''ကျုပ်တို့ ဟိုအိမ်ကြီးကို ချဉ်းကပ်ကြည့်မယ်ဝေး''

''လက်နက်တွေ ပါရဲ့လား''

''ပါတယ်ဝေး လာကြ''

မှောင်ထဲမှာ တရွေ့ရွေ့ လက်နက်တွေနဲ့ သွားကြတယ်။ ရွာထိပ်က အိမ်ကြီးဝန်းကျင်မှာ ပုန်းစောင့် အကဲခတ်ကြတယ်။ မီးရောင် မမြင်ရဘူး။ လှုပ်လှုပ်ရှားရှား မရှိဘူး။ ဟိုဘကြီးကို စိုးရိမ်သွားကြတယ်။

''ဟိုဘကြီးကို အသံပြုမလား''

''မပြုနဲ့ . . . ဓားပြတွေရှိရင် သူတို့မှာ သေနတ်ပါမယ်၊ အားလုံးအကျိုးနည်းကုန်မယ်။ စောင့်ကြည့်ကြ''

စောင့်ကြည့်လည်း နှစ်ဆောင်မြိုင်အိမ်ကြီးက ငြိမ်သက်လို့။ ဟုတ်ရဲ့လား။ ဒီအိမ်ရှိရာက သေနတ်သံမှ ဟုတ်ရဲ့လား။ ဘာလှုပ်ရှားမှုမှ မရှိဘူး။ တစ်ရွာလုံး တိတ်နေတယ်။ အာရုဏ်ကြက်တွန်သံ ကြားရတယ်ဝေး။ အားလုံး ကိုယ့်အိမ်ကို ပြန်အိပ်ကြရတယ်။

မိုးလင်းတော့ စောပွယ်လားတို့ စောစံဆေးတို့က ဟိုအိမ်ကြီးရှေ့သွားပြီး အဘိုးကြီးကို အော်ခေါ်ကြတယ်။

''ဗျို့ . . . ဘကြီး . . . ဘကြီးဝေး''

''ဗျို့ . . . ဘကြီးရွှေရိုး . . . နေထွက်နေပြီ ထတော့ဗျို့''

www.burmeseclassic.com



"သာဖိုး ... အသံမကြားရပါလားဝေး"

"ဒုက္ခပဲ ... အဘိုးကြီး ဟိုဒင်းများ ဖြစ်ရော့လားဝေ"

"ဘယ်လိုလုပ်မတုံး ..."

"ညတုန်းက တစ်ညလုံး အိပ်ရေးပျက်လို့များ အိပ်မောကျနေရောလား။ လာ ... သွားနှိုးကြမယ်"

"ဖြစ်ပါ့မလား .... ပွယ်လား"

"မင်း ယောက်ျားမဟုတ်ဘူးလား။ နေ့ခင်းကြောင်တောင် မဝင်ရဲဘူးလား။ မင်း ကရင်ယောက်ျားကောင်း ပီသစမ်းပါ စောသာဖိုးရာ။ ငါ ဖါဖါတယ်ကွ။ ငါက ကျားနဲ့တောင် ရင်ဆိုင်သတ်ပုတ်ခဲ့သူပါ။ လာကြ"

ဒီလိုနဲ့ စောပွယ်လားဦးဆောင်ပြီး ယိုင်ယိုင်နဲ့နဲ့ ကျွန်းလှေကားကနေ အပေါ်ကိုတက်ခဲ့ကြတယ်။

"ဘကြီး ... ဗျို့ ... ဘကြီးရွှေရိုး"

"ငါတို့ပါ ထတော့လေ။ မနက်စာ အဆာပြေစားဖို့ လာခေါ်တာပါဝေး။ မြန်မြန်ထ"

အထဲက အသံမကြားဘူး။ ဒါနဲ့ စေ့ထားတဲ့ ကျွန်းတံခါးအိုကြီးကို အသာတွန်းဖွင့်လိုက်တယ်။

"ကျွီ ... ကျွီ .. ကျွီ ... အစ် ... အစ်"

"အိပ်နေတုန်းပါလားဝေး"

"တယ်အအိပ်ကြီးတဲ့ ဘကြီးပဲကိုး"

"ဘကြီး ထ ... ဘကြီးရေ"

"ဟင် ... စောပွယ် ... ဒါ ... ဒါ .... ဘာတွေလဲဟ"

အဘိုးကြီးက စောင်ခေါင်းမြီးခြုံပြီး ဆန့်ဆန့်ကြီး အိပ်နေတာ။ စောစံဆေးလက်ညှိုးထိုးပြရာ လိုက်ကြည့်လိုက်တော့ နီနီရဲရဲ အရည်တွေ။ ဖျာပေါ်မှာ အကွက်အစွန်း စို့ရွှဲလို့။

"ဟာ ..."

ဒါနဲ့ ဘကြီးဦးရွှေရိုးကို စိုးရိမ်ပြီး စောင်ကိုလှန်ကြည့်လိုက်ရော—

"အမလေးဗျ ..."

"ဟာ ..."





"ဟာ ..."

"ဟယ် ... သောက်ကျိုးနည်းပ ဝေး"

မြင်လိုက်ရတာ ဘကြီးဦးရွှေရိုး မဟုတ်ဘူး။ လူတစ်ဦး မျက်လုံးပြူးပွင့်လို့ ရင်ဝမှာ သွေးတွေ ခဲစပြုနေပြီတဲ့။ သေသေချာချာကြည့်လိုက်တော့ လူအရွယ်ကောင်းတစ်ဦး။ ဘောင်းဘီရှည် ဝတ်ထားတယ်။ သေနေပြီ။

နားရွက်က သွေးတွေကျနေလို့ကြည့်တော့ ညာဘက်နားရွက်မှာ အပေါက်တစ်ပေါက် ဖောက်ဝင်လို့။

"စောပွယ်လား ... သူ ... သူ ... ဘယ်သူလဲဟင်"

"ငါသိတယ် သာဖိုး"

"သိရင် ဘယ်သူတုံး"

"ထီးရိုး"

"ဘာ ... ထီးရိုး ဟုတ်လား"

"လူမိုက်၊ ဓားပြ ထီးရိုးလား"

"ဟုတ်ပဝေး"

"ပွယ်လား ... မင်း ဓားပြထီးရိုးလို့ ဘယ်လိုလုပ်သိလဲဝေး"

"ဒီမှာကြည့်လေ ..."

စောပွယ်လားက သေသူရဲ့ညာလက်ကို လက်ညှိုးထိုးပြလို့ကြည့်တော့ ... လက်ဝဲ လက်ငါးချောင်းမှာ လက်သန်းတစ်ချောင်းက အရင်းတနေ ပြတ်လို့။

"ဟယ် ... ဟုတ်ပါကောလား။ ဒါ ဓားပြထီးရိုးပဲ။ ဟိုး ... ဘုရားပွဲတုန်းက သူ့ ဒုံးယိမ်းတွေတောင် လိုက်ကြည့်သေးဟ။ ခု ဘယ်လိုဖြစ်တုံး"

"ပွယ်လား ..."

"အေး ... ပြော၊ သာဖိုး"

"မဟုတ်မှလွဲရော ... ငါတို့ ဟိုတိုက်ပုံနဲ့ဘကြီးကသတ်ပြီး သူ့အိပ်ယာပေါ် ထားခဲ့တာနေမှာပဲဝေး"

"ဟူး ... ကြောက်စရာ၊ အံ့စရာပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေ အမြန်ခေါ်ပြောမှ ဖြစ်မယ်ဝေ"

လူကြီးတွေ အမြန်ပြေးခေါ်ကြတယ်။ ကရင်လူကြီး၊ မြန်မာလူကြီးတွေရော ကြားသမျှလူတွေ လာကြည့်ဝေဖန်ကြပဲ။

"ညက ဒီနေရာမှာ ဦးရွှေရိုးအိပ်တာ။ သူပဲသတ်ပြီး စောင်နဲ့အုပ်ထားမှာပေါ့"

"ဦးရွှေရိုး ဘယ်မှာလဲ ရှာကြစမ်း"

"ဟော့ ... ဟော့ ... မုဆိုးတွေ အိမ်ပေါ်မှာ သဲလွန်စရှာကြစမ်း"

စောပွယ်လားတို့၊ စံဆေးတို့ အိမ်ပေါ်မှာပဲ သဲလွန်စရှာကြတယ်။ အဘိုးကြီးကို မတွေ့ဘူး။ တွေ့တာက ခြေရာအသစ်တွေ။

ဖုန်တက်နေတဲ့ ကြမ်းခင်းပေါ်မှာ သားရေဖိနပ်လိုအရာတွေ တွေ့တာပဲ။

ခြေရာတွေက နောက်ဖေးဆောင်ကို ဦးတည်နေတယ်။

ဟော ... နောက်ဖေးတံခါး ပွင့်နေတာကိုး။ မြေပြင်မှာ ခြေရာတွေ တွေ့တယ်။ ယောက်ျားခြေရာနဲ့ ဖိနပ်ခြေရာ။

အဘိုးကြီးကို ရွာထဲအနှံ့ လူဖြန့်ရှာကြတယ်။ မတွေ့ဘူး။

နောက်ဆုံး မြို့ပေါ်ရဲစခန်း (ဂါတ်တဲ)ကို သွားအကြောင်းကြားကြတယ်။ မွန်းမတည့်မီ ရဲအဖွဲ့ ရောက်လာကြတယ်ဝေး။ ရဲအဖွဲ့က ရာဇဝတ်အုပ်ကလည်း မေးခွန်းတွေမေးတယ်။

"ဒီသေတဲ့လူက နာမည်ကြီးဓားပြ ထီးရိုးပဲဗျ"

"ဟုတ်ကဲ့"

"သူ့ကို ဘယ်သူသတ်သွားတာလဲ။ မြင်တဲ့လူ ရှိလား"

"မမြင်ဘူး"

"ဒီအိပ်ရာက ထီးရိုးအိပ်ရာလား"

"မဟုတ်ဘူးဝေး"

"ဘယ်သူအိပ်တဲ့ အိပ်ရာတုံး ဖထီးတို့"

လူကြီးတွေက တိုက်ပုံရင်ကွဲနဲ့ ဦးရွှေရိုးက ကတဲ့ အဘိုးကြီးအကြောင်းစုံကို ပြောပြကြတယ်။





"အဲဒီလူကြီးနာမည် ဘယ်လိုခေါ်တုံး ဖထီး"

"မသိဘူးဝေး။ ငါတို့က သူ ဦးရွှေရိုးက ကလို့ ဦးရွှေရိုးပဲခေါ်တယ်။ အရူးလိုလိုပဲ။ ဒါပေမဲ့ လူကောင်းကြီးပဲ"

"အခု ... သူ ဘယ်မှာတုံးဗျာ"

"မရှိတော့ဘူး။ ရှာလို့လည်း မတွေ့ဘူး"

"အဘိုးကြီးဆီမှာ သေနတ်တွေ့သလား ဖထီး"

"မတွေ့ဘူးဝေး၊ လွယ်အိတ်ကြီးတော့ ပါတာပဲဟ"

"နားကို သေနတ်နဲ့ ပစ်ဖောက်သွားတာပဲ ဖထီး။ ဝီး ရင်ဝကိုတော့ ပစ်ခဲ့တာပဲ"

"ရက်စက်ပါပကော ရဲဘော်ကြီးတို့"

ရဲအဖွဲ့က အိမ်ပေါ်အနှံ့ သက်သေခံနဲ့ သဲလွန်စ လိုက်ရှာကြတယ်။ အချို့က မြေပြင်၊ ခြံအနှံ့ ပိုက်စိပ်တိုက်ရှာကြတယ်။

အိမ်ပေါ် ဖုန်တက်နေတဲ့ကြမ်းပြင်မှာ ဖိနပ်ရာတွေ တွေ့တယ်။ လူကြီးခြေရာ တွေ့တယ်။

ဟော ... တွေ့သွားကြပြီဝေး ... နောက်ဖေးလှေကား အဆင်းအောက်မှာ အနီရောင် နှင်းဆီပန်းတစ်ပွင့်ဟော့။ နှင်းဆီပန်းက လတ်ဆတ်နေပဲတဲ့။

"ဖထီး ..."

"ဝေး ... ရဲဘော်ကြီး"

"ရွာထဲမှာ နှင်းဆီပင် စိုက်ကြလား ဖထီး"

"ငါတို့ရွာတွေမှာ တောင်ယာပဲ စိုက်တယ်။ ကရင်တွေ နှင်းဆီမစိုက်ဘူး။ ဟို ဗမာရွာတွေဘက်တော့ စိုက်တာရှိတယ်ဝေး"

"ရွာထဲမှာ နှင်းဆီပန်းပန်တဲ့ မိန်းကလေးရော ရှိလား ဖထီး"

"မရှိဘူး။ ပွဲလမ်းသဘင်ရှိတော့ ပန်တဲ့သူရှားတယ်"

"ကျေးဇူးပါပဲ ဖထီး"

ရဲအဖွဲ့က လိုအပ်သလို စစ်ဆေးမေးမြန်း သေသူကို ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်ပြီးနောက် လူသေကို ကားနဲ့သယ်ယူသွားကြတယ်။

သူတို့ပြန်တော့မှ ရွာထဲမှာ ဝေဖန်သံတွေ ညံတော့တယ်ဝေး။



www.burmeseclassic.com

www.burmeseclassic.com



"ထီးရိုးကို ဟိုအဘိုးကြီး သတ်တာနေမှာဝေး"

"လူမိုက်တစ်ယောက်၊ ဓားပြတစ်ယောက်တော့ ရှင်းသွားတာ ပေါ့ဟ။ အဘိုးကြီးကိုတောင် ကျေးဇူးတင်ရဦးမယ်ဟေ့"

"အဘိုးကြီးသတ်တယ်လို့ ပြောရအောင် နင်မြင်လို့လား"

"အယ် ... အယ် .... မှန်းပြောတာပေါ့ဟ"

"အဘိုးကြီးသတ်ခဲ့တာလည်း ဖြစ်နိုင်တယ်"

"ဘာလို့ဖြစ်နိုင်တုံး"

"ရန်ငြိုးရှိလို့ နေမှာပေါ့"

"ဟ ... အဘိုးကြီးကို ဒီဓားပြက လာသတ်လို့ ပြန်လုပ်တာ ခုခံတာကော မဖြစ်နိုင်ဘူးလား"

"ဒါဆို ငါတို့ရွာကို လာပြောလေ။ သူ့ကို သတ်ဖို့လုပ်လို့ ပြန်လု ရတာပါလို့။ ဟုတ်ဘူးလားဝေး"

ဒီမှာ မွန်အဘိုးကြီးတစ်ဦးက ပြောတယ်။

"ငါထင်တာတော့ ..."

"ဘယ်လိုထင်တုံး မွန်ကြီး ပြောပါဦးဟေ့"

"လူသတ်သမားက အဘိုးကြီးကိုပါ သတ်ဖို့ ခေါ်သွားတာလည်း ဖြစ်နိုင်တယ်"

"အေး ... ဒါလည်း စဉ်းစားရမှာပဲဝေး"

"ဒီဘကြီးကတော့ လူသတ်မယ် မထင်ဘူးဗျာ"

"အေး ... ငါတို့လည်း မသတ်ဘူးလို့ ပြောရဲတယ်"

"ဒါပေမဲ့ မပြေးသော် ကန်ရာရှိနေပြီဝေး"

ဒီလိုနဲ့ ရက်အတန်ကြာသွားတယ်။ ရွာထဲကို လူစိမ်းအချို့လည်း လာစုံစမ်းကြတယ်။ ရဲဘက်ကလား၊ စုံထောက်တွေလား၊ ထီးရိုးရဲ့လူ လား မသိဘူးပေါ့ဝေး။ တစ်နေ့ ကရင်မှဆိုးလေး စောပွယ်လားက ငို့ ပြောတယ်။

"ဘကြီးရွှေရိုး မဖြစ်ပါစေနဲ့တဲ့"

"နင်က ဘာလို့ အဲ့လိုပြောတာလဲ စောပွယ်"

"ငါ့ကို ဘကြီးက မေးခဲ့ဖူးတယ် မနော်"





"ဘကြီးရွှေရိုး နင့်ကိုဘာမေးတုံး"

"ထီးရိုးအကြောင်း ငါ့ကိုမေးတယ်။ ပြီး တောကြီးမြွေဟောက်ဆို တဲ့လူအကြောင်း ငါ့ကိုမေးတယ်"

"တောကြီးမြွေဟောက် လူလား၊ လက်ဝှေ့သမားလား"

"ဩဇာအာဏာကြီးတဲ့ ဓားပြနာမည်ကြီး"

"ဟုတ်လား ... ဘကြီးရိုးက ဘာလို့မေးတာတုံးဝေး ဟင်"

"မသိဘူး။ တိုက်ဆိုင်ချင်တော့ ဘကြီးရိုး တစ်ညအိပ်တဲ့ နှစ် ဆောင်မြိုင်တရွှေအိမ်ပေါ်မှာ ထီးရိုးလာသေတယ်။ သေတော့လည်း ဘကြီး ရိုးအိပ်ရာပေါ်မှာ။ အဲ့စရာ လာသေတာပဲ"

"နင်လည်း သတိထား သွားလာနော် စောပွယ်လား"

"ဘာလို့လည်း နော်မူ"

"အဲဒီထီးရိုးဆိုတဲ့လူ သေပြီးကတည်းက ရွာထဲမှာ လူစိမ်းတွေ အဝင်အထွက်ရှိနေတယ်လေ"

"ကုန်သည်ပွဲစားတွေပါဟာ မစိုးရိမ်ပါနဲ့"

"စိုးရိမ်တာပေါ့ဝေး"

"နင် ဘာလို့ ငါ့ကို စိုးရိမ်ကြီးလဲ ဟင် ... မနော်"

"အို ... သိဘူး၊ သွားတော့"

ငါ သူ့ကို စိုးရိမ်မှုပန်တယ်။ သူက နယ်လေးရပ် လျှောက်သွားတဲ့ လူလေ။ အမဲလိုက်လည်း တော်တယ်။ ကျား၊ ကျားသစ်နဲ့လည်း ယှဉ်ခဲ့ ဖူးတယ်။ လက်ဝှေ့ပွဲရှိလည်း တက်ထိုးတာပဲ။ လက်ဝှေ့လည်း ကောင်းတဲ့ လူပါ။ ဘုရားပွဲတွေမှာ လက်ဝှေ့ပွဲပါရင် ဝင်ထိုးတာပဲ။ ရှုံးတာနည်းပြီး နိုင် တာများတယ်။ သူ လူစွမ်းကောင်းလေ။

ဒါကြောင့် ... ငါ စိုးရိမ်တာပေါ့နော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂၄]

❑

(၃)ရက်မြောက်တဲ့နေ့မှာ ငါတို့နေတဲ့ရွာထဲကို ကုလားလေးတစ်ယောက် ရောက်လာတယ်။ မုဆိုး စောပွယ်လားကို မေးတယ်။

ကရင်လူကြီးတွေကိုမေးတယ်။

ကရင်ဆေးဆရာကြီးကိုမေးတယ်။

''ကုလားလေး ဘာကိစ္စရှိလို့မေးတာလဲ''

''ကျွန်တော် . . . သူတို့ထဲက တစ်ယောက်ယောက်နဲ့ တွေ့ချင်ဒယ် . . . အာကို''

ဒါနဲ့ ရွာအကြီးအကဲ ဖထီးအိမ်ကို ပို့ပေးတယ်။ အဆင်သင့်ချင်တော့ ကရင်လူငယ်တွေလည်း ရွာလူကြီးအိမ်မှာ စုဝေးရောက်ရှိနေတယ်လေ။

ရွာအကြီးအကဲအိမ်မှာ စည်းဝေးပွဲရှိတယ်။

ကရင်ဒုံးယိမ်းနဲ့ အော်ပွဲ (အောပွဲ)လုပ်ဖို့ လူငယ်တွေနဲ့ တိုင်ပင်နေကြတာပေါ့။





ကရင်ဒုံးယိမ်းကတော့ နင်လည်း မြင်ဖူးမှာပေါ့ စာရေးဆရာ။

''မြင်ဖူးပါတယ် မနော်မူ (အော်ပွဲ)တော့ မမြင်ဖူးဘူးဗျ''

''အော်ပွဲဆိုတာ ကရင်အပျို၊ လူပျိုတွေ ညြသံကြီးနဲ့၊ ကဗျာ၊ ဆောက်ာ၊ တေးသီချင်းတွေ အပြန်အလှန် ဆွဲဆွဲငင်ငင်ဖြစ်အောင် ဆိုတဲ့ပွဲပဲ။ အော်ပွဲကို အရှေ့ ပိုးကရင်ဘာသာစကားနဲ့ ချအိုင်လောင်ခေါ်ပြီး မြန်မာလို သက်ဝေ့ရေးပြပွဲလို့ ခေါ်ကြသိကြတယ်ဝေး။ ဒီအော်ပွဲမှာ လူပျိုကာလသားတွေ အင်္ကျီချွတ်၊ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ကာယဗလတွေကို အမျိုးသမီး ပရိသတ်ရှေ့မှာ ထုတ်ဖော်ကြွားတဲ့၊ ပြတဲ့ ပွဲလည်းဖြစ်တယ်။ လက်မောင်းကို တဖြောင်းဖြောင်းခတ်ပြီး လက်ဝှေ့ရေးပြတဲ့ ပွဲဝေး။ အော်ပွဲဆိုတာ အတန်းအစားမရွေး၊ အရပ်လေးမျက်နှာက ရောက်လာကြတဲ့ မောင်မယ်တွေ အော်ပွဲမှာ ဆုံကြမိတ်ဖွဲ့ကြပြီး မိမိတို့ ဖူးစာကြင်ဖော် ရွေးချယ်၊ မေတ္တာပြိုင်ပွဲ၊ အပျိုလူပျိုပွဲပဲ။

''မနော်မူ အော်ပွဲကို ဘယ်လိုအခါမျိုးမှာ ကျင်းပလဲဗျာ''

''အော်ပွဲများကို ကောက်သိမ်းပွဲ၊ ဘုရားပွဲ၊ အသုဘ အရိုးကောက်ပွဲနဲ့ ညှော်ခံပွဲတွေမှာ ပြုလုပ်လေ့ရှိတယ် စာရေးဆရာ။ အော်ပွဲမစခင် ကရင်ဒုံးယိမ်းကို စတင်ကကြတယ်။ ပြီးမှ အော်ပွဲကို ဆက်ကျင်းပတယ်''

''စောစောက ကုလားလေးအကြောင်း ပြန်ဆက်ဦးဗျာ''

''အေး . . . ဆက်မယ်။ ငါတို့ အော်ပွဲအတွက် စည်းဝေးတိုင်ပင်နေတုန်း ကုလားလေးကို ရွာထဲကလူတွေ ခေါ်လာပို့ကြတာ''

''စောမဲ . . . ဒီကုလားလေးက ဘယ်ကတုံး''

''ဖထီး . . . လူကြီးတွေနဲ့ တွေ့ချင်တယ်ဆိုလို့ ခေါ်လာပို့တာပါ''

''ကုလားလေး မင်းနာမည် ဘယ်လိုခေါ်တုံး''

''ဆာမိလို့ ခေါ်ပါဒယ်''

''ငါ ဒီရွာရဲ့လူကြီးပဲ။ မင်း ဘာကိစ္စနဲ့ ငါ့ကိုတွေ့ချင်တာတုံး''

''သကြီး . . . ကျွန်တော့်ကို အာဖိုးကြီးတစ်ယောက် စေပေးခိုင်းဒယ်နော်။ အဲဒါ စာလာပို့တယ် ရော့''



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆယ့်လေးနှစ်ခန့် အသားမည်းနက် ကုလားလေးက အိတ်ထဲကနေ စာတစ်စောင်ထုတ်ပြီး ရွာလူကြီးကိုပေးတယ်။

"ဘယ်ကလူကြီး ပေးခိုင်းတာတုံး ဆာမိ"

"ဆံပင်ရှည်ဒယ်။ နှုတ်ခမ်းမွေး အားထူကြီး ပါဒယ်။ တိုင်းရင်း အင်္ကျီညစ်ပတ်ကြီး ဝတ်ထားဒယ်။ ကွမ်းဒေ အများချီး စားဒယ်။ လွဲအိတ်ကြီး လွယ်ထားဒဲ့ အဘိုးကြီးခင်ဗျ။ ဒီရွာကို လွှတ်တယ်။ ကရင်မှုဆိုးနာမည်တွေ ပြောတယ်။ ချွန်တော့်ကို မုန့်ဖိုး တစ်ကျပ်ပေးတယ်။ ဒါကြောင့် စာပေးတာပါ သင်္ကြီး"

ရွာလူကြီးရော ငါတို့ လူငယ်တွေရော သိလိုက်ပြီ။

ဒီပုံပန်းသဏ္ဌာန်ဟာ ဟို အရှုးလိုလို၊ အကောင်းလိုလို လူခံဆန်းဆန်း ဘကြီးရွှေရိုးရဲ့ ပုံပန်းသဏ္ဌာန်ပဲ။

ရွာလူကြီးက စာရွက်ကို အမြန်ဖတ်လိုက်တယ်။

နောင် ငါတို့သိရတဲ့ စာသွားက ဒီလိုဝေ။

"ရွာလူကြီးနှင့် ရွာလူငယ်များတို့ ...

ကျုပ် အနူးအညွတ် မေတ္တာရပ်ခံတောင်းပန်ပါတယ်၊

ဖထီးတို့ရွာမှာ လူသတ်မှု ရုတ်တရက် ဖြစ်ပွားခဲ့ပါတယ်၊ အဲ့ဒီလူကို ကျုပ် လုံးဝမသတ်ပါဘူး၊ ထီးရိုးဆိုတဲ့ ဓားပြလူမိုက်ကိုသတ်တဲ့လူ ကျုပ်သိတယ်၊ မကြာခင် လူသတ်သမားကိုယ်တိုင် ရဲအဖွဲ့မှာ လာရောက်ဝန်ခံပါလိမ့်မယ်၊ ကျုပ်ကြောင့်ဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် ကျုပ် မကြာခင် ပြန်လာခဲ့ပါ့မယ်၊ ရွာသူ အောင်၊ မင်္ဂလာရှိအောင် ကရင်လူကြီးများ၊ ရပ်မိရပ်ဖများ ပြောဆိုစီစဉ်တဲ့ အတိုင်း ဆောင်ရွက်ပေးပါ့မယ်လို့ ကတိပြုပါတယ်၊ ကျုပ် ချက်ချင်း ပြန်မလာ နိုင်တာ အကြောင်းရှိလို့ပါ၊ ကျုပ်ကို သုံးကြည့်ကြပါ၊

ရွှေရိုး

လူထူးဆန်းတိုက်ပုံရင်ကွဲ ငါတို့အခေါ် ဦးရွှေရိုးက အဲ့လို စာရေး အကြောင်းကြားခဲ့တယ်။ ငါတို့ရွာက ကရင်တွေ၊ မြန်မာတွေ၊ မွန်တွေက ဘကြီးရွှေရိုးကို ယုံကြည်လေးစားပါတယ်။ ဘကြီးရွှေရိုးရေးတဲ့စာကိုလည်း လက်ခံယုံကြည်တယ်။ ဒီဖြစ်စဉ်မှာ လျှို့ဝှက်အသိခက်တာတွေ ရှိမှန်း





လူကြီးလူငယ်တွေ သဘောပေါက်တယ်။ အဲဒီနေ့ကစပြီး ဒီဘကြီး ထူးကြီး ပျောက်သွားတာ ဒီနေ့နဲ့ဆို သုံးရက်ရှိသွားပြီပေ့သည်။

ကရင်မလေး နော်မူဝါးက ရှည်လျားအံ့ဖွယ်ကောင်းတဲ့ ဖြစ်ရပ် ဆန်းကြယ်အကြောင်းကို လုံးစေ့ပတ်စေ့ ပြောပြခဲ့တယ်ဗျာ။

နော်မူက မြို့ကျောင်းမှာ အတန်းစာ အဋ္ဌမတန်းအထိ သင်ကြား ပြီး ကရင်လိုရော၊ မြန်မာလိုရော ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တယ်ဗျ။ ပူက စာလည်းဖတ်တယ်ကိုးဗျာ။

သူတို့အိမ်မှာ ကရင်စာဖြူစာအုပ်၊ မြန်မာစာနဲ့ ဝတ္ထုအချို့နဲ့ ကိုး ကွယ်တဲ့ ဘုရားရှိခိုးစာအုပ်တွေကို ကျွန်တော် တွေ့ခဲ့ရတယ်။

သေချာတယ်ဗျာ။

ဒီအဘိုးကြီးဟာ ကျွန်တော့်ရဲ့ အဘဆရာကြီး ဘဝ်တိုက်ပုံဦးရာ ကျော်ပဲ။ သူ ဘုန်းကြီးကျောင်းကနေ ရုတ်တရက်ထွက်သွားတာ။ ဘာကြောင့် ကျွန်တော့်ကို ထားခဲ့ပြီးထွက်သွားမှန်း မသိဘူး။

ခုတော့ ... ကျွန်တော် နည်းနည်းရိပ်မိပြီ။

သူ ... နာမည်ကြီး ဓားပြလူမိုက် တောကြီးမြွေဟောက်ကို လိုက် ရှာနေတယ်။ ဓားပြထီးရိုးကို သူ လိုက်ရှာနေတယ်။

ထီးရိုးက ကျွန်တော်တို့ကို ကျိုက်ထိုအဝင်မှာ ဓားပြတိုက်တဲ့လူ။ အဘက သူ့ကို မှတ်မိတယ်လို့ ပြောပြဖူးတယ်။

သူ့ညာလက်မှာ လက်သန်းတစ်ချောင်း မရှိဘူးတဲ့။

ကျွန်တော့် မေတ္တာရပ်ခံချက်ကြောင့် ရွာလူကြီးထံမှာ ဦးရွှေရိုး ကိုယ်တိုင် ရေးပို့တဲ့စာကို ကျွန်တော် ဖတ်ခွင့်ရခဲ့တယ်။

အဲဒီစာရွက်ပေါ်က လက်ရေးကို ကျွန်တော့်မှာပါလာတဲ့ အဘ ဘုန်းကြီးကျောင်းမှာ ရေးပေးခဲ့တဲ့ စာရွက်ပေါ်ကလက်ရေးနဲ့ ယှဉ်တိုက် ကြည့်လိုက်တယ်။

သေချာတာပေါ့ဗျာ။

လက်ရေး တူနေတယ်။ လက်သမားသုံးတဲ့ ခဲတံအပြား၊ ခဲတုံးဆံ ကြီးကို တံတွေးဆွတ်ပြီးရေးတဲ့စာပဲဗျာ။ ကျွန်တော် ကရင်လူကြီးလူငယ်များ



www.burmeseclassic.com

www.burmeseclassic.com



ကို အရှိအသေပြု နှုတ်ဆက်ပြီး တောင်ခြေကရင်ရွာထဲက ပြန်ထွက်ခဲ့လိ
တယ်။

မုဆိုးလေး စောပွယ်လား၊ မုဆိုး စောစံဆေ၊ စောဒီး၊
သာဖိုး၊ မနော်မူးဝါ၊ ကိုသာဗျော၊ ကိုကြက်ဖကြီး စတဲ့ ကရင်မြန်မာ လူ
လူရွယ်တွေက ကားလမ်းမ,ရောက်အောင် လိုက်ပို့ပေးကြတယ်။

သူတို့က အဘဦးရွှေရိုးခေါ် ဘတိုက်ပုံဦးရာကျော်ကို အလွန်
ကြည်လေးစား သံယောဇဉ်ဖြစ်ကြတယ်ဗျာ။

အဘကိုတွေ့ရင် ရွာကိုခေါ်ခဲ့ပါတဲ့။

အဘ လူမသတ်ဘူးဆိုတာ သူတို့ ယုံကြည်တယ်တဲ့။

ကျွန်တော် ခရီးသွား ကားပေါ်ရောက်သည့်တိုင် စဉ်းစားနေမိတ
ဗျာ။

အဘရာကျော် ဓားပြထီးရိုးကို မှတ်မိတယ်။

တောင်ငူရိုးမတောင်ခြေက ဘုရားပွဲမှာ သူ ဦးရွှေရိုးအက
ပျော်ပါးပါးကရင်း ဓားပြထီးရိုးကို ဆုရတဲ့ငွေတစ်ရာတန် ပေးလိုက်တယ်
တော့ . . .

ဘာရည်ရွယ်ချက်နဲ့ ပေးလိုက်တာလဲ။

မင်းကို ငါသိတယ်ဟေ့လို့ ပြောချင်လို့လား။

အဘ ထီးရိုးကို ခွင့်လွှတ်တဲ့ သဘောပါဗျာ။

အဘမှာ အငြိုးအတေးမရှိတာ ကျွန်တော်သိတာပေါ့။ သို့သေ
ဓားပြထီးရိုးက ဘတိုက်ပုံကြီးကို ရုတ်တရက် မှတ်မိသွားခဲ့ပြီး နှစ်ဆေ
မြိုင်အိမ်ကြီးမှာ အိပ်နေတုန်း လာသတ်အပြတ်ရှင်း နှုတ်ပိတ်တာလား။

ထားတော့ . . . ဓားပြတိုက်တဲ့ကိစ္စ ပေါ်မှာစိုးလို့ အိပ်နေတု
လာသတ်တယ်ထားတော့။ အဘမသေဘဲ အဘအိပ်ရာပေါ်မှ ဓားပြထီ
ဘာ့ကြောင့် သေနတ်ဒဏ်ရာနဲ့ သေနေရတာလဲ။

အဘမှာ သေနတ်မရှိဘူး။

သူ သေနတ်အကြောင်း ပြောခဲတယ်။ မုဆိုးကြီးလေးမောင်
နဲ့ကြုံမှ သေနတ်အကြောင်းပြောတာ။ သူ သေနတ်ပစ်ဖူးတယ်လို့ ပြော
မကြားဖူးခဲ့။





ဒါဖြင့် ဓားပြထီးရိုးကို ဘယ်သူ သတ်သွားနိုင်သည်လဲ။

ဟော . . . တစ်ချက်တော့ မသင်္ကာစရာ သတိပြုမိတယ်ဗျ။

ဓားပြထီးရိုးရဲ့ နားရွက်တစ်ဖက်ကို သေနတ်နဲ့ ပစ်ဖောက်သွားခဲ့
သေးသတဲ့ဗျ။ ဘာလို့ နားရွက်ကို ပစ်ဖောက်ရတာလဲ။

မျက်လုံးထဲမှာ မနှင်းဆီဆိုတဲ့ မွန်မိန်းကလေးကို သွားသတိရ
လိုက်တယ်ဗျာ။ မနှင်းဆီ ကားဓားပြ တိုက်ခံရတုန်းက နားကပ်ပစ္စည်းပေး
ဖို့ ငြင်းဆန်လို့ ဓားပြက နားရွက်ကို သေနတ်နဲ့ ပစ်ဖောက်ဒဏ်ခတ်ခဲ့
တယ်လေ။

အဘပြောပုံဆို ခုသေသွားတဲ့ လက်သန်းမရှိ ဓားပြထီးရိုးပစ်
တာ။ ဒါဆို ထီးရိုးရဲ့နားရွက်ကို ပစ်ဖောက်ပြီးမှ သတ်ခဲ့တာ ဘယ်သူလဲ။

တွေးစရာတွေ ဆင့်ကဲဆင့်ကဲ ပေါ်လာခဲ့တယ်။

အဘရာကျော်ရော ဘယ်ကိုသွားနိုင်မည်လဲ။

ကရင်စုအရပ်ကို ပြန်လာမည်လို့ ရေးခဲ့တယ်။

ဘယ်နေ့ရက်လို့တော့ မပြော။

ကရင်စုကနေ ကိုယ်လည်းမစောင့်ချင်ဘူးဗျာ။

အဘ ဘယ်သူ့ကို ရှာနိုင်တုံး။ တောကြီးမြွေဟောက်လား။ မြို့
စားကတော်အဘွားကြီး ဒေါ်ရှင်မင်းယာစိုကိုလား။

အဘကိုလည်း စိုးရိမ်မိတယ်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂၅]

❑

အံ့သြစရာတော့ ကောင်းတယ်ဗျာ။ ကျွန်တော် အဘဦးရာကျော
နောက်ကို လိုက်ရင်း ရှာရင်း မော်လမြိုင်မြို့ ကျိုက်သံလန်ဘုရားပေါ်
ရောက်ခဲ့တယ်။

သန်လျက်ထမ်း ဘီလူးရုပ်တုရှိတဲ့စောင်းတန်း လှေကားထ
အတိုင်းတက်ခဲ့ပြီး ဘုရားအလျှင် ဖူးလိုက်တယ်။ ပြီးတော့ ရောက်တုန်းရော
နိုက်မှာ မင်းတုန်းမင်းတရားကြီးရဲ့မိဖုရား စိန်တုံးမိဖုရားကြီးရဲ့ ကောင်
တော် ဆင်စွယ်ကနုတ်လက်ရာတွေ၊ ဗုဒ္ဓပလ္လင်တွေကိုလည်း လေ့လာ
တယ်။

ဒီလိုနဲ့ ကျိုက်သံလန်ဘုရားရင်ပြင်ပေါ်ကို ရောက်ရော ဖင်းကျိုက်
တောင်ဘက်ကိုမြင်ရတဲ့ မျက်နှာစာရင်ပြင်မှာ အလွန်ချောမောလှပတဲ့ မိန်
ရွယ်တစ်ဦးကို မြင်လိုက်ရတယ်။

အသားဖြူဖြူ၊ ခါးသေးရင်ချီအလှနဲ့ခင်ဗျ။





ဆံပင်ဆံထုံးကို ပိုက်အနက်လေးနဲ့အုပ်လို့။

နှင်းဆီပန်းတစ်ပွင့်လည်း ပန်ထားရဲ့။ အနီရောင် နှင်းဆီပန်းပွင့်။
အဲဒီအချိန်ကာလတုန်းက ပေါ်ဦးပေါ်ဖျား ရှားရှားပါးပါး တက်ထရွန် အဝါ
ရောင်အပေါ်အောက်ဆင်တူနဲ့ဆိုတော့ . . .

ရွှေရုပ်လေး အဝေးငေးနေတဲ့ အတိုင်းပဲဗျာ။

အဝါရောင် ပုဝါနုလေးကို လည်ပင်းမှာ သိုင်းချည်ထားရဲ့။

သူမက ဟိုး . . . ဖင်းကျိုက်တောင်နဲ့ ကုလားမတောင်ရှိရာ အဝေး
တောင်တန်း နိမ့်မြင့်မှိုင်းညို့တွေကို ငေးကြည့်နေတာဗျ။

ဖွံ့ထွားစွံ့ကားတဲ့ အလှအပအဖုအထစ်တွေဟာ အဝါရောင်ထဘီ
အောက်မှာ လှချင်တိုင်းလှပြီး ညို့နေသယောင်ပါဗျာ။

တကယ်တော့ ဒီအလှအပတွေဟာ ကျန်းမာသန့်စွမ်းတဲ့ သား
ကောင်းမိခင်လောင်းတွေရဲ့ တန်ဖိုးရှိတဲ့ အလှပဲလေဗျာ။ တဏှာမျက်စိနဲ့
ကြည့်ရင် အပူသွေးဆူတာပေါ့။

မေတ္တာနဲ့ကြည့်ရင် အေးမြခြင်း။

ကျွန်တော်လည်း သူမနဲ့ မလှမ်းမကမ်းမှာရပ်ပြီး ဟိုးကုလားမ
တောင်ချွန်ဖျားပေါ်က မြူလို၊ တိမ်လို၊ နှင်းငွေ့လို အရာတွေကို ကြည့်နေ
မိတာပေါ့ဗျာ။

ဒီမှာ . . . သူမက ကျွန်တော့်ဘက်ကို လှည့်အကြည့် . . .

ကျွန်တော်ကလည်း လှည့်အကြည့် . . .

"ဟင် . . ."

ကျွန်တော် အံ့အားသင့်သွားပြီဗျာ။ ဒီမျက်နှာသွင်ပြင်ကို
ကျွန်တော် မြင်ဖူးတယ်။ ဘယ်နေရာမှာပါလိမ့်။ မြင်ရတာ သိပ်မကြာသေး
ပါဘူး။

စဉ်းစားတယ်။

စဉ်းစားရင်း သူမကို ကြည့်နေချိန် . . .

သူမကလည်း ကျွန်တော့်ကိုမြင်ပြီး နှုတ်ခမ်းနှစ်လွှာ အံ့အားသင့်
ပြီး စုပွင့်သွားချိန် . . .



www.burmeseclassic.com

www.burmeseclassic.com



"ညီမ ...မင်း ...မင်း ...ဟို ...မ ...မ ...နှင်းဆီ မဟုတ်လားဟင်"

"ရှင် ..."

"မ ...မ ...နှင်းဆီ မဟုတ်လား"

"အို ...ဘယ်က မနှင်းဆီလဲ။ ကျွန်မ မဟုတ်ဘူးရှင့်"

သူမက မွန်သံဝဲဝဲလေးနဲ့ ပြောလိုက်တာ။ ကျွန်မ မနှင်းဆီ မဟုတ်ဘူးတဲ့။ ဟုတ်ပါတယ်ဗျာ။ ဒါ မနှင်းဆီ အစစ်ပါ။

ဒီမျက်နှာလေးကို ကျွန်တော့်ရင်ဘတ်ထဲမှာ မှတ်မှတ်ရရ သိမ်းထားခဲ့ဖူးတယ်ဗျ။ သူမက မဟုတ်ဘူးလည်း ဆိုရဲ့။

အုတ်တံတိုင်းနံရံကိုကျောပေးပြီး စောင်းငဲ့ကြည့်တယ်။

သူမကြည့်ပုံကလည်း ကျွန်တော့်ကို သိသလိုလို၊ မသိသလိုလို စဉ်းစားနေတဲ့ပုံပဲ။

ကျွန်တော် ထပ်စဉ်းစားတယ်။ ခေါင်းကို နှာနှာကုတ်ပြီး အားမရ ဖြစ်နေတာ။

သိပြီ။ လုံးဝကို မှတ်မိပြီဗျာ။

"ညီမ ..."

"ကျွန်မကို မနှောင့်ယှက်ပါနဲ့ရှင်"

"ဟိုလေ ...ဟို ...ညီမနာမည်က နွယ်ချို မဟုတ်လားဟင်"

"ရှင် ..."

"ညီမ နွယ်ချို ဟုတ်တယ်မဟုတ်လား"

"ရှင်က ဘယ်သူတုံး"

သေချာတယ်ဗျာ။ ဒါ ...'နွယ်ချို'။ ကျွန်တော်က တွေ့တုန်းက သူမကို နှင်းဆီလို့ အမည်ပေးလိုက်တာ။

"နွယ်ချို ...ညီမ မမှတ်မိဘူးလား အစ်ကိုကို။ ရန်ကုန်ကနေ အလာ ကျိုက်ထိုမှာ ကား ဓားပြအတိုက်ခံရတာလေ"

သူက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေတယ်။

ကျွန်တော်ကလည်း ဖာတ်လမ်းကို အတိုချုပ် ရှင်းပြတယ်။





"ညီမရော၊ အစ်ကိုတို့ဆရာတပည့်ရော၊ ခရီးသည်တွေရော ပါတာရှိတာ အကုန်ပေးရတယ်လေ။ မှတ်မိလား"

"ကျွန်မ အဲ့ဒီတုန်းက ကားပေါ်မှာ မပါဘူးရှင့်"

"ဟော ...မင်းပါတယ် ညီမရဲ့"

"ကျွန်မပါ ကားဓားပြတိုက်တုန်းက အတူပါမှန်း ရှင်က ဘယ်လို လုပ်ပြီး ပြောနိုင်နေတာတုံးရှင်"

ဒီလိုမေးတော့ ကျွန်တော် ဖြေရမှာ အားနာပါတယ်ဗျာ။

သို့သော် မနှင်းဆီ (နွယ်ချို)ကို ကျွန်တော် သိပ်မှတ်မိတာပေါ့။ ကျွန်တော် သူမရဲ့အနီးကို တစ်လှမ်းချင်း တိုးသွားလိုက်တယ်။ သူမက ရန်ပြုမယ်ထင်လို့လားမသိ။ ခြေနှစ်ချောင်းကို နည်းနည်းကားပြီး ခါးပေါ်မှာ လက်တင်ထားတယ်။

"မင်းက ခုတော့ ငါတို့ဆရာတပည့်ကို မေ့ပြီပေါ့"

"ရှင် ...ဒီလို အတည်ပေါက်နဲ့ လာမဖြီးနဲ့နော်"

"မင်း နွယ်ချိုအစစ်ပါ ငါ့ညီမ။ ဘာလို့ နွယ်ချိုအစစ်လို့ ပြောနိုင်လည်း သိလား"

"ကျွန်မ မသိဘူး"

"သိအောင်ပြောပြမှာပေါ့ ညီမရယ်"

"မင်းရဲ့ ညာဘက်နားရွက်က အပေါက်ကြီးဟာ ဓားပြရဲ့ ကျည် ဆန်ဖောက်သွားတဲ့အပေါက်"

"ရှင်"

သူမ ကျွန်တော် စကားအဆုံးမှာ ညာဘက်နားရွက်ကို ဖျတ်ခနဲ လက်ဝါးနဲ့အုပ်ရင်းက ကျွန်တော့်ကို အံ့အံ့ဩဩ မျက်လုံးအစုံနဲ့ကြည့် စဉ်းစားသလို လုပ်နေတယ်ဗျ။

"စွပ်ကျယ်အကျီပဲကျန်တဲ့ ခရီးသည်က ဒါ ...ဒါဆို ..."

"ကျွန်တော်ပါ။ တိုက်ပုံရင်ကွဲနဲ့အဘလည်း အတူပါတယ်လေ။ ညီမရဲ့ နားရွက်က သေနတ်ဒဏ်ရာကို အဘက ကွမ်းရွက်မန်းပြီး အုပ်ပေး လိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ကျွန်မ မှတ်မိပြီရှင့်။ အားနာလိုက်တာရှင်။ အစ်ကိုက အခုတော့ အဝတ်အစားအသစ်တွေနဲ့ ရုပ်ပြောင်းနေတော့"

"မမှတ်မိဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်ရှင့် . . . ဒါနဲ့ ဟို တိုက်ပုံဖျင်ကြမ်းနဲ့ အဘရော မပါ ဘူးလား။ အဘကို ကျေးဇူးစကား မပြောခဲ့ရဘူးနော်"

"အလျင်ကတော့ အတူပါတာပေါ့ . . . မနွယ်ချိုရယ်။ အဘနဲ့ ကျွန်တော် လူချင်းကွဲသွားတာ တစ်ပတ်ခန့်ပဲ ရှိသေးတယ်"

"ဟုတ်လား"

"အခု . . . အဘကို လိုက်ရှာနေတာပါ။ မနွယ်ချိုနဲ့ တွေ့ရတာ ဝမ်းသာတယ်ဗျာ။ မနွယ်ချို ဘယ်မှာနေလဲဟင်"

"ကျွန်မလား"

"ဟုတ်ကဲ့"

"အလျင်ကတော့ မော်လမြိုင်မှာပါ။ ခုတော့ ရန်ကုန်မှာနေတယ်။ အစ်ကို့ နေရပ်ကရော"

"ကျွန်တော်လည်း ရန်ကုန်၊ ပုဇွန်တောင်မှာ နေတယ်။ ဒါဆို ရန်ကုန်ရောက်ရင် ပြန်ဆုံကြမယ်နော် မနွယ်ချို"

"ဆုံဖြစ်ရင်ကောင်းတာပေါ့"

"ကျွန်တော် လာတွေ့မှာပါ"

"ကျွန်မက ခရီးသွားနေတာများတယ်။ ဒါနဲ့ အစ်ကို့နာမည်က ရော ဘယ်လိုခေါ်လဲရှင့်"

"ကိုမှိုင်းတဲ့"

"အလုပ်ကရော"

"စာရေးဆရာပါဗျာ"

"ဩော် . . . စာရေးဆရာလား။ ခရီးသွားနေတာပေါ့နော်။ စာရေး ဖို့ ကုန်ကြမ်းရှာနေတာပေါ့"

"မနွယ်ချိုမှာ စာရေးဖို့ကုန်ကြမ်း၊ ဇာတ်လမ်းရှိရင်ပြောပြပေး ကျွန်တော် လုံးချင်းဝတ္ထု ရေးပေးမှာပေါ့"

"တစ်နေ့ဆုံရင် ပြောပြဖြစ်မယ်နဲ့ တူရဲ့နော်"





"မနွယ်ချို ကျွန်တော်တို့ တစ်ခုခုစားရင်း မနွယ်ချို အံ့ဩသွားမည့်အကြောင်း ပြောပြချင်တယ်"

"ဘာအကြောင်းပါလိမ့် အစ်ကို"

"လာ . . . အောက်ကိုဆင်းကြမယ်"

ကျွန်တော်တို့နှစ်ဦး အသိအကျွမ်းတွေ ပြန်ဖြစ်သွားပြီ။ ဘုရား တောင်ခြေက စားသောက်ဆိုင်မှာ ဝင်ထိုင်စားသောက် စကားပြောဖြစ်ကြ တယ်။

"ကဲ . . . ပြောပါဦး အစ်ကို စာရေးဆရာ"

"ထီးရိုး သေသွားပြီ မနွယ်ချို"

"ထီးရိုး . . . ထီးရိုးဆိုတာ ဘာလဲ၊ ဘယ်သူလဲဟင်"

"ဓားပြ ထီးရိုးလေ။ မနွယ်ချိုရဲ့ နားကပ်မပေးရကောင်းလားဆို ပြီး နွယ်ချိုရဲ့နားရွက်ကို ခြောက်လုံးပြူးသေနတ်နဲ့ ပစ်ဖောက်ခဲ့တဲ့ ဓားပြ အခု သေသွားပြီ"

"ဟုတ်လား။ သူ့ကို ဘယ်သူသတ်သွားလဲဟင် အစ်ကို"

"ထီးရိုးကို ဘယ်သူသတ်သွားလဲ မသိဘူး။ ထူးခြားတာက ထီးရိုး ရဲ့ ညာဘက်နားရွက်ကို လူသတ်သမားက သေနတ်နဲ့ပစ်ဖောက်ခဲ့ပြီးမှ ရင်ဝ ကို သေနတ်နဲ့ ပစ်သတ်ခဲ့ပုံရတယ်"

"နားရွက်ကို ဖောက်တယ်"

"သိပ်ဟုတ်တာပေါ့ဗျာ . . . နွယ်ချို့ နားရွက်ကို ပစ်ဖောက်သလို ဒီကောင်လည်း ဝဋ်ပြန်လည်ပြီး သေတာလေ"

"ဩ . . . အဲ့လိုဖြစ်တာလား"

"နွယ်ချို ဝမ်းမသာဘူးလား"

"ဒါ . . . ဝမ်းသာစရာတဲ့လား အစ်ကို။ အေးလေ . . ဝမ်းသာစရာ ထက် တူသောအကျိုးပေးက ထက်ကြပ်မကွာ လိုက်တာမြန်ပုံကို တရားရ လို့ပါ"

"နွယ်ချို့ကို မေးစရာရှိတယ်"

"မေးလေ . . . ဘာမေးမလဲ"

"အဘကိုများ သွားရင်းလာရင်း တွေ့မိလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ချို တစ်ချက်တွေသွားတယ်။

တစ်ခုခုကို စဉ်းစားနေသလိုပဲ။ စဉ်းစားရင်း မေးလိုက်တယ်ဗျ။

"အဘနာမည် ဘယ်လိုခေါ်လဲ အစ်ကို"

"ကျွန်တော်သိတာတော့ ဦးရာကျော်တဲ့။ သူက ရောက်ရာအရပ်မှာ နာမည်တစ်မျိုးတော့ ပြောင်းသွားတတ်တယ်"

"အဘက ဘာလဲဟင်"

"အဘကလား။ အဲ . . . အဲ . . . အဘက လူတစ်ကိုယ် စိတ်နှစ်ချိုး အဲလေ . . . ဟိုဒင်းဗျာ။ သူက လူကောင်းတစ်ယောက်ပါ"

"စိတ်ရော နူးရဲ့လားဟင်"

"ဗျာ . . . အဲ . . . အဲ . . . ကောင်းပါတယ်။ စိတ်နူးပါတယ် အဟဲ . . . ဟဲ . . . တွေ့လို့လားဟင်။ မနွယ်ချို"

"တွေ့ရင် အကြောင်းကြားပါ့မယ် အစ်ကို။ အစ်ကို ကျွန်မ ချိန်းထားခဲ့ကိစ္စရှိလို့ သွားခွင့်ပြုဦးနော်။ ရန်ကုန်ကျရင် ပြန်ဆုံမယ်နော်"

"ကောင်းပါပြီဗျာ။ နွယ်ချို့ကို တစ်ခုပဲမေးပါရစေ"

"ဘာများပါလဲရှင်"

"နွယ်ချိုက နှင်းဆီပန်းအနီရောင် ကြိုက်တယ်လားဟင်"

"ရှင် . . . ကြိုက်တယ် အစ်ကို။ အနီရောင်ဆိုတာ ရဲရင့်ခြင်း အဓိပ္ပာယ်ရှိတယ်။ အနီရောင်ပန်ထားရင် သတ္တိရှိနေသလို ခံစားရတယ်။ သွားမယ်နော်"

သူမ ခေါင်းမော့ရင်ကော့ပြောပြီး ကျွန်တော့်ရှေ့ကနေ လှုပ်လှုပ်ခါခါ သွက်သွက်နဲ့ ထွက်သွားခဲ့တယ်။ သူနဲ့ ကျွန်တော် ပြန်ဆုံချင်သေးတယ်ဗျာ။ ပြန်ဆုံခဲ့ရင် သူမ နှစ်သက်မြတ်နိုးတဲ့ အနီရောင် နှင်းဆီပန်းလေး ပန်လျက်သားတွေ့ချင်ပါသေးရဲ့ဗျာ။

✿ ✿ ✿

[၂၆]

❑

ကျွန်တော်နဲ့ မနှင်းဆီခေါ် မနွယ်ချိုတို့ မော်လမြိုင်ကနေ လမ်းခွဲပြီးနောက် ကျွန်တော် မြစ်ဝကျွန်းပေါ်ဘက်ကို ရောက်လာခဲ့တယ်။ ရောက်ရာအရပ်က ဘုန်းတော်ကြီးကျောင်းများ၊ သင်္ချိုင်းဇရပ်များ၊ တန်ခိုးကြီးဘုရားများအနှံ့ သွားရောက်စုံစမ်းခဲ့တယ်။

ဇင်းကျိုက်တောင်ပေါ်လည်း ရောက်ပြီးပြီ။ တောင်ငူ၊ ရွှေကျင်၊ စစ်တောင်း၊ သိမ်ဇရပ်၊ စုံသွားပြီ။ အဘခြေရာပျောက်နေတယ်။

ဟော . . . ကံကောင်းချင်တော့ ဆုံကြပါရောဗျား။

ရှင်လောင်းလှည့်ပွဲတဲ့ခင်ဗျ။ ပိုက်ဆံရှိတဲ့အလှူဆိုတော့ ဆင်လည်း ပါရဲ့၊ မြင်းလည်း ပါရဲ့ဗျာ။

အလှူဆင်ထားတဲ့ ဆင်ပေါ်မှာ ဝိဋ္ဋကတ်သုံးပုံတင်ပြီး ရွှေထီးမိုးလို့ဗျ။ ရှင်လောင်းအပါးတစ်ရာခန့်ကို မြင်းကောင်ရေတစ်ရာခန့်ပေါ် တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတောင်ပန်းတောင်ကိုင် ကန်တော့ပွဲရွက်အဖွဲ့ အိုးစည်ဒိုးဝိုင်း လူတန်းကြီးနဲ့ လှည့်တာဗျာ။

အိုးစည်ဝိုင်းနဲ့ ဒိုးပတ်ဝိုင်းတွေက ရှင်လောင်း ဆယ်ဦးကြားမှာ တစ်ဝိုင်းပါတယ်။ နောက်ဆုံးမှာ အလှကားနဲ့ အဆိုတော်တွေက ခေတ်ပေါ်တေးဂီတနဲ့ဆိုလို့။

ရှေ့ဆုံးက မင်္ဂလာစည်တော်နဲ့အက။

ရွှေထီးတွေလည်း လင်းလင်းလက်လက်။

စည်တော်သံကလည်း တထိထိ။

အိုးစည်၊ ဒိုးပတ်ဝိုင်းတွေကလည်း မြိုင်မှမြိုင်ပဲ။

ရှင်လောင်းလှည့်ပွဲကလည်း တမျှော်တခေါ် ကြည့်လို့မဆုံး။

မြို့လုံးကျွတ်၊ ရပ်ကွက်လုံးကျွတ်၊ ရွာလုံးကျွတ် ထွက်ကြည့်ကြ။ ရပ်ကွက်တွေ၊ ရွာတွေက ကွမ်းတောင်ကိုင်အဖွဲ့၊ အပျိုဝိုင်းအဖွဲ့တွေကလည်း တူညီဝတ်စုံ မျိုးစုံနဲ့ လှမှလှဗျာ။

အချို့က ကြိုးကြီးချိတ်ဆင်တူ။

အချို့က ပါတိတ်ဆင်တူ။

အချို့က တက်ထရွန်ရောင်စုံဆင်တူ။ ကြည့်လို့ရှုလို့ ပသာဒရှိလွန်းပဗျာ။

ကျွန်တော်လည်း လမ်းနံဘေး ပရိသတ်ကြားကနေ ရပ်ကြည့်ဒီမှာ အိုးစည်တစ်ဖွဲ့က နှဲမှုတ်နေတဲ့လူကြီးကို သွားသတိပြုမိတာဗျ။

ဟုတ်ရဲ့လား။ တူလိုက်တာရယ်။

ကြည့်စမ်းဗျာ။

ဖျင်ကြမ်းတိုက်ပုံရင်ကွဲနဲ့ လူကြီးဗျ။

အလို ... ဆံပင်ရှည်ဂုတ်ထောက်ကိုနောက်ထုံး ကြိုးနဲ့စည်းလို့။ ယောဂီရောင်လွယ်အိတ်ကြီး စလွယ်သိုင်းလွယ်လို့ဗျို့။

နှုတ်ခမ်းမွေးကားကားကြီးကို တွန့်ပြီးနှဲမှုတ် လိုက်လာတာ။

သေချာတာပေါ့ဗျာ။ ဒါ ... ကျွပ်အဘ ဦးရာကျော်။

ရှာလိုက်ရတာ အဘရာ။ အခု တွေ့ပြီပေါ့။





ကျွန်တော် သူ နှဲမှုတ်နေတဲ့ အိုးစည်ဝိုင်းထဲ အသာဝင်ပြီး အဘနံဘေးကနေ ကပ်လိုက်လိုက်တယ်။

အဘ ... သူ ကျွန်တော့်ကို မမြင်တာလား။

သူ့အလုပ်သူ အာရုံစိုက်နေလို့လား။

သူနဲ့ ယှဉ်လိုက်လာတဲ့ ကျွန်တော့်ကို လှည့်မကြည့်ဘူး။ နှဲကိုပဲ အာရုံစိုက်မှုတ်နေတယ်။

ကျွန်တော်က သူသိသွားအောင် သူ့လက်မောင်းရင်းကို အသာကိုင်လိုက်တယ်။

သူက နှဲမှုတ်ရင်းနဲ့ လှည့်ကြည့်ပြီး တံတောင်နဲ့ ကျွန်တော့်ကို တွန်းလိုက်လို့ လူ ယိုင်သွားတယ်ဗျာ။

"ရွှေအိုးစည် လွယ်ယုံပြလို့ ×××

မယားက ကွာမယ်ဆို

သားတွေက ငိုဗျ ×××"

အိုးစည်ဝိုင်းအဖွဲ့ရဲ့ အဆိုသမားက အသံကျယ်ကျယ်နဲ့ ဟစ်လိုက်တယ်။

"မငိုပါနဲ့လူကလေးရယ် ×××"

"မငိုပါနဲ့လူကလေးရယ် ×××"

အဖွဲ့သားတွေက သံပြိုင် လိုက်ဆိုကြတယ်။

"မငိုပါနဲ့လူကလေးရယ် ××× မငိုပါနဲ့လူကလေးရယ် ×××"

"မင်းမေမေပြန်လာကာမှ ×××

မနော်နွယ်ချိုချိုစို့မယ် ×××

တီးလိုက်ပါ့လေး ဟေ ××× ဟေ ×××"

"ဘာတဲ့တုံးဟဲ့"

"ဝေ ... ဟေ ဟေ"

"သားရေ ... က,က ကြိုးစားဟဲ့"

ဘတိုက်ပုံက ကျွန်တော့်ကို မသိသလို လုပ်နေတာလား။ မသိတာလား။ နှဲမှုတ်တဲ့ အသံကလည်း စီပြီး ဝေနေတာပဲဗျာ။

သူ့အကြောင်း ကျွန်တော် သိတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက မြို့ရွှေသန်လျင် ထားမလုံရွာ အလှူပွဲမှာ ဆိုင်းဆရာ ရွာသားစိန်ဒိုးပျံကို လန့်သွားအံ့ဩသွားအောင် ပညာပြခဲ့တာလေ။

စိန်ဒိုးပျံက ခုန်ပေါက်အော်ဟစ် အားပေးနေတဲ့ အဘကို အရူးဆူတယ်ဆိုပြီး ဝိုင်းထဲကနေ အော်ငေါက်နေတာ။

အရူး (အဘ) ကလည်း ဟိုလိုတီးကွ၊ ဒီလိုတီးကွ၊ ပတ်ရင်း တီးတာပေါ့တယ်၊ ပတ်ဖျားလုံး တီးတာ ပြင်းတယ်နဲ့ အော်ပြီး ပြောနေတာ။ အော်ရင်း ဆိုင်းသံနဲ့ ကတာ။

နောက်ဆုံး အရူးလိုလူကြီး (အဘ)ကို ပွဲထိန်းအဖွဲ့နဲ့ ဆွဲထုတ်ပြီး မောင်းထုတ်နိုင်းတာ။

အကုသိုလ်ဝင်ချင်တော့ ....

စိန်ဒိုးပျံတီးတဲ့ဆိုင်း အတီးအ,ပြီး ဘယ်လိုတီးတီး အသံမမြည်တော့ဘူး။ မောင်း၊ ကြေး၊ နှဲ၊ စည်တို၊ ခြောက်လုံးပတ် အသံမြည်တယ်။ ဆိုင်းဝိုင်း အသံလုံးဝမမြည်ဘူး။

ရွာသူနှောက်တယ်၊ ပညာသည် စုန်းကဝေ နှောက်တယ်မှတ်ပြီး တောင်းပန်လည်း ဆိုင်းသံက မမြည်။

ဒီမှာ အရူးလိုလူကြီး (အဘ)က ပုန်းလျှိုးကွယ်လျှိုး ဝင်လာပြီး ငါတီးမယ် ... ဆိုင်းသံ မြည်ရမယ်ဟေ့လို့ အော်ရော ... ဒီမှာ ဒေါသထွက်နေတဲ့ ရွာစား စိန်ဒိုးပျံနဲ့ လောင်းကြေးစားကြေး အပြိုင်တီးကြတာဗျာ ..

အဘ အရူးကြီး ဝင်တီးတော့မှ ဆိုင်းသံ အပီအသံ ထွက်ပါရော။

ရွာစား စိန်ဒိုးပျံ လန့်သွားတယ်။

ဒီမှာ အရူးလိုလူကြီး (အဘ)က တေဘုမ္မာသီချင်းကို ဆိုတီးနဲ့ ရှင်းပြရော ... အိုး ... ဆုတော်ငွေတွေ ပလူပျံနေတာပဲ။

ရွာစားစိန်ဒိုးပျံလည်း ဒါ အရူးကြီး မဟုတ်ဘူး။

တကယ့် ဆိုင်းပညာရှင် လူပျော်ကြီး၊ သမ္မာကြီးမှန်းသိပြီး လူအများပရိသတ်ရှေ့မှာ ထိုင်ကန်တော့ တောင်းပန်တာဗျာ။

ဒီအကြောင်း အသေးစိတ် သိချင်ရင်တော့ စိတ်ကူးသစ်စာပေမှ ထုတ်ဝေသည့် လူထူးဆန်းဘတိုက်ပုံ ဦးရာကျော် ဆိုတဲ့ စာအုပ်မှာ ဖတ်ကြည့်ကြပါတော့ခင်ဗျ။





[မှတ်ချက် ။ ။ လူထူးဆန်းဘတိုက်ပုံ ဦးရာကျော်အမည်ရှိ ဝတ္ထုလုံးချင်းကို ရုပ်ရှင်မင်းသားကြီး အကယ်ဒမီကျော်ရဲအောင်နှင့် ဗီဒီယို ရိုက်ကူးဖြန့်ချိပြီး ဖြစ်သည့်အပြင် SKY Net ရုပ်သံလိုင်းနှင့် MRTV-4 မှ မကြာခဏ ထုတ်လွှင့်ပြသလျက် ရှိပါသည်။ စကားချပ်။]

အခုလည်း လူချမ်းသာကြီးတစ်ဦးရဲ့ ရှင်တစ်ရာ အလှူလှည့်ပွဲမှာ အိုးစည်ဝိုင်းနဲ့ နဲမှုတ်ပြီး လှည့်ပွဲလိုက်လို့ ...

ဟိုပြီးခဲ့သည့် ရက်များကလည်း တောင်ငူမြို့မတောင်ခြေက သံပုံစေတီဘုရားပွဲမှာ ဦးရွှေရိုးကခဲ့လို့ ပြောပြီးပြီ။

အဘက,တာတော့ မကြာခဏ ကျွန်တော် မြင်ဖူးတယ်။

ခက်တာက သူ့ကို အရူးလို့ ပြောရတာလည်း အခက်။ ပျော်ပြီဟေ့ဆို ဘာသိက္ခာမှ မဆည်တော့။

တည်ပြီဟေ့ဆိုရင်လည်း ဓါတော်ဖေလေးဆယ်ရ ရဟန်းလို တည်တယ်။

နောင် သူနှင့် အကြောင်းသင့်၍ ပေါင်းမိတော့မှ သူ့အကြောင်း ကျွန်တော် သိရပြီး အံ့ဩခဲ့ရရဲ့။

သူ့ကို ကျွန်တော် နားလည်သဘောပေါက်သည်က ...

သူဟာ လူတစ်ကိုယ် စိတ်နှစ်မျိုးနဲ့လူ။

တစ်ခုသောစိတ်နှင့် တွဲဆက်တဲ့ရုပ်က ဂမ္ဘီရပညာတွေနှင့် ရင့်ကျက်နေတဲ့ လူ့ဘဝ။

နောက်တစ်ခုသောစိတ်နှင့် တွဲဆက်နေတဲ့ရုပ်ဘဝက စိတ်လွတ်ကိုယ်လွတ်ဘဝ။ အရူးတစ်ယောက်လို လွတ်လပ်စွာ လှုပ်ရှားတဲ့ဘဝ။ ဒုတိယစိတ်နှင့်ရုပ် တွဲဆက်သွားလျှင် ...

ဘယ်လိုမှ ထိန်းလို့မရတော့။

သူနှင့် ပတ်သက်ခဲ့သမျှကိုလည်း မသိတော့။ မှတ်မိချင်မှလည်း မှတ်မိတယ်။ အံ့စရာကောင်းသည်က သူ ရုတ်တရက် ပြောင်းလဲသွားတဲ့ အရူးလိုဘဝကလည်း ဂမ္ဘီရဆန်တဲ့ ဖြစ်ရပ်ဆန်းကြယ်တွေနဲ့။

"အဘ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က နဲ့မှုတ်နေတဲ့ သူ့အနီး ကပ်ပြီး ခေါ်လိုက်တယ်။

"ဗျို့ . . . အဘ"

သူက လုံးဝ အရေးမလုပ်ဘူးဗျာ။ ပါးကြီး ဖောင်းလိုက်ပိန်လိုက်နဲ့ နဲ့ကို နဲ့ကာနဲ့ကာ မှုတ်ပြီး လွယ်အိတ်စလွယ်သိုင်းနဲ့ က,တောင်နေသေးရဲ့ဗျာ။

ကျွန်တော် လုံးဝ လူမမှားဘူးဗျာ။

ဒါနဲ့ လှည့်ပိုင်းနဲ့ လိုက်ရင်းက စီးကရက်ဘူးခွံပေါ်မှာ စာတစ်ကြောင်း သွားရင်း အမြန်ရေးလိုက်တယ်။

*အဘကို ကျွန်တော် လိုက်ရှာနေတယ်၊*
*ကျွန်တော့်ကို ချန်မထားခဲ့ပါနဲ့၊*
*ပြောစရာတွေ ရှိတယ်၊*

*မောင်မိုင်း*

ကျွန်တော် စာရေးထားတဲ့ စီးကရက်ဘူးခွံကြားထဲ ငွေတစ်ဆယ်တန်ငါးရွက် ညှပ်ခေါက်ပြီး သူလွယ်ထားတဲ့ ယောဂီရောင် လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။

သူ သူသိရဲ့လားတော့ မသိ။

ဒီလိုနဲ့ မြို့ထဲမှာ ရှင်လောင်းတွေ လှည့်ပတ်ပြီး မြို့ထိပ်က ရွာတော်ရှင်နတ်ကွန်းရှေ့မှာ စုပေါင်းနတ်ပြတယ်ခင်ဗျ။

အလို . . . အဘ တယ်ဟုတ်နေပါလားဗျာ ဟင်။

ရွာတော်ရှင်နတ်ကွန်းကြီးကလည်း အုတ်နဲ့ အခိုင်အခံ့ ဆောက်ထားတာများ နတ်ကွန်းနတ်နန်းထဲမှာ မြို့တော်ဘိုးဘိုး ရုပ်တုကြီးလည်း ရှိရဲ့။

ကိုးမြို့ရှင် ရုပ်တုကြီးလည်း ရှိရဲ့။

အလို . . . ပါးစပ်ဖြဲပြီး မာန်ဖီနေတဲ့ ကျားနှစ်ကောင်ရုပ်တုလည်း ရှိနေတာပါလား။ ကိုးမြို့ရှင်နတ်ရုပ်တု အနီးမှာရှိတဲ့ မြွေရုပ်တုကြီးကလည်း ပါးပျဉ်းထောင်ပြီး မျက်လုံးပြူးနေပုံက အသည်းယားစရာပဲဗျို့။





နတ်ကွန်းရှေ့မှာ မိန်းမကြီးတစ်ဦးက ဗာန်တော့ပွဲကြီး မြှောက်ပြီး ပြောဆိုအပ်နေတာဗျ။

ကြည့်စမ်းပါဗျာ . . .

ဒိုးဝိုင်း၊ အိုးစည်ဝိုင်း ဆယ်ဝိုင်းမကပါတဲ့အထဲမှာ အဘတို့အိုးစည်ဝိုင်းက ရွာတော်ရှင်အပ်ရာမှာ နတ်ဒိုးတီးတာကိုးဗျ။

ခုမှပဲ ကိုယ်လည်း ရွှေထီးဆောင်း ရှင်တစ်ရာအနီးကနေ ဂရုပြုမိတော့တယ်။ အိုးစည်က မှန်စီရွှေချ ပန်းပွားတွေစီထားတဲ့ ရွှေအိုးစည်ကိုး။ အခြားဝိုင်းတွေနဲ့မတူ ကွဲပြား တယ်ခြားနားပဲကိုး။

အိုးစည်တီးတဲ့သူကလည်း ရှေးမြန်မာမင်းများ နန်းတွင်း အိုးစည်သမားလို တောင်ရှည်အောက် ဒူးဖုံးဘောင်းဘီနဲ့။ အစထောင်ခေါင်းပေါင်းနဲ့ဗျာ။ အက,မင်းသားကလည်း မင်းသားခါးတောင်းကျိုက်၊ ဝိတ်ဖိနပ်နဲ့ လုပ်ပါဗျာ။ အိုးစည်တော်သားတွေကလည်း ခေါင်းပေါင်းပဝါစီးနဲ့ လက်အနားပြာဆင်တူ ရင်ဖုံးအင်္ကျီတွေနဲ့။

မတူတာဆို နဲ့သမား အဘပဲ ပါတယ်။

သူကတော့ ထုံးစံအတိုင်း ဖျင်ကြမ်းတိုက်ပုံရင်ကွဲနဲ့၊ ကချင်ပုဆိုးမီးပေါက် အောက်နားကွဲနဲ့။ အရင်နဲ့ မတူတာက . . .

ဆံပင်ရှည်ကို သားရည်ကြိုးနဲ့ နောက်တွဲ စည်းထားတာပဲ။

အိုးစည်လက်သံက ပီလိုက် မြည်လိုက် စည်လိုက်တာဗျာ။

နတ်ပင့် သုံးကြိမ်သုံးခါ တီးတာ လုလိုက်တာ။ အခြားသော အိုးစည်၊ ဒိုးပတ် အဖွဲ့တွေက ဝိုင်းကြည့် သဘောကျ။

ပရိသတ်တွေက နဲ့ကိုး နဲ့ကာနဲ့ ယိမ်းကာ မှုတ်နေတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ အဘိုးကြီးကို ကြည့်ပြီးပြုံးကြ။

ရွာတော်ရှင်ကို သုံးကြိမ်မြှောက်လည်းပြီးရော နဲ့ဆရာကြီး အဘက နဲ့သံပြောင်းလိုက်တာ။

အဖွဲ့သားတွေရော၊ ဝိုင်းရံစောင့်နေတဲ့ အိုးစည်ဒိုးပတ် အဖွဲ့သားပေါင်းများစွာတို့ကပါ သံပြိုင်ဆိုကြတာဗျို့။

"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကို လောင်း"

"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကို လောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကို လောင်း"

ဒီလို အဘတို့ အိုးစည်ဝိုင်းက အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်းသီချင်းကို လူများစွာ သံပြိုင်ဆိုလို့လည်း တီးမှုတ်ပြီးရော ...

တိခနဲ ပြိုင်တူ ရပ်လိုက်ချိန် ...

ဒီမှာ ရှင်လောင်းလှည့်ပွဲရှေ့ဆုံးက စည်တော်သားတွေက စည်တော်ကြီးကို တီးပြီး ဆိုကြ က,ကြပါရောဗျာ။

"အောင် ×××ပါ ×××စေ ×××ဟေ ဟေ ဟေ ဟေ"

အောင်ကြပါစေ ××× သပြေညိုရွှေဘိုပန်းရယ်နဲ့

ရေချမ်းကို ××× လောင်း ××× "

"ပေါင် ပေါင် ပေါင် ×××ထိ ×××"

အိုး ... ကျက်သရေရှိလိုက်တာ စည်တော်မင်းသားနှစ်ဦးကလည်း ရောမ စည်တော်ကြီးရှေ့မှာ ညီညာကြွကြွ လှလှကြော့ကြော့ ခြေကျ လက်ကျညီညီနဲ့ ကနေလိုက်တာရယ်။

ကျက်သရေ လွှမ်းစွာကြီးလှတဲ့ ကျွန်တော်တို့ မြန်မာ့ရိုးရာ မဟာ အလှူတော် အလှ၊ အက သဘာဝကို အံ့ဩချီးမွမ်းမြှောက် ကျွန်တော် တွေ့ခဲ့ရပြီး ဒါ ငါတို့ မြန်မာ့ယဉ်ကျေးမှု စစ်စစ်ပဲဟေ့လို့ အော်ပစ်လိုက်ချင်ရဲ့ဗျာ ...

✿ ✿ ✿

# [၂၇]

❑

ကြည့်စမ်း ... ရှင်လောင်းတွေ မဏ္ဍပ်ဝင်တော့မယ်။ အလို ... ရွှေပိန်းချ မဏ္ဍပ်ကြီးရှေ့မှာ ရွှေကြိုးတွေနဲ့ ကြိုးတားကြလို့။

အလိုလေးဗျာ ...

ကြိုးရှည်တစ်ချောင်းနဲ့ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်တွေကို ပန်းသီသလို သီပြီး တားတာဗျ။

မြတ်စွာဘုရား ချမ်းသာလိုက်တဲ့ မြို့သူမြို့သားတွေရယ်ဗျာ။

တစ်လံကျော်ရှည်တဲ့ ရွှေမျိုးစုံစွပ် ရွှေပန်းကြိုးချည်း အားလုံး ငါးကြိုးဗျာ။ အိုးစည်ဒိုးပတ်ဝိုင်း ဆယ်ဝိုင်းကလည်း မဏ္ဍပ်ရှေ့မှာ ကိုယ့်အစုနဲ့ကိုယ် အားရပါးရ တီးပြီးက ...

ရွှေကြိုးတား သူဌေးမ အမျိုးသမီး အမျိုးသားတွေကလည်း သူဌေးဝဝခန့်ခန့်ကြီး လင်မယားကို ရွှေကြိုးဖွင့် ဝင်ကြေးတောင်း။



www.burmeseclassic.com

www.burmeseclassic.com



အမြီးတွေ အပျော်တွေ မိုးထိ ပျံ့နေတဲ့ မြင်ကွင်း။

ရှင်လောင်းရာကျော်ကလည်း မြင်းတွေပေါ်က မဆင်းနိုင်သေး။

အလှူ့ရှင် သူဌေးလူဝကြီး လင်မယားက ငွေစက္ကူတွေ တစ်ထပ်ပြီးတစ်ထပ် ရွှေကြိုးဖြည့် ဝင်ကြေးပေး။

ရွှေကြိုးငါးကြိုးကို ငွေစက္ကူပိုက်ဆံများစွာ ပေးပြီး ဖွင့်မှ အဝင်လမ်းပွင့်တော့တယ်ဗျာ။

ဒီတော့မှ မောင်ရှင်လောင်းတွေ ဇရာမ မဏ္ဍပ်ကြီးထဲကို ဝင်ပြီး ထိုင်နေရာချနေတယ်။

ဒီမှာ ထမင်းကျွေးမဏ္ဍပ် ငါးရုံထဲမှာ ပရိသတ်တွေကို ထမင်းကျွေးနေတာခင်ဗျ။ ထမင်းရည်ချောင်းစီး မောင်းတီးလှူတဲ့ အလှူပဲဗျို့။

ထမင်းကျွေးရုံး ငါးရုံနောက်မှာ ထမင်းချက်အဖွဲ့တွေ မိုးဖြိုဒယ်အိုးကြီးတွေနဲ့ မီးတရဲရဲ ချက်ကြ၊ ခူးကြ၊ ကျွေးကြ။

ကျွန်တော် အဘတို့ အိုးစည်ဝိုင်းကို ခုမှ သတိရတော့တယ်။ လူတွေက များလွန်းတော့ ဘယ်နားရောက်နေမှန်း မသိ။

တွေ့ရာအဖွဲ့တွေ မေးရပါရော။

"ဒီမှာဗျ ... တိုက်ပုံဖျင်ကြမ်းနဲ့ နဲ့မှုတ်တဲ့ အိုးစည်ဝိုင်း ဘယ်နားမှာလဲဗျ"

"ချမ်းသာပြည့်စုံ ရွှေအိုးစည်တို့ အဖွဲ့လားဗျ"

"အဲ ... အဲ ... ဟုတ်တယ်ဗျ"

ကိုယ်လည်း အဖွဲ့အမည် မသိတော့ ရောကြိတ်လိုက်တာပေါ့။

"ရွှေအိုးစည်တို့အဖွဲ့က အလှူ့ရှင်သူဌေးတိုက်ပေါ်မှာ အနားယူနေကြတယ်ဗျ"

"ဘယ်နားမှာတုံး ... နောင်ကြီးရာ ဟင်"

"ဟိုရှေ့က တိုက်လေဗျာ ... ဟိုမှာ ..."

ကျွန်တော် လူဝင်လူထွက်များနေတဲ့ နှစ်ထပ်တိုက်ကြီးထဲ ဝင်လာလိုက်တယ်။ လူရောင်စုံတွေ အများကြီးပဲ။ သူဌေးရဲ့ အမျိုးတွေနဲ့ တူပါရဲ့ဗျာ။





အဘကို မေးလိုက်တော့ ...

အလို ... ကြည့်စမ်းပါဗျာ ...

ထမင်းစားပွဲဝိုင်းပေါ်မှာ ထမင်းဟင်းတွေ စုံနေတာပဲဗျ။

စားပွဲထိပ်မှာ အဘက တိုက်ပုံရင်ဖွင့်ကြီးနဲ့ ယောဂီရောင် လွယ်အိတ်ကြီးချပြီး စားဖို့ ပြင်နေတာခင်ဗျ။ သူ့ရှေ့မှာတော့ သူ့အဖွဲ့ အိုးစည်တော်သားတွေက ရှိရိုသေသေ ထိုင်ကြလို့။

အလို ... အဘရဲ့ ဖျင်ကြမ်းတိုက်ပုံအင်္ကျီအိတ်ထဲမှာ ပတ်ကားဖောင်တိန်ကြီး ချိတ်လို့ဗျာ။ ပတ်ကားဖောင်တိန် အဖုံးချိတ်ပေါ်မှာ ပတ်ကား (PARKER) ဆိုတဲ့ စာတန်းပါ မြင်ရတယ်။

ဟုတ်ပါပြီဗျာ ... ဒါ ဘတိုက်ပုံ ကျွန်တော့်ဆရာ ဦးရာကျော်ပါပဲဗျာ။

မိန်းမချောလေး နှစ်ယောက်က အဘနံဘေးမှာ ဘယ်ညာရပ်ပြီး ယပ်ခတ်ပေးနေတာ။ အဘတို့ တယ်ကံကောင်းပါလားဗျာ။

ကျွန်တော် ဝင်လာပြီး အိုးစည်တော်အဖွဲ့သားများနားကပ် သူ့ကို ထိုင်ကြည့်နေတာ မမြင်ဘူးနဲ့ တူရဲ့။

အဘရဲ့ ထမင်းစားပွဲအနီးမှာတော့ အလှူ့ရှင်ဆိုတဲ့ လူဝကြီးနဲ့ အလှူ့ရှင်နဲ့ မျက်နှာကျ အတော်တူတဲ့ လူခန့်လူသန့် ထောင်ထောင်မောင်းမောင်း လူကြီးကလည်း ဘန်ကောက်ပုဆိုး အင်္ကျီလည်ခေါင်းတုံးနဲ့ လေးလေးစားစား ထိုင်လို့ခင်ဗျ။

ဒီမှာ အလှူ့ရှင်လူဝ ဗိုက်ရွှဲကြီးက ပြောတယ်။ ခပ်ထူထူစာအိတ်တစ်အိတ်ကို သူ့လက်ကြားမှာ ညှပ်လို့။

"အဘ ..."

"ဟေ ... ဘာတုံး သူဌေး"

"အဘကို ကန်တော့တာပါ ... လက်ခံပါ ခင်ဗျ"

အလှူ့ရှင်သူဌေးက စာအိတ်ထူထူကို အဘထံ ရှိရိုသေသေ ပေးနေတာဗျ။ အဘ မယူသေးဘူး။

"ဒါက ဘာတုံးသူဌေး"



www.burmeseclassic.com

www.burmeseclassic.com



"အဘာ အလိုရှိရာ သုံးဖို့ပါခင်ဗျ။ အဘာရဲ့ မင်္ဂလာနိမိတ်စကားကြောင့် ကျွန်တော် အလှူကြီး အတန်းကြီး ပေးရတာ ဝမ်းမြောက်လွန်းလို့ပါ။ အဘာ လှူချင်တာ လှူဖို့ပါ"

"ငါကျတော့ မင်းကပေးပြီး ဟိုကောင် ငါ့တပည့် အိုးစည်သားတွေရော မပေးတော့ဘူးလား"

"အိုးစည်တော်သားများအတွက်လည်း ချီးမြှင့်ဖို့ ပါပါတယ်ခင်ဗျာ။ ဟောဒါက အိုးစည်တော်သားများအတွက်ပါ အဘာ"

အလှူရှင်သူဌေးက နောက်ထပ် စာအိတ်ထူထူတစ်အိတ်ကို ထပ်ထုတ်ပေးနေရဲ့။

"မောင်ရွှေသစ် ..."

"ခင်ဗျာ ... အဘာ"

"မင်းတို့ ချမ်းသာပြည့်စုံ အိုးစည်ဝိုင်းကို ချီးမြှင့်တာတဲ့ဟေ့။ လာယူလှည့်ကွ"

အိုးစည်တီးတဲ့ မောင်ရွှေသစ်ဆိုသူက ရှိုရှိုသေသေ ခါးလေးညွတ်ပြီး သူဌေးလက်ထဲက ငွေစာအိတ်ကို ယူပြီး ကျေးဇူးတင်စကား ပြောတယ်။

"သူဌေး ..."

"ခင်ဗျာ ... အဘာ အမိန့်ရှိပါ ခင်ဗျ"

"ဒီလူက မင်းနဲ့ ရုပ်ချင်းဆင်တယ်၊ ဘာတော်သတုံး"

"ကျွန်တော့်ညီ တစ်ဝမ်းကွဲပါ အဘာ။ အဘာနဲ့ မိတ်ဆက်ပေးပါရစေခင်ဗျ။ ညီရဲ့နာမည်က ကိုတောက်ထွန်းတက်ပါတဲ့ ခင်ဗျာ။ ငါ့ညီ ... ဒါ ငါပြောတဲ့ အဘာပဲ ... ငါ့ညီ"

ဒီမှာ ဘန်ကောက်ပုဆိုး၊ အင်္ကျီလည်ခေါင်းတုံး ရွှေကြယ်သီးတပ်နဲ့ လူချောလူခန့်ကြီးက ...

"အဘာနဲ့တွေ့ရတာ ဝမ်းသာပါတယ် အဘာခင်ဗျာ"

"ကိုတောက်ထွန်းတက် ... ဟုတ်လား"

"ဟုတ်ကဲ့ပါ အဘာ"

"စနေသုံးလုံး ဆက်နေတာပဲကိုးကွ။ ပူရင် မီးတောက်၊ အေးရင် ရေခဲတုံး၊ ဆွေးရင် ရင်ကွဲဆိုတဲ့ နာမည်ပဲ။ ချမ်းသာရင် ကမ္ဘာကျော်ပြီး မွဲပြီဟေ့ဆိုရင် ကုန်းကောက်စရာမရှိတဲ့ လူစားမျိုးပဲ"





လူကြီးနှစ်ဦးက အဘာရဲ့ တရစပ်အပြောကို ကြည့်ပြီး တွေးနေကြတယ်။ တောက်ထွန်းတက်ဆိုတဲ့ လူကြီးက အဘာရဲ့ တိုက်ပုံအိတ်ထဲက ဝတ်ကားဖောင်တိန်ကို စိုက်ကြည့်နေတယ်။

ကြည့်ရင်းက မေးလိုက်တယ်။

"အဘာအမည်ကရော ဘယ်လိုခေါ်ပါသလဲ ခင်ဗျ"

"အမည်မှန်သမျှ ပညတ်ပါကွာ။ ပရမတ်မဟုတ်ဘူး။ မမြဲဘူး။ ပုဆိုးကို အခု လုံချည်လို့ ခေါ်နေကြတယ်။ လုံချည်ဆိုတာ ငါတို့ မြန်မာဝေါဟာရ မဟုတ်ဘူး။ အင်္ဂလိပ်စကား Longyi ကို မပီတပီ ခေါ်တဲ့နာမည်။ အချို့ဒေသမှာ လုံကွင်းလို့ ခေါ်ပြန်တယ်။ ရေလဲပိုင်းပုဆိုးတဲ့၊ နံ့ငယ်ပိုင်းတဲ့။ ချီးကို ချီးလို့ ပုံသေမခေါ်ကြဘူး။ မစင်တဲ့၊ ဆေးဆရာက ဓာတ်တဲ့။ ဘုန်းကြီးက အလေးသွားတယ်လို့ ခေါ်တယ်။ ချီးပန်းချီးပါတာကိုလည်း မစင်တဲ့၊ ဓာတ်သွားတယ်တဲ့၊ ဝမ်းသွားတယ်တဲ့၊ အလေးသွားတယ်တဲ့။ သိပ်များများသွားတော့ ဝမ်းလျှောသတဲ့။ ဘုန်းကြီးရဟန်းများ ဝမ်းသွားရင်း ဖုံ့လွန်တော်မူတော့ ဝမ်းတော်လားသတဲ့။ မငြိမ်ဘူးကွ။ တချို့နာမည်ရင်းက မောင်သောင်းမြင့်တဲ့။ သူငယ်ချင်းတွေခေါ်တော့ ငသောင်းတဲ့။ နာမည်ဝှက်တလေးခေါ်တော့ နှပ်ချီးထုတ်တဲ့"

အဘာရဲ့အပြောကို သဘောကျလို့ ရယ်ကြတယ်။

"ငါ့နာမည် ငါတောင် မမှတ်မိတော့ဘူးကွ"

"ဘာဖြစ်လို့လဲ ... အဘာရ"

"ငါ မြို့ပေါင်းများစွာ သွားခဲ့တယ်။ ငါ့ကို နာမည်မေးကြတယ်။ ငါက ငါ့နာမည် မမှတ်မိဘူးပြောတော့ အတိတ်မေ့နေလို့နဲ့တူရဲ့ ပြောကြပြီး သင့်ရာနာမည် ပေးကြသကွ"

ရယ်သံတွေ ကြားရပြန်တယ်ဗျ။

"ဒီဖျင်ကြမ်းတိုက်ပုံပဲ ဒုံးခံဝတ်တာ မြင်ကြလို့ ဖိုးတိုက်ပုံကြီးတဲ့။ ငါက ပျော်ပျော်နေတတ်တာမြင်တော့ အရူးတဲ့ကွ"

"ဟား ဟား ဟား ဟား ..."

"ခစ် ခစ် ခစ် ..."

အိုးစည်သားတွေနဲ့ မိန်းကလေးတွေက ရယ်ကြပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဗေဒင်လေး ဘာလေး မတောက်တစ်ခေါက် ဟောတာ ကံကောင်းပြီး မှန်ရော။ ငါ့ကို အယူတော်မင်္ဂလာ ဦးနိုးတဲ့။ တစ်ခါ ပါးစပ်ကရမ်းသမ်းပြီး တွေ့ရာပြောလို့ တည့်ဝင်သွားပြန်ရော ခင်ကြီးဖျော်တဲ့။ ငါ့လူတို့ ခင်ကြီးဖျော်ဆိုတာ ကြားဘူးလား"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ် ခင်ဗျ"

ဦးတောက်ထွန်းတက်က ပြောလိုက်တာ။

"ခင်ကြီးဖျော်က ဘယ်လိုဘုန်းကြီးတုံးကွ"

"မ,တစ်လုံးကြေ ဆရာတော်ပါ ခင်ဗျ"

"ဟုတ်တာပေါ့ ... ငါ့လူရာ၊ ဆရာတော် ခင်ကြီးဖျော် မသိတာမရှိ မတတ်တာ မရှိ။ မေးသမျှ အကုန်သိ၊ မြင်သမျှ အကုန်လုပ်တတ်တဲ့ ဆရာတော်လေ။ ငါ့မလဲ ကားပျက်တာလေး ပြော၊ ပလိုင်းယက်တာလေး ထရံယက်တာလေး ပြောပြမိပါတယ်။ ခင်ကြီးဖျော်လို့ ခေါ်ကြပြန်ပါရောကွာ။ ဟိုကောင်တွေ ... အိုးစည်သားတွေ ...

"ခင်ဗျာ ... အဘ"

"မင်းတို့ကရော ငါ့ကို ဘယ်လိုခေါ်ကြတုံးကွ"

"ဦးရွှေရိုးပါ ခင်ဗျ"

"အဲဒါသာ ကြည့်တော့။ ကိုင်း ... အလှူရှင်သူဌေးကြီး ခင်ဗျားကရော ကျုပ်ကို ဘယ်လိုခေါ်သတုံး"

"အဲ ... အဲ ..."

အဘက တစ်ဦးပြီးတစ်ဦး လှည့်မေးနေတာဗျ။ အလှူရှင် သူဌေးလူကြီးက ပြောရမှာ အားနာနေပုံရတယ်။

"ပြောပါ ... အားမနာပါနဲ့။ ငါ့ကို ဘယ်လိုခေါ်တုံး"

"အဲ ... အဲ ... ကန်တော့နော် ... အဘ ... ဟိုလေ ... နတ်ကတော် ဒေါ်သောင်းကြီး ခေါ်သလိုပေါ့ ... အဘရာ"

"ဘယ်လိုခေါ်တုံးကွ"

"အဖေကြီးကျော်ပေါ့ ... အဘရ"

"ဟား ဟား ဟား ဟား ... အဟုတ် အဟုတ် အဟုတ် အဟုတ် ... အဲဒါပဲကွ ... ကိုရင်တောက်ထွန်းတက်ရ ... နာမည်ဆိုတာ





ပညတ်ပဲ။ ပညတ်က မငြိမ်ဘူး၊ နေရာဌာနလိုက်၊ ဒေသလိုက်၊ အပြုအမူကို လိုက်ပြီး ပြောင်းတယ်။ ခေါ်ပေါ့ကွာ ... ဖေကြီးကျော်ပဲ ခေါ်ပေါ့ ... ဟား ဟား ဟား ..."

အဘက ပြောပြီး အားရပါးရ ရယ်တော့တယ်။

"အဘ ..."

"ဘာတုံး ... ကိုရင်တောက်ထွန်းတက်။ မင်းနာမည်က ခေါ်ရတာ တယ်ရှည်တယ်ကွာ။ ငါကတော့ တောက်တက်လို့ ခေါ်မိတော့မှာပဲကွ"

"မ ... မလုပ်ပါနဲ့ အဘရာ။ ဒီနာမည်လေးတော့ ချမ်းသာပေးပါဗျာ"

"ဟား ဟား ဟား ဟား ... ဟုတ်တာပေါ့ကွာ။ မင်းက တက်ရမည့်လူပဲဥစ္စာ။ ကဲ ... ပြော ... တိုတိုပြောကွာ ... ငါ ထမင်းဆာနေပြီကွ"

"ဟုတ်ကဲ့ပါခင်ဗျ ... ဟိုလေ ... အဘ ပတ်ကားဖောင်တိန် ကိုင်တယ်နော်"

"ဟေ ... ဒီဖောင်တိန်လား"

အဘက ဦးတောက်ထွန်းတက်ရဲ့ အမေးအဆုံးမှာ တိုက်ပုံအင်္ကျီအိတ်မှာ ချိတ်ထားတဲ့ ပတ်ကားဖောင်တိန်ကို ဖြုတ်ပြီး ကိုင်လိုက်တယ်။

"ဒီဖောင်တိန်လားဟေ့ ... ငါ ကိုင်နိုင်လို့ မဟုတ်ဘူးဟေ့။ ကားလမ်းမပေါ်ကနေ ကောက်ရတာကွ။ မင်းကလည်း ပတ်ကားဖောင်တိန်ကြိုက်သနဲ့ တူရဲ့။ ရော့ ... ရေးကြည့်စမ်းဟေ့"

အဘက ပြောရင်းကနေ ဦးတောက်ထွန်းတက်ရဲ့ လက်ထဲကို ပတ်ကားဖောင်တိန် ထည့်ပေးလိုက်တယ်။

ကျွန်တော်လည်း စိတ်ဝင်စားသွားပြီဗျာ။

ဒီဖောင်တိန် ဘယ်နေရာက ရတာလဲဆိုတဲ့အကြောင်း ကျွန်တော် သိတယ်လေ။

ဦးတောက်ထွန်းတက်ကလည်း ထိပ်ပွဲနေတဲ့ ပတ်ကားဖောင်တိန်ကို အလျင်စလို လှမ်းယူပြီး အမြီးပြန်ခေါင်းပြန် ကြည့်ရင်း အံ့ဩနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့အတူ သူ့မျက်နှာလည်း တည်သွားတယ်။

အဘရော၊ ကျွန်တော်ရော ဦးတောက်ထွန်းတက်ရဲ့ မျက်နှာကို ဂရုစိုက်ပြီး ကြည့်နေကြတာဗျ။ အဘက ကျွန်တော့်ကို လုံးဝ အရေးမလုပ်ဘူး။ လှည့်လည်း မကြည့်ဘူး။

ဦးတောက်ထွန်းတက်က ပတ်ကားဖောင်တိန်ရဲ့ ကိုယ်ထည်ကို ဂရုစိုက်ကြည့်ပြီးနောက် အဖုံးကိုဖွင့်ပြီး လက်ဝါးပေါ်မှာ စာရေးကြည့်ပြီးနောက် အဘကို ဖောင်တိန်ပြန်ပေးလိုက်တယ်။

"ပတ်ကားအကောင်းစားပဲ ... အဘရဲ့ ဒါ ပတ်ကားအတုမဟုတ်ဘူး။ ဈေးကြီးတယ် ခင်ဗျ"

"ဖောင်တိန်နစ်က ဘာနဲ့ လုပ်ထားတုံးကွ"

"ပလက်တီနမ် ရွှေဖြူနဲ့လုပ်ထားတာ ခင်ဗျ"

"ဟုတ်တာပေါ့ကွာ ... ဒီလိုဖောင်တိန်မျိုးက ... သူဌေးသား တက္ကသိုလ်ကျောင်းသား၊ အရာရှိတွေမှ ကိုင်နိုင်တာကွ။ ငါ့လူ သဘောကျရင် ယူလိုက်ကွ။ ငါနဲ့က မတန်ဘူး"

"မလုပ်ပါနဲ့ ... အဘရာ။ အဘပဲ သုံးပါခင်ဗျ"

"ဒီမှာ ... ငါ့လူရဲ့ ငါလိုလူက ခဲတံတစ်ချောင်းရှိရင် စာရေးလို့ရတယ်။ မင်းတို့လို လူကုံထံ ပညာတတ်တွေမှ ပတ်ကားနဲ့ ထိုက်တန်သင့်လျော်တာ။ အဘ မင်းကို ရင်းနှီးမှုအနေနဲ့ လက်ဆောင်ပေးတယ်။ ရော့ယူ"

အဘက အတင်းထိုးပေးမှ ဦးတောက်ထွန်းတက်က ပတ်ကားဖောင်တိန်ကို ရိုရိုသေသေလှမ်းယူပြီး သူ့အင်္ကျီအိတ်မှာ ချိတ်လိုက်တယ်။

ဒါကိုကြည့်ပြီး အဘက ခေါင်းတညိတ်ညိတ်နဲ့ သဘောကျလို့။

အဘ ဘာကို သဘောကျနေတာလဲ။

ဦးတောက်ထွန်းတက်နဲ့ တန်ဖိုးကြီး ပတ်ကားဖောင်တိန်နဲ့ လိုက်ဖက်တင့်တယ်လို့ သဘောကျ ကျေနပ်နေတာလား။

အဘပြောတော့ ဒီဖောင်တိန်မှာ နောက်ခံသမိုင်း ရှိတယ်ဆိုပြီး ...





ခုတော့ ခက်ခက်ခဲခဲ တောင်းပန်ပြီးမှ စွန့်စွန့်စားစား ရယူခဲ့ရတဲ့ အဖိုးတန်ဖောင်တိန်ကို သူများ အလကားပေးသတဲ့ဗျာ။

ကျွန်တော် ထ,ပြီး ကျွန်တော့်ကို ပေးပါလို့ ပြောချင်လိုက်တာဗျာ။ သို့သော် အဘက ကျွန်တော့်ကို အရေးမလုပ်၊ အဖက်မလုပ်။

ကျွန်တော် သူ့တပည့်အရင်းခေါက်ခေါက်။

ဘာမှန်းမသိရတဲ့ ခရီးတစ်ခုကို အတူသွားခဲ့တဲ့ သေဖော်သေဖက် တပည့်အရင်းပါဗျာ။ ကျွန်တော် သူ့နောက်ကို ဒုက္ခခံပြီး လိုက်ရှာခဲ့တယ်။ လိုအပ်ရင် အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ဖို့ နေရုပ်မပြန်ဘဲ ဒုက္ခခံလိုက်ရှာတဲ့ သူပါဗျာ။

အခု အဘက ကျွန်တော့်ကို သူစိမ်းလို ဆက်ဆံနေတယ်။

မြို့စားလေး သံယောဇဉ်ရဲ့ လျှို့ဝှက်မြေအောက်ဥမင်သချိုင်းက ရခဲ့တဲ့ အရေးကြီးပစ္စည်း ပတ်ကားဖောင်တိန်ကို ခုမှသိရတဲ့ လူစိမ်းစစ်စစ်ကို ပေးပစ်လိုက်တယ်။

နေနှင့်ဦးပေါ့ ... အဘရာ။

လူရှင်းမှ ခင်ဗျားနဲ့ ကျုပ် တွေ့ကြသေးတာပေါ့။

"အဘ ... ထမင်းသုံးဆောင်ပါနော်။ သားကြီးတို့ ရှင်လောင်းတွေ ပရိတ်ကြိုးချည်တဲ့ကိစ္စ လုပ်စရာရှိလို့ပါ အဘ"

"အိမ်း ... သွား ... သွား ..."

ဒီမှာ ဦးတောက်ထွန်းတက်က အဘကို လေးစားတဲ့မျက်နှာနဲ့ ကြည့်ပြီး ...

"အဘခင်ဗျာ ..."

"ပြော ... ကိုတောက်တဲ့ ... အဲလေ ... ကိုထွန်းတက်"

"ကျွန်တော့်အိမ်ကို အလှူပြီးရင် ကြွပါဦး အဘ"

"မင်းအိမ် ကျုပ်မသိဘူး။ လှည်းတို့၊ ဆိုက်ကားတို့နဲ့ လာခေါ်ရင်တော့ လိုက်မှာပေါ့ကွ။ စားအိမ်တစ်အိမ်တိုးရင် နည်းရော့လားကွ နော"

"ကြိုက်တယ်ဗျာ ... အဘစကားပြောရင် ရှင်းနေတာပဲ။ မိုးချုပ် အဘကို ကျွန်တော် ကားအကောင်းစားနဲ့ လာကြိုပြီး အိမ်ဦးခန်းမှာ ထားမှာ၊ ဧည့်ဝတ်ပြုမှာပါ ... အဘ ... ခွင့်ပြုပါဦး ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... သွားကြ ... ကိုယ့်စကားလည်း ကိုယ်မ
နဲ့ပေ့"

"စိတ်ချ ... အဘရေ"

သူတို့သူငွေးနှစ်ဦးထွက်သွားမှ အဘက ထမင်းစားတယ်။ ပန်းကန်ထဲကို လက်ငါးချောင်းနှိုက်ပြီး ဟင်းမပါဘဲ တီးပါရောဗျာ။

"အဘရှင့် ..."

"အင်း ... အင်း ... ဘာတုံးကွ ... သမီးရ"

"လက်ဆေးရေ ... အဘ"

"နေပလေ့စေ ... လက်ဆေးစားတာ မသန့်တဲ့လူတွေမှ ဆေးတာကွ။ ငါက သန့်မှသန့်ကွ။ ဟေ ဟေ ဟော့ ... ငါ့လက်က ဆားပေါ့ရင် ဆားထည့်စရာ မလိုဘူးဟေ့။ တီးပြီကွ"

ဟင်းမပါဘဲ ထမင်းဖြူသက်သက်ကို နှံ့မှုတ်ရ၊ ကိုင်ရလွန်းလို့ ချွေးစေးတွေ ပေကျံနေတဲ့ လက်နဲ့ ဆုပ်ဆုပ်ပြီး စားပါရော။

အနီးက ယပ်ခတ်နေတဲ့ မိန်းကလေးနှစ်ဦးက ရွံလို့ နှာခေါင်းကို ရှုံ့၊ အိုးစည်သားတွေကတော့ သူတို့ဆရာ နဲ့သမားကြီးစားတာကို ကြည့်ပြီး အားရနေကြ။

"အဘ ... ဟင်းထည့်စား ရော့ ..."

"ငါက ဟင်းသိပ်မစားဘူးကွ။ ဘာဟင်းတုံးကွ"

"ဝက်သားလုံးချက်ဗျ ... အိနေတာပဲ"

"အေး ... အေး ..."

"ဒါ ပဲကြီးနှပ်ဗျ ... စားဗျ"

"ဟုတ်လား ... ငါက ဟင်းသိပ်မစားဘူးကွ ... သားတို့ရ"

"နည်းနည်းစားလည်း စားပေါ့ ... အဘရာ"

"ဟောဒါက ကြက်သားဆီပြန်ဗျ ... အသည်းအမြစ် စားနော် အဘ"

"ဟ ... သားတို့ရ၊ ငါက ဟင်းသိပ်စားတာ မဟုတ်ဘူးဟ"

"နည်းနည်းစီပေါ့ ... အဘရ၊ ဒါက သရက်ချဉ်သုပ်ဗျ"

"ဟောဒါက ကသပေါင်းဆီပြန်ဗျ"





"ဟ ... ငါ့လူတို့ရ ဟင်းတွေ ပုံနေပြီကွ။ ငါ စားနိုင်မှာ မဟုတ်ဘူးကွ။ တော်ကြပါတော့ကွာ"

"ဒါ ဘဲဥကြော်ဗျ ... အဘရ"

"သားတို့ရ ... ငါ မကုန်နိုင်ဘူးကွ"

"မကုန်ရင် ချန်ထားဗျာ။ ကျွန်တော်တို့ စားမယ်"

"နည်းနည်းပဲ စားမယ်နော်"

"စား ... ဝင်းသလောက်သာ ... စား"

အဘရဲ့ထမင်းပန်းကန်ထဲမှာ ဟင်းတွေပုံအောနေတာပဲ။ ကြည့်ရတာ အဘနဲ့ ဒီအိုးစည်ဝိုင်းသားတွေ အလွန် ရင်းနှီးပုံပဲ။

အဘကလည်း အားနားလို့နဲ့ တူပါရဲ့။

ဟင်းတွေအားလုံးကို ထမင်းနဲ့ နယ်ပြီး အလုတ်ကြီးတွေ သွင်းတာ ပြောင်ပါရောဗျာ။

"အဘ ... ထမင်းနည်းနည်း ထည့်ပါဦးဗျ"

"တော်ပြီကွ ... ဝပြီ ... သားတို့ရ"

"လေးငါးလုပ်ပေါ့ဗျာ"

ထမင်းတွေ၊ ဟင်းတွေ မောက်မောက်လျှံလျှံ ထည့်ကြပြန်ရောဗျာ။ ကျွန်တော့်မှာ စားချင်လွန်းလို့ သွားရည်ကျ၊ တံတွေးမျိုချ။

"အားနာလိုက်တာ"

ဒီလိုနဲ့ နည်းနည်းပဲထည့်၊ ငါက သိပ်စားနိုင်တာ မဟုတ်ဘူး။ ဝက်သားက အီတယ်ကွ၊ ကြက်သားက မနူးဘူး၊ ငါးဟင်းအရိုး ငါကြောက်တယ်။ အလှူရှင် အားနာစရာကြီးနဲ့။

ထည့်ပေးသမျှ အားနာပါးနာ ဝါးလိုက်တာ။

ဝက်သားဟင်းလည်း ပြောင်လုလု။

ကြက်သားဟင်းလည်း ခေါင်းနဲ့ တောင်ပံပဲ ကျန်၊ ငါးဟင်းလည်း ပန်းကန်ထဲ အမြီးပဲရှိ၊ ဘဲဥလည်းပြောင်၊ သရက်ချဉ်သုပ်၊ အကပ်ပဲ ကျန်တဲ့ဘဝကို ရောက်ကရောဗျာ။

ထမင်းကျွေးတဲ့ မိန်းမကြီးတွေက ပြုံးပြီး ပြောတာဗျ။

"အတော်အစားကောင်းတဲ့ အဘတော်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဝိုင်းစာ တစ်ယောက်တည်းစားတာဟ ‥ ဒါမျိုး မတွေ့ဘူးဖူးဟဲ့"

"ငါ ထမင်းဆိုင်ဖွင့်မလို့ စဉ်းစားတာ။ ဒီလို အစားကြီးတဲ့လူစားမျိုးနဲ့ တစ်ဝစား သုံးမတ်နဲ့ရောင်းရင် လူပါ သူ့နောက်လိုက်ရမှာပဲဟေ့"

"လိုက်တာလည်း လိုက်ပေါ့ ‥‥ စိန်ခေါ်ရယ်။ တော်ကြာ တစ်ဖမပြည့်သေးဘူး။ ညည်း အရိုးနဲ့အရေပဲ ကျန်ရင် ကံကောင်းအေ့"

"နဂိုကတော့ အိမ်ခေါ် ထမင်းကျွေးမလို့ စဉ်းစားတာ။ ဒီလိုစားသုံးနဲ့ဆို အိမ်အောက်က ဝက်မဒန်းမလေး ချက်ကျွေးရင်တောင် မဝဘူးပြောမယ်နဲ့ တူရဲ့အေ"

မကြားတကြား ပြောကြတာဗျ။

အဘက အရေးမစိုက်ပေါင်ဗျာ။

ပဲကြာဇံဟင်းချိုပန်းကန်ကြီးရှေ့မှာချ တစ်ဖွန်းပြီးတစ်ဖွန်း သောက်နေတုန်း တူညီဝတ်စုံနဲ့ လူ (၁၀) ယောက်လောက် အဘရှိရာ ထမင်းဝိုင်းရောက်လာပြီး အနီးမှာ ယို့ယို့လေးတွေ ထိုင်ကြလို့ဗျာ။

အိုးစည်အဖွဲ့ကလား။

ဒိုးဝိုင်းအဖွဲ့ကပဲလား မသိ။

အမျိုးသမီးချောချော ငါးဦးကလည်း သနပ်ခါးမိတ်ကပ်တွေ လိမ်းချယ်ပြီး ယောကျ်ားသားတွေနောက်မှာ ပိပိလေးတွေ ထိုင်လို့။

အဘက သူ့တို့ကို အရေးမစိုက်ပေါင်ဗျာ။

"ပဲကြာဆန်ဟင်းချို ရှိသေးလားဟေ့"

အသံအကျယ်ကြီးနဲ့ တိုက်ခန်းဟိန်းအောင် အော်လိုက်တာ။ သိသန့်ထမင်းကျွေးအဖွဲ့ လန့်တောင်သွားတယ်ဗျ။

"ရှိတယ် ‥‥ အဘ"

"ရှိရင် နောက်တစ်ပန်းကန်ပြည့်ပြည့် ပဲများများ ကြာဇံလှိုင်လှိုင်တည်ခဲ့စမ်းဟေ့။ သောက်လို့ကောင်းလိုက်တာ။ ယောက္ခမ ရက်လည်တုန်းက စားရတဲ့ ဟင်းချိုအတိုင်းပဲ"

"ဟား ဟား ဟား ဟား ‥‥"





"တို့အဘကတော့ ပြောတတ်ပါ့ဟေ့"

စားနိုင်သောက်နိုင်လေ ဝတာပဲ ‥‥ အဘရေ"

တပည့် အိုးစည်သားတွေကလည်း ရယ်မောပြီး ဝိုင်းပင့်ကြတယ်ဗျ။ အဘရဲ့ နှုတ်ခမ်းမွေးတွေမှာလည်း ပဲဟင်းရည်နဲ့ ပဲပတ်တွေပေလို့။

နှာခေါင်းက စီးကျလာတဲ့ နှပ်ချေးနဲ့ နှာရည်တွေကို လက်ခုံနဲ့ ပွတ်ဆွဲပြီး ပုဆိုးမှာ သုတ်လိုက်သေးရဲ့။

ထမင်းကျွေးမိန်းမ ဝဝမည်းမည်းကြီးက ပဲဟင်းချိုပန်းကန်ကို လာချရင်း ပြောပါရော။

"တော့် ‥‥ အဘ"

"ဘာတုံးလကွ"

"ကြည့်စားကြည့်သောက်တော့"

"ဟ ‥‥ ဘာဖြစ်လို့တုံး ‥‥ ကျောင်းအစ်မကြီးရ"

ပါးစပ်ကလည်း ပြန်ပြောသေး၊ ဟင်းရည်ပူပူလည်း သောက်။

"ဘာဖြစ်ရမှာလဲ၊ ပြီးရင် အဘက မှုတ်ရဦးမှာလေတော်"

"ဟေ ‥‥ အေး ‥‥ ဖွီး ‥‥ အဟတ် ‥‥ သောက်ကျိုးနဲ့ပဟာ"

ဒေါ်ဝမည်းကြီးရဲ့ စကားအဆုံးမှာ သောက်လက်စဟင်းချိုရော၊ ဖွန်းရော ပါးစပ်က လွင့်သွားပါရော။ ပြီး သူ့ပါးစပ်ကို လက်နဲ့ပိတ်ရင်း ချောင်းဆိုးသီး။ တပည့်တွေက ကျောကုန်းထု။

အဒေါ်ကြီးပြောတဲ့ စကားက အနှောင့်အသွား မလွတ်တော့ အဘ ဟင်းရည်သီးပြီး နှာရည်တွေပါ ကျရင်းက ‥‥

"ကျောင်း ‥‥ ကျောင်း ‥‥ အစ် ‥‥ အစ်မကြီးရဲ့ ‥‥"

"တော့် ‥‥"

"ကျုပ် ‥‥ ကျုပ်က ‥‥ ဘာ ‥‥ ဘာကို ပြီးရင် ‥‥ မှုတ် ‥‥ မှုတ် ‥‥ အမယ်လေး ‥‥ ဟပ်ချိုး ‥‥ မြတ်စွာဘုရား ‥‥ ကယ်တော်မူပါ ‥‥ ဟပ်ချိုး ‥‥ အဟွတ် ‥‥ အဟွတ် ‥‥"

"စားပြီးရင် အိုးစည်ဝိုင်းမှာ နှဲမှုတ်ရဦးမယ် ပြောတာပါ ‥‥ အဘရဲ့၊ အစားနင့်ရင် မှုတ်လို့ခက်မှာ စိုးလို့ပါတော်"



www.burmeseclassic.com

www.burmeseclassic.com



"အဟွတ် ... အဟွတ် ... တော် ... တော်ပါသေးရဲ့ကွာ။ ရှူ ရှိုက် ... သားတို့ ... ရပ် ... ရပ်။ ငါလည်း ဟင်းချို ဆက်မသောက် တော့ပါဘူးကွာ"

"သောက်ပါ ... အဘရဲ့ ဘာလဲ အားနာလို့လား"

"မှတ် ... မှတ်ရဦးမှာမို့ပေါ့"

"ဟား ဟား ဟား ဟား ... ဒေါ်ဝတုတ်ရေ"

"ဘာတုံး ... အနာကျလေးတွေ"

"အဘ မှတ်ရဦးမယ်တဲ့ဗျာ"

"ဟဲ့ ... အနာကျလေးတွေရဲ့ .. နင့်တို့အဘပဲ မှတ်မှတ်၊ နင် တို့တစ်ဖွဲ့လုံးပဲ မှတ်မှတ် ပြောင်ရင်ကျေနပ် ... အဲလေ ... ကန်တော့ နော် ... အဘ ... ကန်တော့ပါရှင်။ ဟဲ့ ... အနာကျတွေ နင်တို့လည်း စားကြတော့ လျှာမရှည်နဲ့ ... ငမှတ်တွေရဲ့"

တိုက်ခန်း သီးသန့်ထမင်းကျွေးပွဲမှာ သောသောကို ညံနေတာ ပဲ။

"အဘ ..."

ဒီမှာ စောစောက တက်လာတဲ့ ကူညီဝတ်စုံနဲ့ အဖွဲ့ထဲက အသက် (၅၀)ခန့် လူကြီးက အဘရှေ့မှာ လက်အုပ်လေးချီရင်း ခေါ်တယ်ဗျ ...

"ဘာတုံးကွ ... ငါ ဟင်းချို မသောက်တော့ဘူး။ ဟိုဒင်းပြု ဟာကွာ ... ယောင်ကုန်ပါပြီ။ နေပါဦး ... မင်းတို့က ဘာကိစ္စတုံး"

"ကျွန်တော်တို့ ဆိုင်းတီးညှော်ခံတော့မှာမို့ အဘဆီမှာ လာခွင့် တောင်းတာပါ။ ဆိုင်းတီးခွင့်ပြုပါ အဘ"

"ဟေ ..."

"အဖေကြီးရှင့် ..."

"ဟဲ့ ... ဘာ ... ဘာတုံးဟဲ့ မာင်"

"သမီးတော်များလည်း ဆိုင်းဝိုင်းထဲမှာ သီချင်းဆိုကြမှာမို့ အဖေ ကြီးထံမှာ အခွင့်တောင်းတာပါရှင်။ သီချင်းဆိုခွင့်ပြုပါ ... အဖေကြီးရှင့်"

"မြတ်စွာဘုရား ... သမီးတော်များတဲ့ ... ဒုက္ခပါပဲဗျာ"





ကျန်တဲ့ အနုပညာရှင်ဆိုသူတွေကလည်း ဝိုင်းဝန်း လက်အုပ်ချီ ပြီး အဘဆီ ခွင့်တောင်းနေကြသဗျ။ အိုးစည်အဖွဲ့သားတွေရော၊ ထမင်းကျွေး အဖွဲ့က လူတွေရော၊ အဘရှေ့မှာ ဆိုင်းအဖွဲ့လူတွေ လက်အုပ်ကိုယ်စီ ချီ ပြီး ရိုရိုသေသေ ပြောဆိုခွင့်တောင်းနေတာ ကြည့်ပြီး အံ့အားသင့်ကြ၊ ဝိုင်း ကြည့်ကြ။

ဒီ နဲ့မှတ်တဲ့ အစားပုတ်အဘိုးကြီးက ဘာတုံးဟဲ့။

နာမည်ကျော် ဆိုင်းအဖွဲ့ကလူတွေက ညစ်တီးညစ်ပွ၊ ဖျင်ကြမ်း အိုက်ပုံရင်ကွဲ၊ နှုတ်ခမ်းမွေး ဟင်းရည်ပေကျံနေတဲ့ အဘိုးကြီးကို ဆိုင်းတီး ဖို့ အခွင့်တောင်းရအောင် ဒီအဘိုးအို အရှူးဆန်ဆန်လူကြီးက ဘယ်လို ဆိုလိုကြီးမို့လဲ။

ယဉ်ကျေးမှုဝန်ကြီးဌာနက အငြိမ်းစားကြီးလား ...

သဘင်ဝန်လား ...

အားလုံး စဉ်းစားအံ့ဩ စောင့်ကြည့်နေတာပေါ့ဗျာ။

အဲဒီထဲမှာ ကျွန်တော်လည်း ပါတာပေါ့။

"ဟဲ့ ... မောင်ရင်တို့၊ သမီးတို့ ... မင်းတို့ကို အလှူရှင်က ငှား တာကွ။ ငါငှားတာ မဟုတ်ဘူး။ မင်းတို့ တီးချင်တီး၊ မတီးချင် စရံသုံးဆ ပြန်လျော်ပေးလိုက်ပေါ့ ... ဟုတ်ရဲ့လားကွ"

"သားတို့တီးမှာပါ ... အဘ"

"တီးပေါ့"

"ဆိုင်းတီးဖို့ အဘ့ထံမှာ ခွင့်တောင်းတာပါခင်ဗျ"

"ဟ ... ဆိုင်းဆရာတို့ရ ... မင်းတို့က ဘယ်အရပ် ဘယ်မြို့ က ဆိုင်းတုံး"

"သုံးခွမြို့က ဆိုင်းအဖွဲ့ပါ အဘ"

"သုံးခွမြို့ ... ဟို ... ခရီးသွားလမ်းဝက်က မြို့လား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဟ ... ကောင်တို့ရ၊ မင်းတို့ သုံးခွမြို့ဆိုတာ ဆိုင်းပညာရှင် အကျော်အမော်တွေ ထွက်တဲ့မြို့ကွ၊ သမ္မာကြီးတွေနေတဲ့ မြို့။ နေပါဦး ..



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆရာ ငါကလည်း မျက်စိသိပ်မကောင်းတော့ မင်း ဘယ်သူမှန်း မသိဘူး။ ဒါနဲ့ မင်းက ဆိုင်းဝိုင်းတီးတဲ့ ဆရာလား''

''ဟုတ်ကဲ့ပါ အဘ''

''ရွာစားပေါ့ ... ဟုတ်လား''

''အဲ ... အဲ ... ရှေးတုန်းကလို ရွာစားဘွဲ့ မရပါဘူး အဘ။ ရွာတွေက ငှားမှ တီးရတဲ့ ရွာလိုက်စားပါခင်ဗျာ''

''ဟုတ်လိုက်လေကွာ ... အခု မြို့ကငှားတော့ မြို့လိုက်စားပေါ့ ... ဟား ဟား ဟား။ ကိုင်း ... ရွာစားရေး မင်းဆိုင်းအဖွဲ့နာမည်က ဘယ်လိုခေါ်တုံးကွ''

''စိန်ဒိုးပျံဆိုင်းအဖွဲ့လို့ ခေါ်ပါတယ် အဘ''

''ဟေ ...''

''ကျွန်တော်က ဝိုင်းတော်တီး စိန်ဒိုးပျံပါခင်ဗျ။ ဒီအဖွဲ့သားတွေကတော့ အဘသိမှာပါခင်ဗျ''

အဘတိုက်ပုံကြီး စကားပြန်မပြောနိုင်ဘဲ ရွာစားစိန်ဒိုးပျံကိုကြည့်ပြီး ငုံ့နေတန့်နေပါရောဗျား။ အဘတင်မဟုတ်ဘူး ကျွန်တော်လည်း အလွန်ကို အံ့သြနေတာ။

ရှေ့မှာ ကျွန်တော်ပြောခဲ့တဲ့ ရွာစားစိန်ဒိုးပျံ။

ပြောလို့၊ တွေးလို့မှ မဆုံးသေးဘူး၊ အခု အဘရှေ့မှာ ကျွန်တော်တို့ရှေ့မှာ ရောက်နေပြီဗျာ။

''စိန်ဒိုးပျံ ...''

''ခင်ဗျာ ... အဘ''

''မင်းတို့ ငါတို့ ရေစက်တွေ ဆုံလှချည်လား ... ရွာစားရယ်ဟင်''

''အဘရဲ့ မေတ္တာကြောင့်ပါ အဘ''

''အိမ်း ... အိမ်း ... ငါ့သားများ လိမ္မာကြ၊ တော်ကြပါပေရဲ့။ ကိုင်း ... ခုချိန်ကစ၍ ငါ့သား ငါ့သမီးများ တီးကြ ဆိုကြစေဗျာ၊ တီးရာဆိုရာ၊ က,ရာ၊ ပြောရာမှာ အမှားမရှိ၊ ပြိုင်ဘက်မရှိ၊ တော်ကြပါစေဗျား





မြို့တော်ရှင်၊ ရွာတော်ရှင်တို့ ပေဟာဒီ သားများဖြစ်ကြတဲ့ ရွာစားကြီး စိန်ဒိုးပျံ အလှူမင်္ဂလာပွဲမှာ တီးမှုတ်ဧည့်ခံရာမှာ မည်သူမျှ မနှောင့်ယှက်နိုင်အောင် မြို့တော်ရှင်၊ ရွာတော်ရှင်တို့က ဓားကိုင်လို့ စောင့်စေဗျာ။ ငါ့ သား သမီးများ လိုရာဆန္ဒနှင့် တစ်လုံးတစ်ဝတည်း ပြည့်စေ ...''

''ပေးတဲ့ဆုနှင့် ပြည့်ပါလို၏ ... အဖေကြီးခင်ဗျား''

ရွာစားစိန်ဒိုးပျံနှင့် ဆိုင်းတော်အဖွဲ့သားတွေက အဘကို ရှိသေစွာ ကန်တော့ကြတယ်။ ဒီမြင်ကွင်းကို အလှူရှင်သူဌေး ဦးမျိုးဂုဏ်ရောင်နဲ့ သူ့ညီဝမ်းကွဲ ဦးတောက်ထွန်းတက်ရော အလှူ့အစ်မများက နောက်ကနေ ကြည့်ပြီး အံ့သြတွတ်တိုး တိုးတိုးလုပ်နေကြပါရော။

ဒီမှာ ရွာစားကြီးစိန်ဒိုးပျံက အဘရဲ့လက်ထဲကို စာအိတ်ထူကြီး တစ်လုံး ရိုသေစွာ ထည့်ပြီး ကန်တော့ကြပါရော။

''ဟဲ့ ... ငါ့သားကြီး ... ဒါ ဘာတုံးကွ''

''သားတို့၊ သမီးတို့ရဲ့ အဖွဲ့သားများက အဘကို ကန်တော့တာပါ။ အဘလိုအပ်သလို အသုံးပြုပါ ... အဘ''

''ငွေပေါ့ ... ဟုတ်လားဟေ့''

''ဟုတ်ပါတယ် ... အဖေကြီးရှင့်''

''အင်း ... အင်း ... မင်းတို့မှာ မြို့စဉ်လှည့် လက်ပေါက်အောင်တီး၊ အာပေါက်အောင်ဆိုမှ ငွေကြေးရ၏။ ငါက ဒီနေရာကနေ ဟိုလူလာကန်တော့ ယူ၊ ဒီလူ လာကန်တော့ယူနဲ့။ ငါတော့ ခေါင်းပုံဖြတ် အရင်းရှင်ကြီး ဖြစ်နေပါပေါ့လား ... သားတို့၊ သမီးတို့''

''ဒီလိုမထင်ပါဘူး ... အဖေကြီးခင်ဗျ။ အဖေကြီးနဲ့ တွေ့ခဲ့ဖူးတဲ့ အချိန်ကစပြီး ကျွန်တော်တို့ ဆိုင်းတော်တီးတိုင်း အဖေကြီးရဲ့ ပညာဂုဏ်ကို အားလုံးကန်တော့ပြီးမှ တီးကြ ဆိုကြပါတယ်။ အဖေကြီးကို တွေ့ချင်လွန်းလို့ အိမ်ဦးခန်းမှာ ဧည့်ဝတ်ပြုချင်လွန်းလို့ ဆိုင်းတီးတဲ့ မြို့များ၊ ရွာများ ရောက်တိုင်း သားတို့ စုံစမ်းခဲ့ပါတယ်။ နှစ်တွေကြာသည့်တိုင် မတွေ့ရပါဘူး ... အဖေကြီး။ ဒီသူဌေးကြီး ဦးမျိုးဂုဏ်ရောင်ရဲ့ ရှင်တစ်ရာ အလှူပွဲ အိုးစည်ဝိုင်းမှာ မမျှော်လင့်ဘဲ တွေ့လိုက်ရရော။ ကျွန်တော်တို့ မျှော်လင့်တောင့်တနေတာ ပြည့်ပြီဆိုပြီး ဝမ်းသာလွန်းလို့ ကန်တော့ပြီး ခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပါ ... အဖေကြီး။ အဖေကြီးကို လှူရတဲ့ အကျိုးအကြောင့်၊ ရှိသေရတဲ့ အကျိုးကြောင့် သားတို့၊ သမီးတို့ ရေ့လျှောက်လုပ်ငန်းတွေ ပိုပြီး အဆင် ပြေမှာလို့ ယုံ ကြည်ပြီးသားပါ ... အဖေကြီးခင်ဗျား"

"အိမ်း ... သာဓု ... သာဓု ... သာဓု ... ငါ့သားသမီး ရ လိမ္မာတွေ ကြံတိုင်းမြောက်ပါစေ"

သို့ကလို ပြောပြီး စိန်ဒိုးပျံရဲ့ ဦးခေါင်းဆံပင်ကို သူ့လက်နဲ့ သုံး ကြိမ် သပ်ချပေးလိုက်တယ်။ စိန်ဒိုးပျံတို့ ကန်တော့ပြီး ထွက်သွားတာကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်လို့နေလေရဲ့ဗျာ။

သူတို့အားလုံး ရှင်းတော့မှ ကွမ်းဝါးနေတဲ့ အဘအနီးကို အသာ တိုးပြီး ...

"အဘ ..."

"မင်းက ဘယ်သူတုံး။ မင်းက ဆိုင်းအဖွဲ့ကပဲလား"

"ဗျာ ... အဘ ကျွန်တော့်ကို မမှတ်မိဘူးလားဗျာ"

သူက ကွမ်းဝါးရင်း ကျွန်တော့်မျက်နှာကို စိုက်ကြည့်လို့ ...

"မြင်ဖူးသလိုပဲ။ မင်း မအူပင်ရေဆိပ်မှာ ကွမ်းယာရောင်းတဲ့ သာအေးမဟုတ်လား"

"ဟာဗျာ ... အဘရာ၊ ကျုပ်ကို အကြောင်မရိုက်ပါနဲ့ဗျာ။ ကျုပ် အဘရဲ့တပည့် ခရီးသွားဖော် ... မောင်မှိုင်း။ စာရေးဆရာ မောင်မှိုင်းလေ ဗျာ"

"ဟော့ကောင် ... စာရေးဆရာ မောင်မှိုင်းတွေ၊ ဘိန်းစားမောင် မှိုင်းတွေ လာလုပ်မနေနဲ့ ... ငါသိတဲ့ မောင်မှိုင်းဆိုရင် ဆရာကြီး သခင် ကိုယ်တော်မှိုင်းခေါ် လေးချိုးကြီးတွေရေးတဲ့ စတာလင်ငြိမ်းချမ်းရေးဆု မစွတာမောင်မှိုင်းပဲ သိတယ်။ သွား ... ဝေးဝေးမှာနေ"

"ဗျာ ..."

ကျွန်တော် အဘကိုကြည့်ပြီး အံ့သြနေပြီဗျာ။

သူ ယခု ပုံမှန်စိတ်နဲ့ပါဗျာ။

ဒုတိယကိုယ်ပွား အရူးစိတ်နဲ့ မဟုတ်ပါဘူး။

အခု ကျွန်တော့်ကို မသိဘူးတဲ့။ ဝေးဝေးမှာ နေတဲ့။





"အဘ ... ကျွန်တော့်ကို နောက်ပြောင်နေတာလား ဟင်"

"ဒီကောင် ... တယ်လျှာရှည်တဲ့ ကောင်ပါလား။ ငါ့ကိုများ လာ ပြီး ဖြီးဖျန်းဖိန်းလို့ သိကြရောပေါ့ကွာ။ ဟေ့ ... မောင်စိန်တို့၊ မောင်ကြိန် တို့ရေ ..."

"ဗျာ ... အဘ"

ထမင်းဝိုင်းမှာ စားနေကြတဲ့ အိုးစည်သမားတွေက စားရင်းကနေ ပြိုင်တူ ထူးလိုက်လေဗျာ။

"ဒီကို မြန်မြန်လာကြစမ်း"

"အဘ ... ဘာဖြစ်လို့လဲ"

အိုးစည်သား လူရွယ်တွေ လက်ကပျာကယာဆေးပြီး ထလာကြ ပါရော။

"မင်းတို့ ဒီကောင်ကို သိလား"

ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး ပြောနေတာဗျာ။

အိုးစည်သမားတွေက ကျွန်တော့်ကို ငုံ့ကြည့်ကြပြီး ...

"မသိဘူး ... အဘ၊ ဘာဖြစ်လို့လဲ"

"ဒီကောင့်မျက်နှာကို ငါ မမြင်ချင်ဘူးကွ။ ဒီကောင် ဘာတွေ ငါ့ လာပြောနေ၊ စွပ်စွဲနေလဲ မသိဘူး အပြင်ကို ခေါ်ထုတ်သွားကြစမ်း"

"ဗျာ ... အ ... ဘ ..."

"ဟေ့လူ ... ခင်ဗျား ဘယ်ရွာသားလဲ"

အိုးစည်တီးတဲ့လူက ကျွန်တော့်ကို ဆွဲထူပြီး မေးတာဗျ။

"ကျွန် ... တော် ... က ... အဘနဲ့ ..."

"သားတို့ ... ဆွဲထုတ်ပြီး မောင်းထုတ်လိုက်စမ်း"

အိုးစည်သမား လူသန်တွေဟာ အဘရဲ့ အမိန့်ပေးသံအဆုံးမှာ ကျွန်တော့်ကို ဝိုင်းဆွဲတွန်းပြီး တိုက်အိမ်ပြင်ကနေ ခြံအပြင်ရောက်အောင် ဆွဲ ထုတ်ကြပါရော။

"နေကြပါဦးဗျာ ... ကျွန်တော် ... ရှင်း ... ရှင်းပြ ..."

"ဟေ့လူ ... သွားတော့။ ခင်ဗျားက ကျုပ်တို့အဘကိုများ ပမာ မခန့်လုပ်လို့ သေသွားချင်လို့လား။ သွားတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ..."

"တယ် ... ဒီလူတော့ သေတော့မှာပဲ"

"သူနဲ့ ... ကျွန်တော်က ..."

"ဖောင်း ..."

"အား ..."

ကျွန်တော့်နားရင်းပေါ်ကို လက်ဝါးကြမ်းကြီးတစ်ချက် ကျလာပြီး နားတစ်ဖက် ပူသွားတယ်။ သည့်နောက် အလှူမဏ္ဍပ်နှင့် ဝေးရာဘက်ကို တွန်းထုတ်ခေါ်သွားပြီး ...

"နောက်တစ်ခါ ... မင်း ... ဒီအလှူအိမ်ထဲကို လိုက်လာရင် မင်းဘဝ မင်းတွေးထား ... ကြားလား"

"ဟုတ် ... ဟုတ် ..."

သူတို့ ကျွန်တော့်ကို ခါးထောက်ကြည့်နေကြတယ်။ ကျွန်တော်ဘာမှ ပြန်မပြောဝံ့ဘူး။ စိုက်စိုက် စိုက်စိုက်နဲ့ လမ်းမကြီးအတိုင်း ကျွန်တော် ထွက်လာခဲ့တယ်ဗျာ။

✿ ✿ ✿

# [၂၈]

❑

ကျွန်တော် အလှူအိပ်မဏ္ဍပ်နဲ့ အတော်အလှမ်းဝေးတဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာရင်း ပြန်စဉ်းစားနေမိတယ်။

ကျွန်တော့်နားဟာ ဟိုလူရဲ့ရိုက်ချက်ကြောင့် ထူပူကြီးဖြစ်နေတုန်းပဲ။

အဲဒါ ရက်စက်တယ်ဗျာ။

သူဟာ ဘတိုက်ပုံဦးရာကျော်ဆိုတာ သေချာတာပဲဥစ္စာဗျာ။

သူ့ ဟိုလူကြီးကိုပေးတဲ့ ပတ်ကားဖောင်တိန်။ ဒီဖောင်တိန်ကို သူနဲ့ကျွန်တော်ရယ်၊ ဘဘုန်းကြီးရယ် မြို့စားလေးသံယောဇဉ်ရဲ့ မြေအောက်ဥမင်သချိုင်းထဲမှာ တွေ့ရှိပြီး သူပြောဆိုတောင်းပန် ယူလာတာလေ။

ပြီးတော့ ဆိုင်းဆရာရွှာစားကြီး စိန်ဒိုးပျံတို့ လာကန်တော့တာ အပြောဆိုးတဲ့ စိန်ဒိုးပျံကို ထားမလုံကျေးရွာ အလှူပွဲမှာ အဲဒါက ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



အ,အောင် ပညာပေးပြီးမှ ဝိုင်းထဲဝင် ဆိုင်းတီးပြီး တေးဘုမ္မာသီချင်းကို ကိုယ်တိုင်ဆို ပညာပေးခဲ့တာ။

ဒီအကြောင်း ကျွန်တော်ကိုယ်တိုင် လူထုးဆန်း ဘတိုက်မုံ ဦးရာကျော်ဝတ္ထုမှာ ရေးခဲ့တာဗျာ။

စိန်ဒိုးပျံကို ကျွန်တော် မမြင်ဖူးပါဘူး။

ဒီအလှူပွဲကျမှ နဖူးတွေ့ ဒူးတွေ့ မြင်ပြီး အဘရဲ့သမိုင်းထဲက ဇာတ်ကောင်မှန်း သူတို့ ပြောပုံတွေအရ သိခဲ့ရတာ။

ဒါ ဘတိုက်ပုံဦးရာကျော် မဟုတ်လို့ ဘယ်သူဖြစ်ရမှာတုံး။

ခု ကျွန်တော့်ကို လုံးဝ မသိဘူးတဲ့။

ရင်နာစရာ ကောင်းအောင် ပြောလိုက်တာလား။

မအူပင်ရေဆိပ်မှာ ကွမ်းယာရောင်းတဲ့ သာအေးတဲ့။

ဒါ သက်သက်မဲ့ ဖြောင်ဖြင်းပစ်လိုက်တာ။ ဘာလို့ ဒီလိုလုပ်ရတာလဲဗျာ ဟင်။ မသိဘူးဆိုလည်း တော်ပြီပေါ့။ ခုတော့ သူ့တပည့်အိုးစည်သားတွေနဲ့ ကျွန်တော့်ကို မောင်းထုတ် ဆော်ပလော်တီး။

ကောင်းပါတယ်လေ။

သံယောဇဉ်ဖြတ်ပြီး လက်ရှိဇာတ်လမ်းကိုရပ် ပြည့်ဖုံးကားချလိုက်ကြတာပေါ့။ ကျွန်တော် သူ့နောက်ကို မလိုက်တော့ဘူး၊ မစုံစမ်းတော့ဘူး ရန်ကုန်ပြန်မယ်။ ဘဘုန်းကိုလည်း ကြုံရတဲ့ကိစ္စလေး ဝင်လျှောက်မယ်။

ကျွန်တော် စိတ်ဒုံးဒုံးချ ဆုံးဖြတ်ချက် ချလိုက်ပြီဗျာ။

သည့်နောက် စားပွဲထိုးလာချပေးတဲ့ လက်ဖက်ရည်ကို တစ်ငုံသောက်နေတုန်းမှာပဲ ခြေထောက်တစ်ချောင်းပြတ်နေတဲ့ ချိုင်းထောက်နဲ့ လူကြီးတစ်ဦး ကျွန်တော့်ရှေ့ လာရပ်ရင်း ...

"ကျုပ် ဒီကုလားထိုင်မှာ ထိုင်ပါရစေကွယ်"

"ထိုင်ပါ ... ထိုင်ပါ ..."

လူကြီးက ခုံပင်ကို သေသေသပ်သပ် ဖြီးထားတယ်။ ဘယ်ဘက်ခြေထောက် မရှိရှာဘူး။ စစ်ဆွယ်တာအစိမ်းရောင် အင်္ကျီအပေါ်က ဝတ်ထားတယ်။ ပြီး ဘောင်းဘီ အပြာရောင် နွမ်းနွမ်းနဲ့။

လူကြီးက စားပွဲထိုးကို လှမ်းပြောလိုက်တယ်။





"ကောင်လေး ... နက်(စ်) ကော်ဖီ ရလားဟေ့"

"ရတယ် ... ဦးလေး"

"ရရင် နက်(စ်) တစ်ခွက်နဲ့ ပေါင်မုန့်ကြက်ဥကြော်နှစ်ပွဲ လုပ်ခဲ့ဟေ့"

သို့ကလို ပြောပြီး စားပွဲပေါ်ရှိ စီးကရက်ဘူးကို ဖွင့်လို့ မြင်းခေါင်းတံဆိပ် စီးကရက်တစ်လိပ် မီးညှိဖွာလိုက်တယ်။

ဒီချိုင်းထောက်ကြီးရဲ့ ပုံစံက ဆင်းရဲစုတ်ပြတ်ပုံပဲဗျ။

သို့သော် သူစားဖို့မှာတာက ပြင်သစ်ကော်ဖီ နက်(စ်)။

ပြီး ... ပေါင်မုန့်ကြက်ဥကြော် နှစ်ပွဲ။

ကျွန်တော်တောင် မစားနိုင်ဘူး။ ချိုင်းထောက်ကြီးက စီးကရက်ကို အားရပါးရ ရှိုက်ဖွာပြီး မီးခိုးတွေကို မှုတ်ထုတ်လိုက်တယ်။ မကြာဘူး လက်ဖက်ရည်နဲ့ ကြက်ဥပေါင်မုန့်ကြော်နှစ်ပွဲ သူ့ရှေ့မှာ စားပွဲထိုး လာချတယ်။

ပြီး သူက စကားတစ်ခွန်းကို ပြောလိုက်တယ်ဗျာ။

"အရိပ်သုံးပါး နားမလည်ရင် ဂီသူငယ် ကျားစာဖြစ်တာပဲ"

သူ့ဘာသူ ပြောနေတာနော်။ နက်(စ်)ကော်ဖီကို တစ်ငုံသောက်တယ်။ ကြက်ဥပေါင်မုန့်ကြော်ကို ဇွန်းနဲ့မကော်ဘဲ လက်နဲ့ယူပြီး အားရပါးရ စားနေတယ်။

"မင်း နားရင်းအရိုက်ခံရတာ နာလားကွ"

"ဗျာ ..."

လက်စသပ်တော့ ခြေထောက်တစ်ချောင်းမရှိတဲ့ စစ်ဆွယ်တာနဲ့ လူကြီးက ကျွန်တော့်ကို ပြောနေ၊ မေးနေတာကိုး။ အလို ... သူ ဘယ်သူတုံး။

"ငါမေးတာ ကြားလား ... ဟေ့ကောင်"

"ဗျာ ... ကြားပါတယ်ခင်ဗျ။ ဟို ... ဟို ... ဦးကြီး ... ကျွန်တော့်ကို ရိုက်တာ ... မြင် ... မြင်လို့လား ဟင်"

"မင်းမျက်လုံးထဲ မီးပွင့်သွားတာပါ ငါမြင်တယ်"

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲလို အရိုက်ခံရတာ ကောင်းတယ်ကွ"

"နေပါဦး ... ဦးကြီးရဲ့ အသားလွတ် အရိုက်ခံရတာ ကောင်းမလားဗျာ ကျုပ်နယ်မဟုတ်လို့ ငြိမ်ခံနေတာဗျ။ ကျုပ်ဒေသမှာသာဆိုရင် ..."

"ဟား ဟား ဟား ဟား ဟား ... မင်းက ရေမြွေမြင်ရင်တောင် သတိလစ်တဲ့ စာရေးဆရာပါ ... ငါ့လူရာ။ ဖြိုင်ဖိုက်ဖို့ တိုင်စိုက်ပြီး အလံမထူချင်ပါနဲ့ကွာ .... ဟား ဟား ဟား ဟား ဟား ..."

လူကြီးက ပြောရင်း အော်ဟာစ်ရယ်ပါရော။

"ဦးကြီး ... ကျွန်တော့်ကို ... သိ ... သိတယ်လား ဟင်"

"မင်းနာမည် မောင်မှိုင်း"

"ဟုတ်ကဲ့"

"ရန်ကုန်၊ ပုဇွန်တောင်၊ တာဝတိံသာလမ်းထဲမှာ နေတာ"

"ဗျာ ... ဦးကြီး ကျွန်တော့်လိပ်စာပါ သိနေတယ်။ ဒါဆို ဦးကြီးက ဘယ်သူလဲ ဟင်"

"ဒါတွေ နောက်မှ ပြောတာပေါ့။ ရော့ ... ဒီမုန့်တစ်ပွဲ မင်းစားလိုက်။ မဝရင် ထပ်မှာ။ အလှူအိမ်က ထမင်းဟင်း မစားရပေမင့် မင်းစားချင်ရင် ချစ်တီးဒံပေါက် ငါဝယ်ကျွေးပါ့မယ် ... စားကွာ"

ဒီလူကြီး ကျွန်တော့်အကြောင်းတွေကို သိနေပုံထောက်ရင် ...

"ဦးကြီးနာမည် ဘယ်လိုခေါ်တုံးဗျာ"

"ဒီကြက်ဥပေါင်မုန့်ကြော် အရင်ကုန်အောင်စားကွာ။ ပြီးရင် ပြောတာပေါ့"

"မစားရင် မပြောဘူးပေါ့ ... ဟုတ်လား"

"သေချာတာပေါ့ကွာ။ သူများထိုးတာ ခံရပြီးပြီပဲ၊ ဗိုက်ဝအောင်စားပြီး တရားနဲ့ဖြေ စားကွ"

မထူးဘူးဗျာ ... ဗိုက်ထဲလည်း အစာမရှိဘူး။ လူလည်း ညစ်နေပြီ။ ဒီလူကြီး ဘာလဲမသိ၊ စားပြီးရင် ပြောမယ်ဆိုတော့ စားပစ်လိုက်တယ်ဗျာ။ လက်ဖက်ရည် အကုန်မော့သောက်လိုက်တယ်။

"ယူဦးမလား ... မှာလေကွာ"

"တော်ပြီ"





"ဝရဲ့လားကွ။ ငါ့ကို အားမနာနဲ့နော်"

"ကိုင်း ... စားပြီးပြီဗျာ ဦးကြီးနာမည် အရင်ပြောပါ"

"ငါ့နာမည်က ဦးဝေသာလီတဲ့"

"ဗျိုင်းနာမည်ကြီးပဲ ... ဦးကြီးရ"

"ပညတ်သွားရာ ဓာတ်သက်ပါသနဲ့တူရဲ့ အခု ငါ့ခြေထောက် တစ်ချောင်းပဲ ရှိတယ်။ ကျန်းမာရေးလေ့ကျင့်ရင် ဝေသာလီဗျိုင်းလို ခြေတစ်ချောင်းထောက် ရပ်ပြီး လုပ်ရတယ်"

"ဦးကြီး ... ကျွန်တော့်အကြောင်းတွေ ဘယ်လိုလုပ် သိတာလဲဗျာ"

ဒီမှာ ဦးဝေသာလီဆိုသူက ဘောင်းဘီရှည်အိတ်ထဲကနေ စာခေါက်တစ်ခုကို ထုတ်ပြီး ကျွန်တော့်ကို ပေးတယ်။

"ရော့ ..."

"ဒါက ဘာတုံးခင်ဗျ"

"စာလေကွာ ... မင်းအတွက်စာ ... ငါသွားမယ်။ ဟော့ကောင်တွေ ... ပိုက်ဆံရှင်းမယ်ဟေ့"

"ကျွန်တော်ရှင်းပါ့မယ် ... ဦးဝေသာလီရေ နေပါဦး ... ထိုင်ပါဦး"

ဦးဝေသာလီဆိုသူ လူကြီးက တားနေတဲ့ကြားက ပိုက်ဆံရှင်းပြီး ချိုင်းထောက်ကို ချိုင်းကြားညှပ်လို့ ထရပ်လိုက်တယ်။

"ဦးကြီး ... ဒီစာက ဘယ်သူပေးတာလဲဗျ"

"ဖတ်ကြည့်ကွာ။ ငါ့အလုပ်က မင်းကိုရှာပြီး ဒီစာလေးပေးဖို့ပဲ။ သွားမယ်ဟေ့"

"ဦးကြီး ... နေပါဦးဗျ။ ကျွန်တော် ဦးကြီးကိုတွေ့ချင်ရင် ဘယ်မှာ တွေ့ရမှာတုံးဗျ။ ပြောခဲ့ပါဗျ"

"ငါ့ကိုတွေ့ဖို့ မလွယ်ဘူးကွ"

"ဦးကြီးမှာ အိမ်ရှိတယ် မဟုတ်လား"

"ငါ့မှာ အိမ်မရှိဘူးကွ။ ငါက ဘုန်းကြီးကျောင်းတွေမှာ ကပ်ရပ်စားနေတာ။ တွေ့ချင်ရင် ကျောင်းတကာကျောင်း လိုက်မေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေသာလီဆိုသူက ချိုင်းထောက်နဲ့ ထွက်သွားပြီး ဆိုက်ကားတစ်စီးကို တားစီးလို့ မျက်စိအောက်က ပျောက်သွားခဲ့တယ်။

သူ မရှိတော့မှ ကျွန်တော် ကော်ကပ်ထားတဲ့ စာခေါက်ကို ဖွင့်ဖတ်လိုက်တယ်ဗျ။

*မောင်မှိုင်း*

*မင်းကို ခွေးစားလို့ အရိုးနဲ့ခေါင်းပဲ ကျန်ရင်တောင် ငါမှတ်မိတယ် ခွေးတိရစ္ဆာန်ကောင်လေးရ။*

*မင်းငါ ဘာလုပ်နေလဲ အရိပ်အကဲလည်း မကြည့်တတ်ဘူး။*

*အခုငါ သဲလွန်စ ရနေပြီ။*

*မင်း ငါ့နောက်ကို ဖွတ်မလိုက်နဲ့။ ငါ့ကို လူကြားထဲမှာ တွေ့ရင် လုံးဝ နှုတ်မဆက်နဲ့။*

*မင်းကို ငါ တစ်နေ့ ရှင်းပြမယ်။ မင်းလည်း အကင်းပါးပါးနဲ့ သွားပါလာပါ လှုပ်ရှားပါ။*

*မင်း သေကောင်ပေါင်းလဲဖြစ်မှ ငါ့ကို တတော့။*

*ရာကျော်*

လက်စသတ်တော့ အဘတိုက်ပုံကြီး ရေးပေးလိုက်တဲ့စာကိုး။ သူ သဲလွန်စ ရပြီတဲ့။ ဘယ်လိုသဲလွန်စကို ရတာတုံး။

ဓားပြုထီးရိုးကို သတ်တဲ့လူရဲ့ သဲလွန်စလား။

မြို့စားကတော်ရဲ့ သဲလွန်စလား။

ဒါမှမဟုတ် ဥမင်သချိုင်းထဲက ကျည်ဆန်ငါးတောင့်ရဲ့ သဲလွန်စလား။ သူ့ကို လူကြားထဲမှာတွေ့ရင် နှုတ်မဆက်နဲ့တဲ့။

အဘ ဘာလို့ ဒီလိုလျှို့ဝှက်နေတာတုံး။

သူ အခု ဂန္ဓာရီလိုင်းကို သွားနေတာလား။

လျှို့ဝှက်သည်းဖိုဇာတ်ထုပ် လိုက်ရေးနေတာလား။

အဘ ဘယ်လိုလုပ်ပြီး ဒီမြို့မှာ ဟန်ကျပန်ကျ ဖြစ်နေတာတုံး။ လူလေးစား သူလေးစား ဖြစ်နေတာတုံး။ ကျွန်တော် သိချင်စိတ် ပြင်းပြနေတယ်။

---

**စိတ်ကူးသစ်စာပေ**



ဒီအကြောင်းလေး သိထားရင် ကောင်းမယ်ထင်လို့။

သူ ဘာကြောင့် ဒီနေရာမှာ ဩဇာ ရှိနေတာလဲ။

ဟုတ်ပြီ ... ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။

မောင်ပေါက်ကျိုင်းထုံး နှလုံးမူရမှာပဲ။

ဘာတဲ့ ...

သွားပါများ ... ခရီးရောက်

မေးပါများ ... စကားရ

မအိပ်မနေ ... အသက်ရှည်

ဟော့ ... လောက ... ငါစာရေးဆရာ မောင်မှိုင်းပဲကွ။ မောင်ပေါက်ကျိုင်းနဲ့ငါ ညီအစ်ကိုဟော့ ...

ရှာစားရေ ...

ပုစွန်လက်မ ... ကက္ကရရှေ့စည်

မျက်နှာဝ ... နှစ်ပြည်ညီရအောင်

ဟဲ့ ... အောင်ရှေ့စည် ... ယွန်း ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂၉]

❑

မြို့ထဲက ဘုန်းကြီးကျောင်းတွေ တစ်ကျောင်းပြီးတစ်ကျောင်း လိုက်မေးတယ်။

"ဦးဇင်းဘုရား ... ဦးဝေသာလီဆိုသူ ကျောင်းမှာ ရှိပါသလား ဘုရား"

"ဒကာကြီး ဝေသာလီလား ... ဒီနေ့ ကျောင်းကို မလာဘူး ဒကာ"

"သူ ဘယ်ကျောင်းမှာ ရှိနိုင်ပါသလဲ ဘုရား"

"အဲဒါတော့ မပြောတတ်ဘူး ... ဒကာ။ သူက ကျောင်းပေါင်း စုံကို သွားတတ်တော့ ဘယ်ကျောင်းမှာရှိမလဲ မသိဘူး"

ဒီလိုနဲ့ မြို့ပေါ်က ကျောင်းတွေ စုံသွားရော ဦးဝေသာလီ ဒီနေ့ မလာဘူး။ ဟိုနေ့ကတော့ လာတယ်။ ဟိုတစ်နေ့က လာသွားတယ်။ ဗုဒ္ဓဟူး နေ့က လာတယ်။ လပြည့်နေ့က လာတယ်ပဲ ပြောကြတယ်။

ဒါနဲ့ ဘုန်းကြီးအိုကြီးတစ်ပါးကို လျှောက်ထားရတာပေါ့များ။





"အရှင်ဘုရား ... ဦးဝေသာလီက ဘုန်းကြီးကျောင်းတွေမှာပဲ ထမင်းစားတာလား ဘုရား"

"အများအားဖြင့်တော့ လာစားတာပဲ။ မစားချင်ရင်လည်း ဘယ် ဘုန်းကြီးကျောင်းမှာမှ မစားဘူး။ ပျောက်ချက်သား ကောင်းချင်လည်း ကောင်းတာပဲ။ ဒကာလေးက ဦးဝေသာလီနဲ့ ဘာတော်လို့တုံး"

"မိတ်ဆွေပါဘုရား"

"သိတာ ကြာပြီလား"

"လွန်ခဲ့တဲ့ နာရီပိုင်းကမှ ရင်းနှီးသိကြတာပါ ဘုရား"

"ဟေ ..."

"ဦးဝေသာလီက ဘယ်လိုလူပါလဲ ဘုရား။ သူ့ကြည့်ရတာ သဘော မနောကောင်းပုံလည်း ရတယ်။ စကားပြောလည်း ကောင်းလို့ပါ ဘုရား"

"သူက တော်ပါတယ် ... ဒကာကြီး"

"ဘယ်လို တော်တာပါလဲ ဘုရား"

"ဟိုး ... ပျို့ရွယ်တုန်းက ဝေသာလီက စစ်သားပါ။ တပ်က ထွက်စင်ယူပြီး အိမ်ထောင်ကျခဲ့တယ်။ အိမ်ထောင်ကျပြီး မကြာဘူး အိမ် ထောင်ကွဲသွားတယ်။ အိမ်ထောင်ကွဲပြီး ဟိုမြို့စွန်က ဓမ္မပါလကျောင်းမှာ ရဟန်းဝတ်ခဲ့တယ်။ တစ်ညမှာ ဓားပြတွေက သူဝတ်နေတဲ့ ဘုန်းကြီးကျောင်း က ကျောင်းထိုင်ဆရာတော်ကို ဓားပြတိုက်တယ်။ ဓားပြတွေက ကျောင်း ပိုင်ငွေတွေ တိုက်ယူပြီးအထွက်၊ ဦးဝေသာလီက စစ်သားလူထွက်ပီပီ ဒေါတ်မခံစိတ် ဖြစ်ပေါ်လာပြီး ဓားပြတွေကို ထင်းချောင်းနဲ့ အလစ်ဝင်ရိုက် တာ။ ပါးစပ်ကလည်း ဓားပြလို့အော်ရင်း ဝင်ရိုက်တာ။ ဓားပြနှစ်ဦးလည်း ခေါင်းကွဲ၊ လက်ကျိုး၊ သူ့ကိုလည်း သေနတ်နဲ့ ပစ်လိုက်တာ ဒူးခေါင်းမှန် သွားတယ်"

"အို ... ဖြစ်ရလေဗျာ"

"လူအုပ်နဲ့ ဝိုင်းတော့ ဒဏ်ရာရတဲ့ နှစ်ယောက်ကို မိပြီး ခေါင်း ဆောင်က လွတ်သွားတယ်။ သူလည်း ခြေထောက်တစ်ဖက် ဖြတ်လိုက်ရ ပြီး နောက်ဆုံး လူထွက်လိုက်တော့တယ်။ သူ့သတ္တိကို ချီးကျူးလို့ ဒီမြို့ ရွာ တောမှာ ရှိသမျှ ဘုန်းကြီးကျောင်းတွေက ဒကာကြီးဝေသာလီကို ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားချိန်ရောက်ရင် ဘုန်းကြီးကျောင်းသားတွေနဲ့အတူ လာစားလို့ ပြောကြတယ်။ သူ စားခဲ့ပါတယ်။ ကျောင်းမှာလာစားရင်လည်း ကုသိုလ်ရအောင် ထင်းတွေ ဖြတ်လှန်းသိမ်း၊ ကျောင်းဝိုင်းထဲ မြက်နှုတ်လုပ်ပြီးမှ ကျောင်းထမင်းကို စားတာ။ သူ့ ဆေးရုံက ဆင်းလာပြီး အတန်ကြာအောင် ဒီမြို့က ပျောက်သွားသေးတယ်။ သူ ပြန်ရောက်တာ မကြာသေးဘူး၊ ရက်ပိုင်းပဲရှိသေးတယ်။ ကျောင်းတွေမှာ မတွေ့ရင် ဝက်လူးကုန်းသင်္ချိုင်းမှာ သွားရှာကြည့် ... ဒကာ''

''ဝက်လူးကုန်းသင်္ချိုင်းက ဘယ်နေရာမှာလဲ ဘုရား''

''မြို့ပြင်မှာရှိတယ်။ စဏ္ဍာလ ပေါက်ခေါ်ကို မေးကြည့်''

''ခွင့်ပြုပါဦး ဘုရား။ ခုလို ရှင်းပြတာကိုလည်း ကျေးဇူးတင်ပါတယ်။ တပည့်တော် ဦးတော်တင်ပါတယ်ဘုရား''

''အေး ... အေး ... သွား ... သွား ... ဒကာ''

သည့်နောက် ကျွန်တော် ဆိုက်ကားတစ်စီး ကြိုက်ဈေးပေးငှားပြီး ဝက်လူးကုန်းသင်္ချိုင်းရှိရာကို ထွက်လာခဲ့လိုက်တယ်။ တစ်နာရီနီးပါးကြာတော့ မြို့ပြင်ကို ရောက်လာတယ်။

''ဝက်လူးကုန်းသင်္ချိုင်းဆိုတာ ရှေ့ကဟာပဲ ... နောင်ကြီး''

''ကျေးဇူးပဲဗျာ''

ဆိုက်ကားဆရာကို ပိုက်ဆံပေးပြီးနောက် ကုက္ကိုပင်နှင့် ညောင်ပင်တွေ အုပ်ဆိုင်းနေတဲ့ သင်္ချိုင်းထဲကို ကျွန်တော် ဝင်လာခဲ့လိုက်တယ်။

ရှေးသင်္ချိုင်းနဲ့တူရဲ့။ ပျံလွန်တော်မူပြီးတဲ့ ဘုန်းကြီးအုတ်ဂူကြီးတွေကလည်း အလှအပ ပန်းရံလက်ရာတွေနဲ့။ အိုမင်းနေပေမင့် ထင်ရှားလှဗျာ။

ပိုက်ဆံရှိ သေသူတွေရဲ့ အုတ်ဂူကြီးတွေကလည်း တန်းစီနေတာပဲ။

အချို့အုတ်ဂူတွေက ပဲ့ရွဲ့ပြိုကျပြီး အပေါက်တွေ ဖြစ်လို့။

မြေပုံဟောင်းတွေပေါ်က မှတ်တိုင်အချို့က ယိုင်ရွဲ့ပြုတ်ကျ။

မှတ်တိုင်မရှိတဲ့ မြေပုံတွေကလည်း မို့မို့မောက်မောက်။

လတ်လတ်ဆတ်ဆတ် မြှုပ်ထားတဲ့ မြေပုံအချို့ပေါ်မှာတော့ မှတ်တိုင်အသစ်တွေ တွေ့ရတယ်။





သေသူနာမည်တွေ ဖတ်ကြည့်တော့ ...

ဦးကျော်ဦး (အသက် ၅၇ နှစ်) တဲ့။

ဈေးကောက် ဦးဇော်ဖေ (အသက် ၆၃ နှစ်) တဲ့။

အီကွေတာ(ဗိုလ်ချုပ်ရွာ)

အသက် (၅၉) နှစ်တဲ့။

အတော်ပူမည့်လူဗျာ ... မီးပုံထဲ ခုန်ချပြီး သေတယ်နဲ့တူရဲ့။

အနှိပ်ဆရာကြီး ဦးစိုးဝေ (အသက် ၆၅ နှစ်) တဲ့။

မညှပ်ကြီး (အသက် ၇၀) နှစ် တဲ့။

ဦးစိုးဝေဆိုတဲ့မှတ်တိုင်ကို မြင်လိုက်တော့ မိတ်ဆွေထောင်ပိုင်ကြီး ဦးစိုးဝေ (စာရေးဆရာစိုးဝေ)ကြီးကို ပြေးသတိရလိုက်သေးရဲ့ဗျာ။

ဟိုမှတ်တိုင်ကလည်း အသစ်ချပ်ချွတ်ပါလား။ ဘာတဲ့ ...။

ဦးဝင်းနိုင် (ခေါ်) တုတ်ကြီး (အသက် ၅၀ နှစ်) တဲ့။

ဦးဝင်းနိုင်ဆို ပြီးတဲ့ဟာ။ တုတ်ကြီးဆိုတဲ့နာမည်က အဆစ်ပါလိုက်သေးဗျာ။ ဘယ်ဟာတုတ်ပြီး ကြီးမှန်းမသိ။ သင်္ချိုင်းစာ ဖတ်တဲ့သူတွေ အတွေးပွားစရာရယ်။

အင်း ... ကြုံမှ ကြုံရပလေဗျာ။

ဝက်လူးကုန်းသင်္ချိုင်းရောက်မှ ကျွန်တော်နှင့် သိကျွမ်းရင်းနှီးတဲ့ လူတွေရဲ့ နာမည်နဲ့တူတာတွေ လာတွေ့နေရတယ်။

ဦးဝင်းနိုင်ဆိုလို့ မိတ်ဆွေစာရေးဆရာ ပြေး သတိရရဲ့ခင်ဗျာ။

မိတ်ဆွေစာရေးဆရာကလည်း ဦးဝင်းနိုင်ပဲ။

ဝင်းနိုင်(ရွှေပြည်သာ)ဆိုပြီး သည်းထိတ်ရင်ဖိုဝတ္ထုတိုတွေ ရေး နေတာ။ သူကတော့ (တုတ်ကြီး) မဟုတ်ဘူး၊ (ရွှေပြည်သာ) တဲ့။

သူတို့ ကော့မှူးဒေသက ဆွေမျိုး လူပေလူတေတွေအကြောင်း ဝတ္ထုလုပ်ရေးလို့ ကော့မှူးက ဆွေမျိုးတွေက ကြိမ်းသတဲ့။

ဝင်းနိုင်ဆိုတဲ့ကောင် ရွာကိုရောက်ရင် အရေလှန်ပစ်မတဲ့။

ဘကြီးဘထွေး၊ လူကြီးလူမိုက်၊ လူပေတွေလည်း အသက်ကြီးလို့ ဘုရားတရားနဲ့နေမှ ဝတ္ထုသားလုပ်သူက ဖော်ကောင်လုပ်လို့ မျက်နှာမပြဝံ့ကြဘူး။

ပြောကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ဝင်းနိုင် စာရေးဆရာမဖြစ်ဘဲ ငယ်ငယ်ကတည်းက ဝက်သက်ပေါက် အညှော်မိပြီးသေရင် ကောင်းမှာ။ ခုတော့ ရန်ကုန်ရောက်ပြီး သိန်းဝင်းတို့၊ တရုတ်တင်ထွန်းတို့၊ လေးမောင်တို့၊ စိုးဝေတို့နဲ့ ပေါင်းမိတော့မှ ဆွေမျိုးသားချင်း မကောင်းကြောင်း ရေးတာတဲ့။

သိန်းဝင်းတို့၊ လေးမောင်တို့၊ တင်ထွန်းတို့ပါ ကော့မှူးမြို့ထဲ ခြေမချစေနဲ့တဲ့။ တွေ့တဲ့နေရာ အကုန်ဗျင်းကြတဲ့ခင်ဗျာ။

အခု ကော့မှူးဝင်းနိုင် (ခေါ်) ဝင်းနိုင်ရွှေပြည်သာက သူ့မွေးရပ်မြေကော့မှူးကို မပြန်ရဲဘူး။

သူမပြန်ရဲတာ အရေးမဟုတ်ဘူးခင်ဗျာ။ မဆီမဆိုင် သူတို့တွေနဲ့ အရက်တွဲသောက်မိတဲ့ ကျွန်တော့်ပါဗျင်းမယ် ကြိမ်းဝါးထားတော့ အခု ... ကော့မှူးမှာ ကျွန်တော် မိန်းမ သွားတောင်းဖို့ဟာ ဝင်းနိုင်ရဲ့ဘကြီးသံယောင်းမကိုပိန်တို့အုပ်စုကို ကြောက်လို့ မသွားရဲသေးဘူး။

ဒီမြို့က ဝင်းနိုင်ခေါ်တုတ်ကြီး သေမည့်အစား ...

လက်ကမြင်းကျောထတဲ့ ဝင်းနိုင်(ရွှေပြည်သာ) သေသွားရင် ဘယ်လောက်ကောင်းမလဲ။ ဒီလိုလည်း ကြံဖန်စဉ်းစားတာပေါ့ဗျာ။

ဒီလိုနဲ့ သချိုင်းအုတ်ဂူပေါ်က စာတွေ၊ မှတ်တိုင်တွေပေါ်က စာတွေ လိုက်ဖတ်ရင်း တစ်နေရာမှာ မြေကြီးကျင်းတူးနေတဲ့ ကျောပြောင်ဆေလူး လူကြီးတစ်ဦးကို တွေ့လိုက်ရပါရော။

လူကြီးက သချိုင်းအလုပ်သမားပဲနဲ့ တူတယ်။

မြေကြီးကျင်း တူးနေပုံက ခပ်ရှည်ရှည် ကျဉ်းကျဉ်းဆိုတော့ ရေတွင်းလည်း မဖြစ်နိုင်ဘူး။ အိမ်သာကျင်းလည်း မဖြစ်နိုင်ဘူး။

လူသေမြှုပ်ဖို့ တူးတာနေမှာ။

ခမျာရဲ့ ကျောပြောင်ကြီးဟာ ချွေးနဲ့ မြေကြီးမှုန်တွေ ပေကျံနေတယ်။ ခေါင်းပေါ်မှာလည်း မြေကြီးစတွေ တင်လို့။

''ဦးလေး ... ပြီးပြီလား''

ကိုယ်ကလည်း မိတ်ဖွဲ့ချင်လို့ မေးလိုက်တယ်။

''ခုနမှ တူးတာ ပြီးမလားကွ။ မင်းတို့မသာကရော အခု ရောက်ပြီလား''





ဟိုက် ... သွားပါရောဗျာ။ ကျွန်တော့်ကို မသာရှင်မှတ်ပြီး ပြောဟန် တူရဲ့ဗျာ။

''ဦးလေး ... ကျုပ် မဟုတ်ဘူးဗျ''

''မင်းမဟုတ်တာတော့ သိတာပေါ့ကွာ။ သေတဲ့လူက ငါ့ဆီလာပြီး ပြီးပလားလို့ မေးပါ့မလား။ မင်းမဟုတ်ရင် တိတ်တိတ်နေကွာ .. ထွီ''

သူက ကျွန်တော့်မျက်နှာကို ကြည့်ပြီး ပင်ပန်းဒေါသသံနဲ့ ပြောလိုက်တာဗျာ။

အလို ... လူကြီးက သွားခေါ်ကြီးပါလား။ ဟုတ်ပြီ ... ဒါဆို ဒီလူကြီးက စဏ္ဍာလ ဦးပေါက်ခေါ်နေမှာပဲ။

''ဦးလေးက ဦးပေါက်ခေါ်လားခင်ဗျ''

''ဟေ့ကောင် ... မင်းက ဘာလဲ ... ရဲလား၊ မှတ်ပုံတင်ရှုံးတာလား''

''ဦးပေါက်ခေါ်နဲ့ တွေ့ချင်လို့ပါဗျာ''

''ဘာလဲ နောက်တစ်လောင်း အပ်ဖို့ပဲလားကွ''

''ဗွီ ... ခင်ဗျားဗျာ ... ကျက်သရေမရှိတဲ့စကား အတော်ပြောတဲ့ လူပဲကိုးဗျ။ ဦးပေါက်ခေါ် ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး ပြောမှပေါ့ဗျာ။ ဖွ ... ဟဲ့ ... လွဲပါစေ၊ ဖယ်ပါစေ၊ သေမဲ့သေရင် ဒင်းယောက္ခမပဲ သေပါစေဗျာ''

''ဒီမှာ ... ဟေ့ကောင် ... သချိုင်းကုန်းဆိုတာ မင်္ဂလာရှိတဲ့နေရာကွ။ မင်း နားလည်လား''

ကျွန်တော်လည်း နည်းနည်း စိတ်တိုသွားပြီဗျာ။ စာရေးဆရာကိုများ စဏ္ဍာလလိုလူက သချိုင်းကုန်းဆိုတာ မင်္ဂလာရှိတယ်ပြောတော့ ဘယ်ခံမှာလဲ။

''ဒီမှာဗျ .. သချိုင်းကုန်းဆိုတာ အိမ်မှာထားလို့မရတဲ့ အ,မင်္ဂလာ လူသေတွေကို မြှုပ်တဲ့နေရာ။ မသန့်တဲ့ နေရာ၊ ရွံစရာကောင်းတဲ့ နေရာဗျ ခင်ဗျား စာမတတ်ဘဲနဲ့ မပြောနဲ့။ ကျုပ်က စာရေးဆရာ''

ဒီလို ကျွန်တော်ကလည်း အကျီလက် ပင့်ပြီး ပြန်ပြောတော့ သူကလည်း ပေါက်တူးကြီး ကျင်းနှုတ်ခမ်းပေါ် တင်ပြီး ပုဆိုးတိုတို ပြန်ဝတ်ပါရော။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ပုဆိုးဖြန့်ဝတ်မှ လူကို ကြက်သီး ဖြန်းခနဲ ထသွားတာပဲ။ ဒါမျိုး လူတစ်ရာမှာ တစ်ယောက် ရှိမယ်မထင်ပေါင်ဗျာ"

"ဒီမှာ ... ဟော့ကောင် ... မင်းက စာရေးဆရာ ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်က စာရေးဆရာပဲ။ ဘာဖြစ်လဲ"

"စာရေးဆရာ ... မင်း မင်္ဂလသုတ် အလွတ်ရလား"

"အဲ ... အဲ ... ရတာပေါ့ဗျ"

"ရရင် ဆိုစမ်းကွာ"

"အဲ ... အဲ ... ယံ မင်္ဂလံ ... နေပါဦး ... ကျုပ်က ခင်ဗျား လို မသာကျင်းတူးတဲ့လူကို ဘာလို့ ဆိုပြရမှာတုံး။ ကျုပ် လူတစ်ယောက် လာရှာတာ"

"အပေတယံဂါထာကော ရလား"

"ကျုပ် ဒါတွေ ရွတ်ပြဖို့ လာခဲ့တာ မဟုတ်ဘူး"

"မှတ်ထားကွ ... ငါရွတ်ပြမယ် ... နားထောင်"

ဒီမှာ သူက မင်္ဂလသုတ်ကို ရွတ်ပြတယ်။ ပြီး ဥဒေါင်းမင်းပရိုဖက်ကို ရွတ်ပြတယ်။

"မေတ္တာသုတ်ရော နားထောင်ဦးမလား ... ပြော"

"မလိုပါဘူးဗျာ ... ဒီမှာ ကျုပ် ..."

"ဟော့ကောင် ... စာရေးဆရာ၊ ငတုံးရ ... ငါတို့ သချိုင်းကုန်း ဆိုတာ ချစ်လှချည်ရဲ့လို့ ပြောငိုပြီး သေတဲ့မယား၊ သေတဲ့လင်ကို အိမ်ထောင်မှာ (၇)ရက်ပြည့်အောင် မထားတဲ့ အချစ်တစ်ခန်းရပ် လူတန်းစားတွေ အဆုံး မရှိတော့တဲ့ လင်၊ မယား၊ သား၊ သမီး၊ ဆရာ ... လူသေတွေကို လိုလို လားလား လက်ခံတဲ့နေရာကွ။ အသုဘပို့လာတဲ့လူတွေကို ဟောဟိုရှေ့က ကျောက်တလားပေါ် ပုပ်စော်နံတဲ့ခေါင်း ရှေ့ထားပြီး သံဃာတော်အရှင် သူမြတ်တွေက အသုဘရှုတရား ဟောကြားတာ။ ချစ်ခင်ပေါင်းသင်း ဆို ဆံခြင်းသည် ကွေကွင်းနောက်ဆုံး ဖြစ်လေသတည်းဆိုတဲ့ သမုဒယ သံယောဇဉ် အစွဲတွေကို တရားပြ ဖြတ်တောက်သန့်စင်ပေးတဲ့ နေရာက ဥပုသ်နေ့ ဘုန်းကြီးကျောင်းမှာ သီလယူ တရားနာတာနဲ့ ဟောဒီ သချိုင်း ဇရပ်မှာ အသုဘရှုတရားနာရတဲ့အသိ ကွဲပြားတယ်။ မင်း နားလည်လား





ဒီနေရာဟာ အသုဘရှင် မိသားစုတွေကို အပူငြိမ်းပေးတဲ့ နေရာ။ အပူသည် တွေရဲ့ မျက်ရည်ကို သုတ်ပေးတဲ့နေရာ။ ဒီနေရာကနေ အသုဘရှုတရား နာကြားရပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲတဲ့ တရားအသိလေး တန်ဖိုးရှိစွာ ရပြီး အိမ်အပြန် မျက်နှာပန်းလှအောင် လုပ်ပေးတဲ့ နေရာ။ မင်္ဂလာရှိတဲ့၊ တျက်သရေရှိတဲ့၊ လာအိပ်တဲ့၊ ကျင့်ကြံပွားများအပ်တဲ့နေရာ။ မင်္ဂလာ မရှိ တာက အသက်ရှင်ပြီး လောဘ၊ ဒေါသ၊ မောဟ၊ တဏှာရာဂတွေ လောင် မြိုက်ပြီး ပြာပူထဲ လူးလွန့်ပျော်ပိုက်နေတဲ့ မင်းတို့လို လူစားတွေ နေတဲ့ နေရာ။ နားလည်ပလား ... ထွီ"

ကျွန်တော် မြေကျင်းတူးတဲ့ စဏ္ဍာလကြီးရဲ့စကားတွေကို နား ထောင်ပြီး ငိုင်သွားခဲ့တယ်ဗျာ။

သူပြောတဲ့ စကားတွေက သိပ်မမှားဘူးပဲ။

သုသာန်သချိုင်းကနေ မင်္ဂလာရှိသော အသိတရား၊ မွန်မြတ် တန်ဘိုးကြီးသော အသိတရားတွေ ရနိုင်ပုံ၊ ရယူသွားပုံတွေကို သူ ဒီဌာနမှ အကျပြောနေတာပဲ။ ကျွန်တော် သူ့ကို အထင်သေးမိတာ မှားပြီပေါ့ဗျာ။

"ဦးလေး ..."

"ဘာတုံး"

"ကျွန်တော် မှားတယ်၊ ဦးလေး မှန်တယ်။ ကျွန်တော် ... တောင်းပန်ပါတယ်ဗျာ"

"အေး ... အမှားကို အမှားလို့သိတာ မမှားသေးတာပဲလို့ ငါ တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဖသတ်တဲ့ အဇာတသတ်ဘုရင်ကို ပြော ဟောခဲ့သားပဲ။ အခု မင်းလည်း မမှားတော့ ဘူး"

"ဦးလေးက ဦးပေါက်ခေါ် ပါလားခင်ဗျာ"

"ဟုတ်တယ် ... သချိုင်းစောင့်ပေါက်ခေါ်လည်း ငါပဲ၊ စဏ္ဍာလ သုပ်လည်း ငါပဲ၊ မြေတူး၊ မြေမြှုပ်လည်း ငါပဲ။ ဒီကောင် ပေါက်ခေါ်ပဲကွ"

ဦးပေါက်ခေါ်က သူ့ရင်ဘတ်ကို လက်ဝါးနဲ့ပုတ်ပြီး ရင်ကော့ပြော နေတယ်ဗျာ။

"မင်းကြည့်ရတာ ဒီဒေသသား ဟုတ်မယ်မထင်ဘူး"

"ကျွန်တော် ရန်ကုန်မြို့ကပါ"

"မင်း ဘယ်သူ့ကို လာရှာတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



''ဦးကြီးဝေသာလီကို လာရှာတာပါ။ ဘုန်းကြီးကျောင်းမှာ မတွေ့ရင် ဝက်လူးကုန်းသချိုင်းက သချိုင်းစောင့်ဦးပေါက်ခေါ်ကိုမေး ဆို လို့ပါ''

''ဘာကိစ္စ တွေ့ချင်တာတုံး''

''မေးစရာ ရှိလို့ပါဗျာ''

''သူက လူတစ်မျိုးကွ ... စာရေးဆရာရဲ့''

''ဘယ်လိုလူတစ်မျိုးပါလဲ ... ဦးပေါက်ခေါ် ခင်ဗျ''

''သူ့ကိုတွေ့ဖို့ မလွယ်သလို၊ သူနဲ့စကားပြောရတာလည်း ခွကြ တယ်ကွ။ ဝေသာလီက စကားပြောချင်ရင်လည်း အမှျင်မပြတ်ပြောတယ် နားထောင်မဲ့သူ ထပြေးအောင်တောင် ပြောတယ်။ အေး ... စကားမပြော ဘူးဆိုရင်လည်း တေမိမင်းသားအတိုင်းပဲ လုံးဝမပြောဘူး။ စာတွေ ဖတ်နေ တယ်''

''ဘယ်လိုပဲ ခွကျကျ သူနဲ့ကျွန်တော် စကားပြောဖူးတယ်ဗျာ ဦးလေးပေါက်ခေါ် သွားပြောပေးပါ။ ရန်ကုန်က စာရေးဆရာ ရောက်နေ တယ်လို့ နော်ဦးပေါက်ခေါ် ... ကူညီပါဗျာ နော''

''ကူညီပါရစေဆိုတာ ရဲစခန်းမှာချိတ်ထားတဲ့ စာတမ်းကွ။ ငါက စဏ္ဍာလ ... သချိုင်းစောင့်။ လူသေမြှုပ်ဖို့ ကျင်းတူးရမှ ပိုက်ဆံငါးကျပ် ရတာ။ သေတဲ့လူများရင် ... အဲ ... အဲ ... တစ်နေ့ သုံးလေးလောင်း လာရင် ငါ့အတွက် ကိုက်တယ်။ တစ်နေ့တစ်လောင်း လာရင် ငါ့အရက် ဖိုးတောင် မရဘူး။ ဒီနေ့ ဒီတစ်ကျင်းပဲ ဈေးဦးပေါက်သေးတယ်ကွ''

''ကျွန်တော် အရက်ဖိုးပေးမှာပါဗျ ... လုပ်ပါ''

''မင်းက ဘယ်လောက်ပေးမှာတုံး၊ ရှင်းရှင်းတော့ လုပ်လေ''

အတော့်ကိုကပ်တဲ့ စဏ္ဍာလပါဗျာ။ ဒီလိုလူစားမျိုးများ ဌာနဆိုင် ရာမှာ ညွှန်ကြားရေးမှူးများဖြစ်ရင် တစ်နှစ်အတွင်း တိုက်နဲ့၊ ကားနဲ့၊ မယား မြှိုင်နဲ့ ဖြစ်မှာ သေချာတယ်။

''အရက်တစ်လုံးကို ဘယ်လောက်လဲ ... ပြော''

''ဘီအီး အစိုးရထုတ် (၁၂)ပက်ဝင် တစ်လုံးဆိုရင် (၃) ကျပ် ပြား (၆၀) ဆယ်ပေးရတယ်။ ထွေးညိုဆိုရင် မီးတောက်တစ်လုံး (၅)ကျပ် ဖါးတားတစ်ဝက် အယ်လ်ကိုဟောတစ်ဝက် ထွေးညိုဆို (၃)ကျပ်ပေး တယ်။ ငါက မီးတောက်အရက်ပဲ သောက်တယ်။ သိပ်တော့ မသောက်ပါ





ဘူးကွာ မသာများလို့ တစ်နေ့ သုံးလေးငါးကျင်း တူးရတဲ့နေ့ဆို မီးတောက် တစ်နေ့(၃)လုံးလောက် ဖျောရတယ်ကွ ... ကြည့်လုပ်ပေါ့ကွ''

''အခု ခင်ဗျား ဂိတ်ကြေးတောင်းတာပေါ့ ... ဟုတ်လား''

''လာဘ်စားတယ်လို့ ယူဆရင် ကြိုက်ရာတိုင်ပါ ... ငါ့လူ။ ပါတီ ကောင်စီလွှတ်တော် ကြိုက်တဲ့နေရာ သွားတိုင်ပါ။ ကုလသမဂ္ဂတိုင်ချင်လည်း တိုင်ပါ။ မင်းတိုင်ရင် ငါ အဖမ်းခံရမှာလား။ ငါတိုင်ရင် မင်း အဖမ်းခံရ မလားဆိုတာ မယုံရင် စမ်းကြည့်လေ။ ငါ့နာမည် စဏ္ဍာလပေါက်ခေါ်တဲ့''

''ခင်ဗျားက ကျုပ်အဖမ်းခံရအောင် ဘာအမှုနဲ့ တိုင်လို့ရမှာလည်း ဗျ ... ဦးပေါက်ခေါ်ရဲ့၊ ခင်ဗျားက ဘာဥပဒေ တတ်နေလို့လဲ''

''ဟ ... စာရေးဆရာ ... ငတုံးရဲ့၊ မင်း အခု ငါ့အလုပ်ဝတ္တရား ကို နှောင့်ယှက် ဟန့်တားနေတာလေ။ ငါ မြေတူးကျင်း ကောင်းကောင်းတူး မရအောင် မင်း လာနှောင့်ယှက်နေတာလေ။ အလုပ်ဝတ္တရား နှောင့်ယှက် မှုနဲ့တိုင်ရင် ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူး။ စဏ္ဍာလတိုင်လည်း မင်း အရေးယူ အဖမ်းခံရမှာပဲ သဘောပေါက်''

တကယ့်လူဗျာ ... သချိုင်းကုန်းမှာ မြေကြီးတူး လူသေကောင် မြှုပ်တဲ့အလုပ် လုပ်နေလို့သာပေါ့။ ဒီလိုလူမျိုးသာ ပြည်သူ့တရားစီရင်ရေး တရားသူကြီးအဖွဲ့မှာ ပါရင် ကျွန်တော် ဒီဝတ္တရားနှောင့်ယှက်မှုနဲ့ အနည်း ဆုံး ထောင် (၆)လကျဖို့ သေချာတယ်။

''ဒါဆို အကျိုးဆောင်ခ (၁၀) ပေးမယ်ဗျာ''

''(၁၀)က အရက်ဖိုးပဲရှိတယ်။ အမြည်းဖိုး မပါဘူး။ အမြည်းက ဝက်ခေါင်းသုပ်တစ်ပွဲ (၁)ကျပ်၊ အစိမ်းကြော် ဝယ်မြည်းရင် (၂)ကျပ်ခွဲ၊ ကြက်ဥ ဟပ်ဘွိုင် (၂)လုံးပါရင် ...''

''ဟော့လူ ... ခင်ဗျားက စဏ္ဍာလပါးစပ်နဲ့မတန်အောင် ကြီးကြီး ကျယ်ကျယ် သိပ်ပြောတာပဲ။ ဘယ်လောက်ပေးမှ သွားခေါ်မလဲသာ ... ပြော''

''မင်းက ဝယ်သူပါ ... စာရေးဆရာ၊ ငါက ရောင်းသူ။ ဒါမှ မဟုတ် ကြားပွဲစားပါ။ ငါ ဈေးဖျက်လိုက်ရင် မင်း ရှုလည်သွားမယ် ... နားလည်လား။ ဒီမှာ မင်းလည်း ဈေးမဆစ်နဲ့။ ဒါ သချိုင်းကုန်း။ စဏ္ဍာလ နဲ့ စကားပြောရင် ဈေးမဆစ်နဲ့ ကျင်းတူးခ စရိပ်ပါတောင်းလိုက်လို့ မင်းအမျိုး ပါ မာလကီးယားသွားမယ်ကွ။ ငါ့ကို ငွေ(၂၀)ပဲပေး''



www.burmeseclassic.com

www.burmeseclassic.com



"ရော့ဗျာ ... ရော့ ... စဏ္ဍာလတွေ ကျုပ် အများကြီး တွေ့ဖူးတယ်။ ခင်ဗျားက စဏ္ဍာလ ဓားပြပဲ။ ပါသမျှ တိုက်ယူတဲ့လူပဲ ... ဗို"

"ငါသွားရာမယ်။ ခေါ်လို့ ရတာမရတာ ငါ့အလုပ် မဟုတ်ဘူးနော်"

"ဘာပြောတယ်ဗျ ... ခင်ဗျားကို ငွေ (၂၀) ပေးပြီးပြီလေဗျာ"

"မင်း ငွေ (၂၀)က သူနေတဲ့နေရာကို သွားကြည့်ခ လူအပါ ခေါ်ခဲ့ရမယ်ဆို ငွေ (၂၀) နဲ့ ပေါက်ခေါ် လုပ်မစားဘူးကွ။ ကြိုးတုပ်ဆောင့်ကန် ခေါ်ခဲ့ရရင် မင်း ငွေထပ်ပေးရမှာ။ ငါက ခပ်ကြမ်းကြမ်း ကိုင်ရမှာ။ မင်း ရန်ကုန်လူမိုက်ကြီး လမ်းမတော်ဖိုးတုတ် ကြားဖူးလား"

"ကြားဖူးတယ် ... ဘာဖြစ်လဲ"

"လမ်းမတော်ဖိုးတုတ် ယူတဲ့ဈေး မယူပါဘူးကွာ။ ပုစွန်တောင် ဖိုးဆိုတဲ့ လူမိုက်ယူတဲ့ဈေးပဲ ယူပါ့မယ်၊ ကျေနပ်လား"

ကျွန်တော် ဒေါပွသွားပြီဗျာ။

ဒါတော့ ဒီစဏ္ဍာလက မျက်နှာစိမ်းဆိုပြီး အချဉ်ဖမ်းနေတာ။

"တော်ဗျာ ... ကျုပ်ပိုက်ဆံ ပြန်ပေးတော့။ ဒီမှာဗျ ... စဏ္ဍာလကြီးရ ... ကျုပ် ရန်ကုန်သား လိပ်စာမသိလည်း တွေ့အောင်ရှာတတ်တယ်။ ခင်ဗျား ရှာစရာမလိုဘူး ... ပေးဗျာ"

ကျွန်တော် ဒေါပွပြီး ငွေ (၂၀) ပြန်တောင်းရော ...

သူ ပေါက်ကွဲနေတဲ့ ကျွန်တော့်မျက်နှာကို ကြည့်လိုက် ...

လက်ထဲက (၅)ကျပ်တန် (၄)ရွက်ကို ကြည့်လိုက်လုပ်ရင်း မျက်လုံးပြူးနေတယ်။

"ငါ့လူ ... မင်း တကယ်ပြန်တောင်းတာလား"

"ခင်ဗျားလုပ်ပေါက်က ဓားပြတောင် ဖအေခေါ်ရမယ့် လုပ်ပေါက်လေ။ ကျုပ် အချဉ်မဟုတ်ဘူး"

"ဒီလိုလား ... ရော့ ... မင်းပိုက်ဆံ။ ငါ မင်းစိတ်ဓာတ်ကို သိသွားပြီ ... ရော့"

ကျွန်တော် သူ့လက်ထဲက ပိုက်ဆံတွေကို ဆတ်ခနဲ ဆွဲယူလိုက်ရာ၊ ဆွဲယူတဲ့ ကျွန်တော့်လက်ကို သူက ဖျတ်ခနဲ လှမ်းဆုပ်လိုက်ပါရောဗျာ။





ကျွန်တော်လည်း လန့်သွားပြီ။

ကျွန်တော့်ကို လည့်ပင်းညှစ်သတ်ပြီး ...

ဒါမှမဟုတ် ပေါက်တူးနဲ့ ခုတ်သတ်ပြီး တူးလက်စကျင်းထဲ ထည့်မြှုပ်လိုက်ရင် ...

အမယ်လေး ... ငါတော့ ဒီနေရာလာတာ မှားပြီ။

သန်လိုက်တဲ့ လူကြီးဗျာ ... ပြုတ်တူနဲ့ ညှပ်ထားသလိုပဲ။

"ဟေ့လူ ... ခင် ... ခင်ဗျား ... ဒါ ... ဒါဘာလုပ်တာလဲ"

"မကြောက်ပါနဲ့ ... ငါ့လူရာ၊ မင်းပိုက်ဆံလည်း ငါ မယူပါဘူး။ ဝေသာလီရှိတဲ့နေရာ ငါလိုက်ပြမယ် ... လာ"

ပြောရင်း သူဆုပ်ကိုင်ထားတဲ့လက်ကို လွှတ်လိုက်တယ်။

ကျွန်တော့်ညာလက်ကောက်ဝတ်မှာ သူ့လက်က သချိုင်းမြေကြီးမှုန်တွေ ပေကုန်ပြီ။ သူ ရှေ့ကနေ ပုဆိုးကို တိုအောင်ဝတ်ပြီး သွားနေတယ်။

ဟုတ်ပါ့မလား ...

လိုက်လို့ ဖြစ်ပါ့မလား ...

"လာလေကွာ ..."

သူကလှည့်ကြည့်ပြီး လှမ်းခေါ်တယ်။ ဖြစ်ချင်ရာဖြစ်ဗျာ ကျွန်တော် သူ့နောက်ကနေ လိုက်သွားလိုက်တယ်။ သချိုင်းကုန်းထဲက မြေပုံတွေ၊ ဂူတွေကို ကျော်ခဲ့ပြီးနောက် သချိုင်းကုန်းနောက်က မြေစိုက်သာသာ တဲတစ်လုံးရှေ့ကို ရောက်ခဲ့တယ်။

"ဗျို့ ... ကိုဝေသာလီ ... ဒီမှာ ဧည့်သည်ပါတယ်ဗျို့"

တဲကုပ်ထဲက ပြန်ထူးသံ မကြားရဘူး။

"ကိုဝေသာလီ ... ကျုပ် ဝင်ခဲ့မယ်နော်။ သောက်ရမ်းတော့ မလုပ်လိုက်ပါနဲ့ဗျ"

"ဦးပေါက်ခေါ် ..."

"ဘာလဲကွာ ..."

"ဘယ်လိုသောက်ရမ်း လုပ်တတ်လို့တုံးဗျ။ ကျုပ်တောင် ကြောက်လာပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူက နား သိပ်ပါးတယ်။ စစ်သား လူထွက်လေကွာ။ သူက လူတိုင်းကို မယုံဘူး။ အသံမပေးဘဲ ဝင်လာရင် မားမြှောင် (၂)ချောင်း (၃) ချောင်း ပြေးဝင်လာပြီး ငါတို့ရင်ဝ စိုက်သွားမှာပေါ့ကွ"

"အမယ်လေး ..."

ဦးပေါက်ခေါ်က အသံပြုပြီး တဲထဲကို ဝင်သွားတယ်။ ကျွန်တော် လည်း လိုက်ဝင်တယ်။ တဲအခင်းပေါ်က ဂုန်နီအိတ် အထိုင်လုပ်ထားတဲ့ သစ်သားပက်လက် ကုလားထိုင်ပေါ်မှာ ဦးဝေသာလီ စာဖတ်နေတာ တွေ့ ရတယ်။

သူ့အနီးမှာ သစ်သားချိုင်းထောက်နှင့်၊ ကြမ်းခင်းမှာစိုက်ထားတဲ့ မားမြှောင် (၃)ချောင်းကို ကြက်သီးထဖွယ် မြင်လိုက်ရတယ်။

ဦးပေါက်ခေါ်ပြောတာ ဟုတ်မှာပဲ။ ဒီဓားတွေနဲ့ ပစ်လိုက်ရင် ရင်ဝ ကိုစိုက် ... အမယ်လေး။

"ကိုဝေသာလီ ..."

" ............ "

"ကျုပ်ခေါ်တာ ကြားလား။ ကိုဝေသာလီ"

"........."

စကား ပြန်မပြောဘူး။ ရေးဟောင်း ပေစာရွက်တွေကိုပဲ စိတ် ဝင်တစား ဖတ်နေတယ်။ လှည့်မကြည့်ဘူး။ မော့မကြည့်ဘူး။

"စာရေးဆရာလေး"

"ပြောပါ ဦးပေါက်ခေါ်"

"ကျုပ် တာဝန်ကျေပါတယ်နော"

"ကျေးဇူးပါ ဦးပေါက်ခေါ်"

"ကျုပ်သိတယ်။ သူ ဒီနေ့ ဝစီပိတ်ကျင့်နေပြီ။ ဘာစကားမှ ပြောမှာမဟုတ်ဘူး။ ပြန်ကြစို့"

"မပြန်ဘူး"

"မင်းနေချင်နေခဲ့လေ။ ငါက ကျင်းဆက်တူးရဦးမယ်။ သွားမယ် နော်"

"ဦးပေါက်ခေါ်"

"ဘာတုံးကွာ"





"ရော့ ... ဦးပေါက်ခေါ် ကြိုက်သလိုသုံးဖို့"

ကျွန်တော် ငွေစက္ကူအချို့ကို သူ့လက်ထဲ ထိုးထည့်ပေးတယ်။ သူက မယူဘူး။ ငြင်းတယ်။ ပြန်ပေးတယ်။

"ကျွန်တော်စေတနာနဲ့ ပေးတာဗျာ။ စောစောက ပြောမိဆိုမိ တာတွေလည်း တောင်းပန်ပါတယ်။ ယူပါဗျာ။ နော်"

သူက ကျွန်တော်ပေးတဲ့ငွေကို လုံးဝ မယူဘူးဗျာ။

"စာရေးဆရာ မင်း ဆန္ဒကို ငါ ကူညီဖြည့်ဆည်းပြီးပါပြီကွာ။ ငါတို့ စဏ္ဍာလဆိုတာက လူ့အလွှာရဲ့ အောက်ဆုံးက လူတန်းစားပါ။ ငါ တို့ လုပ်အားခနဲ့ပဲ အရက်သောက်တယ်။ ထမင်းစားတယ်။ ဘယ်သူ့ငွေကို မှ လှည့်ပတ်ဖျားယောင်း မယူပါဘူး ငါ့လူရာ။ မင်းစိတ်ဓာတ်ကို သိချင် လို့စမ်းကြည့်တာပါ။ မင်း စိတ်ဓာတ်ကို ငါသိပါပြီ။ မင်းကလည်း တဖွတ် ဆိုး လူပြတ်ပဲ။ သွားပြီဟေ့"

စဏ္ဍာလဦးပေါက်ခေါ် တဲကုပ်ထဲကနေ ထွက်သွားတယ်။

အညကြဆင်းရဲသား လူ့နင်းပြား စဏ္ဍာလဖြစ်ပေမယ့် စိတ်ဓာတ် က မြင့်မြတ်သန့်ရှင်းတယ်။

ဘဝကို မရှုံ့ချဘူး။

သူ့ဘဝကိုသူ ကျေနပ်နေတယ်။

သူ့မှာ ဘဝရော၊ ဓမ္မရော ရှိနေတာကို ကျွန်တော် မြင်ခဲ့ရတယ် ဗျာ။ ဦးပေါက်ခေါ် ပြန်သွားတော့ တဲထဲမှာ ကျွန်တော်နဲ့ ခြေတစ်ဖက်မရှိ တဲ့ စစ်ပြန်ကြီး ဦးဝေသာလီပဲ ရှိနေတယ်။

လူကြီးက ပေစာရွက်တွေကိုပဲ တစ်ရွက်ဖတ်လိုက်၊ စဉ်းစားလိုက်။

"ဦးကြီး ..."

" ...... "

"ကျွန်တော် ဦးကြီးနဲ့ စကားပြောချင်လို့ပါ ခွင့်ပြုပါ"

" ....... "

လုံးဝ အရေးမလုပ်ဘူး။ စဉ်းစားလိုက်။ ခေါင်းကုတ်လိုက်။

"ကျွန်တော်သိချင်တာလေး မေးချင်လို့ပါ"

" ...... "

သူ့ကြည့်ရတာ ဦးပေါက်ခေါ်ပြောသလိုပဲ ဝစီပိတ်ကျင့်နေတဲ့ပုံပဲ ဗျာ။ မတတ်နိုင်ဘူးဗျာ။ သူမပြောလည်း ကြားတော့ ကြားရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာကိုပေးတဲ့လူကို သိလားဟင်"

"ဘယ်နေရာမှာ ဦးကြီးနဲ့ တွေ့ခဲ့တာတုံး"

"ဦးကြီးနဲ့ အဘရာကျော် ရင်းနှီးကြလားဟင်"

"အခု အဘရာကျော် ဘယ်နေရာမှာရှိလဲ ဦးကြီး"

"ကျွန်တော် အဘဦးရာကျော်နဲ့ တွေ့ချင်တယ်ဗျာ။ သူ့ကို အရေးတကြီးစကားတွေ ပြောစရာရှိလို့ပါ"

ဦးဝေသာလီက ပြန်မပြောဘဲ စာပဲဖတ်နေတယ်။

"ဦးကြီး စဉ်းစားကြည့်ဗျာ။ သူနဲ့ကျွန်တော်က ဆရာတပည့်တွေပါ။ ခရီးအတူသွားဖော်ပါ။ သူ ဘာဖြစ်သွားမှန်း မသိဘူး။ ကျွန်တော့်ကို လုံးဝ အတွေ့မခံဘူးဗျာ။ သူ့အပေါ် ကျွန်တော် သစ္စာမဖောက်ခဲ့ဘူးဗျ။ သူ့နောက်မှာ အန္တရာယ်တွေလိုက်နေတယ်လို့ ကျွန်တော်ထင်တယ်။ ဒီကိစ္စ ရှင်းပြချင်တယ်။ သူနဲ့တွေ့မှဖြစ်မှာမို့ အဘဦးရာကျော်ရှိတဲ့နေရာကို ကျေးဇူးပြုပြီး ပြောပြပေးပါ ဦးကြီးရာ။ ကျွန်တော် အန္တုအညွှတ်တောင်းပန်ပါတယ်။ အဘကို ကျွန်တော် စိုးရိမ်ပူပန်လို့ပါ"

လုံးဝပဲဗျာ။

ကျွန်တော်လည်း ပြောလို့ဝပြီ။

ဒါပေမဲ့ သူ့ရှေ့က ထမပြန်ဘူး။ ပေပြီးတော့ ထိုင်နေတယ်။

သူ စကားပြောကိုပြောရမယ်လို့ တွက်ထားတယ်။

အချိန်တွေ တရွေ့ရွေ့ကုန်လာခဲ့တယ်။ နာရီဝက်၊ တစ်နာရီ၊ နှစ်နာရီ။

ကျွန်တော် သူ့ရှေ့မှာထိုင်နေတာ အချိန်လေးနာရီ ရှိသွားပြီ။

သူ စကားမပြောဘူး။ စာဖတ်တယ်။ ပြီး ... ဗလာစာအုပ်မှာ ဖောင်တိန်နဲ့ မှတ်တမ်းရေးတယ်။ သူတော့ မပြောတတ်။

ကျွန်တော် ထိုင်ရတာ ညောင်းနေပြီ။

မကြာခင် မှောင်သွားတော့မယ်။

ကျွန်တော် စိတ်လျှော့လိုက်ပြီဗျာ။

ထိုင်ရာကနေ ထလိုက်တယ်။

အညောင်းကို ပြေသွားတာပဲ။ ကျွန်တော် ဦးဝေသာလီဆိုတဲ့ လူကြီးရှေ့မှာရပ်ရင်း ပြောလိုက်တယ်။





"ဦးကြီးဝေသာလီ ... ကျွန်တော် ခင်ဗျားကိုတွေ့ဖို့ အိန္ဒိယမှာရှိတဲ့ ဘုန်းကြီးကျောင်းအနှံ့၊ တောကျောင်းတွေအနှံ့ မေးမြန်းစုံစမ်းရင်း လိုက်ရှာတာ။ အခုမှ ဦးကြီးကို တွေ့ရတယ်။ ကျွန်တော် ဒီလို ဒုက္ခခံပြီးရှာနေတာ အကြောင်းရှိလို့ပါ။ ကျွန်တော် ဘတိုက်ပုံဦးရာကျော်ကို မတွေ့တွေ့အောင် ရှာမှာပါ။ မြေကြီးကို လှန်ပြီးရှာမယ်။ တိမ်တွေကို လက်နဲ့ဖြဲပြီး ရှာမယ်။ တကယ်တော့ ခင်ဗျားက ဟို စဏ္ဍာလ ဦးပေါက်ခေါ်လောက်မှ လူ့မှုရေးနားမလည်တဲ့ လူကိုးဗျ။ ဟုတ်ပါတယ်လေ ... တကယ်တော့ ခင်ဗျားက (ပိုစ်မန်း)စာပို့သမားအဆင့်ပဲ ရှိတာကိုး။ ကျုပ်မေးတဲ့မေးခွန်းတော့ ဘယ်ဖြေနိုင်ပါ့မလဲ။ မြန်မာမှာ စကားပုံရှိတယ်၊ ကြီးသူကိုရိုသေ၊ ငယ်တူကိုလေးစား ငယ်သူကို အလေးထားတဲ့။ ခင်ဗျားကို ကျွန်တော် ရိုသေပါတယ်။ စာတစ်စောင်ရောက်အောင် လာပေးတဲ့အတွက် ကျေးဇူးပါပဲ။ ကျုပ်သွားပြီ"

ကျွန်တော် တဲကုပ်အိမ်ထဲကနေ ထွက်လာခဲ့လိုက်တယ်။

ကျွန်တော် ကြီးသူကို ရိုသေပါတယ်။ အားကိုးပါတယ်။

ဒါပေမဲ့ သူ ငယ်သူ ကျွန်တော့်ကို အလေးမထားဘူး။

ခြေလှမ်းကို ခပ်သွက်သွက်လျှောက်လိုက်တယ်။ အပြင်မှာ လေခပ်နော့နော့ တိုက်နေတယ်။

"ဗိုး ..."

"ဒုတ် ..."

"ဟာ ..."

ဘုရားရေ ... နောက်ကနေ ဗိုးဆိုတဲ့အသံ ကြားရပြီး ကျွန်တော့်လက်ယာဘက် ကပ်လျက်က သရက်ပင်ကြီးမှာ ဓားမြှောင်တစ်ချောင်း လာစိုက်နေပါရောဗျာ။

ကျွန်တော့်ကို ရန်ပြုနေပြီဗျ။

ကျွန်တော် ကပျာကယာ လက်ဝဲဘက်က အုန်းပင်နံဘေးကို ပြေးကပ်ရှောင်လိုက်ရော ...

"ဗိုး ..."

"ဒုတ် ..."

"အားမလေး ..."



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြောက် ဓားမြှောင်တစ်ချောင်းက ကျွန်တော် ပုန်းကပ်လိုက်တဲ့ အုန်းပင်မှာ လာစိုက်ပြန်ပါရောဗျာ။ ဟုတ်ပြီ။ သေချာသွားပြီ။

ကျွန်တော့်ကို သတ်ဖို့လုပ်နေပြီ။

ဖြစ်ချင်ရာဖြစ်တော့ ဒီအတိုင်းတော့ စင်းစင်းအသေမခံဘူးဗျာ။

ပြန်တိုက်ပြီးမှ အသေခံမယ်။

ကျွန်တော် အုန်းပင်မှာစိုက်နေတဲ့ ဓားမြှောင်ကို အသာကွယ်ပုန်းလှမ်းပြီး နှုတ်လိုက်တယ်။ ဓားမြှောင်ရပြီဗျ။

ကိုယ့်ကို ဓားမြှောင်နဲ့ပစ်တာ ဘယ်သူလဲ။ မျက်လုံးဝေ့ကစားကြည့်လိုက်ရော ...

အလို ... ဟိုလူကြီး ဦးဝေသာလီပါလားဗျာ။

ဟင် ... ညာလက်ထဲမှာ တတိယမြောက် ဓားမြှောင်တစ်ချောင်းကို တဆဆလုပ်ပြီး ကျွန်တော့်ကို သရော်တော်တော် ကြည့်နေတာ။

လက်စသတ်တော့ သူကိုး။

ကျွန်တော့်လက်ထဲက ဓားမြှောင်အဖျား ဓားဦးကို ညာလက်ညှိုးပေါ်တင် လက်မနဲ့ဖိပြီး ပစ်ပေါက်ဖို့ အသင့်ပြင်လိုက်တယ်။

ကျွန်တော် ငယ်ငယ်တုန်းက အစ်ကိုလေးမြင့်သန်းတို့နဲ့ ပိုက်ဆံတစ်မတ်ကြေး ဓားပေါက်ကစားဖူးတယ်ဗျာ။ အခု အရွယ်ကြီးမှ ဓားမပေါက်တော့တာ။ အခုအနေအထားဟာ ကိုယ့်ကို သူ သတ်ဖို့ကြိုးစားနေတာ။

ကိုယ် အညှာခံလို့မဖြစ်ဘူး။ အသားလွတ် အသေခံလို့ မဖြစ်ဘူး။

ဦးဝေသာလီက သူ့လက်ထဲက ဓားမြှောင်ကိုပစ်ဖို့ တဆဆ လုပ်နေချိန်မှာပဲ ကျွန်တော် လက်ထဲက ဓားမြှောင်ကို တန်းပစ်ဓားပေါက်ချက်နဲ့ သူ့ရင်ဝရှိရာ တန်းခနဲ ပစ်ထည့်လိုက်တယ်။

"သေစမ်းကွာ ... ကိုင်းဟ"

တိုက်နေတဲ့လေကိုခွဲပြီး ဓားပြေးတဲ့အသံကို ကြားရတယ်။

"ဖတ်"

"ဟင် ..."

"ဘုရားရေ ... ဘယ်လိုလူကြီးလဲဗျာ"

သူ့ရင်ဝရောက်ခါနီးကျမှ သူက ညာခြေကိုနောက်ဆုတ်ပြီး ဝင်လာတဲ့ဓားကို ဘယ်လက်နဲ့ လှစ်ခနဲ လှမ်းဆုပ်ဖမ်းလိုက်တာ။





ဦးဝေသာလီလက်ထဲမှာ အရှိန်နဲ့ပြေးဝင်တဲ့ဓားမြှောင်က ဆုပ်မိလျက်သား။ ကျွန်တော် အံ့သြသွားသလို သူလည်း အံ့သြပြီး မျက်လုံးမျက်လုံး ကျယ်သွားတယ်။

သူ ဓားကို အပေါ်က အုပ်ဆုပ်ထားရင်း ကျွန်တော့်ကို ခေါင်းတညိတ်ညိတ်ကြည့်ရင်းက ...

"မင်း ဓားပစ်ချက်က အတော်ပြင်းတယ်။ မရှောင်ရင် ငါ ပွဲချင်းပြီးပဲ"

အလို ... သူ စကားပြောပြီဗျ။

သူ့လေသံက အသံမာတယ်။ သူ ဘာလုပ်ဦးမလဲ မသိ။

"မင်းဓားချက်ကို ငါ ဖမ်းရတာ မျက်ရည်ကျချင်တယ် စာရေးဆရာ ဒီမှာကြည့်စမ်း"

"ဟာ ..."

သူက ဓားဆုပ်ထားတဲ့ ဘယ်လက်ကို နည်းနည်းမြှောက်ပြလိုက်ရော အို ... ဆုပ်ထားတဲ့ လက်ဝါးကြားက နီရဲရဲသွေးစက်တွေ တစက်စက်ကျလို့ပါလား။

"ခင်ဗျားက အကောင်းသဘောနဲ့ လာတဲ့ကျုပ်ကို သတ်ဖို့စပစ်လို့"

"ငါ မင်းကိုနောက်ပြောင်တာပါ စာရေးဆရာ။ မင်း ဘယ်လိုလူစားစစ်စစ်လဲ သိချင်လို့။ နောက်ပြောင်ပြီး ခြောက်ပစ်လိုက်တာပါ။ ဒါ ငါ့အမှားပါ။ မင်းကို ငါသတ်ချင်လို့ ပစ်မယ်ဆိုရင် ဓားနှစ်ချောင်း ပစ်ပေါက်ရာမလိုဘူး။ ဒီမှာကြည့် ..."

"ဝှစ်"

"ခွပ် .."

"ဟော့ ..."

"ဟာ ..."

ဦးဝေသာလီက သို့ကလိုပြောရင်း ညာလက်ထဲက ဓားမြှောင်ကို ရှုတ်ခနဲပစ်လိုက်တာ။ ဓားပြေးသံတိုပြီး ပစ်ဓားဦးက ပထမတစ်ချက် သူပစ်လိုက်တဲ့ သရက်ပင်ပေါ်က မချစ်စုသရက်သီးကို ထုတ်ချင်းပေါက်စိုက်ပြီး သရက်သီး ပြုတ်ကျလာတာ။



www.burmeseclassic.com

www.burmeseclassic.com



မြန်လိုက်တာဗျာ။ လွှားခနဲပြေးလာပြီး ညာလက်နဲ့ဖမ်းလိုက်တာ။ ဓားထုတ်ချင်ခတ်နဲ့ မချစ်စုသရက်သီး သူ့လက်ထဲမှာ မိလို့။

"ယုံရဲ့လား စာရေးဆရာ"

"ယုံပါပြီ ဦးကြီးဝေသာလီရယ်။ ကျွန်တော် တောင်းပန်ပါတယ်"

"မင်း မတောင်းပန်ပါနဲ့။ ငါ တောင်းပန်ရမှာပါ။ သိချင်စိတ် ပြင်းပြစွာနဲ့ ကိုယ့်ဆီလာခဲ့တဲ့လူကို အရေးမပါမတူမတန် မထီမဲ့မြင်လုပ်မိတာက ငါပါ။ ငါတောင်းပန်ပါတယ်"

"ကျွန်တော် လက်ကဒဏ်ရာကို ဆေး . . . ဆေးထည့်ပေးပါရစေ ဦးကြီး။ သွေးထွက်များနေတယ်"

"အင်း . . . ဒီအရည်အချင်းမျိုးဆိုရင် သုံးလို့ရပြီပေါ့ကွာ။ လာ အထဲကိုဝင်"

အထဲရောက်တော့ သူက နှီးကြောဖာတောင်းလေးဖွင့်ပြီး အရက်ပြန်ပုလင်းကို ထုတ်တယ်။ ကျွန်တော်က သူ့လက်ဝါးပေါ်က ဓားရှဒဏ်ရာကို ရေနဲ့ဆေးလိုက်ရော . . . ကျွန်တော် စိတ်မကောင်းလိုက်တာဗျာ။

ဓားသွားက လက်ဝါးကို အရှိန်နဲ့ လှီးလိုက်သလိုဖြစ်ပြီး လက်ဝါးပြင်အရေပြား လေးလက်မခန့် ရှပြဲသွားတာကိုးဗျာ။

"ဦးကြီး"

"ဘာလဲကွ"

"ကျွန် . . . ကျွန်တော် တောင်းပန်ပါတယ်ဗျာ နော်"

"ငါ မင်းကို ခွင့်လွှတ်ပါတယ်။ မင်းရဲ့ ရှေ့ခရီးမှာ မင်း သေနတ်ကိုပဲကြောက်။ ဓားကတော့ မင်း အတော်စိတ်ချရတယ်ဟေ့"

သည့်နောက် အရက်ပြန်နဲ့ ပြန်သန့်စင်ပြီး အနာကျက်၊ ဒဏ်ရာကျက် ဆေးနီရည်လောင်းချပြီး ဂွမ်းအုပ် ပတ်တီးစည်းပေးလိုက်တယ်။

"သောက်ဆေးရော ရှိလား ဦးကြီး"

"ငန်းဆေးကြီးရှိတယ်။ ထားလိုက် . . . တို့ စကားပြောရအောင်ကွယ်"

"ဟုတ်ကဲ့"

"မင်းသိချင်တဲ့အကြောင်း ငါ ဝစီပိတ်လုပ်နေတုန်း မင်း မကျေမနပ်ပြောသွားလို့ ငါသိပြီးပါပြီ။ ငါက လူတစ်မျိုးကွ စာရေးဆရာရဲ့ ငါ





ဝစီပိတ်ထားရင် ဘယ်လိုလူကိုမှ စကားမပြောတော့ဘူး။ ဒါကြောင့် ငါ့ကို လူထူးဆန်းလို့ လူရင်းခါတ်သိတွေက ဝေဖန်ကြတာ။ ကိုယ့်အကြောင်းနဲ့ကိုယ် စာဖတ်မယ်၊ တွေးမယ်။ ရှေ့ရေးကို စဉ်းစားမယ်။ ဒါ အလုပ်လုပ်နေတာလေ။ ဒီအချိန်မှာ စကားလာပြောလို့ ပြန်စကားပြောရရင် ငါ့အလုပ်တွေ ပျက်ပြီပေါ့ကွာ ဟုတ်ရဲ့လား"

"ဒါဆို ကျွန်တော်လည်း ဦးကြီးရဲ့အလုပ်ကိုမျှား"

"အေး . . . မင်းလည်း ငါ့အလုပ်ကို လာနှောင့်ယှက်တာပဲ။ ဒါပေမဲ့ ငါ့ဆီလာတဲ့လူအချို့လို ပေါက်ပန်းဈေးစကားတွေ ပြောတဲ့ လူစားမျိုး မဟုတ်ဘူး။ မင်းမှာ လျှို့ဝှက်ချက်ရှိတယ်။ မင်း လူတစ်ယောက်ကို လိုက်ရှာနေတယ်။ အဲဒီလူက ငါ မင်းကိုပေးခဲ့တဲ့ စာစောင်ပိုင်ရှင် . . . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"မင်း သူ့နောက်ကို မလိုက်နဲ့"

"ဘာဖြစ်လို့လဲ ဦးကြီးရ"

"အဘိုးကြီးက သူ့အာရုံနဲ့သူ။ သူ့အရှိန်နဲ့သူ သွားနေတာ။ သံပတ်မကုန်သေးဘူး။ ဓာတ်လမ်း မဆုံးသေးဘူး။ သူ အချိန်တန်ရင် မင်းဆီကိုရော ငါ့ဆီကိုရော လာလိမ့်မယ်။ သိထားပါ"

"ဒါဆို ဘတိုက်ပုံဦးရာကျော် ဘယ်မှာရှိလဲဗျာ"

"ငါလည်း မသိဘူး။ ငါနဲ့လည်း နှစ်ကြိမ်ပဲ ဆုံတာ။ နောက်ဆုံးအကြိမ်က မင်းကို နှင်ထုတ်လိုက်ပြီးတဲ့အချိန်ပဲ။ ဒီမှာ မင်းကိုရှာပြီး စာပေးဖို့ ငါ့ကိုပြောသွားတာ။ မင်းမယုံရင် အလှူအိမ်ကိုသွားရဲသွားပြန်ကြည့်။ သူ မရှိတော့ဘူး"

"သေချာလို့လားဗျ"

"ငါလည်း တွေ့ဖူးရုံနဲ့ သူ့အကြောင်းသိရတာပဲ။ မင်း ဘာလို့ လိုက်ရှာတာလဲဆိုတာ တစ်ခဏ ငါသိတယ်"

လူကြီးက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး ပြောနေတာဗျ။

"ဘာလို့ လိုက်တာလဲ သိရင်ပြောလေ"

"မင်းသူ့ကို သံသယဝင်နေလား"

"ဘာကို ကျွန်တော်က သံသယဝင်ရမှာလဲ . . . ဦးကြီးရ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ အဘဦးရာကျော် လူသတ်သွားလို့လေ"

ကျွန်တော် သူ့မေးခွန်းကြောင့် သူ့မျက်နှာကို လှမ်းကြည့်လိုက်တယ်။ ဒီလူကြီး အဝေးကနေ ဘာကြောင့် ကျွန်တော့်တို့အကြောင်း သိနေရတာလဲ။

"ဦးကြီး ဒါလည်း သိနေတာပဲလား"

"သိပ်သိတာပေါ့ကွာ။ ငါမေးတာ ဟုတ်သလားကွ"

"အဘ လူမသတ်ဘူးဆိုတာ ကျွန်တော် သိပြီးသားပါ"

"ငါ့လူကလည်း အလာကြီးပါလားဟေ့"

"အဘနေရာမှာ လူစိမ်းတစ်ဦး သေနေပြီး အဘပါ ရုတ်ချည်း ပျောက်သွားတာကို အံ့ဩလို့ပါ။ အဲဒီလူကို အဘအိပ်ရာပေါ်မှာ ဘယ်သူ သတ်သွားသလဲ စိတ်ဝင်စားလို့၊ ပြီး အဘကိုလည်း စိုးရိမ်လို့"

"ထီးရိုးရဲ့ လူတွေကလားကွ"

"ဗျာ ..."

အံ့ဩသွားရပြန်ပြီဗျာ။ ထီးရိုးကိုပါ သူ သိနေပါလား

"ဦးကြီး ... ဦးကြီး ထီးရိုးကို သိတယ်လား"

"သိတာပေါ့။ ငါ့ခြေထောက်ကို ဘုန်းကြီးကျောင်း ဓားပြတိုက် တုန်းက သေနတ်နဲ့ပစ်တာ ဓားပြထီးရိုးပဲ"

"ဓားပြထီးရိုးမှန်း ဘယ်လိုသိလို့တုံးဗျ"

"မင်းရှေ့နေလုပ်စားဖို့ ကောင်းတယ် စာရေးဆရာ။ အလစ်ချောင် မေးခွန်း၊ လျှပ်တစ်ပြက်မေးခွန်းမေးတာ တော်တယ်။ ဘာလို့ ဓားပြထီး မှန်းသိလဲဆိုတော့ ငါက ဓားပြနှစ်ဦးကို တုတ်နဲ့ ဝင်ရိုက်လုံးရော။ အရိုက်ခံ တဲ့ ဓားပြက 'ထီးရိုး ... ကျုပ်တို့ကို ကယ်ပါဦးဗျ'လို့ အော်ပြောတာ ဒီမှာ ရှေ့က ပြေးနေတဲ့ ဓားပြထီးရိုးက ပြန်လှည့်လာပြီး သေနတ်နဲ့ တာ။ ဘယ်ဒူးဂေါင်း ကျည်ဆန်ထိပြီး ကြေမွသွားခဲ့တယ်။ ဆေးရုံမှာ အထက်ကနေ ခြေထောက်ကို ဖြတ်လိုက်ရတယ်"

သူက ဒူးဂေါင်းကို လှန်ပြပြီး နာနာကျင်ကျင် ပြောနေတာ

"ဒါဆို ... ဓားပြထီးရိုးကို သတ်တဲ့လူ ဦးကြီးသိလား"

လူကြီးက ကျွန်တော့်မျက်နှာကိုကြည့်ပြီး စဉ်းစားသလို အကဲ သလိုလုပ်ပြီးနောက် ...





"အမှန်က ထီးရိုးကိုသတ်ဖို့ ငါ ဘုန်းကြီးလူထွက် ဒုက္ခိတဘဝနဲ့ ဒီကောင့်ကို ငါ စုံစမ်းမေးမြန်း မြေလှန်ရှာခဲ့တာကွ"

"ဟင် ... ဒါဆို ဦးကြီး သတ်လိုက်တာပေါ့ ဟုတ်လား"

"ဖွီ ... မင်းကလည်း ငါ့စကားကို ဆုံးအောင်နားမထောင်ဘူး။ ထီးရိုးကို ငါမသတ်လိုက်ရဘူးကွ။ မင်း ရဲ့အဘ"

"ကျွန်တော့်အဘ အို ... မဖြစ်နိုင်တာဗျာ။ အဘဦးရာကျော် ဘားဆိုးဆင်ဆိုးကို သတ်ချင်သတ်မယ်။ လူတော့ မသတ်ဘူးဗျ"

"ဝုန်း"

ဦးဝေသာလီက ဒေါသတွေဖြစ်ပြီး ကြမ်းပြင်ကို လက်သီးနဲ့ထုပါ ရော။

"မင်း စကားကို ကြားဖြတ်ဝင်မပြောနဲ့။ မင်းရဲ့အဘ ဦးရာကျော် သား ဦးရာကျော်သတ်တယ်လို့ ငါက ပြောနေလို့လား။ ပြောလေ ... ပြောလေကွာ"

"အဲ ... အဲ ... ဆောရီးဗျာ။ ကျွန်တော် တောင်းပန်ပါတယ် ဦးကြီးရာ။ ကျွန်တော့်စိတ်တွေ လောနေလို့ပါ။ ကျွန်တော် ဝင်မပြော တော့ပါဘူးဗျာ"

"နားထောင် ဒီအဘိုးကြီး မင်းရဲ့ဆရာမှန်း၊ အဘမှန်း ငါသိတာ နက်တုန်းက အလှူမှာ မင်း နားရင်းအုပ်ခံပြီးမှ ငါသိတာ၊ ဒီအဘိုးကြီး ကို ငါတို့သိတာက တစ်မျိုးကွ။ သူ ဘယ်လိုလုပ်ပြီး ငါတို့မြို့ကို ရောက်လာ သူရာဝင်နေတာလည်း သိချင်ရင် နှစ်ဖက်လှရပ်ကွက်က ကာလသားခေါင်း ဆောင်ရွှေသီးနဲ့ နတ်ကတော် မသောင်းကို သွားမေး။ ရွှေသီးတို့၊ မိသောင်း တို့ အရင် ငါသိတာ ပြောပြမယ် နားထောင်"

"မင်းကို ငါ ယုံလို့ပြောပြတာ။ ပြီး ... မင်းအဘ ဘာတဲ့ ... ဦးရာကျော် ဟုတ်လား။ ငါတို့ သူ့ကိုသိတာ ဦးရာကျော်နာမည် မဟုတ် ဘူး။ ငါတို့တစ်ရပ်လုံးသိတဲ့နာမည်က ပခန်းကျော်တဲ့ကွ"

"ဗျာ ... ပခန်းကျော် ဟုတ်လား"

"ဟုတ်တယ်။ သူ့ကို ပခန်းကျော်၊ ဦးမင်းကျော်၊ အဖေကြီးကျော် လို့ ခေါ်ကြတယ်။ ထားကွာ ... ငါ့ကို ဒုက္ခိတဘဝရောက်အောင် လုပ်ခဲ့တဲ့ ဓားပြထီးရိုးနောက်ကို ငါ ဆေးရုံကဆင်းပြီးနောက်ပိုင်း မြေလှန်ရှာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ခြေထောက် ဖြတ်ရတဲ့ဘဝရောက်ခဲ့ရသလို ...

သင်းခြေထောက်ကို ငါ ဖြတ်ဖို့ တစ်ပေရှည်တဲ့ဓားကို ကျော နောက်မှာထိုးပြီး ပေါက်ဓားသုံးချောင်းနဲ့ သူ ကျက်စားရာအရပ်တွေကို လိုက်ရှာခဲ့တယ်။ ပြည်မြို့မှာ၊ ရွှေတောင်မှာကြားလို့ လိုက်ခဲ့တယ်။ ဒီကောင် မရှိဘူး။ အောင်လံဘက်ရောက်တယ်ကြားလို့ အောင်လံကိုလိုက်ခဲ့တယ်။ တောင်တွင်းကြီးကြားလို့ တောင်တွင်းကြီးကိုလိုက်ခဲ့တယ်။

ငါ သူ့တောင်းစားယောင်ဆောင်ပြီး လိုက်ခဲ့တာ။

ရဲနွယ်ချောင်းမှာ ဗကပတွေနဲ့ ပေါင်းသလိုကြားလို့ ရဲနွယ်ချောင်း ပဲနွယ်ကုန်း၊ တော်ဝိ၊ စတဲ့မြို့ရွာတွေအထိ ငါ လိုက်ခဲ့ပေမဲ့ ဒီကောင် ရှောင်တ ပြောင်းတာ မြန်တယ်။

သူရှေ့သွားပြီးရင် အဲဒီနယ်မှာ ဓားပြတိုက်ခံရတာပဲ။ လူသတ် သွားတာပဲ။ ရွှေစက်တော်ဘုရားပွဲမှာ ဒီကောင် လှုပ်ရှားမယ်ကြားလို့ ရွှေ စက်တော်လည်း ရောက်ခဲ့တယ်။ နယ်ခံဓားပြ လူမိုက်တွေနဲ့ပေါင်းပြီး ငါ သူ့သတင်းကို နှိုက်ခဲ့တယ်။ တစ်ခါတစ်ခါ သူတောင်းစားအယောင်ဆောင် တစ်ခါတစ်ရံ ခြေပြတ် ဘိုးသူတော်အယောင်ဆောင်။

တချို့မြို့ရောက်ရင် ဆေးလိပ်ရုံက ဆေးလိပ်ကြော်ငြာ၊ သည်း လုပ်ငန်းက လျက်ဆားကြော်ငြာသည်လို ဟန်ဆောင်ပြီးရှာခဲ့တယ်။

ဓားပြထီးရိုးရဲ့ဆရာက ...

တောကြီးမြွေဟောက်တဲ့။

တောကြီးမြွေဟောက်ကို ဘယ်သူမှ မမြင်ဖူးကြဘူး။

ကြားရသလောက်တော့ အမှတ်တစ်ဦးရဲ့ ဆရာလိုလို၊ တ လိုလို၊ ပျူစောထီးခေတ်က နာမည်ကြီး ပျူစောထီးဗိုလ်တစ်ဦးရဲ့ သာ လို၊ မသေမချာ ပြောသံကြားရတယ်။

အဓိကလှုပ်ရှားတာ ထီးရိုးပဲ။

ထီးရိုးမှာ လက်ရုံးတပည့်တွေရှိတယ်။

အရေးကြီးရင် တောကြီးမြွေဟောက် ရုပ်ဖျက်ပြီး ပါလာလေ့ရှိ ကြားတယ်။ ထီးရိုးက လူသတ်တယ်။ မိန်းမလှလှတွေ့ရင် မ တယ်။ ပြီးရင် ပစ်ထားတယ်။

ချမ်းသာတဲ့အိမ်ကိုရွေးပြီး ဓားပြတိုက်တယ်။





ပိုက်ဆံရမယ်ဆို ဘုန်းကြီးကျောင်းရော၊ သီလရှင်ကျောင်းရော မထားဘူး။ တိုက်တာပဲ။ ဒီကောင် ထီးရိုးက အရမ်းချမ်းသာချင် ဆိုပဲကွ။

သူ့ဆရာ တောကြီးမြွေဟောက်ကလည်း ရန်ကုန်ကို ဝယ်မလိုလို၊ မန္တလေးကို ဝယ်မလိုလို ပြောသတဲ့။

တောကြီးမြွေဟောက် ဘယ်မြို့မှာနေမှန်း မသိကြဘူး။

မန္တလေးမှာလိုလို၊ စစ်ကိုင်း–အင်းဝမှာလိုလို၊ ချင်းပြည်နယ်ထဲ ရောက်နေသလိုလို ပြောနေကြသံ ကြားရတယ်။

အာဏာပိုင်တွေကိုလည်း ပိုင်တော့ ...

ထီးရိုးလည်း ကြိတာပေါ့လေ။ ဖြစ်လာရင် တောကြီးမြွေဟောက် က ရှင်းပေးပုံရတယ်။ ဟော ... သတင်းကြားပြီကွ။ ထီးရိုးမှာ ရှေ့သွား နှစ်ချောင်း ကျိုးနေတယ်တဲ့၊ ညာလက်သန်း မရှိဘူးတဲ့။ ကျာကင်အင်္ကျီ ဝတ်ရင် ကော်လံထောင် ဝတ်သတဲ့။

ခရီးဝေးသွား ကားသမားတွေ ပြောနေတဲ့ အသံပေါ့။

"ကျိုက်ထီးရိုးလမ်းသွားရင် သတိထားကြဟေ့"

"ဘာဖြစ်လို့တုံးကွ ... ဘာကြားလို့တုံး"

"ဓားပြဂိုဏ်းတစ်ဂိုဏ်း ရောက်နေတယ် ကြားလို့ဟေ့"

"ဘယ်ဂိုဏ်းတုံးဟ ... သူပုန် လင်းထင်တို့လား၊ စိန်စတင်း လှိုင်လား"

"ငလှိုင်တို့မဟုတ်ဘူး ... ထီးရိုးတဲ့ဟေ့"

"ထီးရိုးဆို သတိထားဟေ့၊ ဗိုလ်လင်းထင်တို့လည်း ပြောထား မှ ဖြစ်မယ်ဟေ့"

"ဝေစားရင်ရော ဘာတတ်နိုင်မှာတုံးဟ ... ငတုံးရ"

"မင်းသိတဲ့အတိုင်းပဲ ... စာရေးဆရာ၊ နေရာတကာ လက်နက် ကိုင်အဖွဲ့တွေရှိတယ်၊ ဓားပြဂိုဏ်းတွေ ရှိတယ်။ လင်းထင်ကလည်း မီး ရထားပါ တိုက်တယ်"

"မိန်းမပျိုတွေ၊ တက္ကသိုလ်ကျောင်းသူတွေ ဖမ်း၊ နယ်ခြားမှာ လက်နက်နဲ့လဲ၊ ရောင်းစားတယ်။ စတင်းဂန်းငလှိုင်လည်း ဆိုးတာပဲ၊ သူ့ နောက်မလိုက်သူမှန်သမျှ လက်ထဲက စတင်းဂန်းသေနတ်နဲ့ ကျည်ကုန် ဆွဲပစ်လို့ စိန်စတင်း နာမည်ပေးထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီသတင်းရရော ကော့ကတတ်၊ ကျိုက်ထို၊ သိမ်ဇရပ် တစ်ကြောမှာ လိုက်စုံစမ်းတာ။

ဒါပေမဲ့ နောက်ကျသွားတယ်။

ထီးရိုးတို့ ကျိုက်ထိုဘက်မှာ ရန်ကုန်ကပြန်လာတဲ့ ခရီးသည်ကားကိုတားပြီး တိုက်တဲ့သတင်း ကြားတယ်။ ငါ မတွေ့လိုက်ရဘူး။

ဒီလိုနဲ့ မကြာခင် သတင်းရပြန်ပါရောဟေ့။

တောင်ငူရိုးမတောင်ခြေက ဘုရားပွဲမှာ ထီးရိုး ရောက်နေသတဲ့။

ငါ ရောက်သွားတယ်။ ကရင်ဒုံးယိမ်းအဖွဲ့တွေ ကနေတယ်။ ပြီး အိုးစည်၊ ဒိုးပတ်အဖွဲ့တွေ ညှိခံကြတယ်။

လူပရိသတ်ကလည်း ကျိတ်ကျိတ်တိုးပဲ။

ပွဲဈေးတန်းကလည်း ရှည်ပါ့။ ဇာတ်ပွဲ၊ အငြိမ့်ပွဲလည်း ပါတာကိုး

မွန်၊ ပအိုဝ်ဇာတ်ပါ ပါတယ်။ သထုံက အလံတစ်ရာဇာတ်တဲ့ ပျော်စရာကောင်းပါ့ကွာ။ သူ့ပုန်တွေရဲ့ နယ်မြေပေမင့် ပြဿနာ မရှိဘူး။

ဒီမှာ ငါ လူနှစ်ယောက်ကို စိတ်ဝင်စားဖွယ် တွေ့ရတယ် ... စာရေးဆရာ။

တစ်ယောက်က အရှုးလိုလူကြီး။

ဦးရွှေရိုးအကကို မြူးမြူးကြွကြွ ကနေတာကွ။

(ဟုတ်ပြီ ...သဲလွန်စတော့ ရပြီဗျာ။ နော်မူးဝါးတို့ပြောပြတဲ့ ဘတိုက်ပုံဦးရာကျော်ရဲ့ လှုပ်ရှားမှု သတင်းပဲဗျ။ အသာ နားထောင်နေလိုက်တယ်ဗျာ။)

အိုးစည်ဝိုင်းရဲ့ ပင်တိုင် ဦးရွှေရိုး အရက်မူး မကနိုင်ဘဲ လဲနေလို့ အရူးလို အဘိုးကြီးက ဝင်ကတာ။ ဆံပင်ရှည် ကုပ်ထောက်ကြီးနဲ့။

ဖျင်ကြမ်းတိုက်ပုံရင်ကွဲ ဝတ်လို့။ ယောဂီရောင်လွယ်အိတ်ကြီး လွယ်ပြီး ကတာဟေ့။ ငါမြင်ဖူးသမျှ ဦးရွှေရိုးအကတွေမှာ ဒီအရူးလိုအဘိုးကြီးကို မီအောင်ကနိုင်တဲ့ ဦးရွှေရိုး မရှိဘူး။

ဒီမှာ ပရိသတ်ရဲ့ ရှေ့ဆုံးတန်းမှာ ငါ ဓားပြထီးရိုးကို မြင်လိုက်ရတာပဲဟေ့။

ဂျာကင်အင်္ကျီနဲ့ ဦးထုပ်ဆောင်းလို့။ ဒီကောင်ရဲ့ ညာဘက်လက်မှာ လက်သန်းတစ်ချောင်း ပြတ်နေတယ်လို့ ငါသိထားတယ်။





ဒီကောင်ရယ်လိုက်တော့ ရှေ့သွား၊ အောက်သွားနှစ်ချောင်း မရှိဘူးကွ။

သားရေဂျာကင်ကို ကော်လံထောင်ဝတ်ထားတယ်။

စီးကရက်ဖွာလိုက်တော့ သူ့မှာ ညာဘက်က လက်သန်းမရှိတာကို ငါမြင်လိုက်တော့ ဒါ ထီးရိုးဆိုတာ သိလိုက်ပြီ။

ငါ သူနဲ့ မလှမ်းမကမ်းမှာ ဝင်ရပ်ပြီး အကဲခတ်လိုက်တယ်။

ဒီကောင်က အရူးလိုလူကြီးရဲ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေတာဟေ့။ ဦးရွှေရိုးကတဲ့အဘိုးကြီးလည်း အကကောင်းလို့ ဆုငွေတွေ အများကြီးရပြီး သက်ကြီးရွယ်အိုတွေကို ပိုက်ဆံ ဝေနေတာကွ။

ပိုက်ဆံဝေလိုက်၊ ကလိုက်၊ ပြုံးလိုက်။

ဒီမှာ အရူးလိုလူ ဦးရွှေရိုးကြီးက ထီးရိုးရှေ့မှာ လာက,ပြီး ထီးရိုးကို ကြည့်ပြီး ခေါင်းကိုကစားလိုက်၊ ရယ်ပြလိုက်။

ထီးရိုးက အဘိုးကြီးကို အံကြိတ်ကြည့်ရင်း ဦးထုပ်ကို မျက်စိနားလုနီးပါး ဆွဲချတယ်ကွ။

နောက်ဆုံး အဘိုးကြီးက ငွေတစ်ရာတန်ကို ဘယ်သူ့ပေးရမလဲဆိုတာ ဟန်ရေးပြနေသကွ။ ငွေတစ်ရာတန် အလကားရရင် လူတိုင်း လိုချင်တာပေါ့။

ပရိသတ်ကလည်း သူ့ပေးနိုး၊ ငါ့ပေးနိုး ငံ့လင့်လို့ကွ။

ဒီမှာ ဦးရွှေရိုး တိုက်ပုံရင်ကွဲကြီးက စီးကရက်သောက်ပြီး အကဲခတ်နေတဲ့ ဓားပြထီးရိုးရဲ့ဦးထုပ်ကို ဆတ်ခနဲမ,ပြီး ရာတန်ငွေစက္ကူကို ထိုးထည့်ပေးလိုက်တာ။

ပရိသတ်ကလည်း ဒီလူကော်တာပဲလို့ ပြောကြပေါ့။

ဒီမှာ ထီးရိုးက သောက်လက်စ စီးကရက်ကို ထိုးချေပြီး လူအုပ်ထဲက တိုးထွက်သွားတယ်။ ငါ သူ့နောက်ကနေ နောက်ယောင်ခံလိုက်ခဲ့တယ်။

သူ စားသောက်ဆိုင်ထဲဝင်ပြီး အရက်သောက်တယ်။

အရက်သောက်ပြီး သူ တစ်ရာတန် ငွေစက္ကူကို ကိုင်ပြီး အုံ့ဆိုင်းစားလိုက်၊ အံကြိတ်လိုက်၊ တောက်ခတ်လိုက် ဒေါသဖြစ်နေတာကွ။

ငွေတစ်ရာတန်ရတာကိုများ ဒေါသဖြစ်ရတယ်လို့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူသွားရာနောက် ငါ လိုက်နေတာပဲ။ သူ မသိဘူး။ လူများ
နေရာဆိုတော့ ငါ သတ်လို့ မဖြစ်သေးဘူး။

ဒီကောင် ဇာတ်ပွဲဝင်ကြည့်တယ်။

ငါ သူ့နောက်မှာ ရှိနေတယ်။

ဒီကောင် ပွဲကြိုက်တဲ့ မောင်ပဲဟေ့။

မိုးလင်းလို့ ဗျောခေါက်မှ ဒီကောင် ပြန်သကွ။ ဒီကောင့်နောက်
က လိုက်ရင်း ဒီကောင်တည်းတဲ့ အိမ်ကိုပါ သိခဲ့ရတယ်။

အိမ်က အိမ်ကြီးအိမ်ကောင်းပဲကွ။

ပိုက်ဆံရှိပုံရတယ်။ အိမ်ထဲမှာ မိသားစုတွေလည်း များတယ်။
စည်းရိုး ပုပုလေးနဲ့ မိန်းမချောနှစ်ဦးက သူ့ကို ကြိုဆိုကြလို့

ငါကလည်း အဲဒီအိမ်နားက ဇရပ်ပျက်မှာ ထိုင်ပြီး ဒီကော
အထွက်ကို စောင့်နေလိုက်တယ်။ ငါ လူသတ်တာ အပြင်လူမမြင်မှ ကော
မယ်လေ။

ဒီကောင်ဓားပြမှန်းသိရင် ရဲအဖွဲ့ သွားတိုင်ပါလားလို့ မင်း
မယ်။

မတိုင်ဘူး ...။ တိုင်လည်း ဒီကောင်က ကျောထောက်နောက်
ကောင်းတယ်။ မဖြစ်ဘူး။

ဒီကောင့်ရဲ့ ခြေထောက်တစ်ဖက်ကို ဖြတ်ပြီးမှ ငါ ရဲလက်အ
မယ်။ ဒါမှမဟုတ် အပြတ်ရှင်းပစ်လိုက်မယ်။

ဒီကောင်မျိုးသေရင် ရပ်ရွာ၊ မြို့နယ် အေးချမ်းမယ်ကွ။

ဒီကောင် တစ်နေ့ခင်းလုံး မထွက်ဘူးဟေ့။

ကြည့်ရတာ တစ်ညလုံး ပွဲကြည့်လို့ အိပ်ရေးပျက်ပြီး နေ့ခင်း အိ
တယ်နဲ့တူရဲ့။ ငါ စိတ်ရှည်ရှည်ထားတယ် ... စာရေးဆရာ။

လက်ဖက်ကောင်းစားချင်ရင် ပလောင် တောင်တက်နေရတယ်

ဒီည ပွဲရှိတယ်။ ဒီကောင်ထွက်မှာ သေချာတယ်။ ဟောအိမ်
က မိန်းမရွယ်တစ်ယောက် ထွက်လာတာ မြင်ရတယ်။ ဝတ်ကောင်းစား
ဝတ်လို့ကွ။ ခပ်ချောချောပဲဟေ့။ သူ့မယားငယ်ပဲလား၊ ဆွေမျိုးအသိပဲလ
ငါ မပြောတတ်ဘူး။

မိန်းကလေး ထွက်သွားပြီး နှစ်နာရီခန့်ကြာမှ အိမ်ထဲကို ပြန်
လာတယ်။ ခြံတံခါးကို ပိတ်လိုက်တယ်။





ငါ ဇရပ်မှာပဲ လာတဲ့ဈေးသည်ထံက ဆီထမင်းနဲ့ စာလေးကြော်
စား။ သောက်ရေအိုးက ရေသောက်ပြီး တိုင်ကိုမှီလို့ ထီးရိုးရှိနေတဲ့ အိမ်ကို
ပဲ အိပ်ချင်ယောင်ဆောင် ကြည့်နေလိုက်တယ်။

ဒီလိုနဲ့ နေဝင်မှောင်ပြီး အိမ်မီးတွေထွန်းတာ မြင်ရတယ်။

မကြာဘူး ... ထီးရိုးနဲ့ မိန်းမရွယ်နှစ်ယောက်၊ မိန်းမကြီးတစ်
ယောက် လှလှပပ ဝတ်စားပြီး ပွဲခင်းရှိရာကို သွားကြပါရော။

ငါ သူတို့နဲ့ မလှမ်းမကမ်းကနေ အသာလိုက်ခဲ့တယ်။

ငါကသာ သူ့ကိုသိတာ သူက ငါ့ကိုသိမှာ မဟုတ်ဘူး။

အရေးကြီးတာက သူ့နောက်ကနေ ရှဒိုးလိုက်နေတာ မရိပ်မိဖို့
သင်္ကာမကင်းမဖြစ်ဖို့ အရေးကြီးတယ်။ ငါကလည်း အနွေးထည်လက်ရှည်
ဝတ်ထားပြီး ဓားရှည်ကို ကျောနောက်မှာ ထည့်ထားရတယ်ကွ။

ငါ့ပေါင်မှာ သားရေအိတ်နဲ့ပတ်ထားတဲ့ ပေါက်ဓား (၃)ချောင်း
အသင့်ရှိနေတယ်။ ဒီကောင်နဲ့ မိန်းမ (၃) ဦး အငြိမ့်တစ်ရာဇာတ်ကို သွား
ကြည့်ကြတာကိုး။

ငါကလည်း ကုလားထိုင်ဝယ်ပြီး သူတို့နောက်ကနေ စောင့်
ကြည့်ပေ့ါ။

ဒီကောင် အပေ့ါထသွားရင် ကောင်းမယ်ကွ။

အပေ့ါသွားကြရင် ဇာတ်ရုံနောက် မှောင်မှောင်မဲမဲထဲမှာ သွားကြ
တာကိုး။ အဲဒီအချိန် သင်းလည်ပင်းကို ဓားနဲ့ ခုတ်လိုက်ရင်၊ ဒါမှမဟုတ်
ပေါက်ဓားနဲ့ ပစ်လိုက်ရင် ဒီကောင် သေမှာပဲ။

ငါကလည်း ဓားပေါက်ရင် လည်ပင်းဆို လည်ပင်း၊ ရင်ဝဆို ရင်ဝ၊
ပေါင်ဆို ပေါင် တန်းနေတာပဲကွ။

သေကွင်းကို ပစ်ရရင် တစ်ချက်ပဲ။ ငါ စစ်သားလူထွက်ပါ။ အခု
ခြေထောက်က ချိုင်းထောက်နဲ့မို့ပေ့ါကွာ။ ခြေထောက်သာကောင်းရင် ဒီ
ကောင့်လည်ပင်း ညှစ်သတ်တာနဲ့တင် ပွဲချင်းပြီးပဲ။

ငါမျှော်လင့်သလို သူ အပေ့ါအပါးသွားဖို့ မထွက်ဘူး။

ငါ အရမ်း အိပ်ချင်နေပြီကွာ။ ခရီးတွေပန်းပြီး လူက ကိုယ်သက်
တွေ နာလို့ ဖျားချင်နေတယ်။ ခေါင်းကလည်း ကိုက်စပြုနေတယ်။

ငါ မအိပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီးဖျော်ရည်နဲ့ ရောစပ်ထားတဲ့ အရက်ကို သောက်လူမသိအောင် တစ်ငုံ ငုံ့သောက်ပြီး ကွမ်းစားထားလိုက်တယ်။

သွေးကြောတွေဟာ အရက်နည်းနည်းဝင်သွားလို့ လှုပ်လှုပ်ကြွကြွ စီးစီးစစ်စစ် ဖြစ်လာတယ်။

ပွဲက အော်ပရာ ပြီးသွားပြီ။

ပြဇာတ်ဇာတ်တော် ထွက်နေသကွ။

ပြဇာတ်နာမည်က ဘာတဲ့ ...အဲ ...အဲ ...ဆန်းဆန်းပဲ ဟေ့။

လူမိုက်မှန်ရင် မြေလှန်ရှင်းမယ်တဲ့။

မိုက်တဲ့နာမည်ပဲကွ။ ငါ့လခွေး ပြဇာတ်စဖွင့်ကတည်းက ပစ်လိုက်တဲ့ သေနတ်သံတွေဆိုတာ ပွဲရုံ သိမ့်သိမ့်တုန်ပဲဟေ့။ ငါတို့ စစ်မြေပြင်မှာ ကြားရတဲ့ ပေါက်ကွဲသံတွေလား မှတ်ရပါ့ကွ။

ပွဲခင်းထဲက ကလေးတွေ လန့်တောင် အော်ကြသကွ။

ပြဇာတ်ဆိုရင် ဒီလိုပစ်ခတ်လိုက်မှ ကြိုက်ကြတာကလား။

ငါ့အတွက်တော့ အောင်အတိတ်၊ အောင်နိမိတ်ပဲဟေ့။

မင်း ကြားဖူးတယ်မဟုတ်လား။ အယူတော်မင်္ဂလာ ဦးနိုး။

"ကြားဖူးတာပေါ့ဗျ"

"အေး ...အယူတော်မင်္ဂလာအရ နိမိတ်ကောက်၊ အတိတ်ကောက်ရမယ်ဆိုရင် ဒီကောင် သေကိန်းပဲ။ သူက အခု သားကောင်၊ ငါက မုဆိုး။ ဒီကောင်က သမင်၊ ငါက ကျား။ မကြာဘူးကွ ..."

ပြဇာတ်ပြီးရော ဒီကောင် ပြန်တယ်ဟေ့။

အချို့လူတွေကလည်း နောက်ပိုင်းတို့၊ နှစ်ပါးသွားတို့ မကြည့်ကြဘူး ပြန်တယ်။ သူနဲ့ပါတဲ့ မိန်းမသုံးဦးလည်း ထပြန်ကြတယ်။

ငါ သူတို့နောက်ကနေ ပရိသတ်နဲ့ ရောလိုက်ခဲ့တာပေါ့။

ဟုတ်ပဟေ့ ...ဒီကောင်ထီးရိုးက မိန်းကလေးတွေ ပြန်ပို့ပြီး သူက မဝင်ဘူးကွ။ ပြန်ထွက်လာတယ်။ ငါ သစ်ပင်အကွယ်ကနေ ကြည့်နေတယ်။ ဒီကောင် ကရင်ရွာဖျားကို ထွက်သွားတယ်။

လရောင်နဲ့ မြင်နေရတယ်ကွ။ သူသွားနေတာ ကရင်ရွာထိပ်က ခြံဝန်းထဲက အိမ်အိုကြီးဆီကို သွားတာဟေ့။ ငါထင်တာက အိမ်အိုကြီးမှာ ဒီကောင်အိပ်မှာပေါ့။ ဒီထဲမှာ သူ့အဖော်တွေလည်း ရှိမှာပေါ့။





ဒီကောင်တံခါးပျက်ကနေ အိမ်အိုကြီးရှေ့ ရောက်သွားတယ်။

အိမ်ကြီးကို အကဲခတ်နေတယ်။

မကြာဘူး ...ဒီကောင် လှေကားကနေ တက်သွားတာ မြင်ရတယ်။ ငါလည်း အိမ်အိုကြီးရဲ့ အောက်ကို ဝင်ကပ်လိုက်တယ်။

ဒီအချိန်မှာ အိမ်အိုကြီးပေါ်ကနေ ဖယောင်းတိုင်မီးလင်းသွားတာ မြင်ရလို့ လှေကားအောက်မှာ အသာဝပ်နေတုန်းမှာပဲ ...

လူတစ်ယောက် လှေကားကနေ ဆင်းလာသံ ကြားရသဟေ့။

ငါ ဓားမြှောင်ကို အသင့်ထုတ်ပြီး ချောင်းတာပေါ့ကွာ။

လှေကားအတိုင်း ဆင်းလာတာ ထီးရိုးမဟုတ်ဘူးကွ။ အဘိုးကြီး တစ်ဦးဟေ့။ လရောင်နဲ့ ငါ မြင်ရတာ ဘယ်သူမှတ်သလဲ သိလား။

ဗိုးဝိုင်းမှာ ဦးရွှေရိုးအက က,ပြီး ဆုငွေတွေ လိုက်ဝေတဲ့ အမွှေးလိုလို အဘိုးကြီးကွ။ ဒီအဘိုးကြီးက ဒီမှာနေတာလား။"

ထီးရိုးနဲ့ အသိလား။ ဆရာတပည့်လား။

စဉ်းစားရပါရောဟေ့ ...အပေါ်မှာ ဘယ်သူရှိနေသေးလဲ။ သေချာတာတော့ ခုအတိုင်းဆိုရင် ဒီဦးရွှေရိုး အက,ကတဲ့ အဘိုးကြီးနဲ့ ထီးရိုးနှစ်ယောက်တော့ သေချာတယ်။

သူတို့ ဘယ်လိုပတ်သက်ကြတုံး ငါမသိဘူး။

ငါ ဆက်လုပ်ရမည့် စာရင်း၊ ကလဲ့စားချေရမည့် စာရင်းမှာ ဒီအဘိုးကြီး မပါဘူး။ ငါကြားဖူးတဲ့ ...ဓားပြထီးရိုးရဲ့ ဆရာကြီး တောကြီးမြွေဟောက်ဆိုသူများလား။

တောကြီးမြွေဟောက်က လူချမ်းသာ မျက်နှာကြီးတဲ့လေ။

ဒီဦးရွှေရိုးကတဲ့ အဘိုးကြီး မဖြစ်နိုင်ဘူး။

မတတ်နိုင်ဘူး၊ အခြေအနေ မကောင်းရင်တော့ သူ့ထိုက်နဲ့ သူ့ကံပဲ။ ဒီမှာ အဘိုးကြီးက အပေါ်သွားနေတာကိုး။ အပေါ်သွားပြီး သူ လှေကားအတိုင်း အိမ်ပေါ်ကို တက်သွားတယ်။

ငါ အသာ စောင့်နားထောင်လိုက်တယ်။

သူတို့ ဘာတွေ တိုင်ပင်နေကြတုန်း။ ဒီအတိုင်းဆို သူတို့ အိပ်ပျော်မှ ငါ အပေါ်တက်ရမှာပဲ။ ဒါမှမဟုတ် ထီးရိုး ပြန်ဆင်းလာရင် ဟန်ကျပြီ။ ခဏ စောင့်နေတုန်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

"အား ..."

"ဝုန်း ..."

"နင်လားဟဲ့ ... ထီးရိုး ... သေစမ်းဟာ"

"ဟဲ့ ... ဟဲ့ ... မ ... လုပ်နဲ့"

"ဒိုင်း ..."

"အား ... အင့် ... အင့် ... အီး ..."

"ဝုန်း ..."

"မင်း ... မင်း ... ဘယ်သူတုံး ... မိန်းကလေး ... ဒါ ... ဒါ ... ဘာ ..."

"အဘ ... လိုက်ခဲ့"

"မင်း ဘယ်သူတုံး"

ဒီမှာ အဘိုးကြီးရဲ့ 'ဟင်'ဆိုတဲ့အသံ ကြားရပြီး တိတ်သွားတယ်။

နောက်ထပ် စကားပြောသံ မကြားရတော့ဘူး။ နည်းနည်း လှုပ်ရှားသံကြားရပြီး သူတို့နှစ်ဦး နောက်ဖေးလှေကားကနေ ဆင်းသွားကြတယ်။

ငါလည်း မလှုပ်ရဲဘူး။

ဟို မိန်းမလက်ထဲမှာ သေနတ် ပါနေတာကိုးကွ။

သေနတ်နဲ့ မိန်းမက မျက်နှာကို အဝတ်အုပ်စည်းထားတယ်။ လရောင်နဲ့ မြင်လိုက်ရတာက မိန်းကလေးက ဘောင်းဘီအနက်နဲ့ သူတို့နောက်ဖက် မှောင်ရိပ်ထဲကို တိုးဝင်ပျောက်ကွယ်သွားတယ်။ သူတို့ ပျောက်သွားမှ ငါ လှေကားပေါ် ပြေးတက်၊ အခန်းဝကနေ အရဲစွန့်ကြည့်လိုက်ရော ဖယောင်းတိုင်မီးရောင်အောက်မှာ ...

လူတစ်ဦး စောင်အုပ်ပြီး အိပ်နေသလိုလို ဖြစ်လို့။

သွေးတွေက ကြမ်းပြင်ပေါ်မှာ စီးကျနေတယ်။ သေချာတယ် စောင်အောက်က လူဟာ ထီးရိုးပဲ ဖြစ်ရမယ်။ ငါလည်း လူတွေ သေနတ်သံကြောင့် ဝိုင်းမလာခင် ခွေးတိုးပေါက်ကနေ ထွက်ပြေးခဲ့လိုက်တယ်။

နောက်နေ့ မိုးလင်းတော့ ကြားရတာပဲ။





ထီးရိုး သေနတ်ဒဏ်ရာနဲ့ သေနေတယ်။

သတ်ပြီး စောင်နဲ့ အုပ်ထားခဲ့ကြတယ်။

ထူးဆန်းတာ ကြားရတာက ထီးရိုးရဲ့ရင်ဝမှာ ကျည်ဆန်ဝင်ရာ တစ်ချက်နဲ့ ညာဘက်နားရွက်မှာ ကျည်ဆန်ဖောက်ဝင်ပြီး ပေါက်ထွက်သွားတာ မြင်ရတယ်လို့ ငါ ကြားရတယ်။

"ဒါဆို အဘဦးရာကျော် ထီးရိုးကိုသတ်တာ မဟုတ်ဘူးပေါ့"

"ငါ ကြားရချက်အရ သူ မသတ်ဘူး။ မိန်းမတစ်ယောက် သတ်ပြီး အဘိုးကြီးကို ခေါ်သွားတာ မြင်ရတယ်"

"အဲဒီမိန်းမရဲ့ မျက်နှာကို မှတ်မိလား"

"မမှတ်မိဘူး။ မျက်နှာကို အဝတ်နက်စည်းထားတယ်"

"အဘကရော မရုန်းဘူး၊ မအော်ဘူးလားဗျ"

"မအော်ဘူး။ မိန်းကလေး ဆွဲခေါ်သွားတာကို လှုပ်လှုပ်လှိုလှို နဲ့ လိုက်သွားတာပဲ။ မိန်းကလေးလက်ထဲမှာ သေနတ်ကိုင်ထားတာ မြင်ရတယ်"

"ကျွန်တော်လည်း အဘသတ်မယ်လို့ မထင်ဘူး။ ခက်တာက ခုခေါ်ခန်းကလည်း အဘကို အလိုရှိနေတယ်ဗျာ"

"ဘာဖြစ်လို့လဲကွ ... သေတဲ့လူက နာမည်ကြီး ဓားပြလေကွာ"

"သတ်တဲ့လူ ဘယ်သူလဲ သိချင်တာပေါ့ဗျာ။ ပြီး တရားမဝင် သေနတ်ကိုင်ထားတယ်လေ"

"ဟော့ကောင် ... ဒီနယ်မှာ တရားမဝင် သေနတ်ကိုင်သူတွေ ပေါမှ ပေါပဲကွ။ ငါ့လက်နဲ့ မသတ်ရတာတော့ နာတယ်ကွာ။ ဒါပေမင့် ဆန်ကုန်မြေလေးတစ်ဦး ရှင်းသွားလို့ ငါလည်း ဝမ်းသာတယ်ကွ"

ဦးဝေသာလီက သူ့နှုတ်ခမ်းမွှေးပြတ်ကြီးကို ပွတ်ပြီး ပြောတာဗျ။

"ဦးကြီး ..."

"အေး ... ပြော"

"ဦးကြီးတို့ဒေသမှာ အဘ ဘယ်လိုရောက်လာတာတုံး။ ဦးကြီးတို့နဲ့ ဘယ်လို သိကျွမ်းကုန်ကြတာတုံးဗျာ"

"မင်း သိချင်တာတွေ များပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူးဗျာ . . . တစ်တုံးစားလည်း ကြက်သွန်ပါပဲ"

"ချေးတုံးပါကွ . . . စာရေးဆရာရ"

"လူကြီးကိုတော့ ချေးတုံးပြောရင် မကောင်းဘူးလေဗျာ"

"ဒါဆိုလည်း စပြောကတည်းက တစ်တက်စားလည်း ကြက်သွန် နှစ်တက်စားလည်း ကြက်သွန်ပြောမှပေါ့ကွ"

"နှစ်မျိုးစပ်ဆိုရင် အနံ့ပျောက်မလားလို့ပါဗျာ"

"ဟား ဟား ဟား ဟား ဟား . . . ဒါကြောင့်လည်း မင်း စာရေး ဆရာ ဖြစ်နေတာကိုးကွ။ ငါတောင် နှံလာပြီဟေ့ . . . ဟား ဟား ဟား ဟား"

"လုပ်ပါဗျာ . . . ပြောပြပါ . . . ဦးကြီးရာ"

"မင်းက ဒီအဘိုးကြီးကို သံယောဇဉ်ကြီးပုံပဲနော်"

"အဖေလို အဘိုးလို နေခဲ့ဖူး၊ သွားခဲ့ဖူးတာကိုးဗျာ စိုးရိမ် ပေါ့။ စိုးရိမ်လို့ လိုက်ရှာရတာပေါ့"

"မင်းကို ငါ မေးမယ်၊ မှန်မှန်ဖြေနော်"

"မေးပါ . . . ဦးကြီး"

ကျွန်တော်ကလည်း သူ့ဘဝကို သိခဲ့ရပြီမို့ လူရိုးလူရှင်း လူ ကြီးကို ယုံကြည်သွားခဲ့ပြီဗျာ။

"မင်း အဘနာမည်က ဦးရာကျော် . . . ဟုတ်လား"

"ဟုတ်တယ်"

"ဦးရွှေရိုး မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ပခန်းကျော်ဆိုတာရော"

"မဟုတ်ဘူး"

"ငါတို့မြို့မှာသိတာ ဆရာကြီး ဦးပခန်းကျော်ပဲ"

"ဘယ်လို သူ ရောက်လာတုံးဗျ"

"သူ့အကြောင်းကို အသေးစိတ် ပြောနိုင်တဲ့သူကို မင်းနဲ့ငါ ပေးမယ်ကွာ"

"ဘယ်သူတုံး . . . ဦးကြီးရ"

"အိုးစည်တီးတဲ့ မောင်ရွှေသစ်နဲ့ တွေ့ပေးမယ်ကွ"





"ဗျာ . . . ကျွန်တော့်ကို နားရင်းအုပ်ပြီး နှင်ထုတ်တဲ့ လူလား ဟင်"

"သိပ်ဟုတ်တာပေါ့ . . . ငါ့လူရာ . . . ဟဲ ဟဲ ဟဲ ဟဲ"

"ဦးကြီး . . . သူက ကျွန်တော့်မျက်နှာကို ဒီနေရာမှာ မမြင်ချင် ဘူးလို့ ပြောပြီး တီးတာဗျ"

"ငါ တာဝန်ယူပါတယ်ကွာ၊ ခေါက်ထားစမ်းပါ။ ကိုင်း . . . ငါ တို့ သာပြီကွ။ ဒါနဲ့ စာရေးဆရာ မင်း အရက်သောက်သလားကွ"

"တစ်ခါတလေတော့ သောက်တယ်ဗျာ"

"အိုကေ . . . ဗရိုးဂွတ်ပဲကွာ။ ငါတို့ မြို့ထဲကို သွားမယ်။ အရက် နဲ့ မြည်းစရာ၊ စားစရာတွေ ဝယ်ကြမယ်။ ပြီးရင် . . . မင်းရယ်၊ ငါရယ်၊ စဏ္ဍာလပေါက်ခေါ်ရယ် အုတ်ဂူပေါ်မှာ အတူသောက်ကြတာပေါ့ကွာ . . . ကြိုက်လား"

"လုပ်လိုက်လေဗျာ . . . ကြာသလားလို့"

"ဟား ဟား ဟား ဟား . . . ငါလိုချင်တာ ဒီလိုလူစားမျိုးပဲကွ။ ဒါကလည်း ကြာတယ်ထင်ရင် ဖွန်းတောင်မတတ်ဘဲ ဟင်းပန်းကန်ပါ ဝါးစား တဲ့လူပဲဟေ့ . . . ဟား ဟား ဟား ဟား"

သူက လူပွင့်လင်း၊ လူပျော်၊ စိတ်ရင်းကောင်းသူကြီးပါဗျာ။

ကျွန်တော် သိချင်တာတွေကို သူ ပြောပြခဲ့တယ်။ သူ့စိတ်ထဲမှာ စာရေးဆရာတစ်ယောက်ကို ရင်ဖွင့်ပြလိုက်မိလို့ ရင်ရှင်းသွားပုံပဲဗျ။

ကျွန်တော်တို့ မြို့ထဲကို ထွက်ခဲ့ကြတယ်။

စဏ္ဍာလ ဦးပေါက်ခေါ်ကို ဒီည ဆက်ရက်မင်းစည်းစိမ် ခံစားကြ ဖို့ ထုံးစံအတိုင်း လုပ်ထားဟေ့လို့ အော်ပြောခဲ့တယ်။

ရမ်အရက်နှစ်လုံး၊ အစိမ်းကြော်၊ ဝက်ခေါင်းသုပ်၊ ကြက်သား ဟင်းနဲ့ ထမင်းသုံးထုပ် ဝယ်ခဲ့ကြတယ်။ ကျွန်တော်က ပိုက်ဆံရှင်းဖို့ လုပ် တော့ သူက တားပြီး ပိုက်ဆံထုတ်ပေးလိုက်တယ်။

ငါက မြို့ခံကွာ။

မင်းက ဧည့်သည်ပါ။ ငါ ဧည့်ခံပါရစေတဲ့။

အိမ်ရှင်ကို ဧည့်သည်မစော်ကားရင် ပြီးတာပါပဲတဲ့။

ကျွန်တော်တို့နှစ်ဦး စားစရာ သောက်စရာတွေနဲ့ သင်္ချိုင်းကုန်းထဲ ရောက်တော့ မှောင်စပြုပြီ။ ရောမ အုတ်ဂူကြီးပေါ်မှာ ဦးပေါက်ခေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဖျာကြမ်းတစ်ချပ် ခင်းထားလို့ဗျ။ ဂူထောင့်မှာ သောက်ရေအိုးနဲ့ ခွက်ပါ အသင့်။

''ဖျာခင်းလို့ပါလားဗျ ... ဦးပေါက်ခေါ်''

''ဖျာက ဒီမှာ ပေါပေါပဲကွ ... စာရေးဆရာ''

''ဝယ်ထားတာလားဗျ''

''ထပ်သရီး ... ဘယ်က ဝယ်ရမှာလဲကွာ ... မသာချရင် လွှင့်ပစ်ခဲ့တဲ့ ဖျာတွေမှ ပေါပေါပဲ။ ငါသို အိပ်နေတဲ့ဖျာ ဟောင်းရင် လွှင့်ပစ်လိုက်တယ်။ အသုဘကပါလာတဲ့ ဖျာက ပိုကောင်းတော့ ရေဆေးနေလှမ်းပြီး အသစ်လဲအိပ်တာပဲ၊ နွေးနေတာပဲ''

ကျွန်တော်ဗျာ ... အသုဘအိမ်က လွှင့်ပစ်တဲ့ ဖျာပေါ်မှာထိုင်ရင်း တင်ပါးတွေ ယားသလိုလို ဖြစ်နေတယ်။

မီးခြစ်ခြစ်ပြီး ထိုင်နေတဲ့ အုတ်ဂူရှေ့က စာကို ဖတ်လိုက်တော့-

ဦးမင်းကြည်လှိုင် အသက် (၃၀) တဲ့။

အောက်က ကွယ်လွန်တဲ့နေ့ စာတမ်းက ပဲ့နေလို့ ဖတ်မရဘူး။

အင်း ... ဦးမင်းကြည်လှိုင်ဆိုတော့ တိုက်ဆိုင်လိုက်တာဗျာ။ သန်လျင် မင်းကြည်လှိုင်ဆိုတဲ့ သူငယ်ချင်းစာရေးဆရာကို သွားသတိရလိုက်တယ်။ သူငယ်ချင်း မင်းကြည်လှိုင်လည်း ကာလဝမ်းရောဂါနဲ့ ကွယ်လွန်တာ သုံးနှစ်ရှိသွားပြီလေ။

သူငယ်ချင်းသေတော့ အသက် (၃၅)နှစ်ပဲ ရှိသေးတယ်။

မင်္ဂလာဆောင်ဖို့ ဖိတ်စာရိုက်နေတုန်း အစားမှား ဝမ်းလျှောသေသွားရတာ။ သည်တုန်းက မိန်းကလေးရှင်ဘက်က ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရတယ်။ ဝမ်းနည်းတာ သမက်လောင်းသေလို့။

ဝမ်းသာတာက ဖိတ်စာမဝေခင် သေသွားလို့။

''ချကွာ ... စာရေးဆရာ''

ကျွန်တော်တို့ လသာသာညမှာ ရမ်အရက်နှစ်လုံးကို အားရပါးရ မြိုကြတယ်။ သူတို့နှစ်ဦးက ရေမရောဘဲ သောက်တယ်ခင်ဗျ။ ဒီမှာ ကျွန်တော် စဏ္ဍာလဦးပေါက်ခေါ်အကြောင်းကို သိရတယ်ဗျာ။

ဦးပေါက်ခေါ်က အခြေခံပညာ (၈)တန်းထိ သင်ခဲ့ဖူးသတဲ့။

စာမေးပွဲကျလို့ ကျောင်းထွက် အလုပ်လုပ်ခဲ့တယ်။ စာမေးပွဲ မကျ





နေနိုင်မလားတဲ့ ကျောင်းစာကို မဖတ်၊ မကျက်ဘူး။

ဝတ္ထုစာအုပ်မျိုးစုံ ရှာဖွေဖတ်တာတဲ့ဗျာ။

ဦးပေါက်တူးက စာရေးဆရာ ဖန်းမော်တင်အောင်ရဲ့ ဝတ္ထုတွေအကြောင်း သူ့အမြင်တွေကို ပြောပြဝေဖန်သလို ...

ဆရာကြီး ရန်ကုန်ဘဆွေရေးတဲ့ ...

တိုက်ယူရသော မျက်ရည်တစ်ပေါက် ဝတ္ထုကိုဖတ်ပြီး 'တောက်' ခတ်ခဲ့သတဲ့။

''ဦးပေါက်ခေါ်က ဘာလို့ တောက်ခတ်ခဲ့ရတာတုံးဗျ ... အေ့''

''အေ့ ... ဇေ့ ... ကရင်သောင်းကျန်းသူတွေက ဗိုလ်မှူးချုပ်မောင်မောင်ကို ဖမ်းပြီး တောထဲမှာ ချုပ်နှောင်ထားတယ်။ ဒီရန်သူ့လက်ရောက် တပ်မတော်အရာရှိကြီးကို ကယ်ဖို့ ရန်ကုန်ဘဆွေရဲ့ ဇာတ်လိုက် နိုင်ငံရေးသမားနှင့် စစ်ကြောင်းအဖွဲ့က အသေခံတပ်ဖွဲ့ပြီး သောင်းကျန်းသူလက်ထဲက တပ်မတော်အရာရှိ ဗိုလ်မှူးချုပ် မောင်မောင်ကို ကယ်ခဲ့တာ။ သူ့ကိုကယ်ဖို့ အသက်တွေ အတော်ပေးခဲ့ရတယ်။

ရန်သူ့တပ်ကလွတ်ပြီး ပြန်ရောက်ရော ...

ဗိုလ်မှူးချုပ် မောင်မောင်က ဗုဒ္ဓဘာသာဝင်ဘဝကနေ အခြားဘာသာကို ကူးပြောင်းသွားသတဲ့။

ဘာလို့ ဘာသာခြားကို ကူးရသလဲဆိုတော့ ...

ကရင်သောင်းကျန်းသူများရဲ့ အကျဉ်းသားဖြစ်နေစဉ် အိပ်မက်ထဲမှာ ဘာသာခြားပုဂ္ဂိုလ်တစ်ဦးက လာပြောသတဲ့။

'သား ... မင်းကို ငါတို့ ကယ်တင်မယ်။ မင်း မသေရဘူး။

အဖကို ယုံပါ' လို့ အိပ်မက်ပေးသလို ပြန်ကြားရဆိုပဲ။ ဒီလို မြင်မက်ပြီးနောက် အသေခံ မြန်မာတပ်ဖွဲ့နဲ့ နိုင်ငံရေးသမားတွေ သွေးမြေကျခံပြီး တောနက်ထဲက သောင်းကျန်းသူ အကျဉ်းစခန်းကနေ တိုက်ခိုက်ကယ်ထုတ်ခဲ့တာ။ အဲ ... တကယ်ကယ်တာက ဆရာရန်ကုန်ဘဆွေတို့။

သို့သော် ဗိုလ်မှူးမောင်မောင် ယုံကြည်နေတာက ...

အိပ်မက်ထဲက ဘုရားသခင်ကဲ့သို့သော ပုဂ္ဂိုလ်။

ဒီလို ယုံကြည်ပြီး ကတိပြုခဲ့သည့်အတိုင်း လွတ်မြောက်ပြီးရော ဗုဒ္ဓဘာသာကနေ ဘာသာခြားထဲကို ကူးပြောင်းသွားသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် စာရေးဆရာက ရင်နင့်နင့်နဲ့ ရေးခဲ့တယ်။ တိုက်ယူပြီးမှ ရင်နာလို့ကျတဲ့ မျက်ရည်တစ်ပေါက်တဲ့။

စာရေးဆရာ ရန်ကုန်ဘဆွေတောင် မဟုတ်ဘူး။ ကျုပ်လည်း ဖတ်ပြီး ရင်နာလို့ တောက်ခတ်ပြီး အံကြိတ်ခဲ့ရတယ်ကွ။

ကြည့်ထားကြဗျာ။

အဲဒါ ရန်ကုန်ဘဆွေရဲ့ စာအုပ်တွေကို ဖတ်တဲ့ သချိုင်းစောင့် စဏ္ဍာလကြီးရဲ့ ရင်ထဲက စကားတွေပဲ။

"ရန်ကုန်ဘဆွေရဲ့ ဘာစာအုပ်တွေ ဖတ်ဖူးလဲဗျ ... အော့ ... ဇော့ ..."

"ဂလွတ် ... အော့ ... ဇေ့ ... ဖွီ ..."

"ငါ ရန်ကုန်ဘဆွေ ရေးတဲ့ မြင်းမိုရ်ကို ချွေ ပျက်ကြွေမည့် ယောက်ျား အရမ်းကြိုက်တယ်။ နန်းဟာစီးနဲ့ ရွှေဝါမြေ ကြိုက်တယ်။ ဆရာကြီး မြသန်းတင့်ရေးတဲ့ မားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည် ကြိုက်တယ်။ သခင်မြသန်းရေးတဲ့ စာအုပ်တွေ ကြိုက်တယ်"

"အောင်လင်းရော ဖတ်လားဗျ"

"အော့ ... ဖတ်တယ်၊ အရိုင်းစံပယ် ကြိုက်တယ် ... ဇေ့ ... တစ်ခုသာ လိုချင်သည်ဝတ္ထုက ဘဝသရုပ်ဖော်ကွ ... အော့ ... ကြိုက်တယ်"

"ပြီးတော့ ဘယ်ဝတ္ထုတွေ ဖတ်ခဲ့တုံးဗျ ... ဦးပေါက်ခေါရ ... ပညာရှိကြီးရ ... အော့ ... ဇေ့ ..."

လူတွေလည်း မူးစပြုနေကြပြီဗျာ။

"မြစကြာရေးတဲ့ တစ္ဆေသရဲ ဝတ္ထုတွေ ကြိုက်တယ်ကွ ... ဇေ့"

"ဘာလို့ ... ကြိုက် ... တုံး ... ဗျ ... ဟင် ... အင်"

"ကျောစိမ့်အောင်၊ ကြက်သီးထရလို့ ... ကြိုက် ... ကြိုက်"

"ဒီ ... လောက် ... စာ ... ဖတ်ပြီး ... ဘာ ... ဘာလို့ ... စဏ္ဍာလ ... အ ... အ ... လုပ် ... လုပ်ရတာတုံး ... တုံးဗျာ ... ပညာ ... ရှိ ... ကြီး ... ရ ... အေ ... အေ ..."

ကျွန်တော် ရမ်တစ်ပက်ခန့်ထဲကို ရေနှစ်ဆထည့်ပြီး တစ်ငုံသောက်လိုက်ပြီး မေးတယ်။





"ငါ ... လား ... ပေါက် ... ခေါလား ... အော့ ..."

"ရက်(စ်)"

ဦးဝေသာလီကတော့ ဘာမှမပြောဘူး။ သောက်ပြီး နားထောင်လိုက်။ အမြည်းစားလိုက် တစ်ချက်တစ်ချက် ရယ်လိုက်။

"ကျုပ် ... အစိုးရအလုပ်ရော ... ပုဂ္ဂလိကအလုပ်တွေရော စုံအောင် လုပ်ခဲ့တယ်၊ အလုပ်ရှင်ကလည်း လူပါးဝတယ်။ အစိုးရအလုပ်က အထက်လူကြီးကလည်း စကားပြော မိုက်ရိုင်းတယ်။ ပညာမရှိလို့ ရှာအလုပ် ... ကြမ်း ... လုပ်တာကို ... အော့. ... ဇေ့ ... ဆဲဆိုဟောက်ခြွန်နဲ့ကန် ... လုပ်တော့ တွေ့တဲ့ပစ္စည်းနဲ့ ... ကောက်ရိုက်တာ ... ခေါင်းကွဲ ... လက်ကျိုးဖြစ် ... ငါလည်း အလုပ်ပြုတ် ... ထောင်ကျ ... ငါ ... အလုပ် ... မျိုးစုံမှာ ... လူပါးဝတဲ့ ... အ ... လုပ်ရှင် ... အလုပ်ခေါင်း ... အင် ... ဂျင် ... နီ ... ယာ ... အယောက် နှစ်ဆယ်လောက်ကို ... ရိုက်ခဲ့တယ်။ ငါလည်း ... စုတ်ပြတ် ... အော့ ... ကွဲပြဲနဲ့ ... ဆေးရုံ ... ရောက် ... နောက်ဆုံး ... ထောင်ကျ ... ထောင်ကထွက်တော့ ... ငါ့ကို ... အလုပ်ပေးခန့်တဲ့သူ ... မရှိဘူးကွ။ ငါ့ကို ... လူမိုက် ... လုပ်ဖို့တော့ ... လာခေါ်ကြတယ် ... အော့ ... ဇေ့ ... ကြေးစားလူမိုက် ... လုပ်ချင်လို့ ... ငါ ... ကြမ်းရမ်းခဲ့တာ မဟုတ်ဘူး။ လူ ... ကို ... လူလို ... မဆက်ဆံလို့ ... နှိမ်လို့ ... ဖိနှိပ်လို့ ... တစ်ယောက်တည်း ပွဲကြမ်းခဲ့တာ။ နောင်တော့ အသက်လေးရလာသည့်တိုင် ... ငတ်တစ်လှည့် ... ပြတ်တစ်လှည့်နဲ့ ... ဆေး ... ဖော် ... ကြောဖက် လုပ်မည့်သူ ... မရှိဘူး ...

ပူဖောင်းရောင်းတယ်။

အရုပ်မျက်နှာဖုံးတွေ ရောင်းတယ်။

ရေခဲချောင်း လှည့်ရောင်းတယ်။

အိမ်ရှေ့မှာ အခစား မြက်ရှင်းတယ်။

ငါတစ်ယောက်တည်း လုပ်လို့ရတဲ့ အလုပ်တွေ လုပ်တယ်။ နောက်ဆုံး ဘယ်အလုပ်မှ ထမင်းမဝဘူး။ အော့ ... ဇေ့ ... ချလိုက်ဦးမယ်ကွာ"

"ဂလွတ် ... အော့ ..."



www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခွက် တစ်ချက်တည်း မော့လိုက်တယ်။

"အား . . . အော့ . . . ဖွီ . . . နောက်ဆုံး . . . ဟောဒီ စစ်ပြန်ကြီး ဦးဝေသာလီနဲ့ တွေ့ပြီး ဒီသချိုင်းမှာ မြေကျင်းတူးတဲ့အလုပ်၊ မြေမြှုပ်တဲ့ စဏ္ဍာလအလုပ်လေးရခဲ့တာပဲ။ စည်ပင်သာယာကလည်း ငါ့လုပ်ပုံကိုင်ပုံ သဘောကျလို့ ဒီအလုပ်ပဲ တစ်ယောက်တည်း လုပ်နေတာကွ . . . အော့ . . . ဘယ်သူနဲ့မှ စကားပြောစရာ မလိုတော့ဘူး။ ထမင်းလည်း စားချင်ရင် စားမြိန်စာထုပ် စားလိုက်တာပဲ။ အရက်ဖိုးပေးသွားရင် ယူတယ်။ ပေးပါလို့ မတောင်းဘူး . . . ဒါ . . . ငါ့ဘဝပဲ"

သူပြောလို့ ဝတော့ လက်ကျန်အရက်ကို သောက်ပြီး အမြည်း စားတယ်။ သည့်နောက် ကျွန်တော်တို့သုံးဦး ဂူပေါ်မှာ ထမင်းစားကြ တယ်။

"စာရေးဆရာ . . ."

"ဗျာ . . . ဦးကြီး"

"နက်ဖြန်ကျရင် အိုးစည်တော်သား ရွှေသစ်နဲ့ တွေ့ပေးမယ်"

"ဟုတ်ကဲ့"

"မင်းနဲ့ငါတို့ ရှေ့မှာ လုပ်စရာတွေ ရှိတယ်"

"ဗျာ . . . ဘာအလုပ်လဲ ဦးကြီးဝေသာလီ . . . ဟင်"

"နောင်တော့ မင်းသိလာပါလိမ့်မယ်ကွာ"

✿ ✿ ✿

# [၃၀]

❑

"မနေ့တုန်းက အလှူပွဲမှာ ကျွန်တော် အစ်ကိုကြီးကို ရိုက်မိတာ စိတ်မဆိုးပါနဲ့ဗျာ။ အကြောင်းစုံမသိတော့ အစ်ကိုကြီးကို လာနှောင့်ယှက် တယ်ထင်ပြီး ရိုက်မိတာပါ။ ပြီး အဘပခန်းကျော်က မောင်းထုတ်လိုက်ဆို လို့ပါ။ ညတုန်းက ဘထွေးဝေသာလီ လာရှင်းပြမှ အစ်ကိုကြီးနဲ့ အဘ အကြောင်း သိရတာပါ"

"ကိစ္စမရှိပါဘူး . . . ငါ့ညီ၊ အစ်ကို မင်းကို စိတ်မဆိုးပါဘူး။ မင်း နေရာမှာ ငါဆိုလည်း ဒီလို လုပ်မိမှာပါ။ ဇာတ်လမ်းကို သိမှမသိဘဲကိုးကွ။ အခု အဘ ဘယ်မှာရှိလဲ"

"သူ မနေ့ညနေကပဲ ခရီးထွက်သွားပြီဗျ"

အိုးစည်တော်သား အဖွဲ့ခေါင်းဆောင် ကိုရွှေသစ်က အားနာတဲ့ မျက်နှာနဲ့ ကျွန်တော့်ကို တောင်းပန်ပါတယ်။ သူနဲ့ ကျွန်တော်တို့ဟာ ဦးကြီး ဝေသာလီရဲ့တဲမှာ အတူရှိနေကြတယ်လေ။ ဦးကြီးဝေသာလီက ဆတ်သား



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဆီစိမ်နဲ့ ရေနွေးကြမ်းတစ်အိုး ချပေးပြီး 'သိချင်တာ မေးပေ့' လို့ ပြောပြီး အပြင်ကို ထွက်သွားတယ်ဗျ။

''ကိုရွှေသစ် ...''

''ဟုတ်ကဲ့ ... အစ်ကိုကြီး''

''အခု ... အဘ ... အဲ ... အဲ ... ဦးပခန်းကျော် ဘယ်တို့ သွားမယ်လို့ ပြောသွားလဲ''

''သွားမည့်နေရာတော့ ပြောမသွားဘူးဗျ။ စိန်ဒိုးပျံတို့ ဆိုင်းအဖွဲ့ ညည့်ခံတီးနေတုန်း အလှူရှင်သူဌေးရယ်၊ သူဌေးရဲ့ညီတော်သူ ဦးတောက်ထွန်းတက်ရယ်တော့ စကားပြောနေတာ တွေ့တာပဲ။ အလှူပွဲလည်းပြီး ညနေရောက်တော့ သူ လွယ်အိတ်ကြီးလွယ်ပြီး ပြောတယ်။

''ရွှေသစ် ...''

''ဗျာ ... အဘ ... အဘ ... ဘယ်သွားမလို့တုံး''

''ငါ ခရီးသွားမလို့ကွ''

''မြန်လှချည်လား ... အဘရာ .. နားနားနေနေ နေပါဦး ... အဘရဲ့ အဘပြောတော့ ကျွန်တော်တို့ကို သီချင်းတက်ပေးမယ်ဆို''

''ငါပြန်လာမှ တက်ပေးမယ်''

''အဘ ဘယ်သွားမှာတုံး ... ပြောခဲ့ပါဦး ... အဘရ''

''ဟိုနား ... ဒီနားပါကွာ။ ကိစ္စရှိလို့ပါ။ ငါ တက်ပေးထားတဲ့ သီချင်းတွေကိုပဲ နှဲသမား မောင်ချောနဲ့ ပီအောင် လေ့ကျင့်ကြ''

အဲဒီလို ပြောပြီး ထွက်သွားတာပဲ။

''သူနဲ့ ဘယ်သူပါသွားသေးလဲ ... ကိုရွှေသစ်''

''သူတစ်ယောက်တည်းပဲဗျ ... ကားဂိတ် လိုက်ပို့မယ်ပြောလည်း မပို့နဲ့တဲ့။ သူက ဇွတ်တရွတ်ကြီး၊ လူကြမ်းကြီးဗျာ''

''လုပ်ပါဦးဗျာ ... ကိုရွှေသစ်တို့နဲ့ အဲဒီအဘ ပခန်းကျော် တွေ့ဆုံပုံ၊ ရင်းနှီးပုံလေး ပြောပြပါဦးဗျ''

ဒီမှာ ကိုရွှေသစ်ဆိုသူ အိုးစည်တော်သားက သူတို့နဲ့ အဘနဲ့ မမျှော်လင့်ဘဲ ဆုံဆည်းကြပုံကို ပြောပြကြတော့တယ်ဗျာ။

တစ်နေ့ ...

မြို့တော်ရှင်နတ်ကွန်းမှာ နှစ်စဉ်လုပ်နေကျအတိုင်း နတ်ကနားပွဲကြီး ကျင်းပတယ်။ သုံးရက် ကျင်းပတာပေါ့။





ဒီမြို့တော်ရှင် နတ်ကနားပွဲကို ဒီမြို့မှာတော့ အကြီးအကျယ် လုပ်ကြတာဗျ။ နှစ်ပေါင်း မနည်းဘူး။

မြစ်ဝကျွန်းပေါ်က ( ) မှာ ရေနံပိုင်ဦးရှင်ကြီးပွဲ နှစ်စဉ်ကျင်းပသလို စည်ကားတာ။ မြို့ပေါ်မှာရှိသမျှ လုပ်ငန်းရှင်တွေ၊ ကားပိုင်ရှင်တွေ၊ ဈေးသည်တွေရော၊ မြို့သူမြို့သားတွေပါ ... လာကြ၊ လှူကြတာ ပေါ့''

နတ်ကနားပွဲကို ဦးဆောင်ကျင်းပသူက နတ်ကတော်ဒေါ်သောင်း။

ဒေါ်သောင်းဆို ကျွန်တော်တို့မြို့လေးက အကုန်သိကြတယ်။

နတ်ပွဲတော်ကို ဦးစီးတဲ့ ကနားစီးလည်း ဟုတ်သလို၊ နတ်မေးဗေဒင်မေးလည်း ဟောပြောတယ်။ ရိုးရာပွဲတင်ရင်လည်း သူပဲ ဆောင်ရွက်ပေးတာ များတယ်။ တပည့်တပန်း ကနားစီးတွေကလည်း အမေသောင်းကို ဆရာတင် လေးစား အလေးထားကြတယ်။

နတ်ကနားမဏ္ဍပ်အထဲမှာလည်း ရွှေရောင်စုံ၊ ကျောက်ရောင်စုံ လွှမ်းနေတဲ့ သူဌေးမိန်းမတွေ၊ အရာရှိကတော်တွေလည်း ပိုက်ဆံအိတ်ကြီးတွေဖွင့် ရာတန်တွေ နတ်ကိုးလိုက်။

နတ်ကတော် မိန်းမလျာတွေကလည်း ခေါင်းတခါခါနဲ့ ဟောလိုက်ပေါ့။

''ဟဲ့ ... သမီးတော်ကြီး''

''ရှင် ... အစ်ကိုမင်းကြီးဘုရား''

''နင့်ကို ဘယ်သူ မ,လို့ ရွှေလက်ကောက် တစ်တောင်ဆစ်ရောက်သလဲ သိလား''

''သိ ... သိပါတယ် ... အစ်ကိုတော်ဘုရား''

''သိရင် အမှန်အတိုင်း ပြောစမ်းဟဲ့။ လိမ်ညာလှည့်ဖျား မှသားပလီ၊ ပညာလုပ်ရင် ငါ ဖွင့်ပြောလိုက်မယ်ဟေ့နော် ... ဟင်း ... ဟင်း ဟင်း''

''ကြောက်ရွံ့လေးစားရပါတယ် ... အစ်ကိုတော်ဘုရား''

''ဒါဆို နင်တို့ကို ဘယ်သူမ,လို့ ချမ်းသာတာတုံး ... ပြော''

''အစ်ကိုတော်မင်းကြီး၊ မင်းလေးတို့ မ,စချီးမြှင့်လို့ပါ ဘုရား''

''သေချာတယ်နော် ဟေ့''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ . . . ကိုယ်တော်ကြီးဘုရား"

"နောက်ထပ် ဒီထက်ပိုပြီး ချမ်းသာချင်လားဟေ့"

"အဲ . . . အဲ . . . ဟုတ်ကဲ့ ဘုရား"

"သောက် . . . ဟိုဒင်းမ . . . ဒီလောက် ချမ်းသာနေတာတောင် ထပ်ချမ်းသာချင်သေးသတဲ့ . . . ညီတော်ရေ . . ."

"နောင်တော်ဘုရား"

"ပိုချမ်းသာချင်သတဲ့ . . . ညီတော်ရဲ့

"ကျွန်တော်မျိုးများရဲ့ နှမတွေပါ . . . နောင်တော် . . . မ,စသင့်ပါတယ်"

"ဟုတ်ပြီဟေ့ . . . ငါ့ညီတော် မင်းကလေးကလည်း ထောက်ခံမှတော့ မ,ရမှာပေါ့ဟေ့။ ဟဲ့ . . . နှမတော်ကြီး . . ."

"ဘုရား . . . အစ်ကိုတော် ဘုရား"

"အခု ဘယ်လက်မှာ လက်ကောက် ဘယ်နှကွင်းပါတုံး ပြောစမ်း"

"အဲ . . . အဲ . . . ဆယ့်ငါးကွင်းပါ . . . အစ်ကိုတော်"

"ငါ့ကို တစ်ကွင်းချွတ်ဆက်စမ်းဟဲ့"

"ရှင် . . ."

"ဟား ဟား ဟား ဟား . . . လက်ကောက်တစ်ကွင်း ချွတ်ဆက်ဆိုတော့ နှမြောတယ်ပေါ့။ ငါ မ,စလို့ ဒါတွေ . . . ဒါတွေ ရတာကျတော့ ကျေးဇူးဆပ်ရမှန်း မသိဘူးပေါ့ . . . ဟုတ်လား"

ဒီမှာ သူဌေးမရဲ့ အနီးမှာရှိတဲ့ မိန်းမက လက်တို့ပြီး ပေးလိုက်လို့ တိုက်တွန်းတယ်။ ဒါနဲ့ လက်ကောက်တစ်ကွင်းကို အမြန်ချွတ်ပြီး မင်းကြီး (နတ်ဝင်သည်) မိန်းမလျာကို တုန်တုန်ယင်ယင် လှမ်းဆက်တယ်။

"နှမတော် . . . တကယ်ဆက်တာလား"

"မှန် . . . မှန်ပါ . . . ရှင် . . . ရှင် . . ."

"အသံတွေ တုန်လို့ပါလား . . . နှမြောလို့လား . . . ဟဲ့"

"မ . . . မ . . . နှမြော . . . ပါ . . . ပါ . . . အစ်ကိုတော် . . . ရှင် . . . ရှင့် . . ."

"ဒါမှ ငါ့နှမတော်ကြီးကွ . . . ဒါကြောင့် ညီဘွားတို့ရေ . . . ရွှေပြုံးကို သွားမယ်ဟေ့"





"ဒီမှာ နတ်ဆိုင်းတော်ဝိုင်းက ဆိုတီးနဲ့ ပို့တော့တာပဲဗျူ။

ရွှေပြုံးကို သွားမယ်လို့ လုံသွားသုံးတောင်၊

ပြောင်လုအောင်သွေး

ကျောက်ပြင်ကြီးငယ်နဲ့ မှန်ဘီးကို ယူခဲ့ပါ့၊

ညိုနွဲ့ငယ်လေး × × ×"

ဒီမှာ ဝိုင်းတော်အဆိုကျော်တွေက နတ်ယိုင်ကို မြှိုင်မြှိုင် ဆိုတီးကြတာဗျာ။

"မရှက်ဘူးလား၊ မကြောက်ဘူးလား . . .

သောက်ခေါင်ကြူးတဲ့၊ မင်းညီနောင် . . .

ရွှေပြုံးသူများမောင် . . .

ရှက်တတ်ရင် သောက်ပါရိုးလား . . .

ကြောက်တတ်ရင် သောက်ပါရိုးလား . . .

ပုဆိုးစွန်တောင်သက်တဲ့သွေး

ဘိုးတော်ကြီး . . . မြေး . . ."

"ဟေ့ . . . ဟေ့ . . . ဟေ့ . . . ကျား . . . ကိုယ်တော်ကြီးတို့ ကိုယ်တော်လေးတို့ ဘုရား . . . နှမတော်အဖော်များနှင့် ပျော်ပျော်ပါးပါး ရွှေပြုံးကို ကြွတော်မူပါ့ ဘုရား"

ဆိုင်းက အဆူတီး . . .

မင်းကြီး၊ မင်းလေး ညီနောင်က အပြိုင်,က . . . ပူး . . .

"သမီးတော်ကြီး . . ."

"အစ်ကိုတော် ဘုရား"

"ဒီနေ့ကစ (၇) ရက်အတွင်း ကားဝင်မယ်ဟေ့၊ ကျေနပ်လား"

"တ . . . တကယ်လား . . . ဖ . . . ဖရား"

"သယ် . . . ငါ့များ နင်က . . ."

"က . . . ကန်တော့ပါ ဘုရား၊ ကျေနပ်ပါတယ် ဘုရား"

"အေး . . . ဒါကြောင့် (၇)ရက်သားသမီးများကို မ,စဖို့ ကိုယ်တော်တို့ ရောက်ရှိလာတာဟေ့ . . . ငါ့နှမ ကားပေါ်မှာ ချစ်ရသူနဲ့ ပျော်ပျော်ကြီး နေတော့ဟေ့"

ဒီမှာ နတ်ဝင်သည်က အထာပြလိုက်ရော . . .



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဝိုင်းက ကျွန်တော်လေ ရွှေဖြူးသား သီချင်းတီးပြီးနောက် မင်းနှစ်ပါး ထွက်သွားတယ်။

''ဒါဆို ဟိုအမျိုးသမီး ရွှေလက်ကောက် ဆုံးသွားရောလား''

''နတ်ပွဲထုံးစံက နတ်ကိုဆက်ရင် ပြတ်ပြီလေ''

''လွန်တာပေါ့ဗျာ''

''သို့သော် ဒီလိုရှိတယ် ... အစ်ကိုရေ၊ ပွဲပြီးရင် နတ်ကတော် ကနားစီးဒေါ်သောင်းထံမှာ ရွှေရဲ့တန်ဖိုး ငွေပေးပြီး ပြန်ရွေးလို့ရတယ်''

''တစ်မျိုးကြီးပဲဗျာ''

''နတ်ကနားပွဲတိုင်း ဒီလိုလုပ်တာတော့ မဟုတ်ဘူးပေါ့။ ချမ်းသာတဲ့သူ ခွင်ထဲဝင်လာရင် အချို့က လုပ်သွားတာလည်း ရှိတာပဲ။ ကိုယ်ချမ်းသာတာကို နတ်ပေးလို့ ချမ်းသာတာ အယူရှိသူလည်း ရှိတာပေါ့။ ရွှေလက်ကောက်ချွတ်ပေးတဲ့ မိန်းမကလည်း မင်းနှစ်ပါးကို ယုံကြည်ကိုးကွယ်တော့ မလွန်သာဘူးလေ။ အမှန်က မင်းနှစ်ပါး ပေးမပေးတော့ မသိဘူး အဲဒီမိန်းမရဲ့ ယောက်ျားက အစိုးရဓာတ်ဆီဆိုင်က မန်နေဂျာဗျ''

''ခွင်ကတော့ ကွက်တိပဲပေါ့ကွာ၊ ပိုင်ပါ့ကွာ''

''ကိုဖေဇော်ဆိုတဲ့ ပွဲရုံပိုင်ရှင်ဆို ထိသွားတာပဲ''

''ဘယ်လို ထိတာတုံး''

''နတ်ပွဲမှာ ဝင်ပျော်တာပေါ့။ ဟိုက ညီဘွားလို့ခေါ်ရင် ငွေတစ်ရာသူက နတ်ကိုးတယ်''

''မင်းကို ငါမ,တာ သိတယ်နော် ... ညီဘွား''

''သိပါတယ် ... နောင်တော်''

''မင်း ငါ့ကို ဖုံးထားတာ ရှိတယ်ကွ''

''ဗျာ ... နောင်တော့်ကို ညီဘွား ဘာမှ မဖုံးပါဘူး ... နောင်တော်''

''မညာနဲ့ကွ ... ငါ့ကို ညာလို့မရဘူး''

''မညာပါဘူး ... နောင်တော်''

''ဒါဆို မင်း ပြီးခဲ့တဲ့ စနေနေ့က ကားနဲ့ ဘယ်သွားတုံးဟေ့''

''အဲ ... အဲ ...''

''ကားပေါ်မှာ ဘယ်သူပါတုံး''





''အဲ ... အဲဒါ ...''

''ငါ အကုန်မြင်တယ်ကွ။ မင်း သဘောပေါက်ပြီလား''

''ဟုတ် ... ဟုတ်ကဲ့ပါ ... ခင်ဗျ''

''သဘောပေါက်ရင် ဘာလုပ်မှာတုံး''

ဒီမှာ ကိုဖေဇော် အိတ်ထဲကနေ ရာတန်ငါးရွက်ထုတ်ပြီး မင်းကြီးရဲ့ ခေါင်းပေါင်းမှာ ထိုးပေးလိုက်ရတယ်။

ဒီတော့မှ ကိုဖေဇော်ကို အရက်တစ်ငုံတိုက်ပြီး ...

''ရွှေပြုံးက ပန်းခွာညို မွေးလှတယ်ဆို ...

ဟုတ်ရဲ့လား ညီဘွား''

''ဟုတ် ... ဟုတ်ကဲ့ခင်ဗျ''

အမှန်က ကိုဖေဇော် ဒီနတ်ပွဲ အတွင်းစည်းကနေ ပြန်ပြေးချင်နေပြီဗျ။ မျက်စိမျက်နှာလည်း ပျက်နေပြီ။

နောက်ဆုံးတိုက်တဲ့ အရက်တစ်ငုံကို သောက်ပြီး အပေါ့သွားပါရစေပြော ထွက်ခဲ့ရတယ်။ အပြင်ရောက်တော့ အမူးပျောက်ပြီး ချွေးပျံနေပြီ။

''ဘာဖြစ်လို့လဲ ... ကိုရွှေသစ်ရ၊ နတ်ဝင်သည်ဟောတာ ဒက်ထိမှန်နေလို့ ပြောတာလား''

''သိပ်ဟုတ်ပေါ့ဗျာ ... မင်းကြီးမင်းလေးဟောချက် မှန်နေတော့ ပြောတာပေါ့ဗျာ''

''မင်းကြီးမင်းလေးက တယ်သိပဲနော်''

''သိမှာပေါ့ဗျာ ... မင်းကြီးမင်းလေး နတ်ဝင်ကနေတဲ့ မိန်းမလျာနှစ်ဦးက သူနဲ့ဖြစ်နေတဲ့ တိတ်တိတ်ပုန်းမယားနဲ့ တစ်ရပ်ကွက်တည်း တစ်သမ်းတည်း နေတာကိုးဗျ''

''သေဟ ... ဒီလိုလား၊ တယ်တော်တာပဲနော်''

''တတ်သိတဲ့နှစ်ဦးက သူ့ကြိတ်ပုန်းကိစ္စလေး အစလေး ဖော်တော့ နတ်ပိတ်ခ ငွေငါးရာ ပူဇော်ပြီး ပြေးတာဗျာ''

''မလွယ်ပါလားဗျာ ... ဟိုကိစ္စ ဆက်ပါဦး ... ကိုရွှေသစ်ရ''

ဒီလိုနဲ့ ကျော်လေးကျော်ထဲက ပခန်းဦးမင်းကျော် နတ်ရွှေဝင်တဲ့ ပျော်တဲ့ အချိန်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကျော်ဝင်တဲ့သူက နတ်ကတော် သောင်းမြင့်။

နတ်က မျိုးစုံရတယ်၊ မိန်းမလျှာပဲ။

ချိတ်ပုဆိုးနဲ့၊ ပန်းခေါင်းပေါင်းနဲ့။ ဒီအရပ်မှာတော့ နတ်ကတော် (မ)သောင်းမြင့် ကိုကြီးကျော်ဝင်ရင် အရမ်းကြည့်လို့ ကောင်းတယ်။ ခေါင်းလှုပ်၊ ရင်ချီ၊ ကြက်တိုက်၊ အရမ်းအံ့သြဖို့ ကောင်းတယ်။

ဆိုင်းကလည်း ကိုကြီးကျော် ဝင်မယ်ဟော့ဆို အဆူအပြိုင်တီးတာ။ မြှောက်ပေးကြတာ။ ဒီလို မြှောက်ပင့်ပေးမှ ကိုကြီးကျော် (သောင်းမြင့်) က ဆုတော်ငွေချ၊ အရက်သောက်ပြီး ဆုငွေရမှာကိုး။

ကိုကြီးကျော် ကြက်တိုက်တဲ့အခန်း ရောက်လာပြီ။

ပိုက်ဆံချမ်းသာတဲ့ ရှေ့ဆုံးတန်းက သူဌေးမတွေ သူဌေးသားတွေက ရွေးချထားတဲ့ ကြက်ကို ဘယ်လက်နှင့်ပိုက်ပြီး ညာလက်ဝါးပေါ်မှာ ကြေးဖလားတင်တဲ့ ဟန်နဲ့ ... ခန့်နေတဲ့ ကိုပခန်းကျော်ကို ဝိုင်းကြည့်ကြ။

ကိုကြီးကျော်ကိုင်တဲ့ ကြက်နဲ့ အရှုံးအနိုင် လောင်းကြေးတိုက်တဲ့ပွဲ။

သူဌေးမတွေ၊ သူဌေးတွေက ကိုကြီးကျော်လောင်းကြေးငွေ ဆက်တယ်။ ရာတန်တွေ အပြိုင်ထည့်ကြ။ သူထည့်၊ ကိုယ်ထည့် ကြေးဖလားထဲ ငွေစက္ကူတွေ ပြည့်သွားတာပဲ။

ပြီးမှ မူးစေ့မတ်စေ့တွေ ထပ်ထည့်ပြီး ဒီလောင်းကြေးဖလားကို အထက်အောက်လှန်ပြီး ကစားမှာ။ ငွေအကြွေ လုံးဝ မကျရဘူး။

ခွက်မှောက်ခွက်လှန်မှာ ငွေအကြွေစေ့ရော၊ ငွေစက္ကူရော ပြန်ကျရင် ကိုကြီးကျော် ကြက်ရှုံးတယ်။ ဒီလို အယူအဆကိုးခင်ဗျ။

ကိုင်း ... ပခန်းကိုကြီးကျော် ကြက်တိုက်လောင်းမှာမို့ မင်္ဂလာဝိုင်းတော်က ကြက်တိုက်ချင်းကို စတီးပါရော ... အစ်ကိုရေ၊

"အင်းနားရေကြည်သောက်တဲ့ ဖောင်းကလေး × × ×

နံနက်ရေနွေး × × × ညရေအေး

မောင်ကျော်စွာမွေးတဲ့ ကြက်ကလေး × × ×

ပုဆိုးကွက်ဝါ၊ ကြက်ပြာပိုက်ပါလို့ × × ×

အလိုက်ကလေးတဲ့ ပျော်ရအောင် ရွှေခန်းသူများမောင် × × ×

ရွှေခန်းသူ ရင်လေ × × × နဲ့တယ် × × ×





ဘိန်းလေးလေး × × × ဘိန်းလေး × × × မှော်ပွင့်ကဲ့ × × ×

ဝေး × × × ကိုကြီးကျော်တဲ့ဟေ့ × × ×"

ဝိုင်းတော်က အတီးသမား၊ အဆိုသမားတွေ သံပြိုင်အော်ကြ။ ဗိန်းမောင်း အဆူတီးရော ကိုကြီးကျော် (သောင်းမြင့်) က လက်ပေါ်တင်ထားတဲ့ ငွေဖလားကို အပေါ်အောက် ဝိုင်းဝိုင်းကစားပြတယ်။

ပြီး ဘေးဘယ်ညာ ဝိုက်ကာဝဲကာ ကစားပြတယ်။

"ပခန်းကိုကြီးကျော်တဲ့ဟေ့"

"ယောက်ျား ... တဲ့ဟေ့ ..."

ဗိန်းမောင်းကလည်း ဝိုင်းဆူပွဲဆူ မနားတမ်းတီး၊ ပခန်းကိုကြီးကျော် (သောင်းမြင့်)ကလည်း အထက်အောက် အရှိန်ရနေတဲ့ ငွေဖလားကို သုံးချီသုံးလား ဆိုင်းတီးချက်အတိုင်း မှောက်လိုက်လှန်လိုက် လုပ်တာ။

နှစ်ချီမှာ ဖလားထဲက ငွေအကြွေတွေ မကျဘူး။

သုံးချီမြောက်ကစားရော မတ်စေ့အချို့ ကျလာပါရော၊ ကိုကြီးကျော်မျက်နှာ ပျက်သွားတယ်။

"မကျေနပ်ဘူးဟေ့ ... ပြန်တိုက်မယ်ကွ"

"ပခန်းကျော်တဲ့ဟေ့"

နတ်ကတော်သောင်းမြင့် ကံဆိုးပါတယ်ဗျာ။ ငွေအကြွေစေ့တွေ ပြန်ကျပါရော၊ နတ်ကနားစီးလည်း ကိုကြီးကျော်သောင်းမြင့်ကို မျက်စိမျက်နှာထားနဲ့ လှမ်းကြည့်လိုက်တယ်။

ဒီနေ့ ဘယ်လိုဖြစ်လဲ မသိဘူး။

ခါတိုင်း သောင်းမြင့် ပခန်းကိုကြီးကျော် ကြက်တိုက်ကစားရင် လေထဲမှာ ဝဲနေတာ ဒီနေ့ မဝဲဘူး။ မပြုံးနိုင်ဘူး။ ချွေးပျံနေပြီ။ အမှန်က ငွေစက္ကူနဲ့ အကြွေထည့်ထားတဲ့ ဖလားကို လက်ဝါးပေါ်တင် အရှိန်နဲ့မြှောက်မှောက်ချီလှန်ချီ လုပ်တာက အလေ့အကျင့်ပဲ ... အစ်ကိုရဲ့။ အရှိန်ရရင် ငွေအကြွေစေ့က ကပ်နေတာ မကျဘူး။

လူကလည်း အကြွေစေ့တွေ မကျအောင် လက်ကို ခပ်စောင်းစောင်း ကစားပေးရတာ။ သောင်းမြင့် ကိုကြီးကျော် စဝင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆက်ဘရန်ဒီ နှစ်ငုံ သုံးငုံ ငုံထားတော့ မူးသန့် တူပါရဲ့။ နတ်ဝင်သည်သောက်တဲ့ ဘရန်ဒီကို ရေရောထားတာ များတယ်။

ဒါက ကြိုလုပ်ပြီး ပြုပြင်ထားတဲ့ အရက်။

အချို့ ပခန်းကိုကြီးကျော် တကယ်ဝင်ရင် မာန်ပါလာရင် တကယ့်အရက် ချိတ်မဖွင့်ရသေးတာကို သောက်တာ။

နတ်ကတော်သောင်းမြင့်ကို ဆက်တဲ့အရက်က ဘရန်ဒီအစစ်ပါ။ သူ စွန့်လို့သောက်ရတဲ့ ကျွန်တော့်သူငယ်ချင်းတွေ ပြောပါတယ်။

ရေမရောဘူးတဲ့။

ဘရန်ဒီအစစ်တဲ့။

အချို့နေရာများ ပွဲများမှာတော့ သကြားကို ရဲနေအောင်လှော်ပြီး ရေကျက်အေးနဲ့ရော၊ အရက်အစစ်နည်းနည်းနဲ့ ရောတဲ့ ဘရန်ဒီအတု၊ အရက်တုတွေ သောက်ပြတာလည်း ရှိတာပေါ့။

ခု ကြည့်ရတာ ကိုကြီးကျော် (သောင်းမြင့်) နည်းနည်းတွေ့ပြီး လက်ကျမမှန်လို့ အကြွေပြန်အန်ပုံရပါကယ်။

သို့သော် ...

သူတို့ နတ်ကတော်အဖွဲ့က ပါးနပ်တယ်။

''ဟေ့ ... သုံးကြိမ်မှာ နှစ်ကြိမ် နိုင်တယ်။ ကိုကြီးကျော် နိုင်ပြီဟေ့''

''ကိုကြီးကျော် ... နိုင်ပြီဟေ့''

အားလုံး ဝိုင်းအော်ပေးကြတယ်။ ကိုကြီးကျော် (သောင်းမြင့်)လည်း ခုမှ ပြုံးပြီး ငွေဖလားကို ကနားစီးကိုအပ်ပြီး ကဖို့ ပျော်ဖို့ ဆိုင်းကချိန်ရော ...

အစ်ကိုရေ ... ပြဿနာ စပါရောဗျာ။

ကြည့်နေတဲ့ လူပရိသတ်ကြားထဲကနေ လူတစ်ယောက် သီချင်းအော်ဆိုပြီး ကပါရောဗျာ။ ပြဿနာက အဲဒီက စတာပဲဗျာ။

''ကိုကြီးကျော် ... ကိုကြီးကျော် ... တို့ကိုကြီးကျော် ... ဟေ့''

''ကိုကြီးကျော်ကိုနော်ဗျာ ... တင်တင်ကာ ပသပါတယ်
မောင်ကြီးကျော်ကိုလေ တင်တင်ကာ ပ,သပါတယ်''





အလို ... အသံဝါကြီးနဲ့ နတ်သီချင်းဆိုပြီး လူကြားထဲ က,နေတာ။ အားလုံးကြည့်လိုက်တော့ အရှူးကြီးတစ်ဦးဗျာ ... ဆံပင်ရှည် ဖွာထံကျဲကုပ်ထောက်နဲ့။ မျက်နှာက ဆယ်ပြားစေ့ ထောင်ထားသလို လေးထောင့်ကြီးဗျ။

နူတ်ခမ်းမွေး အဖြူအမဲ ရောထွေးထူကုပ်က ပါးစပ်ထဲ ဝင်ပြီး ကွမ်းသွေးတွေ ပေကျံလို့။ အတွင်းခံ စွပ်ကျယ်က အပေါက်ကြီး အပေါက်ငယ်တွေ ဗရပွရှိပြီး အပေါက်ကြီးတွေအောက်မှာ အင်းကွက်၊ စမကွက်တွေလည်း အထင်းသား မြင်ရတယ် ... အစ်ကို စာရေးဆရာရေ။

ယောဂီရောင်လွယ်အိတ် ဖောင်းဖောင်းကြီး လွယ်ပြီး ဟစ်နေက,နေတာဗျ။

ပိုထူးခြားတာက သူ့ဘယ်လက်ထဲမှာ တိုက်ကြက်ဖ ဥပန်းဖြူကြားတစ်ကောင်ကို ပိုက်ပြီး ခုန်လို့ လှုပ်လို့ က,တာဗျ။

ဖြန်းခနဲ လူကြီးက,တော့ ကြည့်နေတဲ့လူတွေ ရုတ်ရုတ်သဲသဲဖြစ်ပြီး လှည့်ကြည့် ဝိုင်းကြည့်ပြီး လူကြီးကို ကြည့်ပြုံးသူပြုံး၊ ပြောသူကပြောဖြစ်ကြပါရော။

''အခုမှ ကိုကြီးကျော် ရောက်လာတာဟေ့''

''ဒီအရူးက ပွဲလန့်အောင် လုပ်နေပါပြီကွာ''

''ဝေးဝေးကို တွန်းထုတ်ကြကွာ''

''မထုတ်နဲ့ကွ ... ဒါ ... ပခန်းကိုကြီးကျော် ဝင်နေတာ''

''ဟာ ... အရူးကွ ... ဟေ့ ... အရူး ... ဝေးဝေးသွား''

''မသွားဘူးဟေ့ ... ပခန်းကိုကြီးကျော်တဲ့ဟေ့ ... သောက်တော်ဘူးရယ်နဲ့ ××× အိုမကွာ ××× အိုမကွာ ××× ဟေ့ ... ဟေ့ ... ဘာလုပ်ကြတာတုံးဟ''

အရူးကြီးရဲ့ အသံဝါကျယ်ကျယ်ကြီးနဲ့ သီချင်းဆိုသံ၊ ခုန်ပေါက်ပူးကနေဟန်၊ တွန်းဆွဲသံတွေကြောင့် နတ်ကနား ပတ်လည် ဝိုင်းကြည့်ကြတယ်။ ပရိသတ်ကလည်း မေးကြမြန်းကြ။

နတ်ကနားစီး ဒေါ်သောင်းနဲ့ နတ်ကတော်အဖွဲ့ကလည်း ခါးတွကိုယ်စီထောက်၊ မျက်ထောင့်နီနဲ့ ဝိုင်းလှမ်းကြည့်မေး။

''ဒီကောင် ဘယ်သူတုံးဟေ့''



www.burmeseclassic.com

www.burmeseclassic.com



"အရှုးကြီး ... အဲမေသောင်းရေ"

"မဆွဲနဲ့ကွာ ... မင်းကျော်စွာရယ်လို့ ×××မ××× ကျော်××× ကျော်×××အူး ...၊ ဖူး ... ငါ့ပါးစပ်ကို မပိတ်နဲ့နော် ... ငါ့ကိုများ ... မင်းတို့က ..."

ကိုကြီးကျော် သောင်းမြင့်လည်း ရှေ့ကြက်ရုပ်နဲ့ ဖလားကိုင်ပြီး ကရမလို၊ ရပ်ရမလိုဖြစ် ...

ဆိုင်းကလည်း ပရိသတ်အာရုံပြောင်းအောင် နတ်ကြမ်းပူး၊ အဆူ အပြိုင်ကိုတီး။ ဒီမှာ နတ်ကနားစီးဒေါ်သောင်းက ...

"ရွှာစား ဆိုင်းတီးရပ်လိုက်စမ်းဟေ့"

ဆိုင်းဆရာက အတီးကို လုံးဝ ရပ်လိုက်တယ်။ နတ်ကနားပေးတဲ့ သူဌေးလည်း ဒေါသတွေဖြစ်ပြီး အရှုးကြီးကို ထိုးမယ်ကြိတ်မယ် လုပ်၊ ဆိုင်းသမားတွေကလည်း အနှောင့်အယှက်ပေးရမလားဆိုပြီး ပြောကြ။

ဒီမှာ နတ်ကနားပွဲကို မ,တည်တဲ့ သူဌေး ဦးမျိုးဂုဏ်ရောင်က ပွဲ ပျက်အောင် လုပ်ရမလားဆိုပြီး အရှုးကြီးရင်ဘတ်ကို တွန်းထုတ်။

တပည့်လက်သားတွေကလည်း ဝိုင်းဆွဲ ထိုးကြိတ်။

ဒီမှာပဲ အရှုးလိုလူကြီးက ...

"ကိုကြီးကျော်တဲ့ဟေ့ ... ကျား"

"ဟာ ..."

"ဟဲ့ ... ဟဲ့ ... ဖယ်နေကြ"

"ဟင် ..."

အရှုးလိုလူကြီးက ဝိုင်းချုပ် ထိုးကြိတ်တဲ့ကြားကနေ သို့ကလို အော်ပြီး ရုန်းခုန်လိုက်တာ။ ဝိုင်းချုပ်ထားတဲ့ ဗလကောင်းကောင်း လူငါးယောက် ဝုန်းခနဲ ရှဲခနဲ လဲကျပြီး အရှုးကြီးက မိုးပေါ်ကို မြောက်ခုန်တက်သွားတာ ... ဆရာရှေ့။

"ပခန်းကျော်တဲ့ကွ ... ကျား ..."

"အောက် ... အီ ... အီး ... အွတ်"

"ဟေ့ ... ဟေ့ ... ကြည့်လုပ်ကြပါကွယ် ... ကြည့်ရတာ ပခန်းကျော် တကယ်ဝင်တယ်နဲ့ တူရဲ့။ ကိုဂုဏ်တို့၊ မဲလုံးတို့ အရမ်းမလုပ်ကြနဲ့ဟဲ့ ... မှားကုန်မယ်"





အံ့သြစရာပါ ... အစ်ကိုစာရေးဆရာ။

ကျားလို့အော်ပြီး ခုန်လိုက်တာ မရှိဘူးဆို လက်နှစ်ဖောင်အမြင့် ဝါးတစ်ပြန့်အမြင့်နီးပါးကို တိုက်ပုံလွယ်အိတ် လွှားလွှားနဲ့ မြောက်တက်သွားတာ။ သူ့လက်ထဲက တိုက်ကြက်ဖကြီးကလည်း လေထဲမှာ ပိုက်လျှက် မြောက်လျက်က အကျယ်ကြီး တွန်တာ။

လူတွေ လန့်ပြီး ရှဲကုန်ကြတယ်။

အသက်(၉၀)ခန့် အဘွားအိုကြီး ဒေါ်ဆွဲမိက ပွဲမ,တည်သူ သူဌေး ဦးမျိုးမင်းဂုဏ်ကို လက်တို့ပြီး သတိပေးတယ်။

"ကြည့်စမ်းပါ ... အစ်ကိုရာ ...

အရှုးကြီး တိုက်ပုံတကားကား ကြက်ကြီးပိုက်ပြီး လက်နှစ်ဖောင် အမြင့်ကနေ လူအုပ်ကြားထဲကို ပြန်ကျလာတာ လူအချို့ အမြင်က ပြန်ကျရင် အရှိန်ကြောင့်၊ လူဝိတ်ကြောင့် ခြေကျိုးလက်ကျိုးဖြစ်ပြီဟေ့လို့ တွက်ထားကြတာ။

မဟုတ်ဘူးဗျာ ... ကြောင်ကျ ကျတာ။ ဖတ်ခနဲ ကျတာ။

"အောက် အီး အီး အွတ်"

စောစောက ဝိုင်းဗျင်းတဲ့ လူစွာတွေ ရှိန်ပြီး ရှဲသွားကြတယ်။

အရှုးကြီးက နတ်ဝင်သည်များလို ဘယ်ညာယိမ်းပြီး တုန်ခါနေရင်းက သူဌေးဦးမျိုးမင်းဂုဏ်ရဲ့မျက်နှာကို လက်ညှိုးထိုးပြီး ခေါင်းတခါခါနဲ့ ပြောပါရောဗျာ။

"ဟဲ့ကောင် ... လူမိုက်၊ ငှက်မသိတော့ ဆက်ရက်ကို ချိုးထင်တယ်။ အချက်မသိတော့ သားမက် သူခိုးထင်တဲ့ကောင်က မင်းပဲ လူမိုက်။ ကိုယ့်တက်လမ်းကို ပိတ်မည့်ကောင် ...၊ အဖိုးတန်ပတ္တမြားကို ခဲသွေးကျောက်လို့ မှတ်ပြီး ဆန်ခြောက်ပြည်နဲ့ လဲစားသည့်ငတုံး။ ငါ့အသား တစ်ချက်ထိရင် မင်းစီးပွား တစ်ခါလျှော့ရမယ်၊ ကျေးဇူးမသိတဲ့ လူမိုက် ... ဟောဒီမှာ ... ကြည့် ... ပခန်းကျော်တဲ့ဟေ့ ... ကျား ..."

"ဟာ ..."

"ဟယ် ..."

"မြတ်စွာဘုရား ..."

"ဒါ လူသာမန်မဟုတ်ဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်ကြပေါ့ . . . နော်"

ဒုတိယအကြိမ် ကျားလို့အော်ပြီး ရပ်နေတဲ့လူတွေရဲ့ ခေါင်းပေါ် ကျော်ရုံမက စောစောကထက်မြင့်အောင် ခုန်လိုက်တာဗျာ။

"အစ်ကိုရေ . . . တုတ်ထောက်ခုန်မှ ရသည့်အမြင့်ထက် ကျော် တက်ခုန်လိုက်တာ ကျွန်တော်တို့ ပရိသတ်တွေ မော့ကြည့်ရတယ်ဗျ။"

အံ့ဩဖို့ကောင်းတာက အရူးလိုလူကြီးက လေဟာပြင်ပေါ် ခုန် တက်ရင်းက သူ့လက်ထဲက တိုက်ကြက်ဖကြီးပါ မိုးပေါ်မြှောက်တင်လိုက် တာဗျာ။

တိုက်ကြက်က အရင် မိုးပေါ်ကို အတောင်ပံရိုက်ခတ်ရင်း တက်၊ သူကလည်း လေထဲကို ရောက်သွား။

ဘုရားရေ . . . လေပေါ် (ကျွန်တော်တို့ခေါင်းပေါ် လက်နှစ်ဖောင် ခန့်) ထဲမှာ လက်ခမောင်းခတ်ပြီး အော်တာဗျ"

"ပခန်းကျော်တဲ့ဟေ့"

"ဖြောင်း . . . ဖောင်း . . . ဖြောင်း . . . "

မြေပြင်ကို အရူးကြီးလိုလူကြီး ပြန်ကျလာတယ်။

တကယ့်ကြောင်ကျ၊ ကျားသစ်ကျ။

သူ့နောက်မှာ အတောင်တဖြန်းဖြန်းခတ်နေတဲ့ တိုက်ကြက်ဖကြီး ပြန်ကျလာတယ်။

ကျလာတဲ့ တိုက်ကြက်ကို မော့မကြည့်ဘဲ ဘယ်လက်မောင်းနဲ့ လှမ်းပွေ့လိုက်တာ တိုက်ကြက်ကြီး သူ့လက်မောင်းကြား ဇွေ့ခနဲ။

"အောက် အီ အီး အွတ်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ဒါမှ ကိုကြီးကျော်တဲ့ဟေ့"

"ရှို . . . ရှို . . . ကိုကြီးကျော်ကွ"

အရူးကြီးလို လူထူးဆန်းကြီးဟာ သို့ကလို အံ့ဖွယ်အစွမ်းကို ပြပြီး နောက် နတ်ချင်းကို အသံဝါဝါကြီးနဲ့ အော်ဟစ်ဆိုပါရောဗျာ။

"ပုဆိုးကွက်ဝါ × × × ကြက်ပြာပိုက်ပါလို့ × × × အလိုက်ကလေးတဲ့ ပျော်ရအောင် × × × ရွှေခန်းလူများမောင် × × × ရွှေခန်းသူ × × × ရင်ထေ





နဲ့တယ် × × × ဘိန်းလေးလေး × × × ဘိန်းလေး × × × မော်ပွင့်ကြ . . . ဟေ့ . . . ဟေ့ . . . ဟေ့"

အရူးကြီးက ကိုယ်ကို နွဲ့ကာ မြှောက်ကာ ကြွကာ ကပြရော လူ တွေအားလုံး အံ့ဩနေချိန် . . .

နတ်ကနားစီး နတ်ကတော်ကြီး အမေသောင်း အရူးလိုလူကြီးရှေ့ ကို ရောက်လာပြီး ရှိုရှိုသေသေပါပဲ . . .

"အဖေကြီး . . . အထဲကို ကြွတော်မူပါရှင်"

ဘာလုပ်မလို့ ခေါ်ပါလိမ့်ဗျာ . . . စဉ်းစားကြတယ်။

ဒေါ်သောင်း အရူးကြီး တကယ်ပခန်းကိုကြီးကျော်ဝင်တယ်လို့ ယုံကြည်ပြီး အထဲကို ခေါ်တာလား။

"ညည်းက ဘယ်သူတုံးဟဲ့ . . . ဟင်း ဟင်း ဟင်း"

"အဖေကြီးကတော့ လုပ်ပြီ သမီးတော်ကြီးကို မသိဘူးလားလို့"

ရောပြီဗျ . . . ဒါ နတ်ကနားစီး ဒေါ်သောင်းရဲ့ ပညာပဲဗျို့။

"နင် မိသောင်းမဟုတ်လား"

"ရှင် အဖေကြီးသိနေတယ်"

"အံမာ . . . နင် လင်သုံးယောက်ရဖူးတာ သိတာပေါ့ဟ"

သွားပြီ . . . နတ်ကတော်ဒေါ်သောင်း မျက်နှာ လူပုံအလယ် ရဲ ခနဲ ဖြစ်သွားပြီ။ ဒီလူကြီး ကျုပ်တို့နယ်သား အရပ်သား မဟုတ်ဘူး . . . စာရေးဆရာ။ သူ့ကို သိတဲ့လူ၊ ရင်းနှီးတဲ့လူ ဒီလူအုပ်ထဲမှာ မရှိဘူး။

အဲဒီလို ဘယ်ကမှန်းမသိတဲ့ ထူးထူးခြားခြား သူ့ကိုယ်သူ ပခန်း ကျော်လို့ပြောပြီး လေထဲခုန်တက် အံ့ဖွယ်လုပ်ပြတဲ့ လူကြီးက ဒီနယ်က မြို့ရော၊ ရပ်ရော၊ ရွာရော သိတဲ့ . . .

နာမည်ကြီး နတ်ကနားစီး နတ်ကတော်ကြီးကို . . . နင် လင်သုံး ယောက်ရဖူးတာ ငါသိတာပေါ့ဟလို့ ပြောတော့ အံ့ဩကြတာပေါ့ဗျာ။

ကျုပ်တို့သိတာ ဒေါ်သောင်းမှာ လင်တစ်ယောက်ပဲ ရှိတယ်။

မနှစ်က လူကြီးရောဂါနဲ့ ဆုံးသွားတယ်။

နတ်ကတော်ဒေါ်သောင်း ပုပ္ပားကနေ ဒီမြို့ကိုရောက်လာတာ (၁၅) နှစ်ရှိပြီ။ လင်သုံးယောက်ရှိတာ ခုမှပဲ ကြားရဖူးတော့ အားလုံးက အံ့ဩ ကြ ကြည့်ကြပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီး ... မနောက် မပြောင်ပါနဲ့ ... အဖေကြီးရဲ့"

"ဟား ဟား ဟား ဟား ... မိသောင်း ... မိသောင်း ... ရေအကြောင်း လှေလောင်းက သိတယ်၊ ရွှေအကြောင်း ဖယောင်းက သိတယ်၊ လူအကြောင်း ပေါင်းမှ သိတယ်။ ခဏပေါင်းတော့ ခဏပဲ သိတာပေါ့ဟဲ့။ ခဏသိတာနဲ့ ဘဝအရှိလို့ မမှတ်နဲ့။ လိမ်နိုင်ရင် ပညာရှိခေတ်၊ ညာနိုင်ရင် သမာဓိခေတ်။ ဟဲ့ ... မိသောင်း နင် ပုပ္ပားဦးရာပြည့် သိလားဟဲ့ ဟင် ... ဟင်း ... ဟင်း ... ဟင်း ..."

"ရှင် ..."

"နင် ပုဇွန်တောင်ရေကျော်က စိန်သုံးလုံးအောင်ငွေရော သိလားဟဲ့ ... ကောင်မစုတ်ရဲ့ ... ဟင်း ဟင်း ဟင်း ..."

ကြက်ကြီးပိုက်ပြီး ပုဆိုးတိုတိုနဲ့ လက်ညှိုးထိုးပြောပြီး တဟင်းဟင်း တုန်နေတာ။

ဒေါ်သောင်း မျက်နှာကြီးကို ရဲလာပြီး ဒူးတုန်နေပြီ။

"အဖေကြီး ... အထဲကို ကြွတော်မူပါရှင်။ ဟဲ့ ... လမ်းရှင်းကြစမ်း"

တပည့်တပန်းတွေက ခေါင်းဆောင်စကားကို မငြင်းဝံ့ဘူး၊ လမ်းရှင်းပေးတယ်။ ဒေါ်သောင်းက လက်အုပ်ချီပြီး ...

"ဒီလမ်းအတိုင်း ကြွလို့ အဖေကြီး ပျော်တော်မူပါ"

"ဟား ဟား ဟား ဟား ဟား ... ငါ့ကို ... ငါ့ကို ... ဟင်း ဟင်း ဟင်း ... စမ်းကြည့်မှာကိုး ... ဝင်ပဟေ့"

ကြက်ကြီးကိုပိုက်ပြီး နတ်ပွဲပေါင်းစုံရှေ့မှာရပ်လို့ ပွဲတွေကိုကြည့်နေတယ်။ နတ်ကတော် အစစ်တွေရော၊ မိန်းမလျာတွေကိုရော လိုက်ကြည့်တယ်။ နတ်ကတော်အသွားကြီး ... အချို့က အရှုးကြီးကို လက်အုပ်ချီ ဂါရဝပြုတယ်။ အချို့က ဘာသိဘာသာ။ မိန်းမလျာ နတ်ကတော်တွေက နှုတ်ခမ်းကို ရွဲ့ပြ မေးငေါ့ပြကြ။

ဆိုင်းအဖွဲ့ကလည်း ဘာကောင်လဲကွဆိုတဲ့ အကြည့်နဲ့ ကြည့်လို့။

ပရိသတ်ကတော့ အဘိုးကြီး နတ်စည်းအတွင်းထဲမှာ ဒုက္ခရှာတော့ပြီး ဝိုင်းဖျင်း အချုပ်ထဲရောက်တော့မယ်လို့ ဝေဖန်သူက ဝေဖန်။





"အဖေကြီးအမည် ဘယ်လိုခေါ်ပါသလဲရှင်"

"ငါ့ကို ..."

"ဟုတ်ကဲ့ရှင့် ..."

"နင်က မေးတာ"

"ဟုတ်ပါတယ် ... သိချင်လို့ပါ ရှင့်"

ပရိတ်သိတွေ အထာပေါက်တယ်။ ဒေါ်သောင်း အဘိုးကြီးကို လူပုံအလယ်မှာ အရှက်ခွဲတော့မယ်။ သူ့ဧည့်ဦးမျိုးဂုဏ်နဲ့ သူ့တပည့်တွေလည်း ဘေးဘယ်ညာမှာ နေရာအသင့် ယူထားကြပြီ၊ လိုအပ်ရင် ဝိုင်းထဲမှာ အရေးခွံနွှာမှာလေ။ အရက်သောက်ထားကြလို့ အားလုံး မျက်ထောက်နီနေကြပြီ။

ပထမ ကိုကြီးကျော် နတ်ဝင်သည် (မိန်းမလျာသောင်းမြင့်) ကလည်း မကျေနပ်ဘူး၊ နဲ့ဆရာနဲ့ ဆိုင်းဆရာကို တိုးတိုးတိုးတိုး နှစ်ကိုယ်ကြား ပြောပြီး ခေါင်းခါခေါင်းညိတ် လုပ်နေကြလို့။

"ငါ ပခန်းဦးမင်းကျော်ဟဲ့ ... ဟင်း ဟင်း ဟင်း"

"ဟုတ်ပါပြီရှင် ... ပခန်းဦးမင်းကျော် ဆိုပါက စင်ပေါ်က ပွဲတွေအနက် အဖေကြီးဦးမင်းကျော်ပွဲကို လက်ညှိုးထိုးပြပါရှင်"

"ဒီလိုလား ..."

"ဟော ဟိုပွဲက ဦးမင်းကျော်ပွဲ၊ မြင်းစီး လက်ယာက ကြိမ်ကိုင်၊ လက်ဝဲက မြင်းဇက်ကြိုးကိုင်ထားတဲ့ သျှောင်ထုံးနဲ့ရုပ်တုက ဦးမင်းကျော်ပဲဟေ့"

"ဟုတ်ပါပြီရှင် ... ဦးမင်းကျော် ဘယ်နှကျော်ရှိပါသလဲ ... အဖေကြီးရှင်"

အဘိုးကြီးက နတ်ကနားစီး အမေသောင်းရဲ့မျက်နှာကို စိုက်ကြည့်နေတယ်။ အမေသောင်းက ခပ်ပြုံးပြုံး လုပ်လို့။ ဒီမှာ အဘိုးကြီးက ...

"ငါ ပျော်မယ်ဟေ့"

"ပြောပြပြီးမှ ပျော်ပါ၊ ကပါ ရှင်"

"ပျော်ပြီးမှ ငါပြောမယ်"

"မလုပ်ပါနဲ့ရှင် ... ပြောပြီးမှ ပျော်ပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကိုး . . . ကောင်းပြီဟေ့၊ ကျော်လေးကျော် ရှိတယ်ဟေ့။ သားတို့၊ သမီးတို့ ဗဟုသုတအဖြစ် မှတ်ထားကြ"

ပရိသတ်ကိုကြည့်ပြီး ပြောလိုက်တာ၊ နားထောင်ပါ . . . စာရေးဆရာ။

"မှတ်ထားကြ . . . ပထမဦးမင်းကျော်က မင်းကျော်စွာ နတ်ကွ။ ပန်းတောင်းပြည် မင်းစည်သူနဲ့ ကူနီဒေဝီတို့ရဲ့ မွေးစားသား၊ မြင်းစီးခေါင်း ဗိုလ်မှူးမင်းသားကွ။ သူ ပခန်းမြို့ကို စားရတော့ ဦးညိုဆိုသူ တပည့်ကို အိမ်တော်ဝန်ခန့်ပြီး အသောက်အစား၊ လောင်းကစား၊ မိန်းမတွေ ပေါင်းစုံနဲ့ ပျော်မွေ့တယ်ဟေ့။

ဘုရင်မင်းစည်သူရဲ့ သားအရင်းက ကိုးမြို့ရှင်ကွ။

မဟာမိတ် မိုင်းပြင်စော်ဘွား စောခွန်ကြည်ရဲ့သား။ စောခွန်ကြည်ရဲ့ သားနှစ်ယောက်ရဲ့အမည်က ခွန်ချိုနဲ့ ခွန်သာတဲ့။

မိုင်းပြင်စော်ဘွား စောခွန်ကြည်ကို ကျိုင်းကောင်းစော်ဘွား စောသီဟက လာတိုက်လို့ ကိုးမြို့ရှင်နဲ့ ဗိုလ်မှူး မင်းကျော်စွာတို့ကို စောခွန်ကြည်ဘက်က ကူဖို့ လွှတ်ပေမင့် . . .

မင်းကျော်စွာတို့ မရောက်ခင်မှာဘဲ စောခွန်ကြည်ကို မိုးကောင်းစော်ဘွားက သတ်လိုက်တယ်။ စောခွန်ကြည်ရဲ့ သားနှစ်ဦးဖြစ်တဲ့ ခွန်ချိုနဲ့ ခွန်သာကို ဘုရင်မင်းစည်သူက ကိုးမြို့ရှင်နဲ့ နှမတော် ပုလဲယဉ်ကို မွေးစားစေတယ်။

ဒီကိစ္စ ဗိုလ်မှူးမင်းကျော်စွာ မကျေနပ်ဘူး။

ဘာလို့ မင်းစည်သူက မင်းကျော်စွာကို မမွေးစားစေရတာလဲ ဆိုတော့ ဗိုလ်မှူးမင်းကျော်စွာက အသောက်အစားများလို့ ကလေးနှစ်ဦး ပျက်စီးမှာ စိုးရိမ်လို့တဲ့ကွ။

ဗိုလ်မှူးမင်းကျော်စွာက ခွန်ချိုခွန်သာတို့ကို မနာလိုဖြစ်တယ်။ သူ့ အနာဂတ်အတွက်လည်း စိုးရိမ်ပူပန်တယ်။

မင်းကျော်စွာရဲ့ စနက်နဲ့ ခွန်ချိုခွန်သာကို ရှမ်းပြည်ဘက်ကို ပို့ထားပြီး ထီးနန်းကို မင်းကျော်စွာ အဓမ္မ သိမ်းပိုက်လိုက်တယ်။

မင်းနဲ့ မိဖုရားလည်း သေရတယ်။ မင်းကျော်စွာ တယ်အကြံကြီးတယ်ဟေ့။





မင်းကျော်စွာရဲ့ မင်းအာဏာနဲ့ မွေးစားဖခင် ကိုးမြို့ရှင်ရဲ့ ဦးခေါင်းကို ဖြတ်ဖို့ ခိုင်းစေတယ်။ သို့သော် ညီအစ်ကိုနှစ်ဦးက မွေးစားဖခင်ရဲ့ ဦးခေါင်းကို မဖြတ်ရက်ဘူး။

ဒါပေမင့် မွေးစားဖခင်ကြီး ကိုးမြို့ရှင်က ကိုယ်တိုင် သူ့ဦးခေါင်းကို ဖြတ်ပြီး သားနှစ်ဦးကို ပေးခဲ့တယ်ကွ။

ဦးမင်းကျော်ရှိရာ ငွေချိုတောင် စကားဝါပင် ရိပ်သာစခန်းမှာ ခွန်ချိုနဲ့ခွန်သာတို့က ကိုးမြို့ရှင်ရဲ့ ဦးခေါင်းကို ဆက်သခဲ့တယ်။

သို့သော် မူလတုန်းက ဒီညီအစ်ကိုကို ပြောခဲ့တာက ငါ ထီးနန်းလုခဲ့တာ မင်းတို့ညီအစ်ကိုအတွက်လို့ ပြောခဲ့တာကွ။

ခု ဦးမင်းကျော် ကတိသစ္စာ မစောင့်ထိန်းဘူး။

ကိုးမြို့ရှင်ဦးခေါင်း လာဆက်တဲ့ ခွန်ချို၊ ခွန်သာတို့ ညီအစ်ကိုနှစ်ဦးကို ဖမ်းဆီးတုပ်နှောင်ပြီး သတ်ပစ်လိုက်တယ်။

ခွန်ချိုနဲ့ခွန်သာ ညီအစ်ကိုနှစ်ဦး သေတာနဲ့ နတ်စိမ်းဖြစ်ပြီး စကားဝါပင်ကို လှဲချလိုက်တာ ဦးမင်းကျော်ရော၊ အိမ်တော်ဝန် ဦးညိုပါ စကားပင် ဖိပြီး သေချင်းဆိုးနဲ့ သေပါရောဟေ့။

သေတာနဲ့ ဦးမင်းကျော်နဲ့ ဦးညိုပါ နတ်စိမ်းတွေ ဖြစ်သွားတယ်ကွ။ အသက်ရှင်စဉ်က ပခန်းမြို့ကိုစားရလို့ ပခန်းဦးမင်းကျော်နတ်လို့ ခေါ်တာ။ အဲဒါ ဦးမင်းကျော် (၁) ကွ။

ဆိုင်းသမားတွေရော၊ ပရိသတ်တွေရော အရူးလိုလူကြီးရဲ့ ရှင်းပြချက်ကို အာရုံစိုက်နားစွင့်၊ ငြိမ်ပြီး နားထောင်နေတာ။

နောက်ထပ် ဦးမင်းကျော် (၂)ကို ပြောပြမယ်ဟေ့။

ပုဂံခေတ် သိန်းခယ်မင်းရဲ့ သားငယ် မင်းရဲကျော်စွာ။

ပခန်းမြို့အနီး မြောင်းတူးရွာမှာ ရေမလာလို့ ရိုးမယ်ဖွဲ့တာနဲ့ အစ်ကိုလုပ်သူ စည်သူသတ်လို့ သေတဲ့ မင်းကျော်စွာ။

ရေမြောင်းမင်းကျော်စွာလို့ မှတ်ထားကွ။

ပရိသတ်ထဲက လူငယ်တွေက အဘိုးကြီးရဲ့အပြောကို သဘောကျပြီး ရယ်ကြတယ်ဗျ။

တတိယကျော်စွာက . . .

ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်က အဘိုးတစ်ဦးရဲ့ သား ကျော်စွာ။ သူက ပုပ္ပားအရပ်သူ အရက်သည်မ မဘိုမယ်နဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါပြီး ကြက်၊ အရက်၊ လောင်းကစားနဲ့ ပျော်ပါးတဲ့ကောင်ကွ။ အရက်မူးပြီး ပခန်းအနီး သေလို့ နတ်ဖြစ်တဲ့ကျော်စွာ။

နောက်ဆုံးကျော်စွာက အင်းဝခေတ် ဘုရင်မင်းခေါင်ရဲ့သား မင်းရဲကျော်စွာ။ သူလည်း ပခန်းမြို့ကို စားရတာပဲဟေ့။ ပခန်းမှာ ကိုးခန်းကျောင်းကြီး ဆောက်နေတုန်း အောက်ပြည်၊ ဟံသာဝတီကို စစ်ချီရာက စစ်ပွဲမှာ ကျလို့ နတ်စိမ်းဖြစ်ရတာ။ အဲဒါ ကျော်လေးကျော်ပဲ။

သုတေသီတွေက ပခန်းဦးမင်းကျော်ဆိုတာဟာ မင်းရဲကျော်စွာ ဖြစ်တယ်လို့ ယူဆကြတယ်။ သူလည်း အရက်အလွန်သောက်တဲ့လူကွ ... တိုင်း ... ရှင်းပလား ... နတ်ကတော်ကြီး''

နတ်ကတော် အမေသောင်း မပြောသာတော့ဘူးဗျာ။

အရှုးလိုလူကြီးက ကျော်လေးကျော် သမိုင်းကြောင်းကို ကြက်ကြီးပိုက် ရှင်းပြနေတာကိုးဗျ။

''ဟဲ့ ... သမီးတော်ကြီး''

''အဲ ... အဲ ... ရှင် ... ရှင့် ...''

''ငါ ဘာကြိုက်လဲ သိလား''

''မှန်ပါ ... အဖေကြီး၊ အဖေကြီးက ဟိုတုန်းက ထန်းရည်ခါးနဲ့ ကြက်ပေါင်ကြော် ကြိုက်ပါတယ်ရှင့်''

''အခုရောဟေ့ ...''

''အ ... အ ... ရက်ပါရှင့်''

''ငါ့ကို သောက်တော်အရက် ဆက်စမ်း''

''ရှင် ...''

''သယ် ... ငါ့များ၊ ငါခုန်လိုက်ရင် အမိုးပွင့်သွားမယ်ဟေ့ ... ဟင်း ဟင်း ဟင်း''

''အမယ်လေး ... ဆက်ပါ့မယ် ... အဖေကြီးရှင့် ... ဆက်ပါ့မယ်''

ဒီမှာ နတ်ကတော်အမေသောင်းက အရက်တုပုလင်းကို ရှိန်ရှိန်သေသေ အဖုံးဖွင့် ဆက်လိုက်တယ်။ ဦးမင်းကျော် (အရူးကြီး)က အရက်ကို နမ်းပြီး ခေါင်းခါလို့ ပြန်ပေးတယ်။

သည့်နောက် ဦးမင်းကျော် နတ်ရုပ်တုရှေ့မှာ ဆက်ထားတဲ့ ရမ်ပုလင်းကို လက်ညှိုးထိုးပြတယ်။





ကျုပ်တို့ကတော့ သိလိုက်ပြီဗျာ။

အဘိုးကြီး အရက်တုမှန်းသိလို့ မသောက်ဘူး။

''နင်တို့အားလုံး မှတ်ထား။ ငါ့ကို ရှိသေလေးစားရင် နင်တို့အားလုံးကို ငါ မ,စချီးမြှင့်မယ်ဟေ့''

''ဟုတ် ... ကဲ့ ... ပါ ... ရှင်''

''ငါ့ကို မခန့်လေးစားလုပ်ရင် မြင်းနဲ့ နင်းသတ်မယ် နားလည်လား။ ပခန်းကျော်ဆိုတာ အရက်နဲ့ထန်းရည် စစ်မှ သောက်တာကွ''

''ဟုတ် ... ဟုတ်ကဲ့ပါရှင်။ သောက်တော်မူပါ ... အဖေကြီးရှင်''

နတ်တော်အဖွဲ့သားတွေကတော့ အဘိုးကြီး အရက်သောက်ချင်လို့ အလွတ်ကျက်ထားတဲ့ ဦးမင်းကျော်ရာဇဝင်ကို မှင်မောင်းနဲ့ နတ်လှုပ်လှုပ်ပြီး ပြောနေတာလို့ ထင်ကြတယ်ဗျ။

အရူးလိုလူကြီး (ဦးမင်းကျော်ဝင်နေသူက) ရမ်ပုလင်း အဖုံးကို ချိတ်ပါ ကြွေအောင်ဖွင့်ပြီး နမ်းလိုက်တယ်။

ပြီး အရက် စစ် မစစ် ရှေ့တန်းမှာရပ်ကြည့်နေတဲ့ ကျွန်တော်တို့ကို နမ်းခိုင်းတယ်။ ပြီး သူ စတိသောက်ပြတယ်။

သူ သောက်ပြီး ကျွန်တော်တို့ ကာလသားသုံးဦးကို တစ်ငုံစီ တိုက်တယ်။ အကျိုးနည်းဗျာ ... ပူပြီး ခါးသွားတာပဲ။ ရမ်အရက်သောက်ရဖို့ မလွယ်ဘူးဗျ။ စစ်လိုက် ကောင်းလိုက်တဲ့ အရက်ဗျာ။

တစ်ငုံ နည်းနည်းဝင်သွားတယ်။ သွေးကြောတွေ ရှိန်းရှိန်းဖိန်းဖိန်း ဖြစ်ပြီး မျက်နှာကို ရဲတင်းသွားတာပဲဗျ။

ရမ်အရက် စစ်တာကိုးဗျ။

အဘိုးကြီးက နတ်ကတော် အမေသောင်းကို တစ်ငုံတိုက်တယ်။ အမေသောင်း ရမ်အစစ်ဝင်ရော မျက်နှာကို ရှုံ့မဲ့နေတာပဲ။

''အရက်စစ်ရဲ့လား ... သမီး''

''စစ် ... စစ် ... ပါတယ် ... ရှင် ...''

''ဟဲ့ ... ဟိုသားလေးတို့ မင်းတို့ကို အခု အဖေကြီးတိုက်ပြီး မြည်းခိုင်းတဲ့အရက် စစ်ရဲ့လားဟေ့''

''စစ်ပါတယ် ... အဖေကြီး''



www.burmeseclassic.com

www.burmeseclassic.com



"ရေဲရောသလားဟေ့"

"မရောပါ ... အဖေကြီး"

"အေး ... ဟုတ်ပြီဟေ့ ... ပခန်းကိုကြီးကျော်ဆိုတာ သောက်စားပျော်ပါးဖို့ လာတာကွ ... သောက်ပဟေ့"

ကြည့်စမ်းဗျာ ... ကြက်ပိုက်လျက်နဲ့ ရမ်အရက်အစစ်ကို ပုလင်းလိုက်မော့ပြီး ကျိုက်နေတာ။ ကျွန်တော်တို့လည်း အံ့သြ၊ နတ်ကတော်တွေလည်း အံ့သြကြ။

ကုန်ပါပြီတော် ... ပြောသူပြော။

မနည်းရှာထားရတာ ဆိုသူဆို။

အဘိုးကြီးက ရေသောက်သလို သောက်ပြတာ။

အမေသောင်းတို့ တွက်ထားတာ။ ဒီလို ရမ်အရက်ကြီး တစ်ပုလင်းကုန်အောင် တစ်ရှိန်ထိုး သောက်ရင် ဒီအဘိုးကြီး မူးလဲသွားလိမ့်မယ်။ မူးလဲတော့မှ အသာပွေ့ထုတ်ပြီး ...

လူရှုပ်အဘိုးကြီး ပါးကို သရက်သားခုံဖိနပ်နဲ့ အချက်သုံးဆယ်လောက် ဝိုင်းဖျင်းပြီး ဈေးအိမ်သာနားမှာ သွားစွန့်ပစ်မယ်ပေါ့။

တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်၊ မေးထိုး၊ အထာတွေ ပေးနေတာ မြင်တာပေါ့ဗျာ။

အဘိုးကြီးက ပါးစပ်ဝမှာ ပုလင်းတေ့ပြီး တစ်စက်မကျန်၊ ခါသောက်တာဗျာ။ အာဂအဘိုးကြီးဗျာ ...။

"ဟေ့ ... သားတော်ကြီး"

သူက ဆိုင်းဝိုင်းရှေ့မှာ ကိုယ်ကိုလှုပ်ပြီး ယိမ်းပြီး ဆိုင်းဆရာကို ပြောလိုက်တာ ဆိုင်းဆရာက ခပ်တည်တည် ပြန်ဖြေတယ်။

"အမိန့်ရှိပါခင်ဗျာ"

"အဖေကြီး ... ပျော်တယ်ကွ၊ ငါ့သားက ဆိုင်းနဲ့ ပို့စမ်းကွာ"

"အဖေကြီး ... ဘာစတီးရမလဲ ခင်ဗျ"

"ဟေ ... မင်းက ငါ့ကို မေးတာ"

"ဟုတ် ..."

"မှတ်ထား ... နတ်ပျော်ချင်း၊ နတ်ချင်း၊ ကြက်တိုက်ချင်း။ အခုငါ ပျော်မှာကွ။ ဒါကြောင့် ...





မြောင်းတူကို လျှောက်ပါလို့ ××× ပိတောက်တဲ့ ရွှေဂူနီ ×××

သင်းပြန့်ခဲ့ပြီ"

လုပ်ပြလိုက်တာ ... ဆရာရေ။

ကြည့်စမ်း ... ဆိုင်းဆရာကို ပညာပေးနေတာ။

နတ်ချင်း၊ နတ်ပျော်ချင်း၊ ကြက်တိုက်ချင်းတဲ့။

အဘိုးကြီးက နတ်ပျော်ချင်းကို အသံဝါဝါကြီးနဲ့ ဟစ်ရော ဆိုင်းဆရာ ဘာနေလို့ရမတုံး။ ပတ်လုံးတွေကို တီးရ တို့ရရော။

"ဟေ့ကောင် ... ဆိုင်းဆရာ၊ အဲဒီသီချင်း ရလား"

"ရပါတယ် ... အဖေကြီး"

"ရရင် မင်းကိုယ်တိုင် ဆိုတီး တီးစမ်းဟေ့"

နတ်ဆိုင်းတီးပြီးမှ ဒီနတ်ပျော်ချင်း မရရင် နတ်ကနားမတီးနဲ့ အသုဘမှာ ဗျိုင်းတောင်လိုက်တီး။

ကြည့်ရတာ ပညာသည်တွေပဲလား၊ ပခန်းကိုကြီးကျော် တကယ်ဝင်နေတာလား၊ အရက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ဖို့ ကျုံးသွင်းနေကြတာလား။

ဒါကို ဆိုင်းသည်ဆရာစိန်လက်သန်းက နောက်လှည့်ပြီး အထာပြလိုက်ရင်း ဆိုတီးလေး လုပ်ပါရော။

"မြောင်းတူကို လျှောက်ပါလို့ ×××

ပိတောက်ကယ် ရွှေဂူနီ ××× သင်းပြန့်ခဲ့ပြီ ×××

အလို ...

ဆိုင်းဆရာ စိန်လက်သန်းရဲ့ ပတ်ဝိုင်းသံပဲ ကြားရတယ်။

နှဲသံ မကြားရဘူး။

မောင်းသံ မကြားရဘူး။

အဘိုးကြီးက ဆိုင်းနောက်ကို လှမ်းကြည့်ပြီး ပြောရော။

"ဟဲ့ကောင် ... နှဲသမားရော၊ ငါပျော်မလို့ဟာကို ဘာလို့ နှဲမမှုတ်တာလဲ ဟေ့ ... ဟင်"

ပတ်မတီးက လှမ်းအော်ပြောတယ်ဗျ။

"သွားကိုက်လို့ မမှုတ်နိုင်ဘူးဗျို့"

"နှဲသမားအပို မပါဘူးလားဟ"



www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး ... ဆရာကြီးရေ"

"ဟား ဟား ဟား ဟား ... ငါ့ကိုများ ဆရာကြီးတဲ့။ ငါ့ကို ဆရာကြီးတဲ့လားဟေ့ ... မင်းတို့ရော၊ ဟောဟိုနတ်ကတော်မသောင်းရော ငါ့ကို ပမာမခန့်လုပ်ကြတာကိုး။ သိကြရောပေါ့ကွာ"

ဒီမှာပဲ အရှုးလိုလို၊ ကိုကြီးကျော်လိုလို လူကြီးက သူ့လွယ်အိတ်ထဲကနေ နဲ့ကြီးတစ်လက် ထုတ်ပြီး နဲ့စမ်းပါရောဗျို့။

"ပီ ... တိ ... တိ ..."

"တီ ... တီ ... ပီ ..."

"ဟာ ... ကိုယ်တိုင် နဲ့နဲ့လာတဲ့ ... အဖေကျော်ဟေ့"

"ဒီနေ့ ဘယ်သူ ဘာလဲတော့ တွေ့ကြပြီဟေ့"

ကျွန်တော်တို့ရော၊ ပရိသတ်ရော၊ မ,တည်သူ သူဌေးရော အားလုံး ဘာတွေဖြစ်ကုန်ပလဲ မသိဘူးဆိုပြီး စိတ်ဝင်စားနေတာ။

အကယ်လို့ နတ်ပွဲပျက်ရင် ဒီလူကြီး အဖမ်းခံရမှာဗျ။

လျှော်နိုင်ရင် ကနားတစ်ပွဲစာလျှော်။

ထင်ထားတာက နဲ့ကို တော်တီတော်လောက်ပဲ မှုတ်မယ်ထင်တာ။ တိုက်ကြက်ဖကြီး အောက်မှာချပြီး ပြောပြီဗျို့။

"ကိုင်း ... ငါ နဲ့မှုတ်မယ်၊ မင်း တီးစမ်းဟေ့ ... စ ..."

စာရေးဆရာရေ ... ဆိုင်းဆရာ စိန်လက်သန်းနဲ့ အရှုးလိုလို၊ ကိုကြီးကျော်လိုလို လူကြီး အပြိုင်အဆိုင်မှုတ် ...

"ညနေဆီ နွယ်နီသောင်ထွန်း ×××"

"ကိုကြီးကျော် ပလီလွန်း ×××

နဲ့ကလည်း အပီလိုက်တာဗျ။

"မောင်မောင်ကျော် ပလီလွန်းတယ် ×××

" ........................."

"ဆေးစိုက်တဲ့ ကျွန်း×××ဆေး×××စိုက်တဲ့×××ကျွန်း ×××"

ဒီမှာ ဆိုင်းဆရာ ဝိုင်းတော်တီး အံ့သြသွားရရော။ ကျွန်တော်တို့ ပွဲကြည့်ပရိသတ်လည်း အံ့တာပေါ့ဗျာ။ သူ့ကိုယ်သူ ပခန်းကျော်ဆိုပြီး နတ်ဝင်သလို လုပ်တဲ့ အဘိုးကြီးက နဲ့ကို အပီရော၊ အမြည်ရော၊ အနဲ့ အနွဲ့ပါ မှုတ်ပြနေတော့ ...





"ဟေ့ ... ကိုကြီးကျော် ဟုတ်ပါ့မလားကွ"

"အေးကွ ... ကိုကြီးကျော် နဲ့မှုတ်တာ ငါ မကြားဖူးဘူး"

"အို ... မင်းတို့ကလည်း ပခန်းကိုကြီးကျော်က လူ့ဘဝတုန်းက အသောက်အစား၊ အပျော်အပါး၊ အကအခုန်နဲ့ လောင်းကစားတွေနဲ့ ပျော်ပျော်ပါးပါး နေခဲ့တယ်လို့ နတ်သမိုင်းမှာ ရေးထားတယ်လေကွာ။ ကိုကြီးကျော် စွယ်စုံရလို့ ခုမှ မခန့်လေးစား မယုံမကြည်လုပ်နေတဲ့ သူတွေကို ပညာပြနေတာ နေမှာကွ။ မယုံရင် စောင့်ကြည့်နေ"

အဘိုးကြီး (ပခန်းကျော်)က နဲ့မှုတ်ရင်း က,တော့ ကလေးလူကြီး မကျန် သဘောတွေကျ၊ လက်ခုပ်တွေတီး အားပေးကြနဲ့ ညံနေတာပဲ။

နတ်ကတော် အဖွဲ့လည်း ဘာပြောရ လုပ်ရမှန်းမသိ။

ရမ်အရက်စစ်စစ်ကို တစ်ပုလင်းလုံး မော့သောက်တာ ဘာမှမဖြစ်ဘူး။ မယိုင်မယိမ်းဘူး။

အလို ... အဘိုးကြီး (ပခန်းကျော်) က ဟစ်ပြန်ပြီဗျ။

"ပခန်း ×××ပခန်း ×××ဆယ်ကယ်မှာ ×××

ကိုးပယ်၊ ဆယ်ပယ် ကြူးပါလို့ ×××

မြောင်းတဲ့ မြောင်းတူရွာ ×××

မင်းကြီးလိုဟန်၊ တကယ့် ပခန်းနတ်ကြီးဟန်နဲ့ ဆိုပြရော ဆိုင်းဆရာလည်း မနေနိုင်တော့ဘူး။ သူပါ တစ်လှည့်စီ ပျော်ပျော်ကြီး ဆိုပါရောဗျ။

"မြောင်းတူရွာငယ်သာမော ×××

ထန်းရှည်ပေါ်တဲ့ ×××မြောင်းတူရွာ ×××

သာလွန်းလှလေး ×××"

အဘိုးကြီးက နဲ့ကို မှုတ်တယ်။ ဆိုင်းဆရာက ပတ်လုံးတွေကို ငုံ့ကာငုံ့ကာ တီးတယ်။ နှစ်ဦးသား အတီးပိုဒ်ကို တစ်လှည့်တစ်ပြိုင် ပျော်ပျော်ကြီးတီးတာမြင်ကြရော ဆိုင်းဝိုင်းအဖွဲ့သားတွေပါ ပျော်ကုန်ပြီး သီချင်းတွေ ဝိုင်းဆိုကြ။

အဘိုးကြီးက နောက်ထပ် အရက်အသစ်တစ်လုံး တောင်းတယ်။

"အဖေကြီး ... ပျော်ပျော်သာ က,ပါတော့ခင်ဗျာ"

"ဒါမှ ငါ့သားတွေကွ ... ဒီနေ့ နေကုန် ပျော်မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အဘိုးကြီးက ရမ်အရက်ပုလင်းသစ်ကို ဖွင့်ပြီး တစ်ဝက်မော့တယ်။ ပြီးတော့ ဆိုင်းဆရာအပါအဝင် ဗိုင်းသားတွေကို အရက်တစ်ငုံစီ တိုက်ရော။ အားရဝမ်းသာ ဖြစ်ကုန်ပါရော။

ဆိုင်းဆရာက သူ့လူတွေကို လှမ်းပြောတယ်။

''ဟေ့ . . . နဲ့ဆရာ ကိုတင်ကြီးရော . . . ခေါ်လိုက်စမ်း''

နဲ့ဆရာ ကိုတင်ကြီးက နတ်ကတော်အမေသောင်းနှင့် မောင်နှမဝမ်းကွဲဗျ။ သူ့အစ်မဦးစီးတဲ့ ကနားကို နတ်လိုလို၊ ဓာတ်လိုလို လာရှုပ်နေလို့ သူ့အမ အထာပြတဲ့အတိုင်း နဲ့မမှုတ်ဘဲ ဟိုးနောက်မှာ အရက်သွားသောက်နေတာ။

''နဲ့ဆရာ၊ ဆိုင်းဆရာ စိန်လက်သန်း ခေါ်နေပြီ . . . လာဗျို့''

နဲ့ဆရာ မျက်နှာနီရဲရဲနဲ့ ဝင်လာတယ်။

နဲ့ကို ပြန်ကိုင် နဲ့အခင်ကို ပြုပြင်ပြီး နဲ့စမ်းလိုက်တယ်။ နဲ့အသံမထွက်ဘူး။ မှုတ်တယ် . . . ပါးဖောင်းအောင် မှုတ်တယ်။ နဲ့သံ မမြည်ဘူး ဒါနဲ့ နဲ့အခင်အသစ်လဲပြီး မှုတ်တယ်။ နဲ့သံ မထွက်ဘူး။

ဆိုင်းဆရာလည်း သူက အားရပါးရတီးနေတာတောင် နဲ့သံ မကြားရလို့ ဒေါပွ။ ပြီး တီးရင်းက လှည့်ကြည့်။ ကျန်တဲ့ မောင်းတီး၊ ကြေးတီး ပတ်မတီးတို့ကလည်း နဲ့သံ မကြားလို့ ဒေါပွ။ ပရိသတ်ကလည်း နဲ့သမားကို လှမ်းကြည့်ကြ။

နဲ့ဆရာ ကိုတင်ကြီးလည်း နဖူးချွေးစို့နေပြီ။ နဲ့အခင် နောက်ထပ်သုံးခုပြောင်းတပ်မှုတ်လည်း အသံက မမြည်၊ မထွက်။

ဆိုင်းဆရာဒေါ်သလည်း သိနေတော့ အံ့ဩတဲ့မျက်နှာနဲ့ ဆိုင်းဆရာကို ကြည့်ပြီး နဲ့မှုတ်လို့မရတဲ့အကြောင်း လှမ်းပြောတယ်။

''မနိုင်တဲ့ ××× မနိုင် ×××

ကိုကြီးကျော် ငယ်ကချစ် ××× ကွမ်းအစ်တော်ကိုင် ×××''

ဒီမှာ အထာနပ်တဲ့ နတ်ကတော်ကြီးတစ်ဦးက ကြေးကွမ်းအစ်ကြီးကိုင်ပြီး ရှိရှိသေသေ ဆက်ပါရောဗျာ။ အဘိုးကြီးက ကွမ်းအစ်ဆက်တဲ့ နတ်ကတော်အဘွားကြီးကို ပြုံးပြ။

ကျွန်တော်တို့ကလည်း သဘောပေါက်ပြီး ရယ်ပြ၊ ပြုံးပြပေါ့ဗျာ။ အဘွားကြီးက ကိုကြီးကျော်ရဲ့ ငယ်ချစ်ပေါ့လေ။





မိန်းမလျာ နတ်ကတော်တွေကလည်း မျက်စောင်းထိုးကြပေါ့။

''ကွမ်းအစ်တော်ကိုင် မနိုင်လို့ ကျကွဲ ×××

ကိုကြီးကျော် ငယ်ကချစ် ××× ဆိုဖြစ်နိုင်ပဲ''

အဘိုးကြီးက နဲ့သမားရဲ့အဖြစ်ကို လှမ်းကြည့်ပြီး သူ့နဲ့က နဲ့အခင်ကို ဖြုတ်ပြီး နဲ့သမား ကိုတင်ကြီးကို လှမ်းပစ်ပေးလိုက်ပါရောဗျာ။

မျက်နှာငယ်လေးဖြစ်နေတဲ့ နဲ့ဆရာလည်း နဲ့အခင် လှမ်းပစ်ပေးတာ မြင်ရော ယောင်ယောင်ယမ်းယမ်း လှမ်းဖမ်းယူပြီး ဖြစ်ချင်ရာဖြစ်၊ ပြောချင်ရာ ပြောပစေတော့ . . .

အဘိုးကြီးပစ်ပေးတဲ့ နဲ့အခင်ကို သူ့နဲ့အခင်နဲ့ လဲပြီး မှုတ်ရော နဲ့သံက စီပြီး ထွက်ပါရောဗျာ။

''ရှီး . . . ရှီ . . .''

''ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .''

''ဝေး . . . နဲ့သံ ခုမှ ထွက်တယ်ဟေ့''

ကျုပ်တို့လည်း ထအော်ကြတာပေါ့ဗျာ။ နတ်ကတော်တွေလည်း တဖြည်းဖြည်း သဘောပေါက်ကုန်ကြပြီ။ မျက်နှာကြောတွေ ပြင်ပြီး ရှိရှိသေသေ လုပ်လာကြပါရောဗျာ။

အဘိုးကြီး က,ပုံက လှလိုက်၊ ယဉ်လိုက်တာဗျာ။

ခြေကြွပုံ၊ လက် ဘယ်ညာ မြှောက်ပုံ၊ ရင်ကော့ပုံ။

ဆိုင်းအဆူတီးရော ကြက်ဖကြီးကို ပိုက်ပြီး လက်တစ်ဖက်တည်းနှင့် ခြေမကြွဘဲ က,တာ။ အို . . . ပခုံးလှုပ်ပုံ၊ ခေါင်းလှုပ်ပုံက တကယ့်နတ်ဝင်သည်အတိုင်းပဲ။

ဆိုင်းနဲ့ နဲ့က အပြိုင်အဆူတီး။

သူက မျက်နှာပေးနဲ့က။

ဟော . . . နတ်ကတော် ဒေါ်သောင်းကိုယ်တိုင် တောင်ရှည်ပုဆိုးကို အဘိုးကြီးခါးမှာ စည်းပြီး ခါးစည်းကြိုးစည်းပေးလို့ အပိုတောင်ရှည်စကို ရင်မှာ သိုင်းချည်ပေးကြပြီဗျာ . . . ခေါင်းပေါင်းလည်း တင်ပေးပြီဗျာ။

စောစောက အကဲခတ်နေတဲ့ သူဌေးမတွေလည်း အမေသောင်းကိုယ်တိုင်ဆင် ယင်ပေးပြီဆိုတော့ ဒါ ထူးလို့ပဲ။

ခန့်လိုက်ပါဘိ . . . စာရေးဆရာ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ခပ်ဖိုင့်ဖိုင့်ကြီး။ နှုတ်ခမ်းမွေး ကားကားကြီးနဲ့ဆိုတော့ ခုလို ပခန်းကိုကြီးကျော် အဝတ်အစားတွေ ဆင်ပေးလိုက်ရော ခန့်လိုက်တာ။

သူ့ဒွေးမတွေ ရာတန်တွေ၊ ဆယ်တန်တွေ အဘိုးကြီးခေါင်းပေါင်းမှာ ရှိရှိသေသေ ကိုးပေးကြ။

သူ့ဒွေးဦးမျိုးဂုဏ်ရောင်ကလည်း ရာတန်ငါးရွက်ကို အဘိုးကြီးခေါင်းမှာ ကိုးဆက်၊ မိန်းမလျှာနတ်ကတော်တွေလည်း အနားမှာ ယပ်ခပ်သူခပ်၊ ရှိသေကုန်ပြီပျာ။

''သားတို့၊ သမီးတို့ ...''

''အဖေကြီးရှင့် ... အမိန့်တော်ရှိပါရှင့်''

''ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့ပေ့ ...''

''မှန်ပါ ... အဖေကြီးရှင့်''

''ဘာလို့ မင်္ဂလာရှိလည်းဆိုတော့ အတွင်း (၃၇)မင်း၊ အပြင်(၃၇)မင်း နတ်တွေကို အပျော်တော်ဆက်၊ စားတော်ဆက်ကြတာကိုးကွယ့်''

''မှန်ပါ အဖေကြီးရှင်''

''ဘဝအကြောင်းကြောင်းကြောင့် နတ်စိမ်းဘဝရောက်နေကြပါသော်လည်း ကိုယ်က သူတို့အပေါ် စေတနာမေတ္တာထားပြီး သူတို့နှစ်သက်တာလေးတွေနဲ့ ပြုလုပ်ပေးတော့ သူတို့လည်း ဝမ်းသာကြတာပေါ့''

''မှန်ပါ့ရှင့်''

''နတ်ချော့ပွဲ၊ နတ်ပျော်ပွဲကို ကျင်းပပြီး သားတို့၊ သမီးတို့ရော ပျော်ကြမဟုတ်လား ဟဲ့''

''ပျော်ပါတယ် ... အဖေကြီးရှင့်''

''ငါတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အပရိဟာနိယတရား (မဆုတ်ယုတ်ကြောင်းတရား) ခုနစ်ပါးအနက်က ခြောက်ခုမြောက်တရားမှာ ညီတော်အာနန္ဒာကို ဒီလိုပြောခဲ့တာကွယ့်''

''အမိန့်ရှိပါ ... အဖေကြီးရှင့်''

''အာနန္ဒာ ... ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ ဝဇ္ဇီမင်းအဆက်ဆက်တိုင် ပူဇော်ရာဖြစ်သော နတ်စင်၊ နတ်ကွန်း၊ နတ်နန်း နတ်နေရာ၊ သစ်ပင်တည်းဟူသော (နတ) ကိုးကွယ်မှုကို အရိုအသေပြုမြဲ ပြုကြကုန်လတ္တံ့။ အမြတ်တနိုး ပြုကြကုန်လတ္တံ့။ နတ်ကွန်းစေတီတို့အား





လည်း ရှေးက တင်မြှောက်မြဲ ပ,သမြဲ၊ ပြုလုပ်မြဲ၊ ရိုးရာ အစဉ်အလာဖြစ်သော သတ်မှုဖြတ်မှု ဒုစရိုက်မှု လွတ်ကင်း၍ တရားနှင့်လျော်ညီသော ပူဇော်မှု (ဗလိနတ်စာ)တို့ကို ပြုကြလတ္တံ့။ ယင်းသို့ ပြုလုပ်နေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်း အဆက်ဆက်တို့သည် ကြီးပွားရန်ရှိသည်၊ ဆုတ်ယုတ်ရန်မရှိလို့ ပြောခဲ့သကွယ့်''

''အဂုတ္တိုရ် ... ပဥ္စကနိပတ် မုဏ္ဍာရာဇဝဂ္ဂသုတ်မှာလည်း
မိရိုးဖလာ ကိုးကွယ်ကြသော နတ်များကို
ရိုးရာအစဉ်အလာမပျက် ကိုးကွယ်ခြင်းအမှုသည်
လူတို့၌ ကောင်းကျိုးစီးပွား ဖြစ်ထွန်းရန်
အမှုဖြစ်သည်လို့ ဟောကြားခဲ့သကွယ့်''

''တန်ဘိုးရှိတဲ့ စကားများပါ ... အဖေကြီးခင်ဗျာ''

ဆိုင်းဆရာစိန်လက်သန်းကလည်း အသံကျယ်ကျယ်နဲ့ ထောက်ခံပြောသဗျ။

''လူတွေဟာ မိမိတို့ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းကို ဗလိငါးပါးနဲ့ ပူဇော်ရမယ်တဲ့။ အဲဒီ ဗလိငါးပါးကတော့ ...

ဒေဝတာဗလိ – နတ်များကို ပူဇော်ချီးမြှင့်ခြင်း

အဂိထိဗလိ – ရောက်လာတဲ့ ဧည့်သည်များကို ပြုစုကျွေးမွေးခြင်း

ဉာတိဗလိ – ဆွေမျိုးများကို ကျွေးမွေးထောက်ပံ့ခြင်း

ပုဗ္ဗပေတဗလိ – ကွယ်လွန်သော မိဘဘိုးဘွားတို့ကို အမျှပေးဝေခြင်း

ရာဇဗလိ – အစိုးရတို့ကို အခွန်ပေးဆောင်ခြင်း

စတဲ့ ဗလိငါးမျိုးရှိတယ်။ ဝိနည်းမဟာဝါမှာ ပညာရှိပုဂ္ဂိုလ်ဟာ သီလဝန္တရဟန်းတော်တို့ကို ဆွမ်းကျွေးလှူဒါန်းရမယ်၊ နတ်များကို ပူဇော် ပ,သရမယ်။ အမျှပေးဝေရသည့်အတွက် နတ်များက ထိုပုဂ္ဂိုလ်ကို ပြန်လည်စောင့်ရှောက်တယ်တဲ့။

ရတနသုတ်ပရိတ်တော်မှာလည်း နေ့နေ့ညည ပူဇော်သ[illegible]များကို ဆောင်ယူပူဇော်ကြကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြုကြလေကုန်၏တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



အေး ... နတ်တွေလည်း ရိုးရာယုံကြည်မှုအရ ပူဇော်ချင်.ပူဇော်ပါ၊ ဒါနပြုပါ၊ ပြုသမျှ ကုသိုလ်ကို အမျှပေးဝေပါ။

ဒီလိုပဲ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တော အနန္တငါးပါးကိုလည်း ဦးစားပေး၍ ကိုးကွယ်ယုံကြည်လေးစား ရှိသေကြပါ။

ဘုရားဖက်မှ သက်ရှည်၊ တရားဖက်မှ အမျက်ပြေ။

သံဃာဖက်မှ အခက်ဝေမယ်တဲ့။

ကိုင်း ... သားတို့ရေ၊ အဖေကြီး ကြက်တိုက်ပျော်မှာမို့ ကြက်တိုက်ချင်းလေးဆိုပြီး ပျော်တော်ဆက်ကြစမ်းဟေ့''

အဘိုးကြီးက နတ်စကား၊ လူစကား၊ ဘုရားစကားတွေနဲ့ ရှင်းပြပြီးနောက် ဖေကြီးကျော် ကြက်တိုက်မယ်ဆိုပြီး တိုက်ကြက်ဖအစစ်ကြီးကိုင်လို့ ဆိုပါရောဗျာ။

''ဟေ့ ... သားတို့၊ သမီးတို့ ငါ့ကိုယုံရင် လောင်းစမ်းဟေ့၊ ငါနိုင်ရင် လောင်းတဲ့မင်းတို့ နိုင်တာပဲ။ လောင်းကြေးထည့်ကြစမ်းဟေ့''

နတ်ကတော်ဒေါ်သောင်းက ကြေးဖလားနဲ့ အလှူခံရော နတ်ပွဲလာ သူဌေး၊ သူဌေးမတွေက ဆယ်တန်၊ ရာတန် ထည့်ကြတယ်။

''ဟဲ့ ... ဟိုသားတော်ကြီး''

အဘိုးကြီးက ပထမ ကိုကြီးကျော်ဖျော်ဖြေတဲ့ နတ်ကတော်သောင်းမြင့်ကို ကြည့်ပြီး ပြောတယ်။

''အမိန့်ရှိပါ ... အဖေကြီး''

''အဖေကြီး ပျော်လို့ ဝင်လာတာ၊ ငါ့သားတော်ကြီး ... ပခန်းကျော် ဝင်ဖျော်ဖြေတာကို အဖေကြီး နှောင့်ယှက်တာ မဟုတ်ဘူးကွယ့် ယုံလား''

''ဟုတ်ကဲ့ပါ .. အဖေကြီး''

''ငါ့သားတွေ၊ သမီးတွေ တော်ပါပေတယ်ကွယ် ... ဟဲ့ ... မိသောင်း''

''ရှင် ... အဖေကြီး''

အမေသောင်းက လက်အုပ်လေးချီပြီး ရှေ့မှာ ရပ်တယ်။

''ငါ့သမီး ... ငါ့ကို ယုံကြည်ရဲ့လား''

''ယုံကြည်ပါတယ် ... အဖေကြီးရှင့်''





''အေး ... ငါ့သမီး ... နတ်ကနားပွဲပြီးတာနဲ့ ဟောဒီနယ်မှာ ဟိုးဟိုးကျော်တဲ့ နတ်ကနားစီးကြီး ဖြစ်မယ်ကွယ့် ... ယုံလားဟေ့''

''အဖေကြီးပြောရင် ယုံပါတယ်ရှင့်''

ဒီမှာ နတ်ကနားပွဲကို မ,တည်ပေးတဲ့ သူဌေးဦးမျိုးဂုဏ်ရောင်တာ ရာတန်ဆယ်ရွက်ကို အဘိုးကြီး ပခန်းကျော်ရဲ့ ဦးခေါင်းမှာ လာကိုးတာပဲဗျာ။

''ငါ့သား ...''

''ခင်ဗျာ ... အဖေကြီး''

''မင်း (၇) ရက်အတွင်း ရောမအလှူကြီး ပေးရမယ်ဟေ့ ... ယုံလား''

''မယုံဝံ့အောင်ကို အံ့မိမှာပါ ... အဖေကြီး''

''ဟုတ်တာပေါ့ ... ဒီမြို့မှာ ပြိုက်ဘက်မရှိ အလှူကြီး ငါ့သားကြီး ပေးရတော့မှာ အဖေကြီး မြင်နေတယ်။ ဘုရား၊ တရား၊ သံဃာ မမေ့နဲ့ ... ကြားလား''

''ဟုတ်ကဲ့ပါ ... အဖေကြီးခင်ဗျာ''

''ကိုင်း ... ကြက်တိုက်ပွဲ တစ်သက်လုံး စွဲသွားအောင် ပခန်းကျော်ဆိုတာ ရွှေဂူနီချစ်တဲ့ မင်းပါဗျ။ အရက်ကြိုက်၊ ကြက်တိုက်၊ မိန်းမခိုက်တဲ့ လူကြမ်းကြီးမို့ တစ်မူဆန်းပြီး လန်းရအောင် ပခန်းနဲ့လိုက်ဖက်တဲ့ ဟဲ့ ... ရွာစား တိုက်ကြက်နဲ့ ပို့တော်မူစမ်းကွယ်''

ဟိုက်ရှားပါးပဲ ... စာရေးဆရာ။

''ကျုပ်တို့ နတ်ပွဲတွေ ကြည့်ဖူးတယ်။

တောင်ပြုံးပွဲလည်း ကြည့်ဖူးတယ်။

ဒီလို ကိုကြီးကျော် ကြက်တိုက် ဆိုင်းဆင့်ကို ကိုယ်တိုင်ရှုတ်တာ မတွေ့ဖူးဘူးဗျ။ အဘိုးကြီး (ပခန်းကျော်) က သူ့လွယ်အိတ်ညိုကြီးထဲ လက်နှိုက်ပြီး ပိုက်ဆံ ငါးမူးစေ့၊ မတ်စေ့၊ ဆယ်ပြားစေ့ လက်တစ်ဆုပ်အပြည့်ယူ နှိုက်ပြီး ဖလားထဲကို အကုန်ထည့်လိုက်တယ်။ အဘိုးကြီးက ဒေါ်သောင်းလှမ်းပေးတဲ့ ရွှေပိန်းချ ကြက်ဖရုပ်ကို မကိုင်ဘဲ သူနဲ့ပါတာတဲ့ တိုက်ကြက်ဖ ဥပန်းကြီးကို သူ့ဘယ်လက်ဝါးပေါ် ခြေနှစ်ချောင်းတင် ရပ်စေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



လောင်းကြေးဖလားကို ညာလက်ဖဝါးပေါ် တင်လို့ အသင့်ပြင်လိုက်ချိန် ဆိုင်းတော်က ဆိုတီးနေပြီ။

''ပုဆိုးကွက်ဝါ၊ ကြက်ပြာပိုက်ပါလို့
အလိုက်ကလေးရယ်တဲ့ ပျော်ရအောင်
ရွှေခန်းသူမျှားမောင်
ရွှေခန်းသူ ရင်လေနဲ့တယ်
ဘိန်းလေးလေး ဘိန်းလေး မှော်ပွင့်ကျဲ
ပခန်း ကိုကြီးကျော်တဲ့ဟေ့ ...
ဟုတ် ... ပေ ... ဖျို့ ...
ယောက်ျား ... ပခန်းဦးမင်းကျော်တဲ့ဟေ့ ...

ဆိုင်းကလည်း အဆူကြက်တိုက်ဗိုန်းဗောင်းကို တီးပြီဗျ။ အဘိုးကြီး (ပခန်းကျော်) က ကြက်ကိုင်လက်နဲ့ ဖလားတစ်ဖက်ကို ဆန့်ပြီး ဘယ်ညာမြှောက် ကစားပြတယ်ဗျ။

ဒီလို ပခန်းကိုကြီးကျော် နတ်ဝင်သည် တကယ်အသက်ရှိကြက်ဖနဲ့ ကြက်တိုက်နတ်ပူး နတ်ပျော်ကတာ အခုမှ မြင်ဖူးပါတယ် ... အစ်ကိုရာ။

ကြက်ဖကြီးကလည်း လေထဲ လက်ဝါးမြှောက်ရာ ပါသွားတယ်။ လန့်ပြီး ခုန်မချဘူး။ တွန့်တောင်နေသေးဗျာ။

ဒါမျိုး ခုမှမြင်ကြတော့ လက်ခုပ်တွေတီးကြ၊ အားပေးအော်ဟစ်ကြ။ နတ်ကတော်တွေလည်း ခုမှ အဘိုးကြီးရဲ့အစွမ်းကို သိပြီး လက်အုပ်တွေချီကြ၊ ယပ်ခပ်ကြ၊ အရက်ဆက်၊ ကွမ်းဆက်။

ကြေးဖလားနဲ့ တိုက်ကြက်ကို အပေါ်အောက်မြှောက်ပြီး လက်နှစ်ဖက်ဆန့်ပြီး လှည့်တာဗျာ။ ဆိုင်းကလည်း အသွားကုန်တီး။

ကြက်ကလည်း အတောင်ဖြန့်တွန်။

ကြည့်စမ်းပါ ... အစ်ကိုရာ။

ကြေးဖလားထဲမှာ ငွေက မပြည့်တပြည့်။

အဲဒီပေါ်ကို ငွေအကြွေ လက်တစ်ဆုပ်ထည့်ပြီး ...

''ယောက်ျား ...''

''ပခန်း ကိုကြီးကျော်တဲ့ဟေ့ ...''





''ကိုကြီးကျော်တဲ့ဟေ့ ...''

ကြေးဖလားကို လေထဲမှာ မှောက်ချည်လှန်ချည်ကစားတာ ငွေအကြွေလက်တစ်ဆုပ် လုံးဝ မကျဘူး။ အလို ... အလို ...

ကြက်လည်း ပိုက်ထားရဲ့။

ကြေးဖလားကို ပတ်ချာလှည့်ပြီး မှောက်ချည်လှန်ချည်လုပ်တာ မြန်လိုက်တာဗျာ။ ငွေတစ်မတ် မြေပြင် ပြန်မကျဘူး။

ဟာ ... အလိုလေး ... အံ့သြပါရောလား ... ဗျာတို့။

ဖလားထဲက အကြွေတွေကို လေထဲ လက်တဆန့်ခန့် မြှောက်လိုက်တာ ဆရာရေ ... ငွေအကြွေစေ့တွေ လေထဲ အစုလိုက် တက်သွားတာဗျ။

ပြန်ကျလာတဲ့ အကြွေစေ့တွေကို ကြေးဖလားနဲ့ လှမ်းခံလိုက်တာ ...

''ရှို ...''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... ရှို''

''ဒါမှ ကိုကြီးကျော် အစစ်ဟေ့''

သုံးချီသုံးလား ကြက်တိုက်တာ အကြွေတွေဟာ သူ့ခေါင်းပေါ်ကျော်သွားတယ်၊ ပြန့်ကျဲမသွားဘူး။ အဘိုးကြီးက ကြေးဖလားလေးနဲ့ လှမ်းခံလိုက်တာ ...

သုံးလားလည်း ပြည့်ရော ...

''ကိုကြီးကျော် ××× ဖေကြီးကျော် ×××''
''တို့မောင်ကြီးကျော် ×××''
''မြို့တိုင်းမှာလေနော်ဗျာ ××× တင်,တင်ကာ ပ,သပါတယ်''
''နယ်တိုင်းမှာလေနော်ဗျာ ×××တင်တင်ကာ ပ,သပါတယ်''
''ကြက်ကျော်၊ ငှက်ကျော်၊ ချိုးကျော်တွေနဲ့ ××× ပျော်''
''ဖေဖေကျော် ××× ဖေဖေကျော် ×××
ပွဲတိုင်းမှာတဲ့ ကတဲ့ ဖေကြီးကျော် ×××''
''ဝေး ... ဖေကြီးကျော်တဲ့ဝေ့''

အဘိုးကြီးက နှုတ်ခမ်းမွေးကားကားကြီးနဲ့ ရင်ချီပြီးက။ ဆိုင်းအဖွဲ့ကလည်း အံ့သြလွန်းလို့ သံပြိုင် ဆိုကြတီးကြ။ နတ်ကတော်တွေလည်း လက်ခုပ်တွေရိုက်ပြီး အပြုံးတွေနဲ့ စည်းဝါးလိုက်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"သန်းခေါင်ကို နေ့မှတ်ပါလို့"

"အရပ်ကလေးကိုတဲ့ အားမနာ ပါးမနာ"

"အိမ်ကြီးရှင်ကိုတဲ့မှ အားမနာ ပါးမနာ"

"မသောက်ရရင် သီလစောင့်တယ်"

"အို ကျော်ငးတကာ"

နတ်ချင်းတွေနဲ့ ချော့ကြတယ်။ အရက်ပုလင်း ရှယ်တွေကို ဆက်ကြတယ်။ ရာတန်ငွေတွေ ဝိုင်းဆက်ကြတယ်။ အဖေကြီးကျော်က ငွေရာတန်တွေကို စုကိုင်ပြီး တစ်ဝက်ကို နတ်ကနားစီးကတစ်ဆင့် နတ်ပွဲကို ဆက်တယ်။

ကျန်ရာတန်တွေကို ဆိုင်းဆရာ ဝိုင်းတော်တီးကစပြီး တစ်ဖွဲ့လုံးကို တစ်ရွက်စီ ပေးတာ။

အဲဒီအချိန်တုန်းက အောက်ဆုံးဝန်ထမ်းလစာက တစ်လ (၈၂) ကျပ်။

ရာတန်ဆုရတွေ ပျော်လွန်းလို့ ...

ဆယ်တန်တွေကို နတ်ကတော်အားလုံးအား တစ်ယောက် နှစ်ရွက်စီ ဝေတယ်။ ငါးကျပ်တန်တွေကို ပရိသတ်ထဲ ကျဲတယ်။ ငွေတွေကို ဖွေးဖွေးလှုပ်နေတာပဲဗျာ။

"လောင်းစရာ ငွေမရှားပါဘုဗျာ"

"ကြဲစရာ ငွေမရှားပါဘူးခင်ဗျာ"

"ကြက်ကျားကိုတဲ့ တိုက်မယ်ပြင်"

"မြင်စိုင်း ကျော့ရှင်"

"ချစ်လို့ရယ်တင် ယဉ်ရှာရှော့သလား"

"ဒီဖမ္ဘူမှာ ပြိုင်စံရှား မိုးကျနတ်သား"

အဆိုတွေ၊ အတီးတွေ၊ နှဲသံတွေ မြိုင်နေတာပဲ။ ကိုကြီးကျော်ကလည်း ရွှရွှလေး ကတယ်။ ကလို့ဝတော့ အားလုံးကို ကြည့်ပြီး စကားတွေပြောတယ်ဗျာ။

"ကိုင်း ... သားတို့၊ သမီးတို့ ... အဖေကြီး ပခန်းပြန်မယ်ကွယ့်။ ငါ့သားသမီးများ အဖေကြီးကို ခုလို ပြုစုကြ၊ သတိရကြတာ အဖေကြီး ကျေနပ်တယ်ဟေ့"





"ငါလည်း မင်းတို့ကို အမြဲ မ,မနိုင်ဘူးတွေ့"

"ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလည်း မြဲကြ"

"ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား"

"ကျန်တဲ့ငါးမှ ဘုရားမ,မယ်တဲ့"

"အနန္တောအနန္တငါးပါး ငါ့ထက်ပို ရှိသေကြ"

"ဘုရားမ,ရင် နတ်မ,တာထက် ပိုအကျိုးထူးသဟေ့"

"ကိုင်း ... ငါ့သား၊ ငါ့သမီးတွေအတွက် ... ရော့ ... တစ်မတ်။ မင်းက ငါးမူးယူ၊ ဟိုကောင်က ဆယ်ပြားယူ"

"ဘိုးဘိုးကြီး ... သမီးကို ပေးပါရှင်"

"ရော့ ... တစ်မတ်"

"အဖေကြီး ... သား မရသေးဘူးဗျာ"

"ရော့ ... ငါးမူး"

"ဘဘကြီး ... သား ... သားကိုရော ..."

"ရော့ ... တစ်မတ် ... ကိုင်း ... ကလေးတို့ရေ ... အဖေကြီးပေးတဲ့ ပိုက်ဆံအကြွေကို ဆောင်ထား၊ သိမ်းထား။ ငါ့မြေးတွေ ... လိုသလို သုံးကြဟေ့။ ကိုင်း ... အဖေကြီးကို ပြန်ပို့ကြတော့။ မင်းတို့အားလုံးကို မြို့တော်ရှင်၊ ရွာတော်ရှင်များပါ စောင့်ရှောက်ကြပါစေဗျာ"

ဒီလိုလည်း ပြောပြီးရော ...

ရွာစားကျော် စိန်လက်သန်းက ပို့ဆိုင်းမတီးဘဲ အားရပါးရ ဟစ်ရောဗျို့။

"ဖေဖေကျော်ကြီး ဘာကိုလိုလို့ ဝဲ"

"မောင်မောင်ကျော်ကြီး ဘာကိုလိုလို့ ဝဲ"

"အရက်ပုလင်း လိုလို့ ဝဲ"

"ဖေဖေကျော်ကြီး ဘာကိုလိုလို့ ဝဲ"

"မောင်မောင်ကျော်ကြီး ဘာကိုလိုလို့ ဝဲ"

"တစ်မြို့လုံး ပျော်ဖို့ပဲ"

"တစ်နယ်လုံး ချမ်းသာဖို့ပဲ"

"ကျွန်တော်တို့အားလုံး ချမ်းသာစေဖို့ပဲ ... ဟေ့ ... ဟော့ ... ဝါး ..."

www.burmeseclassic.com



အိုဗျာ ... ကျက်သရေရှိလိုက်တာ။ အဘိုးကြီးက ဘယ်လက်နဲ့ ကြက်ကိုပိုက်၊ ညာလက်လေးမြှောက်ပြီး နတ်ပွဲတွေကို လေးလေးစားစား ကြည့်ပြီး ယဉ်ယဉ်ကြွကြွလေး ကြွကနေရာက နတ်ထွက်ဆိုင်းလည်း တီး ပြီးရော သာသာယာယာလေးပဲ ထွက်သွားတယ်ဗျာ။

ပြီးတာနဲ့ တောင်ရှည်တွေချွတ် လွယ်အိတ်နဲ့ ကြက်ဖကြီးပိုက်ပြီး ထွက်သွားဖို့ လုပ်ရော ...

နတ်ကတော်တွေက ဝိုင်းတားကြတာပေါ့။

"အဖေကြီး ... ကျွန်မတို့နဲ့ နေပါဦးရှင့်"

"မနေဘူးကွ"

"အဖေကြီးကို ညှို့ဝတ်ပြုပါရစေ ... အဖေကြီးရဲ့"

"ကျေးဇူးတင်တယ်ဟေ့ ... သွားမယ် ... ဖယ်ကြ"

"အဖေကြီး ... ဘယ်မှာနေတုံး ... အဖေကြီးရဲ့"

"ငါ မြေကြီးပေါ်မှာ နေတာပေါ့ဟ"

"ဟောတော့"

"သေရင် မြေကြီးထဲ ဝင်အိပ်မှာ"

"ဖေကြီးကလည်း ... ဒါနဲ့ ဖေကြီးနာမည် ဘယ်လိုခေါ်ပါသလဲ ရှင့်"

"ငါ့နာမည် ..."

"ဟုတ်"

"ဟုတ်သားပဲ ... ငါ့နာမည် ဘယ်လိုခေါ်ပါလိမ့်၊ အဲ ... အဲ ... ဟိုလေ ... ငါမေ့သွားပြီဟ ... သားတို့၊ သမီးတို့ရ ... ဖယ်ကြပါကွာ"

"ဒါဆို ဦးပခန်းကျော်ပဲခေါ်မယ် ... အဖေကြီးရှင့်"

"ဟေ ... ဦးပခန်းကျော်၊ တယ်ဟုတ်တဲ့ နာမည်ပါလားကွ ... ဟေ။ ခေါ်ကြဟေ့ ... ဘာတဲ့ ... ပခန်းကျော် ... ဟား ဟား ဟား ဟား ဟား ... တယ်ကောင်းတဲ့ နာမည်ကွာ။ သွားမယ်ဟေ့"

ဒီမှာ ဆိုင်းဆရာအဖွဲ့ကလည်း လာပြီး နှုတ်ဆက် ဂါရဝပြုကြ တယ်။

နဲ့ဆရာ ကိုတင်ကြီးကတော့ လက်အုပ်ချီပြီး အဘိုးကို တောင်းပန် ရှာတယ်။ ပြီး ... အဘိုးကြီးရဲ့ နဲ့အခင်ကိုလည်း ရှိရှိသေသေ ပြန်ပေး ရင်း ...





"အဖေကြီးကို သား ကန်တော့တောင်းပန်ပါတယ် ... အဖေ ကြီး"

"ငါ့သား သိပြီလားဟေ့"

"သိပါပြီ ... အဖေကြီး"

"အဖေကြီးရဲ့ ပညာတွေကို ကန်တော့ပါတယ် ... အဖေကြီး"

ဒီမှာ ဆိုင်းဆရာ စိန်လက်သန်းက လက်အုပ်ချီပြီး ...

"အဖေကြီး ..."

"ဘာတုံးကွ"

"မင်းပါးစပ်က အရက်စော်နံလိုက်တာကွာ"

သူတို့ အံ့သြသွားကြပြန်ရောဗျာ။

တစ်ငုံတိုက်လို့ အရက်သောက်မိတဲ့ပါးစပ်က အရက်နံ့နံပြီး ရမ် ပုလင်းလိုက် မော့သောက်တဲ့ အဘိုးကြီးရဲ့ပါးစပ်က လုံးဝ အနံ့လည်း မထွက်၊ မူးလည်း မမူး။ အံ့ရော။

"အဖေကြီး ... ကျွန်တော်တို့ဆိုင်းနဲ့ လိုက်ခဲ့ပါလား ... အဖေ ကြီး"

"ဟေ ... ဘာလဲကွ၊ မင်းက ငါ့ကို နဲ့မှုတ်ခိုင်းမလို့လား"

"ဟာ ... မဟုတ်ပါဘူး ... အဖေကြီးရဲ၊ အဖေကြီးကို လေးစား လို့ ဆိုင်းဦးခန်းမှာ ထားချင်လို့ပါ ခင်ဗျာ"

"မလုပ်ပါနဲ့ ... သားတို့ရဲ့၊ ရော့ ... ဒီမတ်စေ့လေး ငါ့သား ကိုယ်နဲ့မကွာ ဆောင်ထား။ ဆိုင်းချင်းပြိုင် ငါ့သား နိုင်ရစေ့မယ်။ ဟော့ ... မင်း တစ်နှစ်ကို ဘယ်နှစ်ပွဲလိုက်ရတုံးကွ ... သားရ"

"ဆောင်းနဲ့ နွေဆိုရင် ပွဲချို ငါးဆယ်လောက် လိုက်ရပါတယ် ဖေကြီး"

"အေး ... ဒီနှစ်ထဲမှာ ငါ့သားကြီး ပွဲချို ရာဂဏန်း ရလိမ့်မယ် ဟေ့"

ဒီအချိန်မှာ နတ်ကတော်ကြီး ဒေါ်သောင်းက ဘရမ်ဒီအရက်ပုလင်း အသစ်တစ်လုံးကိုင်ပြီး အနီး ရောက်လာပြန်ပါရော။

"အဖေကြီးရှင့် ..."

"ဘာတုံး ... သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီး လမ်းမှာ အမောပြေ သောက်ဖို့ပါရှင့်"

ဒေါ်သောင်းက ဘရမ်ဒီအရက်တစ်လုံး ပေးပါရောဗျာ။

"လမ်းမှာသောက်ဖို့ ..."

"ဟုတ်ကဲ့ပါရှင့်"

"ဟဲ့ ... ရှာစား၊ ပုလင်း ဖွင့်စမ်းကွာ"

ဒါနဲ့ ရှာစား စိန်လက်သန်းက ဒေါ်သောင်းလက်ထဲက ဘရမ်ဒီပုလင်းကို ချိပ်ကွာအောင် လှည့်ဖွင့်ပြီး အဘိုးကြီးကို ပေးလိုက်တယ်။

အဘိုးကြီးက နမ်းကြည့်တယ်။

"ပါးစပ်ဟာစမ်းဟေ့ ..."

"ဗျာ ..."

"ဟာစမ်းပါကွာ ..."

စိန်လက်သန်းက ပါးစပ်ဟာပေးရော အဘိုးကြီးက ပါးစပ်ထဲကို အရည်နည်းနည်း လောင်းထည့်ပေးလိုက်တယ်။

စိန်လက်သန်း ရေမရောဘဲသောက်ရလို့ ခါးပူပြီး မျက်နှာ ရှုံ့နေရဲ့ဗျား သည့်နောက် နဲ့ဆရာ ကိုတင်ကြီးလည်း တစ်ငုံ။

ပတ်မတီးကိုလည်း တစ်ငုံ။ ကြေးတီးလည်း တစ်ငုံ တိုက်တာဗျ။

မျက်နှာကို ရှုံ့မဲ့နေတာပဲ။ အချို့က ရေ ကပျာကယာမော့သောက်ရပါရော။ ပြောကြသေးသတဲ့ ...

"ဒေါ်သောင်းတို့နဲ့ နတ်ပွဲလိုက်တာ ကြာပြီ။ ခုမှပဲ ဘရမ်ဒီစစ်စစ် သောက်ရတော့တယ်" တဲ့။

"သားတို့ရေ ..."

"ခင်ဗျာ ... အဖေကြီး"

"ဘရမ်ဒီ စစ်ရဲ့လားဟေ့"

"စစ်လွန်းလို့ ဟိုဘက်ကမ်းတောင်လွန်တယ် ... အဖေကြီးရေ"

"အေး ... အေး ... ငါ့သားများ ခုမှပဲ အရက်ကောင်း၊ အရက်စစ်စစ် သောက်ရတာကိုးကွ။ နောက်ထပ် သောက်ဦးမလားဟေ့"

အဘိုးကြီး ပခန်းကျော်က အရက်ပုလင်းမြှောက်ပြပြီး အော်မေးနေတာ။ လက်ထဲက တိုက်ကြက်ကလည်း ရုန်းနေသေး။

"အဲ ... အဲ ... အဟဲ ..."





"ပြောကြလေကွာ ... နောက်ထပ် သောက်ချင်ကြသေးလားဟေ့"

"ဟတ် ... ဟတ်ကဲ့ခင်ဗျ ... အဟီ"

"ဟုတ်ပြီ ... ငါ့သားတွေ ဆိုင်းတီးရတာ ပင်ပန်းတယ်။ အဖေကြီး လက်ဆောင်ပေးခဲ့မယ်ဟေ့"

ဒီလိုအော်ပြောပြီး အများရှေ့မှာ ဘရန်ဒီပုလင်းကို မျက်လုံးနဲ့စိုက်ကြည့်ပြီး လက်ဝါးနဲ့ သုံးကြိမ်သပ်ချတယ်။

"ရော့ ... သောက်ကြ"

ဆိုင်းသမားတွေ ဝမ်းသာလို့ဗျာ။

နတ်ကတော် အမေသောင်းကတော့ ...ဆိုင်းသမားတွေကို မျက်စောင်းတခဲခဲနဲ့ ကြည့်လို့။

သည့်နောက် ဆိုင်းသမားနဲ့ နတ်ကတော်အုပ်စုကြားကနေ အပြင်ကို တိုးထွက်ခဲ့တယ်။

အပြင်ရောက်တော့ လူအုပ်ကြီးကို အတော်တိုးရတယ်ဗျ။

"အဖေကြီး ... ပိုက်ဆံတစ်မတ် ပေးပါဦး"

"ဘိုးဘိုးကြီး ... သမီးမရသေးဘူး၊ တစ်မတ်ပေးပါ"

"အဘ ... သားရတဲ့မတ်စေ့ သံလုံး လုယူသွားတယ်"

"ဟေ ..."

"သားကို တစ်မတ်ပေး"

"ကိုင်း ... ကိုင်း ... ရော့ဗျာ ... ရော့ဗျာ ... ရပြီးသားသူ မတောင်းနဲ့။ မရသေးတဲ့သူ ယူ။ ငါ့မြေးများ ... ဒီမတ်စေ့၊ မူးစေ့ ရတဲ့ အချိန်ကစ၍ အန္တရာယ်ကင်း ဘေးရှင်းပြီး လူကြီးတွေလည်း ရောင်းပန်းဝယ်ပန်းများ ကောင်းကြပါစေဗျာ။ ကဲ ... ကဲ ... ဟို ငါ့မှာရှိတဲ့ အကြွေရော၊ ကျပ်တန်ရော ကုန်ပြီ။ လမ်းဖယ်ကြ"

ကလေး၊ လူကြီးတွေ လမ်းဖယ်ပေးကြတယ်။

ထွက်လမ်းကိုရောက်တော့ ကြက်သမား ကာလသားတွေက အဘရှေ့မှာ ပိတ်ရပ်ပြီး ...

"အဘ ..."

"ဟေ ... ဘာတုံး၊ ငါ့မှာ ပေးစရာမရှိတော့ဘူး၊ ကုန်ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"သားတို့က အဘတိုက်ကြက်ကြီးကို သဘောကျတာဗျ"

"အဘ ... သားတို့ကို အဲဒီတိုက်ကြက်ကြီး ရောင်းခဲ့ပါဗျာ"

"ဟေ ..."

"ဒါမှမဟုတ် ဒီကြက်နီချိုက်ကလေးနဲ့ လဲပါဗျာ နော် ... အဘ"

ဒီကြက်သမားအုပ်စု ကျုပ်သိတယ်ဗျ။ အရှေ့ပိုင်းက ကိုကုလားကြီးတို့အုပ်စုပဲ။ အဘထံမှာ ကြက်ချင်းလဲနေတာ။

ဒီအချိန်မှာပဲ မြို့မြောက်ပိုင်းက ကြက်သမား ဂေါ်လီတို့အုပ်စုပါ ရောက်လာပြီး ...

"အဘ ... အဘတိုက်ကြက် ပြန်ရောင်းရင် ကျွန်တော်ဈေးကောင်းပေးမယ်နော် အဘ။ ကျွန်တော့်ပဲ ရောင်းပါဗျာ"

"ဟော့ကောင် ... ဂေါ်လီ၊ မင်း ဝင်မရှုပ်နဲ့နော်။ အဘထံမှာ ငါတို့ ကြက်ချင်းလဲဖို့ ပြောပြီးပြီ။ နောက်ဆုတ်"

"ဟ ... ကုလားကြီးရ၊ မင်းကြက်က တစ်လုံးကန်းကြီးလေကွာ။ အဘကြက်က ပခန်းကြက်၊ တိုက်ကြက်၊ နတ်ပွဲဝင် ကြက်ကွ။ မင်းလူကြီးကို အချဉ်မဖမ်းနဲ့"

"အဘ ... ကြိုက်တဲ့ဈေးသာ ပြော"

ကြက်သမားနှစ်ဖွဲ့ ငြင်းကြ၊ ခုန်ကြ၊ ပြောဆို ရင်ဆိုင်ကြပြီဗျ။

ကြက်သမားအဓိပတိတွေပဲ ကြက်မြင်တာနဲ့ သိတာပေါ့။ အဘလက်ထဲက ဥဝင်းကြီးက အမြင့် (၁၂)ဖြားကျော်မှာ။

အတက်က အတက်ချွန်၊ အကြေး မစိပ်မကျဲ၊ မျက်လုံးက အရောင်ကို တောက်နေတယ်။ တွန်ရင် သံပြတ်တွန်တာလေ။

ကြက်တွန်သံရှည်ရင် တိုက်ကြက်စာရင်း မဝင်ဘူး။

ကြက်သမားတွေ စကားများနေပြီ။ မကြာမီ ချကြတော့မည့်ပုံ။

"ဒီမှာဟေ့ ... တိတ်ကြစမ်း"

အဘရဲ့အသံကြောင့် ကြက်သမားနှစ်ဖွဲ့ စောင်ရင်း ငြိမ်သွားတယ်။

"ငါ့လက်ထဲက တိုက်ကြက် ကြေးဘယ်လောက်တန်မလဲဟေ့ ... ဟေ"

ကုလားကြီးက လက်မြှောက်ပြီး ပြောတယ်။





"သုံးထောင်"

ကိုဂေါ်လီက အော်ပြောတယ်။

"ငါးထောင်ဗျ"

"ဒါ အစွမ်းကုန် တန်တာပဲလားဟေ့ ဟေ"

"အဘပြောတဲ့ဈေး ပေးမယ်ဗျာ"

"ဒါဆို ငါးသောင်းပေးမလား"

"ပေးမယ်ဗျာ"

ကိုဂေါ်လီက ပေးမယ်ပြောပြီး အင်္ကျီအိတ်ထဲက ငွေစက္ကူတွေ ထုတ်ပါရော။

"အဘ ကျုပ် ငါးသောင်းငါးထောင်ပေးမယ်"

ကိုကုလားကြီးက ပြောပြီး ငွေထုတ်တယ်။

"ဟော့ကောင် ... ကုလားကြီး၊ မင်းက ငါ့ကို ရွဲ့တာလားကွ"

"ရွဲ့စရာ မလိုဘူး ... ဂေါ်လီ၊ မင်းက နဂိုကတည်းက ရွဲ့နေတာကွ"

ဒီမှာ မျက်လုံးစောင်းနေတဲ့ ကိုဂေါ်လီ ဒေါပွပြီး ပုဆိုးပြင်ဝတ်ရင်း ချဖို့ ရှေ့ကိုအတိုး ...

"ရပ်ကြ ... ဘာမဟုတ်တဲ့ တိရစ္ဆာန် ကြက်တစ်ကောင်ကြောင့် မင်းတို့ ရန်ဖြစ်မယ်ဆိုရင် မင်းတို့ တိရစ္ဆာန်ထက် မိုက်တဲ့သူ ဖြစ်မှာပဲ။ ကိုင်း ... မင်းတို့ ငါ့ကို ငွေပေးစရာ မလိုဘူး။ ဟောဒီတိုက်ကြက်ကို ငါ လေထဲမှာ မြှောက်လွှတ်လိုက်မယ်။ မင်းတို့မှာပါတဲ့ တိုက်ကြက်နဲ့ ငင်ပြီး ရတဲ့လူ ယူကြ။ ကိုင်း ... ငါ့သား ရွှေကြက်ဖလေးရေ၊ ငါ့သားက ပခန်းက လာတာမို့ ... ကိုင်း ... မင်းနေရပ်ပခန်းကို နတ်စွမ်းနဲ့ ပြန်တော့"

သို့ကလိုပြောပြီး ဥဗန်းတိုက်ကြက်ကို လက်နှစ်ဖက်နဲ့ လေထဲ မြှောက်လွှတ်လိုက်တာ ဥဗန်းကြက်ဖကလည်း အောက်အီးအီးအွတ် တွန်ပြီး လေထဲကို ခုန်တက်လိုက်တယ်။

တောင်ပံ ဖျန်းဖျန်းရိုက်သံ ကျွန်တော်တို့ ကြားနေရတယ်ဗျာ။

ကြည့်စမ်းပါ့ ... အစ်ကိုရာ။

ကြက်က ကြက်ပျံသလို မပျံဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရေဘဲ၊ ရေဝမ်းဘဲပျံသလို ပျံပြီး ကြက်သမားတွေခေါင်းပေါ်မှာ ဝဲနေတာ။ နှိမ့်ဆင်းလိုက်၊ ပြန်တက်လိုက်။ ကြက်သမားနှင့် အဖွဲ့ကလည်း လှုပ်ဖြန့်ပြီး ကြက်ပြန်ကျအလာကို အသင့်လိုက်တာ၊ မော့ကြည့်နေတာ။

အလို ... တိုက်ကြက်ဖဥဗန်းဖြူဟာ မိုးပေါ်ကို တရွေ့ရွေ့တက်ရင်း ဥဗျိုင်းဖြူများပျံသလို ပျံရင်း မျက်စိအောက်က ပျောက်ကွယ်သွားရော။

သူတို့၊ ကျွန်တော်တို့အားလုံး နှတ်ဝင်သည့် အရှုးလိုလူကြီးကို လှည့်ကြည့်ကြရော အဘိုးကြီး မရှိတော့ဘူး။

"ဘယ်ရောက်သွားလဲဟ"

"ဟော့ ... ဟိုအဘ ဘယ်ဘက်ကို ထွက်သွားတုံးကွ"

"မသိဘူးဗျ ... ကျုပ်တို့လည်း ကြက်ကိုပဲ မော့ကြည့်နေတာ"

ကြက်သမားနှစ်ဖွဲ့က ပြောကြရော။

ဒီအဘိုးကြီး မြေလျှိုးမိုးပျံသွားရောလားဟဲ့။

အတော်ကို ထူးတဲ့ လူကြီးကွာတဲ့။

လူ့အစစ်မှ ဟုတ်ရဲ့လား။ ပခန်းမြို့ကနေ ကိုကြီးကျော် လူယောင်ဆောင်ပြီး ပညာဆန်းတွေ ပြသွား ပျောက်သွားရော့လားပဲတဲ့။

ပြောရဦးမယ် ... စာရေးဆရာ။

အံ့စရာကောင်းပုံနှယ်ဗျာ ...

အရူးလိုလို ဘကြီး နှတ်ဝင်ပူးသွားတဲ့ ပခန်းကျော်ကြီး ဆိုင်းသမားတွေကို ပေးခဲ့တဲ့ လက်ကျန်ဘရန်ဒီ အရက်စစ်စစ်။

ဆိုင်းသမားတွေ နောက်ထပ် သောက်ကြည့်ရော ...

ဘာဖြစ်သွားလဲ ... သိလား။

ဘရန်ဒီ အရက်စစ်စစ်က ရေဖြစ်သွားခဲ့တယ် စာရေးဆရာ။

ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုကြပါရန်

လေးစားစွာဖြင့်
မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC
www.burmeseclassic.com